ဗုဒ္ဓဇါစကားတာန်းသာ

ဥပမာပန်းကုံး

ဦးသိန်းဇံ

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၂၀၂)
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၉၇၆၅-၈

*

မန်းချို
မောင်ဝေမှန်

*

ဘဝလောက်

လွင်

*

အဖုံးရိုက်
သိန်းမြင့်ဝင်း

*

ပုံနှိပ်သူ
ဦးခင်မောင် (၀၂၀၆၅-မြ) ဒေါင်းပုံနှိပ်တိုက်
အမှတ်—၁၅၂ (ဘီ) မြန်မာ့ဂုဏ်ရည်လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်၊

*

ထုတ်ဝေသူ
ဦးမျိုးမြင့် (၀၉၅၁ မြ) လင်းရောင်သစ်စာပေ
အမှတ် ၅၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း။

၁၉၇၈-ခု၊ မေလ
ပထမအကြိမ်၊ ရိုက်နှိပ်ခြင်း အုပ်ရေ ၂၀၀၀
တန်ဖိုး ၁၂ ကျပ်

ဦးသိန်း၏

ဗုဒ္ဓ၏စကားတန်းဆာ

ဥပမာပန်းကုံး

ဗုဒ္ဓ၏ တရားတော်များမှ

စကားတန်းဆာ အလင်္ကာမဥ္ဇရီ

(သို့မဟုတ်)

ဗုဒ္ဓ၏ စကားတန်းဆာ ဥပမာပန်းကုံး

ကျမ်းဦးနိဒါန်းနှင့် အာသီသ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကျွန်ုပ်သည် တနေ့သောအခါတွင် ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး စီရင်တော်မူသော ဇိနတ္ထပကာသနီကျမ်းကြီးကို ကြည့်၍ အကြံဖြစ်ပေါ်မိသည်။ ၁၃၁၇–ခုနှစ်က သုဓမ္မဝတီပုံနှိပ်တိုက်မှ ရိုက်နှိပ်ခဲ့သော ကိုးလက်မခွဲ–ခြောက်လက်မခွဲအရွယ်နှင့် ၇၂၆–မျက်နှာရှိသော ဤစာအုပ်မျိုးကို ယနေ့စက္ကူဈေး၊ ယနေ့ ပုံနှိပ်ခ၊ ယနေ့ မင်ဘိုး၊ ယနေ့ ချုပ်လုပ်ခ၊ ယနေ့ စက္ကူအခြေအနေဖြင့်ဆိုသော် တန်ဖိုးငွေ ငါးဆယ်ကျပ်အောက်လျှော့၍ ရောင်းနိုင်မည်မဟုတ်ပေဟု တွေးတောမိ၏။

ယင်းသို့ဖြစ်ပါမူ၊ ဤစာအုပ်ကို လက်ဝယ်ထားရှိကာ ဖတ်ရှုလိုသူများသည် မည်သို့လုပ်ကြမည်နည်း။ မဝယ်နိုင်သည့်အတွက် မဖတ်ရှုကြရတော့ပြီလောဟု စဉ်းစားရာမှ မူရင်း အနှစ်သာရ မပျက်စေဘဲ ဈေးနှုန်းသက်သာသော ကျမ်းငယ်တခုအဖြစ်သို့ အနှစ်ချုပ်၍ ပြန်ဆိုရလျှင် ဗုဒ္ဓစာပေ ဝါသနာအိုးများ ဝယ်ႏိုင်ဖတ်နိုင်ကြလိမ့်မည်ဟု သဘောရပါသည်၊

ထိုစေတနာဖြင့် ဤကျမ်းကိုပြုစုရာတွင် စကားတန်းဆာအလင်္ကာပန်းကုံးများကို သိလွယ်မြင်လွယ်စေရန် စီစဉ်ထားပါသည်။ မူလဇိနတ္ထပကာသနီကျမ်းကြီးနှင့် အသွင်ကွဲပြားသွားရခြင်းမှာလည်း အောက်ပါ စေတနာ နှစ်ရပ်ကြောင့် ဖြစ်ပေ၏။

ယနေ့ မြန်မာစာပေနယ်တွင် ပန်းအလှ ပန်းအသစ်ကလေးတွေ တမွှေးမွှေးတကြိုင်ကြိုင် တလှိုင်လှိုင်တလန်းလန်းဖြင့် ဖူးကြ၊ ငုံကြ၊ ပွင့်ကြသည်။ကြည်နူးစရာ ဝမ်းမြောက်စရာများဖြစ်ပါပေသည်။ဤမှတဆင့် အားတက်ခြင်းသည်လည်း ဆက်လက်ဖြစ်ပေါ်လာသင့်ပေ၏။ သို့ရာတွင် အားတက်ခြင်းအစား စိတ်ပျက်ခြင်း၊စိတ်ညစ်ညူးခြင်းသာ ဖြစ်ရ၏။

အကြောင်းသော်ကား စကားအသုံးအနှုန်း နည်းမကျခြင်း၊ ဝေါဟာရခေါင်းပါးခြင်း၊ ကောင်းမည်၊ ဆန်းမည်၊ သစ်မည်ထင်ပြီး တီထွင်သော စကားလုံးများမှာလည်း မကောင်းဘဲ၊ မသစ်ဆန်းဘဲ ဆန့်ကျင်ဘက်အကျိုးကိုသာ ဖြစ်ပွားကြရသောကြောင့်ပေတည်း။

ယင်းတို့ကို တွေ့မြင်ခံစားရသဖြင့် သောကဲရေးတွင်လည်း စာပေအဆောက်အအုံ ခိုင်ခံ့ကြီးကျယ်စေ၊ လောကုတ္တရာ

ရေးတွင်သည်း မြတ်စွာဘုရား၌ သဒ္ဓါကြည်ညိုခြင်း ကုသိုလ်ကို ရစေဟူသော စေတနာနှစ်ရပ်ဖြင့် ဤစာစုကို ပြုစုပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်၊ ဥတ္တရဝိပတ္တိသုတ်၌....

လူအများ နေထိုင်ရာ ရပ်ရွာအနီးတွင် ကြီးမားသောစပါးပုံကြီးသည်ရှိ၏။ အချို့သောသူများသည် ထိုစပါးပုံကြီးမှ စပါးကို တောင်းဖြင့်သယ်ယူ၏။ ဆန်ကောဖြင့် သယ်ယူသူလည်းရှိ၏။ အချို့လည်း ဗန်းဖြင့်သယ်ယူ၏။ အိတ်ဖြင့် သယ်ယူသူလည်းရှိ၏။ ပုဆိုးဖြင့် ကျုံးထည့်သူလည်း ရှိပေ၏။

ထိုသူတို့အား "သင်တို့သည် ဤစပါးများကို မည်သည်မှ သယ်ယူခဲ့ကြသနည်း၊ မည်သည်မှ ရရှိကြသနည်း" ဟု မေးသော် မည်သို့ဖြေဆိုကြမည်နည်း။

"ငါတို့သည် စပါးများကို စပါးပုံကြီးမှ သယ်ယူလာကြ၏။ စပါးပုံကြီးမှ စပါးကို ရရှိကြ၏"ဟူသော အဖြေမှတပါး အခြားဖြေဆိုရန် မရှိပေ။

ထိုနည်းတူစွာပင် ငါတို့ ပြောဆိုညွှန်းပြသော ဥပမာစကားကောင်းများသည် ဗုဒ္ဓမြတ်စွာ၏ အဆိုအမိန့်များပေတည်း၊ ဗုဒ္ဓမြတ်စွာ ထံတော်ပါးမှ ရရှိထားသော ဥပမာစကားကောင်းများပေတည်းဟူ၍ မြတ်စွာဘုရား၏သားတော်တပါးဖြစ်သော ရှင်ဥတ္တရမထေရ်က အတိအလင်း ဖော်ညွှန်းတော်မူလေသည်။

မြန်မာစာပေ၏ အဦးအစသည် ဗုဒ္ဓ ယဉ်ကျေးမှုနှင့်ပင် စတင်ခဲ့သည်၊ စည်ပင်ဖွံ့ထွားခဲ့သည်။ နိုင်ငံတကာယဉ်ကျေးမှုတို့စီးဝင်လာချိန်တွင် ပို၍ ထွန်းကား ဖွံ့ဖြိုးခဲ့ပေသည်။

သို့တစေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် မလိုက်ဖက်သော ဘာသာပြန်စကားလုံး အတုံးအတစ်များ၊ သစ်ပင်သစ်သော်လည်း မြန်မာ့နားတွင် မယဉ်ကျေးသော ဝေါဟာရများကို တီထွင်ပြန်ဆိုလာကြသည်ကို တွေ့ရ၏။

မြန်မာစာပေ၏ အစဖြစ်သော ဗုဒ္ဓယဉ်ကျေးမှုသည် လောကုတ္တရာတရားတွေချည်းမဟုတ်ပေ။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါအမျိုးမျိုးတို့အား တရားပြရာတွင် ထုံးပုံသာဓကများ၊ ဝတ္ထုပုံပြင်များ၊ စကားတန်ဆာ ဥပမာများဖြင့် မှတ်၍မကုန် ဆုံး၍ မခန်းအောင် ဟောဖော်ညွှန်းပြတော်မူခဲ့ပေသည်။

ယင်းအချက်ကို ရည်ညွှန်း၍ ဒါရိုက်တာ စာရေးဆရာသုခသည် ဗုဒ္ဓမြတ်စွာဘုရားအား အကြီးအကျယ်ဆုံးသော စာရေးဆရာကြီး၊ အကြီးကျယ်ဆုံးသော အမြင့်မြတ်ဆုံး စာရေးဆရာကြီးဟူသော အဓိပ္ပာယ်ရသည့် စကားစုဖြင့် တခုသော စာဆိုတော်နေ့တွင် ချီးကျူးပူဇော်ခဲ့ခြင်းဖြစ်၏။

ထိုသို့ဖြစ်သဖြင့် ဗုဒ္ဓယဉ်ကျေးမှု၏ ဆန်းပြားခမ်းနားသမျှ ကြီးကျယ်နက်ရှိုင်းမှုကို အမှတ်မဲ့နေမိသူတို့လည်း ပညာတိုးပွားစေရန်၊ သိပြီး၊ကြည်ညိုပြီးသူများလည်း သဒ္ဓါတရားတိုးပွားစေရန်၊စသော စေတနာဖြင့် ဗုဒ္ဓ၏စကားတန်ဆာ ဥပမာပန်းကုံးဖြစ်သော ဇိနတ္ထပကာသနီအနှစ်ချုပ်ကျမ်းငယ်ကို ပြုစုစီစဉ်လိုက်ရပေသည်။

ဦးသိန်းဇော်

* * *

ပဌ္ဌာမြားရတနာ

ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်သည် နတ်ပြည်မှ စုတေပြီး မယ်တော်၏ ဝမ်းကြာတိုက်၌ ကိန်းအောင်းသန္ဓေယူသောအခါမှစ၍ ငါတို့စကြဝဠာမှ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် သန်လျက် လက်စွဲကုန်လျက် ရှေ့နှုန်းကျက်သရေတိုက်၌ စောင့်လာကြကုန်သည်။ ထက်ဝန်းကျင်သော စကြဝဠာတသောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့သည်ကောင်းစွာ စောင့်ရှောက်လာကုန်သည်။

ယင်းသို့ သန္ဓေတည်နေသည်မှစ၍ မယ်တော် မိဖုရားသည် ယောကျ်ားတို့၌ ညွတ်ငိုက်တပ်ငြိသော ရာဂရမ္မက်ဖြင့် နှောက်ယှက်ခြင်းမရှိ။ အမြိုက်အတိဖြင့် ဝလျက် နှစ်သက်အပ်သော မင်းစည်းစိမ်ကို ခံစား၍ ခြေရံသင်းပင်းနှင့်သာလျှင် သန့်ရှင်းစွာ စံတော်မူ၏။

ကြည့်စွာသောပတ္တမြားရတနာ၌ သီအပ်သောသန္တာနီကြိုးကဲ့သို့ရင်း၊ တရားဟောပလ္လင်ထက်၌ ထိုင်နေသော တရားဟောပုဂ္ဂိုလ်ကဲ့သို့ရင်း....

မယ်တော်ဝမ်းဝယ် ထက်ဝယ် ရှေးရှုနေတော်မူသည်ကို မယ်တော်နှင့်တကွ လူအပေါင်းတို့ ထင်မြင်ကုန်သတည်း။

ပုလဲမှည့်ရတနာ

ဗုဒ္ဓမြတ်စွာအလောင်းတော်သည် မယ်တော်ဝမ်း၌ ကိန်းအောင်းစံနေ၍ ဆယ်လစေ့သော် မယ်တော် မိဖုရားသည် ဆွေတော်မျိုးတော်၊ မယ်တော် ခမည်းတော်တို့၏ နေရာဖြစ်သော ဒေဝဒဟပြည်သို့ သွားလိုသောဆန္ဒဖြစ်၍ သိရိသုဒ္ဓေါဒနမင်းကြီးအား ကြားလျှောက်လေရာ ဒေဝဒဟပြည် နှင့်

ကပိလဝတ်ပြည်၏အကြား ငါးယူဇနာရှိသောအရပ်ကို ခပ်အပ်သောတလင်းအသွင် သန့်စင်စွာညီညွတ်၍ ကြာသွတ်အိုးရေချမ်း၊ ကွန်းထောက်မဏ္ဍပ်၊ စရပ်ကန္နား၊ ကုက္ကားတံခွန်စသည်တို့ဖြင့်ခင်းကျင်းပြုပြင်တန်ဆာဆင်၍စစ်အင်္ဂါလေးပါးဝန်းရံစေလျက် ရွှေထမ်းစင်စီးပြီးလျှင် ထွက်စေတော်မူလေ၏။

လမ်းခရီးအကြား လုမ္ဗိနီအင်ကြင်းတောသို့ရောက်၍ ပျော်ရှင်ဝင်နားလိုသဖြင့် အင်ကြင်းပင်အောက်သို့ပင်ကြွတော်မူရာ မင်္ဂလာရှိသော အင်ကြင်းပင်ကြီး၏ အခက်သည် ညွတ်လျက်ခံလာ၏။ ထိုအချိန်တွင် အံ့ဘွယ်သူရဲ လွန်ကဲသော တိတ်နိမိတ်တို့ထင်ရှားစွာပြလျက် ကမ္ဘာလေလှုပ်လတ်သော် အထိန်းအယာ မောင်းမကိုယ်လုပ်တို့အား အကြောင်းကိုကြား၍ ထိုအင်ကြင်းပင်၏ အပါးတွင်ပင် တင်းတိမ်အရံဖြင့် ကာရံခယလျက် မှ စပြုပြင်ကြစဥ်....

သန့်စင်လှကဲသောပုလဲမှည့်ရတနာသည် အာကာတိမ်ညွန့်မှ ပြုးကွန့်ထွက်ဆင်းသကဲ့သို....

သန့်ရှင်းစင်ကြယ်စွာ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသော အလောင်းတော် မင်းသားကို သက္ကရာဇ် ၆၈-ခု ဥတုဂိမ္ဟန္တကဆုန်လပြည့် သောကြာနေ့ နံနက် တချက်တီး အချိန်တွင် သိဟ်လဂ်ဗြိစ္ဆာစန်း ဝိသာခါနက္ခတ်နှင့်ယှဥ်လျက် ဖွားမြင်တော်မူလေသည်။

ပေါက်ပင်နှင့်လဝါ

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လာသည်။ ခမည်းတော်မင်းကြီးမှာ သားတော် တောထွက်ပြီး ရဟန်းပြုခြင်းမရှိလျှင် စကြဲမင်း ဖြစ်

လိမ့်မည်၊ ငါလည်း စကြဝဠာမင်း၏ အဖဖြစ်ရချေမည်ဟု ကြံရည်တော်မူမိ၏။ ထို့ကြောင့် ကြီးကျယ်သော အခြွေအရံများ ထားပေးသည်။ ကာလသုံးစု ဥတုသုံးရပ်နှင့် ကိုက်ညီသော နန်းပြာသာဒ်သုံးဆောင်ကို ဆောက်လုပ်အပ်နှင်းသည်။

ထိုမျှဖြင့် စိတ်မချသေးသဖြင့် သားမယားနှောင်ကြိုးဖြင့် ထပ်မံတုပ်နှောင်ရန် အကြံရ၍ အသီးးသီးသော ဆွေတော်မျိုးတော်တို့ထံ သမီးကညာ ပို့ဆက်ကြရန် ရာဇသံရွှေပေနှင့် စေလွှတ်တောင်းခံ၏။

သုပ္ပဗုဒ္ဓမင်း အစရှိသော အချို့ဆွေတော်မျိုးတော်တို့က ဤသို့ဆိုကြ၏။

"သိဒ္ဓတ္ထ မင်းသားသည် ဘုရားဖြစ်လတံ့ဟု ပုဏ္ဏားတို့ မြှောက်စားသောစကားကိုမှီ၍ ဂုဏ်မာန်တက်သဖြင့် မည်သည့် အတတ်ကိုမျှ မသင်ကြား။ ကိုးစား ယုံမှတ်လောက်အောင် အဋ္ဌာရသသိပ္ပတွင် တခုမျှမတတ်ချေ။"

အဆင်းအဝ ါသာလှပ၍ စွမ်းပကားပညာကင်းရကားမြို့ တွင်း၌ ရောက်သော ပေါက်ပင်ကဲ့သို့ဖြစ်ချေသည်။ပြည်ထောင် ချင်းချင်း မင်းတပါးတို့ အကယ်၍ ရန်မူလာက လဲဝါဂွမ်းကဲ့ သို့ လွင့်ဘိုရာသာ ဖြစ်ချေသည်။ ငါတို့ရင်သွေးကိုပေး၍ မ လျော် ဟု ဆိုလိုက်ကြလေ၏။

နဂါးနှင့်သိကြား

ခမည်းတော်မင်းကြီးသည် ဆွေတော်မျိုးတော်တို့၏ ရှုတ် ချကဲ့ရဲ့စကားကို သားတော်အား တဆင့် ပြောကြားပြီးလျှင် အတတ်ပညာသင်ရန် တိုက်တွန်းတော်မူ၏။ အလောင်းတော်

မင်းသားလည်း မိမိ၏အတတ်ပညာကို ပြသရန် ကြီးစွာသော မင်းကွန်းသဘင်ကို ဆောက်စေ၏။ လေးသမားအကျော်တို့ကို မင်းရင်ပြင်၌ စည်းဝေးစေ၏။

အလောင်းမင်းသားမူကား ပတ္တမြားပြောက်ဖြင့်ပြီးသော ချပ်မိန်ညို၊မျဉ်းတိုမျဉ်းရှည် စသည်တို့ကိုဝတ်၍ နဝရတ်ကိုး ပါးဖြင့် စီတပ်ထားသော သင်းကျစ်မကိုဋ်ကို ဦးခေါင်း၌ စွပ်လျက် တခဲနက် ရဘနာခုနစ်ပါးဖြင့် ချုပ်အပ်သော ခါးကြိုးကို ပန်း၍....

လခြမ်းသဏ္ဍာန်ရှိသော သားချိုလေးဝယ် သန္တာအဆင်းရှိသော ညို့ဖြင့်ဖွဲ့လျက် မြအဆင်းကဲ့သို့သောတောင့်ကိုလွယ်ပြီးလျှင် မြေကြီးမှခွဲ၍ထွက်သော နဂါးလုလင်၊ စစ်သဘင်ကျင်းရာသို့ထွက်သော သိကြားကဲ့သို့....

ပရိသတ်လေးပါးအလယ်၌ တင့်တယ်စွာရပ်ပြီးလျှင် ယခင်လေးသည်ကျော်တို့ကို လေးထောင့်ကန်ပမာ လေးမျက်နှာအရပ်မှ နေစေပြီးသော် မြှားကမ်းသူနှင့်တကွ သုံးသောင်းစီမျှလောက်သော မြှားတို့ကိုအပ်၍ တညီဘည္ဓတ်ဘည်း ဝိုင်းအုံပစ်ရန် အမိန့်ပေးလေသည်။

သစ်ပင်သစ်သီး၏ပမာ

အလောင်းတော်မင်းသားသည် ယောကျ်ားတို့တတ်အပ်သော အတတ်ပညာများကို ထူးကဲစွာ ပြသပြီး နောက်တွင် သုပ္ပဗုဒ္ဓမင်း ဆက်သသော ဘဒ္ဒကစ္စနာမင်းသမီးကို ယသော်ဓရာ ဗိမ္ဗာဒေဝီအမည်ဖြင့် အဘိသိက်ခံ၍ အဂ္ဂမဟေသီထား တော်မူသည်။ ယောကျ်ားကင်းသော နန်းတော်သုံးခုတွင်

မောင်းမလေးသောင်းခြံရံလျက် ရာသီဥတုအလိုက် ကူးပြောင်းကာ ၁၂-နှစ် စံတော်မူလေသည်။

သက်တော် ၂၇-နှစ်၊ သက္ကရာဇ် ၉၆-ခုသို့ ရောက်သောအခါ ဥယျာဉ်တော်သို့ ထွက်စံတော်မူလိုသော စိတ်ရှိရကား စိန်၊ ပုလဲ၊ သန္တာ၊ ဂေါမုတ်၊ နီလာ၊ ကြောင်၊ ဥဿဖယား၊မြ၊ ပတ္တမြားတို့ ခြယ်တင်စီမံသော ဝေဇယန်ရထားဝယ် ကုမုဒြာကြာချပ်နှင့် အလားတူသော သိန္ဓောမြင်းလေးစီးကို ကခစေလျက် စစ်အင်္ဂါသေးပါး ခင်းကျင်း၍ ထွက်ကြွတော်မူ၏။

ဝေဇယန်ရထား၏ ရှေ့တူရူ၌ ဆံဖြူသွားကြွေ အရေတွန့်တို အိုမင်းစွာသော သူ၏အသွင်ကို အလောင်းတော်မင်းသားမြင်ရသည်။ လူဖြစ်သည်မှစ၍ သူအိုကို မမြင်ဘူးသူဖြစ်သဖြင့် "ရထားမှူး-ဤလမ်းဦး၌ ထူးကဲယိုယွင်းသောအဆင်းသဏ္ဍာန်ဖြင့် အလွန်ပင်ပန်းစွာ လာလတ်သည်ကား အဘယ်သူနည်း" ဟု မေးသည်။

ရထားမှူးက သူအိုဖြစ်ကြောင်း လျှောက်တင်ရာ "ငါတို့လည်း ဤကဲ့သို့ အိုရဦးအံ့လော"ဟု မေးပြန်သည်။ ထိုအခါ ရထားမှူးက "အရှင်မင်းမြတ်—လောကဓာတ်သုံးခွင်ဝယ် မြင်မြင်သမျှ သတ္တဝါအပေါင်းသည်ကား .... အကြောင်းသုံးပါးကြောင့်ဖြစ်၍....

ခေတ်ကာလသုံးရပ်နှင့် ယှဉ်စပ်သော သစ်ပင်သစ်သီးပမာ မာတာပီတကို အမှီရ၍ ကလလ ရေကြည်တည်နေပေါက်ဖွားသောသူအပေါင်းသည် အကြောင်းသုံးပါးနှင့် ကြုံကြိုက်၍၊ အခိုက်အတန့်သုံးရပ်ဖြင့် ပျက်စီးမြဲမှတာ ဖြစ်ချေသည်။ဇာတိ

ရှိက ဇရာရ၍၊ ဒုက္ခဗျာဓိ ပရိဒေဝ မှရကာသဘောရောက်သော ဓမ္မတာ ဤအရာကို သူငါမလွှတ် တွေ့တတ်ရကား....

ရှင်မင်းများလည်း မရှားရှောင်သာ၍ ခန္ဓာသည်အိုပါမည် ဆက်ဆက်ပင်ဘုရား”ဟု နားဖောက်လျှောက်သော် အလောင်း တော်မြတ်လည်း အတ္တုပ္ပတ္တိကို ဆင်ခြင်လျက် ဘဝင်တုန် လှုပ်သည်းဆုတ်အေးမျှ ပူဆွေးကြောက်လန့်တော်မူ၍ ဥယျာဉ် သို့ မဝင်ဘဲ ရွှေနန်းတော်သို့ ပြန်ကြွတော်မူလေ၏။

ရာဟုလာ

လေးလတကြိမ်ကျ ဥယျာဉ်တော်သို့ ထွက်တော်မူတိုင်း သူအို၊ သူနာ၊ သူသေတို့ကို တကြိမ်စီမြင်ရသဖြင့် နန်းတော်သို့ ပြန်လှည့်တော်မူရသည်ချည်းဖြစ်၏။ နောက်ဆုံးတကြိမ်တွင် ရဟန်းကို ဖူးမြင်ရသဖြင့် စိတ်လက်ကြည်သာစွာ စံပယ်တော် မူနေစဉ် ဘဒ္ဒကစ္စာနာမိဖုရားဝယ် သားတော်ဖွားမြင်ကြောင်း လျှောက်ထားလာကြ၏။

အလောင်းတော်မြတ်လည်း ကျဉ်းကျပ်သော နှလုံးတော် ရှိလှသည်ဖြစ်၍....

“လက်ကိုရာဟု ဖမ်းသကဲ့သို့ မယားဟူသော အနှောင်အဖွဲ့တခု တွင် ယခုသားထပ်မံ၍ နှောင်ဖွဲ့ပြန်ဘိသည်”ဟု မိန့်တော်မူ လိုက်၏။ ထိုစကားကို သုဒ္ဓေါဒနမင်းကြီးအား လျှောက်ကြား သံတော်ဦးတင်လေသော် မြေးတော်ကို ရာဟုလာဟု မှည့် တော်မူ၏။

မိးငြိမ်းမှုသာလျှင်

သိဒ္ဒတ်မင်းသားသည်လည်း ညချမ်းသောအခါ ဗိုလ်ပါအပေါင်းဝန်းရံလျက် ဗိမာန်ရွှေနန်းသို့ ဝင်တော်မူ၏။ ထိုအခါ မင်းလမ်း၏အနီး ကြီးစွာသောအိမ်နန်းမှကိသာဂေါတမီသည် လေသာပြတင်းကိုဖွင့်၍ ရှုသဖြင့် ဘုရားလောင်း၏ တင့်တယ်ခြင်း အသရေကို မြင်ရလေသော် ရွှင်လန်းသောစိတ် ရှိလှ၍ ချီးမွမ်းသောစကားကို သာယာစွာ သီဆိုလေ၏။

"အို-ခင်ပုန်းမကို၊ လောကဤရွာဝယ် ဘုန်းပညာအသရေ အခြေအရံတို့ဖြင့် စပ္ပယ်ခြင်းအမှု၌ အတုမရှိအသဒိသာဖြစ်သော သားမြတ်၏ မိခင်ဖခင်သည် အလွန်သာလျှင် ကြည်လင်ငြိမ်းချမ်း ရွှင်လန်းပေအံ့သည်တကား။ဤကဲ့သို့သော လင်ကောင်းမယား ညာထားငယ်ကြင်သည် အလွန်သာလျှင် ရှုမြင်မရဲ ယှဉ်နွဲ့ပျော်မြန်း ငြိမ်းချမ်းလေအံ့သည်တကား"

ကိသာဂေါတမီရွတ်ဆိုသော ဥဒါန်းစကားကိုအလောင်းမင်းသားကြားတော်မူလျှင် "ပုထုဇဉ်သာဖြစ်သော ဤလူ၏အတ္တဘောကို မြင်သဖြင့်- မိခင်ဖခင်ငယ်ကြင်မယားတို့အား ငြိမ်းချမ်းခြင်းဖြစ်၏ဆိုသည်မှာ မည်သို့ဖြစ်နိုင်ပါအံ့နည်း။

ရာဂဒေါသ၊မောဟဟူသော မီးငြိမ်းမှုသာလျှင် ဇာတိဇရာ ဗျာဓိမရဏ ဒုက္ခကင်းဝေးလျက် ဘေးအပေါင်းမှ ငြိမ်းနိုင်ရာသည်တကား။ ထိုသို့ငြိမ်းအောင်ဆောင်သောသားမှုနိဗ္ဗာ ဘာမည်ရာသည်တကား"ဟု ဥာဏ်တော်ဖြင့်ယူ၍ ဤသူချီးမွမ်းအင်သော တုတိမင်္ဂလာနှင့် မယှဉ်းငြိမ်းချမ်းခြင်းသဘော

ကိုရှာရအောင်၊ ယနေ့ပင်ဤလူ့ခွင်မှထွက်၍တောနက်မြိုင်ဝှမ်း ဝယ်ရဟန်းပြုပြီးလျှင် နိဗ္ဗူတာကို ရှာမှီးတော့အံ့”ဟု အကြံ တော်ဖြစ်၍ လည်၌ရစ်ဆင်အပ်သော အဖိုးတသိန်းထိုက် သော ပုလဲသွယ်ကို ထိုကိသာဂေါတမီအား ဆရာစားပြု၍ ပို့စေ၏။

အယုတ်တရား

အလောင်းမင်းမြတ်လည်း ရွှေနန်းပြာသာဒ်သို့တက်တော် မူ၍ ထီးဖြူကနက်ဖြန့်ကျက်လျက် ခင်းအပ်သော အသရေရှိ သော မင်းနေရာထက်၌ တက်စံတော်မူလျှင် ထက်ဝန်းကျင်ရံ ခ–၍နေကြသော ကချေသည် မင်းသမီးတို့သည်လည်း အ ထူးထူးသော စည်စောင်းညှင်းစသည်တို့ဖြင့် သီကမှုတ်တီး ချက် မငြိုးငွေ့ကြောင်း ကောင်းစွာ ဖျော်ဖြေ၍ မပျော် ရွှင်ရကား ထိုခဏ၌ပင် စက်တော်မူ၏။

အတီးအက မောင်းမတို့သည်လည်းစည်စောင်းညှင်းတို့ကို ပိုက်၍ အိပ်စက်ကြလေသော် ရွှေနန်းတော်၌ ထွန်းမြဲဖြစ်သော နံ့သာဆီမီးသည် ထွန်းညီးလျက်ပင်ရှိ၏။

ညဥ့်ဦးယာမ်လွန်သော် အလောင်း ကိုယ်တော်မြတ်နိုး၍ အသီးသီးအိပ်စက်ကြကုန်သော ကချေသည် မောင်းမတို့ကို မြင်တော်မူ၏။ အချို့ရှူလျက်၊ အချို့ဟောက်လျက်၊အချို့ စက်စက်ယိုသော အယိအရည်ဖြင့် လိမ်းကျံလျက်၊ အချို့အံ သွားကြိတ်လျက်၊ အချို့ယောင်ယမ်းကုန်လျက်၊ အချို့ကား ခံတွင်းကို ဟင်းလင်းဖွင့်လျက်၊ ထိုခံတွင်းမှ မကောင်းသော

ရနံ့လှိုင်လျက်၊ အချို့ကားခါးဝတ်ကျွတ်လျက် အိပ်စက်ကြသည်ကို မြင်တော်မူ၍....

မြတ်သောပြာသာဒ်တော်အပြင်ကို မစင်ဘင်ပုပ်စက်ဆုပ်ဘွယ်သော သူကောင်တို့ဖြင့် ပြည့်သော သုသာန်ခွင်ကဲ့သို့ ထင်မှတ်တော်မူ၍ ကာမဂုဏ်တို့၌ အတိုင်းထက်အလွန်ငြီးငွေ့တော်မူလျက် "နှိပ်စက်လေစွတကား–နှိပ်စက်လေစွတကား။ အယုတ်တရား၌ ကာလရှည်လျား ပျော်ပါး၍သော ငါနေမိချေ၏တကား" ဟု မြည်တမ်းတော်မူလျက် ယခုပင် တောထွက်တော့အံ့ဟု ကြံပြီးသော် သလွန်ပေါ်ထက်မှ ဆင်းသက်တော်မူပြီးလျှင် တံခါးခုံ၌ ခေါင်းဆိုင်လျက်အိပ်သော ဆန္နအမတ်ကို နှိုးခေါ်၍ ကဏ္ဍကမြင်းတော်ကို ယခု ကချေဟုစေတော်မူ၏။

အသုရာနတ်မင်း

အလောင်းမင်းသားသည် ကဏ္ဍကမြင်းကို စီးကာဆန္နအမတ်ကို ခေါ်တော်မူ၍ သက်တော် ၂၉၊ သက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့် တနင်္လာနေ့သန်ကောင်အခါ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းမြတ်ယှဉ်သောအခိုက်တွင် တောထွက်တော်မူ၏။ အနော်မာမြစ်ကို ကူးတော်မူပြီးနောက် ရဟန်းပြုတော်မူပြီးလျှင်ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတို့အား နေပြည်တော်ပြန်ကြလေဟုစေတော်မူလိုက်၏။

ဘုရားအလောင်းသည်လည်း ထိုရဟန်းပြုရာအရပ် အနီး၌ကြီးစွာသော အနုပိယမည်သော သရက်တော၌ ပဗ္ဗဇ္ဇသုခဖြင့် စံနေတော်မူ၏။ ခုနစ်ရက်လွန်ပြီးသော် ယူဇနာသုံးဆယ်ရှိ

သောခရီးကို နေ့ချင်းသွား၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံ ဝင်တော်မူသည်။

ထိုအခါ နာဠာဂီရိဆင်ထွက်လာ၍ မြို့အလုံးချောက်ချားသကဲ့သို့၊ အသုရာနတ်မင်းဝင်လာ၍ အသုရာပြည် ချောက်ချားသကဲ့သို့ ဘုရားလောင်း၏ အဆင်းတော်ကို မြင်လျှင် ကြည်ရွှင်ဝမ်းသာ အံ့သြသရဲရှိကြ၍ ပြည်အလုံးချောက်ချား၏။

မင်းချင်းယောကျ်ားတို့မြင်၍ ဗိမ္ဗိသာရ မင်းကြီးအား ကြားလျှောက်ကြလျှင် ပြာသာဒ်ပြင်ထက်ရပ်၍ လေသွန်ပြတင်းဖြင့် မင်းကြီးကြည့်တော်မူသော် လူလော၊ နတ်လော၊ နဂါးလော အံ့ဘွယ်သရဲရှိသည်။ သွား၍ ကြည့်ကြကုန်ဟု မင်းချင်းတို့ကိုစေတော်မူ၏။

အလောင်းမင်းသား ဆွမ်းခံပြီးလျှင် မြို့မှထွက်၍ မြို့ရှေ့ ပဏ္ဍဝတောင်ရိပ်သို့ကပ်၍ အရှေ့သို့မျက်နှာမူ၍ ထိုင်တော်မူပြီးသော် ဆွမ်းဘုဉ်းပေးတော်မူအံ့သောငှာသပိတ်တော်ကိုဖွင့်၍ကြည့်လျှင် အနှံအပြား၊ အကြောင်အကျားဒရောရောဆွမ်းကို မြင်တော်မူ၍ အူအသည်းပြောင်းပြန်လန်၍ မျို့အန်မည်ကဲ့သို့ရှိတော်မူ၏။

ထိုအခါ ကိုယ်တော်ကို အလိုလိုဆုံးမတော်မူသည်ကား....

သိဒ္ဓတ်မင်းသား။ သင်သည် သန့်စင်ပုံ့မွှေးလှသော သလေးထမင်းကို စွန့်ခွာ၍ ရလွယ်သောအာဟာရဖြင့်မျှတမှီတင်းလျက် သေမင်း၏မတွေ့ရာဘဝဆုံးကို ရှာအံ့ဟု ရည်မှတ်၍ ကြင်းမြတ်သော မင်း၏ချမ်းသာကို စွန့်ခွာခဲ့သည်မဟုတ်လော။

အပုပ်အတိပြည့်သော ဤကိုယ်ကိုတန်းဆာဆင်ခြင်း၌အဘယ့်ကြောင့် ရောင့်ရဲခြင်းမရှိသနည်း။

ဟုဆုံးမလျက် ဘုဉ်းပေးတော်မူ၏။

ထိုအကြောင်းကို မင်းချင်းယောကျ်ားတို့မြင်သဖြင့် အလျင်ပြန်၍ ဗိမ္ဗိသာရမင်းကြီးအား လျှောက်ထားကြလျှင် ပြည့်ရှင်မင်းလည်း ဆောစွာလာ၍ ဝမ်းမြောက်ဝမ်းသာပြောဟောကြသဖြင့် သုဒ္ဓောဒနမင်းကြီး သားဘုရားလောင်း၏ အဖြစ်ကို သိလေသော်၊ ပြည်တော်ထက်ဝက်ကိုပေးအပ်ပါမည်၊ အသက်အရွယ်ငယ်ပါသေးသည်။ ဘောဇသွက်သို့ရှင့်၊ မင်းပြု၍ စံစားပါဦးဟု တောင်းပန်၏။

ထိုစကားကို ကြားလေသော်၊ အလောင်းတော်သည် ဤသို့လျှင် ပြန်လည် မိန့်ကြားတော်မူ၏။

အဆွေတော်မင်းမြတ်။ ခံစားသောမင်း၏ ချမ်းသာသည် ရေပေါ်၌တက်သော ရေပွက်၏ပမာ ဟသက်လျာမျှသာ ဖြစ်ချေသည်။ထိုစည်းစိမ်ကိုမှီ၍ ကိလေသာပွားသဖြင့် များသော အကုသိုလ် ဒုစရိုက်ဖြစ်၍ သံသရာ၌ နစ်မွန်းရခြင်းအကြောင်းသာ ဖြစ်ချေသည်။ ထို့ကြောင့် ပြည်၏စည်းစိမ်ကို သင်အိမ်၌ လောက် တံတွေးပေါက်ကဲ့သို့ ရွံရှာ၍ ငါစွန့်ခွာခဲ့သည်။

ထိုစကားကို ကြားသောအခါ ဗိမ္ဗိသာရမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီးလျှင် အရှင်သိဒ္ဓတ္ထဖြောင့်မတ်စွာသော အားထုတ်ပါလော့။ သို့ရာတွင် သင်ဘုရား ဖြစ်လျှင် အကျွန်ုပ်ပြည်သို့ ရှေးဦးစွာ ကြွခဲ့ပါဟု ဖိတ်ကြား၏။ ဘုရားလောင်းလည်း ဝန်ခံတော်မူ၏။

သတ္တဝါတို့ ဓမ္မတာ

မြတ်စွာဘုရားအလောင်းတော်သည် အာဠာရရသေ့ထံသို့ ကပ်၍ ဈာန်သမာပတ်ကို နှီးနှောအားထုတ်သဖြင့် လောကီ ဈာန်ခုနစ်တန်ကို ရတော်မူ၏။ တဖန် ဥဒကရသေ့ထံသို့ကပ်၍ အထက်ဈာန်ကို နှီးနှောစီးဖြန်းပြန်သော် ရှင်သန်သောသမာ ပတ်ကို ရတော်မူ၏။

ဤရှစ်ပါးသော သမာပတ်တို့သည် မြတ်သော သဗ္ဗညုတ ဉာဏ်၏ အကြောင်းမဟုတ်ချေ။ အကြောင်းကို ရှာဖွေဦးမှ ဖြစ်ချိမ့်မည်ဟု အကြံတော်ဖြစ်ပြန်၍ တဖန် ဥရုဝေလတော အုပ်သို့ ကပ်တော်မူသည်တွင် ပဉ္စဝဂ္ဂီရဟန်းတို့နှင့် တွေ့တော် မူခြင်းဖြစ်ပေသည်။

ငါးယောက် အစုရှိခြင်းကြောင့် ပဉ္စဝဂ္ဂီဟု ခေါ်သော ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့အလုပ်အကျွေး ပြုသည်ကို ခံယူ၍ တနေ့လုံးကို ဆွမ်းတလုပ်၊ သစ်သီးတလုံး၊ နှမ်းတစေ့၊ ဆန်တစေ့ စသည်ဖြင့် ကျင့်ရာမှ အာဟာရကို လုံး ဝ ဖြတ်တောက်လိုက်လေ၏။ ထိုအခါ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်များ ကွယ်ရုံမက အာနာပါနဈာန်ကိုပင် မဝင်စားနိုင်ဘဲ စင်္ကြံဦး၌ လဲတော်မူလေ၏။

မြတ်စွာဘုရားအလောင်းတော်သည် ယင်းသို့ ငြိုငြင်စွာ ကျင့်ရသော အကျင့်ကို ခြောက်နှစ်တိုင်အောင် ကျင့်တော်မူ ပြီးမှ ဤဒုက္ကရစရိယာအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက် နိုင်ရာ....

သတ္တဝါတို့၏ဓမ္မတာလည်းသဒ္ဓါလွန် လျှင်ကွန့်သည်၊ ပညာ လွန်လျှင်ဆွံ့သည်၊ ဝိရိယလွန်လျှင် ပျံ့သည်၊ သမာဓိလွန်လျှင်

တွန့်သည်၊ သတိသာလျှင် လွန်ကဲသည်မရှိ၊ လိုဘိသည်သာ ဖြစ်သည်။ ထို့ကြောင့် ယခု ငါသည် အာဟာရကို မျှစေလျက် ကိုယ်လက်ဖြည့်တင်း၍ သခင်ါ၊ပညာ ဝိရိယနှင့်သမာဓိကို မျှစေတော့အံ့ဟု ကြံလျက် ထိုထိုမြို့ရွာသို့ ချဉ်းကပ်၍ ခံအပ်သော ဆွမ်းကို ဘုဉ်းပေးတော်မူ၏။ ရဟန်းငါးပါးတို့လည်း ဘုရားလောင်းကို အယုံအကြည်မဲ့ကာ တဆယ့်ရှစ် ယူဇနာကွာ သော မိဂဒါဝုန်တောသို့ ထွက်ခွာကြရာ ကိုယ်တော်တပါး တည်း ကျင့်တော်မူ လူတို့သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့ညတွင် အိပ်မက်ကြီးငါးအင်ကို မြင်မက်တော်မူ၍ နောက်တနေ့ဖြစ်သော ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ အကုန် နေအရုဏ်တက်သည်နှင့် တပြိုင်နက် စန်းနှင့် ဝိသာခါ အကြိုက်တွင် လေးကသုံးပါး၏ အထွတ်အထိပ် ဘဝိသရ အဖြစ်သို့ ရောက်တော်မူ၏။

အညစ်အကြေးမရှိသော

ဝိဇ္ဇာသုံးပါးကိုရတော်မူခြင်းသည် အကြောင်းကင်းလျက် ရတော်မူသည်မဟုတ်။အားထုတ်စီးဖြန်းအပ်သောအာနာပါန ကမ္မဋ္ဌာန်းလျှင် အကြောင်းရင်းဖြစ်သည်။ ထိုကမ္မဋ္ဌာန်းကို စီးဖြန်းသောအခြင်းအရာ စသည်တို့ကို ဤသို့သိအပ်၏။

မဟာဗောဓိပင်၏ အောက်အပြင် ရွှေပလ္လင်ထက်၌ ထက်ဝယ် ဖွဲ့ခွေနေတော်မူပြီးသောအခါ ငါ၏ အရေ၊အကြော၊ အသားအသွေးတို့သည် ခြောက်အပ်၍ အရိုးစုမျှ ကြွင်းသော်

လည်း ကြွင်းစေစေ၊ သဗ္ဗညုတဉာဏ်ကို မရသမျှ ဤသက်ဝယ်မှ မပြောင်းပြီဟု ဓိဋ္ဌာန်တော်မူ၏။

အင်္ဂါ လေးပါးနှင့်သာ ပြည့်စုံစွာသော သမ္မာဝါယာမ လုံ့လတော်ကို နှီးဆော်ချီးပင့်လျက် ထွက်သက်ဝင်သက်နှစ်ပါးကိုအာရုံပြု၍ မနောဒွါရဝိထိများစွာဖြင့် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူလျှင်သင်စွာသောသမ္မာသတိသည် ဖြစ်၏။

ထိုသတိဖြစ်ခြင်းကြောင့် မေ့လျော့ခြင်း၊ တွေဝေခြင်း ကင်းကွာလျက် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိဟူသောကိုယ်၏ ငြိမ်းချမ်းခြင်း၊ စိတ်၏ငြိမ်းချမ်းခြင်းသည်ဖြစ်၏။

ထိုပဿဒ္ဓိ၏ဖြစ်ခြင်းကြောင့်စိုးရိမ်ပူပန်ပေါ့လျော့ခြင်းကင်းဝေးလျက် အာနာပါန အာရုံ၌ မတုန်မလှုပ်ကျောက်စာတိုင်ကဲ့သို့ ခံ့ခိုင်တည်ကြည်စွာသော သမ္မာသမာဓိသည်ဖြစ်၏။

ထိုသမာဓိ၏အဟုန်ကြောင့် ကာမဂုဏ်အာရုံတို့၌ စုံမက်တိမ်းညွတ်တတ်သောဆန္ဒ၊ ပြင်းပြစွာ တပ်တက်သောရာဂ၊ အလွန်အားကြီး ဖိစီးလိုသားတတ်သောဆန္ဒရာဂ။

မိန်းမယောကျ်ားစသည်ဖြင့် ကြံခြင်း၊ ထိုမိန်းမယောကျ်ားတို့၌ လက်ခြေအင်္ဂါမျက်နှာကိုယ်ဖြင့် ရုပ်သွင်သက်ရှယ်တို့၏ တင့်တယ်ဟန်၊ မတင့်တယ်ဟန်ကို ကြံခြင်း အစရှိသော သင်္ကပ္ပရာဂ။

ထိုဝတ္ထုကာမ၊ ကိလေသကာမကိုမှီ၍ဖြစ်သောစိုးရိမ်ခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းအစရှိသော ဗျာပါဒတရား။

စိတ်စေတသိက်တို့၏ မခံ့မရဲလေးလံသိုင်းမှိုင်းခြင်း၊ ပျင်းရိခြင်း၊ ငိုက်မျဉ်းခြင်းဟူသော ထိနမိဒ္ဓတရား။

မတည်မတံ့ ပျံ့လွင့်ခြင်း၊ နှလုံးမသာခြင်းဟူသော ဥဒ္ဓစ္စကုက္ကုစ္စတရား။

အာရုံ၏သဘာဝကို မုချဆတ်ဆတ်မဆုံးဖြတ်နိုင်ခြင်းဟူသော ဝိစိကိစ္ဆာတရား။

ဤငါးပါးသော နီဝရဏဓမ္မဘေးရန်ကို တွန်းလှန်ပယ်ခွာလျက် ထိနမိဒ္ဓကို နှိပ်စက်၍ သမ္ပယုတ်တရားတို့ကို အာရုံသို့ တက်စေခြင်းလက္ခဏာရှိသော ဝိတက်အင်္ဂါ။

ဝိစိကိစ္ဆာကို နှိပ်စက်၍ အာရုံသို့ တက်ပြီးသောသမ္ပယုတ်တရားအလုံးစုံကို သုံးသပ်ခြင်းလက္ခဏာရှိသော ဝိစာရအင်္ဂါ။

ဗျာပါဒကိုနှိပ်စက်၍ အာရုံကို နှစ်သက်ခြင်းလက္ခဏာရှိသော ပီတိအင်္ဂါ။

ဥဒ္ဓစ္စကုက္ကုစ္စကို နှိပ်စက်၍ နှစ်သက်အပ်သော အာရုံ၏အရသာကိုကောင်းစွာ ခံစားခြင်း လက္ခဏာရှိသော သုခအင်္ဂါ။

ကာမဆန္ဒကို နှိပ်စက်၍ ယှဉ်းကွက်မလည်တည်ကြည်ခြင်းလက္ခဏာရှိသောသမာဓိအင်္ဂါ။

ဤစျာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ရူပါဝစရ ကုသိုလ်ပထမစျာန်သို့ ရောက်တော်မူလျက် မျက်မှောက်ပြုပြီးသော် ထိုပထမစျာန်ကိုပင် * ငါးအင်သောဝသီဘော်တို့ဖြင့်ဝင်စားတော်မူလျက် ရှစ်ချက်သော ဝီထိ၏နောက်၌ ငါးချက်မြောက်ပြီးသောပထမစျာန်သည် ဘေးရန်ဖြစ်သော နီဝရဏနှင့်နီးလှချေသေး၏ဟု ရှေ့ရှုထင်အပ်သုံးသပ်အပ်သော ဝိတက်ဝိစာရကို ခွာလျက်အားနည်းပါနသို့ ရှေ့ရှုတော်မူပြန်၏။

---

* အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီ၊ အဓိဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီ၊ ပစ္စဝေက္ခဏဝသီ။

ထိုအခါ အင်္ဂါနှစ်ပါး၏ ကင်းခြင်းကြောင့် နှောက်ယှက်ခြင်းမရှိ၊ အတိပသန္နဖြစ်သော ပီတိသုခ ကောဂ္ဂတာစျာန်အင်္ဂါ သုံးရပ်နှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ဒုတိယစျာန်သို့ ရောက်တော်မူပြန်၏။

ထိုသို့ရောက်၍ ခြောက်တန်သောဝိထိတို့ဖြင့် ဒုတိယစျာန် သမာပတ်ကို ဝင်စားတော်မူပြီးမှ ဒုတိယစျာန်၌ ရှိသောပီတိကို မှာခြင်းငှာ အာနာပါနသို့ ရှေ့ရှုတော်မူလျှင် ယခင်ပီတိတရားကင်းလျက် သန့်ရှင်းထူးမြတ်သည်ဟု သမုတ်အပ်သော သုခဧကဂ္ဂတာစျာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော တတိယစျာန်သို့ ရောက်ပြန်၏။

တတိယစျာန်သို့ရောက်ပြန်၍ ငါးတန်သော ဝိထိတို့ဖြင့် တတိယစျာန်ကို ဝင်စားတော်မူပြီးမှ....

ကာယိကသုခသည် သောမနဿဖြစ်ခြင်း၏အကြောင်း၊

သောမနဿသည်ဆန္ဒဖြစ်ခြင်း၏အကြောင်း၊

ဆန္ဒသည် ရာဂဖြစ်ခြင်း၏အကြောင်းဖြစ်၍ စင်စစ်ရှန့်ရင်းသေး၏တရားဟု သုခကို ပယ်ခြင်းငှာ အာနာပါနသို့ ရှေ့ရှုတော်မူပြန်လျှင် ယခင်သုခမှကင်းလျက် အလွန်ဖြူစင်သန့်ရှင်းယှဉ်းမဖည်တည်ကြည်လှစွာသော ဥပေက္ခာဧကဂ္ဂတာစျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထစျာန်သို့ရောက်တော်မူ၏။

စတုတ္ထစျာန်သို့ရောက်တော်မူ၍ အလေ့အလာပြုအပ်သော ဝသီဘော် ငါးတန်ဖြင့် ထိုစျာန်ကိုဝင်စားတော်မူပြီးမှ ပဥ္စမဝိထိ၏အချုပ်၌ ထိုစတုတ္ထစျာန်မှ ထတော်မူ၍ အရူပဘာဝနာကိုအားရုံပြုတော်မူပြန်သဖြင့် လေးတန်သော အရူပါဝစရစျာန်သို့ အစဉ်အတိုင်း ရောက်တော်မူသည်။

ထိုသို့ရောက်ပြီးသော် အသိမ်းသိမ်းသော အရှုပ်စျာန်ကိုငါး တန်သောဝသီဘော်တို့ဖြင့် ဝင်စားတော်မူလျက် ရှစ်ချက်သောသမာပတ်ကို အလေးအမြတ်ပြုကာ လုံးလာ ထက်အောက်မှောက်မှောက်လှန်လှန် * ကေန္တက ** ဒွန္တရိကနည်းအားဖြင့်လည်း ဝင်စားတော်မူ၏။

ထိုသို့ ဝင်စားပြီးမှ စတုတ္ထ စျာန်သမာပတ်၌ ဖြစ်သောကောင်းမြတ်တည်ကြည်သော သသတိသမာဓိအစွမ်းကြောင့်—

အလွန်စင်ကြယ်ခြင်း။

ဖြူစင်ခြင်း။

ကိလေသာ ရာဂကို ဖျောက်ခြင်း။

နူးညံ့စွာဖြစ်ခြင်း။

တန်ခိုးဖန်ဆင်းမှု၌ စွမ်းနိုင်ခြင်း။

စင်ကြယ်သောအာရုံ၌သာ တည်ကြည်ခြင်း။

မတုန်မလှုပ်သော အဖြစ်သို့ ရောက်ခြင်း။

လျင်သောစိတ်ရှိခြင်း တည်းဟူသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အဘိညာဉ်ဖြင့်မျက်မှောက်ပြုအပ်သော အသိတရားတို့ကို မျက်မှောက်ပြုခြင်းငှာ အာလောက ကသိုဏ်းကို အာရုံပြု၍ ရူပါဝစရစတုတ္ထစျာန်ဖြစ်သော ပါဒကစျာန်ကို ဝင်စားတော်မူပြန်၏။

ရူပါဝစရစတုတ္ထစျာန်ဖြစ်သော ပါဒကစျာန်ကို ဝင်စားတော်မူပြန်၍ရင်းပါဒက စျာန်ဝီထိ၊ အဓိဋ္ဌာန်ဝီထိတို့၏နောက်

---

* တခုခြား

** နှစ်ခုခြား

ကျမြောက်သော အဘိညာဏ်ဝိထိဖြင့် မိမိသန္တာန်၊ သူတပါး သန္တာန်၌ ဖြစ်ဖူးသော ခန္ဓာအစဉ် အမည်အမျိုး၊ အကျိုးအ ကြောင်း၊ ပြောင်းပြန်ဟန်ပြန်ကို ကျန်ကုန်စင် သိမြင်နိုင် သော ပုဗ္ဗေနိဝါသအဘိတိသအမည်ရသောပဌမဝိဇ္ဇာဉာဏ်ကို ညဥ့်ဦးယာမ်၌ ရတော်မူ၏။

ထိုပုဗ္ဗေနိဝါသဉာဏ်ဖြင့် * ပုဗ္ဗန္တအလုံးကို ဖုံးလွှမ်း မြေး ယှက်တတ်သော အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ဖွင့် လှစ်တော်မူ၍ သုံးဆူသောဘုံဝယ် တလုံလဲလဲ မြင့်မြဲလှစွာ ကမ္ဘာအသင်္ချေ လွန်လေသမျှ ဘဝရှေးရှေးက ဖြစ်ခဲ့ဘူးသော ကိုယ်တော်၏ခန္ဓာ၊ ထိုခန္ဓာဖြစ်ရာဌာန၊ ခံစားရသော အာရုံ၊ တွေ့ကြုံခဲ့ရသော သားမယား ဆွေမျိုးအစရှိသော ဒဗ္ဗသမ္ဘာရ တို့ကိုရင်း၊

ပစ္စေက ဗုဒ္ဓါသာဝကတို့နှင့် မဆက်ဆံသော ဤမည်သော ကမ္ဘာ၌ ဤမည်သော ဘုရားလောင်းသည် ဤမျှလောက် သော စည်းစိမ်ချမ်းသာကို စွန့်သဖြင့် ဤသို့တောထွက်တော် မူ၍ ဤမည်သော ဗောဓိပင်ရင်း၌ ဤမည်သော ဝိပဿနာကို ရှုတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူသဖြင့် ဤမျှလောက် သော သတ္တဝါတို့ကို ဤမည်သော တရားအမြိုက်ဖြင့် တိုက် ကျွေးတော်မူ၏ဟု ဓေ့ ငုံစဉ်လာ ဤကမ္ဘာမှသည် ပဋ္ဌိလောမ ပြန်သဖြင့်ရင်း။

ရှေးရှေးသောကမ္ဘာမှသည် ဤကမ္ဘာချောက် တလျှောက် တည်း ရှုအပ်သော အနုလောမ နည်းအားဖြင့်ရင်း။

---

* ရှေ့အစွန်း

အစဉ်အတိုင်းမလျှောက်မူ၍ သီဟောက္ကန္တိကာနုသာရဏာဟု ဆိုအပ်သော ကေသရာဇာခြင်္သေ့မင်း၏ ခုန်လွှားခြင်းနှင့်တူစွာ လိုရာလိုရာကမ္ဘာ့အထက်၌ ပျက်ဟန်ဖြစ်ဟန်ကိုရင်း။

တပြောင်းပြန်ပြန် အဖန်ဖန်ရှုလျက် အကုဋ္ဌေမကသော သမာပတ်ကို ဝင်စားတော်မူသဖြင့် ညဉ့်ဦးယာမ်လွန်လတ်သော် သုံးဖော်သောဘဝ၌ ဖြစ်ကြသောသတ္တဝါတို့၏ စုတိပဋိသန္ဓေ နေဟန်ဖြစ်ဟန်ကို တဖန်ရှုတော်မူအံ့ဟု စိတ်တော်ညွတ်ကာမျှဖြင့် ပရိကံ အထူးမပြုရဘဲ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။

စတုတ္ထစျာန်ကို ဝင်စားတော်မူ၍ သုံးတန်သော ဝီထိတို့၏ နောက် ကျမြောက်သော အဘိညာဏ်ဝီထိဖြင့် အဘိသန္ဓ ဖြစ်သော ပသာဒအတ္ထု ဟဒယဝတ္ထုရှိလျက် နတ်မျက်စိမက အဆအရာသာလွန်၍ မြင်နိုင်သော ထဆယ့် တပါးသော အညစ်အကြေးမရှိသော ဒိဗ္ဗစက္ခုဟုဆိုအပ်သော ဒုတိယဝိဇ္ဇာဉာဏ်ကို သန်ကောင်ယာမ်၌ရတော်မူ၏။

ဝိစိကိစ္ဆာ၊ အမနသိကာရ၊ ထိနမိဒ္ဓ၊ ဆမ္ဘိတတ္တဥပလဝ၊ ဒုဋ္ဌုလ္လအစ္စာ၊ ရဒ္ဓဝိရိယ၊ အတိလီနဝိရိယ၊ အဘိဇပ္ပ၊ နာနတ္တသညီ၊ အဘိနိဇ္ဈာယိတတ္တတည်းဟူသော တဆယ့် တပါးသော အညစ်အကြေးမှ ကင်းဝေးသည်ဖြစ်၍အလွန်သန့်ရှင်းစင်ကြယ်သော ထိုဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် အပရန္တဏုပ္ပစ္စတာယ ဤ နှင့်ဖြာသောအစွန်း၌ ဖုံးလွှမ်း မြှေးယှက်တတ်သော အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ဖွင့်လှစ်၍ ရှုတော်မူသဖြင့် စုတေလတံ့သော သတ္တဝါ၊ ပဋိသန္ဓေနေလတံ့သောသတ္တဝါ တို့ကိုရင်း။

သန္တေဇာတိအမိအဖ သုခသမ္ပတ္တိဂ္ဂသာဒိယ ဘောဂယသ စသောအားဖြင့် ယုတ်သောသတ္တဝါ၊ မြတ်သော သတ္တဝါ၊ အဆင်းလှသော သတ္တဝါ၊ အဆင်းမလှသောသတ္တဝါ၊ ကြွယ်ဝသော သတ္တဝါ၊ ဆင်းရဲသောသတ္တဝါ၊ နတ်ပြည်သို့သွားသောသတ္တဝါ၊ လူ့ပြည်၌ တည်သောသတ္တဝါ၊ ငရဲသို့လားသောသတ္တဝါတို့ကိုရင်း။

ဤဇမ္ဗူဒိပ်ကျွန်းမြေ လူနေဌာန၏ အောက် အခေါက်တသောင်းစီခြားကွာလျက်ကြီးစွာသော ဥမင်လိုဏ်ဘွင်းဝယ် ပြည့်တင်းစွာစွဲသော ပျားမုံ၏သဖွယ် သိပ်နယ်စည်းကြပ်စွာ ဌာနရှစ်ရပ်၌ မပြတ်မစဲ ဆင်းရဲကြီးစွာ ခံနေရရှာကုန်သော ငရဲသူ သတ္တဝါတို့ကိုရင်း။

တပြောင်းပြန်ပြန် ရှုသဖြင့် အကျုံမြှုပ်မြှုပ်ကြွင်း၊ လက်ငင်းပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ် အပေါင်းတို့ကို မြင်တော်မူ၏။

ထိုဒိဗ္ဗစက္ခုအဘိညာဏ်ကို တဖန်အခြေပြုသဖြင့် *ယထာကမ္မုပဂအဘိညာဏ်၊ အနာဂတံသ အဘိညာဏ် နှစ်ပါးကို ပွားစေတော်မူပြန်လျှင်....

ပဋိသန္ဓေနေသော သတ္တဝါတို့တွင် ယုတ်ညံ့သောသတ္တဝါသည် တဏှာမောဟ၏ အကျိုးဆက်တည်း။

မြတ်သောသတ္တဝါသည် မေတ္တာ၏ အကျိုးဆက်တည်း။

အဆင်းလှသော သတ္တဝါသည် မေတ္တာ၏ အကျိုးဆက်တည်း။

---

* ကံအားလျော်စွာ ထိုထိုဘုံဘဝသို့ လားရောက်ရမည့် သတ္တဝါကို သိမြင်နိုင်သောဉာဏ်။

အဆင်းမလှသော သတ္တဝါသည် ဒေါသ၏ အကျိုးဆက်တည်း။

ကြွယ်ဝသော သတ္တဝါသည် အ-လောဘ၏ အကျိုးဆက်တည်း။

ဆင်းရဲလှသော သတ္တဝါသည် လောဘ၏ အကျိုးဆက်တည်း။

သုဂတိသတ္တဝါသည် သုစရိုက်၏ အကျိုးဆက်တည်း။

ဒုဂ္ဂတိသတ္တဝါသည် ဒုစရိုက်၏ အကျိုးဆက်တည်း။

ဤသို့စသည်ဖြင့် အကြောင်း ဖြစ်သောကံကြမ္မာကိုရင်း။ ဤသတ္တဝါသည် ဤစာရိတ္တရှိ၏။ ဤဂတိသို့ လားလတံ့၊ ဤမည်သော ဆင်းရဲကို ခံရလတံ့၊ ဤမည်သော ချမ်းသာကို စံရလတံ့၊ စသည်ဖြင့် အနာဂတ်၌ ဖြစ်လတံ့သော အာရုံအပေါင်းကိုရင်း၊ ကျိုးကြောင်းကုန်စင် သိမြင်တော်မူ၏။

ဤသို့ * စုတူပပါတဉာဏ်၊ ယထာကမ္မုပဂဉာဏ်၊ အနာဂတံသဉာဏ်လျှင် အခြံအရံရှိသော ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် အစဉ်အတိုင်းရှုတော်မူ၍ သန်ကောင်ယာမ် လွန်မြောက်သဖြင့် မိုးသောက်ယာမ်သို့ကျလတ်သော် ကိုယ်တော်၏ မပင်ပန်းခြင်းအကျိုးငှာ ထိုတတိယယာမ်၏ သုံးဖို့တဖို့ခန့်မျှကျိန်းစက်တော်မူ၍ ရှေ့ရှုပြီးသော စတုတ္ထစျာန်ကို တဖန်ဝင်စား၏။

ထိုစျာန်မှထပြီးသော် ကိုယ်တော်၏ရင်း၊ စိတ်တော်၏ရင်း အမြဲမရှိသောသဘော၊ ဆင်းရဲသောသဘော၊အတ္တဟုမှတ်ဖွယ်

---

* စုတိပဋိသန္ဓေကို သိမြင်နိုင်သောဉာဏ်။

မရှိသောသဘောသို့ တင်ဘိ၍ ဝိပဿနာကို ကောင်းစွာ ရှေ့ ရှုတော်မူလျှင်....

ဆင်ခြင်သုံးသပ်တတ်သော သမ္မသနဉာဏ်။

သင်္ခါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိတတ်သော ဥဒယဗ္ဗယဉာဏ်။

ဖြစ်ခြင်း တည်းဟူသော ဥပါဒ်ကိုလွှတ်လျက် ပျက်ခြင်း တည်းဟူသော ဘင်ကိုသာ ရှုသဖြင့် ယခုချုပ်လတံ့သည်ကို မြင်တတ်သော ဘင်္ဂဉာဏ်။

စိတ် စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် ပဝတ္တိကမ္မဇရုပ် တည်းဟူသော သင်္ခါရတရားတို့၏ ချုပ်ခြင်း အလျဉ်စသည်ကို အစဉ်မပြတ် ရောက်၍ကြောက်မက်ဖွယ်ရှိ၏ ဟုသိသော ဘယဉာဏ်။

ထိုတရားတို့၌ အပြစ်ကိုသိသော အာဒီနဝဉာဏ်။

အပြစ်ကို မြင်ပြီး၍ ငြီးငွေ့ စက်ဆုပ်တတ်သော နိဗ္ဗိဒါဉာဏ်။

ထိုသင်္ခါရဝတ်မှ ကင်းလွတ်လိုသော အဖြစ်ကို သိသော မုစ္စိတုကမျတာဉာဏ်။

လွတ်နိုင်အံ့သော အကြောင်းကိုရှာ၍ ထိုသင်္ခါရတို့ကို တဖန်သိမ်းဆည်းခြင်း၌သိတတ်သောပဋိသင်္ခါဉာဏ်။

သိမ်းဆည်းမိသော သင်္ခါရတို့ကို အာသက်မဖက် သက်သက် လျစ်လျူရှုတတ်သောသင်္ခါရုပေက္ခာဉာဏ်။

သုံးဆယ့်ခုနှစ်ပါးသော ဗောဓိပက္ခိယ တရားတို့နှင့်တကွ ဝိမောက္ခသုံးပါး၊ မဂ်ကိစ္စတဆယ့်ခြောက်ပါး တို့အား လျော်သောအနုလောမဉာဏ်။

ဤဆယ်တန်သော ဝိပဿနာဉာဏ်၏ရင့်ခြင်းသို့ရောက်သဖြင့်၊လင်းပျောက်ခဲ့စွာ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် တရားတို့၌ လွမ်းတားပိတ်ပင်တတ်သော အဝိဇ္ဇာ ကွန်ယက်ကိုပယ်ရှားဖြတ်ခွာလျက်....

ဒုက္ခသစ္စာ၏ ပီဠနဋ္ဌသင်္ခတဋ္ဌ သန္တာပဋ္ဌ ဝိပရိဏာမဋ္ဌ—သဘာဝတရားလေးပါးကိုပိုင်းခြား၍သိခြင်း။

သမုဒယသစ္စာ၏ အာယူဟနဋ္ဌ နိဒါနဋ္ဌ သံယောဂဋ္ဌပလိဗောဓဋ္ဌ—သဘာဝတရား လေးပါးကို ပယ်ရှားဖြတ်ခွာခြင်း။

နိရောဓသစ္စာ၏ နိဿရဏဋ္ဌဝိဝေကဋ္ဌ အသင်္ခတဋ္ဌ အမတဋ္ဌ သဘာဝတရားလေးပါးကို မျက်မှောက်ပြုထားခြင်း။

မဂ္ဂသစ္စာ၏ နိယျာနိကဋ္ဌ ဟေတွဋ္ဌ ဒဿနဋ္ဌ အာဓိပတေယျဋ္ဌ—သဘာဝတရား လေးပါးကို ပွားစီးစေနိုင်ခြင်းတည်းဟူသော ကိစ္စလေးပါး ကိစ္စတဆယ့်ခြောက်ပါးကို သိကြားမင်း၏လက်နက်ဝရဇိန်စက်ကဲ့သို့ တပြိုင်နက် တချက်တည်းပြီးစေလျက် သောတာပတ္တိမဂ်စိတ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးဖြာဝိစိကိစ္ဆာတရားကို ပယ်ရှားတုံဘ်၍မဂ်ဝီထိအဖြစ်သို့သက်၏။

ထိုမဂ်ဂါနန္တရဖိုလ်မှသည် ဥပနိဿယ ပစ္စည်းဆက်၍ သဂဒါဂါမိမဂ်-သဂဒါဂါမိဖိုလ်ကိုလည်း အလိုလို ရောက်တော်မူ၏။

ထိုနောက်စပ်၍ ဝိပဿနာကို ရှုတော်မူလျှင်အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အနာဂါမိ မဂ်သည် ပယ်ဖျက်ထိုက်သော

ဒေါသကို *နိရဝသေသအားဖြင့် ငြိမ်းစေလျက် မဂ်ကိစ္စဖြစ်၍ ချုပ်၏။

ထိုမဂ္ဂါနန္တရဖိုလ်မှသည် ကာလမကြာ တဏှာ မခြားဘဲ ဝိပဿနာတရားကိုသာ ပွားစေတော်မူပြန်လျှင် သုံးအင်သော မဂ်တို့ဖြင့် ပယ်ဖျက်၍ ကြွင်းသေးသော ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ်လေးခု၊ ဥဒ္ဓစ္စစိတ်တခုနှင့် တကွ တထောင့်ငါးရာမျှသော ကိလေသာရုန့်သင်းကို အကြွင်းမဲ့ ချုပ်စေလျက် အာသဝက္ခယ ဟု သမုတ်အပ်သော အရဟတ္တမဂ်ဉာဏ်ကို မိုးသောက်ယာမ် အကုန် နေအရုဏ်တက်သည်နှင့်တပြိုင်နက် ရ၏။

မဂ္ဂါနန္တရဖိုလ်၏နောက် ကျမြောက်သော ပစ္စဝေက္ခနာ ဖလသမာပတ္တိဝီထိ၊ ဥဒယျဗ္ဗယဉာဏ်လျှင် အာရုံရှိသော မနောဒွာရ ဝီထိတို့ဖြင့် အပရိမာဏ ဆုံးဆထုတ်ဖွေ မရေတွက်နိုင်သော ဆအသာဓာရဏ စတုဝေသာရဇ္ဇ ဒသဗလ ဆအာဘိညာဝိဇ္ဇာ ရှစ်ဝ စရဏ တဆယ့်ငါး တရားအပေါင်းတို့ဖြင့် တန်းဆာ ဆင်အပ်သော သဗ္ဗညုတဉာဏ်ဖြင့် နိဗ္ဗာန်သင်းကျစ် ဓမ္မရာဇ် ထွတ်ဖျား ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

(ပဋိသမ္ဘိဒါမဂ် ပါဠိတော် အဋ္ဌကထာ၊ သာရတ္ထဒီပနီ)

ပြုဟ္မကမည်သည်

မြတ်စွာဘုရားသည် ရွှေပလ္လင်ထက်ဝယ် ခုနစ်ရက်၊ ရွှေပလ္လင်ကို ရှုစားလျက် ခုနစ်ရက်၊ ရတနာ စင်္ကြံဘွင်ခုနစ်ရက်၊ ရတနာ ရွှေအိမ်တွင် ခုနစ်ရက်၊ ဆိတ်ကျောင်း ညောင်ပင်၌ ခုနစ်ရက် အစဉ်လိုက်စံတော်မူ၏။

---

* အကြွင်း အကျန် မရှိခြင်း။

မြတ်စွာဘုရားကို စောင့်ကြည့်ကာ အပြစ် အနာ အဆာ ရှာဖွေနေသောမာရ်နတ်မှာ အပြစ်တစုံတရာ ရှာမတွေ့သဖြင့် နှလုံးမသာရှိလှ၍ ခရီးလမ်းမ၌ ငေးမှိုင်ကာထိုင်လျက် မြေ၌ တဆယ့်ခြောက်ကြောင်းသော အရေးကို ရေးခြစ် နေချေ၏။ ထိုအခါ မာရ်နတ်၏ သမီး သုံးယောက်တို့ ရောက်ရှိလာကာ ဖခင်၏ အခက်အခဲကို မေးမြန်း ကြားနာပြီးနောက် မြတ်စွာ ဘုရားထံတော်သို့ ချဉ်းကပ်လာကြ၏။

၎င်းတို့သည် တဆယ့်သုံးနှစ်ရွယ်၊ တဆယ့်ခုနစ်နှစ်ရွယ်နှင့် သားတကြိမ်ဖွားပြီးသောမိန်းမအရွယ်စသည်ဖြင့် တင့်တယ်စွာ တန်းဆာဆင်ပြီးလျှင် မြတ်စွာဘုရားခြေတော်ရင်း၌ အလုပ်အကျွေး ပြုပါရစေဟု တောင်းပန်ကြ၏။ ဗုဒ္ဓမြတ်စွာသည် ကိလေသာရန်သူကို အောင်မြင်ပြီးသော အခြင်း အရာကို ပြလျက် ပယ်ရှားတော်မူ၏။

"သင်တို့ ဖျောင်းဖျသော အမူအရာ သည် ရာဂ ဒေါသ မောဟ *အဘိဇ္ဈာစသောအညစ်အကြေးမကင်း သိမ်ဖျင်း ယုတ်ညံ့သော သတ္တဝါသာလျှင် ဝမ်းသာနှစ် သက် စုံမက်လိမ့်မည်။ ငါဘုရားသည် ကိလေသာတရား တို့ကို ပယ်ရှားအောင်မြင်အပ်ပြီဖြစ်၍ သုသာန်၌ စွန့်ပစ် အပ်သော သူကောင်ပုပ်ကဲ့သို့စက်ဆုပ်ဘော်မူသည်...."

ဟု ကဲ့ရဲ့တော်မူသဖြင့် နတ်သမီး သုံးယောက် တို့သည် လောက၌ မြတ်သောအလှူကို ခံတော်မူထိုက်ပေ၏။ ကောင်း သော အလားရှိပေ၏။ လူအပေါင်းတို့ တပ်အပ်သော အရာ

---

* သူတပါးစည်းစိမ်ကို ရှေ့ရှုကြံစည်ခြင်း။

၌လည်းဆုံးမတော်မူနိုင်လေ၏ ဟုဆို၍ မာရ်နတ်မင်းအထံသို့ ပြန်ကြရလေကုန်သတည်း။

ထိုနောက် ဟုဟုကဒိဌမင်္ဂလိက နှစ်မည်ရသောပုဏ္ဏားသည် ဘုရားအထံ ချဉ်းကပ်၍ "အဘယ်သို့သော သူသည် ဗြဟ္မဏမည်ပါသနည်း"ဟု မေးလျှောက်ပေ၏။

"ပုဏ္ဏား၊ အကြင်သူသည် တဟုံဟုံတက်သော အမျက်ကင်းကွာလျက်သတ္တဝါတို့အား သနားချစ်ခင်ခြင်းလည်းရှိ၏။ ရာဂစသော ကိလေသာတို့ကိုလည်း ပယ်ခွာ စွန့်ပစ်တတ်၏။ မြတ်သည်ဟု သမုတ်အပ်သောပုညကြိယာ ဝတ္ထုတို့၌သာလျှင် ပျော်မွေ့၏။ ထိုသူသာလျှင် မြတ်ရာသို့ သွားအံ့သည်ဖြစ်၍ ဗြဟ္မဏမည်၏။"

အဇပါလသတ္တာဟတွင် စံတော်မူပြီးနောက် ဗုဒ္ဓမြတ်စွာသည် မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ မုစလိန္ဒာမည်သောအိုင်၏အနီး ကျည်းပင်ကြီးအရင်း၌ သီတင်းသုံး နေတော်မူရာ အခါမဲ့ ရွာသောမိုးကြီး စွေလေသည်။ မုစလိန္ဒနဂါးမင်းသည် ဗိမာန်မှထွက်၍ကိုယ်ဖြင့်ကုသိုလ်ပြုရန်အတွက် တပိုင်းခွေ၍ ပလ္လင်ခင်းပြီးသော် ကိုယ်တော်ကို ခုနစ်ပတ်ရင်ရံလျက် ဦးခေါင်းတော်ထက်က ပါးပျဉ်းဖြင့် အုပ်မိုး၍ မိုးမစွတ်ရအောင်တည်လာ၏။

မြတ်စွာဘုရားလည်း နဂါးမင်း၏အခွေထက် ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ကိုဝင်စား၍နေတော်မူသည်။ ခုနစ်ရက်စေ့၍မိုးစဲသောကာလ၌ နဂါးမင်းသည် လုလင်အသွင်ဖြင့် ခရှေ့တော်၌နေလာသည်။

"လေးပါးသစ္စာ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီးသော

ရဟန္တာသည် လွန်စွာ ချမ်းသာ၏။ ထို့အတူ သတ္တဝါ အပေါင်းတို့၌ တိုက်ခိုက်ထိပါးတတ်သော ဒေါသ ကင်းခြင်း သည် အလွန်ချမ်းသာ၏။ ကာမဂုဏ် ငါးပါး၌ လိုက်စား တပ်ငြိတတ်သော ရာဂ၏ ကင်းခြင်းသည်လည်း အလွန်ချမ်း သာ၏။ ငါဟူသော မာန်ယစ်ခြင်းကိုခွာ၍ သတ္တဝါတို့အား မညှဉ်းဆဲဘဲ သည်းခံခြင်းသည်လည်း အလွန်ချမ်းသာ၏။...."

ဟု ဟောတော်မူရာ ဤအရပ်သည် မုစလိန္ဒာ သတ္တာဟ မည်၏။

မုန်ညင်းသီးကဲ့သို့

ထို့နောက် ဗုဒ္ဓမြတ်စွာသည် လင်းလွန်းပင်ရင်း၌ ရာဇာ ယနသတ္တာဟအဖြစ် ခုနစ်ရက် သီတင်းသုံးတော်မူစဉ် ရာမည တိုင်း ဥက္ကလာပဇနပုဒ်၌ ပေါက္ခရဝတီမြို့မှ တဖုဿ ဘလ္လိက ကုန်သည်ညီနောင်တို့ရောက်ရှိ ဆည်းကပ်လာ သဖြင့်ဒွေဝါစိက သရဏဂုံ ကို ပေးတော်မူသည်။ ဆံတော်ရှစ် ဆူ ကိုလည်း ပေးတော်မူလိုက်၏။

ဤသို့ သတ္တသတ္တာဟ စေ့တော်မူလျှင် လင်းလွန်းပင်မှ သည် အဇပါလ ညောင်ပင်ရင်းသို့ တဖန် ကပ်တော်မူပြန်၍ နေတော်မူသောအခါ ဤသို့သော အကြံတော်ဖြစ်၏။

ငါသိအပ်သောတရားတော်သည် မြင့်မိုရ်တောင်ဖြင့် ဖုံး လွှမ်းအပ်သော မုန်ညင်းသီး ကဲ့သို့ အလွန် သိမ်မွေ့နက်နဲ မြင်နိုင်ခဲ၏။ ပဋိစ္စသမုပ္ပါဒ် ဓမ္မသည်လည်း ပံသုပဗ္ဗတ၏ အောက်၌ ဖြစ်သော မြေဆီဩဇာကဲ့သို့ လွန်စွာ နက်နဲခက်ခဲ လှ၏။ ဤလောက၌ ဖြစ်ကုန်သော သတ္တဝါတို့သည် ပညာ

နည်းပါး၍ ကိလေသာလျှင်များရကား စဉ်းစားခြင်းအလွန်နည်းပါး၏။ ကာမဂုဏ် ငါးပါးနှင့်သာ လိုက်စား ပျော်မွေ့ကြ၏။ ငါဟောပြောသော်လည်း တရားတော်ကို မမြင်နိုင်ရာ။ ငါပင်ပင်ပန်းရုံသာ ရှိချိမ့်မည်ဟု တရားမဟောလိုသော အကြံတော် ဖြစ်လတ်လျှင်.... ကဿပဘုရား သာသနာတော်၌ သဟာကမည်သော * ပဉ္စမဈာနလာဘီ ရဟန်းသည် စုတေ၍ ပဉ္စမ ဈာန်ဘုံ၌ ဖြစ်လေသော သဟမ္ပတိ ဗြဟ္မာမင်း သိတော်မူသော် နတ်ဗြဟ္မာအပေါင်းတို့ကိုခေါ်၍မြတ်စွာဘုရား ထံလာပြီးလျှင် မြင့်မိုရ်တောင်လုံးမျှလောက်သော ရတနာ ပန်းကုံးဖြင့် ပူဇော်လျက် လျှောက်ထား၏။

“အရှင်ဘုရားတရားဟောတော်မူပါ၊သတ္တဝါတို့အား တရားဟောရွတ်ချတ်ခြင်းငှာလျှင် ပါရမီသုံးဆယ်ကို ဖြည့်ပါသည်။ ကိုယ်တော်ဘုရားမှ တရားမဟောချေသော်ဘယ်သူလာ၍ဟောပါအံ့နည်း။ ယခုအခါမဂဓရာဇ်တိုင်း၌ ပူရဏကဿပ မက္ခလိဂေါသာလပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တ အဇိတကေသ ကမ္ဗလသိဉ္စည်း-ဤခြောက်ယောက်သော သူတို့သည် ဘုရားမဟုတ်ဘဲလျက် ဘုရားဟုဝန်ခံ၍များစွာသော သတ္တဝါတို့ကို လှည့်ပတ်လျက် ** မိစ္ဆာဝါဒကို ပြု၍နေကြချေပြီ။ အပါယ်လေးပါး တံခါးဟင်းလင်းပွင့်၍

---

* ရူပ ပဉ္စမဈာန်ရသောသူ။

** မှားသောအယူ။

နတ်ရွာနိဗ္ဗာန်ဝင်ရန် တံခါးပိတ်ချေပြီ။ ထို့ကြောင့် တရားစည်ကြီးတီးတော်မူပါ၊ အပါယ်တံခါး ပိတ်တော်မူပါ၊ နတ်ရွာတံခါးဖွင့်တော်မူပါ၊ ကျွတ်ထိုက်သောသတ္တဝါသည်း ရှိပါလိမ့်မည်၊ ထိုသူတို့အား တရားမိုးဖြင့် သွန်းဖြိုးတော်မူပါဘုရား။"

ဗုဒ္ဓ မြတ်စွာလည်း * အာလယာနုသယ ** ဣန္ဒြိယ ပရောပရိယတ္တဉာဏ်တည်းဟူသော ဘုရားရှေ့မျက်စိဖြင့်ကျွတ်လတံ့သော သူကိုရှု၍မြင်တော်မူသဖြင့် ဝန်ခံတော်မူ၏။ထိုရာတွင် မြတ်စွာဘုရားတရားဟောရန်ကြံမိသော အာဠာရရသေ့နှင့် ဥဒကရသေ့တို့မှာ ကွယ်လွန်သွားကြပြီဖြစ်သဖြင့် တင်ပေးဘူးသော ကျေးဇူးရှိသော ပဉ္စဝဂ္ဂီရဟန်းတို့ကို မြင်တော်မူ၏။ထို့ကြောင့် ဗာရဏသီပြည်သို့ ရှေ့ရှုကြွတော်မူခဲ့၏။

အနုတ္တဇိန

ရှေးရှေးသော မြတ်စွာဘုရားတို့သည် တရားဦးခံမှုစကြာဟောရန် ကောင်းကင်ခရီးဖြင့်သာ ကြွမြဲဖြစ်သော်လည်း၊ ငါတို့မြတ်စွာဘုရားမူ ဉပကတက္ကတွန်း၏ အကျိုးငှာ ခြေလျင်ကြွတော်မူခဲ့ရာ မဟာဗောဓိနှင့် ဂယာသီသအကြားတွင်တွေ့ရလေ၏။

"ငါ့ရှင်—သင်၏ဣန္ဒြေတို့သည် နှစ်လိုကြည်ညိုဘွယ်ရှိပေ၏။ သန့်ရှင်းစင်ကြယ်သပ္ပါယ်ပြည့်ဖြိုးလျက် ဖြိုးဖြိုးပြက်မျှ

* သတ္တဝါတို့၏ အလိုကိုသိသောဉာဏ်။
** သတ္တဝါတို့၏ ဣန္ဒြေအနု အရင့်ကိုသိသောဉာဏ်။

ထွက်ထွန်းသော အရောင်လည်း ရှိပေ၏။ အဘယ်သူကို ရည်မှန်းလျက် ရဟန်းပြုသနည်း။ သင့်ဆရာကား အဘယ်သူနည်း။ သင်ကား အဘယ်အမည်ရှိသနည်း”

ဥပကတက္ကတွန်း၏ အမေးကို မြတ်စွာဘုရားသည် အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

“ချစ်သားဥပက။ ငါကားကိုလေသာ ရန်သင်းကို နှိမ်နင်းဖျက်ဆီး၍ တည်သဖြင့် အလုံးစုံ ဘုံသုံးပါး၌ဖြစ်သော တရား အပေါင်းကို သိတော်မူ၍ ခတဘူမက ဓမ္မခပ်သိမ်းတို့၌ လိမ်းကျံတပ်ငြိမ်းခြင်းမှ ကင်းတော်မူ၏။ အလုံးစုံသော အကုသိုလ် တရားကို ပယ်ရှား ... ၍ တဏှာ၏ကုန်ရာ နိဗ္ဗာန်တော်အောင်ဘုံကို အာရုံပြုဘ်သဖြင့် ကိလေသာ အပေါင်းတို့မှ လွတ်၏။ ချစ်သား ဥပက * စတုဘူမကဓမ္မ အလုံးစုံကို အလိုလိုသာ ငါသိတော်မူရကား။ လောကသုံးပါး၌ ထင်ရှားဖြစ်ရာ ငါ့ဆရာသည် အဘယ်မှာရှိတော့အံ့နည်း၊ ငါ့အမည်ကား ငါးပါးသော မာရ်ကို ပယ်လှန်အောင်ဘို၍ အနန္တဇိနမည်သတည်း”

ထိုနောက် ဓမ္မစကြာတရား ဟောကြားရန် မိဂဒါဝုန်တောကြီးသို့ မြတ်စွာဘုရားကြွတော်မူမည့် အကြောင်းကို စုံစမ်းသိရှိ၍သော ဥပကတက္ကဘွန်းသည် ကြည်ညို နှစ်သက်စွာဖြင့်ခရီးလွဲသွားလေ၏၊

---

* ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာဟူသော ဘုံလေးပါးတို့၌ဖြစ်သောတရား။

အမဲရွတ်ကိုဝါးသောသူ

ထိုဥပကာသည် ဝင်္ကနပုဒ်မုဆိုးရွာသို့ ရောက်၍ ရွာ၏အကြီးအမှူးစဏ္ဍာမိမုဆိုး၏ ကိုးကွယ်လုပ်ကျွေးခြင်းကိုခံလျက် နေလေသည်။ တနေ့သောအခါ မုဆိုးသည် အဖော်အပေါင်းတို့နှင့် သမင်တောသို့ ရက်ရှည်ဝင်သွားရာ၊ မုဆိုးသမီးစာပါက ဆွမ်းလုပ်ကျွေးသည်။

ဥပကလည်း၊ စာပါ၏ အဆင်းပြင်လျှာ အမူအရာ အလုံးစုံကို မြင်လျှင် * အသခေါ်ဲသောဘဝက ** အဇ္ဈတ္တသန္တာန်၌ ကိန်းစက်သော ရာဂမီးသည် ညီးညီးပြောင်ပြောင် တောက်လောင်လေ၏။ စားမိသော ဆွမ်းကိုမျှ မျို၍မကျနိုင်၊ မေးပါး ခိုင်ခိုင်ငေးမှိုင်ဝေနောက်လှသဖြင့် ခွက်မှဆွမ်းကို သပိတ်၌ ထည့်၍ ကျောင်းသို့ပြန်လာ၏။ သပိတ်ကိုတော်ရာ ထားပြီး အိပ်ရာထက်၌ လူးလှိမ့်လျက် "စာပါကိုရမှ ချမ်းသာမည်၊ မရလျှင်သေမည်"တဖျစ်ဖျစ်မြည်ကာ ခုနစ်ရက်လုံး ခံစားနေရလေ၏။

ခုနစ်ရက်မြောက်နေ့၌ စဏ္ဍာမိမုဆိုးတောမှပြန်လာ၍ သူ့ဆရာရဟန်းတနေ့သာလာကြောင်း သိသဖြင့် ကျောင်းသို့လိုက်လာရာ လူးလှိမ့်နေသော ဥပကာကို တွေ့ရချေသည်။ အကြောင်းရင်းကို သိပါရစေဟု အတန်တန် တောင်းပန်မှ ဥပကလည်းသင့်သမီးစာပါကို မရလျှင် ငါအသက်မရှည်ပြီဟု ပြော၏။

---

* မရေတွက်နိုင်သောဘဝ။

** ကိုယ်တွင်းသန္တာန်။

"အရှင်ရဟန်း၊ အကျွန်ုပ်သမီးစာပေါ်ကို ရခြင်းသည် ခဲယဉ်းလှသည်မဟုတ်။ လူလုပ်သော သူတို့မည်သည် မှာ ပညာရှိမှဥစ္စာရသည်။ ဥစ္စာရှိမှ ချမ်းသာရသည်။ လုပ်ကျွေးနိုင်သော ကိုယ်စွမ်းပညာဥစ္စာသာလျှင် ခဲ ယဉ်းပါသည်။ အဘယ်အတတ်ပညာကိုကျွန်ုပ် ဆရာ သည် တတ်ပါသနည်း"ဟု မေး၏။

"အသင်မုဆိုး၊ ငါကား အဘယ်အတတ်ကိုမျှမတတ်ပါ။ သင်၏ အဖော်ပြုရှိရကာစုသား ငှက်ကိုထမ်းလျက် ဈေးလမ်း၌ ရောင်းခြင်းငှာတတ်နိုင်ပါ၏"ဟု ဆိုသဖြင့် မုဆိုးကျေနပ်ကာ သမီးစာပေါ်နှင့် ထိမ်းမြား၏။

ကာလရှည်လျားလေသော်သုဘဒ္ဒဟူသောသားတယောက် ကိုရသည်။စာပေါ်သည် အဆင်းဂုဏ် ငယ်ဂုဏ်အားကိုးဖြင့် ဥပကကို မခန့်မညားပြုသည်။ ပြုဖန်များသောအခါ ဥပကသည် လောကဓာတ်၌ ပြိုင်ဘက်မရ အနန္တဇိနအမည်ရသော ငါ့ အဆွေဘုရားထံ သွားမည်ကြံစည်ကာ စာပေါ်ကို စွန့်ပစ်ခဲ့ လေ၏။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၍ အနန္တဇိနဟူသော အမည်ဖြင့်မေး၍ လာသောသူကို ငါ့ထံသို့ ဆောင်ခဲ့ကြဟုမှာထားသည်။ဥပက ရောက်လာသောအခါ မြတ်စွာဘုရားထံတော်မှောက်သို့ ခေါ် လာကြသည်။

"အရှင်ဘုရား၊ အကျွန်ုပ်အား သိတော်မူသေးပါ၏လော"

"ဥပကသကာ၊ ငါသိသေး၏။ယခုအခါ သင်သည်အဘယ် အရပ်ဘွင်နေသနည်း"

"အရှင်ဘုရား။ အကျွန်ုပ်ကား ဝဂ်ဇနပုဒ်၌ မုဆိုးသားမက် ဖြစ်နေပါသည်"

"အချင်းဥပက။

အသက်အရွယ်လည်း ကြီးလှချေပြီ။ ဤလလော၊နောင်လလောဟု သေရအံ့သောကာလကို တွေးတောရသော အခွင့်သို့ ရောက်ချေပြီ။ အဆီအသားမကပ်သော အမဲရွတ်ကို ဝါးသောသူ၏ပမာ ကာမချမ်းသာတို့ မြိန်နိုး၍ အကျိုးမဲ့သေရချေမူ လူ၏အဖြစ်ကို ရတော့မည်မဟုတ်ချေ။ * သတိ ** သံဝေဂဖြစ်ချိန်တန်ပြီ။"

"အရှင်ဘုရား၊ ဟုတ်မှန်ပေ၏"

"ဟုတ်မှန်လျှင် သင် ရဟန်းပြုနိုင်အံ့လော"

"အရှင်ဘုရား၊ ရဟန်းပြုခြင်းငှာ တတ်နိုင်ပါ၏။အကျွန်ုပ်အား ရဟန်းပြုတော်မူပါလော"

မြတ်စွာဘုရားလည်းဥပကကိုလျှင်စွာရဟန်းပြု၍ ***တစပဉ္စက ကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ဥပကရဟန်းလည်း ကမ္မဋ္ဌာန်းကို လွန်စွာအားထုတ်သဖြင့် အနာဂါမိဖိုလ်၌ တည်ပြီးမှ အသက်အတိုင်းနေ၍ စုတေခဲ့သော် **** အဝိဟာဘုံ၌ဖြစ်လေ၏။ ဖြစ်သောခဏတွင်ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထုံးအိုင်၌ စွန့်ပစ်ခြင်း

သက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့် စနေနေ့ည နေဝင်စ

---

* အောက်မေ့ခြင်း။ ** ထိတ်လန့်ခြင်း။

*** ဆံပင်၊ မွေးညှင်း၊ခြေသည်း-လက်သည်း၊သွား၊အရေ။

**** သုဒ္ဓါဝါသ ပဌမဗြဟ္မာဘုံ။

အချိန်တွင် ဗုဒ္ဓမြတ်စွာသည် ပဉ္စဝဂ္ဂီရဟန်းတို့အား တရားဦးဓမ္မစကြာကို ဟောတော်မူသည်။ တသောင်းသောလောကဓာတ်မှ တရားနာရန် ရောက်လာကြသော နတ်ဗြဟ္မာများထဲတွင် သာတာဂိရိနတ်နှင့် ဟေမဝတ နတ်ဘီလူး စစ်သူကြီးတို့လည်း ပါဝင်ပေသည်။

၎င်းတို့သည် အတိတ်ဘဝက * ဂန္ထဓုရမထေရ်ကြီးနှစ်ပါးဖြစ်ခဲ့ကြသည်။ တနေ့သောအခါ ဓမ္မဝါဒီလဇ္ဇီရဟန်းတပါးနှင့် အဓမ္မဝါဒီအလဇ္ဇီ ရဟန်းတပါးတို့ ဝိဝါဒဖြစ်ပွားကြသည်။

ထိုအခါ အဓမ္မဝါဒီသည် မထေရ်ကြီးတို့ထံ ချဉ်းကပ်၍ သနားအောင်၊ ခင်မင်အောင် ဆောင်ရွက်ပြီး ဓမ္မဝါဒီရဟန်းနှင့် ဖြစ်ပွားသော ဝိဝါဒကို တင်ပြသည်။ တရားသက်ရာအဖျန်ကို ဆိုပါမူ အကျွန်ုပ်သည် သာသနာ၌ တည်ရာရတော်မည်မဟုတ်ပါ။ ကျွန်ုပ်ပြုမိသောကံကို ကျွန်ုပ်ခံပါမည် စသည်ဖြင့် သနားစဖွယ် လျှောက်ထား၏။

မကြာမီ ဓမ္မဝါဒီနှင့် အဓမ္မဝါဒီတို့ ရောက်လာကာ အဓမ္မဝါဒီ၏အပြစ်ကို တင်ပြလေသည်။ မထေရ်နှစ်ပါးက စကားမဆိုဘဲ တိတ်ဆိတ်နေသည်။ ထိုအခါ အဓမ္မဝါဒီသည် ဓမ္မဝါဒီအား အနိုင်ရလိုက်ဘိသကဲ့သို့ စကားဖြင့် ဖိနှိပ်တော့သည်။

"အရှင်ဘုရားတို့သည် အကျွန်ုပ်တို့၏ ကိုးကွယ်ရာဖြစ်ပါသည်။ အဂတိသို့ မလိုက်ပါလင့်၊ တရားသက်တိုင်းသော ဆုံး-

---

* ပိဋကတ်စာပေသင်ကြားခြင်း။

ဖြတ်တော်မူပါ၊မဆုံးဖြတ်သော် သာသနာ၌ အညစ်အကြေး များ ပါလိမ့်မည်”ဟု ဓမ္မဝါဒီက ပန်ကြားသည်။

ဝိနည်းမိုရ်မထေရ်နှစ်ပါးလည်း ဖျေးနည်းတူ တိတ်ဆိတ်နေ၏။

“အရှင်ဘုရားတို့သည် အကျွန်ုပ်တို့၏ အလုပ်အကျွေးကို ခံယူသူဖြစ်ပါလျက် သာသနာတော်၏ အညစ်အကြေး ဘေးရန် ဖြစ်မည်ကို မရှု၊ သဗ္ဗညု ဘုရား၏ မျက်နှာတော်ကိုမျှ မထောက်၊ တရားတော်ကိုလည်း မစောင့်ရှောက်၊တယောက်သော ဒုဿီလပုဂ္ဂိုလ်ကိုသာ စောင့်ရှောက်သောတာ၍ ဘုရားရတနာတည်းဟူသော ရတနာစိုင်ကို ထုံးအိုင်၌ စွန့်ပစ်ဘိသည်တကား။ ကဿပဘုရားသည် ငါတို့အား စွန့်ပစ်၍ ယနေ့ပင်ပရိနိဗ္ဗာန်စံတော်မူချေပြီ။ငါတို့ကိုးကွယ်ရာမရှိချေ”ဟု ငိုကြွေးမြည်တမ်းလျက် သွားလေ၏။

ထိုနေ့မှစ၍ မထေရ်နှစ်ပါးတို့သည် သာသနာတော်ကို မငဲ့ကွက်၊ ဒုဿီလပုဂ္ဂိုလ်ကိုသာ ငဲ့ကွက်ရာရောက်ပေသည်ဟု တကြိမ်ကြိမ်ကြီးစွာသော ကုက္ကုစ္စရှိလျက် အသက်ထက်ဆုံး နှလုံးမသာခြင်းဖြစ်၏။ စုတေကြသောအခါ အထက်နတ်ရွာ၌ ဖြစ်ထိုက်သော ကံရှိပါလျက် မိမိတို့ ကုက္ကုစ္စနှိပ်စက်သောအားဖြင့် တယောက်ကား ဟိမဝန္တာတော၏အတွင်း ဟေမဝတမည်သော တောင်၌ နတ်ဘီလူးစစ်သူကြီးဖြစ်၏။တယောက်ကား မဇ္ဈိမဒေသအတွင်း သတာဂိရိမည်သော တောင်၌ နတ်ဘီလူးစစ်သူကြီးဖြစ်၏။ အလိုအတူ အလိုပါ ပရိသတ်လည်း အခြံအရံနတ်ဘီလူးများဖြစ်လာကြ၏။

မုန်တိုင်းခတ်သော်လည်းမညွတ်

၎င်း ဟေမဝတ နတ်ဘီလူးနှင့် သာတာဂိရိနတ်ဘီလူးတို့သည် ယခုဘဝ၌လည်း ခင်မင်သောမိတ်ဆွေများ ဖြစ်လာကြ၏။ တဦး၏နေရာတွင် ထူးခြားမှုဖြစ်ပေါ်လျှင် တဦးကိုအသိပေးစတမ်း သဘောတူထားကြသည်။ ၎င်းတို့သည် ကာမဂုဏ်၌ နှစ်မြုပ်နေသောကြောင့် မြတ်စွာဘုရား ပဋိသန္ဓေနေခြင်း၊ ဖွားခြင်း၊ တောထွက်ခြင်းတို့ကို မသိခဲ့ပေ။

မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ကို ရပြီးနောက် ဓမ္မစကြာတရား ဟောသောအခါ ဘွင်ကား နိမိတ်ကြီးတို့ ကြွယ်ရှည်စွာ ဖြစ်ပေါ်သဖြင့် သာတာဂိရိနတ်သည် ဗုဒ္ဓမြတ်စွာထံတော်မှောက်သို့ ရောက်လာခဲ့သည်။ သို့သော် နတ်ပရိသတ်ထဲတွင် သူ့မိတ်ဆွေ ဟေမဝတနတ်သား ပါ – မပါ ရှာနေရသဖြင့် တရားထူး မရလိုက်ချေ။

ထို့ကြောင့် သာတာဂိရိသည် ဟေမဝတကိုခေါ်ရန် ထွက်လာခဲ့သည်တွင် လမ်းခရီး၌ ဆုံကြလေသည်။ သာတာဂိရိနတ်က မြတ်စွာဘုရား၏ တရားတော်ကို နာကြားရန် လာရောက်ခေါ်ငင်ကြောင်း ပြောရာ ပူရဏ ကဿပ စသော သူတို့သည် သဗ္ဗညုဟု ဝန်ခံလျက် မိစ္ဆာဉာဏ်တရားဖြင့် လူများကို အလွန်နှိပ်စက်ဖျက်ဆီးကြ၏။ ယခု သင်ပြောပြသော ဂေါတမဘုရားသည် သဗ္ဗညုဖြစ်အံ့၊ တာဒိဂုဏ်ဖြင့် ပြည့်စုံပါ၏လော စသည်ဖြင့် စူးစမ်းရာ....

"အချင်းဟေမဝတ။

သုံးလောကမျက်ရှု သဗ္ဗဘုန်းမော်၏ နှလုံးတော်မြတ်သည်ကား အာရုံငါးပါး၌ လိုက်စားတုန်လှုပ်ခြင်းမရှိ။ ဂိရိ

ဗဟိုမြင့်မိုရ်တောင်မင်းသည် လေပြင်းမုန်တိုင်းခတ်သော်လည်း မညွတ်မယိုင် အမြဲတည်နိုင်ဘိသကဲ့သို့ရှင်း။

နှစ်သိန်းလေးသောင်းအထုရှိသော ဤမြေဝသုန်သည်မတုန် လှုပ်ဘဲ အမြဲ တည်နိုင်ဘိသကဲ့သို့ရှင်း၊ ကိလေသ ခန္ဓမစ္စုအဘိ သင်္ခါရအားဖြင့် လေးပါးသော အဇ္ဈတ္တမာရ်၊ ဒေဝပုတ္တအစ ရှိသော ဗာဟိရမာရ်တို့ကို တိုက်လှန်ချိုးဖျက်၍ ယှဉ်းကွက် မရှိ ပကတိကော င်းမွန်စွာတည်တော်မူ၏။

သုခိတ ဒုက္ခိတစသည်များစွာသတ္တဝါခပ်သိမ်း၌ မယိမ်း မယိုင်ကိုယ်တော်နှင့်ညီမျှသော မေတ္တာစိတ်တော်ရှိခြင်း။

ဣဋ္ဌာရုံ အနိဋ္ဌာရုံအလုံးစုံ၌ ခုံမင်စွဲလန်းခြင်းမရှိ ပကတိ သည်းခံတော်မူနိုင်ခြင်း။

လာဘ အလာဘ၊ ယသ အယသစသော လောကဓံတရား ရှစ်ပါးတို့၌ လှုပ်ရှားမရှိ ပကတိ သည်းခံတော်မူနိုင်ခြင်းတည်း ဟူသော တာဒိလက္ခဏာနှင့် ကောင်းစွာ ပြည့်စုံတော် မူ၏။ သက်ပွာရာဂစသော တရားမှလည်း သမုဒြာခြားသကဲ့သို့ လွတ် ရှားကင်းကွာတော်မူပေ၏။”

ဟု သာတာဂိရိနတ်ဘီလူးကကြည်နူးရွှင်ပျစွာဖြသည်။ထို အခါဟေမဝတကလည်း*ဒွာရတ္တယသုဒ္ဓိကိုစိစစ်လိုပြန်သဖြင့် “အဆွေသာတာဂိရိ၊သင်၏ဆရာသည် သတ္တဝါအပေါင်း တို့အား ညွှန်းဆဲကြောင်းဖြစ်သော ပါဏာတိပါတ၊ လောဘ ရမ္မက်ဖြင့် ခိုးဝှက်ယူခြင်းသော အဒိန္နဒါန်မှ ကောင်းစွာ စောင့်စည်းပါ၏လော၊လူတို့ပျော်မွေ့ရာ ငါးဖြာသောအာရုံ

---

* ကိုယ် နှုတ် စိတ် သုံးပါးလုံးစင်ကြယ်ခြင်း။

ကာမဂုဏ်တို့၌ ခံမင်ငြိကပ် တပ်မက်မောၡ စိတ်ပျော်မွေ့သော မွေ့လျော်ခြင်းပမာဒမှ ထမြောက် နိုင်ပါ၏လော။

မာတုဂါမ စသော သတ္တဝါ၌ တဏှာ ရမ္မက် ဖြင့် နှစ်သက်လွန်ကြူး ညစ်ညူးခြင်းဟည်း ဟူသော အပြဟ္မစာရီ အကျင့်ညီမှ ဝသီအားဖြင့်ကင်းပါ၏လော၊နိဝရဏခြောက်ပါး တရားဝေးလံလျက် ဈာန်သမာပတ်မြတ်သည့်တရား ဘိညာဏ် များကို ပွားများစည်ပင်အောင် ဆောင်နိုင်ပါ၏လော” ဟု မေးမြန်း၏။

“အချင်းဟေမဝတ၊ ငါတို့ဆရာ မြတ်စွာဘုရား ဂေါတမ ကား ထိုပါဏာတိပါတ၊ အဒိန္နဒါန်၊ မိစ္ဆာကံတို့မှ ပစ္စုပ္ပန် ဖြစ်သော ယနေ့ဘဝ၌သာ ကင်းကွာသည်မဟုတ်၊ ရှေးရှေး သောဘဝ ကာလများစွာကပင် ရှောင်ခွာ ကင်းလွတ်တော် မူလျ၍ နိဗ္ဗာနဗိမ္မာ အစရှိသောလက္ခဏာတော်ကြီး သုံးဆယ့် နှစ်သွယ် ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံတော် မူ၏။

ဈာန်ဝိမောက္ခစသော တရား သည်လည်း ဘုရားဖြစ်မှ ပြည့်စုံသည်မဟုတ်၊မယ်တော်ဝမ်းမှဖွား၍ တလသားစဉ်ကပင် ဈာန်ဝင်တော်မူနိုင်သတည်း။”

သာတာဂိရိ၏ အဖြေကို ကြားရသော် ဟေမဝတသည် ဝစီဒွါရသုဒ္ဓိကို စူးစမ်းပြန်လေသည်။

“အဆွေသာတာဂိရိ၊ သင်၏ဆရာသည် သတ္တဝါတို့အား လှည့်ဖြားလိုခြင်းဖြင့် ချဲ့ယွင်းစွာဆိုတတ်သော မုသာဝါဒ၊

သူတပါးအား စိတ်ထား ညစ်ညူး စေသော ဗျာပါဒ ထယုတ်ဖရုဿဝါစာ၊ ညီညွတ်စွာသော သူနှစ်ပါးတို့၏ မေတ္တာဘာရား ကို ပျက်ပြားစေတတ်သော ပိသုဏဝါစာ၊ စီးပွားမဲ့သာ ဆိုရာဖြစ်သော သမ္ဖပ္ပလာပ၊ ဤလေးဝသောဝစီကံမှလည်း ကယ်လွှန်စွန့်နိုင်ပါ၏လော”ဟု ဟေမဝတအမေး ရှိ၏။

သီဟနာဒဂုဏ်

ဟေမဝတ၏ အမေးကိုသာတာဂိရိသည် အောက်ပါအတိုင်း သာယာချောင်စွာဖြေဆိုလေသည်။

“အချင်းဟေမဝတ။

ငါ့ဆရာသည် မုသာဝါဒ၊ ဖရုဿဝါစာ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပတို့မှ ယခုဘဝသာ ပယ်ခွာတော်မူသည် မဟုတ်သေး၊ ရှေးရှေးသောဘဝကပင် မှူးချေးမတင် ကင်းစင်တော်မူသောကြောင့် သလိပ်သည်းခြေ ပျောက်ပြေ စင်လင်း သန့်ရှင်းချောင်း ပြဟ္မာသံကဲ့သို့ အလွန်အခင်း သန့်ရှင်း သာယာ သိသာနားဝင်ယ် မပြယ်လုံးခဲ၊ နက်နဲစေ့စပ် ပဲ့တင်ထပ်သော အင်္ဂါရှစ်ဖော် အသံတော်နှင့်လည်းပြည့်စုံတော်မူ၏။ ပညာဖြင့် လွှမ်းမိုး၍ အကျိုးရှိသောစကားကိုသာ ဆိုတတ်သည့် အမှုကြောင့် ယခုအဖို့ဝယ် မည်သို့မသွေ ဖြစ်စေဆိုက ဖြစ်လာရသော သီဟနာဒဂုဏ်ဖြင့်ပြည့်စုံတော်မူ၏။”

ထိုအခါ ဟေမဝတနတ်လည်း တဖန်ထုတ်၍ မနောဒွာရိကသုဒ္ဓိ၏ စင်ကြယ်ခြင်းကို စူးစမ်းပြန်လေသည်။

“အဆွေသာတာဂိရိ။

သင်၏ဆရာသည် ကိလေသာ၏ အာရုံ ကာမဂုဏ် ငါးပါး

၌ လိုလားတောင့်တခြင်းတည်းဟူသော အဘိဇ္ဈာမှ ကြဉ်နိုင်ပါ၏လော။ စိတ်၏ဖောက်ပြန် မှောက်လှန် နှောက်ကျိခြင်းတည်းဟူသောဗျာပါဒကိုစွန့်ပစ်နိုင်ပါ၏လော။ မာနကြီးထွားမောဟပွား၍ ဖောက်ပြား၊စွာ အယူရှိသော မိစ္ဆာဒိဋ္ဌိတရားမှ ပယ်ရှားနိုင်ပါ၏လော၊ ခပ်သိမ်းသောတရားတို့၌ မပိတ်မပင် သိမြင်တတ်သော ပညာမျက်စိရှိပါ၏လော''ဟု မေးပြန်၏။ ဟေမဝတ၏ အမေးကို သာတာဂိရိသည် ဤသို့ အဖြေပေး၏။

''အချင်းဟေမဝတ

ထိုငါ့ဆရာသည် ကိလေသာ ဆယ်ပါး တရား၏ အာရုံကာမဂုဏ်တို့၌ ခုံမင်တပ်ငြိခြင်း ကင်းတော်မူလှသောကြောင့် ဝသဝတ္တိ နတ်မင်းသမီးတို့မှ ရှုံးခြင်းကြီး ရှုံးရချေသည်။ နှလုံးတော်အနေနှင့်လည်း အထွေအထူး ညစ်ညူးနှောက်ကျိသောအရာသည် မည်သည့်အခါမျှမဖြစ်ဖူးပေ။ ခြောက်ဆယ့်နှစ်ပါးသောမိစ္ဆာအယူမှ စင်ဖြူတော်မူလှ၍ လောကသုံးခွင်ဝယ် မမြင်သောတရားကားမရှိ။ သိမြင်ပေသည်သာတည်း''

သားဇောက်ဲ့သို

ဤနတ်နှစ်ပါးလုံးသည် ကဿပမြတ်စွာဘုရား သာသနာတော်အတွင်း၌ အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကိုပါအာဂုံဆောင်နိုင်ခဲ့သော ရဟန်းများဖြစ်ခဲ့ကြသောကြောင့် မေးသူကလည်းဘုရားတကာတို့ ပြည့်စုံရသော ဂုဏ်အင်္ဂါကျေးဇူးအမြွက်ကို အချက်ကျကျမေးနိုင်၍ ဖြေသူကလည်းအချက်ကျအောင်ဆက်လက်ဖြေဆိုနိုင်ပေသည်။

ဟေမဝတလည်း အစ္စရိယဖြစ်သော ဘုရား၏ ကျေးဇူးတော်ကို ကြားနာရ၍ ဝမ်းသာနှစ်မြို့လှသော စိတ်ရှိရကား "အဆွေသာတာဂိရိ၊ ဤမျှသောဂုဏ်နှင့်ပြည့်စုံပေလျှင် စကြဝဠာလောကဓာတ်၌ နှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်မရှိ။ ပုရိသထွတ်ဖျား ဘုရားသဗ္ဗညုအစစ် မှန်ပေပြီ" ဟု ဝမ်းမြောက်ဝမ်းသာဆိုပြီးနောက်-

"အဆွေသာတာဂိရိ။

ယခု အမြန်လာလော့။ ဟိမဝန္တာမြိုင်ခန်း ဝ၌ ကောင်းစွာခိုမှီ သားဇေကြိုကဲ့သို့ညီညွတ်ဖွံ့ထွားဆစ်လျားမမြင် အစဉ်စုရုံး စပါးဖုံးကဲ့သို့ လုံးဝန်းပြည့်ဖြိုးသော မြင်းခေါင်းတော်လည်းရှိတော်မူသော-

ရှည်ခြင်းငါးမည်၊ တိုသည်ကားလေ၊ အသေးစတုမြင့်မှုခြေဆင့် ဝန်းသင့်သည့်အရာဝန်းလှစွာသော အင်္ဂါကြီးငယ်၏ ပြည့်စုံခြင်းဖြင့် သင့်တင့်လှပသောအင်္ဂါလည်းရှိသော-

ကြီးမြတ်သော လုံ့လလည်း ရှိတော်မူသော....

တထပ်တည်းသာ၊ ခန္ဓာတည်ရုံမျှမှီဝဲဟုန်ကြောင့် အကုန်ခေါင်းပါးသော အာဟာရလည်းရှိထသော....

လျှပ်ဖေါ်လောလည်ခြင်းမရှိသော....

မောနေယျဂုဏ်နှင့်လည်း ပြည့်စုံစွာသော....

ဆိတ်ငြိမ်သော တောအုပ်၌ ဈာန်ဝင်စားကာ မွေ့လျော်သော....

သိန်းခတ်အသမြွာ ကမ္ဗလာဟန်မှင်ဆံရှိခြင်း ခြသေ့်မင်းကဲ့သို့ရဲတင်းသောနှလုံးတော်လည်းရှိသော်မူသော....

ဝဲယာရှေ့နောက် ဖော်မလှောက်ဘဲ တစ်ယောက်တည်း သာကျင့်သော....

လောကဓာတ်၌ပြုံမပြုံတဆူတည်းသောယောကျ်ား ဖြစ်တော်မူသော-

ဘဝတပါးသို့သွားလာခြင်းမရှိသော ...

ကိလေသကာမ ဝတ္ထုကာမ ဤနှစ်ဝတို့၌ ဆန္ဒရာဂအား ဖြင့် ငဲ့ကွက်ခြင်းရှိတော်မမူသောဂေါတမအမည်ရှိသောမြတ် စွာဘုရားကို ဆည်းကပ်၍ သေခင်း၏ ကျော်ကြားမှ လွတ်ရှင်း ရာဖြစ်သော အမြိုက်နိဗ္ဗာန်ကိုမေးလျှောက်ကြကုန်အံ့”

ဤသို့ချီးပ၍မြတ်စွာဘုရားထံတော်သွားကြကာ ပြဿနာ ဆယ်ခုကို လျှောက်တင်သည်တွင် ဟေမဝတသုတ်ကို ဟော တော်မူရာ နှစ်ဦးလုံး သောတာပန်တည်လေ၏။

တောမီးပမာ

ဝါဆိုလပြည့်ကျော်ခုနစ်ရက်နေ့တွင် ဒေဝိလရသေ့၏တူ ဖြစ်သော နာဠကထေရ်ရောက်လာ၍ မောနေယျ ပဋိပတ်ကို ဟောတော်မူသည်။

နာဠကသည် ဘုရားမုချ ပွင့်လိမ့်မည်ဟု သိသောအခါ စည်းစိမ်ဥစ္စာကို စွန့်ပစ်၍ ၃၅–နှစ်လုံးရဟန်းပြု၍ စောင့်လင့် သည်။ ရေငုပ်ရသောအမျိုးဖြစ်သော်လည်း ရေငုပ်၍နားပင်း လျှင် ဘုရား၏ တရားကို မနာရမည်စိုးပြီးမျိုးရိုးဓလေ့ကိုစွန့် ပယ်ခဲ့သူဖြစ်၏။

“ချစ်သားနာဠက

ရွာ၌ အမျက်ထွက်ငြေးထိပါးသောသူ၊ကြည်ညွတ်ရှိကျိုး

ရှိခိုးလာသောသူကို မုန်းချစ်မဟူ အတူအမျှပြုကုန်ရာ၏။ စိတ်ဖြင့်ပြစ်မှားခြင်းကို သူတော်ကောင်းသည် စောင့်ရာ၏။ ဝမ်းမမြောက်သည်ဖြစ်၍ကျင့်ရာ၏။

တော၌လောင်သော၊ မီးလျှံနှင့်တူကုန်သော၊ ယုတ်ယုတ်မြတ်မြတ်ဖြစ်သော အာရုံငါးပါးတို့သည် လိုက်စားတတ်ရာသတ္တဝါကို လွန်စွာ ဖျက်ဆီးတတ်ကုန်၏။ မိန်းမတို့သည် ရဟန်းကို စကားချိုသာ လှုဒါန်းပေဖြား လှည့်ပတ်အားဖြင့်ဖြားယောင်းသွေးဆောင်တတ်၏။ ထိုတောမီးပမာ လောင်တတ်စွာတုံ အာရုံငါး၀ မိန်းမအပေါင်းတို့သည် သင့်ကိုမဖျက်ဆီးစေကုန်လင့်။ မဖြားယောင်းစေကုန်လင့်။

ယှဉ်ဖက်မြူးခုန်၊ မေထုန်အကျင့်မှ ရှောင်ကြဉ်လော။ထိုမှတပါး ငါးပါးအာရုံ ကာမဂုဏ်တို့ကိုစွန့်၍ ရန်မူသောသတ္တဝါတို့၌ မဆန့်ကျင်၊ အဖော်ကျွမ်းဝင် ကြင်နာသောသတ္တဝါတို့၌ တပ်မက်ခြင်းမရှိသည်ဖြစ်လော။ ပုထုဇဉ်သေက္ခဖြစ်သောသတ္တဝါ၊ အသေက္ခဖြစ်သော သတ္တဝါတို့ကို ငါကဲ့သို့ ထိုသတ္တဝါတို့သည် ထို့အတူ ဖြစ်ကုန်၏။ ထိုသတ္တဝါတို့ကဲ့သို့ ထို့အတူ ငါသည် ဖြစ်၏။ ဤသို့ မိမိကိုယ်ကို ထပ်တူ ဥပမာပြု၍ သူ့ကို မထိပါးရာ၊ မညှဉ်းဆဲရာ”

ဤစကားတို့ဖြင့် ပါတိမောက္ခသံဝရသီလ၊ဣန္ဒြိယသံဝရသီလနှစ်ပါးကို အကျဉ်းချုပ်ပြခြင်း ဖြစ်ပေသည်။

ပုထုဇဉ်သည် အကြင်ပစ္စည်းလေးပါး၌ တပ်ငြိသည်ဖြစ်၍တည်၏။ထိုပစ္စည်းလေးပါး၌ မရသေးသည်ကို လိုချင်တပ်မက်သော ဇလ္လာကိုရင်း၊ ရပြီးသည်ကို မဖိတ်မယို လိုချင်မက်မော

သော လောဘကိုရင်း ပယ်စွန့်၍ ဆင်ခြင်ခြင်းပညာမျက်စိ ရှိသည်ဖြစ်၍ ဤမောနေယျအကျင့်ကို ကျင့်ရာ၏။ ဤသို့ကျင့်သောသူသည် ငရဲသို့ဆောင်တတ်သောမိစ္ဆာဇီဝ၏ အကြောင်းဖြစ်သော ပစ္စယဘဏ္ဍာကို ကူးရာ၏။

(ဤစကားဖြင့်* ကုလဒူသန ** အနေသန စသည်မှခွာ၍ *** အာဇီဝ ပါရိသုဒ္ဓိသီလကို ပြတော်မူသည်)

လျှောင်းမစက်

လျှသောဝမ်းရှိသည်၊ နှိုင်းရှည့် ပိုင်းခြားအပ်သော အာဟာရရှိသည်ဖြစ်ရာ၏။ အလိုနည်းသည်။ မလျှပ်ပေါ်သည်ဖြစ်ရာ၏။ အခါခပ်သိမ်း ယိုအပ်သောဝတ္ထုဖြင့် အလိုမရှိသည်ဖြစ်လော၊ မမွတ်သိပ်သည်ဖြစ်၍ ငြိမ်းပြီးသော ကိလေသာတည်းဟူသော ပူပန်ခြင်းသည်ဖြစ်လော့။

"မောနေကျအကျင့်ကို ကျင့်သောရဟန်းသည် ဆွမ်းခံရွာသို့သွား၍ ဆွမ်းစားခြင်းကိစ္စကိုမူလည်း ပြီး၍ တောသို့သွားလျှင် ရှေ့ရှုသွားရာ၏။ သစ်ပင်ရင်း၌ ရပ်သည်ဖြစ်၍ နေရာသို့ကပ်လျက် မလျှောင်းမစက် ထက်ဝယ်ထိုင်နေသည် ဖြစ်ရာ၏"

---

* အမျိုးလေးပါးတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း။

** ရဟန်းတို့အား မအပ်သော ဗေဒင်ဟောခြင်း စသော ရှာမှီးခြင်း။

*** အသက်မွေးမှု စင်ကြယ်သောသီလ။

(လူတို့နှင့်ပြောဟောခြင်း စသည်ကိုမပြုဘဲ တောထဲသို့ ဝင်၍ ရပ်လျက်ထိုင်လျက်သာ နေရ၏။ဆိုလိုသည်။ ဤဂါထာဖြင့်ပိဋကပါတိကမှုတင်၊ သပဒါနစာရီ၊ ကောသနိက်၊ ပတ္တပိုဏ်၊ ခလုပစ္ဆာမှုတင်တို့ကို သဘာဝအားဖြင့် ပြသည်။ တေစီဝရိက ပံသုကူလမှုတင်တို့ကို သမာဒါနတ္တအားဖြင့်ပြသည်၊ အရညကင် မှုတင်၊ရုက္ခမူမှုတင်၊နိသဇ်မှုတင်တို့ကို နိတတ္တအားဖြင့်ပြတော်မူသည်။ အဗ္ဘောကာသိက၊ ယထာသန္တတိသေညသာနိကမှုတင်တို့ကိုလည်း အတ္တာပတ္တိအားဖြင့် ပြတော်မူ၏)

မအာဘဲလျက်

ထိုမှုတင်တေရသကိုဆောင်ပြီးသော ရဟန်းသည် အာရမ္ဘကျပနိဗ္ဗာနစျာန် လက္ခဏူပနိဗ္ဗာနစျာန်တို့၌လေ့ကျက်သည်။ ဝီရိယ ပညာ သမာဓိနှင့်ပြည့်စုံသည်ဖြစ်၍ တောအတွင်း၌မွေ့လျော်သည်ဖြစ်ရာ၏။ သစ်ပင်ရင်း၌ လောကုတ္တရာစျာန်ဖြင့် မိမိကိုယ်ကို အလွန်နှစ်သက်စေလျက်စျာန်ဝင်စားရာ၏။

ထိုသို့ရှေ့ရှုသွားသည်မှ အထက်၌ ညဉ့်ကိုလွန်လတ်သည်ရှိသော်ရွာတွင်းသို့ အဘိသမာစာရိက ကျင့်ဝတ်ကို ဖြစ်စေလျက် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍သွားရာ၏။ ကျွန်ုပ်တို့၏အိမ်၌ ဆွမ်းစားပါဟု ပင့်ခေါ်ခြင်းကို မနှစ်သက်-လက်မခံရာ။ ရွာမှ ရှေ့ရှုဆောင်ခဲ့သော ဆွမ်းကိုလည်း မခံရာ။

မောနေယျအကျင့်ကို ကျင့်သောဟန်းသည် ရွာသို့ရောက်၍ ဒါယကာတို့၌တကွ ရောနှောသဖြင့်-မပြုကျင့်ရာ။ မပြေစ ဟောလတ် ပြတ်သောစကားရှိသည်ဖြစ်၍ ကျင့်ရာ၏။ ပစ္စ

ယာယီရိပ်နိမိတ်ဩဘာသနှင့် ယှဉ်သော အစား အဝတ်ချော ခြင်းနှင့်စပ်သော စကားကို မဆိုရာ။

ရွာသို့ဝင်သော ရဟန်းသည် စိုးစဉ်းမျှသော ဝတ္ထုကို ရသည်ရှိသော်၊ အကြင်ဝတ္ထုကို ရအပ်ပြီ။ ထိုသို့ရခြင်းသည် ကောင်း၏။ စိုးစဉ်းမျှမရသည်ရှိသော်၊ အကြင် အကယ်၍မရ ခြင်းသည်လည်းကောင်း၏။ ဤသို့ရ–မရနှစ်ပါးဖြင့်ပင်လျှင် ဖောက်ပြန်ခြင်းမရှိသည်ဖြစ်၍ သစ်ပင်ကဲ့သို့ လျော်လျော်ပြု၍ လွန်ရာ၏။

သပိတ်ကိုပိုက်လျက်သွားသည် ရှိသော်၊ ထိုရဟန်းသည် မအာ ဘဲလျက် အာ၏ဟူ၍ သမုတ်အပ်သည်ဖြစ်ရာ၏။ အနည်း ငယ်လှူခြင်းကို မျှော်ချော။ လှူသောသူကို မထေ့မဲ့မြင် မပြုရာ။

နာဋ္ဌကလည်း တခုသော တောအုပ်သို့ဝင်ပြီးသော်၊ သစ် တပင်ရင်း၌ နှစ်ရက်မနေ။ တရွာတွင်နှစ်ရက် ဆွမ်းမခံ။ တ တောမှသည်တတော၊ သစ်ဘပင်မှ သည်သစ်တပင်၊ တရွာမှ သည်တရွာသို့ လှည့်ပတ်ကာ ခြိုးခြံစွာကျင့်သဖြင့် ခုနစ်လတိုင် လျှင်အရဟတ္တမိုလ်ကိုရ၍ တခုသော ဆေးဒန်း မြင်းသီလာ တောင်ကိုမှီလျက် ထိုထက်လက်အုပ်ကို သားပြီးရပ်လျက်ပင် ပရိနိဗ္ဗာန်ပြုတော်မူ၏။

တစီးတွင်း၌တက်သောအမြုပ်

သဗ္ဗညုမြတ်စွာဘုရား မိဂဒါဝုန်တော၌ စံနေတော်မူစဉ် ဗာရာဏသီပြည် သေနနိဂုံး၌ မြတ်စွာဘုရား၏ နို့ဆွမ်း

ဒါယိကာမ သုဇာတာ၏သား ယသလုလင်သည် သုံးပါးသော ဥတု၌ လျောက်ပတ်သော ပြာသာဒ် သုံးဆောင်၌ တထောင့်ငါးရာမျှသော အတီးအက မောင်းမမိဿတို့ ခြံရံလျက်ကာမဂုဏ်ချမ်းသာကိုခံစား၍နေ၏။

တညသ၌၊ ယသသတို့သားသည် စောစောအိပ်ပျော်၍ ပစ္စိမယာမ်အစ၌နိုးလေသည်။ အခြွေအရံဖြစ်သော ကိုယ်လုပ်မောင်းမတို့သည် အချို့ကား ရှူဟောက်၍ အာစောက်ခံတွင်းဟင်းလင်းပွင့်ကာ စက်ဆုပ်ဘွယ်အနံ့ လှိုင်လျက်ရှိ၏။

အချို့ကား ကိုယ်ထည်ပုဆိုးကျွတ်ကုန်လျက်၊ အချို့ကား ဦးဆံဖွားရားကြဲကုန်လျက်၊ အချို့ကားငေ စာင်းကိုပိုက်လျက်၊ အချို့ကားမုရိုးစည်ကိုလွယ်လျက်ပက်လက်ကားယားတလန်းကြားဖွားသီမှီလျက် ဖိလျက်ရှုတ်ယှက်ခတ်မျှအိပ်စက်ကြသည်ကို ဆီမီးရောင်ဖြင့်မြင်ရလျှင် မရှင်မပျော်ညှိုးလျော် တုန်လှုပ်သော နှလုံးနှင့်ယူကျုံးမရဖြစ်လေ၏။

"အိုအချင်းတို့။

အလုံးစုံသော ကိုယ်၏အဖြစ်သည် နှစ်သက်ခင်မင်ဘွယ်မရှိဘဲလျက်တပ်ငြိစွဲလန်းသဖြင့် ပင်ပန်းနှိပ်စက်လေစွတကား၊ ဤခန္ဓာငါးပါး၏အဖြစ်သည် အနှစ်သာရမရှိ။ တစီးတွင်း၌ တက်သောအမြှုပ်ကဲ့သို့ ယုတ်မာလှစွာလျက် တဏှာ၏အဟုန်ဖြင့်စုံမက်ခြင်းပြင်း၍ ညှဉ်းဆဲပူလောင်လေစွတကား"ဟုမြည်တမ်း၏။

ဤသို့ ဥဒါန်းစကားကိုဆိုပြီးလျှင် မိမိကိုယ်၏ အဖြစ်အပျက်ကို စဉ်းစား၍ ချောက်ချားထိတ်လန့်ရကား အိပ်ရာ ငေညာင်စောင်းမှထ၍ ပြာသာဒ်မှ တိတ်တဆိတ်ဆင်းခဲ့လေ၏။

တပ်လှသောဆိုးရည်ဖြင့်

ထိုအခါ မြတ်စွာဘုရားသည်လည်း ထိုညဉ့်မိုးသောက်ယာမ်၌ ကျောင်းတော်မှ မနီးမဝေးဖြစ်သော လွင်တီးခေါင်ဝစင်္ကြံ ကြွ၍ နေတော်မူစဉ် အဝေးမှ လာသောယသသူဌေးသားကို မြင်တော်မူလျှင် စင်္ကြံမှသက်၍ သင့်တင့် လျောက်ပတ်ခင်းအပ်သောနေရာ၌ နေလင့်၏။

သူဌေးသားလည်း ဗုဒ္ဓမြတ်စွာ၏ အနီးသို့ရောက်လျှင် ယခင်ဆိုခဲ့သောစကားဖြင့် ဥဒါန်းကျူးရင့်၏။

"ချစ်သားယသ။ ငါရအပ်သောအမြိုက်နိဗ္ဗာန်သည်၌ ရှာစက်ဆုပ်အပ်သော သဘောမရှိ။ ထိပါးနှိပ်စက်ခြင်းလည်းကင်း၏၊ သန့်ရှင်းစင်ကြယ်စွာ ချမ်းသာတကာတို့၏ အထွတ်လည်းဖြစ်၏။ ယုတ်ညံ့သော သတ္တဝါတို့ရောက်ခြင်းငှာ မထိုက်၊ ကြီးမြတ်သော * ပုညသမ္ဘာရရှိသော သူတို့၏ နေရာဖြစ်၏၊ အနှစ်သာရနှင့် ပြည့်စုံ၍ ဂုဏ်အပေါင်းတို့၏ တည်ရာဖြစ်၏။ချစ်သားယသ၊စင်ကြယ်လှသောသုခကို အလိုရှိမူကား လျင်စွာလာလော့။ ချမ်းသာကြောင်းဖြစ်သော နိဗ္ဗာန်တရားကို သင့်အားငါဟောအံ့"ဟု ရှင်လှသော မျက်နှာတော်ဖြင့် မိန့်တော်မူ၏။

ယင်းသို့ ခေါ်၍ မိန့်တော်မူလျှင် ယသလည်း ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ ရွှေခြေနင်းတို့ကို ချွတ်လျက် ဘုရားအထံသို့ကပ်၍ ရိုသေစွာနေ၏။ မြတ်စွာဘုရားလည်း အစဉ်အတိုင်းသော တရားစကားဖြင့် ဟောကြားတော်မူ၍ သစ္စာ

---

* ပုညသမ္ဘာရ-ကောင်းမှုအဆောက်အဦ။

လေးပါးကို ပြတော်မူလျှင် ဖြူစင်သောအဝတ်ကိုတင်လှသော ဆိုးရည်ဖြင့် ဆိုးအပ်ဘိသကဲ့သို့ဒိဋ္ဌိဝိစိကိစ္ဆာကင်းလျက်ရုတ်ခြည်းပင်သောတာပတ္တိဖိုလ်သို့ရောက်လေ၏။

ထိုအခါ ယသသူဌေးသား၏အိမ်၌လည်း ယသ၏မိခင်သူဌေးမသည် နံနက်စောစောထ၍ သား၏စံရာပြာသာဒ်သို့တက်ကာကြည့်၏။ သားကိုမမြင်၊ ပူပင်လောင်ဆာ ဗျာပါဒကြီး ရင်တီးလက်ခတ်ရှေရှုတ်မြည်တမ်းလျက် အဖသူဌေးကြီးအားအကြောင်းကို ကြား၏။

ဖြောင့်သားစွာလမ်းညွှန်သကဲ့သို့

ယသ၏ ဖခင်သူဌေးသည် အနုပ်လေးမျက်နှာသို့ မြင်းသည်တမန်များကို စေလွှတ်ရှာဖွေစေ၏။ ၎င်းလည်းသားသွားလေသော ရွှေခြေနင်းရာကို အစဉ်မှီးသဖြင့် လိုက်လာသော်မိဂဒါဝုန်တောသို့ရောက်လေ၏။

မြတ်စွာဘုရားလည်း သူဌေးလာသည်ကို အဝေးမှမြင်လျှင်အထံတော်တွင် ရှိသော ယသကို ဝှက်ထားဦးမှ သင့်မည်ဟုအကြံတော်ဖြစ်၍ ယသကို သူဌေးကြီး မမြင်ရအောင် တန်ခိုးဖန်ဆင်းတော်မူ၏။ သူဌေးလည်း ဘုရားရှိရာသို့ ကပ်ပြီးလျှင်အရှင်ဘုရား၊ အကျွန်ုပ်၏ သားပျောက်၍ ရှာလာပါသည်၊ သတို့သား တယောက် လာသည်ကို မြင်ပါသလော ဟုလျှောက်၏။

ဗုဒ္ဓမြတ်စွာဘုရားလည်း သင်သူဌေး ထိုင်ဦးလော့။ ဤအရပ်၌ပင် သင်၏သား ယသကို မြင်ရလတံ့ဟု မိန့်တော်

မှု၏။ သူဌေးလည်း သားကိုမြင်ရအံ့ ဟူသော စကားကို ကြားလျှင် ဘုရားခြေတော်ရင်းသို့ ကပ်လာ၏။

သဗ္ဗညု မြတ်စွာဘုရားသည် သူဌေးအား ဒါနကထာ၊ သီလကထာ၊*ကာမာဒီနဝ၊ **နေက္ခမ္မာနိသံသတည်းဟူသော အစဉ်သောတရားစကားကို ဟောကြားတော်မူ၏။ဒေသနာတော်အဆုံး၌ သူဌေးသည် သောတာပန် တည်လေ၏။

"အရှင်ဘုရား၏ တရားဒေသနာသည် အလွန်ကောင်းစွ တကား။ ခရီးမှားသောသူအား ဖြောင့်သောခရီးစွာ လမ်းညွှန်သကဲ့သို့ရင်း၊ ဖုံးမှောက်ဝှက်ထားသော ဝတ္ထုကို လှစ်လှန်၍ ပြဘိသကဲ့သို့ရင်း၊ ***အင်္ဂါလေးပါးရှိသော အမိုက် မှောင်၌ တန်ဆောင်ကြီးကိုထွန်းဘိသကဲ့သို့ရင်း၊ဖြစ်ပေသည်ဟု ကျွန်ုပ် တို့ သိရပေသည်။ယနေ့မှစ၍ အကျွန်ုပ်သည် မြတ်စွာဘုရား ကိုရင်း၊ တရားတော်ကိုရင်း၊ သံဃာတော်ကိုရင်း၊ ကိုးကွယ် မှီခိုရာဟူ၍ ဆည်းကပ်ပါ၏။

အကျွန်ုပ်ကို ဥပါသကာဟူ၍ မှတ်တော်မူပါ၊အရှင်ဘုရား ဟောကြားဆုံးမရာကိုနာခံ၍ ကျင့်ပါတော့မည်ဟု လျှောက် ၏။ ထိုသူဌေးကား ငါတို့ဘုရား ရှေ့လက်ထက်တော်၌ ရှေးဦးစွာ ****တေဝါစိကသရဏဂုံ တည်သောဒါယကာတည်း။

---

* ကာမဂုဏ်၌အပြစ်။ ** တောထွက်ခြင်း၌အကျိုး။

*** လက္ခဏ် သန်ကောင် မိုးမှောင်တောအုပ်-လေးမျိုး လုံးဖြစ်နေခြင်း။

**** ဗုဒ္ဓ ဓမ္မ သံဃာ သရဏဂုံ သုံးပါးလုံးကို ရွတ်ဆိုခြင်း။

ယသ သတို့သားလည်း အဖသူဌေးအား ဟောကြားသောတရားကို နာရ၍ လူဝတ်နှင့်ပင် ရဟန္တာဖြစ်လေသည်။ သူဌေးကြီးလည်း သားကို မြင်ရပြီးနောက် မြတ်စွာဘုရားအား ဆွမ်း ဖိတ်၍ ပြန်လေ၏။ ရှင်ယသလည်း မြတ်စွာဘုရားထံတွင် ရဟန်းအဖြစ်ကို တောင်းပန်၍ ဧဟိဘိက္ခု ခေါ်တော်မူရာ ဘိက္ခုဘာဝပြည့်စုံလေ၏။

(ထိုအခါ သုံးရွာသော လောက၌ ရဟန္တာ ခုနစ်ပါး တည်ရှိနေလေပြီ)

ကြီးရှည်သောနွားကိုလှန်စားဘိသကဲ့သို့

ဤဗာရာဏသီပြည်၌ အဆက်ဆက်သောသူဌေးကြီးတို့၏ သားဖြစ်ကြသော ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝံပတိ ဟူသော လေးယောက်သောပုဏ္ဏားတို့သည် ဤသို့စဉ်းစားကြ၏။

"ရဟန်းအဖြစ်သည် စင်စစ် အကျိုးနည်းသည် ဖြစ်အံ့၊ ငါတို့အဆွေယသသည်ကြီးမြတ်လှသော စည်းစိမ်ချမ်းသာကို စွန့်သန်း၍ ရဟန်း မပြုလေရာ၊ ထူးမြတ် လှသည်သာ ဖြစ်လတံ့"

ထိုသို့ကြံတွေးမိသဖြင့် အရှင်ယသထံသို့ ရောက်လာကြကာ မြတ်စွာဘုရားထံ ရဟန်းပြုပေးပါရန် တောင်းပန်ကြ၏။ မြတ်စွာဘုရားသည် အစဉ်သောတရားစကားကို ဟောကြားပြသတော်မူ၍ အရဟတ္တဖိုလ်သို့ တည်စေပြီးမှ ဧဟိဘိက္ခု ခေါ်တော်မူရာ လေးဦးလုံးပင် ရဟန္တာဖြစ်ကြလေသည်။

ထိုနောက် အရှင်ယသ၏မိတ်ဆွေ သူဌေးသား ငါးကျိပ်တို့သည် ဗာရာဏသီအနီးဇနပုဒ်မှရောက်လာကြကာ မြတ်စွာ

ဘုရားခြေတော်ရင်း၌ ရဟန်းပြုကြသဖြင့် ပေါ်ဘိကျွဲရဟန္တာ ချည်း ဖြစ်ကုန်ရာ သုံးရွာသော လောက၌ ခြောက်ကျိပ် တယောက်သောရဟန္တာတို့ ထင်ရှားစွာဖြစ်ကုန်၏။

ယင်းသို့ ပဥ္စဝဂ္ဂီ အစရှိကုန်သော ခြောက်ကျိပ် သော သူတို့အားရင်း၊ထိုသူတို့၏ မိဖဆွေညာ ဒါယကာတို့အားရင်း၊ တရားအမြိုက် တိုက်ကျွေးတော်မူ၍ မိဂဒါဝုန်တော၌ နန္ဒ ဥပါသကာ၏ကျောင်း၌ ပဌမဝါဆိုတော်မူသည်။ထိုဝါကျွတ် လျှင်တပည့်ရဟန်းတို့ကိုခေါ်တော်မူ၍—

"လူ့ပြည်နတ်ရွာ ပြဟ္မာဘုံတိုင်အောင် တလုံးလဲ တဝဲ လည်လည် ကြွေးရှည်သောနွားကို လှန်စားဘိသကဲ့သို့ လူနတ် တို့၌ငြိယှက်ဖွဲ့နှောင်တတ်သော ကာမဂုဏ်ငါးပါး၌ တပ်ကြွက် ခင်မင်သော လောဘဒေါသ မောဟဘည်း ဟူသောကျော့ ကွင်းကို ရှင်းရှင်းကျွတ်အောင် ငါလည်း ချွတ်နိုင်သည်။သင် တို့လည်း ချွတ်နိုင်ပေပြီ။ မကျွတ်လွတ်နိုင်ဘဲ ဝဋ်ဆင်းရဲ၌ ပျော်ပိုက်ကုန်သော သတ္တဝါတို့သည် လွန်စွာ များလှကုန် သည်။

ထိုသူတို့အားစီးပွားချမ်းသာကို ပြုခြင်းငှာ ထိုထိုမြို့ရွာသို့ ဒေသစာရီ သွားကြလေကုန်။ ထိုဝတ်ဆင်းရဲသော ဘေးမှ ကင်းဝေးအောင် ကြံဆောင် ဖျောင်းဖျ၍ တရား ဟောကြ လေကုန်။ပါရမီ ရင့်မာ၍ ပညာကြီးသော သတ္တဝါလည်း ရှိလိမ့်မည်၊ထိုသူတို့အားတရားဟူသောမိုးဖြင့် နှီးကြလေကုန်။ ရဟန်းခွင့်သို့ ဝင်လိုမူကား ငါဘုရားထံသို့ ခေါ်မလာဘဲ သင်တို့ပင် ရဟန်း ပြုကြလေကုန်"ဟု သရဏဂုံ သုံးပါးဖြင့် ရဟန်းပြုခြင်းကို ခွင့်ပေးတော်မူ၍ စေလွှတ်တော်မူ၏။

နေမြဲ၏ခံတွင်းမီးကျီးတွင်း

မြတ်စွာဘုရားသည် မိဂဒါဝုန် တောအရပ်မှသည် ဥရုဝေလတောသို့ ရှေ့ရှုကြွတော်မူလာရာ ခရီးအကြား သစ်ပင်ကြီး တပင်အောက်၌ သီတင်းသုံးနေတော်မူ၏။

ထိုစဉ်တွင် ကောသလမင်း၏ သားဖြစ်သော ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့သည် မိမိတို့၏ သားမယား အသီးသီးကို တောထဲသို့ ခေါ်လာပြီး စိတ်ရှိတိုင်း ပျော်ပါး နေကြ၏။ မင်းသား တယောက်မှာ မယား မရှိသဖြင့် ပြည့်တန်ဆာမ တယောက်ကို ငှားရမ်းခေါ်ယူလာရာ ထိုမင်းသား အိပ်ပျော်ခိုက်၌ အဖိုးတန်ပစ္စည်းများကို ခိုးယူထွက်ပြေးလေ၏။

မင်းသားတို့လည်း ထိုမိန်းမကိုလိုက်လံရှာဖွေရင်း မြတ်စွာဘုရားကို မြင်သဖြင့် ချဉ်းကပ် လျှောက်ထားကြ၏။

"အရှင်ဘုရား၊ မိန်းမတယောက်ကို မြင်ပါသလော"

"သင်မင်းသားတို့အဘယ်ကြောင့်မိန်းမကိုရှာကုန်သနည်း၊ မယားကို ရှာခြင်းသည် မြတ်သလော၊ သင်တို့ကိုယ်ကိုရှာဖွေခြင်းသည် မြတ်သလော"

"အကျွန်ုပ်တို့ကိုယ်ကိုရှာခြင်းသည်ပင် မြတ်သည် ထင်ပါသည်ဘုရား"

"သင်မင်းသားတို့၊

မယားကိုရှာ၍ ပေါင်းဖက်ခြင်းမည်သည်ကား သူ၏အလိုသို့ လိုက်ရခြင်း၊ ကိုယ့်အလိုသို့ပါအောင် သွေးဆောင်ရခြင်း၊ များစွာသော ဘဏ္ဍာကိုရှာမှီးသိမ်းဆည်းရခြင်း၊ သူ့ကိုမပြတ်

စောင့်ရှောက်ရခြင်း၊ ကျေးမွေးပြုပြင် သုတ်သင်ရခြင်း အစရှိသော ဆင်းရဲအပေါင်းတို့၏ အကြောင်းသာဖြစ်၏။

သာယာအပ်ဘောသဘော နည်းပါးလျက် ချောက်ချားပူပန်ရခြင်းသာလျှင် များ၏။ အိပ်မက်တွင် စားရသောအရသာနှင့် တူ၏။

ထိုသူတို့ကို ကြည်ညိုယုဉ်နွဲ့ မှိဝဲရခြင်းသည်ကား၊ အဆိပ်သီးကို စားရသည်နှင့်တူ၏။ မြွေ၏ခံတွင်း မီးကျီးတွင်းသို့ ဆင်းရသည်နှင့်တူ၏။

ထို့ကြောင့် မိန်းမတို့မည်သည်ကား....

လှည့်ဖြားတတ်သော မျက်လှည့်သည်နှင့် ငှင်း၊ အာယာငမ်းငမ်း တမ်းယမ်းစေတတ်သော တံလျှပ်နှင့်ငှင်း တူ၏။

စိုးရိမ်ပင်ပန်းရခြင်း၏ အကြောင်း၊ အနာရောဂါရခြင်း၏ အကြောင်း၊ နှိပ်စက်တတ်သောဘေးရန်ကို ခံရခြင်း၏ အကြောင်းသာဖြစ်၏။ ခလောဘ ဒေါသ အစရှိသော အကုသိုလ်အစု၊ ဒုစရိုက်တရား ပွားခြင်း၏အကြောင်း၊ အပါယ်လေးပါးလားရခြင်း၏အကြောင်းသာ ဖြစ်၏။

ဆင်းရဲဒုက္ခ ဟူသမျှတို့သည် မာတုဂါမတို့ကို မှီ၍သာ ဖြစ်ကုန်၏။

ထိုအကြောင်းကြောင့် မိန်းမတို့ကို ကြည်ညိုယုက်နွဲ့ မှိဝဲသောသူသည်ကား ယောကျ်ားတကာတို့တွင် အယုတ်မာဆုံးဖြစ်သော ယောကျ်ားတည်း။”

ဤသည်ကို ထင်ရှားပြခြင်းငှာ မြတ်စွာဘုရားသည် “မာယာစေသာ မရီစိ၊ သောကောရောဂေါ စုပဒ္ဒဝေါ။ ခရာစ

ဗန္ဓနာ စေသာသော နရေသု နရာဓမော”ဟူသော ဒေသနာကို ဟောတော်မူ၏။

မြှုံးချက်ဝင်ငါး ပိုက်မိသား

သော။ ။ဤမိန်းမတို့မည်သည်ကား၊
မာယာယစ။ ။သူ့မျက်စိအား လှည့်ဖြားတတ်သော မျက်လှည့်သည်နှင့်လည်း တူ၏။
မရိစိဝ။ ။သားတကာကို အာသာငတ်ငတ် ရေဟုမှတ်၍ စွဲကပ်လိုက်လံ နှိပ်နှယ်ဆိနှမ်း ပင်ပန်းစေတတ်သော တံလျှပ်နှင့်လည်းတူ၏။
သောကောစ။ ။စိုးရိမ်ပူပန်ရခြင်း၏ အကြောင်းလည်းဖြစ်ပါ၏။
ရောဂေါစ။ ။ကိုးဆယ့်ခြောက်ဖြာ အနာဟူသမျှကို ရခြင်း၏ အကြောင်းလည်းဖြစ်၏။
ဥပဒ္ဒဝေါစ။ ။မင်းခိုးသူစသော ဘေးရန်တို့ နှိပ်နှင့်ခြင်း၏ အကြောင်းလည်းဖြစ်၏။
ခရာစ။ ။ကြမ်းတမ်းခက်ထန် တင်းမာငြိုးထား ပျက်ပြားအောင်လည်း ညှဉ်းဆဲတတ်၏။
သော။ ။ဤမိန်းမတို့မည်သည်ကား၊
ဗန္ဓနာစ။ ။ကွန်အုပ်သည့်ငှက်၊ မြှုံးချက်ဝင်ငါး ပိုက်မိသားကဲ့သို့ မထွက်သွားနိုင်အောင်လည်း ချည်နှောင်ဖွဲ့ယှက်တတ်၏။
တသ္မာ။ ။ထို့ကြောင့်
ပဏ္ဍိတော။ ။ပညာရှိသောသူသည်

ရွတ်ဆို။ ။မိန်းမကို
နှပ်ပွဲ့ရှိသဝေယျ။ ။မမှိုဝဲ့ရာ
ယောနရော။ ။အကြင်သူသည်
ငရှိသဝေယျ။ ။ပေါင်းဖော်ယှဉ်နွဲ့ မှိုဝဲ့ငြားအံ့၊
သောနရော။ ။ထိုသူသည်
နရေသု။ ။ယောက်ျားတော်တကာတို့တွင်
နရာဓမော။ ။ယောက်ျားယုတ်တည်း။ ။

ဤသို့ ကာမာဒီနဝကိုပြ၍ သစ္စာလေးပါးကို ဟောကြားတော်မူလျှင် မင်းသားတို့သည် သောတာပန် သကဒါဂါမ် စသည် တည်၍ ပေါ်ဘိုက္ခုရဟန်းချည်း ဖြစ်ကုန်၏။

နေမင်းကို ဂုဏ်ပြိုင်သော

မြတ်စွာဘုရားသည် ထိုရဟန်းသုံးကျိပ်တို့ကို ထိုတောအုပ်ဌပင် ထားခဲ့၍ ဥရုဝေလတောသို့ ကြွတော်မူ၏။ထိုတောအုပ်၌ ရသေ့ညီနောင်သုံးဦးတို့သည် မြစ်ကွေ့တခုစီတွင် ရသေ့ တထောင် အခြံအရံဖြင့် နေကြ၏။

ဥရုဝေလကဿပဌဘပည့် ရသေ့ငါးရာ၊နဒီကဿပဌသုံးရာ၊ ဂယာကဿပဌ တပည့်နှစ်ရာ အသီးသီးရှိကြ၏။ ထိုသူတို့၏ အယူဝါဒကား ကိလေသာ ခြောက်ခန်းမှ ရဟန္တာဖြစ်မည်၊ ကိလေသာ ကုန်ခန်းအောင်လည်း ပင်ပန်းစွာ ကစားပျော်ပါးမှုမှ တပါးသောအာရုံသို့ စိတ်မသွက်ရှိမည်ဟု နှလုံးပြု၍ နံနက်နေမထွက်မီ ရေဌဆင်းကာ မြူးတူးသည်။

ဆွမ်းစားချိန်တန်မှ တက်၍ ဆွမ်းစားပြီးသော် ကျေးသား

ရယ်ပုံ တိကျစ်ခုန် စသော ကစားခြင်းဖြင့် ကစား၍ ကိုယ်ကို မီးကင်လျက် ပူပင်လှမှ ကိလေသာကို ရေမှာမျှောအံ့ဟု ရေသို့ သက်ပြန်၍ အိပ်ချိန်တန်မှ တက်သတည်း။ ဤသို့သောအကျင့် ကို ဆောက်တည်၍ ကြာမြင့်ရှည်စွာ နေကြကုန်၏။

မြတ်ဗုဒ္ဓလည်း ဥရုဝေလ ကဿပထံ ခွင့်ပန်၍ ကြီးမား ဆိုးသွမ်းသို့ နဂါးရှိသည့် မီးတင်းကုပ်ထဲ ဝင်နေ၏။ နောက် တနေ့တွင် ထိုနဂါးမှာ ယဉ်ကျေးသိမ်မွေ့လျက် မြတ်စွာ ဘုရား၏ သပိတ်ထဲသို့ ရောက်နေ၏။

နောက်ညများတွင် ဗြဟ္မာသိကြားနှင့် စတုမဟာရာဇ်နတ် များ ခစားပူဇော်၍ တရားနာရန် လာရောက်ကြ၏။ လာတိ လာတကွင် ဥရုဝေလကဿပတို့ ဝန်တိုသောစိတ်ဖြစ်ခြင်းကို သိတော်မူကြောင်း ပြသ၏။ ကျွန်းဦးဇမ္ဗုသပြေပင်၊ သရက် ဖြူပင်၊ ကြဇုပင်တို့မှ အသီးများ နတ်ပြည်မှ ပင်လယ်ကသစ် ပွင့်များကို ဆောင်ယူပေး၏။

ထိုရသေ့တို့ မီးလှုံရန် ထင်းခွဲခြင်း၊ မီးမွှေးခြင်း၊ မီးငြိမ်း ခြင်းတို့ကို မတတ်နိုင်သောအခါ မြတ်စွာဘုရားသည် အစိဋ္ဌာန် ပြုရုံဖြင့် ကိစ္စပြီး၏။

ထိုသို့ မြတ်စွာဘုရား၏ အာနုဘော်များကို မြင်ရသဖြင့် ကဿပရသေ့သည် ကြည်ညို၏၊ လေးစား၏၊ ရိုသေစွာလုပ် ကျွေး၏။ သို့ရာတွင် ဤရဟန်းကြီးသည် ငါကဲ့သို့သောရဟန္တာ စကား မဟုတ်ဟု အစဉ်အမြဲ ထင်မှတ်နေခဲ့သည်။

ဆောင်းလအခါ ရသေ့တို့နေရာတွင် ရေကြီးလေသည်။ ရသေ့တို့လည်း မြတ်စွာဘုရားကိုကယ်ဆယ်ရန် လှေဖြင့်လာကြ

၏။ မြတ်စွာဘုရားသည် ရေလယ်ကောင်တွင် ဖုံတထောင်း ထောင်းဖြင့် စကြံကြွနေတော်မူ၏။

"ရှင်ကြီးဂေါတမ ရေ၌မျောပါသည်ဟု ထင်၍ သင့်ကို ယူဆောင်ရအောင် ငါတို့လာသည်၊ သင့်မှာ ရေမထိဘဲနေ သည်တကား"

မြတ်စွာဘုရားလည်း ရသေ့တို့၏လှေပေါ်သို့ ပျံကြွတော် မူလာရာ ကဿပရသေ့သည် ရှေးနည်းကူပင် "ရဟန်းကြီး သည် တန်ခိုးကြီးသည် မှန်ပေ၏။ အဝိဇ္ဇာဏကဖြစ်သော ရေ သော်မှ မညှဉ်းဆဲနိုင်၊ သဲသောင်ပေါ်၌ စံရပေသည်၊ အံ့ဘွယ် သရဲ ရှိလှပေ၏။ သို့ရာတွင် ငါတို့ကဲ့သို့ရဟန္တာမဟုတ်သည် သာတမင့်"ဟု အကြံဖြစ်ပြန်၏။

ထိုအခါ မြတ်စွာဘုရားကဤရသေ့တို့ကားဤမျှလောက် သော တန်ခိုးတော်ကို မြင်၍မျှလည်း မာနကို မလျှော့ဘိ။ မိမိကိုယ်ကို ရဟန္တာပင် မှတ်ထင်လျက်ရှိချေသည်။ ထိတ်လန့် ခြင်း သံဝေဂကို ယခုပင်ဖြစ်စေတော့အံ့ဟုကြံ၍....

"ချစ်သားကဿပ၊ သင်၏မာနကား ထောင်လွှား မြင့်စွင့် သေစွ။နေသတို့၏ အရောင်သည်ငါ့ကိုယ်ရောင်ကဲ့သို့ မလင်းဟု နေမင်းကို ဂုဏ်ပြိုင်သော ပိုးမြေမြူးမိုက်ကဲ့သို့ မိမိသဏ္ဍာန်၌ ရှိသော ဉာဏ်အာနုဘော်ကိုလည်း မချင့်၊ ကိုယ်၏ အကျင့် ကိုလည်းမတွက်၊မဂ်ဖိုလ်၏အကြောင်းကိုလည်း မမြင်၊သို့စင်မျှ ဖြစ်ပါလျက် ငါကဲ့သို့ ရဟန္တာမဟုတ်ဟူ၍ယုတ်မာသောအကြံ ဖြင့်သာလျှင် သင်နေဘိ၏တကား"

ဟုမိန့်တော်မူသော် ကဿပရသေ့လည်း သတိသံဝေဂကို ရ၍ ဘုရားခြေတော်ရင်း၌ ဦးခေါင်းဖြင့်ဝပ်၍ အရှင်ဘုရား

အထံတော်၌ ရဟန်းအဖြစ်ကိုရလို၏ဟု လျှောက်၏။ ထိုနောက် *ဂဏာ ပါမောက္ခဖြစ်သော ဥရုဝေလကဿပနှင့်တပည့်ရသေ့များသည် မြတ်စွာဘုရားထံ၌ ရဟန်းပြုခွင့်ရမှန် တောင်းမန်ကြသဖြင့် ရှစ်ပါးသောအရာ၌ သက်ာမကင်းယုံမှားခြင်းမလွန်နိုင်သော သတ္တဝါကို အဝတ်မဆည်း အချည်းနှီး ကျင့်သော အကျင့်ဖြင့်လည်းမစင်ကြယ်စေနိုင်ကုန်။ အိမ်ယာစွန့်ပစ်ဆံကျစ်ထုံး၍ တော၌ မွေ့လျော်သော ရသေ့အကျင့် ဖြင့်လည်း မစင်ကြယ်စေနိုင်ကုန်။ လူတို့ကမွကီစွပယ်ရှား၊ သွားကိုမျှစင်မသုတ်သင်ဘဲညွန်တင်အောင်ကျင့်သဖြင့်လည်း မစင်ကြယ်စေနိုင်ကုန်၊ ထမင်းမစား ဖြတ်ထားသော အကျင့်ဖြင့်လည်းမစင်ကြယ်နိုင်စေကုန်။

ဆူးပုံထက်၌ အိပ်စက်၍ ကျင့်သော အကျင့် ဖြင့်လည်း မစင်ကြယ်နိုင်စေကုန်၊ မြူဖြင့်ပွမ်းလျက် ညစ်ညမ်းသောကိုယ်ရှိသောအကျင့်ဖြင့်လည်း မစင်ကြယ်နိုင်စေကုန်၊ တုံးလုံးမစက်ရပ်လျက်မတည် သွားသည်မရှိ၊ ပကတိ ဆောင့်ကြောင့် နေသော အကျင့်ဖြင့်လည်း မစင်ကြယ်နိုင်စေကုန်၊ စင်စစ်သော်ကား ဝိစိကိစ္ဆာ ဟူသော ငြောင့်ကို နုတ်ပယ် ပိုင်းဖြတ်၍ ကုသိုလ်ဆယ်ပါး တရားတို့၌ ဗောဓိပက္ခိယ တရားတို့၌ လုံ့လပြုသော သူသည်သာလျှင် အမြိုက်ခေါ်ဆို မဂ်ဖိုလ်ဘုရား၏အဖို့ပေတည်း။"

ဤသို့ဖြင့် ရသေ့ညီနောင် သုံးဦးတို့သည် တဖွဲ့ပြီး တဖွဲ့ရဟန်းပြုကြလေရာ မြတ်စွာဘုရားသည် ထိုရဟန်း တထောင်

---

* ဂဏာပါမောက္ခ —ဂိုဏ်းမှူး။

တို့နှင့် တကွ ဥရုဝေလတောမှထွက်ကြွတော်မူ၍ ဂယာသီသ သို့ ရောက်တော်မူလျှင် ရွာအနီး ကျောက်ဖျာကြီးထက်၌စည်းဝေးစေကာ အာဒိတ္တဇာလသုတ်ကို ဟောတော်မူသည်။

ဒေသနာတော်၏ အဆုံး၌ ရဟန်းတထောင်တို့ ရဟန္တာဖြစ်ကုန်၏။ သူတို့လည်း ဟိတ်ကွဲရဟန္တာချည်းတည်း။

အိုးစရည်းနှင့် လက်ငင်းအိုး

ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရ ဘုရင်မင်းမြတ်သည် သိဒ္ဓတ္ထမင်းသားဘုရားဖြစ်လျှင် ကျွန်ုပ်ထံသို့ ရှေးဦးပဌမကြွတော်မူပါဟု လျှောက်ထားဘူးသဖြင့် မြတ်စွာဘုရားသည် ဂယာသီသမှ ရာဇဂြိုဟ်သို့ ရဟန္တာတထောင် ခြံရံ၍ ကြွတော်မူရာ ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ဥယျာဉ်အဘွင်းရှိနန်းတော်ကို အရံနှင့်တကွ ရေစက်သွန်းချလှူဒါန်းလေ၏။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးတော်မူသောအခါ အရှင်အဿဇိ၊ ဘဒ္ဒဝဂ္ဂီရဟန်းများနှင့် အမှုင်ယာဿတို့လည်း ဘုရားခြေတော်ရင်းသို့ ကြွရောက်တော်မူလာကြသည်။

ထိုအချိန်ဝယ် ရာဇဂြိုဟ်ပြည်၌ သိဥ္စည်းမည်သော * ပရိဗိုဇ်ရဟန်းသည် တပည့် နှစ်ရာ့ငါးကျိပ်နှင့် ထင်ရှားစွာနေ၏။ ၎င်းထံတွင် အရှင်သာရိပုတြာအလောင်းဖြစ်သော ဥပတိဿနှင့် အရှင်မောဂ္ဂလာန်အလောင်း ကောလိတတို့သည် နှစ်ရာ့ငါးကျိပ်စီသော အခြံအရံများနှင့် ရဟန်းပြုနေ၏။

ဥပတိဿနှင့် ကောလိတတို့သည် အလွန် ချမ်းသာသော

---

* ပရိဗိုဇ်—သာသနာ့ အပြင်အပရဟန်း။

ပုဏ္ဏားမျိုးမှ ဆင်းသက်ကာ အလွန်ချစ်ခင်ကြ၏။ သူတို့သည် ဥယျာဉ်ကစား မြစ်နားကမ်းခွင် ပွဲသဘင်သို့ ထွက်ဝင်မြူးတူး သောအခါ ရွှေထမ်းစင်ငါးရာစီးသော ပုဏ္ဏားလုလင်များ၊ မြင်းရထားငါးရာစီးသော ပုဏ္ဏားလုလင်များ ခြံရံလျက် ထွက်စံလေ့ရှိကြ၏။

ထိုရာဇဂြိုဟ်ပြည်တွင် ထက်ဝန်းကျင်သော ပြည်သူပြည်သားတို့ ပျော်ပါးခြင်ငှာ နှစ်စဉ်မပြတ် ပြုလုပ်အပ်သော တောင်ထွက်သဘင်သည်ဖြစ်၏။

ထိုသဘင်ကို မြူးရွှင်ရန် သွားသောအခါ ဥပတိဿ၊ ကောလိတ နှစ်ဦးတို့သည် မိမိတို့ ပရိဘောဂကို ရောနှောစေလျက် တနေရာတည်းနေ၍ ပွဲသဘင်ရှုသဖြင့် ရွှင်သင့်သော အရာ၌လည်း အတူတကွ ရွှင်ကြသည်။ ပြောဆိုသင့်သော အရာ၌လည်း အတူတကွ ပြောဆိုကြသည်။ မြူးထူးသင့်သောအရာ၌လည်း အတူတကွ မြူးထူးကြသတည်း။

ဤသို့ နေ့ရက်ရှည်များ အတူတကွ ပျော်ရွှင်ကြသည်တွင် တနေ့သောကာလ ဥပတိဿ သတို့သားအား ကြီးမားရင့်မာသော ပညာရှိဖြစ်ခြင်းကြောင့် ဤသို့သောအကြံသည် ဖြစ်၏။

ဤလောက၌ ဖြစ်ကြသော လူအပေါင်းတို့ကား ဖြစ်ကြောင်းအားဖြင့် အစာဟောင်းတွင်းဝယ် ဦးတွယ်ကြီးပွားသော ပိုးလောက်အစုကဲ့သို့ အမိ၏ ဥတုသွေး၊ အဖ၏သုက်ရည် ဤနှစ်ထွေသော အညစ်အကြေးကိုမှီ၍ ဖြစ်ရကား အလွန်စက်ဆုပ်ဖွယ်ရှိ၏။

မှိုရာအားဖြင့် အမိစားသော အစာဟောင်း အစာသစ်တို့၏အလယ်၌ နစ်၍ တဆယ့်ရှစ်ထပ်သော အူခွေကြားဝယ် အိမ်ယက်ကိုမှီ၍ တည်ရကား အလွန်ဆိုးဝါး ညစ်ညမ်း၏။ဖွားမြင်လာလည်း များလှစွာသော အနာရောဂါတို့သည် လွန်စွာနှိပ်စက်ခြင်းဖြစ်၏။

ရောဂါကင်းလျက် သန့်ရှင်းစွာ ကြီးပွားသောသူမှ လွန်စွာအဆုံး အနှစ်တရာခန့်သာ နေရချေသည်။ သေမင်း၏ခံတွင်းသို့ ဆင်းရမည့်သူဖြစ်ချေသည်။ မသေမီအကြား၌သည်း စားရန်၊ ဝတ်ရန်၊ နေထိုင်ရန်ကို ရှာကြံကြခြင်းကြောင့် ဖြစ်သော ဆင်းရဲ၊ မိဖဆွေဝါး သားမယားတို့ကြောင့်ဖြစ်သော ဆင်းရဲ။

ဤဆင်းရဲအပေါင်းနှင့်သာ များစွာတွေ့ရချေသည်။ထိုသို့ဖြစ်၍ ပျော်မွေ့ရှင်မြူးဘွယ်မရှိဘဲလျက် အုတ်အုတ်ကျက်ကျက် အားတက်ရွှင်လန်း ရယ်သွမ်းသွေးကာ ပျော်နိုးရှာကြဘိလေသည်ဟု စိတ်အကြံဖြစ်လတ်၍ ရှေးရှေးသော နေ့ကဲ့သို့ ပျော်မွေ့မြူးရွှင်ခြင်းမရှိ။ ပကတိ ညိုးခြောက်သော မျက်နှာဖြင့်လျှင် တောင်ထွတ်သဘင်ကိုရှု၏။

ဤသဘောထားကို ကောလိတလည်း သဘော တူ၏။ "အဆွေ၊ သင်မြင်အပ်သော သဘောတရားသည် ဖြောင့်သားဟုတ်မှန်ပေစွ။သို့ရာတွင် သေခြင်းတရား၊ ဆင်းရဲခြင်းသဘောတရားသည် ထင်ရှားရှိခဲ့သော် ထိုသေခြင်း၊ ဆင်းရဲခြင်းတို့မှ ကင်းလွတ်သော ချမ်းသာတရားလည်း ရှိတန်ပါ၏။ ငါတို့ရှာကြံကုန်အံ့"ဟုတိုင်ပင်ကာ မိဖများထံ ခွင့်ပန်၍ သိဉ္စည်းဆရာထံတွင် အခြံအရံဖြင့် ရဟန်းပြုကြလေသည်။

ရဟန်းပြု၍ နှစ်ရက်သုံးရက်ကြာလျှင်ပင် သိဥ္စည်းဆရာ၏ အနှစ်မရှိခြင်း၊သေခြင်းကင်းသော နိဗ္ဗာန်ကိုမမြင်ခြင်းတို့သိကြ မြင်ကြ၏။ထို့ကြောင့်ဥပတိဿနှင့် ကောလိတတို့သည်ဇမ္ဗူဒိပ် ကျွန်းအလုံးကို လှည့်လည်၍ အမြိုက်တရားကို ရှာသော်လည်း မတွေ့ကြသဖြင့် သိဥ္စည်းဆရာထံ ပြန်လာကာ နေကြ၏။ငါတို့ နှစ်ဦး ဘွင် အကြင်သူသည် တရားအထူးကို ရှေးဦးစွာမြင်အံ့၊ ကျန်တဦးအား အကြောင်းကြားစတမ်းဟု ကတိကဝတ်ထား ကြသည်။

တနေ့သောအခါ ပဥ္စဝဂ္ဂီတို့တွင် အကျုံးဝင်သော အရှင် အဿဇိသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လာရာ ဥပတိဿ ပရိဗိုဇ်မြင်လေသည်။

"ဤအရှင်ကဲ့သို့ ယဥ်ကျေးငြိမ်သက်သော ဣန္ဒြေအမူအရာ နှင့် ပြည့်စုံသောရဟန်းကို ငါမမြင်စဘူး၊ ထူးမြတ်တင့်တယ် လေစွ။ဤလောကတွင် ဤအရှင်ကားအမြိုက်တရား၏တည်ရာ ရဟန္တာသော်လည်းဖြစ်လတံ့။ ရဟန္တာဖြစ်ကြောင်းအကျင့် ကောင်းနှင့် ပြည့်စုံသော သူသော်လည်း ဖြစ်လတံ့။ ဤ ရဟန်းထံသို့ကပ်၍ ကျင့်အပ်သော စာရိတ္တနည်းနှင့်ပြသသော ဆရာတို့ကိုငါမေးရသော်ကောင်း၏"ဟုကြံ၍ မလှမ်းမကမ်းမှ လိုက်လာသည်။

ဇရပ်တဆောင်သို့ဝင်၍ အရှင်အဿဇိ ဆွမ်းဘုဥ်းပေးရန် ပြင်ဆင်သောအခါ ဥပတိဿသည် ချဥ်းကပ်၍ အာစရိယ ဝတ်ကိုပြုသည်။ အရှင်ဆွမ်းဘုဥ်းပေးပြီးမှ ရှင်ပဝမ်းသာစွာ

* ပဋိသန္ဓာရစကား ပြောဟော၍ ရည်ရွယ်ရင်းအတိုင်းစုံစမ်းမှု ပြုလေသည်။

အရှင်အဿဇိလည်း ဒုက္ခသစ္စာတရားကို စုံစမ်းမှုဟောတော်မူရာ ဥပတိဿသည် နည်းတထောင်ဖြင့် တန်းဆားဆင်အပ်သော သောတာပတ္တိမဂ်သို့ ရောက်လေ၏။ မြတ်စွာဘုရားသီတင်းသုံးရာနေရာကိုလည်း အရှင်မြတ်ထံမှ သိခဲ့ရပြီးနောက်ကတိကဝတ်ရှိထားသော အဆွေကောလိတကိုသတင်းကောင်းပေးရန် ပြန်လာခဲ့ချေသည်။ ထိုသို့ပြန်လာသော ဥပတိဿကိုကောလိတသည် 'အဝေးမှမြင်လျှင် ငါ့အဆွေ၏ ဣန္ဒြေအမူအရာတို့သည် ယနေ့ ထူးခြားစွာဖြစ်၏။ မြတ်သောတရားကိုကြားနာခဲ့ရသည်ဖြစ်လတံ့ ဟုကြံကာ စောင့်ဆိုင်းနေပေသည်။

"ငါ့ရှင်၊ သင်ယနေ့ကား နေ့တိုင်း တပါးထက် ထူးခြားစွာဖြစ်သောဣန္ဒြေအမူအရာရှိ၏။ လပြည့်အခါ ထန်းမှည့်ညှာကဲ့သို့ သာယာရွှင်လန်းသော မျက်နှာအဆင်းရှိ၏။အကြောင်းအသို့နည်း၊အမြိုက်တရားကို ကြားနာခဲ့ရပြီလော"

ဥပတိဿလည်း အရှင်အဿဇိကိုတွေ့သည်မှစ၍ တရားကိုနာရသည်တိုင်အောင် အလုံးစုံသော အတ္ထုပ္ပတ္တိကိုပြန်ပြောင်း၍ ပြောပြပြီးနောက် မိမိနာခဲ့ရသော တရားကို ဟောပြရာကောလိတလည်း သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။မြတ်စွာဘုရားထံသို့ သူတို့သွားမည် ရှိသောအခါ သူတို့၏ အခြံအရံပရိဗိုဇ်ငါးရာတို့လည်း လိုက်ပါကြရန်အသင့်ဖြစ်၏။

---

* ပဋိသန္ဓာရ–အစေ့အစပ်စကား။

သို့ရာတွင် ဆရာဖြစ်ခဲ့ဘူးသော သိဥ္စည်း ဆရာကို သတင်းကောင်းပါး၍ ခေါ်ယူရန်ချဉ်းကပ်ကြသည်။

"အရှင်ဘုရား၊ အကျွန်ုပ်တို့သည် နိဗ္ဗာန်တရားကို ဟောကြားပြသနိုင်သော ဆရာမြတ်ကိုတွေ့ပါပြီ။ ဤလောက၏အစအဆုံးကိုမြင်၍အဝိဇ္ဇာ၏ စင်ခြင်းကို ပြုတတ်သောမြတ်စွာဘုရားသည် ထင်ရှားဖြစ်တော်မူပေပြီ။ တရားတော်သည်ရင်း၊ သံဃာတော်သည်ရင်း၊ထင်ရှားဖြစ်ချေပြီ။ ဆရာတို့သည်အနှစ်သာရမရှိဗကာအတိသာဖြင့်၍စင်စစ် အချည်းနှီးသောအကျင့်ကိုစွန့်ခွာသော့။ မြတ်စွာဘုရားထံ ဆုံးမ ခံရအောင် သွားကြကုန်အံ့"

ဥပတိဿနှင့် ကောလိတတို့က ဆရာဖြစ်ဖူးသော ကျေးဇူးကြောင့် ခေါ်ငင် တိုက်တွန်းသော်လည်း သိဥ္စည်း ဆရာသည်ငြင်းပယ်လိုသဖြင့်—

"ငါ့ရှင်တို့၊ ငါသည် ဤရာဇဂြိုဟ် ပြည်ကြီး၌ ထင်ရှားသော ဂိုဏ်းဆရာ တယောက်ပင်ဖြစ်သည်။ အိုးစရည်းကြီးကို လက်ငင်း အိုးပြုလျှင် အမြင်မတော်သကဲ့သို့ သူတပါး လက်အောက်ခံ၍မလျော်တန်ရာပြီ။ ငါတို့ပရိသတ်လည်းများပါ၏။ ငါတို့ ဆရာတပည့်သုံးဦးပင် ဤသံဃာ အပေါင်းကို ဆောင်ကြအံ့၊သင်တို့ မသွားလေလင့်"

"ဤလောက၌ အတုမရှိသော ဒိသပုဂ္ဂိုလ် ဖြစ်သောဘုရားရှိကြောင်းကို လူအပေါင်းတို့သိလျှင် ခည်သည့်သူမျှဆရာ့အထံသို့ ကျိုးနွံ ပူဇော်ခြင်းငှာ မရောက်ပေရာ၊ မြတ်စွာဘုရားထံသို့သာလျှင် ပန်းနံ့ သာလက်စွဲလျက် မှိဝဲဆည်းကပ်

ကုန်လတံ့။ အနှစ်မရှိသော ဂုဏ်အရောင်ဖြင့် မထောင်လွှားလိုပါလင့်”

ထိုသို့ ဥပတိဿနှင့် ကောလိတတို့က ပြန်လှန် ချေပရင်းထပ်ဆင့်တိုက်တွန်းသောအခါ သိဉ္စည်းဆရာလည်း—

“ချစ်သားတို့။

ဤလူ့ရွာ၌ ပညာရှိသောသူတည်း များသလော၊ ပညာနည်းသောသူတည်း များသလော”ဟု မေး၏။

“ဆရာ၊ ပညာနည်းသောသူသာ များပေ၏” ဆိုကြပေသော်။

“တပည့်တို့။

ယုတ်ညံ့သောသတ္တဝါသည် ယုတ်မာသော ခင်ပွန်းကိုသာ မှီဝဲသည်။ ဆင်းရဲသော သတ္တဝါသည် ဆင်းရဲသော မိတ်ဆွေနှင့်သာ ယှဉ်နွှဲသည်။ မလိမ္မာသော သတ္တဝါသည်မလိမ္မာသော ဆရာကိုသာ မှီဝဲသည်။ ဤကား လူခပဲတို့၏ ဖြစ်မြဲဓမ္မတာတည်း။

ထို့အတူ ပညာမရှိ ဂုဏ်အတူးကို မသိတတ်သောသူသည် ငါ့ထံသို့လာလတံ့၊ ပညာရှိသော သူသည်သာလျှင် မြတ်စွာဘုရားထံကပ်လတံ့။ ထို့ကြောင့် လာဘ်ပူဇော် နည်းခဲ့သည်ကို မစိုးရိမ်လင့်၊ သွားလိုသော်သွားကြကုန်”

ထိုအခါ ဥပတိဿ ကောလိတတို့လည်း မိမိတို့၏ပရိသတ်ငါးရာကိုခေါ်၍ ဝေဠုဝန် ကျောင်းတော်သို့ ရှေ့ရှုထွက်၏။ သိဉ္စည်းဆရာ၏ တပည့်ဟောင်း တို့လည်း လိုက်သွား ကြရာ အခြံအရံမရှိ တဦးတည်းကျန်ခဲ့သော အဖြစ်ကို သိဉ္စည်းဆရာ

မြင်လျှင် ရှင်ငမူဆူ၍ သွေးအန်လေရာ တပည့်ဟောင်းတို့ သနားသဖြင့်ပြန်လာပြီး လုပ်ကျွေးကြရလေ၏။

ကျောင်းတော်သို့ရောက်သော် ပေါဟိကမြို့ရဟန်း ဖြစ်ကြ၍ ဥပတိဿ၊ ကောလိတတို့မှတပါး အခြံအရံငါးရာမှာ အစဉ် အတိုင်းသောမဂ်ဖိုလ်သို့ရောက်ကြ၏။ အရှင်နှစ်ပါးလည်း မကြာမီ သာဝကပါရမီဉာဏ်၏ အပြီးအဆုံးသို့ ရောက်တော်မူကြကာ၊ မြတ်စွာဘုရားသည် အရှင်ဥပတိဿကို ဓမ္မသေနာပတိသာရိပုတြာအမည်ဖြင့် လက်ျာရံအဂ္ဂသာဝက၊ အရှင်ကောလိတကို မဟာမောဂ္ဂလာန်ဟူသော အမည်ဖြင့် လက်ဝဲရံအဂ္ဂသာဝကအရာထားတော်မူသည်။

ဓမ္မောဟာဝေ ရက္ခတိ

အရှင်ဥပတိဿနှင့် အရှင်ကောလိတတို့ကို လက်ျာရံ၊ လက်ဝဲရံအဂ္ဂသာဝကများအရာ ထားတော်မူသောအခါ "ငါတို့ဆရာမြတ်စွာဘုရားသည် မျက်နှာကိုကြည့်၍ ဆွမ်းဘုဉ်းပေးသကဲ့သို့ ပြုတော်မူသည်"ဟု နောက်ဆုံးမှ ရောက်လာသူများကို အရာပေးရသလောဟု မကျေနပ်သော ရဟန်းအချို့က အပြစ်တင်ကြလေသည်။

စကားအဆင့်ဆင့်ဖြင့် ယင်းသတင်းကို မြတ်စွာဘုရား ကြားတော်မူသောအခါ သက်ဆိုင်ရာ ရှေးပုဗ္ဗကမ္မအလျောက် သာရရှိကြောင်းကို ပြတော်မူလိုသဖြင့်အရှင်ညာတကောဏ္ဍည ၏ ရှေးပုဗ္ဗကမ္မကို ဟောတော်မူသည်။

လွန်လေပြီးသော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူ၏၊ ထိုအချိန်တွင် အညာတကောဏ္ဍည အာ

လောင်းသည် * ဂဟပတိမဟာသာလအမျိုး၌ဖြစ်၏။ တနေ့သောအခါ ရှေးဦးအစဘုရားရသောရဟန်းတပါးကို မြတ်စွာဘုရား ဧတဒဂ်ထားတော်မူသည်ကို မြင်သဖြင့် ဘုရားအမှူးပြုသောသံဃာများကို တိစီဝရိက်သင်္ကန်းဖြင့်ပူဇော်၍ ခုနစ်ရက်ပတ်လုံးယာဂုဆွမ်းလှူဒါန်းပြီးမှ ထိုအရှင်ကဲ့သို့ဖြစ်ရပါလိုသောစ်ဟု ဆုတောင်းရာ ပဒုမုတ္တရမြတ်စွာဘုရားလည်း ဆုတောင်းပြည့်မည့် အကြောင်းကို ဗျာဒိတ်ပေးတော်မူခဲ့၏။

ဤကမ္ဘာမှ ပြန်ရေသော် လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူစဉ်၊ အညာတကောဏ္ဍညအလောင်းသည်တခုသောပစ္စန္တရာဇ်ဝယ်စူဠကာလအမည်ဖြင့် သူကြွယ်ညီဖြစ်လာသည်။

သူတို့ညီအကိုသည် သလေးလယ်လုပ်ကြရာ ကောက်ပင်တို့အဖုံးအလုံးတက်သောအခါ စူဠကာလသည်စပါးဖုံးကို နွှာလျက်အရသာကိုမြည်းမိသဖြင့် အလွန်ချိုမြိန်ရကား ဘုရားအမှူးရှိသော သံဃာတော်တို့အား ဤစပါးဖုံးအရသာကို လှူရသော်ကောင်း၏ဟု ကြံ၍ အကိုကြီး မဟာကာလအားတိုင်ပင်၏။

မဟာကာလလည်း အမျက်ထွက်ကာဆဲခဲ့ပြီးလျှင်လယ်ကိုထက်ဝက်ခွဲပေးသည်။ စူဠကာလလည်းလူများစွာကို ခေါ်ကာ စပါးဖုံးကို ဆွတ်၍ အခွံနွှာကာ ထောပတ်ပျားသကာတို့ဖြင့် ကျက်စေလျက် မြတ်စွာဘုရားနှင့် သံဃာတော်

---

* ဂဟပတိမဟာသာလ-မြေမြှုပ်ဥစ္စာကုဋေ၄၀လေးဆယ်ကြွယ်ဝသောသူ။

တို့အား လျှူဒါန်း၏။ "အကျွန်ုပ်သည် ဦးဦးဖျားဖျားစပါးဖွံ့ အလှူကိုလှူရသောကုသိုလ်ကံကြောင့်နောင်ပွင့်တော်မူလတံ့သော မြတ်စွာဘုရားတို့၏ အထံ၀ယ်၊ သူတပါးတို့၏ ရှေးဦးစွာတရားအရသာကို သောက်ရသည်ဖြစ်စေသော" ဟု ဆုတောင်းရာ မြတ်စွာဘုရားလည်း ဆုတောင်းပြည့်မည့် အကြောင်း မိန့်တော်မူပြီးလျှင် တရား အနုမောဒနာပြု၍ ကြွလေ၏။

စူဠကာလ၏လယ်သည် ဆွတ်ရာမထင်သီးမြဲတိုင်းသီးနေရာ ၀မ်းမြောက်စွာဖြင့်-မှုံဆန်းကာလ၊ ရိတ်ကာလ၊ ဆုပ်ကာလ၊ လှိုင်းကာလ၊နင်းကာလ၊ခြင်ကာလရောင်းကာလစသောကာလတိုင်း၌ "အဦးအလှူ" ချည်းဆက်ကာလှူ၏။စားသောကာလ၌လည်း စားဦးအလှူကိုဆက်၍ပေးရာမယုတ်လျော့သည့်ပြင် မဟာကာလထက်ပင် အထွက်ပိုနေသဖြင့် မြတ်စွာဘုရားအား လျှောက်ကြားရာ....

"တရားကိုကျင့်သောသူကို တရားသည် စင်စစ်စောင့်ပေ၏။ ကောင်းစွာ ကျင့်အပ်သောကုသိုလ်တရားသည် ချမ်းသာကို ဆောင်ခြင်းသည်ကား ကောင်းစွာ ကျင့်အပ်သော တရားတော်၏ အကျိုးဆက်တည်း။ ကုသိုလ်ကမ္မပထဆယ်ပါးကို ကျင့်လေ့ရှိသောသူသည် သေသည်၌၏ အခြားမဲ့၌ မကောင်းသောအလားသို့မလားရ။

တနှစ်တည်းလုပ်သောလယ်မှ အဦးအလှူကို ကိုးကြိမ်ပေးပြီး ဤသို့ဆုတောင်းခဲ့သောကြောင့် ရှေးဆုတောင်းအတိုင်းပေးတော်မူသည်၊ မျက်နှာကြည့်၍ ပေးခြင်းမဟုတ်" ဟုဟောတော်မူ၏။

ကမ်းပါးပြတ်၌၊ ကြမ်းစွန်း၌

ထို့နောက် အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင် အဿဇိအစရှိသော ပဉ္စဝဂ္ဂီရဟန်းများ၊ အရှင်ယသအမျိုးရှိသော ငါးကျိပ်ငါးပါးသော ရဟန်းများ၊ ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့၏ ရှေးပုဗ္ဗကမ္မကို ဟောကြားကာ ၎င်းတို့တောင်းခဲ့သောဆုအတိုင်း ပေးရပုံများကိုဖော်ပြပြီးနောက် ဥရုဝေလကဿပရဟန်းတထောင်တို့၏ ရှေးပုဗ္ဗကမ္မကို ဟောကြားတော်မူလေသည်။

လွန်ခဲ့သော ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တိဿနှင့် ဖုဿဘုရားနှစ်ဆူ ပွင့်တော်မူခဲ့၏။ ဖုဿ မြတ်စွာဘုရား၏ ခမည်းတော်ကား မဟိန္ဒမင်းကြီးဖြစ်၏။ မင်း၏ညီတော်သားသည် မြတ်စွာဘုရား၏ လကျ်ာရံအဂ္ဂသာဝက၊ နှမတော်သားသည် အလုပ်အကျွေးရဟန်း၊ ပုရောဟိတ်သားသည် လက်ဝဲရံ အဂ္ဂသာဝကတည်း။

မဟိန္ဒမင်းကြီးတွင်မြတ်စွာဘုရားမှတပါး သားတော် သုံးပါးရှိသေး၏။ ၎င်းတို့သည် ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ အလောင်းများဖြစ်ကြကာ အခြံအရံ သူရဲပေါင်းတထောင်ရှိ၏။

ခမည်းတော်၏ ပြည်သို့ ဖုဿမြတ်စွာဘုရား ကြွလာတော်မူသော် မဟိန္ဒမင်းကြီးသည် ဘုရားအထံတော်ဘပ်ကာ တစိမ့်စိမ့်ရှု၍ ဤသို့အကြံဖြစ်၏။

"ငါ့သားပင်ဘုရား၊ ငါ့သား၏ စကားသည်ပင် တရား၊ ငါ့သားသည်ပင်သံဃာ၊ ဤလူ့ရွာတွင် ငါကဲ့သို့ ကောင်း

မြတ်ခြင်း အသရေနှင့်ပြည့်စုံသောမင်းသည် ရှေးရှေးသော ကာလ၌လည်း မဖြစ်ဖူးရာ၊ နောင်အခါလည်း မဖြစ်လတံ့။ ငါကားကောင်းမြတ်လှစွာသော လူမင်း၏အဖြစ်ကိုရပေသည်တကား"

ကြက်သီး မွေးညှင်းထလျက် ဝမ်းမြောက်ဝမ်းသာစကား ပြောပြီးလျှင် မြတ်စွာဘုရားအား ဤသို့နားတော်လျှောက်၏။

"သားတော်ဘုရား။ အကျွန်ုပ်၏ အသက်သည် အလွန်ရှည်ဖြစ်ပါမှ အနှစ်ကိုးသောင်းခန့်သာ တည်ပါမည်။ ကြမ်းစွန်းဖျား၌ဂုင်း၊ ကမ်းပါးပြတ်၌ဂုင်း၊ အိပ်ရသော သူကဲ့သို့ သေခြင်း သဘောနီးလှပါသည်။ အကျိုးရှိရှိအသက်ရှည်လိုပါသည်။ သို့ဖြစ်၍ ခမည်းတော်အသက်တည်သမျှ ကာလပတ်လုံးသားဘုရားသည် သူတပါးအိမ်ဝသို့မကြွမူ၍ ဖခင်၏ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို ခံတော်မူပါ။ သံဃာတော်နှင့်တကွ ခမည်းတော်ကချည်း လုပ်ကျွေးပါရစေ"

မြတ်စွာဘုရားလည်း ခမည်းတော်၏ ဆန္ဒကို ငဲ့လင့်၍ သည်းခံတော်မူရာ ထိုနေ့မှစ၍ မည်သူမျှ လှူဒါန်း ပူဇော်ခွင့်မရကြကုန်၊ တနေ့သော် ပစ္စန္တရွာ၌ ရန်စစ်ကြီးစွာဖြစ်ရာ သားတော်သုံးပါး သွားရောက်နှိမ်နင်းအောင်မြင်သဖြင့် လိုသောဆုကို တောင်းစေသော်၊ နောင်တော် ဘုရားအား အနှစ်တသောင်း လုပ်ကျွေးခွင့် တောင်းကြ၏၊ ဘုရင်ကြီး မပေးပေ။ ထိုမှ တထစ်ပြီးတထစ် လျှော့ပြီး တောင်းလာရာ ဝါတွင်းသုံးလကိုကား မကောင်းတတ်သဖြင့် ခွင့်ပေးလိုက်ရလေ၏။

မင်းသားညီနောင် သုံးဦးမှာကား ဘဏ္ဍာဖွင့်၍ ယင်သား များနှင့် ချက်ပြုတ်လှူဒါန်းရေးကို လွှဲပင်ခဲ့ပြီး ဖန်ရည်စွန်းသော အဝတ်ဝတ်ပြီးလျှင် ဆယ်ပါးသောသီလ ဆောက်တည်ကာ မြတ်ဘုရားထံ၌ နေကြ၏။

ယာဂုဆွမ်း အဖျော်စီရင်ရသော ဝတ်ချက်သမားတို့မှာ သံဃာကိုးသောင်းအတွက် ချက်ပြုတ်ကပ်လှူရသဖြင့် သားငယ် သမီးငယ်တို့အား ပေးကာမိ့ရန် ယာဂုကြွင်း ဆွမ်းကြွင်းမျှ မရ သဖြင့် အဦးအဖျားကို ဝှက်ထားကာ ကလေးများကို ကျွေး မွေးသဖြင့် စုတေသောအခါ ပြိတ္တာဘုံ၌ ဝင်မွတ်စွာ ဖြစ်ကြ ရ၏။ ကိုးဆယ့်နှစ်ကမ္ဘာလုံး ဒုက္ခခံလာရပြီးနောက် ငါ့ဘုရားလက်ထက်တွင် ဗိမ္ဗိသာရမင်းကြီး အမျိုးဝ၍ ကျွတ် လွတ်ကြ၏။

မင်းသားသုံးယောက်တို့လည်း ဝါကျွတ်သောအခါ သံ ဃာတော်တို့အား ရစ်ပါးသောပရိက္ခရာကို လှူဒါန်း၍ "ဤသို့ ပြုရသော ဒါန၊ သီလ၊ ဘာဝနာ အကျိုးအားဖြင့် နောင် မြတ် စွာဘုရားတို့အထံ၌ အရဲတထောင်နှင့်တကွ အရဟတ္တဖိုလ်ကို ရပါလိုသော"ဟု ဆုတောင်း၏။ ထိုဆုတောင်းအတိုင်းပင် ယခု ဘဝတွင် ဥရုဝေဠ ကဿပညီနောင်ရှင်တထောင်တို့ ဖြစ်လာ ပေသည်။ ၎င်းတို့၏ ရှေးပုဗ္ဗကမ္မအရဖြစ်သည်၊ ငါဘုရား မျက် နှာမလိုက်ဟု ဟောတော်မူ၏။

မုန်ညင်းစေ့နှင့် မြင့်မိုရ်တောင်

ထို့နောက်မှ သံဃာတော်အပေါင်းတို့သည် အဂ္ဂသာဝက

နှစ်ပါး၏ အကြောင်းကို တောင်းပန်ကြသဖြင့် မြတ်စွာဘုရားသည် ၎င်းတို့၏ ရှေးပုဗ္ဗကမ္မကို ဟောတော်မူ၏။

လွန်လေပြီး သောတသခေါ်နှင့် ကမ္ဘာတသိန်းထက်၌ သာရိပုတြာသည် ဗြဟ္မာဏမဟာသာလအမျိုးဖြစ်၍ သရဒလုလင်အမည်ရှိ၏။ မောဂ္ဂလာန်ကား ဂဟပတိမဟာသာလအမျိုး၌ သိရိဝဍ္ဎအမည်ရှိ၏။ သူတို့နှစ်ဦးသည် မြေမှုန့်ကစားဖော်များဖြစ်၍ အလွန်ချစ်ခင်ကြ၏။

အရွယ်ရောက်လတ်၍ ဖခင်၏ စည်းစိမ်ချမ်းသာကိုရပြီးသောတနေ့တွင် သရဒလုလင်သည် ဆိတ်ငြိမ်ရာသို့ ကပ်ကာ ဤသို့ကြံ၏။

"ငါသည် မျက်မှောက်သော ဤကိုယ်၏အဖြစ်ကိုသာသိချေသည်။ တမလွန်ဘဝ၌ ဖြစ်လတံ့သည်ကို မသိချေ။ ပဋိသန္ဓေအားဖြင့်ဖြစ်သော သတ္တဝါတို့ကား သေခြင်းတရားသည် မြဲ၏။ ထိုသို့ သေသောအခါ ဥစ္စာရွှေငွေ ဆန်ရေစပါးတို့ကို ဆောင်သွားယူငင်ခြင်းငှာ မတတ်နိုင်။ သားမယားဆွေမျိုးအပေါင်းတို့သည်လည်း ကောင်းအောင်လိုက်၍ မပြုပြင်နိုင်ချေ။ မသေမီကာလ ပျော်နိုးကြသော ကာမချမ်းသာသည်လည်း အနှစ်သာရမရှိ။ ထိုသို့ အနှစ်သာရမရှိဘဲ မှိုဝဲခပျော်ပါးကာနေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ လူ့ဘောင်ကို ခွာသန်း၍ ရဟန်းပြုပြီးလျှင် နိဗ္ဗာန်ကို ရှာရမူ ကောင်း၏"

ထိုအကြံကို မိတ်ဆွေ သိရိဝဍ္ဎအား ပြောကြားတိုင်ပင်ရာ မိတ်ဆွေမှာ ရဟန်းမပြုနိုင်သဖြင့် ဥစ္စာရတနာတို့ကို စွန့်ကြဲ၍ ပြီး သရဒတဦးတည်း ရသေ့ရဟန်းပြုသည်တွင် လိမ္မာမြော်

မြင်သော အမျိုးကောင်းသားများလည်း တဖြေးဖြေး ရဟန်း ပြုကြ၏။ ခုနှစ်နှစ်တိုင်သောအခါ ရဲသေ့ပေါင်း ခုနစ်ထောင်း လေးထောင် ဖြစ်လာလေသည်။

ဤကာလဝယ် စန္ဒဝတီပြည်၌ မနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူ၏။ တနေ့သောအခါ မြတ်စွာဘုရားသည် သရဒ ရသေ့တို့ ကျောင်းသခ်မ်းသို့ ကောင်းကင်ခရီးဖြင့် ကြွလာ တော်မူ၏။ သခ်မ်း၌ သရဒတဦးတည်းသာ ရှိ၏။ သူသည် ဗေ ဒင်ကျမ်းတို့၌လာသော လက္ခဏာကို အစဥ်မှီသဖြင့်အိမ်ယာ ထောင်သော လူ့ဘောင်၌ ကိလေသာမှောင်လွှမ်းလျက် ရှင် လန်းမွေ့လျော်အံ့သောသူ မဟုတ်ပေရာ သဗ္ဗညုဘုရားသာ ဖြစ်ပေရာသည်ဟု ကြံဆကာ သိသဖြင့် ရိုသေစွာ ခရီးဦးကြိုဆို ၍ နေရာထိုင်ခင်းပေးပြီး ငါးအင်သောရှိခိုးခြင်းတို့ဖြင့် ရိုသေ စွာရှိခိုးလျက် သင့်တင့်သောအရပ်၌ နေ၏။

ထိုအခိုက်တွင် ခုနစ်သောင်းလေးထောင်မျှသော ကဲသော တပည့်ရသေ့တို့သည် မွန်မြတ်သောသစ်သီးကို ဆောင်၍ လာ ကြကုန်သဖြင့် တင့်တယ်စွာ နေတော်မူသော မြတ်စွာဘုရား နှင့် မိမိတို့ဆရာကိုမြင်လေသော် ဤသို့ မေးကြကုန်၏။

"ဆရာ၊ အကျွန်ုပ်တို့သည် ဤလောကဓာတ်၌ ဆရာထက် လွန်မြတ်သောသူကား မရှိပြီဟု အောက်မေ့ပါကုန်သည်။ ယခုမှာကား ဆရာပင် အမြွတ်တနိုး ရှိခိုးရပြန်သည်။ ဤပုဂ္ဂိုလ် ကား ဆရာထက် လွန်မြတ်သလော"

သခုဒလည်း....

"ချစ်သားတို့ အသို့ဆိုကုန်သနည်း။ မုန်ညင်းစေ့နှင့်ယုဇနာ စာသိန်းခြောက်သောင်းရှစ်ထောင်ဖြင့် ခြင်းဆောင်သောမြင့်

မိုးရွာဘောင်ကို နှိုင်းစာဘိသကဲ့သို့ ခိုင်းနှိုင်းခြင်းငှာ မထိုက်သော ပုဂ္ဂိုလ်နှင့် ငါ့ကို ခိုင်းနှိုင်းဘိသည်။ ဤပုဂ္ဂိုလ်ကား သုံးပါးသော လောကဝယ် အတုမရှိ၊ အသဒိသဖြစ်သော မြတ်စွာဘုရားပေတကား။ ငါတို့ကား သာသနာ၏အပ * အချည်းမျှသော တကား" ဟု ဆို၏။

ရသေ့အပေါင်းလည်း မြတ်စွာဘုရားခြေတော်ရင်း၌ ဦးဖြင့်တိုက်၍ ရှိခိုးကြကုန်၏။ ရသေ့တို့ဆက်ကပ်သော သစ်သီးဆွမ်းကို လက်ခံတော်မူပြီး အဂ္ဂသာဝကနှစ်ပါး၏ လာခြင်းကို တောင့်တတော်မူရာ နိသတထေရ်မြတ်နှင့် အနောမထေရ်မြတ်တို့သည် သံဃာတော်တသိန်းနှင့် ကြွလာကာ မြတ်စွာဘုရားကို ရှိခိုးနေကြ၏။

သရဒရသေ့သည် နိသတထေရ်မြတ်ကဲ့သို့ ဖြစ်လိုသော စိတ်အကြံ ရှိနေသဖြင့် သမာဓိ မရနိုင်ဘဲ အရဟတ္တဖိုလ်ကို မရချေ။ တပည့်ရသေ့များကား မြတ်စွာဘုရား၏ ဒေသနာတော်အဆုံးတွင် ရဟန္တာ ဖြစ်ကြလေသည်။

သရဒရသေ့သည် မြတ်စွာဘုရား သမာပတ် ဝင်စားနေတော်မူစဉ် မြတ်စွာဘုရားကို ပန်းထီးမိုးလျက် အာဟာရ မမှီဝဲဘဲ ပီတိချမ်းသာဖြင့် နေခဲ့သောကောင်းမှု၊ မြတ်စွာဘုရားနှင့် သံဃာတော်များအား ပန်းနှင့် သစ်သီး ခုနစ်ရက်ပတ်လုံး ပူဇော်လုပ်ကျွေးရသော ကောင်းမှုတို့ကြောင့် လက်ျာရံဖြစ်သော နိသတထေရ်မြတ်ကဲ့သို့ ဖြစ်ရပါလိုသော ဆုတောင်းရာ ပြည့်မည့်အကြောင်းကို ဗျာဒိတ်ပေးတော်မူလေသည်။

---

* အချည်း....ရှင်အတုအယောင်။

ရှိသော်လည်း မိမိဆုတောင်းပုံကို မိဘ်ဆွေသူကြွယ်အား ပြောပြရာ သူကြွယ်လည်း သံဃာတော်တသိန်းနှင့်တကွ မြတ်စွာဘုရားအား ပင့်ကာ ဆွမ်းဟင်း အဖျော်များကို ခုနစ်ရက် ပတ်လုံး လှူဒါန်းပူဇော်၏။ ခုနစ်ရက်စေ့သောနေ့၌ အနောမဒဿီဘုရား အမှူးရှိသော သံဃာတော်တို့အား တိစီဝရိတ် သင်္ကန်း၊ ဆွမ်း အဖျော်တို့ဖြင့် လှူဒါန်းပူဇော်၍ တရားတော် ကို နာပြီးလျှင် သရဒရသေ့နှင့်အတူ လက်ဝဲရံ အဂ္ဂသာဝက ဖြစ်ရပါလိုသော ဆုတောင်း၏။အနောမဒဿီမြတ်စွာဘုရား လည်း သူကြွယ်၏ ဆုတောင်းပြည့်မည်ဟု ဗျာဒိတ်ပေးတော် မူသည်။

"ချစ်သားတို့၊ ယင်းသို့ဖြစ်ရကား ငါ့သားတော်ကြီးနှစ်ဦး တို့သည် ရှေးတောင်းခဲ့ဘူးသော ဆုအတိုင်းသာလျှင် ငါပေး တော်မူသည်။ မျက်နှာကိုကြည့်၍ အရာပေးတော်မူသည် မဟုတ်"ဟု မိန့်တော်မူ၏။

ပညာရှိယောင်ဆောင်သော

ဤသို့ ရှေးဆုတောင်း အကြောင်းကို ထုတ်ဖော် ဟော ကြားတော်မူလျှင် သံဃာတော်အပေါင်းလည်း ဝမ်းမြောက် ဝမ်းသာ ရှိကြကုန်၏။ ထိုအခါ အရှင်သာရိပုတြာနှင့် အရှင် မောဂ္ဂလာန်တို့သည် ၎င်းတို့ သဉ္စည်းဆရာကို ခေါ်ငင် စဉ်က ပြောလိုက်သောစကားကို ပြန်လည် လျှောက်ကြားကြ၏။

"ချစ်သား သာရိပုတြာမောဂ္ဂလာန်တို့ အကျိုးမပေးလတံ့ သည်ဖြစ်၍ အနှစ်မရှိသောအယူဝါဒ၌ အနှစ်ရှိသည်ဟု ထင် မှတ်လေ့ရှိကုန်သော အကျိုးပေးတတ် မြတ်သော အကျင့်

စာရိတ္တ၌လည်း မမြတ်ဟူ၍ ယူလေ့ ရှိကုန်သော ထိုပညာ ရှိယောင်သောင်သော သူမိုက်တို့သည် ကာမဝိတက် စသော များသောအကြံလျှင်အာရုံရှိကုန်သည်ဖြစ်၍အနှစ်ဆိုအပ်သော သီလ သမာဓိ ပညာကို မရနိုင်ကုန်"

မြတ်စွာဘုရားသည်း အခွင့်အားလျော်ကပ်သောတရား ဒေသနာတော်ကို ပြုတော်မူလိုက်ရာ ဒေသနာတော် အဆုံး၌ များစွာသော ပရိသတ် တို့သည် မဂ်ဖိုလ်သို့ ရောက်ကြ လေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်သားထင်ရှားသောအမျိုးကောင်း သားအများအပြားတို့ ရဟန်းပြုကြရာ အချို့သော သူတို့၏ ကဲ့ရဲ့သံများထွက်ပေါ်လာ၏။

"အရှင်ဂေါတမသည် သူ့လင် သူ့သားကို ဖျောင်းဖျ ချော့မော့၍ နောက်လိုက်ဖြစ်အောင် ဆောင်ယူ တတ်သည်။ ငါတို့အား သားမြေးမရှိစိမ့်သောငှာ ကျင့်သည်။ မိန်းမအမျိုး ကို မုဆိုးမဖြစ်စိမ့်သောငှာ ကျင့်သည်။ လူမျိုးလူဆက် ဖျက် ဆီးဖြတ်ကင်းစိမ့်သောငှာ ကျင့်သည်။ ယခု သိဥ္စည်းဆရာ၏ တပည့် နှင်ရာ့ငါးကျိပ်တို့ကိုလည်း မျက်ချိသွေး၍ ဆောင် လေပြီ။ မဂဓတိုင်းသား ထင်ရှားကြွယ်ဝသော အမျိုးကောင်း သားတို့ကိုလည်း ရဟန်းပြု၍ သူ့နောက်လိုက်ခေါ်လေပြီ။ ငါတို့လင်၊ ငါတို့သားများကိုလည်း ထိုနည်းတူ ဆောင်ယူလိမ့် မည်"

ဤကဲ့သို့ ကဲ့ရဲ့ရှုတ်ချကုန်လျက် လင်သားတို့ကို အသွား

အလာမရှိစေရ။ အိမ်တံခါးဝကိုပိတ်လျက် ဆွမ်းသောင်းရုံ၊ ဖူးမျှော်ရုံမျှ မထွက်ရအောင် ချုပ်နှောင်ထားကြသောအခါ—

"ကြီးမြတ်သော သုံ့လ ရှိကုန်သော မြတ်စွာဘုရားတို့သည် အနိုင်အထက် နှိပ်စက်မှု သူတော်ကောင်းတရား၌ တည်သဖြင့် ဆောင်ကုန်၏။ တရားသဖြင့်ဆောင်ကုန်သော ပညာရှိ သူတော်ကောင်းတို့အား စောင်းမြောင်းညှုစူ ပြစ်ယူကျိုးမဲ့ ကဲ့ရဲ့ရခြင်းသည် အဘယ်အကျိုး ရှိအံ့နည်း။ စက်ဆုပ်အပ်စွာ အပါယ်ရွာသို့ လားရာသာလျှင်ကတည်း။"

ဤဂါထာဖြင့် ရဟန်းတို့က တုံ့ပြန်ဆိုသောအခါ မဂဓတိုင်းသူ မိန်းမတို့၏ ကဲ့ရဲ့ပြစ်တင်သံများ ငြိမ်းလေသည်။ ဖန့်ဖရဲဆိုသော စကားများသည်လည်း ရပ်တန့်သွားလေသည်။

နွားဦးချိန်နှင့် မြင့်မိုရ်တောင်

ယင်းသို့ လူနတ်တို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူကြောင်းကို သုဒ္ဓေါဒန မင်းကြီး ကြားသိလေသော် ငါ့စကားဖြင့် သားတော်ဘုရားကို ကပိလဝတ်ပြည်သို့ကြွပါရန် လျှောက်ထားချေဟု အမတ်ဘယောက်ကို စေလွှတ်လိုက်၏။ အမတ်လည်း ဗိုလ်ခြံတထောင်နှင့်သွားရာ တရားနာနေသော ပရိသတ်အစွန်မှ တရားနာရ၍ ဟေဘိက္ခုရဟန်းသာ ဖြစ်ကုန်ကြလေသည်။

အရိယာတို့သဘောသည် အလုံးစုံသော ကိစ္စ၌ လျစ်လျူရှုသည်သာ ဖြစ်ရကား သုဒ္ဓေါဒနမင်းကြီး မှာကြားသော စကားကို မြတ်စွာဘုရားအား မလျှောက်ထားရဲချေ၏။ အမတ်

တဒယာက် ပြန်မလာတိုင်း နောက်တဒယာက်ကို ထပ်လွှတ်ပြန်ရာ ကိုးယောက်သာရှိသော်လည်း သတင်းစကားမျှ မပြန်လာပေ။

နောက်ဆုံးဖွားဖက်တော် ကာဠုဒါယီအမတ်က ရဟန်းပြုခွင့်ရလျှင် မြတ်စွာဘုရားကြွလာအောင် ဆောင်ရွက်ပေးပါမည်ဆိုသဖြင့် မင်းကြီးသည် ခွင့်ပြု၏။ ကာဠုဒါယီလည်း မြတ်စွာဘုရားထံ သွားရာ တရားဟောခိုက်နှင့် ကြုံသဖြင့် အခြွေအရံတထောင်နှင့်တကွ ရဟန္တာဖြစ်လေ၏။

ရဟန္တာဖြစ်ပြီးနောက် မကြာမြင့်မီပင် ကာဠုဒါယီမထေရ်သည် ရှေးကတိအတိုင်း မြတ်စွာဘုရားအား ဖခင်မင်းကြီးက မှာထားလိုက်သော စကားကို ကြားလျှောက်ပေ၏။ မြတ်စွာဘုရားသည်လည်း မဂဓတိုင်းသား သံဃာတသောင်း၊ ကပိလဝတ်မြို့သား သံဃာတသောင်း ခြံရံလျက် လပြည့်ကျော်တရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ထွက်ကြွတော်မူ၏။

ယင်းသို့ ဘုရားကြွတော်မူလျှင် ကာဠုဒါယီထေရ်လည်း သုဒ္ဓေါဒနမင်းကြီးအား သတင်းစကား ကြားသိစေခြင်းငှာ မြတ်စွာဘုရား အလျင်ပင် ကောင်းကင်ခရီးဖြင့် ကြွသွားလေ၏။ သုဒ္ဓေါဒနမင်းကြီးရှေ့တွင် ထင်ရှားပြပေ၏။ မင်းကြီးလည်း ကာဠုဒါယီထေရ်ကိုမြင်လျှင် ရွှင်လန်းသောစိတ် ရှိရကား....

"ငါ့သား ကာဠုဒါယီ၊ အဒမောင်တို့ဆရာ မြတ်စွာဘုရားလည်း ဤကဲ့သို့ပင် အသွင်အပြင်ရှိသလော။ အသင်သုံပင်

ကောင်းကင်ခရီးကို ပျံနိုင်သသော။ ယခုအခါ ဘုရားဘယ်မှာ ရှိသနည်း” စသည်ဖြင့် မေးမြန်းလေ၏။

“တကာတော်မင်းကြီး။

မီးပွားပမာကျရှိသော ပိုးမြေမြူ၏ အရောင်နှင့် နေအရောင်ကို ပုံဆောင်ခြင်းငှာ မထိုက်သကဲ့သို့ရင်း၊ နွားဦးချိုနှင့် မြင့်မိုရ်တောင်ကို ပုံဆောင်ခြင်းငှာ မထိုက်သကဲ့သို့ရင်း၊ ငါတို့မျှနှင့်ဘုရားအရှင်အဝါကို အဘယ်မှာ ခိုင်းနိုင်းထိုက်မည်နည်း။

တကာတော်၏သား မြတ်စွာဘုရား၏ အသွင်တော်ကား ခြောက်ပါးသော ဆောင်ခြည်တော်အဝန်းဖြင့် ထွန်းပလျက်၊ တက်သစ်သော နေလုလင်တထောင်၏ အရောင်အသရေထက် လည်း ကဲတက်လွန်မြတ်၏။ ဣဿရိယစသော ဘုန်းတော်ခြောက်ပါး၊ လောကီတန်ခိုးရှစ်ပါး၊ လောကုတ္တရာ တန်ခိုးရှစ်ပါး တရားအပေါင်းနှင့်ပြည့်စုံသူဖြစ်၏။ သုံးဆယ့် တဘုံတွင် တစုံတယောက်သော သူမျှ အတုမရ၊ အနန္တစကြဝဠာဝိသယခေတ်ကုန်အောင်ကို မျက်တောင်တခတ် လျှပ်တပြက်မျှဖြင့်လည်း ကြွလည် ပြန်ခေါက်ရောက်တော်မူနိုင်ပေ၏။”

ဤသို့ စသည်ဖြင့် အစိန္တေယျဖြစ်သော ဂုဏ်တော်တန်ခိုးတော်ကို ချီးကျူးမြွက်ကြား၍ မြတ်စွာဘုရားသည် သံဃာတော်နှစ်သောင်းခြံရံလျက် ကြွတော်မူလာသည်။ ယနေ့ မည်သည့်စခန်းသို့ ရောက်ပြီဟု မိန့်ကြား၏။ မင်းကြီးလည်း ဝမ်းသာတော်မူသဖြင့် မထေရ်မြတ်အား ဆွမ်းဘောဇဉ် ကပ်လှူပြီးနောက် သား ဘုရားအတွက်လည်း ဆွမ်းဘောဇဉ် ကပ်လှူလိုက်သည်။

ကာဠုဒါယီထေရ်သည် သုဒ္ဓေါဒနမင်းကြီးထံ နေ့စဉ်ကြွကာ မြတ်စွာဘုရား မည်သည့်စခန်း ရောက်ပြီဟု သတင်းပေးသည်။ မင်းကြီးလှူသော ဆွမ်းကိုယူ၍ မြတ်စွာဘုရားအား ကပ်လှူသည်။ ထို့ကြောင့်ကာဠုဒါယီထေရ်သည်ကုလပ္ပသာဒတေဒဂ်ရတော်မူပေ၏။

တနေ့ တယူဇနာနှုန်းကြွသဖြင့် နှစ်လမြောက်မှကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်သို့ ဆိုက်ရောက်တော်မူလေ၏။ သာကီဝင်မင်းအပေါင်းတို့သည် ဤဘုရားကား ငါတို့တူတည်း၊ ငါတို့ညီတည်း စသည်ဖြင့် သဘောထားကာ ငယ်ရွယ်သူများအား ရှေ့တန်းတင်ကာ ရှိခိုးစေပြီး မိမိတို့မူ ပုန်းလျှိုးကာ ရှိမခိုးဘဲနေသဖြင့် ဆွေတော်မျိုးတော်အပေါင်း မာန်မာနကျစိမ့်သောငှာ ရေမိုးအစုံ ယမိုက်ပြာဋိဟာကို ပြတော်မူ၏။

သုဒ္ဓေါဒနမင်းကြီးက စ၍ ရှိခိုးသဖြင့် ရှိမခိုးဘဲ နေဝံ့သူ မရှိတော့ချေ။ ထိုနေ့ညတွင် တရားနာပြီးနောက် ပြန်သွားကြရာ နက်ဖြန်အတွက် မည်သူကမျှ ဆွမ်းဖိတ်ခြင်းမရှိချေ။ထို့ကြောင့် နောက်တနေ့တွင် သံဃာတော်နှစ်သောင်း ခြံရံ၍ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်တော်မူ၏။ တမြို့လုံးလည်း ရှုန်းရင်းတက်မျှ တအံ့တဩ ပြောကြဆိုကြလေရာ ယသော်ဓရာမင်းသမီး ကြားလတ်သော်....

မောင်တော်မင်းသားသည် သိကြားမင်း၏ အသရေကဲ့သို့ ခြွေရွှေဝန်းလျက် ဆဒ္ဒန်ပြောင်သင့် ရွှေထမ်းစင်နှင့် အစဉ်သွားမြဲဖြစ်ပါလျက် ယခု ခွက်လက်စွဲ၍ ဆွမ်းခံ၏ဟူသည်မှာ တင့်တယ်ပါလိမ့်လောဟူ၍ နန်းပြတင်းကိုဖွင့်၍ မျှော်လင့်သည်

တွင် ရောင်ခြည်တော်ခြောက်စိုင်သည် တပြိုင်နက် ထွန်းလင်းလျက် * သင်းကျစ်တော်မျှားမှ ဖဝါးအပြင်တိုင်အောင် မအုံ့ကြနိုင်သော ဘုရားအသရေတော်ကို မြင်၍ နရသီဟာမည်သော ရှင်ဂါထာတို့ဖြင့် လွန်စွာချီးမွမ်းလျက် လွမ်းမောဆွတ်လွတ်ကြည်ညွတ်မြတ်နိုးလှသဖြင့် ** ပရိဒေဝသဘောဖြစ်၏။

သုဒ္ဓေါဒနမင်းကြီးလည်း ရုတ်ရုတ်သဲသဲဖြစ်သောသတင်းကို ကြားကာလ ပုဆိုးစကို လက်ဖြင့်မ,လျက် နန်းထက်မှသက်လာကာ မြတ်စွာဘုရားအနီးကွင် ရပ်၍"အရှင်ဘုရား၊အဘယ်ကြောင့် ကျွန်ုပ်၏အရှက်ကို ခွဲပါသနည်း။ အဘယ်အကျိုးကိုမြော်၍ တအိမ်တလုပ် ဝမ်းစာရှာဘိသနည်း။ ဤမျှသောသံဃာကို တကာတော် မကျွေးနိုင်ထင်သလော"ဟု လျှောက်လေ၏။

"တကာတော်မင်းကြီး။

ဤဆွမ်းခံသောအရာသည် ငါတို့အနွယ် အဆက်မှ လာသဖြင့်–သင့်တင့်လျောက်ပတ် ချီးမွမ်းအပ်သော အကျင့်ပေတည်း"ဟုမိန့်တော်မူလျှင် "အရှင်ဘုရား၊ မဟာသမ္မတမင်းမှစ၍ဘုရားဘိုးတော်သီဟဟနုမင်းတိုင် ၃၃၄၅၆၉ ယောက်သောအနွယ်သည် အကျွန်ုပ်တို့အနွယ်မဟုတ်လော။ ထိုမင်း အပေါင်းတို့တွင် တယောက်ကောင်းမျှ ဆွမ်းတောင်းစားသည်

---

* နားနှစ်ဖက်စွန်းမှ နဖူးပြင်ဆံစကို ညီညွတ်စွာဖုံးအုပ်သောလက္ခဏာ။

** ပူဆွေးခြင်းဖြင့် ငိုကြွေးခြင်း။

ကိုအကျွန်ုပ်တို့ကြားဘူးပါဟုလျှောက်၏။ ခမည်းတော်မင်းကြီး၊ ဤမဟာသမ္မတမင်းမှ လာသော * ရာဇပဝေဏီသည်ကား မင်းတရားတို့၏ အနွယ်သာတည်း။ တကာတော်သား ငါဘုရားမူ ရှေးဖျားလွန်လေသင်္ချေများစွာ ကမ္ဘာဘာဿ ဂင်္ဂါဝါလုသဲစုထပ်မျှ ပွင့်ကြကုန်သော သမ္ဗုဒ္ဓရာဇာစော မြတ်စွာတို့၏ မဟာဝံသဖြစ်ပေသည်။ ထိုဘုရားတို့သည် ဖိတ်ကြားအပ်သော ဒါယကာ မရှိမူ ဆွမ်းခံ၍သာစားမြဲ ဓမ္မတာဖြစ်သတည်း"ဟု မိန့်တော်မူကာ တရားဟော၏။

ထို့နောက် နန်းတော်ထက်သို့ ကြွ၍ဆွမ်းဘုဉ်းပေးတော်မူရာ နန်းတွင်းရှိသမျှလူများ လာရောက်ဖူးမြော်ကြသော်လည်း ** ယသောဓရာ ဗိမ္ဗာဒေဝီသည် ထွက်၍မဖူးပေ။ "အကယ်၍ အကျွန်ုပ်ကျေးဇူးရှိသည်ကို ထောက်မြော်၍ သနားတော်မူပါလျှင် ကိုယ်တော်ဝင်၍ ကြွလာပါလိမ့်မည်။ သို့ကြွလာမှသာ ပူဇော်ပါမည်"ဟုဆို၍နေ၏။

ထိုအကြောင်းကို နန်းသူနန်းသားတို့က ကြားလျှောက်ကြသော်၊ မြတ်စွာဘုရားသည် မင်းကြီးအား သပိတ်ကမ်း၍ အဂ္ဂသာဝကနှစ်ပါးကို ခေါ်ကာ ယသောဓရာမင်းသမီး၏နေရာတိုက်ခန်းသို့ ဝင်တော်မူ၏။ ယသောဓရာမင်းသမီးလည်း ပန်းကြီး ခုံမင်စွာလာ၍ ခြေဖမျက်တော်ကို လက်ဖြင့် ပိုက်လျက် ဖမိုးတော်ထက်၌ မျက်နှာဦးခေါင်းကိုထား၍ ဖဝါးတော်

---

* ရှေးမင်းစဉ်ဆက်။

** ရံရွှေတော်ပေါင်း ကောင်းစွာ ဆောင်နိုင်သော ရွှေအဆင်းကဲ့သို့ လှသောမိဖုရား။

မြတ်ကိုနမ်းကာ ခြင်းရာစကားဘယ်သည်များမှမကြားနိုင်စွာ၊ မျက်နှာမျက်ရည်မဆည်နိုင်ပြီးဖြိုင်ဖြိုင်စီးလျက် သက်ကြီးရှိုက် ငင်ဘဝင်ပြောင်းပြန်လန်လုမတတ်ဆံဖြင့်ပွတ်သပ် ပါးပြင်ဖြင့် အပ်၍ အထပ်ထပ်ရှိခိုးလေသည်။

ထိုအခါ ခမည်းတော်မင်းကြီးကချေးမတော်၏ ဂုဏ်ကျေး ဇူးများကို ထုတ်ဖော်ချီးမွမ်းလျှောက်ထားသဖြင့် မြတ်စွာ ဘုရားသည်စန္ဒကိန္နရီဇာတ်ကိုဟောတော်မူပြီး နောက်ကျောင်း တော်သို့ ကြွတော်မူလေ၏။

ရေဝဲလိုက်သကဲ့သို့

သုဒ္ဓေါဒနမင်းတရားလည်း မြတ်စွာဘုရား ကပိလဝတ် ပြည်သို့ ရောက်၍ သုံးရက်မြောက်နေ့တွင် သားတော်နန္ဒမင်း သားကို သမီးတော်ဇနပဒကလျာဏီနှင့်ဖက်၍ အိမ်ခေါ်နှင်းရန် မင်္ဂလာငါးပြောသဘင်ကို ကျင်းပ၏။ မြတ်စွာဘုရားလည်း ဆွမ်းခံဝင်တော်မူ၍ မင်္ဂလာမဏ္ဍပ်တွင်းဝင်ကာ ထူးမြတ်သော တရားကို ဟောကြားအပြီး၌ နန္ဒမင်းသားအား သပိတ်ကမ်း ၍ ကြွလေ၏။

မင်းသားမှာ နှောင်ဘော်အား ရှိသေခြင်း ပြင်းရကား သပိတ်ကို မည်သူ့မျှလည်း မပေးဝံ့၊ မြတ်စွာဘုရားထံလည်း ပြန်မကပ်ဘဲ ဘုရားမြင်သာသော နေရာမှ လူယောင်ပြ၍ လိုက်ပါလာရသည်။

ဇနပဒကလျာဏီလည်း သတင်းကြားသဖြင့် လျင်စွာထ မျှော်၍မောင်တော်၏အမူအရာကိုမြင်လျှင် ရင်အုံ၌ရေဝဲလှိုက်

သကဲ့သို့ ရှိက်ရှိက်ဘုန်မျှ ဆွတ်မောလှ၍ စီးကျသောမျက်ရည် ဖြည့်အပ်သောဆံတို့ဖြင့် ငယ်သံငယ်မှုကိုဖြစ်စေလျက် အရှင့် သားရှည်လျားစွာမနေပါလင့်၊လျင်စွာပြန်ခဲ့လောဟုလျှောက် လိုက်၏။ ထိုစကားသည် နန္ဒမင်းသား၏ သည်းကြားဝမ်းပြင် ၌ တံကျင်လျှိုသကဲ့သို့ပါလာ၏။

ဗုဒ္ဓမြတ်စွာသည် ကျောင်းတော်သို့ရောက်လျှင် "ညီတော် နန္ဒ၊ ရဟန်းပြုနိုင်ပါမည်လား"ဟု မေးတော်မူ၏။ နန္ဒမင်းသား မှာ နောင်တော်အား ရိုသေလှသဖြင့် ဆန့်ကျင်စကားမဆိုရဲရ ကား၊ ရှင်သာရိပုတြာထံတော်၌ ရဟန်းပြုရလေ၏။သို့သော် နန္ဒရဟန်းသည် သာသနာတော်၌ မပျော်ပိုက်၊ ဇနပဒကလျာ ဏီ၏မှာလိုက်သံကိုကြားယောင်လျက် လူထွက်ရန်သာ အား သန်နေခဲ့သည်မှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သည်အထိဖြစ်ချေ၏။

ထိုအကြောင်းကို မြတ်စွာဘုရားလည်း နန္ဒရဟန်း၏လက် မောင်းကို ကိုင်ဆွဲလျက် တောမြိုင်စခန်းသို့ ကြွတော်မူလာ၏။ တောခရီး၌ မီးလောင်ပြင်စု၊ တခုသော သစ်ငုတ်ဘိုဝယ် အိုမင်းကိုင်းကိုင်းနှင့် လူတိုင်း စက်ဆုပ်ဘွယ်ရှိသော မျောက် မတခုကိုမြင်လျှင် ထိုတွင်ရပ်လျက် လက်ညှိုးညွှန်တော်မူပြီး သော်....ထိုမျောက်မနှင့် ဇနပဒကလျာ ဤနှစ်ဖြာသည် သွင် ပြင်မူရာဘယ်သူကသာသနည်းဟု မေးတော်မူ၏။

ညီတော်လည်းအလွန်ဝမ်းနည်းရကား၊ သည်းစွာငိုကြွေး မြည်တမ်းလျက် "ရဟန်းမင်းသည် ကိုယ်ချင်းမစာ၊ မညှာမရှု ပြုတော်မူဘိသည်"ဟု လျှောက်သော် တာဝတိံသာ နတ်

ပြည်သော်ဆက်လက်ခေါ်သွားရာ သိကြားမင်းအားခစားအံ့သောငါ တင့်တယ်စွာ တန်းဆာဆင်ယင်လျက်လာကုန်သော ခိုခြေအသွင်နီလွင်တောက်ပ အလွန်လှသော အဆင်းရောင်ရှိကုန်သောငါးရာမျှလောက်သော နတ်သမီးတို့ကို ခရီးရင်ဆိုင်တွေ့ကြသဖြင့် ပြတော်မူပြီးသော်....

"ယခုမြင်သော နတ်ကညာတို့နှင့် သာကီဝင်မင်းစစ်ညီ ချစ်နှမဇနပဒကလျာကီသည်၊ ဘယ်သူကသာ၍ ဆင်းဝါလွန်ကြူး အထူးတင့်တယ်ဘိသနည်း" ဟု မေးတော်မူ၏။ ညီတော်မြတ်လည်း "ရွှေဘုန်းတော်ရှင်သခင်ဘုရား၊ ငါးရာမျှလောက်သော ဤနတ်သမီးတို့နှင့် စာနာမူ....ဇနပဒကလျာသည် မီးလောင်ရာ မြေအပြင်တွင်ယခင်ပြခဲ့သောမျောက်အိုမနှင့်သာတူပါတော့သည်ဘုရား" ဟုလျှောက်၏။

မြတ်စွာဘုရားသည် နတ်သမီးများကို အကြောင်းပြု၍ လက္ခဏာရေးသုံးပါးနှင့်စပ်သော တရားဒေသနာကို ဂါထာဖွဲ့သီ၍ပေးသဖြင့် နေ့ညမခြားတိုင်လျက်သာလျှင် နတ်သမီးကို ရစိမ့်သောငှါ သာသနာတော်၌ ရဟန်းပြုလေသည်ဟု ကျီငယ်ခံရ၏။

ထို့ကြောင့်ကွယ်ဝှက်ရာ၌ ပုန်းအောင်းစီးဖြန်း၍ စီးဖြန်းဖန်များသော် တရားတော်၏အနက် အဓိပ္ပာယ်သည် မျက်စိဝယ် မြင်ရသကဲ့သို့ထင်လာရကား မကြာမြင့်မီ အရဟတ္တဖိုလ်သို့ရောက်၏၊ နတ်သမီးကိုလည်း အလိုမရှိတော့ပါဟု မြတ်စွာဘုရားအား လျှောက်ကြား၏။

အရှင်နန္ဒရဟန္တာဖြစ်၍ နှစ်ရက်သုံးရက်မြောက်လျှင် လူ့

ဘဝ၌ တောင့်တခြင်းကင်းပြတ်ပြီဟူသောအရှင်နန္ဒ၏ စကား ကိုသံဃာတို့မယုံကြည်သဖြင့် မြတ်စွာဘုရားထံ လျှောက်သား ကြ၏။ မြတ်စွာဘုရားလည်း....

"သင်ချစ်သားတို့။

နန္ဒမင်းသားသည် ရှေးရှေးသော ခနေ့များက ပျက်ပြား သော အမိုးအကာရှိသောအိမ်နှင့် တူသည်။ယခုမူကား လုံခြုံစွာ မိုးကာ ပိတ်ဆို့အပ်သော အိမ်နှင့် တူပေပြီ။ ယင်လေသာဟူသောနေပူ လေပြင်း မိုးညှင်းမိုးပေါက်တို့သည် မဖောက်ထွင်း နိုင်ပြီ"ဟု ဟောတော်မူ၏။

လူ့သစ်ငုတ်ပမာ

ထို့နောက်မှ ခုနစ်ရက်မြောက်သောအခါ ရာဟုလာ မင်း သားလည်း မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူရာအနီးသို့ ကပ်၍ ဖခင်၏ ချစ်ခြင်းဖြင့် ရဲတင်းရွှင်လန်းစွာ မိမိနှင့်လျော် ရာများနှာသော စကားတို့ကို ဆိုလျက်ရပ်၏။ ပျောက်ကွယ် သွားသော တယူဇနာနှင့်သုံးဂါဝုတ်ကျယ်သော ရွှေအိုးကြီး လေးလုံးကို အမွေအဖြစ်တောင်းခံရန် မယ်တော်ကလွှတ်လိုက် သောကြောင့် ချဉ်းကပ်လာခြင်းဖြစ်၏။

ဆွမ်းဘုဉ်းပေးပြီး၍ မြတ်စွာဘုရား ကြွတော်မူလေသော် ရာဟုလာသည် သင်္ကန်းစကိုဆွဲလျက် လိုက်လာကာ "ဖခင် ရဟန်းမြတ်၊အကျွန်ုပ်အား အမွေသနားတော်မူပါ၊ အဖဥစ္စာ ဟူကသားရမြဲဓမ္မတာ ဖြစ်ပါသည်"ဟု ဆိုကာ လိုက်လာရာ နိဂြောဓာရုံ ကျောင်းသို့ ရောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ငါ့သား ရာဟုလာသည် ဥစ္စာအမွေကို အလိုရှိ၏။ ထိုဥစ္စာကား ဝဋ်တရား၌ ရှည်လျားစွာ ကျင်လည်ရကြောင်း မကောင်းသော အဆောက်အအင့်သာဖြစ်သည်။ မောင့်ဖခင် မြတ်စွာဘုရား ငါသည် ကြိုးစားကုတ်ကပ်၍ရှာသဖြင့် မဟာဗောဓိပလ္လင်ရွှေဘုံ၌ အလုံးစုံရအပ်သော လောကုတ္တရာဓမ္မအမွေကိုသာ ငါပေးတော်မူမည်" ဟု မိန့်တော်မူပြီးလျှင် ရာဟုလာကို ရှင်ပြုရန် အရှင်သာရိပုတြာသို့ အပ်တော်မူသဖြင့် အရှင်မောဂ္ဂလာန်သည် ဆံချ၍ သင်္ကန်းဆည်းပေး၏။ ရှင်သာရိပုတြာသည် သရဏဂုံ ပေး၍ ရှင်မဟာကဿပက ဩဝါဒဆရာပြုရသည်။

သုဒ္ဓေါဒနမင်းကြီးသည် မြေးတော် သင်္ကန်းဝတ်လိုက်ရကြောင်းကြားသိလျှင် လွန်စွာစိတ်ဆင်းရဲရကား သားဘုရားထံချဉ်းကပ်၍-

"ခမည်းတော်မှာ အရိုက်အရာခံမည့်သူလည်း မရှိ။ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းကို အုပ်ဆောင်း စောင်မနိုင်သူလည်းမရှိပြီ။ ရာဇပဝေဏီအစီအလျဉ်ယုတ်၍လူ့ သစ်ငုတ်ကဲ့သို့ဖြစ်ချေပြီ။ အကျွန်ုပ်သည် ရတနာသုံးပါးကို လွန်စွာ လေးမြတ်သူဖြစ်ပါလျက် သားတော် မြေးတော်တို့ကို သင်္ကန်းဝတ်ပေးလိုက်ပြီကြားရသောအခါ အတိုင်းထက် အလွန် ပူပန်ဆင်းရဲကြေကွဲသောနှလုံးရှိပါသည်။ သူတထူးတို့မှာ အဘယ်ဆိုဘွယ်ရာရှိပါတော့အံ့နည်း။

အရှင်ဘုရား။

မိဖမျာ:၏ သားမြေးတို့၌ ချစ်ခြင်းသည် ရိုးတွင်းခြင်ဆီသို့ ဆိုက်တည်ပါသည်။

ထို့နောက် မြတ်စွာဘုရားသည် ပဗ္ဗဇိတသုတ်ဒေသနာကို ဟောတော်မူသော်လည်း ခမည်းတော် တောင်းပန်သော ကြောင့် မိဖတို့အနုအညတ်ခွင့်မလွှတ်သောသားသမီးကိုယူ၍ ရှင်ရဟန်းမပြုရန် ပညတ်တော်မူ၏။

စေတနာသဆီမီးပမာ

လူသုံးပါးတို့၏ ပတ္တမြား သင်းကျစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ခမည်းတော်မင်းတရားနှင့်တကွ တသိန်းကိုးသောင်းမျှသော မဟာဆွေတော်အပေါင်းတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပြီး၍ ဝါဆိုခါနီးလတ်သော် ချက်တော်သိုရာ မဟာကပိလဝတ်မှသည် ပြန်လည် ထွက်ကြွတော အနုပိယရွာ နိဂုံးသို့ ရောက်သော အခါ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ်ဟူသော မင်းသား ခြောက်ပါးနှင့် ဆတ္တာသည် ဥပါလိတို့ ရဟန်းပြုကြလေရာ အရှင် အာနန္ဒာသည် သောတာပတ္တိဖိုလ်၌ တည်၍ အရှင် ဒေဝဒတ်ကား ပုထုဇဉ်၏ အဘိညာဉ်တန်ခိုးဖြင့် ပြည့်စုံ၏။ ကျန်ပုဂ္ဂိုလ် ခုနစ်ဦးမှု မကြာမြင့်မီ ရဟန္တာဖြစ်ကြ၏။

ရှင်အနုရုဒ္ဓါ၏ ရှေးဗုဗ္ဗကမ္မကား....

လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရဘုရား ပွင့်တော်မူ၏။ ဟံသာဝတီပြည်မှ အပေါကဋ္ဌမည်သော သူကြွယ် တဦးသည် ညချမ်းအခါ၌ ပန်းနံ့သာ လက်စွဲလျက် ညချမ်းအခါ၌ မြတ်စွာဘုရား ကျောင်းတော်သို့သွား၍ တရားနာရာ မိုးလွှမ်းကွယ်ဝှက်သောအရပ်၊ ဝေးကွာသော အရပ်၌ တည်

သော ရူပါရုံ အလွန်သေးဖွဲ့ သိမ်မွေ့သော ရူပါရုံတို့ကို မြင်နိုင်စွမ်းသောအရာ၌ရဟန်းဘပါးအား ဧတဒဂ် ထားခဲ့တော်မူသည်ကို မြင်ရ၏။ ထိုအရှင်ကဲ့သို့ဖြစ်လိုသောကြောင့် မြတ်စွာဘုရားနှင့် သံဃာတော် အရှင်မြတ်တို့အား ခုနစ်ရက်ပတ်လုံး ဆွမ်းအဖျော် လှူဒါန်းကာ နောက်ဆုံး၌ တိစီဝရိက်သင်္ကန်းကိုသံဃာစေ့ ကပ်လှူပြီး ထိုအရှင်ကဲ့သို့ဖြစ်လိုကြောင်းဆုတောင်းရာ မြတ်စွာဘုရားလည်း ဗျာဒိတ်ပေးတော်မူ၏။

ထိုသူကြွယ်သည် ဒိဗ္ဗစက္ခုဉာဏ်၏ အထောက်အပံ့အလို့ငှာ ဆီမီးကိုလည်း ကြီးကျယ်စွာ လှူဒါန်းရာ ကောင်းမြတ်သောဘဝများ၌ ကျင်လည်စုန်ဆန် နေခဲ့ရပြီး ငါတို့ဘုရားမပွင့်မီကာလတွင် တခုသော မကောင်းမှုကံကြောင့် ဗာရာဏသီပြည် သုမန သူဌေး၏အစေအပါးဖြစ်လာ၏။ ထမင်းအိုးထမ်း ယောကျ်ား၏သား ဖြစ်သောကြောင့် အန္နဘာရတွင်၏။

တနေ့သောအခါ နိရောဓ သမာပတ်မှ ထလာတော်မူသော *ပစ္စေကဗုဒ္ဓါတပါးအား လင်ရောမယားပါ မစားဘဲရှိစုမဲ့ဘို့ထမင်းဟင်းကို လှူလိုက်ကြ၏။ အလိုရှိက ခဏချင်းပြည့်စေသော၊ ထမင်းဖြစ်ရာ အရပ်သော်မျှ မသိရလိုသောဆုတောင်းကြ၏။ သုမနသူဌေး၏ပြာသာဒ်ထက်မှ ထီးချက်စောင့်နတ်သမီးသည် အန္နဘာရလင်မယား၏ ကောင်းမှုကိုသုံးကြိမ်သာဓုခေါ် လေရာသူဌေးလည်း အန္နဘာရတို့၏ကောင်းမှုကိုငွေ

---

* သာသနာပအခါ၌ငါးပါးဆယ်ပါး ငါးရာတထောင်စသည်ဖြင့် အသီးအစားပွင့်သော ဘုရားငယ်။

ပေး၍ဝယ်၏။ တသပြာမှ တထောင်အထိ တိုးပေးသော်လည်း မရောင်းသဖြင့် အမျှဝေပါ တောင်းပန်၏။ အန္နဘာရသည် ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ လျှင်စွာလိုက်၍ အကျိုးအကြောင်း လျှောက်ထားရာ အရှင်မြတ်က....

''ဒါယကာ၊ သင်တို့အိမ်တွင် ညအခါ၌ ထွန်းထားသော ဆီမီးကို သူတပါးတို့ မီးစာဖြင့် ကူးညှိလာအံ့၊ ထိုအခါရှေးဦးစွာထွန်းညှိထားသောဆီမီးရောင်သည် နည်းပါးကုန်ခန်းသွားသလော''ဟု မေး၏။

''မညှိုးမှိန် မကုန်ခန်းပါ တိုး၍သာ တင့်တယ်ပါသည်' ဟု လျှောက်၏။

''ဒါယကာ၊ ဤအတူပင် သင်၏ကုသိုလ်အဖို့ကို သူတပါးအား ပေးဝေငြားသော်လည်း ကုန်ခန်း လျော့ပါးသည်မရှိ တိုး၍သာ ကုသိုလ်တရားပွားများဘိသည်။ ရဟန်းတဦးအား တသပိတ်သော ဆွမ်းကို လှူဒါန်းပြီးသော် လူဘကျိပ်အား အမျှပေးဝေအံ့၊ ဆယ်သပိတ် လှူသည်ပင် မည်၏။ တရာတထောင်သောသူတို့အား အမျှပေးဝေအံ့၊ ဆွမ်းကို ပေးဝေလော''ဟု မိန့်တော်မူ၏။

အန္နဘာရလည်း သုမန သူဌေးအား သဒ္ဓါတရားဖြင့်သာ အမျှပေးဝေသဖြင့် သူဌေးကလည်း အသပြာကို သဒ္ဓါဖြင့် ပေးလေ၏။ ထိုသတင်းကို ပြည့်ရှင်မင်း ကြားပြန်သော် သင့်တင့်သော ချီးမြှောက်မှု ပြုရန် ပြင်ဆင်ရာမှစ၍ မဟာသုမန သူဌေးကြီးအဖြစ်သို့ ရောက်ခဲ့၏။

ထိုဘဝက ဆုတောင်းကြောင့် အနုရုဒ္ဓါ မင်းသားသည် မရှိမှု ဟူသည့်အကောင်းဆုံး မှု တမျိုးပါတကားဟု ထင်နေခဲ့သူဖြစ်ပေသည်။

ချေးကြီးအိုက်မှုကြောင့်ကြသူ

အရှင်ဘဒ္ဒိယမထေရ်၏ ရှေးပုဗ္ဗကမ္မမှုကား....

ဘဒ္ဒိယအလောင်းသည်ပဒုမုတ္တရ မြတ်စွာဘုရားပွင့်တော်မူစဉ်ဝယ် သူကြွယ်ဖြစ်ခဲ့၏။ တေဒဂ်ရ ရဟန္တာတပါးကို စံထားကာ မြတ်စွာဘုရားနှင့် သံဃာတော် တသိန်းအား ခုနစ်ရက်ပတ်လုံး ဆွမ်းအဖျော်တို့ဖြင့် ပူဇော်လုပ်ကျွေး၍ ခုနစ်ရက်မြောက်သောနေ့၌ အဖိုးများစွာ ထိုက်သော ညောင်စောင်းငယ် တင့်ဘယ် ကောင်းမြတ်လှသောကော်ဇောအခင်းလဲဖြင့် သွတ်အပ်သော မွေ့ရာအခင်း၊ ရွှေချည်ဖြင့် ရက်အပ်သော အခင်းတို့ကို ခင်းလျက် မျက်နှာကျက် ဗိမာန်နှင့် ဘက္ကသော အိပ်ရာနေရာကို သံဃာစေ့ လှူဒါန်းပြီးသော်–

"အရှင်ဘုရား၊ ဤကောင်းမှုကြောင့် နောင် ဘုရားတို့၏ အထံတော်ဝယ် ယခုအခါ တေဒဂ်ရသော အရှင်ကဲ့သို့ ထင်ရှားမြင့်မြတ်စွာ ဥစ္စာကုလ တေဒဂ်ရသော မဟာသာဝက ဖြစ်ရပါလို၏။" ဟုဆုတောင်း၏။ မြတ်စွာဘုရားလည်း ဗျာဒိတ်ကြားတော်မူ၏။

သူကြွယ်သည် ဘဝပေါင်းများစွာ ကျင်လည်ခဲ့ရာ *ဥစ္စာကုလချည်းဖြစ်၍ ဂေါတမဘုရားလက်ထက်တော်၌ ကပိလဝတ်

* မြင့်မြတ်သောတမျိုး။

ပြည်သူဒွေ ဒါနမင်း၏ နှမတော်ဖြစ်သော ကာဋ္ဌိဝေါခါမိဖုရား၏ သားဖြစ်လာကာ အရွယ် ရောက်သောအခါ တဆယ့်ငါးယူဇနာရှိသော အရပ်၌ ပဒေသရာဇ် မင်းအဖြစ်ကို ရရှိ၏။ မင်းစည်းစိမ်ကိုစွန့်ပြီး ရဟန်းပြုလာခြင်း ဖြစ်မေသည်။

ရဟန်းတော်အရှင်ဘဒ္ဒိယသည် တောတောင် သစ်ပင်ရင်းစသော ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်မိသောအခါတိုင်း "ချမ်းသာစွ၊ ချမ်းသာစွ" ဟု ဆိုလေ့ရှိရာ ရဟန်းတို့မှ တဆင့်မြတ်စွာဘုရား ကြားတော်မူသော် ခေါ်တော်မူ၍—

"ချစ်သားဘဒ္ဒိယ၊ တောဖျား တောင်ခြောက် သစ်ပင်အောက်သို့ရောက်တိုင်း *ဥဒါန်းကျူး၏ဟူသည် မှန်သလော" ဟု မေးတော်မူ၍ မှန်ကြောင်းဝန်ခံ လျှောက်ထားရာ "သင်ဘယ်သို့သော အကျိုးဆက်ကိုမြင်၍ ရွှင်ရွှင်လန်းလန်း ချမ်းသာစွဟုဆိုဘိသနည်း" ဟု မေးတော်မူပြန်၏။

"အရှင်ဘုရား။

အကျွန်ုပ်သည်ရှေးလူမင်းစည်းစိမ်ဖြင့်နေသောကာလအိမ်တွင်းအိမ်ပလည်းကောင်း၊ မြို့တွင်းမြို့ပြင်၌လည်းကောင်း၊ အစောင့်အရှောက်ကိုများစွာထားလျက် သွားခြင်း၊ ရပ်ခြင်း၊ ဥယျာဉ်ဝင်ခြင်း စသည်ကို ပြုသောအခါ လွန်စွာထိတ်လန့်တုန်လှုပ်ပါသည်။ ကြက်သီး ဖြိုက်ဖြိုက် ချွေးကြီး အိုက်မျှကိုယ်၌ကြောင့်ကြရပါသည်။ ယခုမူကားတစ်ယောက်တည်းပင်

* ဝမ်းမြောက်၍ ကျူးရင့်သီဆိုခြင်း။

သွားလာ ရပ်ထိုင်ခြင်းကို ပြုသော်လည်း ကြောက်ရွံ့မှုမရှိပါ ပြီ။ထို့ကြောင့် ဝမ်းမြောက် လှ၍ ဥဒါန်းကို မြည်ဘင်းခဲ့ ပါသည်”ဟု လျှောက်၏။

အရိပ်ကဲ့သို့ထက်ကြပ်ပါသူ

အရှင် အာနန္ဒာ၏ ရှေးပုဗ္ဗကမ္မ သော်ကား ဤသို့တည်း။

လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ လူတို့အသက် တသိန်း တမ်းတွင် ပဒုမုတ္တရ မြတ်စွာဘုရား ထင်ရှား ပွင့်တော် မူရာ အာနန္ဒာအလောင်းသည် မြတ်စွာဘုရား၏ ညီတော်အငယ် သုမနမင်းသား ဖြစ်၏။ တနေ့သော် မြတ်စွာဘုရား စံတော် မူရာ ဂန္ဓာကုဋိတိုက်သို့ အခြားသော ရဟန်းများ ထွက်ဝင် သွားလာရန် မစံ့သည့်ကြားမှ ဝင်ထွက် လျှောက်ထားနိုင် သော အလုပ်အကျွေးရဟန်းတပါးကို မြင်လေသည်။

ထို့ကြောင့် ခမည်းတော်မင်းကြီး ဆုပေးသော လုပ်ကျွေး ခွင့် သုံးလအတွင်း မြတ်စွာဘုရားနှင့်သံဃာတော် တသိန်း တို့ အား ပစ္စည်းလေးပါး ဒါယကာခံယူပြီး ဆယ်ပါး သီလကို ဆောက်တည်၏။လုပ်ကျွေးခွင့်ကုန်ဆုံးချိန်တွင်လည်းတဆောင် တန် တိစီဝရိက် သင်္ကန်းနှင့် ပရိက္ခရာကို သံဃာစေ့ကပ်လှူ ကာ“နောင်မြတ်စွာဘုရားတို့၏သာသနာ၌ လွန်စွာ ချစ်ကျွမ်း ဝင်သော ဘုရားအလုပ်အကျွေးဖြစ်ရပါလို၏” ဆုတောင်း၏။

ပဒုမုတ္တရ မြတ်စွာဘုရားလည်း အနာဂတံသ ဉာဏ်ဖြင့် ကြည့်စုံလတံ့သည်ကိုမြင်သော် *ဗဟုဿုတလွှဘုရားအလုပ်

---

* ဗဟုဿုတလ္လဘ —ဘုရားနှင့် အကျွမ်းဝင်သူ။

အကျွေးဖြစ်လတံ့ဟု ဗျာဒိတ်ပေးတော်မူ၏။ ကဿပမြတ်စွာဘုရားပွင့်တော်မူသော အခါတွင်လည်းကောင်း၊ ဗာရာဏသီမင်းကြီး ဖြစ်တော်မူစဉ်တွင် လည်းကောင်း၊ ကြီးမားသောကုသိုလ် ကောင်းမှုများ ပြုခဲ့ကာ ငါတို့ဘုရား လက်ထက်၌အမိတ္တောဒနမင်း၏ သားတော် ဖြစ်လာပြီးလျှင် ရဟန်းပြုခဲ့ခြင်းဖြစ်၏။ငါတို့မြတ်စွာဘုရားလည်း ဝါနှစ်ဆယ်တိုင်အောင်ပင် အလုပ်အကျွေးပြုသူ အတည်တကျမရှိသေးချေ။

နာဂသမာလထေရ်၊ နာဂိတထေရ်၊ ဥပဝါနထေရ်၊ သုနက္ခတ္တရဟန်း၊စုန္ဒသာမဏေ၊ သာဂတထေရ်၊ ရာဓထေရ်၊ မေဃိယထေရ်တို့ အတည်တကျမရှိဘဲ ရံဖန်ရံခါ လုပ်ကျွေးကြ၏၊ ၎င်းတို့ လစ်လပ်မှ အရှင်အာနန္ဒာလုပ်ကျွေးရသည်။

သို့ရာတွင် အလုပ်အကျွေးများသည် အဆင်ပြေအောင် မဆောင်ရွက်ကြပေ။ ထို့ကြောင့် မြတ်စွာဘုရားသည် အမြဲလုပ်ကျွေးသော ရဟန်းကို လိုသည်ဟု မိန့်တော်မူရာ အရှင်သာရိပုတြာ၊ အရှင်မောဂ္ဂလာန်၊အရှင်ဥပါလိ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဘဒ္ဒိယတို့ လုပ်ကျွေးခွင့် တောင်းကြရာ ခွင့်ပြုတော်မမူပေ။ထိုခွင့်တောင်းသူများထဲတွင် အရှင်အာနန္ဒာမပါသဖြင့် သံဃာတော် များက အရှင်အာနန္ဒာအား တိုက်တွန်းသော်လည်း အရှင်သည် ခွင့်မတောင်းချေ။

"ချစ်သားရဟန်းတို့၊ အာနန္ဒာသည် ငါဘုရားကိုလည်း အလွန်ချစ်ခင်၏။သူတပါးတို့ထက်လည်းအားထုတ်ခြင်းဝီရိယလုံ့လဖြင့်ပြည့်စုံ၏။ဤအာနန္ဒာပင်ကောင်းစွာအခွင့်သိ၍ ငါဘုရားအားလုပ်ကျွေးလတံ့"ဟု မြတ်စွာဘုရား မိန့်တော်မူမှ

အရှင်အာနန္ဒာသည် ထ၍ ရှိခိုးပြီးသော် လေးပါးသောဆုကို ပယ်၍ လေးသွယ်သောဆုကို သနားပါမူ လုပ်ကျွေးပါအံ့ ဟု လျှောက်၏။

ပယ်လိုသော ဆုလေးပါးကို မေးတော်မူသဖြင့် လျှောက်ကြားသည်မှာ....

(က) အရှင်ဘုရား ကိုယ်တော်မြတ် သည် ရအပ်သော ဆွမ်းဖြင့် မချီးမြှောက်ခြင်း။

(ခ) မွန်မြတ်သောသင်္ကန်းပစ္စည်းဖြင့် မချီးမြှောက်ခြင်း။

(ဂ) ကိုယ်တော်မြတ် ကျိန်းဝပ်သော ဂန္ဓကုဋီသို့ဝင်၍ မအိပ်ရခြင်း။

(ဃ) ဆွမ်းဖိတ်သောအိမ်သို့ အမြဲခေါ်၍ ကြွတော် မမူခြင်း တို့ဖြစ်၏။

ပယ်လိုသည့်အကြောင်းကား....

အာနန္ဒာသည် ဘုရားချီးမြှောက်သော ဆွမ်းသင်္ကန်းကို ရသည်။ ဘုရားနှင့် တခန်းတည်း အိပ်ရသည်။ ဒါယကာတို့ မြတ်စွာဘုရားအား ပင့်ဖိတ်ရာသို့ အတူမကွာ ပါရသည်။ ထို့ကြောင့် လုပ်ကျွေးပြုစုသည်။ ငါတို့ကား အာနန္ဒာနှယ်အခွင့် အရေးမရ၍ လုပ်ကျွေးဘွယ်မရှိဟု ဆိုကြဘိရာ၏။

ယူလိုသော ဆုလေးပါးကား....

"အရှင်ဘုရား။

* သဒ္ဓါပသန္နရှိသောအမျိုးသားတို့သည် မြတ်စွာဘုရားကိုပင့်ရန် အခွင့်မရသောအခါ အကျွန်ုပ်ထံသို့လာ၍ "နက်ဖြန်

---

* သဒ္ဓါပသန္န- သဒ္ဓါ ကြည်ညိုသော။

ကျွန်ုပ်အိမ်သို့ မြတ်စွာဘုရားနှင့်တကွ ကြွ၍ ဆွမ်း သက်န်း အလှူခံတော်မူပါ"ဟုလျှောက်ကြားလတ်၊ ထိုအခါအကျွန်ုပ် တောင်းပန်၍ ခွင့်မရခဲ့သော်ငြား....

အဝေးမှ ရောက်လာသော ပရိသတ်တို့သည် မြတ်စွာ ဘုရားကို ဖူးမြင်လို၍ အကျွန်ုပ်သို့ ကပ်လာသောကာလ ဖူး မြင်ရအောင် မပြုနိုင်သော်ငြား....

လူအပေါင်းတို့ ဤသို့ဆိုဘွယ်ရှိပါသည်။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အလွန်လုပ်ကျွေး ခယလျက် ဤမျှသောအခွင့်ကိုမျှ ဘုရားမှ စတော်မမူ၊ ဝတ် တုံ့ရှိ၍သာ ပြုရှာရသည်ဟု ဆိုကြလတ်၊။

အကျွန်ုပ်သည်ခက်ခဲသောအရာ၌ * သက်ာယနရှိ၍ ထိုသံ သယကို ကင်းစိမ့်သောငှာ အထံတော်သို့ ကပ်လိုသောခဏ၌ ကပ်ခွင့်မရသော်ငြား၊ တပါးသောသတ္တဝါအား ဟောကြား ခဲ့သော တရားကို အကျွန်ုပ်အား သင်ကြားတော် မမူသည်ဖြစ် အံ့၊ ကိုယ်တော်မြတ်၏ ကွယ်ရာ၌ အကျွန်ုပ်၏ ထံသို့ လာ၍ 'အရှင်အာနန္ဒာ ဤဒေသနာကား သုတ်လော -ဝိနည်းလော အဘိဓမ္မာလော၊ အဘယ်အရပ်၌ အဘယ်ဇာတ်၊ အဘယ်တရား ကို ဟောကြားသနည်း' စသည်ဖြင့် မေးလျှောက်သောကာလ မဖြေဆိုနိုင် ရှိပါလိမ့်မည်ဘုရား။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ၌ သွား လေရာပါသော အရိပ်ကဲ့သို့ ဖဝါးခြေထပ် ထက်ကြပ်ပါသူဖြစ်

---

* သက်ာယန....ယုံမှားခြင်း။

လျက်၊ ဘုရားဒေသနာကို ရှိသေစွာမမှတ်ဘိ၊ သိသင့်လျက်မျှ မသိရှာလေဟု ကဲ့ရဲ့လေရာသည်။ ထို့ကြောင့် ဤဆုလေးပါးကို အကျွန်ုပ် ရလိုပါသည်''ဟု လျှောက်၏။

မြတ်စွာဘုရားလည်း အရှင်အာနန္ဒာတောင်းသော ဆုများကို ခွင့်ပြုတော်မူရာ အလွန်ထကြွလုံ့လဖြင့် အပြစ်ကင်းစင်စွာ ဝတ်ကြီးဝတ်ငယ်ပြု၍ လုပ်ကျွေးသဖြင့် ဧတဒဂ်ငါးတန်ဖြင့် * ဓမ္မဘဏ္ဍာဂါရိကအရာ ထားတော်မူလေ၏။

ကျောက်ဖျာ ထက်၌ စိုက်သောမျိုးစေ့

အရှင်ဥပါလိမထေရ်၏ ရှေးပုဗ္ဗကမ္မသော်ကား ဤသို့ဖြစ်ပေသည်။

လွန်ခဲ့သောကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူရာ အမိုးအကာမရှိ လွင်တီးခေါင်၌ တရားဟောနေသော မြတ်စွာဘုရားကို ဖူးမြင်ရသဖြင့် ဥပါလိအလောင်း သုနန္ဒာရသေ့သည် ပန်းအမိုးဖြင့် ပူဇော်၏။တရားဟောတော်မူ၍ ရှစ်ရက်မြောက်သောနေ့တွင် မြတ်စွာဘုရားသည် ရဟန်းတပါးကို **ဝိနယဓရအရာ၌ ဧတဒဂ်ထားတော်မူ၏။ သုနန္ဒရသေ့လည်း ထိုအရှင်ကဲ့သို့ ဖြစ်ရပါလိုသော ဆုတောင်းရာ ဗျာဒိတ်စကား ကြားနာရလေသည်။

ရသေ့သည် ဤမျှဖြင့် မရောင့်ရဲသေးဘဲ လူအဖြစ်တွင် စုဆောင်းထားခဲ့သော ဥစ္စာရတနာများဖြင့် မြတ်စွာဘုရားနှင့်

---

* ဓမ္မဘဏ္ဍာဂါရိက....တရားဘဏ္ဍာစိုး။
** ဝိနယဓရ... ဝိနည်းဆောင်။

သံဃာတော်တို့အား * ဇရုံးအိမ်၊ ရေချိုးအိမ်၊ မီးထင်းကုပ်မျှ မကျန်စေရသော ပရိဘောဂနှင့်တကွ ကျောင်းဆောက်၍လှူဒါန်းပြီး ဆုတောင်းပြန်ရာ ရှေးနည်းအတိုင်း မိန့်ကြားစကားကို ကြားနာရပေ၏။

သုန္ဒရသေ့သည် ထိုဘဝမှ စုတေ၍ ဘဝများစွာ ကျင်လည်ရာက ဤဘဒ္ဒကမ္ဘာ မတိုင်မီ ရှေးကမ္ဘာတွင် ကေရာဇ်မင်း၏သား နန္ဒကုမာရဖြစ်လာလေသည်။ အဆင်းလှပခြင်း၊ စည်းစိမ်ဥစ္စာပေါများခြင်း၊ အခြံအရံကြီးကျယ်ခြင်းတို့ကြောင့် ဇာတိမာန်ဖြင့် ခက်ထန်ကြမ်းကြုတ်၏။ သူယုတ်သူကောင်း၏ ဂုဏ်ကျေးဇူးကိုလည်း မသိချေ။

ထို နန္ဒမင်းသား ဥယျာဉ်တော်သို့ ထွက်လာသော တနေ့၌ မြို့၏အပ၌အရှင်ပစ္စေကဗုဒ္ဓါတပါးကိုရင်ဆိုင်တွေ့ရာ ရှေ့မျက်နှာမှ ရှေ့ရှုလာရာသလောဟု ဒေါသမာန်စောင်ရှိ၍ မိမိစီးသောဆင်ပြောင်ကို ချွန်းဖွင့်၍ လွှတ်၏။ ဆင်ပြောင်ကြီးသည် တောမီးဟုန်းသကဲ့သို့ ကြောက်ကျိန်းဘွယ်သော အသံကို ဟစ်လျက် အရှင်မြတ်အား ထိုးဝှေ့ညှဉ်းပန်း၏။

ထို့နောက်မှ နန္ဒမင်းသားသည်ကြီးမားသော * "အရိယုပဝါဒကံကြောင့် သံကောက်ကိုမျိုမိသောငါး၊ လုံသွား၌အိပ်ရသောသူကဲ့သို့ ပူပန်သောကဗျာပါဒအပုံသည် မီးဟုန်းကဲ့သို့ တောက်၍ တချောက်ချားချား မစားနိုင်မအိပ်နိုင် ကိုယ်စိတ်နှစ်ဖြာ သက်သာရာ မရရှိ၏။

---

* ဇရုံးအိမ်...ချေးအောင်းအိမ်။

** အရိယုပဝါဒကံ....အရိယာပုဂ္ဂိုလ်ကို စွပ်စွဲသောကံ။

ထိုအကြောင်းကိုဖခင်အဋ္ဌသမင်းကြီးအား ကြားလျှောက် လျှင် ဖခင်မင်းကြီးလည်း...

"ငါ့သားမြတ်သည် လတ်တလော သေစေဘတ်သော အဆိပ်ရှိသော မြွေပွေးမြွေဟောက်ကို ကောက်၍ကိုင်ဘိသကဲ့သို့ရင်း၊ အလျှံပြောင်ပြောင်လောင်သော မီးကျီးတွင်းသို့ဆင်းဘိသကဲ့သို့ရင်း၊အမှိုက်ယစ်သောဆင်၏ စွယ်ပြောင်ကို ကိုင်ငင်ဘိသကဲ့သို့ရင်း၊ မပြုကောင်း မပြစ်မှားထိုက်သော ပုဂ္ဂိုလ်ကို ပြစ်မှားမိချေသည်။

ဤသို့သောအမှုကိုပြုခြင်းသည် ပြစ်မှားရင်း သူသာလျှင် ပျက်စီးတတ်သည်မဟုတ်။ အခြံအရံ တိုင်းနိုင်ငံသားနှင့်တကွ ပျက်စီးရအံ့သော အကြောင်းဖြစ်သည်။ ငါတို့အဆက်ကမင်း ပြုကြသော သုခမခလမင်း၊ သိဂ္ဂဝမင်း၊ သတ္တကမင်းတို့သည် ဤကဲ့သို့သောရဟန်းကောင်းအား ပြစ်မှားမိ၍ မိမိဘို့ တိုင်းနိုင်ငံနှင့်တကွ ပျက်စီးကြရဘူးလေသည်။

ထိုအရှင်မြတ်တို့သည် အကယ်၍ အမျက်ထွက်ကုန်ငြား အံ့။ ငါတို့လူကိုမဆိုထားဘိ၊ ခြောက်ပါးသောနတ်ဘုံသော်လည်း အကုန်ပျက်သုဉ်းဘိရာ၏။ ယူဇနာ ရှစ်သောင်းလေးထောင်နက်သော မဟာသမုဒ္ဒရာသော်လည်း ခန်းခြောက်ဘိရာ၏။ ဤသို့သောအရာကို ပြေပျောက်စေခြင်းငှာ သူဘပါး ပြုနိုင်မည်မဟုတ်၊ ဤအရှင်မြတ်ကိုသာလျှင် သွား၍ ပူဇော်ကန်တော့လော"ဟု ဆို၏။

မင်းသားလည်း အလွန်ထိတ်လန့်ကြောက်ရွံ့ရကား မင်းချင်းယောကျ်ားများ ခြံရံလျက် ပန်းနံ့သာစုံကာ စိုသောအ

ဝတ်၊ စိုသောဆံရှိသော ကိုယ်ဖြင့် ထိုရှင် ပစ္စေကဗုဒ္ဓါအရှင် မြတ်ထံသွား၏။ ခြေတော်ကို ဦးဖြင့်ခိုက်၍ "အရှင်ဘုရား၊ အကျွန်ုပ်အား သနားတော်မူပါသဖြင့် လှန်ကြူးမိသောအပြစ်ကို သည်းခံတော်မူပါ။ ပစ္စုပ္ပန် သံသရာနှစ်ဖြာသော ဘဝ၌ ဒုက္ခကင်းကွာအောင် မေတ္တာတရားကို ပွားတော်မူပါ" ဟု လျှောက်၏။ အရှင်ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်လည်း....

"တကာမင်းသား။

ငါ့ဘမူကား၊ ခြောက်ပါးနတ်ရွာ သုရာဂန္ဓဗ်နတ် နတ်ဘီလူး နဂါးဒါနဲ့နှင့်တကွသော သူအပေါင်းတို့သည် ငါ့ဦးခေါင်းတော်၌ သံလျက်လှံကန်နှင့်တံသံတူဖြင့်နှက်၍ အသက်ပင်ဆုံးစေကာမူ ဘယ်သူ့ကိုမျှ မာန်မူခြင်း အမျက်ထွက်ခြင်းကို ငါမပြုပြီ။

အကုသိုလ်စေတနာကို ငါပယ်ပြီးရကား၊ မီးသည် ရေ၌ မတည်သကဲ့သို့ရင်း၊ မျိုးစေ့သည် ကျောက်ဖျာထက်၌ စိုက်၍မပေါက်သကဲ့သို့ရင်း၊ ပိုးရွသည် မီးကျီစု၌ မတည်သကဲ့သို့ရင်း၊ ဘုရား ပစ္စေကဗုဒ္ဓါတို့၏ သန္တာန်၌ စောင်းမာန် ဒေါသ မတည်ချေ။ ကန်တော့ပေသော သူတို့အားလည်း ဘေးဆယ့် ခြောက်ပါးသော ဥပဒ်၊ နှစ်ဆယ့်ငါးရပ်သောဘေးသည် ကင်းဝေးလွင့်ကွာ စေသတည်း။ ဣရိယာပုတ်လေးဖြာ၌ ချမ်းသာပွားစေသတည်း"

ဟုဆုပေးလျက် သက်သာရာကိုရစေပြီးမှ ကောင်းကင်ခရီးဖြင့် ကြွသွားလေ၏။ မင်းသားလည်း ဘဝများစွာ ကျင်လည်ပြီးမှ ထိုမကောင်းမှုကြောင့် ဆင်းရဲသားမျိုး၌ဖြစ်ရ၍ ရှေး

ဆုတောင်းနှင့် ကောင်းမှုကံများကြောင့် ငါတို့ မြတ်စွာဘုရား အထံတော်တွင် ဝိနယဓရဧတဒဂ် ရတော်မူလေ၏။

မြတ်စွာဘုရား ချီးမွမ်းတော်မူပြီးနောက် အရှင်ဥပါလိသည် လူအပေါင်းတို့အား ငါးဆယ့်လေးဂါထာဖြင့် ဩဝါဒပေးရာ အချို့မှာ....

"အိုလူအများတို့။

ငါ ဥပါလိသည် ရှေးဘဝ၌ ငြိမ်သက်သော စိတ်ရှိသော၊ ကောင်းစွာတည်ကြည်သော အကျင့်ရှိသော၊ သစ္စာလေးဝ မြတ်ဓမ္မကို သိတော်မူသော ထိုအရှင်ပစ္စေကဗုဒ္ဓာကိုပြစ်မှားမိ၍ ထိုမကောင်းမှုကံကြောင့် ယခုငါသည် ယုတ်သော အမျိုး၌ ပဋိသန္ဓေနေရ၏။

သင်တို့သည် ဗုဒ္ဓုပ္ပါဒခဏကို မချွတ်မယွင်းကြစေသင့်။ ထိုစကားမှန်၏။ ခဏကို လွန်ကုန်သော သူတို့သည် လိမ္မာသော ခါစိုးရိမ်စွာဖြစ်၏။ မိမိအကျိုးစီးပွား၌ လုံ့လပြုကြကုန်။ သင်တို့သည် ဘုရားမြတ်စွာဖြစ်စဉ်ခါကို ဒါနသီလစသည်ဥဿုံပြီး ပြည့်စုံအောင် ဆောင်ကုန်လသော်။

ဘုရား အဆုံးအမတော်သည် အချို့ကုန်သော သူတို့အား ပျို့အန်စေတတ်သော ဆေးတည်း၊ အချို့ကုန်သော သူတို့အား ဝမ်းလားဆေးဘည်း။ အချို့ကုန်သောသူတို့အား လဘ်ဟလော သေစေတတ်သော အဆိပ်တည်း ။ အချို့သော သူတို့အားကား အမြိုက်ဆေးတည်း။

ကောင်းစွာ ကျင့်ကုန်သော မဂ္ဂဋ္ဌဝန်ပုဂ္ဂိုလ်တို့အားကိလေသာမရှိကို အန်စေတတ်သော ဆေးတည်း။ ဖလဋ္ဌဝန်ပုဂ္ဂိုလ်-

တို့အား ဝမ်းလားဆေးတည်း။ အကျိုးကို အလိုရှိကုန်သော ကောင်းမှုတည်းဟူသော မျိုး၏ စိုက်ပျိုးရာကို ရှာကုန်သော သူတို့အား အမြိုက်ဆေးတည်း၊ ဘုရားသြဝါဒသာသနာနှင့်ဆန့်ကျင်ကုန်သော သူမိုက်တို့အား လတ်တလော သေစေတတ်သောအဆိပ်ကဲ့သို့ဖြစ်၏။

မျက်စောင်းရိပ်ကာ သတ္တဝါကို ဖွဲ့ပြာအသွင်လျင်စွာ သေစေတတ်သော အဆိပ်ရှိသော မြွေပွေးမြွေဟောက်သည် ထိုသို့ဆန့်ကျင် ဖမ်းငင်ကိုင်ဆွဲသူကို ကိုယ်လုံး ကျွမ်းအောင် လောင်စေသကဲ့သို့ ထို့အတူသာသနာတော်သည် ထိုမထေမဲ့မြင် ဆန့်ကျင်သောသူကို ညက်ညက်ကြေအောင် လောင်စေတတ်၏။

တကြိမ်သောက်အပ်သောအဆိပ်သည် အသက်ကိုတကြိမ်ဖြတ်တတ်၏။ သာသနာတော်၌ ထိုပြစ်မှားတတ်သော သူမိုက်သည် ဆန့်ကျင်စွာကျင့်မိသော် ကမ္ဘာအကုဋေတို့ပတ်လုံး လည်းလောင်၏။

သည်းခံခြင်းဖြင့်ရင်း၊ မညှဉ်းဆဲခြင်းဖြင့်ရင်း၊ ခမေတ္တာစိတ်ဖြင့်ရင်း နတ်နှင့်တကွသောလူကိုထိုဘုရားပစ္စေကဗုဒ္ဓါရဟန္တာသည် ကယ်ဆယ်တော်မူ၏။ ထိုကြောင့် ထိုဘုရားပစ္စေကဗုဒ္ဓါသံဃာတော်တို့ကို မဆန့်ကျင်အပ်ကုန်။ ရှိခြင်းမရှိခြင်း၌မကပ်ငြိကုန်။ မြတ်နိုးခြင်းမမြတ်နိုးခြင်း၌ မကပ်ငြိကုန်။ မြတ်စွာဘုရားတို့သည် မြေကြီးနှင့်တူကုန်၏၊ ထိုကြောင့် ထိုဘုရားပစ္စေကဗုဒ္ဓ အရိယာတို့ကို မဆန့်ကျင်အပ်ကုန်။

လင်းရေး၌ စွန့်အပ်သော မစင်လိမ်းကပ်သော သင်္ကန်း

ပ့ မြင်ရဘိသော်ဦးခေါင်း၌ လက်အုပ်ချီခြင်းကိုပြု၍ အရဟတ္တဖိုလ်၏ တံခွန်ဖြစ်ပေသည်ဟူ၍ ရှိခိုးအပ်၏။

လွန်လေကုန်ပြီးသောအကြင်ဘုရားတို့သည်၎င်း၊ ဖြစ်ဆဲဖြစ်ကုန်သော အကြင်ဘုရားတို့သည်၎င်း၊ ပွင့်တော်မူကုန်လတံ့သော အကြင်ဘုရားတို့သည်၎င်း၊ ဤသင်္ကန်းတည်းဟူသော တံခွန်ဖြင့် စင်ကြယ်လှစွာကျင့်ရှာကုန်၏။ ထို့ကြောင့် ထိုသင်္ကန်းတို့ကိုရှိခိုးထိုက်ကုန်၏။ (အပဒါန် ပါဠိတော် အဋ္ဌကထာ အင်္ဂုတ္တိုရ်အဋ္ဌကထာ)။

လင်းသောမီးနှင့်လောင်သောမီး

ဓုတင်တေရသတွင် ဧတဒဂ်ရသော 'တတိယသာဝကကြီး အရှင်မဟာကဿပမထေရ်၏ ရှေးပုဗ္ဗကမ္မမှာ ဤသို့ဖြစ်သည်။

ဟံသာဝတီပြည် ခေမာဥယျာဉ်၌ ပဒုမုတ္တရမြတ်စွာဘုရား သီတင်းသုံးသောအခါ ကဿပအလောင်းသည် ဝေဒေဟ သူကြွယ်ဖြစ်၏။ မြတ်စွာဘုရားနှင့် သံဃာတော် ခြောက်သန်းကို အိမ်သို့ ပင့်ဖိတ်ကာ ဆွမ်းဘောဇဉ်လှူဒါန်းကာ တရားနာ အပြီး၌ အိမ်ရှေ့မှ ကြွသွားသော နိသဘထေရ်ကို လိုက်လံပင့်လျှောက်၏။ မထေရ်သည် စကားလည်းမဆို၊ အိမ်တွင်းလည်းမဝင်ဘဲ ကြွသွားလေရာ မြတ်စွာဘုရားကိုလျှောက်၏။

“အရှင်ဘုရား။ ဤမဟာနိသဘထေရ်ကား မြတ်စွာဘုရား ဤတွင်ရှိပါသည်၊ အိမ်သို့ကြွတော်မူပါဦးဟု ပင့်ဖိတ်သော်လည်းမဝင်လိုပါ။ ဤပုဂ္ဂိုလ်၌ ကိုယ်တော်မြတ်ထက်သာလွန်သော ဂုဏ်ကျေးဇူး အထူးရှိသလော”

မြတ်စွာဘုရားတို့မည်သည်၊ သူတထူး၏ ကျေးဇူးဂုဏ်ကို

တစုံတခုမျှကွယ်ဝှက်ဝန်တိုသည်မရှိရကား၊ ထိုနိသဘာဆရာ၏ ကျေးဇူးစကားကို မိန့်ကြားတော်မူ၏။

“ဥပါသကာ၊ဤမဟာနိသဘာသည် အဘယ်မှာ ငါတို့မျှ ကအံ့နည်း။ ငါတို့ကား ပင့်ဖိတ်လာသော ဆွမ်းကို သုံးဆောင်၏။ ဤနိသဘာထေရ်ကားမသုံးဆောင်၊ ဆွမ်းခံ၍ သုံးဆောင်သည်။ ငါတို့ကား ရွာကျောင်း၌နေ၏။ဤနိသဘာမထေရ်ကား မနေပေ၊ တောကျောင်း၌သာ မွေ့လျော်ပေသည်။ငါတို့ကား အမိုးရှိသော ကျောင်းသို့ဝင်သေး။ ဤနိသဘာထေရ်ကားမဝင်၊ ဟင်းလင်းပြင်၌သာနေသည်။”

ဤသို့ * သန္တုဋ္ဌိသလ္လေခနှင့်တကွသော အရိယဝံသဓမ္မ ကျေးဇူးကို ချီးကျူးမိန့်ကြားတော်မူလျှင် ဝေဒဟာဥပါသကာလည်း အလျှံအဝါနှင့်တကွတောက်ပသောဆီမီးဟောင်းတွင် ဆီထပ်၍လောင်းသကဲ့သို့ အတိုင်းထက် အလွန်ကြည်ညို၍ ဤပုဂ္ဂိုလ်ကဲ့သို့သော နောက်နောင်သော မြတ်စွာဘုရားတို့၏သာသနာ၌ ဖြစ်ပါစေသောဝ်ဟု ဆုပန်တော့အံ့ဟု ကြံလျက် ခုနစ်ရက်ပတ်လုံး ရှေးနည်းတူအလှူကြီးပေး၍ ဆုတောင်းသဖြင့် ဗျာဒိတ်ခံရလေသည်။

ထိုဘဝမှစ၍လူ့ပြည်နတ်ပြည်စုန်ဆန်နေပြီးမှဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူသောအခါ တခုသောမကောင်းမှုကြောင့် အလွန်ဆင်းရဲသော ပုဏ္ဏားမျိုး၌ဖြစ်၏။ လင်ကိုယ်

* သန္တုဋ္ဌိသလ္လေခ — ရောင့်ရဲလွယ်ခြင်း၊ ကိလေသာ ခေါင်းပါးခြင်း။

မယားနှစ်ယောက်အနက် အပေါ်ရုံ ပုဆိုးတထည်တည်းသာရှိ၍ ကောသာင္ဒကလင်မယားဟု ခေါ်သည်။

တခါသော် မြတ်စွာဘုရား၏ တရားတော်ကို နာရင်း အပေါ်ရုံပုဆိုးကို လှူချင်စိတ်ဖြစ်လာ၏။ တထည်တည်းရှိ၍လည်း မလှူရက်။ ချီတုံချတုံဖြစ်နေခဲ့ရာ နောက်ဆုံး ညဉ့်ယံတွင် လှူဖြစ်သွားသဖြင့် "အောင်ပြီ။ အောင်ပြီ" ဟုအော်၏။ ထိုအခါမှစ၍ ဗန္ဓုမ မင်းကြီးနှင့် အကျွမ်းဝင်သွားကာ တဖြည်းဖြည်းကြွယ်ဝချမ်းသာသူ ဖြစ်သွားလေ၏။

ကောဏာဂုံမြတ်စွာဘုရားနှင့် ကဿပ မြတ်စွာ ဘုရား သာသနာတော်နှစ်ရပ် အကြား၌ ဗာရာဏသီပြည်ဝယ် သူကြွယ်မျိုး၌ ဖြစ်လာကာ အရှင်ပစ္စေကဗုဒ္ဓါများသက်နှံ့ချုပ်ရာတွင် အနားပတ်မလောက်သဖြင့် ခါးတွင်ဝတ်သော ပုဆိုးကိုဖြတ်၍လှူ၏။ သီလဘာဝနာ များစွာပြု၏။

ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဗာရာဏသီဝယ် သူကြွယ်မျိုး၌ဖြစ်လာ၏။ မြတ်စွာဘုရား၏ ဓာတုစေတီတော်ကိုကြီးကျယ်စွာ လှူဒါန်းပူဇော်၏။ ထိုဘဝမှ စုတေ၍ နတ်ရွာတွင်ဖြစ်ပြီးနောက်ဗာရာဏသီမှာပင် အကောင်းအမွန်ကြိုက်သော နန္ဒိယမင်းဖြစ်လာ၏။ မင်း၏ ရှေးကောင်းမှုကုသိုလ်ကြောင့် ပဒေသာပင်သုံးဆယ့်နှစ်ပင် ပေါက်လာရာ ပြည်သူအများချမ်းသာရကြလေသည်။ ထိုမင်းသည် အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့အား ကျောင်းဆောက် လှူဒါန်းကာ နှစ်လရှည်လျားစွာ လုပ်ကျွေး၏။ ထိုအရှင်များ ပရိနိဗ္ဗာန်ပြုသောအခါ သံဝေဂရ၍ ရဟန်းပြုလေ၏။

ငါတို့ဘုရားလောင်းများဖြစ်လတံ့သောအခါ ထိုသူတို့သည် မြတ်စွာဘုရား စုတေ၍ မဟာတိတ္တပဏ္ဏာသုရွာ၌ ဝိပ္ပလိသတို့သား ဖြစ်လာ၏။ မယားမှု သာဂလမြို့ကောသိယပဏ္ဏာား၏သမီး ဘဒ္ဒကာဝိလာနီဖြစ်လာ၏။

ထိုသူနှစ်ဦးတို့သည် အိမ်ထောင်ရန် ဆန္ဒကင်းမဲ့ကြသော်လည်း မိဖများစိတ်ချမ်းသာစေရန် ဟန်ဆောင်၍အိမ်ထောင်ပြုကြ၏။ နှစ်ဖက်မိဖများ ကွယ်လွန်သော်၊ လယ်ယာ၌ ပိုးရှတို့ သေကြသည်ကိုရင်း၊ ပဲပြောင်းနှမ်းနေလှန်းစဉ်ပိုးရှတို့ သေကြသည်ကိုရင်း မြင်ကြကာ သံဝေဂရကြသည်။

ထိုနေ့ညခဲဘွယ်ဘောဇဉ်သုံးဆောင်ပြီးနောက် နှစ်ယောက်တည်းရှိသောနေရာတွင် ဝိပ္ပလိသူဌေးက စတင်၍ပြော၏။

"အချင်းဘဒ္ဒါ၊ ငါတို့နှစ်ဦးပိုင်သော ပစ္စည်းဥစ္စာသက်ရှိသက်မဲ့ အားလုံးကို သင်ယူပေတော့။ ငါမူကားတောထွက်၍ ရဟန်းပြုတော့အံ့"

ထိုစကားကို ကြားရသော် ဘဒ္ဒကာပိလာကလည်း....

"အရှင့်သားသာ ဤချမ်းသာကို စွန့်ခွာလိုသည်မဟုတ်။ အကျွန်ုပ်လည်း ဤလူ့ဘောင်ကိုအလျှပြောင်ပြောင်တောက်လောင်သော မီးကဲ့သို့ မှတ်ထင်လှ၍ ရဟန်းပြုချင်သဖြင့်အရှင့်သားကို မြော်တ၍ နေပါသည်။

နှစ်ဦးသဘောညီညာမှု အတူရဟန်းပြုကြကုန်အံ့"

ဤသို့ဖြင့် ရှစ်ဆယ့်ခုနစ်ကုဋေ ငါးသန်းငါးသိန်းမျှသော ရွှေငွေ ဥစ္စာနှင့် တဆယ့်နှစ်ယူဇနာပြည့်မျှရှိသော ကျေးကျွန်

လယ်ယာကွဲနွားဆင်မြင်းတို့ကို စွန့်ပစ်ကာ ရဟန်းပြု၍တိတ်တဆိတ် ထွက်လာကြ၏။

ထိုသူသောတောအုပ်သို့ ရောက်ကြသော်၊ ဝိပ္ပလိသည် ပြန်လည်ရှု၍ ရှုသဖြင့် နောက်မှလိုက်လာသော ဘဒ္ဒကာပိလာကို မြင်လျှင် လမ်းနှစ်ခွအရောက်၌ ရပ်တန့်၏။

"အချင်းဘဒ္ဒါ။ ငါတို့ဇမ္ဗူဒိပ်ကျွန်းပြင်ဝယ် မည်သူမျှ မတူနိုင်သော မိန်းမရတနာဖြစ်သော သင်သို့သောမိန်းမမြတ်သည် ငါကပ်ကပ် နောက်မှလိုက်သဖြင့် အခွင့်မလျော်ပေ။ သူတို့မြင်ခဲ့မူ ဤသူတို့သည် ရဟန်းပြု၍မျှ လူမှမကင်း၍ ကွေကွင်းနိုင်သေး မတတ်နိုင်သေးဟု တွေးတောပြစ်မှားမူ အပါယ်လေးဘိရာ၏။ ငါတို့ကိုမှီ၍ သူတို့ အပါယ်လေးပါး မလားပါစေလင့်။ သင့်တင့်သောခရီးဖြင့် သွားလေလော့။ ငါလည်း ဤခရီး ဖြင့် သွားတော့အံ့"

ထိုအခါ ဘဒ္ဒကာပိလာလည်း ရပ်ကာနေသော ဝိပ္ပလိ၏ ခြေကိုဖက်၍ လကျာ်ရစ်သုံး ပတ်လည်လျက် ငါးမည်သောရှိခိုး ခြင်းတို့ဖြင့် ရှိသေစွာရှိခိုးလျက် မြက်နိုးစုံမက်စွာ ကမ္ဘာဟာသိန်း၏ အထက်က တူစုံဖက်၍ ငှက်ပင်ဖြစ်လည်း သစ်ဘကိုင်းဖျား နားပါရကြောင်းဖြင့် ပန်တောင်းဆုယူကာ ကြင်နာကျွမ်းဝင်ခဲ့ကြသော မိတ္တသန္တဝအဖြစ်သည် စင်စစ် ယနေ့ပြတ်ချေပြီ။ အရှင်ကား လမ်းမဖြင့်ကြွ၍ ကျွန်ုပ်ကား လက်ဝဲလမ်းဖြင့်သွားပါအံ့ဆို၍ မငိုမယို တကိုယ်ဘည်း သွားလေ၏။

ထိုသူနှစ်ပါးတို့ ခရီးခြား၍ သွားသောခဏ၌ စကြဝဠာတောင်နှင့်တကွသော ဤမြေကြီးသည်....

“အသီးသီးရှိသော ဟိမဝန္တာ၊ သမုဒြာရှစ်တန် သတ္တရဘန် မြင့်မိုရ် တို့ထိုသောအစုအပုံကို မတုန်မလှုပ်ဆောင်ခြင်းငှာ ငါစွမ်းနိုင်၏။ လူသူနှင့်ဦးတို့၏ ကျေးဇူးဂုဏ်ကို မတုန်မလှုပ် ဆောင်ခြင်းငှာ ငါမစွမ်းနိုင်ချေ”

...ဟု ဆိုလေသကဲ့သို့ အတိုင်းမသိသော ဗာသံဂို ခကျော် ညံထင်ကြိုးလျက် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ၍ တုန်လှုပ်၏။

ဗုဒ္ဓမြတ်စွာလည်း သမန္တစက္ခုဖြင့် ရှုကြည့်တော်မူ၍သိလျှင် ရာဇဂြိုဟ်နှင့် နာလန္ဒမြို့၏အကြား ဗဟုပုတ္တက ညောင်ပင်ရင်းဝယ် ထက်ဝယ်ဖွဲ့ခွေ စောင့်နေတော်မူလင့်၏။ ပိပ္ပလိလည်း တခဲနက်သော ရှောင်ခြည်တော်ခြောက်သွယ်ကို အတောင်နှစ်ဆယ်မျှလောက်သော အဝန်းဖြင့် တောက်ထွန်းကွန့်မြူးနေသော သုံးလူ့ဘုံမြတ်စွာ စောသတ္တာကိုမြင်လျှင် အတုမရှိသော ဘုရား ဖြစ်ပေရာသည်ဟု တုပ်ကွင့်ကြိုး ရှိခိုး၏။ မြတ်စွာဘုရားလည်း မိစဉ်ဖရိုး ဘမျိုးတို့၏ဂုဏ်ဖြစ်သောအမည်ဖြင့် ခေါ်တော်မူ၏။

“ချစ်သား ကဿပ။

သင်၏ ရှိသေတုပ်ဝပ်ခြင်းအမှုကို မြေအပြင်ဝယ် အကယ်၍ ပြုပါအံ့၊ ဤမြေကြီးသည် ပကတိ မတည်နိုင်လေရာ၊ ယူဇနာနှစ်သိန်းလေးသောင်း မြေအပေါင်းသည် ထောင်းထောင်းကြဲအက် မှုန့်မှုန့်ညက်၍ ပြိုပျက်ဘိရာ၏။

သီလ ပညာ သမာဓိဖြင့် နှိုင်းရှိဖက်ပြိုင် မတုနိုင်သော ငါ ဘုရားသာလျှင် သင်၏ တုပ်ဝပ်ခြင်းကို ခံ၍ အန္တရာယ်မရှိဖြစ်

လေသည်။ ချစ်သား ကဿပ၊ ငါ့ရှေ့တော်တွင် နေလော့။ လောကုတ္တရာတရားတည်းဟူသော အမွေကို ငါပေးအံ့” ဟု အမိန့်တော်ကြားလျက် သုံးပါးသော ဩဝါဒကထာဖြင့် ကောင်းစွာဆုံးမ၍ ဥပသမ္ပဒအဖြစ်သို့ ရောက်စေ၏။

ထိုညောင်ပင်ရိပ်မှ ထွက်ခွာ၍ အတူတကွ တဂါဝုတ်မျှ သွားပြီး နောက်တွင် တခုသော သစ်ပင်ရိပ်၌ ဒုကုဋ်ချင်းလဲ လှယ်ဝတ်ရုံကြလေသည်။ အရှင်မဟာကဿပသည် ဝေဠုဝန် ကျောင်းတော်သို့ ရောက်၍ ရှစ်ရက်မြောက်သောနေ့ အရဟတ္တ ဖိုလ်တက်၌ ဆဋ္ဌဘိည ရဟန္တာဖြစ်တော်မူလေ၏။

ကုး ုသမား

အရှင်[illegible]နှင့် အရှင်ရဋ္ဌပါလထေရ်နှစ်ပါးတို့၏ ရှေး ပုဗ္ဗကမ္မကား....

ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်တွင် ရှင်ရာဟုလာ အလောင်းသည် အာဂတပါက သူဌေးဖြစ်၍ ရှင်ရဋ္ဌပါလ အလောင်းမှာ အနုဂ္ဂဘပါက သူဌေးဖြစ်ခဲ့၏။ သူတို့သည် မိဖ ဖိုးဖွားတို့ သေရွာသို့ ယူဆောင်မသွားနိုင်သော ပစ္စည်းများ ကို ငါတို့လည်း ယူဆောင်သွားနိုင်မည်မဟုတ်၊ ကုန်အောင် လည်း သုံးပစ်နိုင်မည်မဟုတ်ဟု တွေးကာ မြို့တံခါးလေးဝ၌ မဏ္ဍပ်ဆောက်ကာ လာလာသမျှတို့အား လှူဒါန်းပစ်၏၊

ထိုသူဌေးနှစ်ဦးသည် ရသေ့နှစ်ပါးအား ဆည်းကပ်ကိုး ကွယ်ကြ၏၊ အာဂတပါက သူဌေး ကိုးကွယ်သော ရသေ့ သည် နဂါးပြည်သို့ အထက်အပေါက် များသောကြောင့် နဂါးမင်းစည်းစိမ်ကို ချီးမွမ်းရာ အာဂတပါကသူဌေးလည်း

နဂါးမင်းစည်းစိမ်ကို စိတ်ညွတ်၏။ မိတ်ဆွေအနုဂ္ဂတပါက သူဌေး၏ ရသေ့ကား နတ်ပြည်သို့ အရောက်အပေါက်များရာ သိကြားမင်းစည်းစိမ်ကို ချီးမွမ်းသဖြင့် အနုဂ္ဂတပါက သည် သိကြားမင်းစည်းစိမ်ကို စိတ်ညွတ်၏။

ထိုသူတို့စုတေသောအခါ စိတ်ညွတ်ရာဘုံများသို့ ရောက်ကြကာ၊ အာဂတပါက သူဌေးဟောင်းမှာ ယုတ်ညံ့သော ကိုးကွယ်ရာကိုမှီ၍ ရင်ဖြင့်သွားသော တိရစ္ဆာန် ဖြစ်ရပေသည်ဟု စိတ်မသာမယာရှိ၏။ နတ်သဘင် အစည်းအဝေး၌ ခင်ပွန်းဟောင်း အနုဂ္ဂတပါကကို သိကြားမင်းအဖြစ် တွေ့ရတိုး၍ စိတ်ဆင်းရဲခြင်းဖြစ်၏။

ထိုအခါသိကြားမင်းက ပဒုမုတ္တရ မြတ်စွာဘုရားပွင့်နေသည်။ ကောင်းမှုပြု၍ နတ်၏ချမ်းသာကို ဆတောင်းလေ့ဟု အကြံပေးသည်။ ပထဝိန္ဓနဂါးမင်းလည်း မြတ်စွာဘုရားနှင့် ရဟန္တာများအား နဂါးပြည်သို့ ပင့်ဖိတ်ကာယာဂုဆွမ်းတို့ဖြင့် လုပ်ကျွေး၏။ နဂါးမင်းသည် ဘုရားသားတော် ဥပဒေရဝတ သာမဏေကို မြင်သောအခါ သိကြားဆုကို မပန်ဘော့ဘဲ၊ ပဥ္စသီလ ဆောက်တည်ခြင်း စသောကောင်းမှု အဆောက်အအုံများကိုပြု၍ ဘုရားသားတော်ဆုကို ပန်ရာ ဗျာဒိတ်ရရှိလေသည်။

ထိုသဘင်းကိုသိကြားမင်းကြားပြီးနောက် မြတ်စွာဘုရားနှင့် သံဃာတော်တို့အားဆွမ်းအဖျော်ခုနစ်ရက်လှူပြီးနောက် ဘောဝဏ်ဆင်ပြောင်ကိုလှူ၏။ ဆင်ကို ဘုရား လက်မခံသောအခါ တန်ဖိုးဖြတ်စေပြီး၊ ထိုက်သောအသပြာဖြင့်သံဃာတော်

တို့အတွက် ကြီးကျယ်သော ကျောင်းအရာမ်ကို ဆောက်လုပ်လှူဒါန်း၏။ ဂန္ဓကုဋိ၌ နတ်ဝတ်ပုဆိုးကို ထီးပြု၍ပူဇော်၏။ ပြီးသော် သဒ္ဓါပဗ္ဗဇိတဧတဒဂ်ဆုကို ပန်ရာ ဗျာဒိတ်ရလေသည်။

ရှင်ရာဟုလာအလောင်းသည် ဘဝများစွာကျင်လည်ပြီးနောက် ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ကိကီမင်းကြီး၏သား ပထဝိန္ဓရ အိမ်ရှေ့မင်းသားဖြစ်လေ၏။ နှမတော်ကား ခုနစ်ယောက်ရှိ၏။ တနေ့သောအခါ နှမတော်ခုနစ်ပါးသည် ဘုရားနှင့်တကွသံဃာတော်များအား လှူဒါန်းရန်ကျောင်းခုနစ်ဆောင်ဆောက်လုပ်ကြရာ ငါ့အားတဆောင်ပေးကြပါဟု သွားရောက်တောင်းခံရာ နှမတော်တို့က....

“အရှင့်သား။

ဥစ္စာများသောသူဌေးဖြစ်လျက် မုဆိုးလက်၌ရှိသော အသပြာကို ချေးငှားသကဲ့သို့ အဘယ့်ကြောင့် ပြုပါသနည်း၊ မောင်တော်သည် ဤတိုင်းနိုင်ငံကို အစိုးရသော အိမ်ရှေ့မင်း မဟုတ်ပါလော၊ အကျွန်ုပ်တို့ကသာ တောင်းသင့်ပါလျက် မောင်တော်ကတောင်းခြင်းသည် သတင်းမျှမဖွယ်ချေတကား”

ဤသို့ဆိုလိုက်သောအခါတွင်မှ သတိရပြီး ငါးရာမျှသော ကျောင်းပရိဝုဏ်တို့ကို ဆောက်လုပ်လှူဒါန်းလေ၏။ ထိုဘဝမှ စုတေ၍ တာဝတိံသာတွင် ဖြစ်ပြီးနောက် ငါတို့ဘုရား၏ သားတော် ရာဟုလာဖြစ်လာ၏။

သိက္ခာပုဒ် မယုတ်ယိုစေခြင်းငှာ မြတ်စွာဘုရားသည် ရာဟုလာဝါဒသုတ်ဖြင့် မပြတ် ဆုံးမကြား ဆရာ * ဥပဇ္ဈာယ်တို့

ဥပဇ္ဈာယ်....အပြစ်ကြီးငယ်ကို ဆုံးမသောဆရာ။

ဆုံးမသောသိက္ခာပုဒ်ကို ဘဆံဖျားမျှ မတိမ်းပါးရအောင်ကျင့်၏။ နံနက် အိပ်ရာမှထလျှင် သဲကို လက်ခုပ်ဖြင့် ကျုံး၍ မြတ်စွာဘုရားထံ့ရှင်း၊ ဥပဇ္ဈာယ် ဆရာတို့ထံမှရင်း၊ ဤသဲလုံးမျှလောက်သော ဩဝါဒကို ယနေ့ရပါမူ ကောင်းလေစွဟု တောင်းတလေ့ရှိ၏။

ခုနစ်နှစ်ရှိမှ ဘဆယ့်ရှစ်နှစ်အရွယ်အထိ ပြက်ရယ်သော စကားကို မဆိုစဖူးပေ။ ဇာတိမာန်ဖြင့် ခက်ထန်တင်းမာခြင်းမရှိ။ ရဟန်းသံဃာတို့အား လူသာမဏေတို့နှင့် တမိုးတရံတည်းသော ကျောင်း၌ အရုဏ်တက်အောင် မအိပ်အစ်ဟု * သိက္ခာပုဒ်ပညတ်သောအခါ သံဃာတော်တို့ကို ညာသော အားဖြင့် မြတ်စွာဘုရား၏ * ဝစ္စကုဋိ၌သာ ဝင်၍အိပ်၏။

အသက် ဘဆယ့်ရှစ်နှစ်တိုင်လျှင် ရာဟုလောဝါဒသုတ်ကို နာရ၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူကာ ဓဇတဝန်ကျောင်းတော်သို့ ရောက်သောအခါ တေဒဂ်ရတော်မူ၏။

အရှင် ရဋ္ဌပါလအလောင်းကား ငါတို့ဘုရား ပွင့်တော်မူသောအခါကာလ ရဋ္ဌပါလအမည်ဖြင့် သူဌေးသားဖြစ်လာ၏။ကုရုတိုင်းသို့ မြတ်စွာဘုရား ကြွလာတော်မူစဉ် တရားတော်ကို နာရသဖြင့် မိဘများထံ ရဟန်းပြုခွင့်တောင်း၏။ မိဘတို့လည်း ခွင့်မပြုလျှင် သားသေမည်စိုး၍ ခွင့်ပြုလိုက်ကြရ၏။

အရှင်သည် ရဟန်းပြုပြီးမကြာမြင့်မီမင် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို စီးဖြန်း၍ ဝိပဿနာပွားရာ ရဟန္တာဖြစ်လေ၏။

---

* သိက္ခာပုဒ်....ဝိနည်းဥပဒေ။

** ဝစ္စကုဋိ....ကျင်ကြီးအိမ်။

ထို့နောက် မြတ်စွာဘုရားထံ ခွင့်ပန်၍ မိဘများကို တရားဟောရန် ကြွသွားရာ ရွှေငွေရတနာများ ကိုယ်လုပ်မောင်းမမျိုးနှင့် ဖြားယောင်းခံရသဖြင့် အောက်ပါအတိုင်း ဟောကြားး၏။

"နှိုးနှယ်ပုဆိုးကြိုးသေးကြိုးမွှာတို့ဖြင့် ဆန်းကြယ်စွာပြုလုပ်အပ်သော ယဉ်မင်းရုပ်နှင့်လည်း တူထသော၊ ပထဝီ၊ တေဇော၊ အာပေါ ဝါယ ဓာတ်လေးဝတို့ဖြင့် စိုက်ဆောက်ပြုလုပ်အပ်သော၊ ကေသာလောမ စသည်သွယ်သွယ် စက်ဆုပ်ဘွယ်တို့၏ စုဝေးပေါင်းရုံးရာလည်း ဖြစ်ထသော၊ ကိုးဆယ့်ခြောက်ဖြာရောဂါအပေါင်းတို့သည် သည်းသောင်းပြင်းဝှန် နှိပ်စက်ဟန်ကြောင့် အလွန်နာကျင်စွာထသော၊ များသောပူပြင်ရန်လည်းရှိထသော၊ အယုတ်တရားကိုလည်း များစွာကြံတတ်ထသော ဤခန္ဓာကိုယ်ကို သင်တို့သည် ရှုကြကုန်လော့။ အကြင်ခန္ဓာကိုယ်၏ မြဲစွာ တည်ခြင်းသည် မရှိတကား။

ဤခန္ဓာကိုယ်သည် မကြာမြင့်မီပင်လျှင် ကင်းသောဝိညာဉ်ရှိသည်ဖြစ်၍ အကျိုးမရှိသောဖွဲကိုကဲ့သို့၊ စွန့်ပစ်အပ်သည်ဖြစ်၍ မြေ၌ အိပ်ရလတံ့သည်တကား။

အရှင်၏မိဘတို့သည် အသာအယာဖျောင်းဖျ၍ မရလျှင်သင်္ကန်းကို အတင်းဆွဲချွတ်ရန် ကိုယ်လုပ်မောင်းမတို့အား သင်ကြားပြီး တံခါးသုံးစွာ ပိတ်ထားသောကြောင့် ရှင်ရဋ္ဌပါလသည် ကောင်းကင် ခရီးဖြင့် ကြွခဲ့ရကာ၊ ကောရဗျမင်း၏ ဥယျာဉ်သို့ သက်တော်မူလေသည်။ မင်းကြီးကြားလျှင် ဆောလျင်စွာ လာ၍ ဤသို့စူးစမ်း၏။

"ချစ်သား ရဋ္ဌပါလ။ ဤလောက၌ ရဟန်းပြုကြသည့်အခါ အချို့မှာ အနာရောဂါကြီးစွာ နှိပ်စက်၍ ကောင်းစွာအသက်မမွေးနိုင်သောကြောင့် သားချင်းဆွေမျိုးကိုးစားစရာမရှိ ပျက်စီးဘိသောကြောင့် မိဘနှစ်ပါး မယားသားကြီးတို့ ပျက်စီးသောကြောင့် ပြုကြသည်။ သင့်မှာမူကား တစုံတခုသော ပျက်စီးကျွကင်းခြင်းလည်း မရှိပါဘဲလျက်၊ ကြီးစွာသော စည်းစိမ်ကိုစွန့်ခဲ့၍ အဘယ့်ကြောင့်ရဟန်းပြုပါသနည်း"

"ဒါယကာမင်းကြီး။

ပျက်စီးသောအမှုသည် တစုံတခုမျှ ငါ၌မရှိသေးသော်[illegible]ည်း ပျက်စီးလတံ့သောဘေးကို တရေးရေး ငါမြင်လင့်[illegible]ည်။ [illegible]ကြင်လည့်ရာ၌ ခန္ဓာငါးပါးကို ရကြသော သတ္တ[illegible]များသည် *နိစ္စဓုဝသဘောမဟုတ်။ ချုပ်ခြင်း ဖြစ်ခြင်း[illegible]သော [illegible]ရကား ပျက်စီးလတံ့သော**ဗျသနသဘော[illegible]ည် [illegible]ား၏။

[illegible]ကျ်ဝင်သက် နှစ်ပါးသော သတ္တဝါတို့ကို ကပ်၍[illegible] မအိုရ၊ မနာရ၊ မသေရခြင်းငှာ မြစ်တားစောင့်[illegible]သူလည်း မရှိ။ ***ဒုဂ္ဂတိဘုံသို့မလားရအောင်[illegible]လည်း မရှိ။ ****သုဂတိဘုံသို့ရောက်အောင် ပို့[illegible]သော အဖော်သဟာရလည်း မရှိ။

---

* နိစ္စဓုဝ....အမြဲ။

** ဗျသန....ပျက်စီးခြင်း။

*** ဒုဂ္ဂတိ....ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊အသူရကာယ်။

**** သုဂတိ....လူ၊နတ်၊ဗြဟ္မာ။

စည်းစိမ်ဥစ္စာ သားမယားစသော အဖော်ဟူသမျှသည် ဒုဂ္ဂတိဘဝသို့ ပို့ဆောင်တတ်သော ကူးတို့သမားသာ ဖြစ်ချေသည်။ ဤကာမဂုဏ်ကို တလုံလုံဖြင့် မြဲရှည်စွာ ခံစားငြားသော်လည်း အားရခြင်း၊ ရောင့်ရဲခြင်းမဖြစ်နိုင်။ နွံအိုင်သို့ ဆင်းစေတတ်သော တဏှာ၏ ကျွန်ချည်းသာ ဖြစ်ချေသည်း ထိုအကြောင်းကို သိ၍ *တေဘူမကဝဋ္ဋ၌ ငါငြီးငွေ့လှ၍ ကား မြတ်သောတရားကိုရှာခြင်းငှာ ငါရဟန်းပြုသတည်း"

ယင်းသို့ တရားဟောပြီးနောက် မြတ်စွာဘုရား ထံတော်သို့ ပြန်ကြွတော်မူ၏။ ထိုအရှင်သည်သာသနာတော်၌တပါးသော ရဟန်းတို့ထက် သဒ္ဓါအားကြီးလှသောကြောင့်ဘေဒဂ်ရတော်မူသည်။

သံကောက်ကိုင်သောခြင်္သေ့

တခုသောနံနက်၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် **ပစ္စူသမယ၌ ကျွတ်ထိုက်သော ဝေနေယျကို ရှုတော်မူလတ်သော် အရှင် ပိဏ္ဍောလအလောင်းခြင်္သေ့မင်း၏ ***ဟေတုသမ္ပတ္တိကို မြင်၍ ဟံသာဝတီပြည်ခွင်၌ ဆွမ်းခံဝင်ပြီး နံ့သာ တော၌ ဆွမ်းဘုဉ်းပေးပြီးမှ ညချမ်းအခါဝယ် ခြင်္သေ့နေရာ ရတနာဗွေဂူသို့ဝင်၍ ကောင်းကင်ပြင်၌ ပလ္လင်ဖွဲ့ခွေလျက် နိရောဓသမာပတ်ကိုဝင်စား၍ နေတော်မူလင့်၏။

---

* တေဘူမကဝဋ္ဋ—ဘုံသုံးပါး၌ ကျင်လည်ရခြင်း။
** ပစ္စူသမယ—နံနက်အရုဏ်တက်အခါ။
*** ဟေတုသမ္ပတ္တိ—အကြောင်းနှင့် ပြည့်စုံခြင်း။

ခြသေ့်မင်းလည်း အစာရှာရာမှ ပြန်လာသော မြတ်စွာဘုရားအားမြင်လျှင် ကြည်ရွှင် ဝမ်းသာသော စိတ်ရှိလျက် ဤသို့ကြံ၏။

"ဟုတ်ဟုတ်ငြားငြား တပါးသော သတ္တဝါသည် ငါ၏နေရာသို့ မဝင်ဝံ့ မနေဝံ့ပေရာ၊ ယခုနေလာသော ယောကျ်ားမြတ်အား အခင်းတည်ရာမရှိ၊ ပကတိဟင်းလင်းအပြင်၌ပလ္လင်ဖွဲ့ခွေ၍ နေနိုင်စွမ်းပေသည်။ အညို အရွှေ အနီအဖြူ အမောင်းအနက် ဖြိုးဖြိုးပြက်သော ရောင်ခြည်တော်အဝန်းဖြင့် တထိန်ထိန် တောက်လွန်းလျက် နေဝန်းတထောင် ထွက်သကဲ့သို့ ရှိပေသည်။ ဤသို့သောအစ္ဆရိယပုဂ္ဂိုလ်ကို ဤလောကတွင်တခါမျှ စင် ငါမမြင်စဘူး၊ တူးမြတ်သော ဤယောကျ်ားကား အာဇာနည် လေးပါးတွင် အထွတ် အထိပ် ထား အပ်သော ယောကျ်ားမြတ် ဇာနေယျအနုတ္တရပုဂ္ဂိုလ်ဖြစ်ရာသည်။ ဤသူမြတ်အားအစွမ်းရှိသမျှ ပူဇော်ရမူကောင်းကျိုးများစွာဖြစ်ရာလတံ့။"

ခြသေ့်မင်းသည်ကြည်းပန်း ရေပန်းတို့ကိုရှာဖွေကာညောင်စောင်းအလို့ငှာ ခင်း၍လှူသည်။ နံနက်တွင်လည်း ညှိုးနွမ်းသော ပန်းများကို အသစ်လဲလှယ် ခင်းကျင်း၏။ ဤသို့သောနည်းဖြင့် ခုနစ်ရက်ပတ်လုံး အစာမရှာဘဲ မြတ်စွာဘုရားအားပူးမျှော်နေလေ၏။

မြတ်စွာဘုရားသည် သမာပတ်မှ ထတော်မူသည့် အခါဝယ် သင့်တင့်သော တရားစကားဟောကြားကာ လက်တော်ဖြင့် သုံးသပ်ပြီး ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၏။ ခြသေ့်မင်းလည်း မြတ်စွာဘုရားနှင့် ကွေကွင်းရသော ဆင်းရဲ

ခြင်း နှိပ်စက်သဖြင့် အဆုံးတိုင်လေသော ဘုရား မြတ်စွာ သီတင်းသုံးရာ ဟံသာဝတီပြည်တွင်ပင် မဟာသာလသူကြွယ် မျိုး၌ ဖြစ်လေသည်။

အရွယ် ရောက်သောအခါ ဥပါသကာအဖြစ် ခံယူကာ ဘုရားအမျိုးရှိသော သံဃာတော် တို့အား လေးပါးသော ပစ္စည်းဖြင့် ပိတ်မန်၍ နိယံမပြတ် ဒါနသီလကို အားထုတ်၍ သာဝက ပါရမီဉာဏ်ကို ဆုတောင်း၏။ ပဒုမုတ္တရ မြတ်စွာ ဘုရားလည်း * ဣဒ္ဓိမန္တသာဝကကြီးဖြစ်လတံ့ သည်ကိုမြင်၍ ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုသူကြွယ်သည် လူ့နတ် ပြဲပွာသုံးရှာ၌ ကျင်လည်ပြီး ငါတို့ဘုရားပွင့်ခါနီးတွင် ရာဇဂြိုဟ်ပြည်ဝယ် ဥစ္စာကြွယ်ဝသော ပြဲပွာ မဟာသာလ အမျိုး၌ ပိဏ္ဍောလ ဘာရဒွါဇ အမည်ဖြင့်ဖြစ်လာ၏။ ဣတိဟာသကေရှ့ဘာ ကျမ်းတို့နှင့်တကွ ဗေဒင်သုံးပုံကို တဖက်ကမ်းခတ် တတ်မြောက်၏။ မြတ်စွာ ဘုရား၏ တရားတော်ကို နာကြားရသောအခါ သဒ္ဓါဘုရား ဖြစ်၍ ဘုရားထံတော်၌ ရဟန်းပြုရာ မကြာမြင့်မီပင် ဝိပဿနာ ကို လွန်စွာ အားထုတ်သဖြင့် **ဝိမုတ္တိသုခကို မျက်မှောက် ပြုရ သော ရဟန္တာဖြစ်လေ၏။ ယင်းသို့ အရဟတ္တဖိုလ်သို့ ရောက် သည်မှစ၍ သံကောက်တခုကို ကိုင်ပြီးလျှင်....

"အကြင်သူသည် မဂ်တရားဖိုလ်တရားတို့၌ ယုံမှားသံသယ

---

* ဣဒ္ဓိမန္တသာဝက - တန်ခိုးဖြင့် ပြည့်စုံသော ဘုရာ တပည့်။

** ဝိမုတ္တိသုခ - နိဗ္ဗာန်ချမ်းသာ။

ရှိသည်ဖြစ်အံ့၊ ထိုသူကား ငါ့အား မေးလာတိလော့” ဟု ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော အသံကို ပြုလျက် တခုသော ပရိဂုဏ်မှသည် တခုသော ပရိဂုဏ်သို့၊ တကျောင်း မှသည် တကျောင်းသို့ လှည့်လည်၏။ တခါတရံ မြတ်စွာဘုရား၏ ရှေ့တော်၌ နေ၍လည်း “ဤသာသနာတော်တွင် အကြင်ရဟန်းသည် မကုန်ခန်း သေးသော ပြဿနာကိစ္စ ရှိသည်ဖြစ်အံ့၊ ထိုရဟန်းအား ကုန်ခန်း ပြီးငြိမ်းအောင် ယခုပင် ငါပြုအံ့”ဟု ကြုံးဝါးလေ့ရှိ၏။

ထို အကြောင်းကြောင့် ဤအရှင်ကို သာဝက တို့အား အသီးသီးအရာထားချိန်၌ သီဟနာဒိက ဧတဒဂ် ထားတော်မူ၏။

သန်းသစ်ဝသောရွှေ

ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသော ကာလဝယ် ရှင်ဟောဂံစွည်းထေရ်အလောင်း သူကြွယ်သည် ရုပ်တင့်တယ် သပ္ပါယ်လှ၍ ကွန့်မြူးကျယ်ဝန်း ထိုးထွင်း သိမြင် နိုင်သော ပဋိသမ္ဘိဒါ ရဟန်းတပါးအား မြတ်စွာဘုရား ဧတဒဂ် ထားသည်ကို မြင်ရသဖြင့် ထိုအရှင်ကဲ့သို့ ဖြစ်လိုသော ဆန္ဒ ရှိသဖြင့် မြတ်စွာဘုရားနှင့်သံဃာတော်အပေါင်းအား ဆွမ်းကပ်လှူဒါန်းသည်။ ရတနာခုနစ်ပါး ခြယ်လှယ်သော ညောင်စောင်း၊ကွန်ယက်ပိုမာန်နှင့်တကွသော ရတနာထီး၊ သားမြီး ယပ်တို့ကို လှူဒါန်း၍ တရားတော်ကို နာ၏။ ရည်ရွယ်ရင်းထေရ် အရှင်ကဲ့သို့ ဖြစ်လိုကြောင်း ဆုတောင်းရာ ဗျာဒိတ်ပေးတော်မူလိုက်ပေသည်။

ထိုသူကြွယ်သည် ကဿပ မြတ်စွာဘုရားပွင့်တော်မူသော ကာလ ဗာရာဏသီဝယ် သူဌေးဖြစ်၏။ မြတ်စွာ ဘုရားနှင့် သံဃာတော်သိန်းအား တိစီဝရိက် သင်္ကန်းကို လှူ၏။ ဘုရားက ပရိနိဗ္ဗာန်ပြုလျှင် ဓာတုစေတီတော်ကို ရွှေအုတ်တို့ဖြင့် ပူဇော်ကာ ရွှေအဆင်းရှိသောကိုယ် ဖြစ်ရပါလိုသော ဆုတောင်း၏။

ငါတို့ဘုရား ပွင့်တော်မူသောအခါ ဥဇ္ဇေနီပြည်၌ မင်းပုရောဟိတ်၏သား ဖြစ်လာ၏။ ဖွားသောကာလ သွန်းသစ်စသော ဇမ္ဗူရာဇ်ရွှေ၏ အရောင်အဝါကဲ့သို့ လွန်စွာ သွန်းပသောကိုယ်ရှိရကား ကဉ္စနသတို့သား တွင်၏။ အရွယ်ရောက်လျှင် မင်းအရာဖြစ်ပေ၏။

ရာဇဂြိုဟ်ပြည်သို့ မြတ်စွာဘုရားကြွလာတော်မူပြီးသတင်း ကြားသောနေ့တနေ့၌ စဏ္ဍပဇ္ဇောတမင်းသည် မှူးတော် မတ်တော်အပေါင်းကိုစည်းဝေးစေ၍ တိုင်ပင်၏။

"အချင်းတို့၊ ဤလောကဓာတ်အတွင်း၌ သတင်းစကားကို ကြားရုံမျှလည်း ကြုံခဲလှသော လောကစက္ခု သဗ္ဗညုမိပတိ မုနိအစစ်ဓမ္မရာဇ်ဘုရားဖြစ်ကြောင်းကို ယခု ကြားသိရချေပြီ။ ထိုဘုရားကို ငါတို့တိုင်းပြည်သို့ ရောက်အောင် ပင့်ဆောင်ကြမည့် အရာဝယ် မည်သူသည် သင့်လျော်အံ့နည်း"ဟု မေး၏။

"အရှင်မင်းကြီး။

ပညာရှိသော ပုဂ္ဂိုလ်တို့၏အထံ၌ ပညာခံရှိသော ပရိသတ်သာ တန့်ရပ်နိုင်ပါသည်။ ဘုန်းအာနုဘော်ရှိသော ပုဂ္ဂိုလ်တို့၏ အထံ၌ ဘုန်းကံရှိသော ပရိသတ်သာ ဝန်းပတ်ခြံရံနိုင်ပါသည်။ ယင်းသို့ဖြစ်ရကား အားတော်ဆယ်ဘန်၊ ဉာဏ်တော်ဆယ်စုံ၊

ဂုဏ်တော် *အစိန္တေယျဖြစ်တော်မူသော မြတ်စွာဘုရားအား အကျွန်ုပ်ဆရာ ကစ္စာန ပုရောဟိတ်မှတပါး လျော်ကန်သူမရှိပြီဟု ဆိုကြ၏။”

စန္ဒပဇ္ဇောတ မင်းလည်း သဘောကျ၏။ ထိုအခါကစ္စာန ပုဏ္ဏားက “ရဟန်းပြုရပါမှ ပင့်ဆောင်နိုင်ရာ၏”ဟု ဆိုသဖြင့် “အလိုရှိရာပြုပါလေ၊မြတ်စွာ ဘုရားကိုသာ ပါအောင် ပင့်ဆောင်လော့”ဟူ၍ ရွေးခြားလိုမှာ ပညာ ကြီးကျယ်သော ပုဏ္ဏားနှစ်ယောက်ကိုပါ ထည့်လိုက်လေသည်။

ဂစ္စာနပုဏ္ဏားနှင့် အဖော်များလည်း တရားတော်ကိုနာရ သဖြင့် ရဟန္တာ ဖြစ်လေပြီးနောက် ဥဇ္ဇေနီပြည်သို့ ကြွတော်မူပါရန် မြတ်စွာဘုရားအား လျှောက်ထားကြ၏။ မြတ်စွာ ဘုရားသည် “သင့်တင့်သောအခါမှ ကြွတော်မူမည်။ ယခုမူ သင်တို့သွားနှင့်၍ ဗုဒ္ဓပွဲ့ါဒကို ကြားကြလေဦး”ဟု စေတော် မူလိုက်၏။

မဟာဂစ္စာန ထေရ်နှင့် ရဟန္တာ ခုနစ်ပါးသည် တေလ ပနာဠိနိဂုံးသို့ဝင်၍ ဒီဃကေသီ၏ မြတ်သေဒအလှူကိုခံတော် မူကြပြီးနောက် ဥဇ္ဇေနီပြည်ရှိ မင်းကြီးဥယျာဉ်သို့ ဆင်းသက် ကြရာ မင်းကြီးလည်းဝမ်းသာအားရ ပူဇော်သည်။ ကြီးကျယ် သော ကျောင်းအရာမ်ကို ဆောက်၍ လှူဒါန်းသည်။

ရှင်မဟာကစ္စည်းထေရ်သည် သဒ္ဓါပသန္န ရှိသူများစွာကို ရဟန်းပြုပေးတော်မူ၏။ လျင်သောပညာ၊ ထက်သော ပညာ၊ နက်နဲသော ထိုးထွင်းသောကြီးကျယ်များပြားသော ပညာနှင့်

---

* အစိန္တေယျ - မကြံစည်အပ်သောဂုဏ်။

ပြည့်စုံ၏။ ပိဋကတ်သုံးပုံ၏ သံဝဏ္ဏနာ ကျမ်းများကို ဟော တော်မူသဖြင့် ဘေဒဂ်ရ၏။

လေးကျွန်းမှန်ကင်း ရှင်နေမင်း

ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်ဝယ် ဟံသာဝတီ ပြည်၌ သူကြွယ်ညီနောင်တို့ ရှိကြ၏။ ၎င်းတို့သည် မြတ်စွာ ဘုရားကို မပြတ်ကိုးကွယ်ကြရာတနေ့သ၌ ညီငယ်သည်ဘုန်ခိုး ဖန်ဆင်းခြင်းအရာ၌လည်း စေတာ ဝိဝဋ္ဋအရာ၌၎င်း၊ ကဲလွန် သော သတ္တိရှိသည့် ရဟန်းတပါးအား မြင်သဖြင့် မြတ်စွာ ဘုရားနှင့် သံဃာတော်တို့ကို ပင့်ဖိတ် လှူဒါန်းပြီး ထိုအရှင် ကဲ့သို့ဖြစ်ရပါလိုသောဆုတောင်းရာဗျာဒိတ်ပေးခံရလေသည်၊

အကိုဖြစ်သူလည်း ထိုအကြောင်းကိုသိလျှင် မြတ်စွာဘုရား နှင့် သံဃာတော်များအား အလှူကြီးပေးလျက် သညာဝိဝဋ္ဋ အရာ၌ လိမ္မာကဲလွန်သောဘေဒဂ်ရရဟန်းကိုစံပြုဆုတောင်းရာ ဗျာဒိတ်ရရှိလေသည်။

ညီငယ်သည် ကဿပမြတ်စွာဘုရားလက်ထက်တော်၌ ဗြဟ္မ ဏမဟာသာလအမျိုး၌ဖြစ်ကာ ရဟန်းပြုလေသည်။ သာသ နာ၌ သိက္ခာသုံးပါးကို ဖြည့်စွမ်းနိုင်သော ရဟန်းဖြစ်လေ၍ အနှစ်နှစ်သောင်းပတ်လုံး * ဩဒါတကသိုဏ်းကို စီးဖြန်းလျက် ရဟန်းအပေါင်းအားလည်းဘုရား ** မုခပါဌ်ကို မပြတ်ပို့ချ ၏။ ဘခါသော် ပညာထိုင်းမှိုင်းသော ရဟန်းတပါးအား များ စွာ ကဲ့ရဲ့တော်မူမိသည်။

---

* ဩဒါတကသိုဏ်း—ဖြူစင်သော အဝန်းအဝိုင်း။

** မုခပါဌ်—ဘုရားနှုတ်တော်မှ မြွက်သော ပိဋကတ်တော်။

ထိုဘဝမှ စုတေပြီးနောက် ဘဝများစွာ ကျင်လည်ခဲ့ရာ ငါတို့ဘုရား လက်ထက်တော်တွင် ရာဇဂြိုဟ်ပြည်ဝယ် မဟာ မနုဿသူဌေး၏ မြေးဖြစ်လာ၏။ ပဒုမုတ္တရ မြတ်စွာဘုရားလက် ထက်တော်က အကိုတော်စပ်ခဲ့သော သူကြွယ်လည်း ယခုဘဝ တွင် အကိုဖြစ်လာ၏၊ ပြေးလွှားသွားလာရင်း ခရီးလမ်းဇရပ် တွင် မွေးသောကြောင့် ပန္ထကနှင့် စူဠပန္ထကအမည်တွင်၏။

အဘိုး ဖြစ်သော သူဌေးနှင့်အတူ မြတ်စွာဘုရားကျောင်း တော်သို့ ဝင်ထွက် တရားနာဖန်များသော် မဟာပန်သည် ဆယ်နှစ်သားဖြင့်ပင် သာသနာ့ဘောင်သို့ဝင်ရာ ပဥ္စင်းဖြစ်ပြီး မှ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရှင်မဟာပန်သည် မိမိ၏ အပ်သော စျာန်မဂ်ဖိုလ် ချမ်းသာဖြင့် လေ့လာပျော်မြူး လျက် ငါရအပ်သော ချမ်းသာကို ညီငယ်လည်း ခံစားရလျှင် ကောင်းစွ အကြံဖြစ်ကာ အဘိုးထံ ခွင့်ပန်သဖြင့် အဘိုးက ခွင့်ပြု သည်။

အရှင်မဟာပန်သည် ညီစူဠပန်အား သာမဏေပြုပေးပြီး နောက် အောက်ပါ ဂါထာကို သင်ကြားပေးလေသည်။

ကောကနဒအမည်ရသော ရွှေသားဝတ်ဆံချပ်ရှိတရာ ပဒုမ္မာ ကြာသည် နေမင်းဝင်ဖြင့် အရှက်သောနံနက်ခါ၌ကား လှ တင့်ပွင့်သည်ဖြစ်၍၊ ထက်ဝန်းဒိသာ ယူဇနာတိုင်တိုင် သင်း ကြိုင်ထုံပျံ့ရနံ့ မွှေးကြူခြင်းရှိသည်ဖြစ်၍ အေးချိုပျံ့လှောင်း ကောင်းသော ရနံ့ရှိသည်ဖြစ်၍ ထွန်းပစမွယ် လွန်တင့်တယ် သည်ဖြစ်သကဲ့သို့ မင်းလွင်တိမ်ထပ် မြူလျှပ်စင်သုံး တန် ဆောင်မှုန်း မာသကောင်းဏင်ဝ၌ တနံ့ခိုးရောင်ခြည်ထွန်း လည်ပြောင်ပြောင် ထိန်ထိန်လောင်သဖြင့် ဘောက်ပသော

လေးကျွန်းမှန်ကင်း ရှင်နေမင်းကဲ့သို့ ရောင်ခြည်သွယ်သွယ် ထွန်းပမ့်ပါယ်လျက် တင့်တယ်ခောင်မူထသော၊ ခံ့ညားခောင်နှ့ ကိုယ်တော်နှံ့ဖြင့် သင်းပျံ့အေးလိုင်လွှန်မွှေးကြိုင်[illegible]တော် မူထ သော[illegible]သိန်းကုဋေ့တွက်ရေ [illegible]ဝင္ဒြာအနှံ့[illegible] အခါ လာ[illegible]နံ့ဂုဏ်တော်လည်းရှိထ[illegible]၊ ကို[illegible] ဖြိုးဖြိုး ပြက်[illegible] ရောင်ခြည်တော်ရှိသော [illegible]ကို သင်[illegible]လော့။

စ[illegible]သည် ဉာဏ်သိုင်းသောရဟန်း[illegible]ပါ[illegible] [illegible]ချယ် ရှုတ်[illegible]ဝိပါက်ကြောင့် လေးလတိုင်[illegible]ညှိုး ထို ဂါ[illegible]သင်၍မရပေ။ ထိုအခါ နောင်တော်[illegible]ဟာပန် သည် ဤသို့ဆို၏။

“[illegible]ပြင်းစူဠပန္ထက။ သင်သည်လေးပုဒ်မျှသော[illegible]ဂါ ထာ[illegible]လေးလပတ်လုံးသင်၍မျှမရ မမိချေ။ [illegible]သို့သော သူသည် လုမည်ကာသာဖြစ်၍ အနှစ်သာရမြှင့် ပြည့်စုံလှ သော မြတ်စွာဘုရားသာသနာတော်နှင့် မထိုက်[illegible]ချေ။ မြေ နုကျွန်း၌ ရေသွန်း၍ပပေါက်သောမျိုးကဲ့သို့ အကျိုးမဲ့သော ဘ[illegible]ဖြစ်ရချေသည်။ ယနေ့ပင်လူထွက်၍ အသ[illegible]မွေးလေ လော့”

ထို[illegible]ချိန်၌ အရှင်မဟာပန်သည် ဆွမ်းညွှန်း တာဝန်ကျ သဖြင့် ဇီဝက[illegible]ဖိတ်ကြားသောဆွမ်းကိုခံယူမည့်ပုဂ္ဂိုလ် စာရင်း မှ စူဠပန်ကို ဖယ်ထား၏။ ဤသည်ကိုသိသော် စူဠပန်လည်း ပူပန်ဝမ်းနည်းစွာဖြင့် ကျောင်းစံစက်အောက်၌ အိပ်ပြီးသော် လူထွက်ရန် ကျောင်းမှ ဆင်းလာခဲ့ရာ မြတ်စွာဘုရားနှင့်တွေ့ သဖြင့် ငိုယိုပြီး လျှောက်သားလေ၏။

မြတ်စွာဘုရားသည် စူဠပန်၏ ဦးခေါင်းကိုလက်တော်ဖြင့် သုံးသပ်ကာ "ချစ်သားစူဠပန်။ ငါသိုးစပ်သော သဗ္ဗညု ဘုရားထင်ရှားရှိပါလျက် ပညာလေးလံရှိမှုဖြင့် ရဟန်းဘဝကို အသို့ ငြိုငြင်တော့အံ့နည်း။ သင်၏အစ်ကိုကား၊ သူတပါးတို့၏ အာသယာနုသယကို သိသောဉာဏ်သည် မရှိ။ သင်ကား *သာဝကဝေနေယျမဟုတ်၊ ** ဗုဒ္ဓဝေနေယျ ဖြစ်သော ပုဂ္ဂိုလ်ပေတည်း။ လျင်စွာလာလော။ ငါသင်ဦးအံ့" ဟု ဆို တော်မူ၍ ကျောင်းတော်သို့ ခေါ်ခဲ့၍ ဖြူစင်သောပုဆိုးပိုင်း ကို ပေး၍ "ရဇောဟရဏံ" ဟု စီးဖြန်းကာ ပုဆိုးပိုင်းကိုပွတ် နယ်လေလောဟု မိန့်တော်မူ၏။

မြတ်စွာဘုရားနှင့် သံဃာများ ဇီဝကအိမ်သို့ ကြွကြစဉ် တွင် စူဠပန်သည် ဆုပ်နယ်ဖန်များသဖြင့် ပုဆိုးပိုင်း ညစ်နွမ်း သည်ကိုမြင်၍ *** ဥပါဒိန္နကဖြစ်သော ငါ့ခန္ဓာကိုယ်ကိုမှီ၍ ဤသို့ ဖောက်ပြန်သေး၏။ ရုပ်ကာယဖြစ်သော ဤခန္ဓာသည် မူကား ပွင့်ပါးပျက်စီးတတ်သော **** ခယဝယသဘော ကေန်တည်း။

ငါ၏စိတ်စေတသိက်သည်လည်း ဤနည်းအတူသာဖြစ်၏။

---

* သာဝကဝေနေယျ–ဘုရားတပည့်ချွတ်၍ကျွတ်ထိုက် သောသူ။

** ဗုဒ္ဓဝေနေယျ–ဘုရားချွတ်ထိုက်မှကျွတ်ထိုက်သူ။

*** ဥပါဒိန္နက–ဇာကျော်ဒိဋ္ဌိတို့ဖြင့်စွဲလန်းအပ်သောကိုယ်။

**** ခယဝယ–ကုန်ခြင်း၊ပျက်ခြင်း။

ဤသို့စသည်ဖြင့် သတိသမာဓိပညာကို လွန်စွာပွားစေလျက် လေးပါးသော ရူပ ၁၀ ါစရစျာန်ကိုရ၏။ ထိုစျာန်ကိုအခြေပြု၍ သင်္ခါရတရားကို လက္ခဏာရေးအားဖြင့် သုံးသပ်စဉ် မြတ်စွာဘုရားသည် ထင်ရှားသော ကိုယ်ဖြင့်ကြွ၍ ဟောပြသကဲ့သို့ ဩဘာသဘုရားကိုတန်ခိုးအားဖြင့်လွှတ်တော်မူ၍ရာဂ၊ ဒေါသ မောဟတို့၏ အပြစ်ကို ဟောတော်မူရာ အရှင်စူဠပန်သည် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါးတရားအထူးနှင့် တကွအရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဇီဝကအိမ်တွင် မြတ်စွာဘုရားက သပိတ် မအပ်သေးဘဲ သံဃာတပါး[illegible]ကြောင်း မိန့်တော်မူသဖြင့်အပင့်လွှတ် လိုက်ရာ ရဟန်းကိုစွဖြင့် အလုပ်ရှုပ်နေသော သံဃာများစွာ တွေ့ရ၍ပြန်ခဲ့ရ၏။ နောက်တပန်စူဠပန်ကိုပင့်ရန်လာပြန်ရာ စူဠ ပန်ရဟန်းတဆောင်ကိုတွေ့ရ၏။ ဘတိယအခေါက်တွင်မှအောင် မြင်၏။

ဆွမ်းကိစ္စပြီးသည်တွင် မြတ်စွာဘုရား ညွှန်ကြားသဖြင့် အရှင်စူဠပန်သည် ပဋိသန္ဓာကတ်ကို အနုမောဒနာပြု၏။ မြတ်စွာဘုရားသည် စူဠပန်အား ရှေး ဘဝများတွင် ကြွက်သေတခုအရင်းပြု၍ သူဌေးသားဖြစ် အောင်စောင်မဘူးသလို ဥာဏ်ထိုင်းသော တပည့်ကိုလည်း ဂါထာတပုဒ်ဖြင့် အသက်မွေးနိုင်အောင် စောင့်ရှောက်ခဲ့ဘူး လေသည်။ မဟာပန်ထေရ်သည် သညာဝိဝဋ္ဋဘေဒက်စူဠပန် ထေရ်သည် နိမ္မိတဃေဒဂ်အရာ ရကြ၏။

မီးကျီးခဲကဲ့သို့

ဤကမ္ဘာမှ ပြန်၍ရေသော် တသင်္ချေနှင့် ကမ္ဘာတသိန်း မြောက်ကျသော ငေုကမ္ဘာဝယ် အနောမဒဿီမြတ်စွာဘုရား ပွင့်တော်မူရာ၊ တဦးသော အမျိုးကောင်းသားသည် မြတ်စွာဘုရားအား ရတနာစင်္ကြံလှူဒါန်း၏။ အနုမောဒနာပြုသော နေ့တွင်လည်း မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ပရိက္ခရာရှစ်ပါး လှူဒါန်းရာ သာဝကပါရမီ ဉာဏ်အဆုံးသို့ ရောက်လတံ့ ဟု ဗျာဒိတ်စကား ကြားတော်မူသည်ကို ခံယူရရှိ၏။

ထိုအမျိုးကောင်းသားသည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်တွင် ပစ္စည်းလေးပါးဖြင့် မပြတ်လှူဒါန်း၏။ ရဟန်းတရား၌ အလွန်အားထုတ်သော ရဟန်းတပါး တောင်ရေသည်ကိုမြင်လျှင် အလှူကြီးပေး၍ ထိုအရှင်ကဲ့သို့သောဆုကိုပန်ရာ ဗျာဒိတ်ရ၏။

ဘုံသုံးပါး၌ ကမ္ဘာတသိန်းကျင်လည်ပြီးနောက် ဗာရာဏသီပြည်၌ မဟာသာလ သူကြွယ်ဖြစ်လာ၏။ ရှင်ပစ္စေကဗုဒ္ဓါ တပါးအား ဝါဆိုကျောင်းနှင့် ဘောဇဉ်ငါးပါး လှူဒါန်း၏။ ၎င်းလှူဒါန်းသော ကမ္ဗလာနီပေါ်သို့ အရှင်မြတ်ထိုင်တော်မူသောအခါ ကမ္ဗလာနီအရောင်ဟပ်၍ လျပ်စစ်အိမ်ကြီးကဲ့သို့ တညီးညီးတောက်ပလျက် အလွန်နှစ်သက်စဖွယ်ဖြစ်လေ၏။

ထိုသို့ တင့်တယ်သည်ကိုမြင်လျှင် သာရွှင်ဝမ်းမြောက်လှသော စိတ်ရှိသည်ဖြစ်၍အကျွန်ုပ်သည် ဤသို့ပြုရသောကုသိုလ်သမ္ဘာရကြောင့် ဖြစ်တိုင်းသောဘဝတို့၌ လယ်ခေါင်ရမ်းပန်းကဲ့သို့ တပ်စွန်းလှသော လက်ခြေအဆင်းရှိသည် ဖြစ်စေသော

အကြိမ်တရာဖပ်သော ဝါဂွမ်းစုကဲ့သို့ နူးထွတ်သိမ်မွေ့သော ကိုယ်အသားအရေ ရှိသည်ဖြစ်စေသော။ လျှပ်စစ် တိမ်တောင်ကဲ့သို့ ကိုယ်ရောင်ထွန်းပသည် ဖြစ်စေသောဟု ဆုတောင်းပါ၏။

မဟာသာလာ သူကြွယ်သည် ဝါကျွတ်ချိန်သင့်လျှင် အရှင်ပစ္စေကဗုဒ္ဓါ ပြိအား အသိအကျွန်း ကမ္ဗလာသက်နိုး ... လျှ ဒါန်းပြုသည်။ ထိုကောင်းမှုကြောင့် မဟာသာလာသည် ... ပြည်၌ ... ဖြိုးနောက် ဗာရာဏသီပြည်ဝယ် ဥက္ကာကမင်းကြီး ဖြစ်လာ၏။ အဂ္ဂမဟေသီမိဖုရားကြီး ကံကုန်ပြီး နောက် နောက်ဟင်မြောက်သော မိဖုရား၏ရန်ကို စိုးရွံ့သဖြင့် သားတော်ကြီးလေးပါးနှင့် သမီးတော်ငါးပါးတို့အား ပြည်မှ ... လိုက်ရာ ကပိလဝတ်ပြည်ကိုတည်ထောင်၍ သာကီဝင်မျိုးကို အစပြုကြသည်။

ဤသာကီဝင်မင်းတို့၏ အဖဖြစ်သော ဥက္ကာကမင်းကြီးသည် ငါတို့ဘုရား ဖွင့်တော်မူအံ့သောကာလ၌ ... မှာနဂိုရ်ပြည် ဥပသေဌ် သူဌေးသား ဖြစ်လာ၏။

အမည်မှည့်အံ့သောနေ့သို့ ရောက်ကာလ မိဘနှစ်ပါးတို့သည် ငါတို့သားကား ဇမ္ဗူဒိပ်တလွှား၌ နှိုင်းစာ၍ နှိုင်းယှဉ်အပ်သော သူ ရှိမြဲမိုးကြိုးခဲကဲ့သို့ ရဲရဲပြောင်ပြောင် လောင်လှုံတန်ခိုးသော ဇမ္ဗူရာဇ်ရွှေရုပ်ကို သွန်းလုပ်သကဲ့သို့ တင့်တယ်သော အဆင်းအရောင်ရှိသည်ဖြစ်၍ မိမိအမည်ကို မိမိပင် ဆောင်လာသူ ဖြစ်ရကား "သောဏသတ္တိသား"ဟု အမည်မှည့်ကြ၏။

သောဏသတ္တိသား၏ လက်ဝါးပြင်ဝယ် နီလွင်တပ်စွန်းသော လက်ခေါင်ရမ်းပန်းကဲ့သို့ ထူးဆန်းတင့်တယ်စွာဖြစ်၏။

အကြိမ်တရာဖပ်သော ဝါဂွမ်းစုပမာ နူးညံ့သိမ်မွေ့သောကိုယ် အတွေ့ရှိ၏။ နံ့သာရေ နို့ရေဖြင့်လောင်းသော စပါးကို နံ့သာမှုန့်ရော၍ လုံခြုံစွာသုံးနှစ်လှောင်ထားပြီးမှ ကျိုက်ကျိုက်ဆူသော ထောပတ်ဆန်ဆွာ ပျားသကာဖြင့် သွန်း၍ အငွေ့ဖြင့် နှပ်စေ၏။ နံ့သာရေဖြင့် လက်ဆေး၏။ လက်လေးသစ် ရှစ်သစ်ထူသော သားမွေးကော်ဇော်ပေါ်၌သာ စကြံသွားသဖြင့် မသာကာ၏ လက်ဖဝါးခြေဖဝါး အပြင်တို့ဝယ် "ပဒုမ္မာ နားမြှောင်း၌ လက်ျာရစ်လည်၍ တည်သော ကြာခြည်၏ သဏ္ဌာန်ကဲ့သို့" အလှန်တင့်တယ်သော မွေးညှင်းတို့ပေါက်၏။

ဗိမ္ဗိသာရမင်းကြီး သတင်းပေးသဖြင့် မြတ်စွာဘုရား၏ တရားတော်ကို နာရသောအခါ ရဟန်းမပြုရလျှင် အသေခံမည် ဆန္ဒပြု၍ ခွင့်ရကာ ရဟန်းပြုပေသည်။ လုပ်သိမ်မွေ့သော ထိုရဟန်းကို ဖူးမျှော်ရန် အလုအယက်ရောက်လာကြသော ပရိသတ်သည် ရဟန်းတရားအတွက် အနှောက်အယှက်ဖြစ်သဖြင့် အရှင်သောဏသည် ယင်းထိုက် တောသုသာန်သို့ ကြွကာ တရားအားထုတ်သည်။ ထိနမိဒ္ဓဖျောက်ရန် စကြံသွားခန်မျှားသဖြင့် ခြေထောက်ကွဲအက် ပေါက်ပြဲကာ စကြံမြေ တလင်းတွင် သွေးချင်းချင်းနီလေသည်။

သို့ရာတွင် မြတ်စွာဘုရား ကိုယ်တော်တိုင် ကြွလာကာ မတင်းမလျော့ ပြု၍ တီးသောစောင်း၏ ဥပမာဖြင့် ဩဝါဒ ပေးမှ အရဟတ္တဖိုလ်သို့ရောက်၏။ ထိုအရှင်သည် အာရဒ္ဓဝီရိယ ဧတဒဂ် ရတော်မူ၏။

လပြည့်ဝန်းနှင့်တူသော

ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်ဝယ် ဟံသာဝတီပြည်သား သူကြွယ်တဦးသည် တောလည်သွားစဉ် တောအုပ်တောင်ဝှမ်း၌ နေသန့်တော်မူသော မြတ်စွာဘုရားကိုမြင်သဖြင့် မဟာလှေကားပန်းများ ခူးယူကာ အခင်းပြု၍ လှူ၏။ ပန်းထီးလုပ်၍မိုး၏။

ရင်းသည် သံဃာတော်ရှစ်ပါးကို မပြတ်ဆွမ်းလှူ၏။ တနေ့သော်....သမန္တပါသာဒိက ဘေဒဂိရသော ရဟန်းတပါးကိုမြင်သဖြင့် မြတ်စွာသူရားနှင့် သံဃာတော်တို့အား ဆွမ်း၊အဖျော်လှူကာ ဆုတောင်းရာ ဗျာဒိတ်ခံရလေ၏။

နတ်မင်း လူမင်း သူဌေးသူကြွယ် ကြိမ်ဖန်များစွာ ဖြစ်ပြီးနောက် [illegible]ဘုရားလက်ထက်တော်၌ အရှင်သာရိပုတြာ၏ညီသုံးဦး၌ တဦးအပါအဝင် ဥပသေန ဖြစ်လာ၏။ သူသည် သာသနာတော်၌ သဒ္ဓါသဖြင့် ရဟန်းပြုပြီးနောက် တဝါရလျှင်ပင် သာသနာ၌ အရိယာပုဂ္ဂိုလ် တိုးပွားစေအံ့ဟု နှလုံးထား၍ သူတပါးအား ရဟန်းပြုပေး၏။ ယင်းသို့ပြုသည်ကို မြတ်စွာဘုရား သိတော်မူရာ "ချစ်သား ဥပသေန၊ သင်၏ အစီးအပွားဖြစ်သော မဂ်ဖိုလ်ကိုမရှာဘဲ လျင်စွာပရိသတ် ပွားစေခြင်းငှာ အဘယ့်ကြောင့် လှည့်လည်သနည်း။ သင်ကား အဆုံးအမခံရဦးမည့်သူသာ ဖြစ်ပါလျက် အဘယ့်ကြောင့် သူတပါးအား ဖျက်ဆီးရန် အားထုတ်သနည်း"ဟု ကဲ့ရဲ့၍ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

အရှင်ဥပသေနလည်း ငါ့အား မြတ်စွာဘုရားသည် ပရိသတ်ကို မှီ၍ ယခုကဲ့ရဲ့တော်မူချေသည်။ နောင်သောအခါ ပရိသတ်ကိုမှီ၍ပင် လပြည့်ဝန်းနှင့်တူသော ရွှေမျက်နှာတော်ဖြင့် အံ့ဩချီးမွမ်းခြင်းကို ရအောင် ငါလုံ့လပြုအံ့ဟု ကြံပြီးလျှင် မြတ်စွာဘုရားကို ပူဇော်ခဲ၍ မိမိနေရာသို့ ပြန်လာ၏။

ကျောင်းသို့ ပြန်ရောက်သောအခါ ကမ္မဋ္ဌာန်း ဝိပဿနာကို လုန်စွာအားထုတ်သဖြင့် မမြင့်မီကပင် အရဟတ္တဖိုလ်သို့ရောက်၏။ မိမိထံသို့ဆည်းကပ်လာသော ပရိသတ်ကို ကာမာဒီနဝနေကမ္မာ နိဿံသစသော တရားကို ဆန်းကြယ်စွာ ဟော၏။ နှင်သာက်ဖွယ်ဟော၏။ထို့ကြောင့်ရင်းထံရဟန်းပြုရန် ခေတင်းပန်သူတိုင်းအား ဓုတင်တခုခု ဆောင်နိုင်ပါမည်ဝန်ခံမှရဟန်းပြုပေး၏။ မိမိကိုယ်တိုင်ဆယ်ဝါရ၍ ထေရသမုတိကို ရသောခါ ဝိနည်းဒေသနာကို ဝါစုဂ္ဂတ ပြုလျက် အလုံးစုံသောသူတို့အား ပဋ္ဌင်းခံစေကုန်၏။

တပည့်ရဟန်း ငါးရာမျှရှိသော နေ့တနေ့တွင် မြတ်စွာဘုရားထံ ... ားရောက် ဖူးမျှော်ကြရာ ခေါင်းပါးသောပံ့သုကူသက်နိုးရှိသော ရဟန်းတပါးကို မြတ်စွာဘုရား မေးတော်မူသည်တွင် ရဟန်း ငါးရာလုံးသည် အရှင်ဥပသေန ကဲ့သို့ပင် အရညကင်ဓုတင် သောသာနိကဓုတင် ဆောင်ကြရ၍ အဗ္ဘာကာဂဓုတင်၊ရုက္ခမူဓုတင်၊ နိသဇ္ဇဓုတင်၊ တေစီဝရိကဓုတင်၊ ပံ့သုကူဓုတင်၊ ပိဏ္ဍပါတိကဓုတင်၊ သပဒါနစာရိဓုတင်၊ ဧကာသနိက်ဓုတင်၊ပတ္တပိုဏ်ဓုတင်၊ ခလုပစ္ဆာဓုတင်၊ ယထာသန္တတိဓုတင်တို့ကို စွမ်းနိုင်သမျှ အားထုတ်ရပါသည် လျှောက်ကြား

ကြရာ မြတ်စွာဘုရားသည် ရှင်လှသော မျက်နှာတော် ဖြင့် သုံးကြိမ်သာစုခေါ်၍ ကောင်းချီးပေးကာ သခန္တပါသာဒိက တေဒင် ထားတော်မူ၏။

တရားရှစ်ပါးသောအစေး

အရှင်သာရိပုတြာအောက် ငါးယောက်မြောက် ဖြစ်သော ညီငယ် အရှင်စုန္ဒသည် လွန်ခဲ့သော ကိုးဆယ့်ခြောက်ကမ္ဘာ ထက်၌ သိဒ္ဓတ်မြတ်စွာဘုရားအား ဆန်းပြားကြီးကျယ်သော ပန်းစေတီဖြင့် လှူဒါန်းပူဇော်၏။ ဒါနသိလမြဲသူဖြစ်၍ ခုနစ်နှစ် သားဖြင့် ရဟန္တာဖြစ်မည်ဟု ဗျာဒိတ်ရရှိခဲ့လေသည်။

၎င်းသည် များစွာသော ကုသိုလ် ကောင်းမှုများ ပြုကာ ဘဝများစွာ ကျင်လည်ပြီးနောက် သာရိပုဏ္ဏား၏ သား စုဋ္ဌစုန္ဒဖြစ်လာ၏။ နောင်တော် နှစ်ပါး အမသုံးဦးတို့ရဟန်း ပြုပြီးမှ အစ်ကိုများကို ကြင်နာသော အားဖြင့် ရဟန်းဝတ် သည်။

ဆံပင်ကို ရေဆွတ်၍ရိတ်လှီးသောအခါ ကေသာလောမာ စသော တစပဥ္စကကို သင်၍ ဆံပင် အမွေးတို့၏ အဆင်း အတိုင်းအရှည်သဏ္ဌာန် *ဓာတု **အာကာရစသည်ကို ပြော ဟောလျှင် သံသရာ ဘဝက ဥပနိဿယ ကြီးမားသူ ဖြစ်၍ တရားရှစ်ပါးသော တဏှာအစေးတို့သည်ပြတ်၍ အရဟတ္တဖိုလ် သို့ ရောက်လေ၏။

---

* ဓာတု- ပထဝီဓာတ်စသည်။

** အာကာရ- အခြင်းအရာ။

စုန္ဒသာမဏေသည် အရှင်သာရိပုတြာအား မပြတ်လုပ်ကျွေး၍ မြတ်စွာဘုရားကိုလည်း ရံဖန်ရံခါ ဆည်းကပ် လုပ်ကျွေးရသည်။ အသက်နှစ်ဆယ် ပြည့်သောအခါ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြု၍ သာသနာ၌ ထင်ရှားသော အသီတိသာဝကမြတ်ဖြစ်သတည်း။

တခဏနားကာမျှဖြင့်

ဟံသာဝတီပြည်ဝယ် ပဒုမုတ္တရ မြတ်စွာဘုရားထံ ဆည်းကပ်နေသော သူဆင်းရဲတဦးရှိ၏။ တနေ့သော် ဓမ္မကထိက ဧတဒဂ်ရ သူဌေးတဦးကိုမြင်သဖြင့် သံဃာတို့၏ အရာမ်ကို သုတ်သင်ပြင်ဆင်၏။ အမှုခပ်သိမ်းကို ရွက်ဆောင်ပေး၏။ တတ်အားသမျှ လှူဒါန်း၏။ သရဏဂုံ ပဉ္စသီလကို ဆောက်တည်၏။ တရားနာပြီးသော် ထိုသူဌေး၏ ဓမ္မကထိက ဧတဒဂ်ဆုကို တောင်းရေ ဗျာဒိတ်ရပေ၏။

ထိုသူဆင်းရဲသည် ကဿပ မြတ်စွာဘုရား လက်ထက်တွင် တောလိုက်ထွက်စဉ် တရားအားထုတ်နေသော ရဟန်းတပါးကိုမြင်ရာအိမ်ပြန်ပြီး ဆွမ်းဟင်းကိုစီမံ၍ယူလာ၏။ လမ်းတွင် ရဟန်းနှစ်ပါးတွေ့သဖြင့် အနည်းငယ်စီလှူခဲ့ပြီး ရည်ရွယ်ရင်း ရဟန်းထံ ယူဆောင်လာကာ လှူဒါန်း၏။ ရဟန်းနေရာ၌ပန်းတို့ကိုလည်းခင်း၍လှူဒါန်းသေး၏။ ဤသို့လှူဒါန်းပြီးနောက် ဖြစ်တိုင်းသောဘဝ၌ တထောင်မျှသော ပဏ္ဏာကာရကို ရစေသော ငါးပါးသောအဆင်းရှိသော ပန်းမိုးတို့ရွာစေသော ဟုဆုတောင်း၏။ ရဟန်းတော်လည်း ပဉ္စသီလနှင့် သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပေးတော်မူ၏။

ထိုသူသည် နတ်ပြည်လူ့ပြည် ကျင်လည်ပြီးမှ ငါတို့ဘုရား ပွင့်တော်မူအံ့ကာလတွင် ရာဇဂြိုဟ်ပြည် မစ္ဆိကာသဏ္ဍာ မြို့ဝယ် သူဌေးသားဖြစ်လာ၏၊ ဖွားသောကာလ ပုဆစ်ဒူး နှစ်ကျွံ မျှ ပန်းမိုးရွာသဖြင့် စိတ္တ သတို့သားအမည်တွင်၏။

၎င်းသည် အရှင် မဟာနာမ်အား ပစ္စည်းလေးပါးဖြင့် ကိုး ကွယ်ကာ တရားနာရသဖြင့် သောတာပန် တည်လေသည်။ ထိုအရှင်ကြွသွားလျှင် ဣသိဒတ္တထေရ်ကို ကိုးကွယ်၏၊ ထိုအရှင် ကြွသွားလျှင် သုဓမ္မထေရ်ကို တောင်းပန်၍ အမ္ဗာဋက ဥယျာဉ်ကျောင်း၌ သီတင်း သုံးစေပြန်သည်။

အရှင်သာရိပုတြာနှင့် အရှင် မောဂ္ဂလာန်တို့ ထိုမြို့ကို ကြွလာကြလေရာ စိတ္တသူဌေးမှာ တရားတော်ကို နာရသဖြင့် အနာဂါမိဖိုလ်၌ တည်လေ၏။၎င်းသည် သာဝကနှစ်ပါးအား များစွာပူဇော်၍ တနေ့သုံးကြိမ် ဆည်းကပ်၏။ တနေ့သော် အဂ္ဂသာဝကနှစ်ပါးနှင့် သံဃာနှစ်ထောင်အား အိမ်သို့ဆွမ်းပင့် ဖိတ်ပြီးမှ သုဓမ္မထေရ်အား ပင့်ဖိတ်ရာ *ဣဿာ **မစ္ဆရိယ ဖြင့် ဒေါသဖုံးလွှမ်းနေ၍ လက်မခံချေ။

နံနက်တွင် ဆွမ်းခဲဘွယ်များ ပြင်ဆင်နေရာသို့ သုဓမ္မထေရ် ကြွလာ၏။ ပင့်ဖိတ်ရာနေရာတွင်မနေဘဲ "ဒါယကာ၊ သင်ပြု အပ်သော ပူဇော်သက္ကာသည် အလွန် များပြားပေစွ၊ သို့ရာ တွင် နှမ်းမုန့်ကြွပ်တမျိုးကား မပါပေ"ဟု အမျိုးကို ရိုးကိုး၍ ဆိုသောစကားဖြင့် ရှုတ်ချ၏။

---

* ဣဿာ – ညူစူခြင်း။

** မစ္ဆရိယ – ဝန်တိုခြင်း။

''အရှင်သုမေ့ အရှင်ကား တခဏမျှပင် နား၍ ရှုသော်လည်း အကုန်အစင်မြင်တတ်သော ကျီးငှက်နှင့်တူပေ၏။'' ဟု ကြိမ်းမောင်း လိုက်လေသည်။ သုမေ့ထေရ်လည်း ပရိက္ခရာကို ယူ၍ မြတ်စွာဘုရားထံတော် ရောက်လာပြီး အကြောင်းစုံ လျှောက်ထားသော် စိတ္တသူကြွယ်အား သွားရောက် ကန်တော့ ချေဟုစေလိုက်၏။

သူကြွယ်က လက်မခံသဖြင့် သုံးကြိမ်တိုင်တိုင်ပြန်သွားရ၏။ နောက်ဆုံးတကြိမ်တွင် အပြစ်ကို ကုစားပြီးမှ တောင်းပန်သဖြင့် လက်ခံလေသည်။

သူကြွယ်သည် မြတ်စွာဘုရားကို မဖူးရဘဲလျက် သုံးသည် သောမဂ်ဖိုလ်၌ တည်ခဲ့ပြီ။ ကျေးဇူးကြီးရှင်ဖြစ်သော မြတ်စွာဘုရားကို သွားရောက်ဖူးမြင်မည်။ သို့သော် လက်ချည်းကား မသွားဟုကြံကာ လှည်းငါးရာ၌ ရိက္ခာ အပြည့်တင်သည်။ သုံးထောင်မျှသော ပရိသတ်ကို စားရိတ်ခံ၍ ရာဇဂြိုဟ်သို့ ခေါ်လာသည်။ သူကြွယ်၏ စေတနာအဟုန်ကြီးမားမှုကြောင့်တလမ်း သွားရသော ခရီးတလျှောက်လုံး နတ်တို့ထောက်ပံ့ကူညီ သဖြင့် ပါသွားသောရိက္ခာများ မလျော့ပေ။

ရာဇဂြိုဟ်ပြည်သို့ ရောက်၍ မြတ်စွာဘုရားအား ဖူးမြင်လေသော် ပုဆစ်ဒူးနှစ်မျှ ပန်းမိုးရွာလေ၏။ စိတ္တသူကြွယ် သည် ကြီးကျယ်များပြားသော ပရိသတ်နှင့် ဘုရားဖူးလာသည်။ ကြားသောသူအပေါင်း၏ လက်ဆောင် ပဏ္ဏာများ မှာ များပြားလှ၏။ သူကြွယ်သည် ဘုရားကျောင်းတော် ရင်း၌လခွဲနေထိုင်စဉ် ဆွမ်းယာဂုအဖျော်တို့ဖြင့် မြတ်စွာဘုရား

နှင့် သံဃာအပေါင်းအား လုပ်ကျွေး၏။ တရားတော်ကို နံနက် တကြိမ်၊ ညတကြိမ်နာ၏။

ထိုသူကြွယ်ရာဇဂြိုဟ်မှ ပြန်သောအခါ လှည်းငါးရာမှာ အခွံချည်းဖြစ်နေရာ ကုသိုလ်ရှင်ဖြစ်သော သူကြွယ်အား အချည်းနှီးသော လှည်းဖြင့် မပြန်စေသင့်ဟု နတ်တို့ကြံကာ တော တောင်မအရှင်မဲ့သော ရွှေငွေတို့ကို လှည်းငါးရာ၌ အပြည့် တင်ပေးကြ၏။ ထိုအကြောင်းကို ကြားသိသောလူတို့က မြတ်စွာဘုရားအား လျှောက်ထားကြရာ....

ထို ဒုကတော်ကောင်း အပေါင်းတို့၊ ရတနာသုံးပါးဂုဏ် ၌ယုံကြည်ခြင်း၊ သဒ္ဓါတရားနှင့်ပြည့်စုံသော အကျင့်သီလနှင့် ပြည့်စုံသော အခြံအရံ အကျော်အစောနှင့် ပြည့်စုံသော လောကီဥစ္စာ၊ လောကုတ္တရာဥစ္စာတို့ဖြင့် ပြည့်စုံသော အမျိုး သားသည် အကြင်အကြင်အရပ်သို့ ဆည်းကပ် သွားလာ၏၊ ထိုထိုသော အရပ်၌လျှင် နတ်လူတကာတို့၏ ပူဇော်သက္ကာ ကို ခံရသည်ဖြစ်၏။ ထို့ကြောင့် သင်တို့သည် ထိုသဒ္ဓါသီလ တရားတို့နှင့် ပြည့်စုံအောင် အားထုတ်ကုန်လော့ဟု ဟော တော်မူ၏။

စိတ္တသူကြွယ်သည်လည်း၊ မြတ်စွာဘုရားထံမှ ပြန်လာ သည်မှစ၍ ငါးရာမျှလောက်သော ဗုဒ္ဓသာဝကဥပါသကာတို့ နှင့်တကွ လှည့်လည်ကာ ဒါနသီလကို အားထုတ်၍ နေခဲ့ရ သဖြင့် ဇေတဝန် ကျောင်းတော်၌ ဓမ္မကထိကဧတဒဂ်အရာထား တော်မူ၏။

ရေစစ်မှရေကိုလွှတ်သကဲ့သို့

ရှေးကာလ၌လေပြီးသော ကမ္ဘာ၌ ဗာရာဏသီပြည်၀ယ် သူကြွယ်ညီနောင်တို့သည် ကြံခင်းကြီးတခုကို စိုက်ပျိုးထားကြသည်။ တနေ့သ၌ ညီငယ်သည်ကြံနှစ်ချောင်းကိုဖြတ်၍အိမ်သို့ ပြန်လာစဉ် အရှင်ပစ္စေကဗုဒ္ဓါတပါးကို တွေ့သဖြင့် ပုဆိုးကို ခင်းပေးပြီး ကြံချောင်းမှကြံရည်ကိုလှူသည်။ အရှင်မြတ်ဘုဉ်း ပေးသည်ကို မြင်ရသဖြင့် သဒ္ဓါတရား တိုးပွားကာ ကျန်ကြံချောင်းမှ အရည်ကိုလှူပြန်ရာ အရှင်သည် သူကြွယ်ငယ်မြင်စဉ်ပင် ဂန္ဓမာဒနတောင်သို့ကြွသွား၍ ပစ္စေကဗုဒ္ဓါငါးရာတို့အား ခွဲဝေလှူဒါန်းသည်ကို မြင်ရကား၊ ရွှင်လန်းစွာဖြင့် အိမ်သို့ ပြန်၍ အစ်ကိုအား ကုသိုလ်အဖို့ကိုပေးရာ ထိုအရှင်ကဲ့သို့ ဖြစ်ရပါလိုသောဟု ဆုတောင်း၏။

ဝိပဿီမြတ်စွာဘုရား လက်ထက်တော်တွင် ဗန္ဓုမတီပြည်၀ယ် ကျွန်ုပ်နှစ်ဦးပင် သေနနှင့် အပရာဇိတဟူ၍ သူကြွယ်ညီနောင် ဖြစ်လာကြသည်။ အရွယ်ရောက်၍ သားမယားအိမ်ယာကျသော အခါ များစွာသော စည်းစိမ်ဥစ္စာကို ရရှိသော်လည်း အကိုသေနသည် မစုံမက်မပျော်မွေ့ဘဲ ပစ္စည်းများကို ညီငယ်သို့ လွှဲခဲ့ကာ ရဟန်းပြုသဖြင့် မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ညီအပရာဇိတလည်း နောင်တော်ရဟန်းပြုသည်မှစ၍မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့အား များစွာအလှူပေး၍ တရားနာသဖြင့် မြတ်သော ဥပါသကာအဖြစ်သို့ရောက်၏။ မိမိနှင့်လျော်သော ကောင်းမှုကို နောင်တော်မထေရ်မြတ်

ထံ မေးမြန်းကာ မြတ်စွာဘုရား ကျိန်းစက်တော်မူရာဖြစ်သော ဂန္ဓကုဋိကို အဖိုးတန်ရတနာတို့ဖြင့် မွမ်းမံ၍ ကြီးကျယ်စွာ ဆောက်လုပ်၏။ ရတနာသုံးပါး၌ စိတ်မဝင်စားသူများပင် ပစ္စည်းမက်၍လာချင်အောင် အရပ်အတွင်း၌ ရတနာများကို ပုဆစ်ဒူးမြုပ်အောင် ကြဲပက်ထား၏။ မြတ်စွာဘုရားရှေ့ဘော်တွင် မြတ်စွာဘုရား၏ အသခရေတော်ကို လင်းလက်စေရန် မနောမယပတ္တမြားကြီးများကို စီထား၏။

မြတ်စွာဘုရား ထံတော်မှ ပြန်ထွက်လာသူတိုင်းသည် ကြဲဖြန့်ထားသော ရတနာများထဲမှ လက်တွင်းဘာဆုပ် ယူနိုင်ခွင့်ရှိ၏။ သို့ပါလျက်နှင့် ပုဏ္ဏားတယောက်သည် မြတ်စွာဘုရား ခေါင်ခြည်တော် ထောက်ပံ့ရန်အတွက် ထားသော ပတ္တမြားကိုမှ ခိုးယူသွားရာ အပရာဇိတ စိတ်အနှောက်အယှက် ဖြစ်ရလေ၏။ ထို့ကြောင့် ခြောက်သန်းရှစ်သိန်းသော သံဃာတော်တို့နှင့် မြတ်စွာဘုရားအားကိုးလပတ်လုံးယာဂုဆွမ်း အဖျော်တို့ လှူဒါန်း၍ သံဃာစေ့တိစိဝရိက် သင်္ကန်းလည်းလှူ၏။ "ယခုနေ့မှစ၍ နိဗ္ဗာန်သည့် ဘဝ တိုင်အောင် ဖြစ်ဖြစ်သမျှ၌ ကျွန်ုပ်ရအပ်သော စည်းစိမ်ဥစ္စာကို ငါးဖြာသော ရန်သူတို့သည် လုယူဖျက်ဆီးခြင်းငှာ မတတ်နိုင်ပေသော၊ မိစ္ဆာချည်မျှင်ကိုမျှ အကျွန်ုပ်မပေးက အချာမကသောမင်း၊ အရာမကသော ခိုးသူတို့ လုယူ၍ မရသည်သာ ဖြစ်ပေသော" ဟူ၍လည်း ဆုပန်လေသည်။

၎င်းသည် ငါတို့ဘုရားပွင့်အံ့သော ကာလ၌ ရာဇဂြိုဟ် ပြည်ဝယ် သူဌေးသားဖြစ်လာ၏။ ဖွားသောနေ့၌ ပြည်အလုံး

ရှိ လက်နက်များ၊ ကိုယ်ဝတ်တန်းဆာ ရတနာများ တောက်ပသော ပဝတ္တနိမိတ်ကြောင့် ဇောတိကဟု အမည် ပေး၏။ အရွယ်ရောက်၍ ဇောတိကအတွက် အိမ်ခြေနေရာ ပြုပြင်ကြသော် ဘုံခုနစ်ဆင့် ရှိသည့် ရတနာ ပြာသာဒ်ပဒေသာပင်နှင့် ရွှေအိုးကြီးလေးလုံးသည်မြေကိုခွဲ၍ ထွက်လာ၏။ ပြာသာဒ်၏ ခုနစ်ထပ်သောတံတိုင်း နှင့် တံခါးလေးခုတွင် နတ်ဘီလူးများသည် အခြံအရံဖြင့် စောင့်ရှောက် ကြ၏။

ဇောတိကသူဌေး၏ ကြီးကျယ်သော စည်းစိမ်ကား၊ ကြီးကျယ်လှ၏။ သို့ရာတွင် သူဌေးသည် မြတ်စွာဘုရားကို မပြတ် ဆည်းကပ်ကာ ဒါန သီလ ဘာဝနာပြု၏။ တနေ့သော်အဇာတသတ်သည် အဖကို လုပ်ကြံကာ မိမိသက် မနိုင်းယှဉ်နိုင်အောင် သာလွန်သော ဇောတိက ဘုံဗိမာန်ကို လုယူရန် စစ်သည်များနှင့် သွားရောက်ရာ တပ်ပျက်၍ ပြေးရလေ၏။ အဇာတသတ်မင်းလည်း ပြေးမိပြေးရာပြေးရင်း မြတ်စွာဘုရားကျောင်းတော်သို့ ရောက်လာရာ အေးချမ်းစွာ သီလဆောက်တည်၍ တရားနာနေ၏။

အဇာတသတ် ပြေးလွှားရောက်ရှိလာသော အကြောင်းရင်းကိုသိလျှင် လက်၌ဝတ်ဆင်ထားသော လက်စွပ်များကိုပင် ရအောင်ချွတ်ယူပါဦး ပြော၏။ ဆောင့်ကြောက် ထိုင်လျက် အထက်သို့ခုန်သော် တဆယ့်ရှစ်တောင်၊ ရပ်လျက် ခုန်သော် အတောင်ရှစ်ဆယ်၊ အသွားခုန်သော် ဘဥဿဘာရောက်အောင် ခုန်အားရှိသော အဇာတသတ်သည် ဇောတိကလက်မှ လက်စွပ်ကို ချွေးဒီးဒီးကျအောင် ချွတ်သော်လည်း မရချေ။

ဇောတိကလည်း "အရှင်မင်းကြီး ဝတ်လဲကို ပြန်တော်မူ အကျွန်ုပ်[illegible]ပေးအုံ"ဟုဆိုကာ လက်မြှောက်၍ခေါင်းသော် လက်ဆယ်ချောင်း[illegible]ဝတ်သော လက်စွပ်နှစ်ဆယ်တို့သည် [illegible] (ရေစင်[illegible]ရေကိုလွှတ်သကဲ့သို့ ကျွတ်၍ကျ၏။

ထို[illegible]၏ အပြုအမူဖြင့်ပင် ဇောတိကသည် [illegible] သံဝေဂ[illegible] မြတ်စွာဘုရားထံ ရဟန်းပြု[illegible] ရှင်း၏ ဘုံဗိမာန်[illegible]တို့နှင့် ဇနီးသည်ပါ ကွယ်ပျောက်[illegible] ရဟန်းပြု[illegible]မြင့်မိုရ် အရဟတ္တဖိုလ်ကိုရ၍ [illegible] ထေရ်ပု[illegible]ရှားစွာဖြစ်သတည်း။

ရွှေတော[illegible]

ကဿပမြတ်စွာဘုရား ရှေ့လက်ထက်တော်တွင် ဗာရာဏသီပြည်ဝယ် ပန်းထိမ်သည်တဦးရှိ၏။ မြတ်စွာဘုရားထံ နိယံမပြတ် ဆည်းကပ်ကိုးကွယ်၏။ မြတ်စွာဘုရား နိဗ္ဗာန်[illegible]တော်မူသောအခါ ဓာတ်တော်များကို ဌာပနာ၍ စေတီတည်ကြရာ မြောက်ဖက်မုခ်၌ တဖျာရာခန့် ရွှေလစ်လျက် ရှိသည်ကို ရဟန္တာတပါးမြင်သဖြင့်အဆိုပါပန်းထိမ်သည်ထံသွား၍အလှူခံ၏။

ပန်းထိမ်သည်လည်း မယားနှင့် ရန်ဖြစ်နေခိုက် ဖြစ်သဖြင့် "ကိုယ်တော်တို့ဘုရား၊ ဂင်္ဂါမြစ်ထဲသာ မျှောလိုက်"ဟု ပြောမိ၏။ ပြီးမှ မှားမှန်းသိကာ ရဟန္တာထံ သွားရောက်တောင်းပန်သောအခါ ဓာတ်တော် ဌာပနာတိုက်အတွင်း၌ ပန်းခိုင်သုံးခုကို ရွှေဖြင့်ပြုလုပ်၍ ကန်တော့ရန် ညွှန်ကြား၏။ ပန်းထိမ်သည်သည် ပန်းခိုင်သုံးခုလုပ်ရာတွင် သားသုံးယောက်ကို အကူအညီ

ခေါ်သည်။ သားကြီးနှင့်သားလတ်က "မြတ်စွာဘုရားအား ပြစ်မှားသူမှာ အဖေသာဖြစ်သည်၊ အကျွန်ုပ်တို့မဟုတ်၊ ထို့ကြောင့် အဖေသာလျှင် ပြုလုပ်လေ"ဟု ဆိုကာ ငြင်းပယ်ကြ၏။ သားကလေးကား မငြင်းမငြင် အတူတကွ လုပ်ဆောင်ပေးရှာသည်။

ငါတို့မြတ်စွာဘုရားလက်ထက်တော်ဝယ် ကိုပန့်ထိမ်သည်မှာ မွေးကင်းစကပင် အိုးထဲထည့်၍ ရေမျှောခံရသည်။ အချင်မဟာကစ္စည်း၏ ဥပါသိကာမတစ်ဦးက တွေ့ရှိမွေးမြူထားရာ အရွယ်သည် သူငယ်ကိုယူ၍ မိမိ၏ဒါယကာဖြစ်သောတက္ကသိုလ်ပြည်သူကြွယ်တဦးထံ၌ အပ်နှံထားလေ၏။ သူငယ်တဆယ့်နှစ်နှစ်သားတိုင်ခဲ့သော နေ့တနေ့တွင် သူကြွယ်သည် ခရီးသွားရောက်ရှိသဖြင့် သူငယ်အား စျေးဆိုင်ကန္တား ပွဲရုံတို့ကို အပ်ထားခဲ့၏။

ရေးမှ သူကြွယ်ပြန်လာသည်တွင် နှစ်ပေါင်းများစွာ သိုလှောင်ထားသော ပစ္စည်းများ ပြောင်တလင်း ခါနေသည်ကို တွေ့၍ အကျိုးအကြောင်းမေးရာ အဖ မှာခဲ့သည့် အတိုင်း ရောင်းချပါသည် ဖြေ၏။ သူကြွယ်လည်း ဝမ်းမြောက်ကာ လူငယ် အရွယ်ရောက်သောအခါ၌ မိမိသမီးနှင့် ထိမ်းမြား၍အိမ်တဆောင် ဆောက်ပေး၏။

ထိုလင်မယားသည် ၎င်းတို့၏ အိမ်ပေါ်သို့ တက်သော လှေကားဝယ် အိမ်ဓာတ်ခါးဝ၌ အတောင်ရှစ်ဆယ် မြင့်သော ရွှေတောင်ကြီး ပေါက်လာ၍ ပြည့်ရှင်မင်းက ထီးဖြူဆောင်း

စေ၍ ဇင္ဒိယသူဌေးဘွဲ့ကိုပေး၏။ ဇင္ဒိယသည်သားသုံးယောက် ရပြီးနောက်တွင် ရဟန်းပြုလိုသဖြင့်သားသုံးယောက်တို့အား ပေါက်တူးတလက်ပေးကာ ရွှေဘောင်ကို တယောက် တသုတ်စီပေါက်ခိုင်း၏။ အထက်သားနှစ်ယောက်သည် ပေါက်၍မရပေ။ သားထွေးမှု မြေစိုင်ကို ခွဲသကဲ့သို့ ရွှေအတုံးအခဲများ ကိုရလာ၏။

ထိုသားကား ပန်းထိမ်သည်ဘဝက အနှင့်ကောင်းတူ ဆိုးဖက်ဆောင်ရွက်သော သားထွေးတည်း။ထို့ကြောင့် သားကြီးနှင့် သားလတ်သည် ညီထွေးပေးသမျှသာ ယူစေဟုလွှဲ၍ ပြီး ရဟန်းပြုရာ နှစ်ရက်သုံးရက်ကြာလျှင်ပင် ရဟန္တာ ဖြစ်လေ၏။

တခါသော် မြတ်စွာဘုရားနှင့် သံဃာတော်ငါးရာအား ဇင္ဒိယမထေရ်၏သားသုံးယောက်က ပင့်ဖိတ်ကာ လခွဲပတ်လုံး ဆွမ်းလုပ်ကျွေးစဉ် သံဃာတော်တို့က "အချင်းဇင္ဒိယ သင် ရှေးကနေဖူးသော အာရုံနှင့် တွေ့ကြုံရချေသည်။ သင်၏ သားမယားတို့၌ လည်းကောင်း၊ ရွှေတောင်ကြီး၌ လည်းကောင်း တပ်ငြိစုံမက်ခြင်း မဖြစ်သလော" မေးကြ၏၊ဇင္ဒိယ မထေရ်က စုံမက်ခြင်းမဖြစ်ဟု ဖြေသည်ကို သံဃာတော်တို့ မယုံကြည်၍ လောကသေင်္ဂနင်းတရားမင်းအားလျှောက်ထား ကြသော်....

အကြင်ပုဂ္ဂိုလ်သည် ဤငါဘုရားသားသနာတော်၌ အာရုံ ခြောက်ပါး၌ ကျက်စားတတ်သော တဏှာကို ပယ်ဖျောက်၍ အိမ်ရာထောင်ခြင်း၌ ကင်းသောစိတ်ရှိသည်ဖြစ်၍ ကျင့်၏၊

ကုန်ပြီးသောကာမတဏှာရှိသော ထိုပုဂ္ဂိုလ်ကို မကောင်းမှု၌ အပပ်ပြီးသော ရဟန္တာဟူ၍ ငါဘုရားသည် ဟောတော်မူ၏။

ဤဒေသနာ၏အဆုံး၌ များစွာသော သူတို့သည်အကျွတ်တရားကို မြင်ကြကုန်လေ၏။

ကျီးမနားသောအိမ်

ငါတို့ဘုရား ပွင့်တော်မူသောကာလ ရာဇဂြိုဟ်ပြည်ဝယ် ဆင်းရဲသော ပုဏ္ဏားသင်မယားရှိကြသည်။ ထင်းရောင်း၍ရှင်း၊ သူခစားလုပ်၍ရှင်း၊ အသက်မွေးရရာ ထိုသူတို့၏ အိမ်၌စား ကြွင်းစားကျန်မရှိသည်သာ ဖြစ်သောကြောင့် ကျီးငှက်မနား ပေ။ ကျီးငှက်တို့ကို အစောင့်လွှတ်ရကား ကာကပလိယ ပုဏ္ဏားဘွင်၏။

တရံသောအခါ အရှင်သာရိပုတြာသည်နိရောဓသမာပတ်မှထတော်မူ၍ ချီးမြှောက်အပ်သော ဝေနေယျတို့ကို ကြည့်တော်မူလျှင် ကာကဝလိယ သင်မယားကိုမြင်၍ "ဤသူတို့ကား၊ ရှေးပြုဖူးသောကောင်းမှုရှိလျက် တခုသောမကောင်းမှု နှိပ်စက်သောကြောင့် ဖုံးဝှက်အုပ်ထားသောမီးကဲ့သို့မကြီးပွားနိုင်ရှိချေသည်။ ငါသွား၍ ချီးမြှောက်ရမူ * ဒိဋ္ဌဓမ္မပင် ** သုခသမ္ပတ္တိကိုရရာ၏ဟု ကမ္ဘာတော်သက်သဖြင့်နံနက်အခါ၌ ဆွမ်းရပ်တော်မူ၏။

---

* ဒိဋ္ဌဓမ္မ-ယခုဘဝ၊ ယခုမျက်မှောက်။

** သုခသမ္ပတ္တိ-ချမ်းသာနှင့်ပြည့်စုံခြင်း။

လှူဘွယ်ကလည်းရှိ၊ အရှင်ကောင်းလည်းကြုံသဖြင့်ပုဏ္ဏားမသည်ယာဂုအိုးကိုမှောက်၍ လောင်းလှူလိုက်ကာ ဒိဋ္ဌဓမ္မဝင် ဒုက္ခကင်းလွတ်ပါစေသော ဆုတောင်းရာ အရှင်လည်းပြည့်စုံစေဆုပေးရှာကြလေ၏။ ထိုနေ့ညတွင် ဗိမ္ဗိသာရမင်း [illegible]လှန့်ထားသော တံကျင်လျှိုခံထားရသည့် ရာဇဝတ်[illegible] ရှိရာသုသာန်သို့ [illegible]သွားပို့ရန် အခွင့်ပေါ်လာသဖြင့် [illegible]ပုဏ္ဏားမသည် ယာဂုပို့ယူလိုက်၏။

လမ်းတွင် တွေ့သမျှသော ဘီလူးများကို သူတို့[illegible]ပြင်ဆိုင်ခြင်း၊ ရင်းပိုးတို့၏ကိစ္စများကို ဆောင်ရွက်ပေးခြင်း[illegible]ဖြမှုလအာမှုသည် အောင်မြင်သဖြင့် ဘုရင်မင်းမြတ်ထံမှ [illegible]ပြာတဆောင်ရယူသည့်အပြင် ဘီလူးများပေးသော ရွှေအိုးများမှာလည်း သူဌေးအရာခံလောက်အောင်များပြား၏။ ထို့ကြောင့် သူဌေးဘွဲ့ပေးကာ အိမ်နေရာတခုချထားပေးသည်ကို အိမ်ဆောက်ရန် မြေကိုတူးဆွကြ၏။ တူးဆွသမျှသည် ရွှေအိုး ငွေအိုးတွေချည်းဖြစ်နေရကား အတိုင်းမသိသော စည်းစိမ်ချမ်းသာသည် ဖြစ်လေ၏။

ကာကာဝလိယ လင်မယားလည်း အရှင်မြတ်ကိုမှီ၍ဤသို့ ချမ်းသာရရှာပသည်ဟု ကျေးဇူးတော်ကို အောက်မေ့လျက် မြတ်စွာဘုရားနှင့် သံဃာငါးရာအား နေ့စဉ်မပြတ်ဆွမ်းလုပ်ကျွေးလေ၏။

မြဖန်ခွက်တွင်း၌ ကည်းသာရေ

လွန်ခဲ့လေပြီးသောအခါ ဗာရာဏသီပြည်ဝယ်မင်း၏ မိဖုရား ခေါင်ကြီးသည် နေ့လစေ့၍ [illegible]သားဖွားသောအခါ

ချင်းချင်းနီသော သားတစ်သားစိုင်ကိုဖွား၏။ မိဖုရားလည်း ရာဇဒတ်ကို ကြောက်သဖြင့် အိုးသစ်တွင် ထည့်၍မျှောရ ရသေ့တပါးဆယ်ယူရရှိလေ၏။

ဆိုးညစ်နံလှောင်းမကောင်းသော အနံ့မရှိ၊ ပုပ်လည်း မပုပ်သောကြောင့် ရသေ့သည် ပညာဖြင့်ဆင်ခြင်၍ ကောင်းစွာ စောင့်ရှောက်ထား၏။ မကြာမီသားတစ်သည် နှစ်ခြမ်းကွဲ၏။ တဖန် လူအင်္ဂါ ခြေလက်ဦးခေါင်းတို့သည် သားတစ်အသီးသီး၌ ဖြစ်ပေါ်လာသည်။ နှစ်စုကွဲသော သားတစ်တို့မှ လုပတင့်တယ်စင်ကြယ်စွာ သန့်းလုပ်သော ရွှေရုပ်တုကဲ့သို့ နု ထွတ်လှပသော သတို့သားငယ်နှင့်သတို့သမီးငယ်တို့ဖြစ်လာ၏။

ရသေ့သည် လက်ချောင်းမှနို့ထွက်စေလျက် မွေး၏။ သူငယ်တို့၏ ဝမ်းတွင်းသို့ ဝင်လေသမျှသော အာဟာရသည် မြဖန်ခွက်တွင်း၌ တည်သော ရေကဲ့သို့ သက်လေသော အတိုင်းပင် ပကတိမြင်ရ၏။ ယင်းသို့လျှင် ထိုသူငယ်တို့သည် ကာကွယ်မြေးရှက်သော အရေအလွှာမရှိသကဲ့သို့ ဖြစ်၍ရင်း၊ ချုပ်အပ်စပ်အပ်သကဲ့သို့ နှဖပ်ဘွန့်လိန်သော အရေလွှာရှိသည် ဖြစ်၍ရင်း၊ လိစ္ဆဝီဟူသော အမည်ဖြစ်၏။

ကိုကလေးတို့အတွက် ရသေ့တွင်တာဝန်ကြီးသဖြင့်ရွာသူကြီးကယူမွေး၏။ သူငယ်ဖော်တို့နှင့် ကစားခုန်စားရင်းခိုက်ရန်ဖြစ်ပွားသော် ပုတ်ခတ်၍ တပါးသူငယ်တို့ငိုယိုကြ၏။ ထိုအခါ မိဖတို့က "ဤမောင်နှမကား မိဖမရှိဘဲလျက် ငါတို့သားကို ညှဉ်းဆဲဘိသည်။ ချင်းတို့နှင့် အပေါင်း အဖော်မပြုလင့်၊ ကြဉ်ကြကုန်"ဟုဆိုကြ၏။ ထိုစကားကို အစွဲပြု၍ ထိုအရပ်သည် ဝဇ္ဇီတိုင်း တွင်သတည်း။

ထိုကလေးများအရွယ်ရောက်သောအခါ ရှာသူကြီးသည် ဗာရာဏသီမင်းထံမှ မြေနေရာတောင်း၍ မြို့ပြတည်ထောင်ကာ လိစ္ဆဝီမင်းသားနှင့် မင်းသမီးအား ထိမ်းမြား၍ အဘိသိက် သွန်းပေး၏။ ငါတို့အမျိုးမှပွားစည်းသော မင်းသမီးကိုလည်း တပါးသောမင်းတို့နှင့် ဆက်ဆံခြင်းမပြုစေအံ့၊ တပါးသော အမျိုးမှ မင်းမိန်းမကိုလည်း မယူဆောင်အံ့ဟု၍ မင်းသမီးနှင့် မင်းသားတို့ ကတိကဝတ်ထားကြသည်။

အစစွာသော လိစ္ဆဝီမိဖုရားမှ မိန်းမယောကျ်ား အမွှာဆယ့် ခြောက်ကြိမ်ဖွား၏။ ယင်းတို့ကို ထိမ်းမြားသဖြင့် မယ်တော် နည်းတူ ဆယ့်ခြောက်စုံ ဖွားပြန်သဖြင့် မင်းညီမင်းသားတို့ အလွန်ပွားစည်းလေ၏။ ကာလရှည်လတ်သော် မြို့တွင်းမြို့ပြင် ကို တဂါဝုတ်စီ သုံးကြိမ်ချဲ့ထွင်ရ၏။ ထို့ကြောင့် ထိုအရပ်ကို ဝေသာလီပြည် ခေါ်၏။

ငါတို့ဘုရား ပွင့်တော်မူသောအခါ ဝေသာလီပြည်သည် အလွန်စည်ကားနေပေသည်။ မြို့စား ထီးဆောင်းမင်းသည်ရင်း၊ အိမ်ရှေ့မင်း စစ်သူကြီး ဘဏ္ဍာစိုး စချီစမာသည်ရင်း၊ ပြာသာဒ် ရှည်လွတ်ရုံး ဇရပ် ဥယျာဉ် ရေကန်သည်ရင်း၊ ခုနစ်ထောင် ခုနစ် ရာ့ခုနစ်ကျိပ်နှင့် ခုနစ်ယောက် အသီးသီးရှိကာ လူနေအိမ်ခြေ ကား မရေတွက်နိုင်။

တရံသောအခါ မိစ္ဆာဝါဒီအယူရှိကုန်သော လူတို့၏အယူ ဝါဒစကားဖြင့် နှောက်ယှက်ချောက်ချားရကား၊ ဒုဗ္ဘိက္ခန္တရ ကပ်နှင့် ရောဂန္တရကပ်ကြီး ဆိုက်ရောက်လေရာ ရာဇဂြိုဟ် ပြည်တွင် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို ပင့်

ဖိတ်လျှောက်ထားရလေသည်။ မြတ်စွာဘုရား ကြွတော်မူ၍သာ အန္တရာယ်များ ကင်းပျောက်စေရန် အရှင် အာနန္ဒာအား ဆောင်ရွက်စေသည်။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွလာကာ စတုတ္ထ ဝါဆိုပြီးနောက် ဝေသာလီပြည်သို့ ဒေသစာရီ ကြွချီတော်မူစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၌ ကြီးမားသည်းထန်သော ရောဂါကပ်လာကြောင်း လျှောက်ထားလာသဖြင့် ကပိလဝတ်ပြည်သို့ ကြွတော်မူခဲ့၏။ မြတ်စွာဘုရားသည် နန်းတော်သို့ကြွကာ တရားဟောတော်မူသဖြင့် သုဒ္ဓေါဒနမင်းကြီးမှာ အရဟတ္တဖိုလ်သို့ ရောက်ပြီးမှ ပရိနိဗ္ဗာန်စံလေ၏။

ကောင်းမှုဥစ္စာ ရတနာသာလျှင်

သုံးလူ့သနင်း တရားမင်းသည် သုဒ္ဓေါဒနမင်းကြီး၏ဈာပနကိစ္စကို ဆောင်ရွက်ပြီးနောက် ထိုပြည်၏ နိဂြောဓာရုံ ကျောင်းဝယ် စမ္ပယ်နေတော်မူသောအခါ မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် သာသနာတော်၌ ရဟန်းပြုခွင့် ပြုပါရန် လျှောက်ထား၏။ မြတ်စွာဘုရားလည်း သာသနာတော်၌ မာတုဂါမတို့ကို ရဟန်းပြုခွင့် မပေးပေ။ ဂေါတမီ မိဖုရား သုံးကြိမ်တောင်းသော်လည်း ခွင့်သနားတော်မမူ၍ ဆာပူလှိုက်လှဲ ဆင်းရဲငြိုငြင်သော နှလုံးဖြင့် ယူကျုံးမရ တသသ ငိုယိုကာ ပြန်သွားလေ၏။

ထို ပဇာပတိ ဂေါတမီ၏ ရှေးပုဗ္ဗကမ္မသော်ကား....

ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဂေါတမီ အလောင်းသည် မထင်ရှားသောအမျိုး၌ဖြစ်ကာ မြတ်စွာ

ဘုရားထံတော်၌ ဆည်းကပ်၍ တရားနာလေ့ရှိသည်။ တရံသောကာလ ဘုရား၏ မိထွေးတော်ဖြစ်သော ဘိက္ခုနီမအား ရတ္တညူတေဒဂ်ထား၍ ချီးမြှင့်မြှောက်စားသည်ကို မြင်သဖြင့် မြတ်စွာဘုရားနှင့် သံဃာတော်များအား အလှူကြီးပေးကာ ဆိုအရှင်မကဲ့သို့ ဖြစ်ရပါလိုသောဟု ဆုတောင်းရာ မြတ်စွာဘုရားလည်း ပြည့်လတံ့သည်ကို ဗျာဒိတ်စကား ကြားတော်မူ၏။

ထိုဒါယိကာမသည် ဒါနသီလ များစွာပြုကာ နတ်ပြည်၌ ဖြစ်၏။ ထိုမှစုတေခဲ့သော် ဗာရာဏသီပြည်ဝယ် သူဌေး၏ သူစေး ငါးရာတို့တွင် အကြီးအကဲဖြစ်၍ ဇေဌကဒါသီအမည်တွင်၏။ တနေ့သော် ဇေဌကဒါသီ ရေခပ်ထွက်စဉ် အရှင်ပစ္စေကဗုဒ္ဓငါးပါး ကြွလာသည်ကို မြင်၏။ သူဌေးအိမ်မှ ခဏ ချင်းပြန်ထွက်လာသည်ကိုလည်း မြင်သဖြင့် အကြောင်းကို စုံစမ်းရာ ဝါဆိုကျောင်းခံရန်လာကြောင်း သိရသဖြင့်နက်ဖြန်အတွက် ဆွမ်းဖိတ်လိုက်၏။

အိမ်သို့ပြန်ရောက်လျှင် ဇေဌကဒါသီသည် သူစေးငါးရာတို့အား "ရှင်မတို့လည်း ကျွန်ုပ်အဖြစ်မှ လွတ်လိုကြသလော၊ မလွတ်လိုကြသလော" မေးရာ အခွင့်ရယူ ယခုပင် လွတ်ချင်ပါ၏ဟုဆိုကြ၏။

"သင်တို့ငါတို့သည် ရှေးက ပုညအထူး ဆည်းပူးသမျှ မပြုခဲ့၍ ယခုဘဝ၌ သူတပါးကျွန်ဖြစ်သည်မဟုတ်လော။ ကုသိုလ်အစု ကောင်းမှုရတနာသာလျှင် ငါတို့ကို တော်လှန်အောင် ပြုပေလတံ့သည်တကား။ ယင်းသို့ဖြစ်၍ ကျောင်းပြုပြင်ရန်

ဟတ္ထက်ရှာလာသော ပစ္စေကဗုဒ္ဓါတို့အား နက်ဖြန်အလို့ငှာ ဆွမ်းဖိတ်ခဲ့ပြီ။ သင်တို့၏ လင်တို့ကို ကြည်လင်စေကြောင်း ဖျောင်းဖျပြောဆို၍ ကျောင်းကိုပြုပြင်စေကုန်လော"ဟုဆို၏။

ထိုနေ့ညတွင် ကျွန်ယောကျ်ား၊ ကျွန်မိန်းမတို့သည် တတ်စွမ်းသမျှ ဆွမ်းခဲဘွယ်တို့ကို စုပေါင်းချက်ပြုတ်ကြ၏။ အရှင်တို့ ဝါကပ်ရန် ကျောင်းဟောင်းကို ပြုပြင်၍ စင်္ကြံမဏ္ဍပ်စသည်များ တည်ဆောက်လုပ်ကြ၏။ ဝါတွင်းသုံးလပတ်လုံး စုပေါင်းလုပ်ကျွေးကြပြီးနောက် တိစီဝရိဘ် သင်္ကန်းများကို လှူဒါန်းကာ သီလဆောက်တည်ကြ၏။

ထိုဇေဌကဒါသီသည် နတ်ပြည်၌တကြိမ်ဖြစ်ပြီးနောက် ဗာရာဏသီပြည်ဝယ် ရက်ကန်းသည်အမျိုး၌ဖြစ်၍ အရှင်ပစ္စေကဗုဒ္ဓါတို့အား ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေးလှူဒါန်းရပြန်သည်၊ ထိုဘဝမှစုတေ၍ ကမ္ဘာတသိန်းကာလပတ်လုံး လူ့ရွာ၊နတ်ရွာကျင်လည်ပြီးမှ ငါတို့ဘုရား ထင်ရှားဖြစ်တော်မူခါနီးလတ်သော် အဥ္စနမင်းကြီး ကြင်ဖော် ယသောဓရာဝမ်းဝယ် စွဲလန်းဖြစ်ထွန်းလာ၏။ မဟာပဇာပတိ ဂေါတမီအမည်တွင်၏။

အရွယ်သို့ရောက်ကာလ အမတော် သီရိမဟာမာယာနှင့်တကွ သုဒ္ဓေါဒနမင်းကြီး ဆောင်နှင်းလေရာ နန္ဒမင်းသားကို ဖွားတော်မူသည်။ မကြာမြင့်မီ အမတော်မှာ သိဒ္ဓတ္ထသတို့သားကိုဖွားမြင်ပြီး မကြာမြင့်မီ နတ်ပြည်သို့လားသဖြင့် သားအရင်းကို နို့ထိန်းသို့အပ်၍ ဘုရားအလောင်းကို ကိုယ်တိုင်နို့တိုက်မွေးမြူခဲ့ရ၏။

မြတ်စွာဘုရားသည် မိထွေးတော်၏ ရဟန်းပြုခွင့်ကို ပယ်တော်မူပြီးနောက် ဝေသာလီပြည်သို့ ပြန်ကြွလာကာ မဟာဝုန်တော၌ သီတင်းသုံးတော်မူစဉ် မိထွေးတော် ဂေါတမီသည် ဆံပင်ကိုဖြတ်ကာ ဖန့်ရည်စွန်းသော အဝတ်ကိုဝတ်၍ သာကီဝင် မင်းသမီးများနှင့်လိုက်လာလေသည်။

ခရီးပြင်းစွာ လာခဲ့ရသောကြောင့် ချင်းချင်းနီမျှ သွေးစီးကျသော ခြေဖဝါး၊ မြူအလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် ကူဋာဂါရ ဇရပ်အနီးတွင် ပြင်းစွာ ငိုကြွေးနေ၏။ အရှင်အာနန္ဒာသိသဖြင့် မြတ်စွာဘုရားထံလျှောက်ထားရာ သုံးကြိမ်ပယ်တော်မူ၏။

စတုတ္ထအကြိမ်မြောက် လျှောက်ထားရာတွင် မယ်တော်၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ချီးကျူး လျှောက်ထားသဖြင့် ရှစ်ပါးသော *ဂရုဓမ္မကို အသက်ရှည်သမျှ မကျူးမလွန် ရအောင် နိစ္စဖြည့်စွမ်း နိုင်သည်ဖြစ်လတံ့၊ ငါခွင့်ပြုမည် မိန့်တော်မူသဖြင့်အရှင်အာနန္ဒာသည် ထိုအချက်များကိုမယ်တော် အား ပြန်လည်သင်ကြားပေးရ၏။

ရဟန်းပြုပြီးနောက် ဂေါတမီထေရီသည် လျှောက်ပတ်သော ကမ္မဋ္ဌာန်းကို ရသဖြင့် အစဉ်အတိုင်း အားထုတ်ကာ လောကုတ္တရာ တရား၏ အထွတ်သို့ ရောက်၏။ ကြွင်းသော ဘိက္ခုနီမတို့ကား နန္ဒကောဝါဒသုတ်ကို ဟောတော်မူသော အဆုံးမှ အရဟတ္တဖိုလ်သို့ရောက်ကြ၏။

---

* ဂရုဓမ္မ - အလေးပြု အလေးထားအပ်သောတရား။

မြေမှုပွားစည်းဝေသ ၂ သစ်ပင်

ဝေသာလီပြည်မဟာဝုန်ဘောဌ် မြတ်စွာဘုရား သီတင်းသုံးတော် မမူမီကပင် လိစ္ဆဝီ မင်းသားတို့၏ ဆရာ သစ္စက ပရိဗိုဇ်သည် ရှိနှင့်၏။ ၎င်း၏ မိဘနှစ်ပါးသည်လည်း နိဂဏ္ဌဆရာနှင့် နိဂဏ္ဌပရိဗိုဇ်သာဖြစ်၏။ ၎င်း၏ အမလေးယောက်သည် အမိထံမှရသော ဝါဒ ငါးရာဖြင့် ဇမ္ဗူဒိပ်ကိုလှည့်လည်နေကြ၏။ ၎င်း၏အမလေးယောက်သည် အမိထံမှရသော ဝါဒ ငါးရာဖြင့် ပညာတွေ့အားကြီးရကား ဆန်စပါးထည့်သော အိတ်သည် ပြည့်သိပ်လွန်းသောကာလ ပေါက်ကျသကဲ့သို့ ငါ့ဝမ်းလည်း အပြည့်လွန်ကာ မခံနိုင်ဘဲ ကွဲပေါက်ဘိရာသည်ဆိုကာ သံပြားဖြင့်ပတ်ထား၏။

ထိုသစ္စကသည် မြတ်စွာဘုရားအား ဝါဒဖြင့် တင်ဆိုချိန် အကြံရှိသည်။ သို့ကြောင့် မြတ်စွာဘုရား၏ဝါဒကို သိရန်အရှင်အဿဇိထံချဉ်းကပ်စုံစမ်း၏။ "ဒါယကာ၊ ငါတို့ဆရာမြတ်စွာဘုရားကား ဘုံသုံးပါး၌ ဖြစ်ကြိုက်သော သတ္တဝါ တို့၏ ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဉ်တရားသည်အနိစ္စသဘော၊ ဒုက္ခသဘော အနတ္တသဘောသာတည်းဟုအယူရှိ၏၊ တပည့်တို့အားလည်း ဤသို့ပင် ဟောကြား ဆုံးမလေ့ရှိ၏" ဟု အမိန့်ရှိတော်မူလိုက်သည်။

သစ္စကလည်း ရှင်ဂေါတမ၏ အယူမကျသော အဖြစ်ကို ငါသိပြီ။ ဤဝါဒကိုအစပြု၍ပင် အပြစ်တင်တော့အံ့ဟု ကြံ၍ တပည့်ဖြစ်သောလိစ္ဆဝီမင်းသား ငါးရာတို့အား စုရုံးခေါ်ငင်ကာ ကြုံးဝါး၏။

“လူတွင်ထင်ရှားဘုရားဆိုသောသူပင်လည်း ငါနှင့်ကြုံက တုန်လှုပ်ရမည်။ ငါမေးက ဖြေချေးပြန်ရမည်၊ လူတို့ကိုမဆို ထားဘိ၊ သစ်ပင်များမှ တုန်လှုပ်ရသေးသည်။ ရှင်ဂေါတမကို ဝါဒဖြင့်တင်၍ ရယ်ချင်ဘွယ်အရုပ်ရှုအောင်ငါမေး၍ပြုမည်။ ပရိသတ်အလယ်တွင် ရှုံးစေ၍ နှလုံးမသာမျက်နှာမလှအောင် ဝါဒဖြင့် ငါကျိုးယွယ်မည်။ လိုက်လာကြကုန်”ဟု ခေါ်၍ မြတ်စွာဘုရားထံလာကြ၏။

သစ္စကကို ယုံသူလည်းရှိ၏။ မယုံသူလည်းရှိ၏။ မည်သို့ ဆိုစေ၊ ပညာရှိ နှစ်ပါး၏ တရားနှောသံကို နာခံရအောင် လိုက်မည်ဆိုကာ စုဝေးလာကြ၏။

သုံးလူ့ဖသည့် ကျောင်းတော်အနီး ကြီးစွာသောသစ်ပင် ရင်း၌ သီတင်းသုံး နေတော်မူ၏။ သစ္စကနှင့် ပရိသတ်သည် မြတ်စွာဘုရားအပါး ချဉ်းကပ် လာကြကာ အလွှာဖသလွှာပ ပြောကြားပြီးနောက် သစ္စက စတင်မေး၏။

“အရှင် ဂေါတမသည် တပည့်သားတို့၏ မှတ်သားသိမြင် ခြင်းငှာ အဘယ် ဒေသနာဖြင့် အနုသာသနီကိုပြုသနည်း။”

“အချင်းအဂ္ဂိဝေဿန။

တပည့် သာဝကတို့အား ငါဘုရား ဆုံးမသ ပြုသော အနုသာသနီမှုကား လောက၌ လူနတ်ဗြဟ္မာ သတ္တဝါဟု သမုတ်ကြသည်ကား ခန္ဓာငါးပါး၏ အစုသာဖြစ်သည်။ ထို ငါးပါးတို့တွင်အကြင်နှစ်ဆယ့်ရှစ်ပါး ရုပ်တရားတို့၏အပေါင်း ဖြစ်သော ရူပက္ခန္ဓာသည်လည်း မြဲစွာ တည်သောသဘောမရှိ၊ မိမိ၏ကိုယ်လည်းမဟုတ်ချေ။ ဝေဒနာသုံးပါး၊ ဝေဒနာငါး

ပါး၊ ဝေဒနာ ခြောက်ပါးတရားအစုဖြစ်သော ဝေဒနက္ခန္ဓာ သည်လည်း မြဲစွာတည်တတ်သော သဘောမရှိ၊ မိမိ၏ ကိုယ်လည်း မဟုတ်။

သညာနှစ်ပါး၊ သညာခြောက်ပါး တရားအစုဖြစ်သော သညာက္ခန္ဓာသည်၎င်း၊ ဖဿစေတနာ စသည်ဖြင့် ပြားသော ငါးဆယ်သောစေတသိက်ဟုဆိုအပ်သော သင်္ခါရက္ခန္ဓာသည် ၎င်း၊ မြဲစွာတည်တတ်သော သဘောမရှိ၊ မိမိ၏ကိုယ်လည်း မဟုတ်၊ ဒုက္ခရှစ်ပါး၊ ဒုက္ခ တဆယ့်နှစ်ပါးတို့သာ သက်ဝင် ရာရှိကုန်သည်။ ထို့ကြောင့် ဤခန္ဓာ၌ အာသာငမ်းငမ်း စွဲလမ်း တပ်မက်ခြင်းကို မဖြစ်စေလင့်”

ဤသို့စသောနည်းအားဖြင့်ငါဘုရားဆုံးမလေ့ပြုသတည်း ဟု မြွက်တော်မူသော် အယူတိမ်းလှသော သစ္စကလည်း သမ္မာ သမ္ဗုဒ္ဓ၏ ဒေသနာကို ပုံဆောင်ကာ ပယ်လိုရကား....

“ဘုရားဂေါတမ။

အသင်ကဲ့သို့ ဖောက်ဖောက်ပြန်ပြန် ကြံ၍ ဆုံးမသော ဤသောကြ၌ ဝိပဿနာချည်း ဖြစ်ရသည်ဘကား။ မြေမှပွား စည်သော သစ်ပင်သည် မြေကြီးသာလျှင် တည်ရာမှီရာ ဖြစ် သကဲ့သို့ ထိုအတူ သတ္တဝါ တို့သည်လည်း ခန္ဓာ ငါးပါး၌ တည်၍သာလျှင် ချမ်းသာ ဆင်းရဲကိုခံစားရသည်။ ကုသိုလ် အကုသိုလ်တရားကို အားထုတ်ရသည်။ မဂ်ဖိုလ် ချမ်းသာကို ဖွေရှာရသည်မဟုတ်လော။

မပျက်စီးသေးသောကာလ၌ အတ္တဟု ထင်ရှားရှိပါလျက် သဗ္ဗေဓမ္မာ အနတ္တာဟု ပြောပြခြင်းသည် အဘယ်သို့ သင့် ချော်ပုံအံ့နည်း”

ဟုဆို၏။ ထိုသို့သော သစ္စကာ၏ စကားကို ကြားတော်မူလျှင် မြတ်စွာဘုရားသည် သစ္စကာကို ပြန်၍ မေး၏။

"အချင်းအဂ္ဂိဝေဿန၊ ဤငါးဝသော ရုပ်နာမ်ခန္ဓာကို ငါ၏ကိုယ်ဟူ၍ ပင်သင်သည် အယူရှိသလော"

"အကျွန်ုပ်သာ ငါ၏ကိုယ် အယူရှိသည်မဟုတ်၊ ဤပရိသတ် လေးပါး လူအများပင် မှတ်ထင်ခေါ်ဆိုကြပါ၏"

"သူတပါး၏အပေါ်သို့ ပစ်၍ မဝါဒင်လင့်။ သင်၏ အယူအဆကိုသာ ထင်စွာ ပြောဆိုလော့"

"ဟုတ်ပေသည်၊ အကျွန်ုပ်လည်း ဤရုပ်နာမ်ခန္ဓာကိုငါ၏ ကိုယ်ဟု အယူရှိ၏"

"ဤငါးဝသောခန္ဓာကို ငါ၏ကိုယ်ဟု သင်ဝန်ခံသော်ဘဖန် သင့်ကို ငါမေးဦးအံ့။ အကြင်ပြည့်ရှင်မင်းတို့သည် မိမိပိုင်သော နိုင်ငံအတွင်း၌ နှိမ်နင်း ကွပ်ညှပ်ထိုက်သော သူကို နှိပ်နင်းကွပ်ညှပ် နှင်ထုတ်သင့်သူကို နှင်ထုတ်၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ခြင်းငှာ အစိုးရ၏မဟုတ်လော"

"အစိုးရသည်မှန်၏"

"သင်၏ ရုပ်တရားသည် မတင့်တယ်သော အားဖြင့် ငါ မဖြစ်လို။ ကြည်ညိုနှစ်သက်စဘွယ် တင့်တယ်လှပသည်ဖြစ်လို၏ ဟူ၍ရင်းဆိုဖြူ၍ သွားကြွေ သွားရေတွန့်တိုအိုခြင်းသို့ မရောက်ပဲ တဆယ့်ခြောက်နှစ် အရွယ်သာ တည်ပါလို၏ ဟူ၍ရင်း၊ သင်အလိုရှိသည်ဖြစ်၏။ ထိုအလိုအတိုင်း သင်၏ ရုပ်ကို လိုက်ခြင်းငှာ အစိုးရပါ၏လော"

ဆရာသစ္စကလည်း ငါ၏အလိုသို့ လိုက်၏ဟု ပြောသော်

လူအပေါင်းတို့ထံ၌ "ဝေသာလီမင်းများကဲ့သို့ လှပတင့်တယ်ပါးစေသော့လော" ဟုဆိုကြမည်။ အလိုသို့မလိုက်ဟု ဖြေလိုက်လျှင် ဂျူးတော့မည်ဟု သိကာ နှုတ်ဆိတ် နေသော်လည်း နောက်ဆုံးတွင် သစ္စက ပရိဗိုဇ်သည် "ကျွန်ုပ်ကားမှားခြင်းကြီးမှားပါပြီ။ အရှင်၏ဝါဒကို အသက်ရှည်သမျှ ယုံမှတ်ကိုးကွယ်ပါတော့မည်" ဟုဝန်ခံလျှောက်ထားရတော့၏။

မြတ်စွာဘုရားလည်း ငါးပါးသောခန္ဓာတို့၌ ပုဂ္ဂလပြဆာနာ ထား၍လေးပါးသောနက်နဲခြင်းနှင့် ပြည့်စုံသော ဓမ္မဒေသနာကို ကောင်းစွာဟောတော်မူ၏။ တရားတော်၏ အဆုံး၌အလုံးစုံသော ပရိသတ်တို့သည် အကျွတ်တရားကို မြင်ကြရလေသတည်း။

ရွှေဟင်္သာနှင့် လင်းပြာငှက်

လောကမှန်ကူ သယမ္ဘူ မြတ်စွာဘုရားသည် ဝေသာလီတွင် ဝါဆိုတော်မူပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ပြန်လည်ရောက်ရှိသောကာလ ဗိမ္ဗိသာရ မင်းကြီး၏ မိဖုရား ခေမာသည် တရားတော်ကိုနာရ၍ အရဟတ္တဖိုလ်သို့ ရောက်၏။

ခေမာမိဖုရား၏ ရှေးပုဗ္ဗကမ္မမှာ ဤသို့ဖြစ်၏၊

၎င်းသည် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်တွင် ဟံသာဝတီပြည်ဝယ် သူဌေးသမီးဖြစ်၏။ သာသနာ၌သဒ္ဓါတရားရှိလှသဖြင့် မြတ်စွာဘုရားနှင့် သံဃာအပေါင်းအား ပင့်ဖိတ်ကာ ခုနစ်ရက်ပတ်လုံးအလှူပေး၏၊မြတ်စွာဘုရားသည် နန္ဒကမည်သောဘိက္ခုနီမအား တရားအနုမောဒနာပြုစေကာ၊ ဒေသနာအဆုံး၌ ထိုဘိက္ခုနီမအား အဂ္ဂသာဝိကာ အရာသား၍

မဟာပညာဘောဒဂ်ခေါ်ပေး၏။ သူဌေးသမီးလည်း ထိုအရှင်မကဲ့သို့ဖြစ်ရပါလိုသော ဆုတောင်းရာ မြတ်စွာဘုရားသည်ဗျာဒိတ်ကြားတော်မူ၏။

သူဌေးသမီးသည် ယိုဘဝ၌စုတေကာ ဘဝများစွာ စုန်ဆန်ပြီးနောက် ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူသောအခါ မဟာ... သေသူ၌ ... ပြန်လာ၏။ ရဟန်းပြုပြီး ... သုံးပုံ ... စမ္ပကထိကဖြစ်လာ ... မတို့ ... ကြားပြီးသည်။ ထိုဘဝမှ များစွာ ... လည် ခဲ့ရပြီးသော ... မြတ်စွာဘုရားလယ်ထက် ... ဗာရာဏသီသူဌေးအိမ်ဖြစ်ကာ ခေမာအမည်ရ၏။ ဘုရား ကျောင်း ကန် ... သည်ဖြင့် ကောင်းမှုများစွာ ပြု၏။

ကဿပမြတ်စွာဘုရားပွင့်တော်မူသောအခါ ခေမာသည် မဏိမင်းသမီးအမည်ဖြင့် ကိကိမင်း၏ သမီးတော်ကြီး ဖြစ်လာ၏။ မိဘခွင့်မပြုသဖြင့် ရဟန်းမပြုရပေ။ ဘုရား အလှူရှိသော သံဃာတို့အား ပစ္စည်းလေးပါး ထောက်ပံ့လျက် မြတ်သော အကျင့်တို့ ကျင့်ရလေရာ ဘဝတသာတွင် ယဘဝစပြီ၊ နောယ် ငါတို့ဘုရား ပွင့်တော်မူခါနီးတွင် သာဂလပြည် မဒ္ဒရာဇ်မင်းကြီး၏ သမီးဖြစ်လာ၏။ ဖွားသောခေမာယ် ပြည်သူအပေါင်းတို့အား စွဲကပ်နေသောရောဂါဘယများ ကင်းကွာကုန်သဖြင့် ခေမာအမည်ပေး၏။

ခေမာမင်းသမီးသည် ဇမ္ဗူရာဇ်ရွှေကို ခုနစ်တွေသောရတနာကိုဖြင့်စီလျက် ပန်းချီပန်းပုတို့ရေးထု၍ ထားဘိသကဲ့သို့မြင်သမျှသော ယောကျာ်းမိန်းမတို့သည် နှစ်မြို့လေးမြတ်လျက်

မရုပ်တည်နိုင် မူးမိုင်တွေဝေလောက်သော အခြေအဆင်းနှင့် လည်းပြည့်စုံ၏။ သာသနာ၌ ရဟန်းပြုခဲ့သော ကုသိုလ်အဟုန် ကြောင့် လူ့ဘုံတွင် မနိုင်းအပ် လူးမြတ်၍ အဆင်းလှ၏။ အသံသာ၏။ ပညာကြီး၏။ သားမြေးဘွေးကျွန်တို့ကြောက် ရွံ့ရိုသေရ၏။ လင်ဘိလည်း မိမိအလိုသို့လိုက်ကာ အမိတမျှ နှမထပ်တူကြည်ဖြူရိုသေရ၏။

အရွယ်သို့ရောက်၍ ဗိမ္ဗိသာရမင်းကြီး၏ ကောင်းညာစိ မိဖုရားဖြစ်သောအခါ အဆင်း လှခြင်း၌ မြတ်စွာဘုရား သည် ကဲ့ရဲ့ဘိ၏ဟုကြား၍ဘုရားကျောင်းတော်သို့မသွားပေ။ မင်းကြီးလည်း ခေမာမိဖုရားကို အတင်းအကြပ်မပြောရဲပေ၊ အာဏာဖြင့်စေသော် လူကြား၍ မလျော်သဖြင့် ဝေဠုဝန် ဥယျာဉ်၏ အလှကိုသတင်းလွှင့်ရ၏။

အိုအချင်းတို့၊ အကြင်သူသည် ပန်းရက်ချေသုံးပျားပိုတိုး ကျေးငှက်ထွေးကာယှက်၍ နှစ်သက်မွေ့လျော်ဘွယ် ရှိသော ဘုရားမြတ်စွာ စေသတ္တာ၏ ဣရိယာလေးဖော် မျှတစေတော် မူရာလည်းဖြစ်ထသော ဝေဠုဝန်ခေါ်ဥယျာဉ်တော်ကိုရောက် ပေါက်ကိုယ်ထင်မမြင်ရလေသူသည် နတ်သိကြားတို့ပျော်ပါး စံရာနန္ဒဝန်မည်တွင် နတ်ဥယျာဉ်ကို မြင်ရသည်မည်၏။

အကြင်ကံညွန် လူ့တံခွန်သည် လူအပေါင်းတို့ နှစ်သို့စ ဖွယ် တင့်တယ်စွာထသော၊ နတ်တို့ရင်ဌာန် နန္ဒဝန်လည်း မလွန် နိုင်အောင် လှိုင်သောရနံ့လည်း ရှိထသော ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို ရောက်ပေါက်ကိုယ်ထင် မြင်သည်ဖြစ်အံ့၊ ထို

သူသည် နတ်သိကြားတို့ ကစားရှင်ပျော်ဖြစ်သော နန္ဒဝန်မည်တွင် နတ်ဥယျာဉ်သို့ ကိုယ်တိုင် ထုတ်ဆောင်ရောက်ရှိ ထင်ထင်မြင်သည်ဖြစ်၏။

နတ်ရွာပျော်ပါး နတ်အများတို့သည် နန္ဒဝန်ဥယျာဉ်ကို စွန့်ခဲ့၍ မြေအပြင်သို့ သက်လာကြကုန်သော် နလုံးမွေ့လျော်ပျော်ဘွယ်ရှိထသော ဝေဠုဝန်ဥယျာဉ်ကို မြင်ကုန်၍ ငါတို့နတ်ပင် မမြင်ဘူးအောင် ထူးဆန်းပေစွ သာယာလှဟု အံ့ဩကုန်လျက် ရောင့်ရဲမပြေ ပျော်ကြပေကုန်၏။

ငါတို့သော်နှင်း မင်း၏ ဘုန်းတော် အာနုဘော်ကြောင့် ဓကောင်းစွာ ပြင်လာသော မြတ်စွာဘုရား ဂုဏ်ဘုန်းတော်ဟုန်ဖြင့်တင့်တယ်လှစွာ သာနုံးဆာသင်အပ်သော ထိုဥယျာဉ်၏အကြွင်းမဲ့သော ဂုဏ်ကျေးဇူးအပေါင်းကို အဘယ်သူသည် ရတုကဗျာလက်ာသံချို ဖွဲ့ဆိုနိုင်ပေအံ့နည်း။

များစွာသော နန်းသူနန်းသား ယောကျ်ားမိန်းမတို့ ကျူးသီချီးမွမ်းကြသော ထိုအသံကိုကြားသော် ခေမာမိဖုရားလည်း ဘုရင်ထံ ခွင့်ပန်၍ ဥယျာဉ်ကစားထွက်ခဲ့၏။ညချမ်းသောအခါ နန်းသို့ပြန်မည်အပြုတွင် "မြတ်စွာဘုရားအား ဝင်ရောက်မဖူးမျှော်ခဲ့လျှင် မင်းပြစ်မင်းဒဏ်ကို ခံရပါလိမ့်မည်"ဟု မင်းချင်းများက လျှောက်ထား၍ ဘုရင်မင်းမြတ် မှာထားလိုက်ပုံကို တင်လျှောက်ကြသဖြင့် ကျောင်းတော်သို့ ဝင်ရောက်ကာ မြတ်စွာဘုရားကို ဖူးမျှော်ရလေ၏။

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် မြွေဉာဏ်တော်ဖြင့် အကုန်အစင် သိနှင့်၏။ ခေမာမိဖုရားသည်

မြတ်စွာဘုရားခြေတော်ရင်းတွင် ရတနာယပ်ကိုကိုင်လျက် မြတ်စွာဘုရားအား ယပ်ခပ်နေသော မိန်းမတယောက်ကိုမြင်သော အခါ "ဤလူ့ခွင်ဌာနဝယ် ငါ့ထက်သာ၍ အဆင်းအဝါ လှပသောမိန်းမမည်သည် မရှိပြီဟု ငါထင်ပေသည်။ ယခုမြင်ရသော ဤမိန်းမနှင့်စာမူ ငါ၏အဆင်းသည် 'ရွှေဟင်းသာနှင့် လင်းပြာ' ငှက်ကဲ့သို့ မဆက်ဆံမူ၍ သူ၏အလုပ်အကျွေးပြုခြင်းငှာမျှ မတန်ဖြစ်ချေသည်။ သို့ပါလျက် အဆင်းအဝါကိုမှီ၍ ငါမာန်တက်ခြင်းသည် ပျက်လေစွတကား" ဟု နှလုံးပြုလျက် တစိုက်မတ်မတ် ကြည့်ရှုနေလေ၏။

ခေမာမိဖုရား ကြည့်နေဆဲတွင် ထိုမိန်းမသည် လျင်မြန်စွာ အိုမင်းသွား၏။ ဘုရားခြေရင်းတွင်လဲကာ သူနာဖြစ်သွား၏။ ခေမာမိဖုရားသည်ကြီးမားရင့်မာသောပါရမီရှိသူဖြစ်ရာ ကြက်သီးတဖြိုက်ဖြိုက် ဆူလှိုက်ဘနန်းသော သံဝေဂဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ခေမာမိဖုရားအား တရားအမြိုက်ဆေးတိုက်ကျွေးတော်မူလေသည်။

"ခေမာမိဖုရား။ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာတို့ဖြင့် နာကျင်တတ်သော အညစ်အကြေးတို့၏ စုဝေးရာဖြစ်၍လည်း ၃ စင်ကြယ်သော ညှိဂေါ်စက်ဆုပ်ပုပ်နံ့ အတိသာ လှိုင်ထသော ဤခန္ဓာကိုယ်ကို စေ့ ခြေ့ စာနာ ရှုစမ်းပါလော့။ ဒွါရကိုးခွင် ထက်ဝန်းကျင်မှ မစင်အတိသာ ယိုစီးထသော၊ ဖောက်ပြန်ခွေထူး ရှုးမူးဘွယ်လိ ညစ်ကျိအပေါင်း၏ ကိန်းအောင်းရာသည် ဖြစ်သသော ကိုယ်ခန္ဓာကို အဆင်အခြင်ပညာမဲ့ ညား လူအများတို့သည် အလွန်စုံမက် နှစ်သက် ယောင်မှားကြကုန်၏။

ထိုသို့သော အကြောင်းကြောင့် ကျွန်ုပ်ကိုယ်ကို မဘင့် ကယ်ဟူ၍ စိတ်ကို နှိမ့်ချသော မြတ်ပါစေလော။ တရားနည်း သော အာရုံရှိသော ကောင်းစွာ တည်ကြည်သော စိတ်ကို ပွား စေလော။ သင်၏ သတိသည် ဆိတ်ငြိမ်ရာ၌ တည်သည်ဖြစ်၍ ကျမ်း လေ့လာသည် ဖြစ်စေလော။ မှုတ်မှာ ပြီးဆုံးသည် ဖြစ်စေ လော။

ကျွန်ုပ်မြင်ရသော မိန်းမငယ်ကဲ့သို့ ငါ၏ကိုယ်သည် ဖောက် ပြန်တတ်၏။ ကျွန်ုပ်သို့ နှလုံးသွင်းလေလော။ ကျွန်ုပ်ကိုယ်ဝယ် အတွင်း သန္တာန်၌လည်းကောင်း၊ အပသန္တာန်၌ လည်းကောင်း နှစ် သက်ခြင်းတဏှာကို **ကင်းစေလော။**

အနိမိတ္တသတ္တဝါကိုလည်း ပွားစေလော။ ကိုယ်ခန္ဓာအတွင်း၌ ကိန်းအောင်းသော မာနကို စွန့်ခွာလော့။ ထိုမာန်ကို စွန့်ခြင်း ကြောင့် ကိလေသာမီး ငြိမ်းငြိမ်းကုန်သည် ဖြစ်၍ သွားလာ ရလတံ့။

ခေမာမိဖုရား။ ပင့်ကူသည် မိမိပြုအပ်သော ကွန်ယက်အ မျှင်ကို အစဉ်အတိုက် လိုက်ဘိသကဲ့သို့ ရာဂရမ္မက်ဖြင့် နှစ်**သက်** တပ်မက်ကုန်သော အကြင် သူတို့သည် မိမိပြုအပ်သော ရာဂ အလျှံသို့ အစဉ်အတိုက် လိုက်ရကုန်၏။ ထိုရာဂ တဏှာ ကို လေ အလျဉ်ကိုလည်း ဖြတ်၍ ငဲ့ကွက်ခြင်းကင်းသည်ဖြစ် ၍ ကာမဂုဏ်ချမ်းသာကို ပယ်၍ ကျင့်ကုန်ဘိရာ၏။”

ဤသို့ဟောကြားသော တရားဒေသနာကို ကြားနာရလေ လျှင် ခေမာမိဖုရားသည် တဆယ့်ခြောက်ပါးသော ယုံမှား ခြင်း ကင်းကွာလျက် သောတာပတ္တိမဂ်မှ စ၍ အစဉ်အတိုင်း ရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်လေရာ ခေမာမိဖုရားသည်

မြတ်စွာဘုရားအား တောင်းပန်ကန်တော့ပြီးနောက် မိမိ၏ အာယုသင်္ခါရကို ဆင်ခြင်သော် ရဟန္တာဖြစ်ပြီးသောလူသည် ရှင်ရဟန်းပြုလျှင်ပြု၊ ပရိနိဗ္ဗာန်ပြုလျှင်ပြုရသဖြင့် နန်းသို့ပြန်ကာ ဘုရင်ထီးနန်းအပ်ပြီး ရဟန်းပြုလေ၏။

ရဟန်းဖြစ်ပြီးသောအခါ ခေမာထေရီဟု ထင်ရှားလျက် အဂ္ဂသာဝိကာအရာ ရတော်မူသည့်အပြင် မဟာပညာဧတဒဂ်လည်း ရတော်မူသည်။

ကြာရိုးကို သံလျက်ဖြင့်ပိုင်းသကဲ့သို့

ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်ဝယ် အဂ္ဂသာဝက "သုဇာတ" ထေရ်မြတ်အား ဆွမ်းကွမ်းမပြတ် လုပ်ကျွေးသော ဒါယိကာမတဦး ရှိလေသည်။ တရံသောကာလ ပညာဧတဒဂ်ရသော ဘိက္ခုနီမတဦးကို မြင်သဖြင့် တတ်စွမ်းသမျှသော ဒါနကောင်းမှုကို ပြုလျက် မဟာပညာဧတဒဂ်ဆုကို ပန်ယူခဲ့လေသည်။

၎င်းသည် ဖုဿမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောကာလ ဘုရားညီတော်သုံးပါး၏ အလုပ်အကျွေး တရားသူကြီး၏မယားဖြစ်သည်။ ဘုရားအမျိုးရှိသော သံဃာတော်နှစ်သောင်းအားရင်း၊ ဖန်ရည်စွန်းသောအဝတ်ဖြင့် ဆယ်ပါးသီလဆောက်တည်နေသော မင်းသားသုံးပါးအားရင်း၊ ဝါတွင်း သုံးလပတ်လုံး လုပ်ကျွေးခဲ့၏။ အလိုရှိ၍တောင်းခံလာမူကြည်ဖြူစွာဖြင့် ပိုမိုလျှံစွာ ပေးလေ့ရှိ၏။ ဒါနသီလကိုလည်း အားထုတ်၏။

ထို့ကြောင့် ကဿပမြတ်စွာဘုရား လက်ထက်တွင် ကိကီမင်းကြီး၏သမီးတော်ခုနစ်ပါးတွင် သုဓမ္မာအမည်ဖြင့်ဖြစ်လာသည်။ ဘုရားအမှူးရှိသော သံဃာအပေါင်းအား ကျောင်းအရာမ်နှင့် ဒရေတွင်းရေကန် လှူဒါန်း၏။ အနှစ် နှစ်သောင်းပတ်လုံး မြတ်သောအကျင့်ကို ကျင့်သုံးဆောက်တည်၏။

ထိုဘဝမှစုတေသော် လူ့ပြည်နတ်ပြည် စုန်ဆန်ပြီးနောက် ငါတို့ဘုရား ထင်ရှား ဖြစ်တော်မူသောအခါ ရာဇဂြိုဟ်ပြည် ဝယ် ဓမ္မဒိန္နာအမည်ဖြင့် သူဌေးသမီး ဖြစ်လာလေသည်။ ဝိသာခသူဌေးနှင့်သင့်မြတ်ကြ၍ မကြာမီ ဗိသာခသူဌေးသည် တရားတော်ကိုနာပြီးလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အဆင့်ဆင့်တည်လေ၏။

ဝိသာခသည် အနာဂါမ် ဖြစ်လာသောအခါ *တဏှာသန္ထဝဖြင့် မရှင်ပျော်။ ဓမ္မဒိန္နာမှာ မိမိတွင် အပြစ်တစုံဘရာ ရှိချေသလော စူးစမ်းတော့မှ ငါရဟန်းပြုတော့မည်။ ရှိသမျှပစ္စည်း သိမ်းဆည်း၍ ကြင်သူအသစ်ရှာလိုလည်း ရှာလော့ဟု ဆို၏။

ထိုစကားကိုကြားသောအခါ ဓမ္မဒိန္နာလည်း "အရှင့်သား အသို့သောစကားကို ဆိုသနည်း။ အရှင်တို့ထွေး၍ ပျို့အန်သောတံတွေးပေါက်ကို အကျွန်ုပ်ကောက်၍ အဘယ် အကျိုးငှာ မျိုပါတော့အံ့နည်း။ အကျွန်ုပ်ကို ရဟန်းပြုခွင့် လျှင်စွာ

---

* တဏှာသန္ထဝ-တဏှာဖြင့်ပေါင်းသင်းခြင်း၊ တဏှာဖြင့် ဆက်ဆံခြင်း။

ပေးပါတော့”ဆိုရာ ဝိသာခလည်း ဝမ်းမြောက်စွာဖြင့် ဓမ္မဒိန္နာကို ရွှေထမ်းစင်ဖြင့်တင်၍ ဘိက္ခုနီကျောင်းသို့ ပို့၏။

ဓမ္မဒိန္နာ ဘိက္ခုနီမသည် ဆရာဥပဇ္ဈာယ်ဖြစ်သော ထေရီများထံခွင့်ပန်ကာ ရွာငယ်ကျောင်းသို့သွား၍တရားအားထုတ်လေရာ အတိတ်ဘဝက ဗုဒ္ဓပွါဒနှင့်ကြုံ၍ ထုံအပ်ခဲ့သော အပ်နှိပ်နယ်အင်သော သင်္ခါရတရား ရှိသူဖြစ်ရကား လေးပါးသော ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုအခါ ဆရာထေရီများ ပစ္စည်းလေးပါးမပင်ပန်းစေရန် ၎င်း၊ အမျိုးကို ထောက်ပံ့ရန်အတွက်၎င်း ရာဇဂြိုဟ်သို့ ပြန်လာခဲ့လေ၏။

ဓမ္မဒိန္နာထေရီ၏ ရာဇဂြိုဟ်ပြန်ရောက်ကြောင်း သတင်းကို ကြားသော ဝိသာခသည် သာသနာ၌မပျော်ပိုက်သောကြောင့် ပြန်လာသလောဟု စူးစမ်းရန်ရောက်လာပြီး လေးထွေသော မဂ်၌ ခဲကက်သောပြဿနာကို ငါမေးတော့အံ့ဟုကြံ၍ ခန္ဓာငါးပါးဝယ် တဆယ့်ခြောက်ပါးသောကိစ္စဖြင့် သိထိုက်သော လက္ခဏာကိုမေး၏။ ထေရီမလည်း မေးလှာသမျှသော ပြဿနာ၌ 'ကြာရိုးကိုသံလျက်ဖြင့်ပိုင်းသကဲ့သို့'' မဆိုင်းမရပ်ပဲ ဖြေပေ၏။

၎င်းအရှင်မသည် ထင်ရှားသော ဓမ္မကထိကကြီး ဖြစ်ကာ ဓမ္မကထိကဧတဒဂ်ရပေ၏။

ဆင်းရဲလှသောသူနတ်

ငါတို့ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်တွင် ဝါဆိုတော်မူသောကာလ ရာဇဂြိုဟ်ပြည်၌ သုမနသူဌေးတွင် ပုဏ္ဏအမည်ရှိ

သော တူရှင်းငှားတဦးရှိလေသည်။ ပုဏ္ဏ၏မယားကား ဘာရိတာ၊ သမီးကား ဥတ္တရာတည်း။

ရှေးဂိုဟ် ပြည်သားတို့ နက္ခတ်သဘင် ကစားနေကြသော အချိန်တွင် ပုဏ္ဏသည် သူဋ္ဌေး၏ လယ်သို့သွားဆင်းကာ အလုပ်လုပ်လျက်ရှိစဉ် အရှင်သာရိပုတြာသည် နံ့သာတောဒ္ဓ နနစ်ရက်ပတ်ပုံး နိရောဓသမာပတ် ဝင်စားပြီးနောက် သမာပတ်မှထပြီးသော် ချီးမြှောက်သင့်သူကို ကြည့်ရာ ပုဏ္ဏကို မြင်သဖြင့် ဆင်ခြင်ပြန်ရာ * သမ္ပတ္တိလေးပါးကို လျင်လျားစွာရအပ်သည် မြင်၍ သပိတ်သင်္ကန်းပြင်ကာ ကြွလာတော်မူပြီး လယ်ကန်သင်းဘေး ရေတွင်းအနီး၌ ရပ်၏။

ထိုကြောင့် ပုဏ္ဏသည် မျက်နှာသစ်ရေနှင့်ဒန်ပူကို ကပ်လှူ၏။ အရှင်မြတ်လည်း အတန်ငယ်ဆိုင်းပြီးနောက် ကြွတော်မူလေရာ လယ်တောသို့ထမင်းပို့ရန်လာသော ပုဏ္ဏမယား ဘာရိတာကို တွေ့လေသည်။ ဘာရိတာသည် ပါလာသော ထမင်းဟင်းကို လောင်းလှူရာ အရှင်မြတ်သည်တဝက်စာအကျန်တွင် သပိတ်ကိုပိတ်၏။ ဘာရိတာလည်း တောင်းပန်ကာ အကုန်လောင်းလှူပြီး ဤကောင်းမှု၏ အကျိုးဆက်ကို ဒိဋ္ဌဓမ္မပင် ရပါလို၏ ဆုတောင်း၏။ အရှင်သာရိပုတြာလည်း ဒါယိကာမ

---

* သမ္ပတ္တိလေးပါး (၁) သဒ္ဓါတရားဖြင့် ပြည့်စုံခြင်း။ (၂) စေတနာသုံးတန် ထက်သန်ခြင်း။ (၃) တရားသဖြင့် ရသောပစ္စည်း ဖြစ်ခြင်း။ (၄) အလှူခံသည် ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါဖြစ်၍ နိရောဓသမာပတ်မှ ထသဲဖြစ်ခြင်း။

တောင့်တခိုင်း ပြည့်စုံစေဟုဆို၍ ရင်လျက်ပင် တသွားအနူ ခံသာဒနာပြုပြီးမှ ကြွလေ၏။

ဘာရုံတာလည်း အိမ်သို့ပြန်ပြီးချက်ပြုတ်ကာလျင်စွာ လာပြီး အသံကြားလောက်သောနေရာမှ အသံပြု၏။ ဒေါ်သထွက် မနေကြောင်းသိမှ ကောင်းမှုသတင်းကို ပြောကာ အမျှဝေသဖြင့် ပုဏ္ဏလည်း သူ၏ကောင်းမှုကို ပြန်၍အမျှပေး၏။ ထမင်းစားပြီးနောက် အိပ်စက်ရာ အိပ်ရာမှနိုးချိန်တွင် ပုဏ္ဏထွန်ယက်ပြီးသမျှသောမြေအပြင်သည် ရွှေတုံးရွှေခဲများဖြင့်ပြည့်နေလေ၏။ ပြည့်ရှင်မင်းကို လျှောက်ထားသော် မင်းချင်းတို့သည် ဗိမ္ဗိသာရမင်းကြီး၏ဘုန်းတော်ကြောင့် ပေါ်လာသောဥစ္စာပေတည်းဆိုကာ ကျုံးယူကြ၏။ အားလုံး မြေကြီးခဲဖြစ်တော့သည်။ ပုဏ္ဏသူဆင်းရဲ၏ ဥစ္စာဟုဆိုကာကျုံးမှ ရွှေဇာတိရ၍ မင်းရင်ပြင်၌ပုံရာ အတောင်ရှစ်ဆယ် မြင့်သဖြင့် သူဌေးဘွဲ့၊ သူဌေးအဆောင်အယောင်ကို ရလေ၏။

တရံခါသော် သူဌေးကြီးသုမနက ၎င်း၏သား နန္ဒကို ပုဏ္ဏ၏သမီး ဥတ္တရာနှင့် ထိမ်းမြားလိုကြောင်း ကမ်းလှမ်းလာရာ ပုဏ္ဏသည် ရတနာသုံးပါးကို မကြည်ညိုသူ၏သားနှင့် သဘောမမျှချေ။ သို့သော် မိတ်ဆွေသင်္ဂဟများက အကြောင်းအမျိုးမျိုးပြကာ ဖျောင်းဖျကြသဖြင့် သဘောတူလိုက်ရလေသည်။ ဥတ္တရာသည် လင့်နောက်ပါသွားပြီးနောက် ဒါနသီလပြုခွင့်တောင်းသော်လည်း ကာမချမ်းသာ လစ်လပ်ရုံသာ ရှိသည်။ အခြား အကျိုးမရှိဆိုကာ ပိတ်ပင်ခံရ၏။

နှစ်လခွဲတိုင်သော်ဥတ္တရာသည် မမွေ့လျော်ခြင်းဖြင့်ပြင်းစွာ နှိပ်စက်သောနှလုံးရှိသဖြင့် မိဖထံသို့တဖန် စေလိုက်လေသည်။

"ကြီးမားသော ကျေးဇူးအရှင် မိခင်မေ့ဖတို့။

အကျွန်ုပ်ကို ယုတ်ညံ့သိမ်ဖျင်း ကျဉ်းကျပ်လှသော ဤနှောင်အိမ်တွင်း၌ အဘယ့်ကြောင့် ပို့သွင်းပါသနည်း။ ဆင်းရဲလှသောသူ နှင့်တို့၏အသံဝယ် တသက်ပန်လုံးကျွန်စာရင်းဖြင့် သွတ်သွင်း၍ အပ်သော်လည်း မြတ်၏ဟု ထင်ပါသေးသည်။ ဤမျှလောက်စင်အမြင်အကျင့်ယုတ်မာသော မိစ္ဆာဒိဋ္ဌိအမျိုး၏အိမ်သို့ ပို့ခြင်းကိုအကျွန်ုပ်မနှစ်သက်နိုင်ပါ။ ဤအိမ်သို့ လာသည့်နေ့မှစ၍ ယနေ့တိုင်အောင်ပင် မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ခစားလုပ်ကျွေးရမည်ကိုမဆိုသာ။ ဖူးမြင်ပူဇော်ဖို့ကိုမျှ အခွင့်မရပါ။

ပုဏ္ဏသူဌေးလည်း သမီး၏စာကိုရလျှင် ငါမှားလေပြီဟု သနားပင်ပန်းခြင်းဖြစ်၏။ နောက်မှ အကြံရကာ အသပြာ တသောင်းခွဲပေးလိုက်ကာ အကြံပေးစကားများလည်း ပါးလိုက်သည်။ ဥတ္တရာလည်း တမန်တို့ပြန်လာလျှင် ပြည့်တန်းဆာ မသိရိမာကို ငွေပေးကာလခွဲအတွက်ငှားရမ်းပြီးနောက် လင်သူဌေးထံသို့ ခေါ်သွားပြီး အကျိုးအကြောင်းပြော၍ ခွင့်ပန်၏။ နန္ဒသူဌေးလည်း အဆင်းပြင်လျှင်နှင့် ပြည့်စုံသော သိရိမာကို မြင်လျှင် တိမ်းညွတ်သောစိတ်ရှိသဖြင့် ခွင့်ပြု၏။

ဥတ္တရာလည်း မြတ်စွာဘုရားနှင့်သံဃာတော်အရှင်မြတ်တို့အား နေ့စဉ်မပြတ် ဆွမ်းကပ်လှူဒါန်း၏။ ရှစ်ပါးသီလ ခံယူကာ ဟာခုသောပြာသာဒ်၌ချမ်းသာစွာနေ၏။ ဝါကျွတ်လပြည့် အဖိတ်နေ့နံနက်တွင် စဖိုအိမ်တွင် အစေအပါးများနှင့် ဆွမ်းခဲဘွယ်ဘောဇဉ်ချက်ပြုတ် ပြင်ဆင်နေသောဥတ္တရာအား လေသွန်ပြတင်းမှ လင်သူဌေးမြင်သော် ပြက်ရယ်ပြု၍ရယ်မော၏။

ထိုသို့ရယ်မောခြင်းကို * ဇင်္ဂမဘာရိယ ဖြစ်သော သိရိမာ ကြားလျှင် "ငါ့လင်သူဌေးကို ဤမိန်းမသည် ဖြားယောင်း ဟန်ရှိသည်" ဟု ထင်ကာ ပြေးဆင်းလာ၏။ ကျိုက်ကျိုက်ဆူ သော ထောပတ်ကို နှုတ်ဖြင့်ခပ်၍ ဥတ္တရာ၏ ခေါင်းပေါ် လောင်းချ၏။

ဤသို့ပြုသည်ကို ဥတ္တရာသည်....

ဤခဏ၌ မိန်းမ-သိရိမာကား ငါ၏ ကျေးဇူးသခင် ဖြစ်ပေ သည်။ ငါ့လင်သူဌေးကို သူလုပ်ကျွေးပေးသောကြောင့် ဒါန သီလဘာဝနာကို ငါပြုခွင့်ရခဲ့သည်။ ယူဇနာတသန်း နှစ် သိန်းသုံးသောင်လေးရာငါးဆယ်သော စကြဝဠာနှင့် သိရိ မာ၏ ကျေးဇူးကို စာသော် စကြဝဠာကား ကျဉ်း၏။ သိရိ မာ၏ကျေးဇူးသာ ကျယ်ဝန်း၏။ အကနိဋ္ဌဗြဟ္မာပြည်နှင့် သိရိ မာ၏ကျေးဇူးကိုစာသော်ဗြဟ္မာ့ပြည်ကာ နိမ့်သေး၏။သိရိမာ ၏ ကျေးဇူးကား မြင့်မြတ်၏။ ထို့ကြောင့် သိရိမာကို ငါ အမျက်မရှိသင့်ပေ။ အကယ်၍ အမျက်ရှိခဲ့အံ့။ ယခုလောင်း သောထောပတ်သည် ငါ့ကိုလောင်းစေသတည်း၊ အကယ်၍ အမျက်မရှိပါမူကား ချမ်းအေးစွာသော နံ့သာရည်ပျောင်း ကဲ့သို့ သွန်းလောင်းတိုင်း အေးစေသတည်း။

....ဤသို့မနောအဓိဋ္ဌာန်ဖြင့်ခံလင့်ရာ မေတ္တာ အာနုဘော် ကြောင့်ရေချမ်းဖြင့်ဆွတ်ဖျန်းသကဲ့သို့သာဖြစ်၏။သိရိမာလည်း အပူနွေး၍ အေးသည်ထင်ကာ တဖန်ခပ်ယူ၍ အပြေးလာရာ

---

* ဇင်္ဂမဘာရိယာ—အတည်မဟုတ်သော ခဏမယား။

ဥတ္တရာ၏ အစေအပါးတို့မြင်သဖြင့် "ဟယ် မိန်းမယုတ်။ သင်သည် ကမ်းနားသင်ပင်ကဲ့သို့ ဇာတ်မသာမြင်လျက် ငါတို့အရှင်မကို အဘယ်မာနဖြင့် နှိပ်စက်ဘိသနည်း" ဆိုကာ ဆံပင်ကိုဆွဲ၍ ဝိုင်းဝန်းရိုက်ပုတ်ကြလေ၏။

ဥတ္တရာသည် အစေအပါးတို့ကို တားမြစ်၍ သိရိမာ၏ဒဏ်ရာများကို ယုယစွာ ဆေးထည့်ပေး၏။ ထိုအခါ သိရိမာသည် မိမိအမှားကို မြင်ကာ ဥတ္တရာအား သည်းခံပါရန် တောင်းပန်၏။ ဥတ္တရာလည်း "အဆွေသိရိမာ၊ ငါကားအဖရှိသော သမီးပေတည်း၊ ငါ၏အဖဖြစ်သော ဘုရားက သည်းခံစေဆိုလျှင် သည်းခံအံ့" ဟုဆိုပေ၏။

သိရိမာလည်း ဥတ္တရာညွှန်ကြားသည့်အတိုင်း လှူဘွယ်များ စီမံ၍ယူခဲ့ကာ မြတ်စွာဘုရားကြွလာသောအခါ လှူဒါန်းသည်၊ သံဃာတော်ရှစ်ပါးလည်းနေ့စဉ်အလှည့်အလှယ်ဖြင့် ကြွ၍ချီးမြှင့်တော်မူကြ၏။ ထိုသို့ကြွသော ရဟန်းများမှတဆင့် သိရိမာ၏အဆင်းအဝါသတင်းကို ကြားသောရဟန်းတပါးသည် အလှည့်ကျသော သံဃာများနှင့် ရောနှော၍ သိရိမာအိမ်သို့လာ၏။ ထိုနေ့တွင် သိရိမာမှာ မကျန်းမာသဖြင့် ဝတ်စားတန်းဆာဆင်ယင်နိုင်ခြင်းမရှိ။ ထိုမျှဖြင့် ဤမျှလှပတင့်တယ်လျှင် သာမန်အချိန်တွင်ဆိုဘွယ်မရှိဟု ကြံ၍အထက်ပါရဟန်းသည် မစားနိုင် မသောက်နိုင်ငေးမှိုင်နေလေ၏။

သိရိမာသည် ထိုညတွင်ပင် ကံကုန်ခဲ့သဖြင့် ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား အမိန့်ရှိသည့်အတိုင်း ဖုတ်ကြည်းခြင်းမပြုဘဲ ကျီးလင်းတမစားအောင် ကောင်းစွာ စောင့်

ရှောက်သွား၏။ သူသွားနှင့်သွား၍ လေးငါးရက်ရှိသော် နံ့စော်ညှီပုပ်ပြောင် မကောင်းသောရနံ့သည်ဖြစ်၍ ဖူးဖူးရောင်သောကိုယ်၌ သိုသိုသော အပေါက်မှ ပိုးလောက်အစုတို့သည် ယိုစီးတွက်ကျကုန်၏။

မင်းကြီးသည် ပြည်သူပြည်သားများမလာမနေရ သိရိမာအလောင်းကို လာကြည့်ကြရမည် အမိန့်ထုတ်၏။ မြတ်စွာဘုရားသည် တပည့်သံဃာအပေါင်းခြံရံ၍ ကြွလာရာ သိရိမာ၌ စွဲလန်းနေသော ရဟန်းလည်းပါ၏။ အလောင်းကို ဘိက္ခုနီမ ပရိသတ်၊ လူပရိသတ်အထပ်ထပ် ဝန်းရံ၏။

သိရိမာအသက်ရှိစဉ်က တနေ့တာတွက်အသပြာတထောင်ပေးမှ သိရိမာကိုရ၏။ ယခုမူတသပြာဖြင့်ယူတော့ဆိုသော် ယူသူမရှိ။ အလကားပေးချိမ့် ယူသူမရှိတော့ချေ။

သံသရာဘေးကိုရှုလေ့ရှိကုန်သော သူတော်ကောင်း အပေါင်းတို့။ ရာဇဂြိုဟ်ပြည်သား လူအများသည် ချစ်ခင်လေးမြတ်နှစ်သက်အပ်သော မာတုဂါမကို ရှုကြပါကုန်လော့။

ဤရာဇဂြိုဟ်ပြည်၌ပင်လျှင် အသက်ရှင်စဉ် ရှေးယခင်၌ တနေ့လျှင် တထောင်မျှလောက်သောအသပြာကိုရပေကုန်၏။ ယခုမူကား အဖိုးမကျ သက်သက်မျှလျှင် ယူလိုသောသူသည် လည်း မရှိချေပြီ။ ဤသို့သဘောရှိသော ကုန်ခြင်း၊ ပျက်ခြင်းသို့ ရောက်တတ်သော နာမ်ရုပ်အစုကို ရှုကြပါကုန်လော့။

အဝတ်ဘန်းဆာဖုံးလွှမ်းကာဖြင့် ဆန်းကြယ်စွာပြုအပ်သော သဏ္ဌာန်ထုလုပ် အရုပ်နှင့်လည်းတူထသော၊ အမြဲသုံးရာကြောကိုးရာဖြင့် ဖွဲ့ကာ စိုက်ဆောက်အပ်ထသော ကိုးဆယ့်

ခြောက်ဖြာ ဘေးရောဂါဖြင့် နာကျင်တုန်လှုပ်ခြင်းလည်း ရှိထသော၊ များသောအကြံလည်း ရှိသော၊ များစွာဖောက်ပြန်ကြံစည် နှစ်ယက်တပ်မက်ငြိတွယ်ခြင်းလည်းရှိထသော ဤခန္ဓာကိုယ်ကို ရှုကြပါကုန်လော့။ အကြင်ရုပ်နာမ် နှစ်ဖြာစုဝေးရာဖြစ်သော ခန္ဓာကိုယ်၏ မြဲမြံကြာရှည်တည်ခြင်းသဘောသည် မရှိ"

ဤဒေသနာကို ဟောတော်မူသောအဆုံး၌ ပရိသတ်များ သောင်းလေးထောင်သည် အကျွတ်တရားကိုမြင်ကုန်၏။ နန္ဒသူဌေးလည်း သတိသံဝေဂရသဖြင့် ဥတ္တရာမသည် ငါ့အား အလွန်ကျေးဇူးရှိပေသည်။ သူ့ကိုအမှီပြု၍ ဆင်းရဲအပေါင်း၏ ကင်းရာလမ်းကို မြင်ရပေသည်ဟု နှလုံးထား၍ အလွန်ချစ်ခင်စုံမက် နှစ်သက်မြဲမယ်ခြင်း ရှိသဖြင့် အမိအရာ၌တင်၍ သင်ဆုံးမတိုင်း လိုက်နာပါတော့မည်ဟု ဝန်ချ၏။ ထိုအခါမှစ၍ နန္ဒမာတာ ဥတ္တရာဟု အမည်တွင်ပေသည်။

နန္ဒမာတာ ဥတ္တရာသည် အဂ္ဂသာဝိကာ ဥပါသိကာမဘယောက်လည်း ဖြစ်ပေသတည်း။

ကြာတိုက်သပွယ် မွှေးမွှေးကြွယ်

ပဒုမုတ္တရာဘုရား ထင်ရှားဖြစ်တော်မူသော ကာလ ဟံသာဝတီပြည်ဝယ် မဟာသုခသူဌေးကြီး၏ သမီး ဥပါသိကာမသည် ဈာနာဘိရာဇ ဘဒ္ဒဂိရ ဘိက္ခုနီမတပါးကိုမြင်၍ကျောင်းအရံမ်များ ဆောက်လုပ်လှူဒါန်း၏။ ဆွမ်းသက်န်း လှူဒါန်း၏။ အလှူခံတို့အားလည်း များစွာစွန့်ကြဲ၏။ အလှူပြုတိုင်း တော

ဒဂ်ဆုကို တောင်းရာ မြတ်စွာဘုရား ဗျာဒိတ်ထားတော်မူလေသည်။

ထိုဥပါသိကာမသည် ကောဏ္ဍဂုံမြတ်စွာဘုရား ပွင့်တော်မူချိန်တွင် ဗာရာဏသီပြည့်ရှင်မင်း၏ မိဖုရားကြီးဖြစ်၏။ဘုရားအမျိုးရှိသော သံဃာတော်အပေါင်းအား ကျောင်းကန်ပြာသာဒ် ဇရပ်ဥမင်များ ပူပြင်လှူဒါန်း၏။ သီတင်းသီလမပြတ်ချေ။ ထိုဘဝမှစုတေ၍ လူ့ထံနတ်ပြည် ကျင်လည်ခဲ့ပြီး ငါတို့ဘုရား ဖြစ်တော်မူချိန် နီးသောအခါ မဟာပဇာပတိဂေါတမီ၏သမီး ဖြစ်လာ၏။ ၎င်းသည် ဘုရားလောင်းထက် သုံးနှစ်ကြီးသည်။

သာကီဝင်မင်းမျိုးတို့၏ နှစ်လိုစုံမက်ဖွယ် တင့်တယ်လှပသော အဆင်းအရောင်ရှိသဖြင့် ရူပနန္ဒာအမည်ပေး၏။အရွယ်သို့ရောက်သောအခါ လွန်စွာထွန်းပသော အပြင်အလျာဖြင့် ငါးပြားသောကောင်းခြင်းနှင့် ပြည့်စုံရကား ယသောဓရာမှ တပါးသော မိန်းမတို့သည် မပျမယှဉ်နိုင်ဘဲ လွန်ကဲသော အဆင်းအသရေ ရှိသည်ဖြစ်၍ ဇနပဒကလျာဏီအမည်ဖြင့် သမုတ်ကြ၏။

၎င်းသည် နန္ဒမင်းသားနှင့် လက်ထပ်အံ့ဆဲဆဲဘွင် နန္ဒမင်းသား ရဟန်းဝတ်သွားသဖြင့် မောင်တော်မြတ်စွာဘုရားအား မကျေနပ်ချေ။ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံဝင်ပြီးနောက် မယ်တော်လည်း ရဟန်းပြုသွားသဖြင့် မယ်တော်၏ကျောင်းသို့ အခြံအရံများနှင့် လိုက်သွားကာ လူဝတ်ဖြင့်ပင် နေလေသည်။ ခုနစ်ရက်ရှစ်ရက်ကြာသောအခါ မယ်တော်ဂေါတမီသည် ဤသို့ဆုံးမ၏။

"အရှုပ်ကောင်းခြင်းသည် ဒိုမင်းရှင့်ရော်ခြင်းလျှင် အဆုံးရှိ၏။ တင့်တယ်သော အဆင်းပြင်လျာသည် အနာ ရောဂါ နှိပ်စက်ခြင်းလျှင် အဆုံးရှိ၏။ အသက်ဟူသော ဇီဝသည် သေခြင်းဟူသော ရေ့သူလျှင် အဆုံးရှိ၏။ အညင်အကြောင်း၏ ငွေပေးရာဖြစ်သော ဤကိုယ်တင့်တယ်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ လောကသုံးဘုံဝယ် တစုံတယောက်သောသူမျှ အရှူပါသော ရုပကာယသမ္ပတ္တိ ရူပသိရိယ သီရိကာမ စသည့် ကျေးဇူးဂုဏ်အသူနှင့် ပြည့်စုံတော်မူသော မောင်တော်ဘုရားကိုသာ ရှုမြင်ပါလော့။ သို့စဉ်တော်ဇော် အာနန္ဒာတော်ဖြင့် ပြည့်စုံသော မောင်တော်ထိပ်ပန်းမှ ရဟန်းပြုပေးသော၏တကား"

ဇနပဒကလျာလည်း သာသနာ၌ သဒ္ဓါတရားရှိလာသဖြင့် ပယ်တော်တံတွင် ရဟန်းပြုသော်လည်း အကောင်းရှိသည်ကို ကဲ့ရဲ့တတ်သည် သတင်းကြားသဖြင့် မြတ်စွာဘုရားထံမသွားပေ။ သင်္ကန်မတို့ ဘုရားထံ အလှည့်ကျဩဝါဒခံယူရလျှင်လည်း ကိုယ်တိုင်မသွားဘဲ လူစားထိုးကာ နေလေ၏။ သို့သော်ဘိက္ခုနီမ သံဃာတို့သည် ဩဝါဒခံလှည့်ကျသောနေ့၌ ကိုယ်တိုင်လာ၍ ဩဝါဒခံစေ၊ မလာသော် ပါစိတ်အာပတ်သင့်စေ ပညတ်တော်မှ မိမိအလှည့်တွင် ကိုယ်တိုင်သွားကာ အများနောက်ကွယ်မှ ပုန်းလျှိုးနေ၏။

ထိုအချိန်ဝယ် မိန်းမတယောက်သည် မြတ်စွာဘုရားအားရတနာယပ်ဖြင့် ခပ်ကာ ခစားနေ၏။ ထိုမိန်းမမှာ ဇနပဒထက်မယှဉ်သာအောင် လှပသဖြင့် "ဤလောက၌ ငါ့ထက်သာ၍အဆင်းအဝါလှသူ မရှိပြီဟု ငါထင်ပေသည်။ ဤမိန်းမနှင့်ငါ့ကိုစာမူ ကေသရာဇာခြင်္သေ့မင်း၏ အပါး၌ သွားလာသော

မြေခွေးငယ်ကဲ့သို့သာ ဖြစ်ချေသည်။ အံ့ဘွယ်သရဲ မမြင်ဘူး မြဲသော အဆင်းအဝါကို မြင်ရပေသည်။ မောင်တော်ဘုရားလည်း သို့လောက်စဉ်မျှ လှပတင့်တယ်သော မိန်းမ၏ အလုပ်အကျွေးကို ခံသေး၏တကား။ မှားသောနှလုံးဖြင့် ငါပုန်းရှောင်နေမိသည်။” ကြံစည်စဉ်တွင် ထိုမိန်းမငယ်သည် ဇနပဒအပါးသို့ ကပ်လာ၏။

ဇနပဒလည်း ထိုမိန်းမကို ခင်မင်ကြင်နာစွာ ကြိုဆို၏။ ထိုမိန်းမလည်း ချစ်ခင်ဘွယ်ရာ စကားဆိုလျက် ဇနပဒရင်ခွင်တွင် ဝင်၍အိပ်စဉ် လှပသော ရုပ်အဆင်းသည် တဖြည်းဖြည်းပျက်ကာ မမြင်ဝံ့သော ဆင်းရဲကို ခံစားရင်း တောင်းပန်၏။

ဇနပဒသည် မြွေဆိပ်ဖြင့် လတ်တလော ဖမ်းသောသားကို ပိုက်ငြား၍ မြည်တမ်းသောမိခင်ကဲ့သို့ ရင်တီးသက်မဖြင့် တသမြည်တမ်း၏။

“အလွန်တင့်တယ် ရှုချင်ဘွယ်ရှိသော သတို့သမီး။

သင်၏တင့်တယ်သော မျက်နှာသည် အဘယ်မှာနည်း။ သင်၏ ပန်းဆိုင်းပုံ သင့်မြင့်သော နှာခေါင်းသည် အသို့ဖြစ်သနည်း။ သင်၏ နီမြန်းလှစွာသော ကျီးအာသီး မှည့်နှင့်တူသော နှုတ်ခမ်းသည် အသို့ခုခါ ဖြစ်ရှာဘိသနည်း။ သင်၏ကြာတိုက်သဖွယ် မွှေးကြွယ်လှသော ခံတွင်းသည် အဘယ်သို့သွားရှာ ဘိသနည်း။ ရက်ဆိပြည့်ထွန်း လပြည့်ဝန်း သဖွယ်လွန် တင့်တယ်သော အရောင်အဆင်းသည် အဘယ်သို့သာ ပျောက်ပါဘိသနည်း။

ရွှေမှုရိုးစည်နှင့် တူသောလည်သည် အဘယ်သို့သာ ဖြစ်ရှာ

သနည်း။ ရွှေယောဉ် လှဲ့သကဲ့သို့ တနွဲ့နွဲ့ဘင့်တယ်သော သင်၏ နားနှစ်ဖက်တို့သည် အဘယ်သို့သော သွားရာလေသနည်း။ ရွှေ နှင့်မတူအမှုဖောက်ပြန်မှောက်လှန်သောအဆင်းသို့မကြာမျက် မှောက် ရောက်ခဲ့ပြီတကား။

ဖြူနုစ်ရင့်မှ ပန်းငုံသီးနှသဏ္ဌာန်ရှိသော ရင်ဦးရတနာပန်း နှစ်မြွာတို့သည်ယခုအခါ၌သီးရင့်တမျှ ရှုံ့တွတွဲ့တွဲ့ အိခဲ့ကုန် ပြီတကား။ ပေါက်ပြဲပျက်စီးကုန်သည်ဖြစ်၍ အကောင်ပုပ်ကဲ့ သို့ စက်ဆုပ်ရွံရှာဘွယ် ရှိသည်ဖြစ်၍ သင်သည် မကောင်း သောအနံ့ရှိသည် ဖြစ်ရှာခဲ့ပြီတကား။

ရွှေပွတ်တိုင်သဖွယ် တင့်တယ်လှစွာသော၊ပန်းစည်းသဖွယ် တင့်တယ်သောခါးသည် စည်သို့ တဖြောင့်ဟောင့်တင်း ကြမ်း မာ၍ မစ ဖြုံ့ပြည့်သည်ဖြစ်၏။ အဆင်းသည် ညွှော်. ..မမြဲ ချေတကား။ အလုံးစုံသောကိုယ်ကိုမှီ၍ဖြစ်သော ပုပ်နံ့တကြိုင် ကြိုင် လှိုင်သော အလွန်ကြောက်မက်ဖွယ်ရှိသော သူကောင် ပုတ်သော သုသာန်ပြင်ကဲ့သို့ မဘင့်တယ်လေစွတကား။ အကြင် သူမိုက်တို့သည် အကြင်မဘင့်တယ်သောကိုယ်၌ ဘင့်တယ်သုပ သကဲ့သို့ ထင်မှတ်ရူစား၍ မွေ့လျော် ယောင်ယမ်းကုန်ဘိ၏။”

ထိုသို့မြည်တမ်းဆိုတလျက်၊ ဇနပဒကလျာဏီသည် မိန်းမ ငယ်အပါးမှ ခွာ၏။ ငါ၏ခန္ဓာကိုယ်သည်လည်း ဤကဲ့သို့ပင် စင်စစ်မုချ ဖြစ်ရအံ့သည်ဘကား။ မြောင်ကြီးဘုရားသည် ဤသို့ သောတရားကို မြင်တော်မူ၍ ဇမ္ဗူတသောင်း မြေညောင်းမ တတ် ခံစားအပ်သော နတ်မင်းစည်းစိမ်ကဲ့သို့သော စည်းစိမ် ချမ်းသာကို ပယ်ခွာသန်း၍ ရဟန်းပြုပေသည်။ ဘုရားဘုန်း ခေါင်တို့ ငါ့ရှောင်ကွင်းခြင်းသည် ရှုံ့ခြင်းကြီး ရှုံ့သေစွ

တကားဟု အောက်မေ့လျက် ဘုရားရှေ့မျက်နှာတော်ကို မော်ရှု၏။

"နှမတော် ဇနပဒ။ ယခုရအပ်သော ငါတို့ခန္ဓာကား ကိုးဆယ့်ခြောက်ဖြာသော ဘေးရောဂါတို့ဖြင့် နှကျင်တုန်လှုပ်ရခြင်းရှိ၏။ အပုပ်အစပ် မပြတ်သော အညစ်အကြေးတို့၏ စုဝေးပေါင်းရုံးရာလည်းဖြစ်၏။ ယုတ်မာသောအကုသိုလ်ဘာရားတို့၏ ပွားစီးစည်ပင်ရာလည်းဖြစ်၏။ မြွေသေကောင်ကိုလှောင်သော အိုးကဲ့သို့ပုပ်သိုးသောအနံ့ အတိသာ လှိုင်၏။ ထိုသို့သော ခန္ဓာကို သူမိုက်တို့သာလျှင် အလွန်စုံမက် နှစ်သက်တပ်ငြိခြင်းဖြစ်၏။"

ထိုသို့ဟောတော်မူစဉ်ဘွင် အဆိုပါ နိမ္မိတ မိန်းမသည် ဖူးရောင်ပေါက်ပြဲ အကျက်ကွဲယိုကျလျက် အရိုးအတိသာဖြစ်၏။

"ရူပနန္ဒာသညာမည်ခေါ် နှမတော်။ ဤခန္ဓာကိုယ်သည်ကား သုံးရာသောအရိုးတို့ဖြင့် စိုက်ထောင်၍ မြို့ကိုပြုအပ်၏၊ တလက်ဆွမ်းမျှသော သံသရာသွေး ၊တတုံမျှလောက်သော အသံသရာသွေး၊စိုစွတ်သောသား တစ်ကိုးရာတို့ဖြင့် လိမ်းကျံကာတည်၏။ အကြင်ခန္ဓာကိုယ်၌ အိုခြင်းသည်ရင်း၊သေခြင်းသည်ရင်း၊ ထောင်လွှားခြင်းသည်ရင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းသည်ရင်း တည်၏။

ဇနပဒကလျာဏီသည် ပါရမီရှိသူဖြစ်၍ကား အားသစ်သော ဝိပဿနာဇော၏နောက်၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ယင်းသို့ ရဟန္တာဖြစ်ပြီးသော် ဆုံးမတော်မူသော ဩဝါဒကို ခံယူလျက် ရူပစျာန်၊အရူပစျာန်တို့ လှန်စွာ အားယုဘ်

သဖြင့် ဈာနလာဘီပုဂ္ဂိုလ်တို့ထက် သာလွန်ထူးမြတ်စွာဖြစ်၍ ဈာယိနီတေဒဂ်ရတော်မူလေသည်။

ရောင်ခြည်မဲ့သောကျောက်

ရာဇဂြိုဟ်ပြည်၌ နေထိုင်သော်လည်း ပဒုမဝတီအမည်ရှိသော ယသော မာလာ၏မယ်တော် ဘဒ္ဒကစ္စာနာအမည်ရှိသော ယသော ဓရာ မိဖုရားသည် ဤကမ္ဘာမှ ပြန်ရသော် သခ်ျစ်ဆယ်နှင့် [illegible]သိန်းယက်၌ ပွင့်ကြသော ပြဟ္မဒေဝ အစရှိသော ဘုရားများလက်ထက်ကပင် ငါတို့ဘုရားအလောင်းနှင့်တွေ့ ကြုံကြရ၍ ဝိယာသံဝါသဖြင့် ပါရမီများစွာကို ဖြည့်ခဲ့၏။

ငါတို့ဘုရားလောင်း သုမေဓာရသေ့ဖြစ်သောအခါ ရမ္မာဝတီပြည်၌အမိတ္တာအမည်ရှိ သတို့သမီးဖြစ်ကာ ဘုရားလောင်းအား ကြာရှစ်လက်ကမ်းပြီး ရည်မှန်းခဲ့ဘူးသည့်အတိုင်း ဆုတောင်းခဲ့သည်။ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်တွင် နိယတဗျာဒိတ်ကို ရရှိပြီး ဘဝများစွာကျင်လည်ခဲ့ရာက နောက်ဆုံး ဘဝ၌ သုဒ္ဓေါဒနမင်းကြီး၏ သမီးတော်ဖြစ်လာသည်။

[illegible]ကြီးမ်တာရာလော်ပြီး - ဦးပြီးသောရွှေ – ဇမ္ဗူရာဇ်ရွှေကို [illegible] ပန်းချီကို ဖိပြင်စွာ ထုလုပ်ရေးထားသကဲ့သို့ အလွန် [illegible] ဝင်ကြယ်ကောင်းမြတ်ခြင်းနှင့် ပြည့်စုံသော [illegible]ကစ္စာနာဟူသော အမည်ကို မှည့်၏။ [illegible]ခြောက် [illegible]ညအလူ့ပြည်တဝန်း ကျွန်းကြီးကျွန်းငယ် အသွယ်သွယ်သော [illegible] ဘုရားလောင်းမှ တပါးသော ယောကျ်ားမိန်းမဟူသမျှ

\- ဝိယသံဝါသ....ချစ်ခင်စွာပေါင်းသင်းဆက်ဆံခြင်း၊

တို့သည် တုမျှတန်၏ဟု နှိုင်းစံဖက်ယှဉ်စရာမရှိ။ * အဘိက္ကန္တ ယ ** သိရိသောဘဂ္ဂဖြစ်သော လူနတ်တို့၏ အဆင်းကိုလွန်၏။ လွန်စွာထွန်းလင်းသော ကိုယ်အဆင်းအရောင်နှင့်လည်း ပြည့် စုံ၏။

ရင်းသည် ဘုရားလောင်းမင်းသားနှင့်ထိမ်းမြားပြီးနောက် ရာဟုလာကို ဖွားမြင်သည့်နေ့တွင် ဘုရားလောင်း ရဟန်းပြု သွားသည်။ ထို့နောက် နန္ဒမင်းသား ရဟန်းပြုသည်၊ ရာဟု လာ သာသနာဘောင်ဝင်သည်။ သုဒ္ဓေါဒနမင်းကြီး ကံကုန် ပြီးနောက် မယ်တော် ဂေါတမီ၊ ယောင်းမတော် ဇနပဒတို့ ရဟန်းပြုကြသည်။ ဤအခါ ဘေးလောင်းတော် ဥက္ကာမုခမင်း မှစ၍ ပြုစုတည်ထောင်ခဲ့သော ကပိလဝတ်ပြည်ကြီး ရွှေထီး ရွှေနန်းသည် စိုးမြန်းဆက်ခံသူဆုံး၍ သုဉ်းဖျင်းပျက်စီးလေရာ သည်။ ယင်းသို့ ပျက်စီးလေသော် ဆွေတော်နှစ်သောင်း မျိုး တော်ပေါင်းတို့မှာ ဆောင်းလွန်နွေစ၌ရောက်သော ကြာကဲ့သို့ တနေ့တပါးသာ ညှိုးငယ်လေရသည်။ ငါမင်းမူ၍လည်း မသင့် သေး၊ သားတော်ရာဟုလာကို ပြန်ခေါ်၍ ဘိသိက်ခံစေအံ့ ဟူ၍ ဝေဠုဝန်ကျောင်းတော်သို့ ရထားစီး၍ လာခဲ့၏။

ကျောင်းတော်သို့ရောက်လျှင် မြတ်စွာဘုရားအား ဤသို့ လျှောက်ကြားလေသည်။

---

* အဘိက္ကန္တ ယ....အလွန်နှစ်သက်ဖွယ်ရှိခြင်း။

** သိရိသောဘဂ္ဂ....အသရေမြင့်၍ တင့်တယ်ဆုံး အထွတ် အထိပ်။

"အရှင်ဘုရား။

ကိုယ်တော်၏ အကျိုးစီးပွားကိုချည်း ဆောင်တော်မမူပါလင့်။ သတ္တဝါတို့၏ အစီးအပွား၊ ဆွေတော်မျိုးတော်တို့၏ အစီးအပွားကိုလည်း ကျင့်တော်မူပါ။ယခု အကျွန်ုပ်တို့၏ ကပိလဝတ်ပြည်သည် ရောင်ခြည်မဲ့သောကျောက်၊ အတောက်အခိုးမဲ့သော မီးကဲ့သို့ ထီးဆောင်းနန်းနေသူဦး၍ ပြည်လုံး ဂုဏ်အသရေ မဲ့ ချေပြီ။ အကျွန်ုပ်သား ရာဟုလာကို သာသနာမှ ထွက်၍ ထီးဆက်နန်းရိုက် ဆက်ခံစိုးအုပ်စေမှ ဆွေတော်ပေါင်းနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့ ကိုးစားမှီတင်းရာ ရပါတော့မည်"

"အချင်းဒွိကာဘဒ္ဒနာ။

ငါဘုရားကား ကိုယ်တော်၏ အစီးအပွားကိုသာလည်း ကျင့်တော်မူ။ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့၏ အကျိုးစီးပွားကိုသာလည်း ကျင့်တော်မမူ။ အလုံးစုံသော ဘုံသုံးပါး၌ ဖြစ်ကူန်သော လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ပင် ရင်သွေး ရာဟုလာနှင့်မခြား သနားစုံမက်တော်မူသဖြင့် ထိုသူတို့၏အစီးအပွားကို ငါကျင့်တော်မူ၏။

သင်လျှောက်ထားသောအရေးကား သားတော် ရာဟုလာ၏ ချမ်းသာစီးပွားကြောင်းလည်း မဟုတ်။ ယုတ်ညံ့စွာသော ဤလောကီ စည်းစိမ်ကို ခံစံသဖြင့် သံသရာဝဋ်၌ ဆီပွတ်ယန္တရားကဲ့သို့ သွားလာ ကျင်လည်ရခြင်း၏ အကြောင်းသာ ဖြစ်၏။

မင်း၏ ချမ်းသာမည်သည်ကား ကာမဂုဏ်ဟူသော ရန်သူငါးပါးတို့သည် ချောက်ချား တုန်လှုပ်စေအပ်သည် ဖြစ်၍ ဒေါမနဿပဋိဃအတိဗ္ဗာဗျာပါဒစသောသူရဲတို့ သည် ခြိမ်းမဲထောင်လွှားသဖြင့် ပါဏာတိပါတစသော ဒုစရိုက်တရားတို့သည် ပွားစည်းစည်ပင်လာကုန်၏။

ထိုသို့ပွားစီးစည်ပင်သဖြင့် မျက်မြင်ဘဝ၌ *နာနာဘာဝ၊ ** ဝိနာဘာဝ၊ *** အညထာဘာဝ၊ **** ဘယဘေရဝုပ္ပာဒ၊ ***** အလာဘ စသောဒုက္ခတရားတို့သည် များစွာ ဖြစ်လာကုန်၏။ စုတေ မြောက်သဖြင့် နောက်နောက်သော ဘဝ၌လည်း အပါယဒုက္ခကို ခံရခြင်းအကြောင်းသာဖြစ်၏။ ထို့ကြောင့် ဤလူ့ဘုံ၌ ကာမဂုဏ်ဟူသော အမှိုက်ကိုစု၍ ကိလေသာဟူသောမီးကို မွှေးသဖြင့် တချွေချွေ တပြောင်ပြောင် တောက်လောင်ပျက်စီးခြင်းသာဖြစ်ရာသည်။ သံသရာကပါရမီဖြည့်ဖက်ဖြစ်သော ငါဘုရားနှင့်လည်းကောင်း သားရာဟုလာ မဟာဆွေတော်မျိုးတော်တို့နှင့်လည်းကောင်း စုပေါင်းမကွာ ခေမာဘူမိသီရိပဝရ ပြည်မနိဗ္ဗာန်ကို လျင်စွာလိုက်ရအောင် ဤလူ့ဘောင်မှ ခွာသန်း၍ ငါ၏သာသနာ၌ ရဟန်းသာပြုဘိလော့"

---

* နာနာဘာဝ-ရှင်ကွဲ ကွဲခြင်း။

** ဝိနာဘာဝ—သေကွဲ ကွဲခြင်း။

*** အညထာဘာဝ-ဖောက်ပြန်ခြင်း။

**** ဘယဘေရဝုပ္ပာဒ-ကြောက်မက်ဖွယ်နှင့်ကြုံရခြင်း။

***** အလာဘ—လာဘ်မရခြင်း။

မြတ်စွာဘုရား၏ ဤသို့အစရှိသောဒေသနာတော်ကို ကြားနာရသဖြင့် ဘဒ္ဒဘဉ္စနာမိဖုရားလည်း လေးပါးသော သစ္စာကို မြင်၍ အခြံအရံဖြစ်သော မောင်းမနှင့်တကွ ဇနပဒကလျာဏီ ထေရီထံ ရဟန်းပြု၏။ လွန်စွာအားထုတ်သဖြင့် မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်၏။

အင်္ဂုတ္တိုရ်ဝကနှစ်ပါးနှင့် အရှင်ဗာကုလတို့မှ တပါးသော ရဟန္တာတို့မှာ လွန်စွာသောအပိုင်းအခြားဖြင့် ကမ္ဘာဘသိန်းသာ မြင်နိုင်၏။ ဘဒ္ဒကာဉ္စနာထေရီကား ပဋိလောမ အားဖြင့် ပြန်ရေသော် တသင်္ချေ၊ နှစ်သင်္ချေ၊ သုံးသင်္ချေ၊ လေးသင်္ချေ၊ တဆယ့်ခြောက်သင်္ချေသောကာလ၌ ဖြစ်ဖြစ်သမျှသော ဘဝ အစုကိုလည်း တခုသောအာဝဇ္ဇန်းရှိသော ဝိထိစိတ်အစဉ်ဖြင့် တပြိုင်နက် မြင်နိုင်၏။ ထို့ကြောင့် မဟာဘိညာဉ်ရ ဘဒ္ဒကာရဘော် မူ၏။

ဂုမ်းဝါထုပ်ကဲ့သို့

မေဗုရာဇ်မှန်ကူ သယမ္ဘူမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် မကုလတောင် ချရားဘော၌ ဆဋ္ဌမဝါ ကပ်တော်မူ၏။

တနေ့ဘွင် ရာဇဂြိုဟ်သူဌေးသည် ဂင်္ဂါမြစ်ထက်စန်းကျင် ၌ပိုက်များရုံတား၍ ရေကစား၏။ ကျောက်ဖျာ စမ်းပါး စသည်တို့နှင့် ပွတ်သိဖန်များသဖြင့် အနှစ်ချည်း ကျန်သော စန္ဒကူးတုံးသည် ပိုက်၌ငြိလာ၏။ ၎င်းကို သူဌေးအားဆက်ကြ သောအခါ သူဌေးသည် ဤသို့ကြံ၏။

"ဤပစ္စည်းမျိုးသည် ငါ၏အိမ်၌ များလှ၏။ ယခုရသော

ပစ္စည်းဖြင့် လောကီစီးပွားကိုမရှာတော့ဘဲ တခုသောသံသယကို ကင်းစေအံ့"

ဤသို့ ကြံစည်ပြီးနောက် စန္ဒကူးနှစ်ကိုသပိတ်သဏ္ဍာန်လုပ်စေကာ အတောင်ခြောက်ဆယ်မျှလောက်သော ကောင်းကင်၌ ချိတ်ဆွဲကာ စာရေးထား၏။ စာမှာ "ငါတို့လောက၌ဘုရား ရဟန္တာဖြစ်သောသူ အကယ်၍ရှိမူကား ကောင်းကင်မှ ပျံလာ၍ ငါထားသောသပိတ်ကို ယူလှည့်ကုန်။ အကယ်၍ယူနိုင်မူကား သားမယားဆွေမျိုးနှင့်တကွ နှိပ်ချပျပ်ဝပ်လျက် အသက်ထက်ဆုံး ငါလုပ်ကျွေးအံ့" ဟူ၍ဖြစ်၏။

ထိုအခါ ပူရဏကဿပ၊ နာဋပုတ္တ၊ ပကုဓကစ္စာယန၊ ကေသကမ္ဗလ ဟူသောဒိဋ္ဌိတက္ကဒွန်း ဆရာကြီးများသည် မိမိတို့ကိုယ်ကို ဘုရားဟုကြွေးကြော်ထားသူများပင်ဖြစ်ရာ ကိုယ်တိုင်တသွယ် လူလွှတ်၍တဖုံ သပိတ်ကိုရအောင်တောင်းသော်လည်း မရကြပေ။ ခြောက်ရက် ကြာသောနေ့တွင် အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလတို့သည် ဆွမ်းခံဝင်ရန် မြို့ပြင်၌ သင်္ကန်းသပ္ပာယ်နေကြစဉ် အရက်သမားတို့စကားပြောလျက်သွားကြ၏။

"ငါတို့သူဌေးထားသောသပိတ်ကို ကောင်းကင်ဖြင့်လာ၍ ယူနိုင်သောသူကား တလူမျှပင်မပေါ်လာ။ ဤလူ့ရွာ၌ ဘုရားရဟန္တာမရှိသောအဖြစ်ကို ယခုသိရပြီ။ ယနေ့မှစ၍ ရဟန္တာဟု ဝါလာငြားသော်လည်း နားမထောင်လိုပြီ"

ထိုစကားကို အရှင်မဟာမောဂ္ဂလာန် ကြားတော်မူသဖြင့် ဤသို့မိန့်တော်မူ၏။

"ငါ့ရှင်ပိဏ္ဍောလ။ ဤသူတို့ကား မြတ်စွာဘုရားသာသနာကို ဂွမ်းဝါထုပ်ကဲ့သို့ရှုတ်ချဖျက်လှင့်ချေပြီ။ သို့အရာကို ငါတို့ကြားသိလျက် သတိမချုပ် အမှတ်မဲ့ သာနေချေသော် သုံးထွေသောရတနာ၌ သတ္တဝါတို့သည် ကြီးစွာသောယုံမှားခြင်းဖြစ်၍ မှန်းနှစ်သူများကုန်လတံ့။ ထို့ကြောင့် သပိတ်ကို ကောင်းကင်ဖြင့် သွား၍ယူပါ"

အရှင်ပိဏ္ဍောလလည်း အဘိညာ ပါဒကဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ အလျားသုံးဂါဝုတ်၊အနံသုံးဂါဝုတ်ရှိသော ကျောက်ဖျာကြီးကို ခြေဖျားဖြင့် ရာဇဂြိုဟ်မြို့ပေါ်၌ဟသ်ာ ငှက်ဝဲသကဲ့သို့ တလူးလာလာ စကြံ့ကြွတော်မူ၏။ လူအများလည်း ကျောက်ဖျာပိ၍ သေမည်စိုးသဖြင့် အိမ်အောက်၊သစ်ပင်အောက်၊ တွင်းကျင်းထဲခပြေးပုန်းကြ၏။ အချို့လည်း ငုတ်စိုက်ကာ ကာသည်။ တမြို့လုံး အုန်းအင်း ရှုန်းရင်းခတ်သည်။

အရှင်သည်မြို့ကို ခုနစ်ပတ်-ပတ်ပြီးမှ ကျောက်ဖျာကိုဖယ်ရှား၍ သူဌေးအိမ်ထက်ဖြစ်သော ကောင်းကင်၌ ရပ်တော်မူရာ သူဌေးသည် စန္ဒကူးသပိတ်ကိုလှူသည်။ ဤအခြင်းအရာကို ဇမြင်လိုက်ရသော သိတင်းသုံးဖော်တို့ တောင်းပန်သဖြင့် တန်ခိုးပြာဋိဟာကို သင်မံပြုတော်မူသောအခါ မြတ်စွာဘုရားသိတော်မူ၏။ သပိတ်ကို အစိတ်စိတ်ခွဲကာ အမှုန့်ကြိတ်စေပြီး သံဃာတို့အား ဝေစေပြီးနောက် ကျောင်းသင်္ကန်းဆွမ်းဆေးဟူသော အကြောင်းမျှဖြင့် အရဟတ္တဓဇဖြစ်သော တန်ခိုးပြာဋိဟာကို မပြုရဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ထိုသတင်းကို တိတ္ထိတို့ကြားလျှင် ရဟန်းဂေါတမသာ

တန်ခိုးပြလျှင် ဆယ်ဆထောင်ရာတို့ထက်သာ၍ ငါတို့တန်ခိုးပြမည်ဟု လှည့်လည် ကြွေးကြော်ကြရာ ဤအကြောင်းကို ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားအား လျှောက်ထား၏။ မြတ်စွာဘုရားလည်း တန်ခိုးပြာဋိဟာကို တိတ္ထိတို့အား နှိပ်နင်းစိမ့်သောငှာ ပြစေလိုက ငါ ပြမည်ဟုဆိုကာ သိက္ခာပုဒ်ပညတ်ခြင်းမှာ ငါ၏အကျိုးမဟုတ်၊ သာဝကတို့ အကျိုးငှာ သာဖြစ်သည်ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ မိမိမကျင့်ဘဲ သူတပါးအားကျင့်စေသော် လျော်တုံပါအံ့လော"

"သင်မင်းကြီး။ သင့်အားငါ မေးဦးအံ့၊ သင်စိုးပိုင်သော နိုင်ငံတွင်း၌ရှိသော ဥယျာဉ်တို့မှ သစ်ပင်သစ်သီးတို့ကို သူတပါးသုံးစား ဖျက်ဆီးသော် အသို့ပညတ်သနည်း"

"မင်းဒဏ်ပေးပါသည်"

"သင်မင်းကြီး သုံးစားဖျက်ဆီးရာ၌ အသို့ပြုသနည်း"

"တကာတော်မှာ ဥစ္စာရှင်ဖြစ်သဖြင့် သုံးစား၍ရင်း၊ ဖျက်ဆီး၍ရင်း၊ အပြစ်မရှိပါ"

"သင်မင်းကြီးအားအပြစ်မရှိသကဲ့သို့ ကာလသုမယာကို သိမြင်တော်မူသော ငါဘုရားအားလည်း သိက္ခာပုဒ်ကို ပညတ်ခြင်းကြောင့် မလွန်ကြူးချသောမည်သည်မရှိ။ သာဝကတို့သာ မလွန်ကြူးရသည်"

ထိုစကား အဆင့်ဆင့်ပွားလျှင် တိတ္ထိတို့လည်း "ရဟန်းဂေါတမသည် သာဝကတို့အား ပြန်ပွားကျော်စေသော

ဂုဏ်သတင်းမဖြစ်ရအောင်ပြုသည်”ဟသည်ဖြင့် ကဲ့ရဲ့ကြသည်။ မြတ်စွာဘုရားမှ သာဝတ္ထိပြည်တွင် တန်ခိုးပြခဲ့ဟော ပြဒ်ဟု ဗိမ္မ ိသာရမင်းကြီးအား မိန့်တော်မူပြီးလေပြီ။

တမ်ဝ ါလျှပ်ရောင်ဖြင့်တောက်ပသော

မြတ်စွာဘုရားအား ကိတ္တိတို့ အမျိုးမျိုးနှောက်ယှက် ဝိုက်ခိုက်နေကြစဉ် မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး ပင့်လျှောက်သောကြောင့် ရာဇဂြိုဟ်တွင် သုံးသာအနည်းငယ် ခြံ ထားခဲ့ကာ ဘိက္ခုဘိက္ခုနီ ဥပသကာ ဥပါသိကာဟူသော ပရိသတ်လေးပါး ဝန်းရံကာ သာဝတ္ထိပြည်သို့တနေ့ တယူဇနာကြွတော်မူ၏။

ထိုသူဌေးငယ်မည်မှာ သုဒတ္တဖြစ်သော်လည်း သက်မွေးခဲ့ကပ်မှတ်ငတ်ပန်းလျကုန်သော ဖုန်းတောင်းယာစကာတို့အား စားဖွယ်ထမင်းဖြင့်တနေ့မပြတ်ပေးကမ်းသောအလေ့ကြောင့် အနာထပိဏ်္ဍကဟုတွင်သတည်း။ ၎င်းသည် ဇနီးသိရေသုမန၏ မောင်ဖြစ်သော ဝိသာလသူဌေးနေရာ ရာဇဂြိုဟ်သို့ နှစ်နှစ်လျှင် တခေါက်သုံးနှစ်တခေါက်၊ရောက်လေ့ရှိသည်။

တခေါက်သော် မိမိအား နှုတ်မဆက်နိုင်ဘဲ အလုပ်များနေသော ယောက်ဖကို တွေ့ရသည်။ မြတ်စွာဘုရားနှင့်သံဃာ အပေါင်းအား ကပ်လှူရန် အလုပ်များနေကြောင်းသိရသော အခါ အနာထပိဏ်သူဌေးသည် ချက်ခြင်းပြေး၍ ဖူးချင်၏၊ အချိန်မရှိသဖြင့် အိပ်နေရသော်လည်း အိပ်မပျော်၊။

တတိယယာမ်သို့ အခေါက်ဘွင် လင်းပြီဘင်ပြီး ဘုရား

ကျောင်းတော်သို့လာခဲ့ရာပို၍ မှောင်လာသဖြင့် အိမ်ပြန်ရန် စိတ်ကူးစဉ်အသံတသံကြားရ၏။

"အိုရှင်သူဌေး။

ကောင်းစွာ စပ်အပ်သော ပတ္တမြားစီမြွေတန်းဆာရှိကုန်သော ဟသိန်းကုန်သော ဆင်ပြောင်ကြီးတို့သည်ရှင်း။ တသိန်းကုန်သော မြင်းတို့သည်ရှင်း။ တသိန်းကုန်သော အဿဘိုရှိ မြင်းကသည့်ရထားတို့သည်ရှင်း။ အလျှံရှိုးရဲလည်၍ ဆွဲသော ပုလဲသွယ်ပျောင်း မြနားဒွောင်းလည်းဆင်ကုန်ထသော တသိန်းမျှသောမိန်းမကညာတို့သည်ရှင်း။ခြံရံ၍ တည့်သောခင်း၏အသရေသည်၊ဘုရားနေရာကျောင်းတော်သို့သွားသော ရှင်သူဌေး၏ ဖဝါးတလှမ်းတလှမ်း၌ဖြစ်သော စေတနာကို တဆယ့်ခြောက်စိပ်-စိပ်သည်ပြု၍ တစိပ်ရှိခန့်မျှလည်း မမှီသာ၊ အဖိုးမထိုက်ပါ။

ရှင်သူဌေး၊ ရှေ့သို့တက်လော့။ နောက်သို့ မဆုတ်လင့်။ သင်၏သွားခြင်းကား အလွန်နှစ်လိုဘွယ်ရှိ၏။ အထူးသဖြင့် ချီးမွမ်းအပ်၏"

သူဌေးသည် ကြောက်ရွံစိတ် ပျောက်လျက် ဘုရားကျောင်းတော်သို့ ဆက်လက်ရာ မြတ်စွာဘုရားကိုဖူးတွေ့ရ၏။ မြတ်စွာဘုရားသည် ငယ်မည်ကို ထုတ်ဖော်ခေါ်ဝင်ကာသဂွာ လေးပါးကို ပြသဖြင့် သောတာပတ္တိဖိုလ်၌တည်လေ၏။ ထို့နောက် မြတ်စွာဘုရားနှင့် သံဃာတော်များအား နက်ဖြန် အတွက်ဆွမ်းဖိတ်ခဲ့၏။နောက်တနေ့တွင် ဆွမ်းဘောဇဉ်လှူဒါန်းကာ တရားနာပြီးနောက် မြတ်စွာဘုရားအား သာဝတ္ထိပြည်သို့ ကြွရန်ပင့်လျှောက်၏။

ဂုင်းသည် သာဝတ္တိသို့အပြန်ခရီးတွင် ရာဇဂြိုဟ်မှမြတ်စွာဘုရားကြွလာတော်မူချိန်တွင် သိတင်းသုံးရန်အတွက် တယူဇနာတွင် တသိန်းတန်ကျောင်းတဆောင်ဆောက်ရန်ကျောင်းပေါင်းလေးဆယ့်ငါးကျောင်းကို စီမံသွား၏။ သာဝတ္ထိသို့ပြန်ရောက်လျှင် လူနှင့်ဝေးလည်းမဝေးလွန်း၊နီးလည်း မနီးလွန်း အသွားအလာနှင့်လည်း ပြည့်စုံ၍ သူတော်ကောင်းတို့နှစ်သက် မွေ့လျော်ဘွယ် တင့်တယ်သော ဇေတမင်းသား၏ဥယျာဉ်ကို ကျောင်းတော် ဆောက်ရန် အကောင်းဆုံးနေရာအဖြစ်တွေ့ရှိ၏။

ထို့ကြောင့် ထိုဥယျာဉ် မြေပြင်ကို ငွေခင်းအပြည့်ခင်း၍ဝယ်ယူကာဘုံဘဆောင်လျှင်အခန်း တဆောင်ပါသောဘုံသုံးဆင့် ကျောင်းတော်ကြီးကို ဟာဆယ့်ရှစ်ကုဋေအကုန်ခံလျက်လက်သမားတထောင်ဖြင့် ဂိုးလဆောက်လုပ်၏။ မြတ်စွာဘုရားကြွလာတော်မူသောအခါ သားကြီးမဟာကာလ၊ သမီးစူဠသုဘဒ္ဒာ၊ဇနီးသိရိသုမနတို့နှင့်တကွမိမိပါပြန်းနံ့သာပေါက်ပေါက်မြူတာအိုး တံခွန်ရေပြည့်အိုးတို့ဆောင်လျက်ငါးရာစီသောအခြံအရံဖြင့် ဆိုကြ၏။

ဗုဒ္ဓမြတ်စွာလည်းများသောမှစွာသောဘိက္ခု ဘိက္ခုနီဥပါသကာဥပါသိကာဟူသော ပရိသတ်လေးပါး ဝန်းရံကာ ရတနာဂူမှထွက်သောခြင်္သေ့မင်းကဲ့သို့ လည်းကောင်း၊ ညချမ်းဆည်းဆာဝယ်တိမ်ပါ လျှပ်ရောင်ဖြင့်တောက်ပသောဇလနီလာတောင်မင်းကဲ့သို့လည်းကောင်း၊ပိုးဝင်းထိန်ပြောင် ရောင်ခြည်တော်အ

ဝန်းခြင့်တောက်ထွန်းတောက်ပသော ဘုရားအသရေကိုဆောင် လျက် ဇေတဝန်ကျောင်းတော်သို့ တက်တော်မူ၏။

နှစ်ရက်ကြာသောအခါ သူဌေးသည် ရေစက်ကို မြတ်စွာ ဘုရားအား လက်တော်သို့လောင်း၍ကျောင်းတော်ကို သံဃိက လှူဒါန်းလေသည်။ ထိုနေ့မှစ၍ * သပရိဝါရ ဒါနဖြစ်စေ ခြင်းငှာ ရွှေငွေဥစ္စာတို့ကြဲဖြန့်လှူဒါန်းကာ ကိုးလကြာသော ကျောင်းပူဇော်ပွဲသဘင်ကို ကျင်းပ၏။

မြတ်စွာဘုရားကို ကျောင်းလှူသည့် နေ့မှစ၍ စာရေးတံ ဆွမ်း၊ စာရေးတံယာဂု၊ ပက္ခိကဆွမ်းယာဂု၊ ဓုရဘတ်ဆွမ်း ယာဂု၊အာဂန္တုကဆွမ်းယာဂု၊ဂမိကဆွမ်းယာဂု၊ ဂိလာနဘတ် ဆွမ်းယာဂု၊ဂိလာနုပဋ္ဌာကဘတ်ဆွမ်းယာဂု၊ အစုစုငါးရာစီကို တည်ကျွေးလှူဒါန်း၏။ အိပ်ရာနေရာ ငါးရာကို အိမ်ဦးခန်း၌ တနေ့မပြတ် ခင်းထား၏။

မြတ်စွာဘုရား ကျောင်းတော်သို့ တနေ့သုံးကြိမ် သွားရာ လှူစရာမပါဘဲ သွားဖူးသည်မရှိ။ ထို့ကြောင့် ဒါနပတိ တေဒဂ်ထားကာ မြတ်စွာဘုရား ချီးမွမ်းတော်မူပေ၏။

သစ်ခက်ကျိုးဖြင့်ဖုံးသကဲ့သို့

ဝိပဿိမြတ်စွာဘုရားလက်ထက်တော်၌ ဥပါသကာတဦး ရှိ၏။ သူသည် သူကြွယ်တဦး၏သားဖြစ်ကာ အဝရောဇအမည်ရှိ

---

* သပရိဝါရဒါန-အခြံအရံနှင့်လှူသောအလှူ။

၏။ တခါသော် သူ၏ဦးရီးဆောက်လုပ်သော ဂန္ဓကုဋိ အနီးတွင် ကုဋ္ဌရအမည်ရှိသော ဇရပ်တဆောင်ကို ရွှေငွေရတနာများ မွမ်းမံ၍ ဆောက်သည်၊ အဆောက်အဦတခုလုံးကို ရွှေဆိတ်ရုပ်များနေရာတကျခြံရံထားသည်။ ဇရပ်လှူဒါန်းပွဲသဘင်မှာတွင် သံဃာတော် ခြောက်သန်း ရှစ်သိန်းနှင့် မြတ်စွာဘုရားအားလေးလပတ်လုံး အလှူပေး၏။ သံဃာတပါးလျှင် တိစီဝရိတ် [illegible]သိန်းဖိုးထည်စီလည်း လှူဒါန်းသည်။

ယိုး[illegible]ရေဝယ်ည် ဘဝများစွာ ကျင်လည်ပြီးနောက် ဤကမ္ဘာဝယ် ဗာရာဏသီ သူဌေးကြီးဖြစ်လာ၏။ ထော်ပွက်ပေါင်းပါးသော ဘေးဖြစ်မည်ကို ကြိုတင်သိသဖြင့် ကျီနှစ်ရာ့ငါးဆယ်တွင် စပါးအပြည့်ထည့်၏။ အိုးလှောင်ကြီးများ ပုတ်များတွင်လည်းထည့်၏။ မြေတွင်လည်းမြုပ်၏။ ရွှံ့နှင့်နယ်၍ နံရံကိုလည်းသုတ်ထား၏။

သုံးနှစ်အကြာတွင် ငတ်မွတ်ခြင်းဘေးသည် ရောက်ရှိလာလေသည်။ ကျီနှစ်ရာ့ငါးဆယ်တွင်းမှ စပါးများ ကုန်ခန်းသွားချိန်တွင် သူဌေးကြီးသည်အစေအပါးများကို ဆက်လက်ကျွေးနိုင်တော့ပေ။ ပုဏ္ဏအမည်ရှိသော လူယုံတယောက်ကို ချန်ထား၍ ကျန်သူများကို လွှတ်လိုက်လေသည်။ အိမ်တွင်သူဌေး လင်မယား သားနှင့် ချွေးမ၊ လက်ပါးစေ ပုဏ္ဏတို့သာ ရှိသည်။

၎င်းတို့သည် ပုတ်ကက်အိုးထုပ်မှ စပါးများ ကုန်သော

အခါ နံရံတွင် လိမ်းကျံထားသော ရွှံ့ကိုခွာ၍ရေဆေးရာ စပါးတစလယ်ခွဲရသည်။ ထောင်းပြီး ဖွပ်ပြီးသော် ဆန်တစ လယ်ရ၏။ ၎င်းတစလယ်ကို သူခိုးရန်ကြောက်သောကြောင့် အိုးတွင်ထည့်၍ မြေမြှုပ်ထားစဉ်၊ အပြင်သို့သွားရာမှသူဌေး ပြန်လာသည်။

သူဌေးလည်း "ဆာလှောင်လှသည်၊ စားစရာပေးပါ" ပြောရာ ထမင်းစားလိုလျှင် တနပ်စာ ယာဂုကျိုလျှင် သုံးနပ် စာသောဆန်သည်ရှိ၏ဟု သူဌေးကတော်ကဖြေ၏။ သူဌေး လည်း ထမင်းစားပြီး သေကြပါကုန်ဆိုသဖြင့် ထမင်းချက်ပြီး ၍ငါးပုံပုံအပြီးထမင်းစားခါနီးတွင် အရှင်ပစ္စေကဗုဒ္ဓါတပါး ကြွလာတော်မူသည်။

အရှင်သည် သမာပတ်အတွင်း၌ သမာပတ်အစွမ်းကြောင့် ဆာလောင်ရန် မသိပေ။ သမာပတ်မှထသောအခါ ဝမ်းရေ အပြင်ကို မီးလောင်သကဲ့သို့ ခံစားရ၏။ အရှင်သည်ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်ရှုရာ ဇမ္ဗူဒိပ်တကျွန်းလုံး ဝတ်မှတ်နေပြီး လှူ ချင်သော စေတနာနှင့် လှူနိုင်သော အခြေအနေရှိသူဟူ၍ ထိုသူဌေးကြီးကိုသာ မြင်သဖြင့် ဂန္ဓမာဒနတောင်မှ ကြွလာ တော်မူခြင်းဖြစ်၏။

သူဌေးသည် အရှင်ပစ္စေကဗုဒ္ဓါကိုမြင်လျှင် [illegible] [illegible] ထမင်းကို [illegible] အကုန်တွင် အရှင်မြတ်က [illegible] [illegible]

လူယုံတို့လည်း ဝေပုံကျထမင်းများကို ထ၍လောင်းလှူပြစ်ကြကာ ရှိသေစွာရှိခိုး၍ ဆုတောင်းကြရာ အချင်းလည်း အနုမောဒနာပြု၍ ကြွတော်မူ၏။

သဒ္ဓါစိတ်ဖြင့် ဆွေ့အိပ်နေသော်လည်း မွန်းတည့်ချိန်တွင် သူဌေးကြီးမှာ ဆာလောင်လာသဖြင့်အိုးကပ်ချေးကပ်ကလေးတော့ ကျန်တန်ကောင်းသည်၊ ငင်းကို ပေးပါဟု တောင်းသည်တွင် စေစေကာ ရေဆေးပြီး ဖုံးထားသော အိုးအဖုံးကိုဖွင့်၍မရှိသည့်အကြောင်းပြောရန် သူဌေးကတော်သည် ထမင်းအိုးအဖုံးကို ဖွင့်၏။အမှန်ပင်သမင်းတစေ့မျှမရှိသော ထမင်းအိုးသည် "မြလေးငံအဆင်းရှိသော ထမင်းဖြင့်ပြည့်လျှက်" စလောင်းဖုံးသည် ကြွားကာနေ၏။

ထိုအချိန်မှစ၍ ငတ်မွတ်သော ဘေးသည် ပြေးလွင့်၏။ ထမင်းအိုးထဲ့ထမင်းသည် မည်မျှ ခူးခပ်ဝေငှသော်ထည်း အရာမထင်ပေ။ ကျီကျများတွင် ပြည့်နေသော စပါးများလည်း မည်မျှပင်ပေးဝေစေကာမူ မလျော့ပေ။ သူတို့သည် ဒါနသီလကို တိုးတက်ဆောက်တည်ကြ၏။

ငါတို့မြတ်စွာဘုရား ရွှေလက်ထက်တော်ဝယ် ဤမိသားစုနှင့် လူယုံသည် ယခင်အတိုင်း တပေါင်းတစည်းတည်းဖြင့် ဘဒ္ဒိယမြို့ဝယ် သူဌေး မျိုး၌ ဖြစ်၏။ ထို သူဌေးမိသားစု [illegible]နောက်ဖေးရှိ ကျယ်ဝန်းလှသော မြေအရပ်၌ ကြီးမားသော ရွှေဆိတ်ရုပ်များသည် ဘေးချင်း ထိသ လျက် မြေမှပေါ်ထွက် နေကြ၏။ ရွှေဆိတ်ရုပ်တို့၏ ပါးစပ်ထဲကို အစော်များချည်ထွေးများဆို့ပိတ်ထားရ၏။ အဆို့

အပိတ်များ ဖယ်လိုက်ပါက အစားအစာရွှေငွေနှင့် လူသုံးပစ္စည်းများ ထွက်ကျလာသည်။ ထို့ကြောင့် ထိုသူဌေးအား မေဏ္ဍကသူဌေး၊ မယားကိုစန္ဒပဒုမ ခေါ်ကြ၏။

ထိုမျိုးသို့ မြတ်စွာဘုရား ကြွလာတော်မူကြောင်း ကြားရလျှင် သူဌေးကြီးသည် မြတ်စွာဘုရားထံသို့ လာခဲ့ရာ တရားဒေသနာကိုကြားနာရ၍သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုနောက် မေဏ္ဍကသူဌေးသည် မိမိအားလမ်းခရီးတွင် တိတ္ထိတို့တားဆီးကြပုံကို လျှောက်ထားသဖြင့် မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏။

"သူတပါးတို့၏အပြစ်ကိုမြင်လွယ်၏။မိမိ၏အပြစ်ကိုကား မြင်နိုင်ခဲ၏။ ထိုသို့ သူတပါးအပြစ်သာမြင်၊ မိမိအပြစ်ကိုမမြင်လေ့ရှိသောသူသည် ဖွဲကိုလှင့်သကဲ့သို့ သူတပါး၏အပြစ်တို့ကိုလှင့်တတ်၏။စဉ်းလဲသောငှက်မုဆိုးသည် အပြစ်ရှိသော မိမိကိုယ်ကို သစ်ခက်ကျိုးစသည်ဖြင့် ဖုံးလွှမ်းဘိသကဲ့သို့ မိမိ၏အပြစ်ကိုကား ဖုံးလွှမ်း၏"

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်ကြလေကုန်၏။

ကျွမ်းကျင်လှစွာသောပန်းသည်

လွန်ခဲ့သော ကမ္ဘာတသိန်းထက်တွင် ပဒုမုတ္တရ မြတ်စွာဘုရားပွင့်တော်မူရာ တယောက်သောဥပါသိကာမသည် မြတ်စွာဘုရားနှင့် ကျွမ်းဝင်သောပစ္စည်းလေးပါး ဒါယိကာမကို မြင်သဖြင့် ၎င်းကဲ့သို့ဖြစ်ချင်သောကြောင့် မြတ်စွာဘုရားနှင့်

သံဃာတသိန်းအားခုနှစ်ရက်ပတ်လုံး ဆွမ်းဘောဇဉ်လှူဒါန်း၍ သီလ ဆောက်တည်ပြီး ထိုဒါယိကာမကဲ့သို့ ဖြစ်လိုကြောင်း ဆုတောင်းသော ဗျာဒိတ် ခံရပေ၏။

ထိုဥပါသိကာမသည် ဘဝများစွာ ကျင်လည်ပြီးနောက် ကဿပမြတ်စွာဘုရားလက်ထက်တော်တွင်ကာသိကရာဇ်ဘုရင် ကိကီမင်းကြီး၏ သမီးငယ်ဆုံးသံဃဒါသီမင်းသမီးဖြစ်သော [illegible] တောင်ပြုဟဲ ဒါနသီလပြုကာ ယခင်ဆုကိုပန်ပြန်သည်။ ထိုနောက်ဘဝများစွာ စုန်ဆန်ခဲ့ကာ ငါတို့ဘုရားလက်ထက် ဂေါတမဗုဒ္ဓဘုရားပွင့်တော်မူပြီး အင်္ဂတိုင်းဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး၏ မြေးဝိသာခါဖြစ်လာသည်။ အမိအဖကား ဓနဉ္စယနှင့် သုမနဒေဝီတို့ပေတည်း။

ဝိသာခါသည် ခုနစ်နှစ်သမီးရွယ်ကပင် မြတ်စွာဘုရား၏ တရားတော်ကို နာရသဖြင့် အဖိုးထက်စေ့စွာသော သောတာပတ္တိဖိုလ်၌တည်ခဲ့၏။

တနေ့သ၌ ဗိမ္ဗိသာရမင်း၏ မောင်လယ်နှမလယ် အဆွေ ခင်ပွန်းဖြစ်သော ပသေနဒီကောသလမင်းကြီးသည် ရာဇဂြိုဟ် သို့ ရောက်လာကာ ဘင်မင်းကြီးတွင် ဇောတိက၊ ဇဋိလ၊ [illegible] မေဏ္ဍက၊ ကာကဝလ္လိယ [illegible] စသောအုံကြွယ် [illegible] သူဌေး [illegible] အ [illegible] ၏

[illegible] ၏။

[illegible]

[illegible] မေဏ္ဍက သူဌေး [illegible]

[illegible] ပြုသူဓနဉ္စယသူဌေးကိုထည့်လှတ်ရန် သဘော

တူပေ၏။ နေဥ္စယသူဌေးသည် ကောသလမင်းကြီးနှင့် ပါလာခဲ့ပြီးနောက် မင်းနေပြည်သာဝတ္ထိမြို့မှ ကျဉ်းမြောင်းသဖြင့် သာကေတမြို့ကို ကိုယ်ပိုင်တည်ထောင်၍ များလှစွာသော ခြွေရံသင်းပင်းနှင့် နေထိုင်လေ၏။

မကြာမီ သာဝတ္ထိပြည်သားမိဂါရသူဌေး၏သားနှင့်ဓနဥ္စယသမီး ဝိသာခါတို့ကို ထိမ်းမြားပေးကြရာ ဓနဥ္စယသူဌေးသည် ဝိသာခါအား သူကြွယ် ရှစ်ယောက် လက်သို့ အပ်ပြီးနောက် သမီးကိုစကားဆယ်ခွန်းဖြင့် ဆုံးမကာ လင့်အိမ်သို့ ထည့်လိုက်၏။ *ရွှေစင်နိက္ခတထောင်ရှိသော မဟာလတာတန်းဆာကိုရင်း၊ အသပြာ၊ ရွှေအိုး ရွှေခွက်၊ ငွေအိုးငွေခွက်၊ ပိုးထည်၊ ကြေးအိုး ကြေးခွက်၊ ဆီ၊ ဆန်၊ ထွန်တုံး ထွန်သွား၊ အစေအပါးစသည်တို့ အပြည့်ပါသော လှည်းငါးရာ စီကိုရင်း၊ အလျားသုံးဂါဝုတ်၊ အနံတဥသဘအတွင်း၌ ပြည့်နေသော နွားများအပြင် အစောင်းခုန်ထွက်လိုက်ပါလာသောနွားထီး နွားမခြောက်သောင်းကိုရင်း ပေးလိုက်၏။

သူဌေးကြီးမထည့်ဘဲ အလိုအလျောက်လိုက်ပါလာသော အစေအပါးများလည်းများပြားလှပေရာ၊ မိဂါရသူဌေးသည် ကျွေးမွေးရန် ကြောက်ရွံ့ပြီး ဒလှတ်အုတ်ကျောက်တို့ဖြင့် ပစ်ခတ်ပြီး မောင်းထုတ်ပစ်လေသည်။

ဝိသာခါ၏မဟာလတာတန်းဆာမှာအဖိုးကိုးကုဋေတန်ကာ လက်ခတသိန်းပေးရ၏။ ထိုမဟာလတာတန်းဆာ၌လေးစလယ်

* နိက္ခတထောင်-၁ နိက္ခသည် ရွှေးတထောင်၊သို့မဟုတ် ကျပ်တဆယ်ရှိ၏။

ကွမ်းစားရှိသော စိန်စစ်ရတနာများစီခြယ်၏။ ပုလဲတဆယ့် တစလယ် *ကွမ်းစားကိုင်း၊ သန္တာနှစ်ဆယ့်နှစ်စလယ် ကွမ်းစားတို့ကိုင်း၊ ပတ္တမြား သုံးဆယ့်သုံးစလယ် ကွမ်းစားတို့ကိုင်း၊အခြားသောရတနာ၃နှစ်ပါးကိုင်းထည့်သွင်းခြယ်လှယ်ထား၏။

ဤတန်းဆာကိုချည်ဖြင့် မရက်လုပ်ပေ။ ချည်၏နေရာတွင် ငွေကြိုးမျှင်ကို အသုံးပြုသည်။ ၎င်းကို ဦးခေါင်း၌စွပ်သော် ခြေဖမိုးသို့ ရောက်၏။ လက်စွပ်ကွင်းတို့ကို ယှဉ်ရှိပြုသော ကမ္ဘတ်သိမ်းကြယ်သီးများမှာရွှေဖြစ်၏။ ကမ္ဘတ်ကွင်းကြယ်သီးမှာ ငွေဖြစ်သည်။

အထက်ဦးခေါင်း၌ လက်စွပ်ကွင်းတခု၊ နားနောက်၌ နှစ်ခု၊ လည်ချောင်း၌တခု၊ ပုဆစ်ဒူးဝန်းတို့၌နှစ်ခု၊ ပေါင်နှစ်ဖက်၌နှစ်ခု၊ ခါးစောင်းနံဘေး၌နှစ်ခု တပ်ဆင်ထား၏။ ဦးထိပ်အလယ်၌ နံ့ဖလံရွှေဖြင့် ပြုလုပ်သော ဥဒေါင်းရုပ်သည် တောင်ပံပေါင်းတထောင်ပါရှိ၏။ နှုတ်သီးသန္တာ၊ မျက်လုံးလည်းတံအမြီးတို့ကို ပတ္တမြားဖြင့်ပြုလုပ်၏။လေသာဆောင် ထဲ ထောင်မှ တူရိယာသံများ ထွက်နေသဖြင့်အဝေးမှကြည့်လျှင် ဒေါင်းရုပ်ဟု မသိနိုင်ကြပေ။

ဝိသာခါသည် အမိုးဖွင့်သော ရထားဖြင့်သာဝတ္ထိမြို့တွင်းသို့ ဝင်လာရာ မြို့နေလူအများသည် လက်ဆောင်များပေးပို့

---

* ကွမ်းစား-စလယ်ကွမ်းစား၊ ပြည်ကွမ်းစားဟူ၍ နှစ်မျိုးရှိသည်။

ကြ၏။ ဝိသာခါလည်းအမေတန်လျှင်အမေ၊ အဒေါ်တန်လျှင် အဒေါ်၊ ချီသာစွာခွန်းဆက်၍ လက်ဆောင်ပြန်ပေး၏။ တနေ့သောအခါ မိဂါရသူဌေးဝိသာခါသည် ယောက္ခမအား ယပ်ခပ်ပေးရာမထေရ်တပါးသည် အိမ်ရှေ့၌ဆွမ်းရပ်လာ၏။ မိဂါရသူဌေးသည် မမြင်ယောင် ဆောင်နေ၏။

ဝိသာခါသည် ယပ်ခပ်ပေးနေရာမှ "ကန်တော့ဆွမ်းပါဘုရား၊ တပည့်တော်မ၏ ယောက္ခမသည် အဟောင်းကိုသာစားပါသည်ဘုရား"ဟု လှမ်း၍လျှောက်လိုက်ရာ ငါ့အားအညစ်အကြေးစားသူဟုဆိုရသလောဟု မခံမရပ်နိုင် ဖြစ်လေကာအိမ်မှနှင်ချရာ ဝိသာခါသည်မဆင်းမူဘဲ ဖခင်အပ်နှံလိုက်သောသူကြွယ်ရှစ်ယောက်ကိုခေါ်စေ၍ ပြေလည်အောင် ရှင်းလင်းသည်။ ရှင်းလင်းပြီးမှ ဖခင်ထံပြန်မည်ပြုသောအခါ ဝိုင်းဝန်းတားမြစ်ကြသဖြင့် ရတနာသုံးပါး ဆီးကပ်ကိုးကွယ်ခွင့်ကို တောင်းခံရရှိသဖြင့် ပြန်လည်နေထိုင်ပေ၏။

ဝိသာခါသည် ဗုဒ္ဓမြတ်စွာဘုရားနှင့် သံဃာတော်တို့အား အိမ်သို့ ပင့်ဖိတ်ကာ ဆွမ်းကပ်လှူဒါန်းကာ တရားနာ၏။ ယောက္ခမဖြစ်သော မိဂါရသူဌေးအား အကြိမ်ကြိမ် ခေါ်ပင့်သဖြင့် ဂုဏ်းကိုးကွယ်သော*အစေလကတက္ကတွန်းများ အကြံပေးသည့်အတိုင်း ကန့်လန့်ကာ နောက်ကွယ်မှ တရားနာရှာ

* အစေလကတက္ကတွန်း—အဝတ်ချွတ်လျက် နေနိုင်မှ ရဟန္တာဖြစ်သည်ဟု အယူရှိသော မိစ္ဆာဒိဋ္ဌိတမျိုး။

* နည်းတထောင်ဖြင့်တန်းဆာဆင်အပ်သော တန်းဆာဆင်၍ ဟောကြားအပ်သော် သောတာပတ္တိဖိုလ်၌တည်လေ၏။ ထိုအခါမှစ၍ မိဂါရသူဌေးသည် ချွေးမအား ကျေးဇူးကြီးပါပေ သည်ဟု အမိအရာ၌ထားသဖြင့် မိဂါရမာတာဝိသာခါ ဖြစ်လာ၏။

ဝိသာခါသည်ကျောင်းတော်သို့လာလျှင်မဟာလတာတန်းဆာကို ချွတ်၍ ဃနမဋ္ဌက တန်းဆာဖြင့် ဘုရားရှေ့သို့ ဝင်၏။ တနေ့သော် ထိုတန်းဆာကို မေ့ကျန်ထားခဲ့ရာ အရှင်အာနန္ဒာ သယ်ယူရွှေ့ပြောင်းထား၏။ ထို့ကြောင့်အရှင်မြတ်ထိကိုင်ပြီးသော ပစ္စည်းကို မဝတ်သင့်ဟုယူဆကာ မဟာလတာတန်းဆာကို ရောင်းချသည့်သဘောဖြင့် တန့်ဘိုးကျသင့်ငွေကိုးကုဋေ့ကိုမြို့၏မြောက်တံခါး၌ကျောင်း ဆောက်လှူဒါန်း၏။ ကျောင်းပူဇော်ပွဲတွင်လည်း နှစ်ဆယ့်ခုနစ်ကုဋေ့ဘိုးစွန့်ကြဲ လှူဒါန်း၏။

သမီးသားမြေးမြစ် စုစုပေါင်း ၈၄၂၀ ရှိသော်လည်း ဝိသာခါသည် ဆံဘပင်မျှ မဖြူပေ။ သမီးများ၊ မြေးမမြစ်မ တို့နှင့် ရောနှောနေထိုင်သွားလာသော ဝိသာခါနှင့် မြေးမြစ် ချွေးမ သမီးများကို ခွဲခြားမရ တဆယ့်ခြောက်နှစ်ရွယ်သာရှိ

* ဓမ္မသင်္ဂဏီပါဠိတော်သောတာပတ္တိမဂ်ကို ဟောရာ၌ နည်းပေါင်း တထောင် တန်းဆာဆင်၍ဟောသည်။ ဋီကာကျော်စိတ်ပိုင်း၌လည်း နည်းပေါင်း တထောင် သိသာရုံ ရေတွက်ပြထားလေသည်။

သည်။ ကျောင်းသာမှုခေါ်ပွဲပြီးဆုံးသော ညနေချမ်းတခုဘွင် ဝိသာခါသည် ကျောင်းများသို့ လှည့်လည်ကြည့်ရှုရန်သွား သမီး မြေးမြစ်များခြံရံ၍ လာရာတွင် ပစ္စည်းလေးပါး ဒါယိကာမကြီးဖြစ်ရသည့်အတွက် ဝမ်းသာ ကြည်နူးစွာ ဆိုမြည် လေ၏။

ထိုအသံကို ကြားသောရဟန်းတို့သည် ဝိသာခါ သီချင်း ဆိုသည်ထင်ပြီး မြတ်စွာဘုရားထံလျှောက်ထားကြ၏။ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားရဟန်းတို့။ ဥပမာ မည်သည် ကား 'လိမ္မာလှသောပန်းသည်သည်' အထူးထူးသောပန်းတို့ကို အစုအပုံကြီးပြု၍ အထူးထူး အပြားပြားသော ပန်းကုံးတို့ကို ပြုဘိသကဲ့သို့ ဤအတူသာ လျှင်ဝိသာခါ၏စိတ်သည်အထူးထူး အပြားပြားသောကောင်းမှုတို့ကိုပြုခြင်းငှာ ညွတ်၏"ဟု မိန့် တော်မူ၏။

ဆိုလိုရင်းအဓိပ္ပာယ်ကား....

အထူးထူးသောပန်းတို့၏ အပေါင်းအစုဟုဆိုခြင်းမှာ များ ပြားလှသောပန်းတို့ကို ပြခြင်းအကျိုးရှိ၏။အကယ်၍ ပန်းနည်း ပါးအံ့၊ ပန်းသည် လိမ္မာသော်လည်း ပန်းကုံးများစွာပြုခြင်း ငှာ မတတ်ကောင်း။ မလိမ္မာသောပန်းသည်ကား ပန်းနည်း ပါးသည်ဖြစ်စေ - ပေါများသည်ဖြစ်စေ မတတ်နိုင်သည်သာ တည်း။

ပန်းပွင့်လည်း များပါမှ၊ ပန်းသည်လည်း လိမ္မာပါမှများ စွာသော ပန်းကုံးတို့ကို ပြုခြင်းငှာ တတ်နိုင်ကောင်းသကဲ့သို့ ဤအတူ သဒ္ဓါတရား နည်းပါး၍ စည်းစိမ်များစွာရှိသော သူ သည် များစွာသော ကုသိုလ်တို့ ပြုခြင်းငှာ မတတ်နိုင်။

သဒ္ဓါတရား နည်းပါး၍ စည်းစိမ်နည်းပါးသောသူသည် လည်းမတတ်နိုင်။ သဒ္ဓါတရား ပေါများသော်လည်း စည်းစိမ်နည်းပါးသောသူသည်လည်း မတတ်နိုင်သည်သာတည်း။ သဒ္ဓါတရားလည်း ပေါများပါမှ၊ စည်းစိမ်ဥစ္စာလည်းပေါများပါမှ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုခြင်းငှာ တတ်နိုင်ပေသည်။ ဝိသာခါ ဥပါသိကာမသည် ထိုသို့ သဒ္ဓါရှိသော သဒ္ဓါကြွယ်၍ စည်းစိမ်ကြွယ်သူတယောက် ဖြစ်ပေသည်။

ဝိသာခါရသော ဆုရှစ်ပါးရှိ၏။ ၎င်းတို့ကား (၁) သံဃာအား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းလှူခြင်း (၂) အာဂန္တုရဟန်းအား ဆွမ်းလှူခြင်း (၃) ခရီးသွားရဟန်းအား ဆွမ်းလှူခြင်း (၄) ခရီးသွားရဟန်းအား ဆွမ်းလှူခြင်း (၅) နာသောရဟန်းအားဆွမ်းလှူခြင်း (၆) သူနာပြုရဟန်းအားသင်္ကန်းလှူခြင်း (၇) နာသောရဟန်းအားဆေး-ယာဂုလှူခြင်း (၈) ဘိက္ခုနီသံဃာအား ရေသနုပ်သင်္ကန်း လှူခြင်းတို့ပေတည်း။

နွားပြောက် မြင်းကျားတို့ကဲ့သို့

အထက်သုံးခန်းကျော်တွင် ဖော်ပြခဲ့သည့်အတိုင်း မြတ်စွာဘုရားသည် တိတ္ထိတို့အား တန်ခိုးပြာဋိဟာပြ၍ နှိမ်နင်းဆုံးမမည်ဟု အမိန့်ရှိလိုက်သောအခါ ဂိုဏ်းအသီးသီးမှ တိတ္ထိတို့သည် မြတ်စွာဘုရား ကြွတော်မူရာ နောက်သို့ စုရုံးကာ လိုက်လံဝန်းကြ၏။ အဘယ်ကြောင့်လိုက်သနည်းဟု လူအပေါင်းတို့မေးကြလျှင် တန်ခိုးမပြရဲသဖြင့် ထွက်ပြေးမည်စိုး၍ဟု ဖြေကြပေသည်။

မြတ်စွာဘုရား သာဝတ္ထိပြည်သို့ ကြွတော်မူသောအခါ တွင်လည်း ၎င်းတို့သည် လိုက်ပါလာကြကာ မျိုးရိက္ခာများစွာ စုဆောင်းပြီး ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီးများကို ဆောက်လုပ်ကြ၏။ မြတ်စွာဘုရား၏ ပရိသတ်အတွက်လည်း မဏ္ဍပ်ဆောက်ပါရစေဟု ကောသလမင်းကြီးခွင့်တောင်းသော်လည်း မြတ်စွာရှင်စော ခွင့်မပြုချေ။ သရက်ပင်ရင်း၌ တန်ခိုးပြာဋိဟာ ပြတော်မူမည်ဟုသာ မိန့်တော်မူ၏။

တိတ္ထိတို့သည် မြတ်စွာဘုရားအတွက် နေရာမရစေရန် တယူဇနာအတွင်း၌ ရှိသမျှသရက်ပင်များကို ယနေ့မှပေါက်သော အပင်မျှ မချန်ဘဲ ဖျက်ဆီးဖျောက်ကွယ်ပစ်ကြ၏။ သို့သော် ကောသလမင်း၏ ဥယျာဉ်စောင့်သည် သရက်သီးတလုံးကို ထိုနေ့တွင်မှ ခါချဉ်အုံထဲမှရကာ ဘုရင်အား ဆက်သရန်လာစဉ် မြတ်စွာဘုရားကိုတွေ့သဖြင့် လှူဒါန်း၏။ မြတ်စွာဘုရားသည် သရက်သီးကို ဘုဉ်းပေးပြီးနောက် အစေ့ကို ဥယျာဉ်စောင့်ကဏ္ဍသို့ ပေးကာ စိုက်ရန်နေရာကိုပြ၍ လက်ဆေးချလိုက်ရာ အမြင့်သံတောင် ငါးရာ ခက်မငါးဖြာ ခက်သေးတရာငါးဆယ်ရှိသော သရက်ပင်ကြီးသည် မီးပုံမှတက်သော မီးခိုးကဲ့သို့ ဖြိုးဖြိုးလုံးလုံးတက်ကာ မွှေးလှသော အရွက်အပွင့်အသီးဖြင့် ပြည့်စုံသော သရက်ပင်ကြီး ဖြစ်လာလေ၏။

ထိုသတင်းသည်သာဝတ္ထိပြည် အလုံးရှုံးရင်းတက်မျှ အုတ်အုတ်ကျက်ကျက် ဖြစ်လေ၏။ သေသောက်ကြူးတို့လည်း သရက်ပင်မှ ကြွေကျသောအသီးကို စားကာ တိတ္ထိတို့အား အစေ့ဖြင့် ပစ်ပေါက်ဆဲရေးသဖြင့် တိတ္ထိတို့မှာ ကိုယ့်မဏ္ဍပ်ထဲကိုယ်

နေကြရ၏။ သို့ရှိစဉ် ပြင်းထန်သောလေမုန်တိုင်းကျရောက်ခြင်း၊ ပြင်းထန်သော နေပူခြင်း၊ ပြင်းထန်သော မိုးကြီး ရွာခြင်းတို့ တပြိုင်နက် အစဉ်အတိုင်းကျရောက်ရာ တိတ္တိတ္ထိမှာ ခိုကပ်စရာ မရ၊ မြေနုညက်သော ဖုံအလိမ်းလိမ်းကပ်သောကိုယ်တွင် ရွာ စိုသော မိုးပေါက်ကြောင့် နွားပြောက်၊ မြင်းကျားကဲ့သို့ ဆိုး ရွားညစ်ညမ်းသော ကိုယ်ရှိရကား ပရိသတ်အမြင် မခံဝံ့ဘဲ ပြေးရှောင် ပုန်းအောင်းနေကြရ၏။

ယိုနေ့ မွန်းတည့်ချိန်တွင် မြတ်စွာဘုရား ဂန္ဓကုဋီမှ ထွက် သောအခါ၊ ဥပါသိကာမဃရဏီ၊ အနာဂါမိ ဥဒ္ဒအနာ ထင်ကာ၊ စိ ရာသာမဏေ၊ စုန္ဒသာမဏေ၊ အဂ္ဂသာဝိကာ ဘိက္ခုနီမ ဥပ္ပလဝဏ်၊ လက်ဝဲရံအဂ္ဂသာဝက အရှင်မဟာ မောဂ္ဂလာန်တို့ အသီးသီး တန်ခိုးပြ၍ ဟာ ပြခြင်းငှါ ခွင့်တောင်းသော်လည်း မြတ်စွာ ဘုရား ခွင့်ပြုတော်မမူဘဲ သုံးဆယ့်ခြောက်ယူဇနာရှိသော လူ ထု၏ ဗဟိုချက်ထက် ကောင်းကင်၌ ရပ်တော်မူ၍ စတုတ္တဈာန် သို့ ဝင်စားတော်မူ၏။

စတုတ္တဈာန်ကို ဝင်စားတော်မူ၍ ထက်ဝန်းကျင်သော ကိုယ်တော်မှ မီးအလျှံ ဖြစ်စိမ့်သောငှါ တေဇောကသိုဏ်းကို အာရုံပြုလျက် ပစ္စဝေက္ခဏာဇော သုံးကြိမ်လေးကြိမ်၊ ရေအ လျဉ်ဖြစ်စိမ့်သောငှါ အာပေါကသိုဏ်းကို အာရုံပြုလျက် ပစ္စ ဝေက္ခဏာဇော သုံးကြိမ်လေးကြိမ်၊ အရှိန်အလျှံနှင့်တကွသော ရောင်ခြည်တော်ခြောက်သွယ်ဖြစ်စိမ့်သောငှါ နီလာဒိကသိုဏ်း ကို အာရုံပြု၍ ပစ္စဝေက္ခဏာဇော သုံးကြိမ်လေးကြိမ်အားဖြင့် များစွာသော ဝီထိစိတ်တို့ကို ဖြစ်စေတော်မူလျှင် ယခင်ပစ္စ

ဝေကွဲဏာ သမာပတ်တို့၏အာနုဘော်ကြောင့်အထက်အဖို့ဖြစ်သော ကိုယ်တော်မှ မီးဟုန်သည် အောက်လတ်၍ လောက ဓာတ်ဘသိန်း ထစ်ချိန် ပဲ့တင် သံရှင်ကြီး ဟီး မြေကြီးခုန်လိုက် အစုံကြိုက်သော ယမိုက်တော်သံကို ဖြစ်စေလျက် ဘဝဂ်တိုင် အောင် တနေပြောင်ပြောင်တက်လေ၏။

အောက် အဖို့ ဖြစ်သော ကိုယ်တော်မှလည်း ရေအလျှဉ်သည် သွင်သွင်ဖြိုးဖြိုး ပိုစီးထွက်ဖြာလျက် မကြွဝဋ္ဋာမှ ရန်းချစ်သန်းဖြိုးနက် မိုးကြိုးစက်ကဲ့သို့ အောက်ထက်အုပ်လွှမ်း ဟင်း ကြပ်နှင့်မြှင့် သဲသဲချွတ်မျှသော ရေအလျှဉ်သည် ဖြစ်၏။

ထို့နောက်တဖန် အောက်ကိုယ်တော်မှ မီးလျှံထွက်ပြန်သော် အထက်ကိုယ်တော်တွင် ရေအလျှဉ်ဖြစ်၏။

ရှေ့အဖို့ဖြစ်သော ကိုယ်တော်မှ မီးအလျှံ ထွက်ပြန်လတ်သော် နောက်အဖို့ဖြစ်သော ကိုယ်တော်မှ ရေအလျှဉ်သည် ဖြစ်၏။ နောက်ကိုယ်တော်မှ တဖန် မီးအလျှံထွက်လတ်သော ရှေ့ကိုယ်တော်မှ ရေအလျှဉ်သည်ဖြစ်၏၊

လက်ျာမျက်လုံးတော်မှ မီးအလျှံ ထွက်လတ်သော် လက်ဝဲမျက်လုံးတော်မှ ရေအလျှဉ်သည်ဖြစ်၏၊ လက်ဝဲမျက်လုံးတော်မှ မီးအလျှံထွက်လတ်သော် လက်ျာမျက်လုံးတော်မှ ရေအလျှဉ်သည် ဖြစ်၏။

လက်ျာနားတွင်းတော်မှ မီးအလျှံ ထွက်လတ်သော် လက်ဝဲနားတွင်းမှရေ၊ လက်ဝဲနားတွင်းတော်မှ မီးအလျှံ ထွက်လတ်သော် လက်ျာနားတွင်းတော်မှ ရေအလျှဉ်သည် ဖြစ်၏။

ဤအတူ လက်ျာလက်ပဲ နှာခေါင်းတော်မှ ရေမီးအစုံ အ

ပြန်အလှန် ထွက်စီး၏။ လက်ပဲလကျာ ပခုံးတော်များလည်း ရေမီးအစုံ အပြန်အလှန်ဖြစ်၏။ လကျာလက်ရုံး လက်ဲလက်ရုံးတော်များတွင်လည်း ရေမီးအလှည့် အပြန်ဖြစ်၏။ လကျာလက်ဝဲနံပါးတော်၊ လကျာလက်ဝဲခြေတော်၊ ခြေချောင်းလက်ချောင်းတော်များ စသည်တို့တွင် ရေအလျဉ် မီးအလျှံတို့ အပြန်ပြန်အလှည့်လှည့် ဖြစ်ဘိ၏။

အချို့အချို့သော မွေးတွင်းတော်တို့မှ မီးအလျှံ ထွက်လတ်သော် အချို့အချို့သော မွေးတွင်းတော်တို့မှ ရေအလျဉ်သည် စီးဆင်း၏။ အလုံးစုံသော ကိုယ်တော်မှလည်း ညိုသောရောင်ခြည်တော်၊ ရွှေသော ရောင်ခြည်တော်၊ နီသောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်၊ မောင်းသောရောင်ခြည်တော်၊ ပြိုးပြိုးပြင် ရှိုးရှိုးရဲ တခဲနက်သော ရောင်ခြည်တော်တို့သည် နေခြည်ပြက်ဟွန်းသော ညချမ်းဆည်းဆာဝယ် လွန်စွာတောက်လောင်သော ရွှေတန်ဆောင်းကြီးမှ ဆီမီးအလျှံကဲ့သို့ ပြန်ကာပြန်ကာထွက်၍ အထက် ဗြဟ္မာပြည်တိုင် တက်လေ၏။

မြတ်စွာဘုရားသည် ကိုယ်တော်ပွား နိမ္မိတဘုရားကို ကိုယ်တော်နှင့်အသွင်တူ ဖန်ဆင်း၍ ကိုယ်တော် စင်္ကြံကြွလတ်သော် နိမ္မိတဘုရားသည် လျောင်း၏။ ကိုယ်တော်ရပ်သည်ရှိသော် နိမ္မိတဘုရားသည် စင်္ကြံကြွ၏။ ကိုယ်တော်ထိုင်တော်သော် နိမ္မိတဘုရားသည် ရပ်တော်မူ၏။ နိမ္မိတဘုရားသည် ထူးခြားနက်နဲသော ပြဿနာတို့ကို မေး၍ ကိုယ်တော်မြတ် ဖြေတော်မူ၏။

ဤသို့လျှင် ပစ္စေကဗုဒ္ဓါသာဝကတို့နှင့်မဆက်ဆံရာ အသာ ဓာရဏဖြစ်သော ယမက ပါဋိဟာရိယဉာဏ်ဖြင့် ရတနာစင်္ကြံ ဆက် မိုးယံဝယ် တပြောင်းပြန် ပြန်ကြွတော်မူ၏။

ထိုအခါ ကိုယ်တော်မှထွက်သော မီးအလျှံ ရေအလျဉ်တို့ သည် စပ်ယှက်ရောပြွမ်းခြင်း မရှိဘဲ တကွဲတခြားစီသာ ထွက် လေ၍ အထက်အဖို့အားဖြင့် နေဝသညာနာသညာယတနဘုံ တိုင်အောင်၊ ဖိလာအားဖြင့် ယူဇနာ ၁၂၀၃၄၅၀–ကျယ် သောစကြဝဠာအနှံ့ရေးတိုင်အောင် တပြိုင်တည်းထွက်၍ တ လက်လက်တထိန်ထိန်တည်နေကုန်၏။ မြတ်စွာဘုရားသည် တန် ခိုးပြာဋိဟာကို ပြတော်မူလျက်ပင် အကြားအကြား၌ လူအ ပေါင်းအား တရားဟောတော်မူရာ အကုဋေမကသော သတ္တ ဝါတို့သည် ဓမ္မာဘိသမယကို ရကြလေသည်။

မြတ်စွာဘုရားသည် တန်ခိုးပြာဋိဟာ ပြတော်မူပြီးသည့် အဆုံးဝယ် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၏။ လူအ ပေါင်းလည်း မြတ်စွာဘုရားကို မမြင်ရတော့သဖြင့် အရှင် မဟာမောဂ္ဂလာန်ကို ချဉ်းကပ်မေးမြန်းကြရာ အရှင်အနုရုဒ္ဓါ ၏ ဂုဏ်ထင်ရှားစိမ့်သောငှာ ထိုအရှင့်ထံ ညွှန်၏။ အရှင်အနု ရုဒ္ဓါသည် မြတ်စွာဘုရား တာဝတိံသာနတ်ပြည်၌ ဝါကပ် တော်မူ၍ ဝါကျွတ်မှ ပြန်ကြွလာလိမ့်မည် အမိန့်ရှိ၏။

များပြီ လွန်သော [illegible] မြတ်စွာဘုရားအာ နေ့ကတ်ထပ် တဖန် မဖူးမျှော်ရသမျှ ငါတို့ မပြန်ဟုဆို၍ သာ ဝတ္ထိပြည်အနီး၌ အချို့လည်း တဲအိုးကန္နားတိုး၍ အချို့လည်း ဆင်းလင်းမြင်တွင် နေထိုင်ကြလေရာ မြတ်စွာဘုရား၌ ရှိညွှတ်

ခင်မင်သောအကျိုးကြောင့် ရောဂါမသန်း အေးချမ်းသာယာ ကြလေသည်။

မြေကောင်း၌စိုက်သောမျိုးစေ့

မြတ်စွာဘုရားကို စောင့်ဆိုင်းနေသော ပရိသတ်ကြီးအား စူဠအနာထပိဏ်သူဌေးက ဝါတွင်းသုံးလလုံး ကျွေးမွေးစောင့် ရှောက်၍ အရှင်မောဂ္ဂလာန်က တရားဒေသနာ ဟောပြော စောင့်ရှောက်တော်မူ၏။

တာဝတိံသာတွင်ကား စကြဝဠာတိုက်သောင်းမှ တရားနာ ရန် လာရောက်သော နတ်ဗြဟ္မာများဖြင့် ပြည့်နေ၏။ထိုအခါ မြတ်စွာဘုရား၏ မယ်တော်ဟောင်း သန္တုသိတနတ်သား၊ငင်း အနီး၌ ဣန္ဒကနတ်သားတို့သည် မြတ်စွာဘုရား၏ လက်ျာနံ ပါး၌ ခစားကြ၏။ လက်ဝဲနံပါးတွင် အင်္ကုရနတ်သား ခစား လေ၏။

ငင်း အင်္ကုရနတ်သားသည် ရှေ့ပိုင်းတွင် နေရာရ၏ ပါလျက်၊ တန်ခိုးကြီးသော နတ်ဗြဟ္မာများ ရောက်လာသောအခါ တ ဖြည်းဖြည်း နောက်သို့ဆုတ်ပေးရသဖြင့် တဆယ့်နှစ်ယူဇနာ ဆုတ်ပေးခဲ့ရ၏။ ဣန္ဒကနတ်သားမူ နေရာမှ မရွေ့ပေ။ဤသည် ကို သိမြင်တော်မူပြီးသော မြတ်စွာဘုရားသည် သဗ္ဗာဝါတို့ အကျိုးကြောင်း မေးတော်မူ၏။

“ဘက်ကျုပ်လေးသင်သည် ယူ့ဘဝက မမြင်ဖူးသောအ ခါ တဘည့်နှစ်ပူဇော်ခဲ့ရှိသော မြေအပြင်ကို ခိုးဘောက်ချင်း ပေါင်ကျွန် အနှောင်တော်ဆိုင်းပင်သုံး မြေပြိုပေးခဲ့ပါလျက် ယခု ငါဘုရားနှင့် ဝေးရောကနေရသနည်း”

"အရှင်ဘုရား။ အကျွန်ုပ်ကား များစွာသော အလှူကို ပေးပါသော်လည်း သာသနာတော်တွင်းကာလနှင့် မကြုံ၍ သရဏဂုံ ပဥ္စသီတည်သော အလှူခံမြတ်ကိုမျှ မရပါ။ ညံ့စွာသော အလှူခံပုဂ္ဂိုလ်တို့ကိုသာ လှူရ၍ အကျိုးပေးနည်းလှသောကြောင့် တန်ခိုးကြီးသော နတ်တို့ကို ရှောင်ပေးရပါသည်"

ထို့နောက် ဣန္ဒကနတ်သားအား မေးတော်မူပြန်၏။ ၎င်းနတ်ကား ဆွမ်းတနပ်စာသာ လှူဘူးသော်လည်း သာသနာတော်တွင်း၌ မြတ်သောသီလဝန်ဂုဏဝန် ပုဂ္ဂိုလ်ဖြစ်သော အရှင်အနုရုဒ္ဓါနှင့်ကြုံသောကြောင့် ဖြစ်၏။ ထိုသို့ထူးမြတ်သော အကျိုးပေးရှိသည့်အတွက် သူတပါးကို ခန့်ညားကြောက်ရွံ့ရန် မလိုခြင်းဖြစ်၏။

အလှူခံမြတ် ရွေးချယ်လတ်၍ အလှူကို ပေးလှူအပ်၏။ အကြင်မြတ်သော အလှူခံပုဂ္ဂိုလ်၌ ပေးအပ်သောအလှူသည် ကြီးသောအကျိုးရှိ၏။ မြတ်ထက်မြတ်ရာ ရွေးချယ်ရာ၍ ဘဒ္ဒါကြည်ဖြူ ပေးလှူရသော ဒါနသည် ဘုရားမြတ်စွာ အရိယာတို့ လွန်စွာချီးမွမ်းတော်မူ၏။ အသက်ရှည်သော လူ၏ဘောင်၌ သီလစင်ဖြူ အလှူခံတတ် ပုဂ္ဂိုလ်မြတ်တို့သည် ရှိကုန်၏။ ထိုပုဂ္ဂိုလ်မြတ်တို့၌ ပေးလှူရသည်ရှိသော် ကြီးကျယ်များမြတ်သော အကျိုးရှိကုန်၏။ အဘယ်သို့ နှိုင်းစာဘိရာသနည်း ဟူမူကား ဩဇာလေးနက် အလွန်ထက်သော လယ်မြေကောင်း၌ စိုက်ပျိုးအပ်ကုန်သော မျိုးစေ့တို့သည် အသီးအနှံ အလွန်များစွာ ထွက်လာကုန်သကဲ့သို့တည်း။

လယ်တို့ကို မြက်သည် ဖျက်ဆီး၏၊ သတ္တဝါအပေါင်းကို လည်း ရာဂသည် ဖျက်ဆီး၏။ ဒေါသသည် ဖျက်ဆီး၏။ မောဟသည် ဖျက်ဆီး၏။ အလိုရမ္မက်သည် ဖျက်ဆီး၏။ ထို့ကြောင့် ရာဂကင်းသောပုဂ္ဂိုလ်၊ ဒေါသကင်းသောပုဂ္ဂိုလ်၊ မောဟကင်းသောပုဂ္ဂိုလ်၊ အလိုရမ္မက်ကင်းသောပုဂ္ဂိုလ်တို့အား ပေးလှူခြင်းသည် ကြီးသောအကျိုးရှိပေ၏။

ထို့နောက်တွင် မြတ်စွာဘုရားသည် ဆင်ခြင်တော်မူ၍ နတ်တို့၏ ကြီးမားသောဉာဏ်အမြင်ရှိသည်ကိုသိတော်မူသဖြင့် အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူ၏။ ထိုသို့ တရားဟောတော်မူနေစဉ် မြတ်စွာဘုရားသည် နိမ္မိတဘုရားကိုဆက်လက်တရား ဟောစေလျက် ထားခဲ့ပြီး ဟိမဝန္တာ၌ မျက်နှာသစ်၍ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပြီးလျှင် နံ့သာတော၌ နေ့သန့်တော်မူ၏။

ထိုအခါ ဓမ္မသေနာပတိ အရှင်သာရိပုတြာသည် ကြွလာ၍ ဝတ်ကြီးဝတ်ငယ်ပြုစုရာ တနေ့တာနတ်တို့အား ဟောသမျှကို အကျဉ်းအားဖြင့် ထပ်မံဟောကြား၏။ အရှင်သာရိပုတြာမှာ မဟာပညတိက္ခပုဂ္ဂိုလ်ဖြစ်၍ နည်းအမြွက်မျှ သင်နာရလျှင် ကမ်းအစွန်းမှ ရပ်ဘည်ကာ သမုဒ္ဒရာကို မြင်သကဲ့သို့ ဟောတော်မူသမျှ တရားကို အကျယ်အားဖြင့် မြင်လေ၏။

မြတ်စွာဘုရားသည် ညချမ်းသောအခါတွင်မှ နတ်ပြည်သို့ ပြန်ကြွတော်မူ၏။အရှင်သာရိပုတြာလည်း မြတ်စွာဘုရားထံမှ နာယူခဲ့ရသော အဘိဓမ္မာကထာမဂ္ဂကို တပည့်ရဟန်းငါးရာအား ပို့ချ၏။ နတ်ရွာတွင် မြတ်စွာဘုရားဟောကြား

ပြီးဆုံးခြင်းနှင့် ရဟန်းငါးရာအား အရှင်သာရိပုတြာ ဟော ကြားပြီးဆုံးခြင်းသည် တနေ့တည်းဖြစ်၏။ ထိုရဟန်းငါးရာ မှာ ဝါဦးကမှ တန်ခိုးပြာဋိဟာပွဲအပြီးတွင် ရဟန်းပြုလာခြင်း ဖြစ်၏။

ဖြူစွာသောပတ္တမြားခဲ

ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် ဘုရားမြတ်စွာ သည် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောကြား တော်မူလေ၍ ဒေသနာတော်၏ အဆုံး၌ ကုဋေရှစ်သန်းမျှ လောက်သော နတ်ဗြဟ္မာတို့သည် သစ္စာလေးပါးတရားကို မြင်လေကုန်၍ မယ်တော်နတ်သားမူ သောတာပတ္တိဖိုလ်၌ တည်လေ၏။

လူ့ပြည်၌ စောင့်ဆိုင်းနေကြသော သုံးဆယ့်ခြောက်ယူဇ နာ ပရိသတ်သည် သီတင်းကျွတ်လဆန်း ၇-ရက်နေ့အရောက် တွင် မြတ်စွာဘုရား ပြန်ကြွလာမည့် ဌာနကို အရှင်မောဂ္ဂလာန် ထေရ်မြတ်ထံ ချဉ်းကပ်မေးမြန်းကြ၏။ အရှင်သည် လူသူ ပရိသတ်ရှေ့တွင်ပင် မြေသို့ ငုပ်လျှိုး၍အစဉ်အတိုင်းသာလျှ ; ဖြူစွာသောပတ္တမြားခဲ၌ သီသော ပိုးနီကြိုးကဲ့သို့ လူအပေါင်း မြင်စေလျက် မြင့်မိုရ်တောင်အလယ်ချက်ဖြင့် တက်ကြွလေ၏၊ လူများလည်း အရှင်မဟာမောဂ္ဂလာန်ကို လှမ်းမျှော်ကြည့် နေကြရင်း တယူဇနာရောက်သွားပြီ၊ နှစ်ယူဇနာရောက်သွား ပြီ ပြောဆိုနေကြ၏။

အရှင်သည် မြတ်စွာဘုရားခြေတော်ကို ဦးတိုက်လျက် ရှေ့ တော်သို့ရောက်လျှင် သက်ဆင်းမည့်ဒေသကို မေးမြန်းလျှောက်

ထား၏။ အရှင်သာရိပုတြာ ဝါကပ်သော သင်္ကဿနဂိုရ်ပြည့် တောင်တံခါးသို့ သိတင်းကျွတ်လပြည့်နေ့၌ သက်ဆင်းတော်မူမည်ဟု မိန့်တော်မူလိုက်၏။ လူများလည်း စည်ပင်ညီညွတ်နိုင်းကာ လဆန်း [၉]ရက်နေ့တွင်ပင် သင်္ကဿနဂိုရ်ပြည်သို့ ထွက်ခွာသွားကြ၏။

သိတင်းကျွတ်လပြည့်နေ့တွင် သိကြားမင်း ဖန်ဆင်းသော ပတ္တမြားစောင်းတန်းဖြင့် မြတ်စွာဘုရားသည် သင်္ကဿနဂိုရ်ပြည်သို့ ကြွတော်မူရာ ဝဲယာရွှေစောင်းတန်းနှင့် ငွေစောင်းတန်းတွင် များပြားလှသော နတ်ဗြဟ္မာများ ခြံရံ၍ပူဇော် လိုက်ပါလာကြ၏။ စောင့်ကြိုလင့်သော လူပရိသတ်ကြီးမှာ ကြီးကျယ်သော ဘုရားအသရေတော်ကို ဖူးမျှော်ရသဖြင့် ဘုရားဆုကို မတောင်းမိသောသူ မရှိချေ။

သားတော်ကြီး သာရိပုတြာလည်း အခြံအရံ ရဟန်းများဖြင့် သီးကြိုကာ ကိုယ်တော်မြတ်အား နတ်ဗြဟ္မာတို့သည် လွန်စွာ ချစ်မြတ်နိုးကြပေစွဟု ချီးမွမ်းရာ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏။

“ချစ်သားသာရိပုတြာ၊ အကြင်ဘုရားအစရှိသော သူတော်ကောင်းတို့သည်*အာရမ္မဏူပနိဇ္ဈာနစျာန်**လက္ခဏူပနိဇ္ဈာနစျာန်တို့၌ ငါးတန်သော ဝသီဘော်တို့ဖြင့် ရှင်ပျော်လေ့

---

* အာရမ္မဏူပနိဇ္ဈာနစျာန်....ကသိုဏ်း စသော အာရုံကိုကပ်၍ရှု ရသောစျာန်။

** လက္ခဏူပနိဇ္ဈာနစျာန်.... အနိစ္စ စသော လက္ခဏာရေးသုံးပါးကို ရှုသောစျာန်။

လာခြင်း ရှိကုန်၏။ ကိလေသာတို့၏ ငြိမ်းရာနိဗ္ဗာန်ချမ်းသာ၌ မွေ့လျော်ကုန်၏။ ထိုစျာန်သမာပတ် ကျေးဇူးမြတ်ဖြင့် ပြည့်စုံကုန်သော သတိရှိကုန်သော မြတ်စွာဘုရားတို့အား နတ်ဗြဟ္မာတို့သည် 'ချစ်ကြည်မြတ်နိုးကုန်၏''

ထိုမှတဖန် မြတ်စွာဘုရားသည် ပုထုဇဉ် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့အား ၎င်းတို့၏ အရာဖြစ်သော ပြဿနာများကို အသီးသီးမေးတော်မူရာ မိမိတို့ အရာပြဿနာများကို ဖြေနိုင်၍ မြင့်သောပြဿနာကိုကား မဖြေနိုင်ကြကုန်၊ အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလာန်တို့အားလည်း ဘုရားတို့၏ အရာဖြစ်သော ပြဿနာတို့ကို မေးတော်မူရာ မဖြေနိုင်ကြကုန်လျှင် နတ်ဗြဟ္မာအပေါင်းက ''အရှင်မြတ်၏ ပြဿနာကို အရှင်မြတ်သည် ဖြေတော်မူမှ သတ္တဝါများ ကြားနာရပါမည်''ဟု လျှောက်ထားကြသဖြင့် အရှင်သာရိပုတြာ အားနည်းအမြွက် ပေးတော်မူ၏။

အရှင်လည်း နည်းနာဥပဒေသကိုရလျှင် ဗုဒ္ဓဝိသယ ဖြစ်သော ပြဿနာကို နည်းနာအရာအထောင်ဖြင့် ဟောမြွက်ဖြေဆိုရာ မြတ်စွာဘုရား ချီးမွမ်းတော်မူ၏။

သူရာယစ်သောယောကျ်ား

မဒုမုတ္တရမြတ်စွာဘုရားပွင့်တော်မူသောအခါ မဟာရဂါ နဂါးမင်း၏ကြင်ယာ ဝိမလာဒေဝီနဂါးမသည် ရှိ၏။ ထိုနဂါးမိဖုရားသည် တန်ခိုးကြီးမားသော အဂ္ဂသာဝိကာထေရီတပါးကိုမြင်သဖြင့် သရဏဂုံ သုံးပါးနှင့် ငါးပါးသီလ ခံယူကာ

မြတ်စွာဘုရားနှင့် သံဃာအပေါင်းအား ပစ္စည်းအမျိုးမျိုးနှင့် အရှေ့ကြာပန်းကို လှူဒါန်းပြီး ထိုအရှင်မကဲ့သို့ ဖြစ်ရပါလို သော ဟု ဆုတောင်း၏။

နဂါးမသည် ထိုဘဝမှစုတေ၍ ဟံသာဝတီ ပြည်ဝယ် သူဌေးသမီးဖြစ်ပြန်သောအခါတွင်လည်း ဒါန သီလကို အားထုတ်၍ ဣဒ္ဓိမန္တတေဒဂ်ရသော ဘိက္ခုနီမတပါးကို မြင်သဖြင့် ထိုဆုကိုပန်ပြန်သည်။ ဘဝများစွာ စုန်ဆန်ပြီးနောက် ကိကီမင်းကြီး၏ သမီးတော် သမဏဂုတ္တာဖြစ်လာကာ အနှစ် နှစ်သောင်းပတ်လုံး သရဏဂုံ သီလမြဲ၏။ သံဃာတော်တသောင်းတို့အား ကျောင်းကန်ပရိဝုဏ်ကို လှူဒါန်း၏။

ထိုဘဝမှစုတေ၍ တဘဝ ခြားတွင် ဗာရာဏသီပြည်၌ သူဆင်းရဲ၏သမီး ဖြစ်လာလေသည်။ အရွယ်သို့ ရောက်လတ်သော် ပန်းဝတ်တန်းဆာကို လိုချင်သဖြင့် သူဌေးအိမ်တွင် သုံးနှစ် အစေအပါးခံမှုရ၏။ သူငယ်မသည် ပန်းဝတ်တစုံကို ရရှိလာသောနေ့တွင်ပင် သင်္ကန်းအလုခံရသော ရဟန္တာတပါးကို တွေ့ရာ မက်မောလှသောပန်းဝတ်တစုံကို ရက်ရောစွာလှူလိုက်လေ၏။

ရဟန္တာမြတ်လည်း ဝတ်ရုံတော်မူလျှင် ထွက်သစ်သော နေလုလင်ကဲ့သို့ရှုချင်စဖွယ်တင့်တယ်သော အရောင်အဝါ ဖြစ်လေရာ သူငယ်မသည် ရွှင်လန်းသောစိတ်ဖြင့် လှပသောရုပ်ပါ ရှိရလိုသောဆုတောင်း၏။ ၎င်းသည် တဘဝခြားလျက် သိဝိတိုင်း အရိဋ္ဌပုရမြို့ဝယ် တိရိတဝစ္ဆသူဌေးသမီး ဥမ္မာဒန္တီ ဖြစ်လာ၏။

တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လတ်သော် ပကတိသော လူတို့၏ အဆင်းကိုလွန်လတ်၍ နတ်သမီးအလားကဲ့သို့ ဖွံ့ထွားနုထွတ် ချောမွတ်ပြေပြစ်သော အမျက် ခြေလက်အင်္ဂါ မျက်နှာရင်ဝ လှပကောင်းမြတ်သော ကိုယ်အပြင်အလျာ ရှိရကား ယောကျ်ားတကာတို့မြင်ရလျှင် ကိလေသာ မာန်ဝင်၍ ခင်မင်နှုးညွတ် သည်းပွတ် လိုက်ဆုလျက် သူရာ ယစ်သော ယောကျ်ားကဲ့သို့ တိမ်းပါးရူးသွပ်ကြသည်သာ ဖြစ်၏။

သူဌေးကြီးသည် ၎င်း၏သမီး အားပြည့်ရှင်မင်းသို့ ဆက်သလိုကြောင်း လျှောက်ထားသော်လည်း ကြန်အင်ကြည့်ပုဏ္ဏားတို့ မဟုတ်မမှန် လျှောက်ထားသဖြင့် လျစ်လျူရှုတော်မူ၏။ ထို့ကြောင့် မင်း၏ညီဝမ်းကွဲစစ်သူကြီးအားဆက်သ၏။ တခုသော ကြတ္တိကာနက္ခတ်သဘင် နီးသောနေ့ဝယ် စစ်သူကြီးသည် တာဝန်ကျသဖြင့် ခရီးထွက်သွားရလေသည်။ နက္ခတ်သဘင်နေ့ဝယ် အခြံအရံအနည်းငယ်ဖြင့် ရထားစီးလျက်ထွက်လာသော ပြည့်ရှင်မင်းအား ဥမ္မာဒန္တီသည် မင်းကြီးရထားအနီးကပ်ကာ ပန်းပေါက်ပေါက်များ ကြဲလေသည်။ မင်းကြီးသည် ရထားမှူးအား မေးမြန်းတော်မူရာ "ဤမိန်းမငယ် အရွယ်ရောက်စအခါကပင် အရှင့်ထံ၌ လျှောက်ပန်လာသော ဥမ္မာဒန္တီ ကျော်ညီတွင်ထ မိန်းမလှတည်း။ ပြည်မသခင် မယူချင်သောကြောင့် အရှင့်ကျွန်သီး စစ်သူကြီးသည် ဇနီးပြုရလေသတည်း"ဟု လျှောက်၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင် မြင့်မိုရ်ဖျားမှ

လျှောကျသော အသုရာအသပြာတသိန်း၊ ရှုံးသောယောကျ်ား ကဲ့သို့ နှလုံးသားမှဆူ၍ သည်းအူပြောင်းပြန်လန်ဘနန်းမျှ ပင်ပန်းတုန်လှုပ်လှသော စိတ်ရှိရကား၊ နန်းတော်သို့လှည့်ပြန် လေ၏၊ နန်းတော်သို့ ရောက်သော် *သိရိသယနပလ္လင်မထက် ပက်လက်တစောင်းပြန်ပြောင်းအိပ်ရာ ဥမ္မာဒန္တီနတ် ဘညီ သည် ဒေဝီဒါမှာဖြစ်သင့်စွာလျက် ယုတ်မာမိုက်မဲ ပုဏ္ဏားမဲ့ဘို့ ကြောင့်လွဲရလေသည်။ လူတို့ဘုံတွင် မကြုံဘူးဘိ အံ့ဘွယ်ရှိ သောကုဋ္ဌိရဘနှာလာဘ်မြတ်စွာမှ ငါရှုံးဘိသည်။ ကံကောင်း မကာ သိကြားလာ၍ ငါ့အားယခုဆုပေးညားအံ့၊ တပါးဆု ကို မယူလိုပြီ။ ဥမ္မာဒန္တီဒေဝီကိုသာရလိုပါ၏ဟု ငါဆုယူအံ့ စသည်ဖြင့်တသဒေရရှပ်လျက် ရူးသွပ်ပျံ့လွင့်ခြင်းသို့ရောက်၏။

စစ်သူကြီး ပြန်ရောက်လာသောအခါ မင်းကြီး၏ရောဂါ ကိုသိသဖြင့် နတ်မေးဟန်ဆောင်ကာ နတ်ခံဟောသည့်အတိုင်း ဥမ္မာဒန္တီကိုဆက်သပါမည်ဟု လျှောက်ထား၏။

ပြည့်ရှင်မင်းလည်း ငါ့အကြောင်းကို နတ်တို့ပင်သိလေပြီ ဟု ရက်ခြင်း၊ ထိတ်လန့်ခြင်းပြင်းရကား၊ ချက်ဖြင်းထ၍ "စစ်သူ ကြီး။ ငါသည် ပြည်သူ့ဦးကင်းမင်းစစ်ဖြစ်လျက် ရာဂနိုင်ငံ သို့သက်၍ သင့်ချစ်ဖက်ကို ဖျက်ပေဘုံအံ့၊ လုံးစုံပြည်သားလူ အများတို့သည် ငါ့အား ရှုတ်ချကဲ့ရဲ့ကြ၍ အဓမ္မ မင်းခိုးသူ ဟုဆိုယူအံ့သည် မချွတ်ဘည်း။ ငယ်စဉ်ကစ ဓမ္မညီထွေကျင့်ခဲ့ လေလျက် ယွင်းသွေဖောက်ပြန် ဤသည့်ကံကြောင့် ပစ္စုပ္ပန် တွင်း ဂုဏ်နံ့ကင်း၍ ပါယ်တွင်းနစ်မည် မချွတ်ဘည်း။ မိဖ

* သိရိသယန–ကျက်သရေရှိသောအိပ်ရာတိုက်ခန်း။

ဘေးဘိုးကျင့်ရိုးမဟုတ်၊မင်း * ဒုဿီလမင် း**ပါပဟုတိုင်း
ပြည်လုံးစုရုံး ပြောပဥဒါန်းရမည် မုချတ်တည်း။"

ထိုသို့ပြောကာသတိသံဝေဂရသဖြင့်အရှုံးရောဂါပျောက်လေသည်။ ဥမ္မာဒန္တီသည် ကုသိုလ်ကောင်းမှုပြုသဖြင့် နတ်ပြည်တွင်တကြိမ်စံပြီးမှ ဗာရာဏသီပြည်၌ လယ်သမားသမီးဖြစ်၏။ တနေ့သ၌ တဲတွင်းဝယ် ပေါက်ပေါက်လှော်နေစဉ်အရှင်ပစ္စေကဗုဒ္ဓါ တပါး ကြွလာတော်မူသဖြင့် ခူးထားသောကြာပန်းများနှင့် ပေါက်ပေါက်များကို လှူဒါန်းကာဆုတောင်း၏၊

ထိုနောက် နတ်ပြည်တွင်ဖြစ်ပြီးမှ ဟိမဝန္တာဘောစပ်ကြာအိုင်ကြီး အတွင်းကြာငုံတခုဝယ် ပဋိသန္ဓေတည်လာ၏။ရသေ့တဦးတွေ့၍ မွေးမြူထားရာ ခြေလှမ်းတိုင်းတွင် မြေထဲမှ ပဒုမ္မာကြာပွင့်ထွက်ကာခံ၏။ အရွယ်ရောက်သောအခါဗာရာဏသီပြည့်ရှင်မင်းကြီးဆောင်ယူ၍ မိဖုရားကြီးအရာထားသည်။

၎င်းပဒုမဝတီ မိဖုရား သားဖွားသောအခါ မဟာပဒုမမင်းသားကို ဖွားမြင်သော်လည်း စင်သမျှသော ကိုယ်ဝန်၏အညစ်အကြေးသွေးပေါက်တို့၌ လေးရာ့ကိုးကျိပ်ကိုးယောက်သောသူတို့သည်***သံသေဒဇဋ္ဌိတ္ဓယ်ကြ၍ မင်းသားငါးရာဖြင့်လာလေ၏။ မင်းသားတို့အရွယ်ရောက်ပြီး နောက်မကြာမီရေကန်သို့ ဆင်း၍ရေကစားကြရာ....

---

* ဒုဿီလ-သီလအကျင့်မရှိ။
** ပါပ- ယုတ်မာဆိုးညစ်ခြင်း။
*** သံသေဒဇ–အညစ်အကြေးမှ၍ ပဋိသန္ဓေတည်နေခြင်း

ရေကန်၌ကြာတို့သည်နံက်တွင်ပွင့်ရာလှန်စွာလှပတင့်တယ်လျက် ညချမ်းအခါ ညှိုးလျော်လာသည်ကို မြင်လျှင် ကြာပင်ကြာပွင့်တည်းဟူသော အနုပါဒိဏ္ဏက ရုပ်သည်မျှလည်း ဝယပတ္တအနိစ္စသဘောဖြစ်သေး၏။ ဥပါဒိဏ္ဏကဖြစ်သော ငါတို့ရုပ်ခန္ဓာမှာမူ အဘယ်မှာ လွန်နိုင်တော့အံ့နည်းဟု ဝိပဿနာရှုကြလျက် ထိုခဏ၌ပင်ပစ္စေကဗုဒ္ဓာဖြစ်ကြလေကုန်၏။

ထိုအရှင်ငါးရာတို့ ရဟန်းအသွင်ဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူကြ၍ မကြာမြင့်မီပင် ပဒုမဝတီလည်း သားများစိတ်ဖြင့်ကံကုန်ခဲ့ကာ ရာဇဂြိုဟ်ပြည်အနီး၌ လယ်သမားမယားဖြစ်လာ၏။ ဘဝဟောင်းက သားတော်ရပ်ခဲ့သော ရှင်ပစ္စေက ဗုဒ္ဓငါးရာတို့ ချီးမြှင့်သဖြင့် ဆွမ်းဘောဇဉ်နှင့် ကြာညိုလက်များ လှူဒါန်း ရ၍ ဆုတောင်း ခွင့်ရရှိလိုက်ပေသည်။

၎င်းသည် နတ်ပြည်၌တကြိမ်ဖြစ်ပြီးမှ ငါတို့ဘုရားပွင့်တော်မူခါနီးတွင် သာဝတ္ထိပြည်၌ သူဌေးသမီးဖြစ်လာ၏။ ဖွားသောအခါ ကြာညိုတိုက်၏အတွင်းရောင်နှင့်တူသော ကိုယ်အဆင်းရှိရကား၊ ဥပ္ပလဝဏ်အမည်မှည့်၏။ ကိုယ်ရနံ့လည်းကြာညိုနံ့ကဲ့သို့ သင်းပျံ့မွှေးထုံ၏။ အရွယ်သို့ရောက်လျှင် မြင်မြင်သမျှသော ယောကျ်ားမိန်းမတို့သည် ချီးပံ့အံ့သြ၍ တရာ့တပါးသော ထီးဆောင်းမင်းများ၊ သူဌေးသူကြွယ်များက အောင်သည်တမန်ဖြင့် တောင်းခံလာကြ၏။ အဖသူဌေးကြီးလည်း မိမိ၌ရှင်း၊ သမီး၌ရှင်း၊ ဘေးရန်ကင်းကြောင်းအတွက် "ချစ်သမီး၊ ရဟန်းပြုနိုင်အံ့လော" မေးရာ ဥပ္ပလဝဏ်လည်း ဝမ်းမြောက်စွာဝန်ခံလေ၏။

ဥပုသ ဝတ်ထေရိမသည် စာတုဒ္ဒသီ ဥပုသ်နေ့နှင့်ကြုံ၍ ဥပုသ်နေ့အိမ်၌ မီးထွန်းလှည့်ကျသောနေ့တွင် ထွန်းညှိရလေသော် ပြောင်ပြောင်လောင်သော ဆီမီးရောင်ကို အာရုံပြေလျက် တေဇောကသိုဏ်းကို ရှုသဖြင့် ရှစ်ဆင့်သော ရူပ အရူပစျာန်သို့ ရောက်ပြီးသော်၊ ဝသီဖော်ငါးတန်ဖြင့် ထိုစျာန်ကို ဝင်စားပြီမှ ၎င်းစျာန်ကိုပါဒကပြုလျက် ရှုအပ်သော ဝိပဿနာဉာဏ်ဖြင့် မဂ်လေးတန်ကို ဇ လျှာမခြားဘဲရ၍ရဟန္တာဖြစ်၏။ ဣဒ္ဓိဝိဓစသောအဘိညာဏ်တို့တွင် သူမယှဉ်နိုင်အောင်ဖြစ်၍ တန်ခိုးအရာ၌ ဧတဒဂ်ရလေသည်။

ညွန်၌ ငွေဖြစ်သောကြာ

သုံးလူ့ထိပ်နင်းတရားမင်းသည် သက်သာနဂိုရ်ပြည်မှ ဒေသ စာရီကြွချီတော်မူလာရာ ဘဂ္ဂတိုင်း သုံသုမာဂိရိမြို့သို့ ရောက်၍ မြို့တော်၏ တောင်မျက်နှာ ဘေသကလ တောအုပ်၌ သီတင်း သုံးနေတော်မူစဉ် ထိုမြို့မှ နကုလပိတာ၊ နကုလမာတာ သူကြွယ်လင်မယားတို့သည် မြို့သူ မြို့သားများနှင့်ရောက်လာ ဖူးမျှော်ကြ၏။

ထိုသူကြွယ်လင်မယားသည် မြတ်စွာဘုရားကို ဖူးမြင်ရ သောအခါ ၎င်းတို့၏ရင်မှ ဖွားသော သားအလား ချစ်ခင် မြတ်နိုးရကား၊ ခြေတော်ရင်း၌ ဝပ်၍ အထပ်ထပ်ရှိခိုးပြီးမှ "သားမြတ်ဘုန်းခေါင်သည် ဤမျှလောက်ကြာသော ကာလ ပတ်လုံး မိခင်ဖခင်တို့အား ပယ်ရှားစွန့်ခွာ၍ အဘယ်မှာနေဘိ သနည်း။ ကျွန်ုပ်တို့အိမ်ငါး၍ သေခြင်းနီးလှသော ယခုကာလ

မှပင် သားဘုရားကို မြင်ရတော့သည်။ မိဖနှစ်ပါးတို့အား သား ဘုရားသည် သနားစုံမက်ခြင်း မရှိသကဲ့သို့ ပြုဘိသည်”ဟု ငိုယို ကာ မြည်တမ်း၍ သားသမီးတို့အား “ဤဘုရားမြတ်ကား သင် တို့၏ခမည်းတည်း၊ အကိုတည်း” သို့ ညွှန်ပြလျက် သံဃာတော် အပေါင်းနှင့် ဆွမ်းဘုဉ်းပေးကြွဘော်မူပါပင့်လျှောက်၏။

ရဟန်းအပေါင်းလည်း မြတ်စွာဘုရားနှင့် သူကြွယ်လင်မ ယား၏ ဆက်ဆံမှုကို ကြည့်၍ မေးလျှောက်ကြရာ နကုလ သူ ကြွယ်သည် မြတ်စွာဘုရား၏ ဖခင်၊ ဘခွေး၊ ဘကြီး၊ ဦးရီးအ ဖြစ် ဘဝမခြား ဘဝငါးရာစီ ဖြစ်ဘူးခြင်းနှင့် သူကြွယ်မ၏ မိခင်၊ ခွေးလေး၊ ခွေးကြီး၊ အရီးအဖြစ် ဘဝမခြား ငါးရာစီ ပတ်လုံး ဖြစ်ခဲ့ဘူးခြင်းကို ဖော်ပြ၍ ဘဝလေးဆောင် တိုင်တိုင် ပင် သူတို့လက်ဘွင်သာ ငါဘုရားသည် ကြီးပွားရလေသော ကြောင့် ချစ်ခြင်းအလျဉ်သည် အစဉ်မပြတ်လေရကား ငါဘု ရားကို သားဟု လေးမြတ်ချစ်ခင်ကြသတည်း။

ရှေးဘဝ၌ မိဖပေါက်ဖော် တော်စပ်ကျွမ်းဝင် ဖြစ်ဘူး အင်ကြောင့်လည်းကောင်း၊ ပစ္စုပ္ပန်အကျိုးစီးပွားကို ဆောင် ရွက်လှသောကြောင့် လည်းကောင်း၊ ဤအကြောင်းနှစ်ပါး ဖြင့် ထိုချစ်ခြင်းသည် ဖြစ်၏။ အဘယ်သို့နည်း ဟူမူကား၊ ရေ ၌–ရေကိုလည်းကောင်း၊ ညွှန်ကိုလည်းကောင်း၊ မှီ၍ဖြစ်သော ကြာကဲ့သို့တည်း။

ဤမှတပါးလည်း များစွာသော ဒေသနာကို ဟောတော် မူရာ သူကြွယ်မယားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ၎င်းတို့သည် ဝိဿာသိက တေဒဂ်ရ၏။ ထိုသူကြွယ်လင်မယား

ဖင့်ဖိတ်သဖြင့် ဘေသကလတောအုပ်၌ အဋ္ဌမဝါဆိုတော်မူ
သည်။

ထို သံသုမာဂိရိမြို့တွင်း စိုးစံနေသောမင်းကား၊ ဗောဓိမင်း
သားဖြစ်၏။ ၎င်းစံမြန်းရန် နန်းတော်ဆောက်လုပ်ရာတွင် တ
ပါးနိုင်ငံ၌ နှာရံတဆစ်မျှ မရှိဘူးသော ဆန်းပြားခမ်းနားလေ
သောကြောင့် ဤ ပြာသာဒ်နန်းတော်မျိုးကို အခြားတပါး
သောမင်းတို့ ပိုင်ဆိုင်မည်စိုး၍ လက်သမားကိုသတ်ရန် ကြံ၏။
မင်းသား၏အကြံကိုသိ၍ လက်သမားသည် ငှက်ရုပ်ပြုလုပ်ပျံ
တက်ကာ သားမယားနှင့်တကွ ပြေးလေသည်။

ထို ကောသာနုဒ နန်းသိမ်းပွဲတွင် မင်းသားသည် မြတ်စွာ
ဘုရားနှင့် သံဃာတော်အား ဆွမ်းဖိတ်ကပ်လှူရာ နန်းဥကာင့်
အဝင်တွင် ခင်းထားသော ပုဆိုးများကို မြတ်စွာဘုရား မနင်း
ဘဲနေသဖြင့် အရှင်အာနန္ဒာသည် ဖယ်ရှားစေရ၏။ နန်းတွင်း
သို့ဝင်ပြီး ပလ္လင်ထက်၌ မြတ်စွာဘုရား စံပယ်တော်မူလျှင် ခင်း
ထားသောပုဆိုးကို မြတ်စွာဘုရား မနင်းသည့်ကိစ္စကို မေး
လျှောက်၏။ မြတ်စွာဘုရားလည်း ဤသို့မေး၏။

"သင်မင်းသားနှင့် မိဖုရားတို့သည် အကယ်၍ ငါတို့အား
သားသမီးရသည်ဖြစ်လတံ့၊ အခင်းတို့ကို ဘုရားနင်းစေသ
တည်း၊မရမူ ဘုရား မနင်းစေသတည်းဟု အဓိဋ္ဌာန်၍ ခင်းထား
ကြသည်မဟုတ်လော"

"ဟုတ်ပါကြောင်းဘုရား"

"သင်မင်းသား၌ သားသမီး မရရာသည်ကို သိသာစေခြင်း
ငှာ ငါ-မနင်းသတည်း"

"အရှင်ဘုရား၊ အကျွန်ုပ်အား အဘယ်ကံများကြောင့် သားသမီး မရရာသနည်း"

"သင်မင်းသား သည်လည်းကောင်း၊ မိဖုရား သည်လည်း ကောင်း အခြားမဲ့ဘဝကပြုသော မကောင်းမှုကံ အားကြီး၍ ဖြစ်ပေသည်"

"အဘယ်သို့သော မကောင်းမှုပါနည်းဘုရား"

"သင်မင်းသားသည် ရှေးလွန်လေပြီးသောအခါက ခုနစ်ရာသော လူအပေါင်းနှင့် သင်္ဘောသွားကြလေသော် ကြီးစွာသော လေမုန်တိုင်းနှင့်တွေ့၍ သင်္ဘောပျက်လေသဖြင့် သင်မင်းသားနှင့်မိဖုရားအလောင်း သင်္ဘောသူကြီးကတော်တို့သာ ကျွန်းပေါ်ရောက်၍ အသက်ချမ်းသာကြ၏။ ကျွန်း၏သစ်ပင် ကမ်းပါး ချုံတောကြားတို့၌ ငှက်သိုက်ငှက်ဥတို့ များစွာရှိလေရာ၊ သင်တို့လည်း များစွာသော ငှက်ဥတို့ကို ရှင်ပျော်မီးသာစွာ စားသောက်ကြ၏။ ဤသို့သော ရှေးမကောင်းမှုကြောင့် ယခုဘဝ၌ သားသမီးမရရာသဘည်း"

"ဒါယကာ မင်းသား။

အရွယ်သုံးပါးတွင် အကြင်သူသည် ပဌမအရွယ်၌ ပါဏာတိပါတ စသော မကောင်းမှုကို ပြုခဲ့ဘူးအံ့။ ဘဝသစ်ဖြစ်သော ကာလ ငယ်စဉ်ကပင်လျှင် ရောဂါဗျာဓိ ကပ်ငြိနှိပ်စက်ခြင်း၊ အသက်တိုခြင်း၊ သားသမီးမရခြင်း စသည်ဖြင့် ချို့တဲ့စွာဖြစ်၏၊ ဒုတိယ အရွယ်သို့ ရောက်မှ ပြုခဲ့မူကား၊ ထိုအရွယ်သို့ရောက်သောအခါ ချို့တဲ့စွာဖြစ်၏။ တတိယအရွယ်သို့ရောက်မှ ပြုမူ

ကား၊ ထိုနည်း တတိယအရွယ်ရောက်သောအခါ ချို့တဲ့စွာ ဖြစ်ရတော့၏။

ထို့ကြောင့် ချို့တဲ့ခြင်းကို အလိုမရှိကုန်သော သူတော်ကောင်းတို့သည် အရွယ်သုံးပါး၌ပင် ကာယဒုစရိုက်တရားတို့ကို မြစ်တားစောင့်ရှောက်ကုန်၏”ဟု ပြတော်မူခြင်းငှာ “အတ္တာနဉ္စေ ပိယံဇညာ” အစရှိသော ဂါထာကို ဟောတော်မူ၏။

တရားတော်၏အဆုံး၌ ဗောဓိမင်းသားသည် သောတာပန်တည်၍ ကြွင်းသောပရိသတ်တို့လည်း မြတ်သောတရားကို ရကြကုန်သတည်း။

ဆဒ္ဒန်ဆင်မင်းကဲ့သို့သော ကြည့်ခြင်းဖြင့်

ဤ သံသုမာဂိရိမြို့၌ မြတ်စွာဘုရား သီတင်းသုံးတော်မူသောအခါ တနေ့သ၌ အရှင်မဟာ မောဂ္ဂလာန်သည် တောင်စောင်းကျောင်းအနီးလှင်တီးခေါင်၌ စင်္ကြံကြွတော်မူစဉ် ဝမ်းတွင်း မအီမသာရှိ၍ ကျောင်းတွင်းကာ ညောင်စောင်းပေါ်လဲ၍ ဆင်ခြင်ကြည့်ရှုရာ အစာကျက်အိမ်ထဲ ဝင်ပုန်းနေသော မာရ်နတ်ကို မြင်လေ၏။ အရှင်မြတ် နှစ်ကြိမ်ဆိုမှ မာရ်နတ်သည် ထွက်၍ ကျောင်းတံခါးရွက်ကို မှီ၍နေ၏။

“ဤအလွန့်ပြစ်မှားလိုသော မာရ်နတ်သည် သတိ႒မှုသောအခါ ထပ်မံနှိပ်စက်လေရာသည်။ ဆွေးမျိုးစပ်သဖြင့် နှုးညံ့စေအံ့”ဟု ကြံ၍ ဤသို့ဟောတော်မူသည်။

ကကုသန်မြတ်စွာဘုရား ထင်ရှား ပွင့်တော်မူသောအခါ ဒူသီမည်သော မာရ်နတ်သည် ရှိ၏။ ၎င်း၏နှမကား ကာလီ

တည်း။ ဒုဿီမာရ်နတ်သည် လူတို့ကိုယ်တွင် စွဲဝင်၍ ကာယကံ၊ ဝစီကံဖြင့် ပြစ်မှားသည်။ ဆဲရေးရှုတ်ချသည်။

တဖန် ရဟန်းတို့အနီးတွင် ရဟန်းတို့ ဆောင်းကိုယူ၍ ငါး သောင်လေဟန်၊ ညှတ်ကိုယူ၍ ငှက်ထောင်လေဟန်၊ မာတုဂါမနှင့် ပျော်ပါးဟန်၊ ဘိက္ခုနီမတို့နှင့် ပျိုမျစ်သောယောကျ်ား တို့ မြူးထူးလေဟန် မာရ်နတ်သည် လုပ်ဆောင်ပြ၏။ လူတို့ သည် အထင်လွဲကာ ဆဲရေးမေ့ရှုတ်ကြရာ ငရဲ၌ချည်း ဖြစ် ကြလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား မာရ်နတ်၏ အပြုအမူကို ဖော်ပြလျက် စိတ်ဖောက်ပြန်ခြင်း မဖြစ်ရန် ဆုံး မ၏။ ဗြဟ္မာဝိဟာရ တရားများကို ပွားများကြရန် မိန့်တော် မူ၏။ ရဟန်းတို့လည်း ဆုံးမတိုင်းကျင့်ရာ ရဟန္တာဖြစ်ကြကုန် ၏။

မာရ်နတ်သည် တမျိုးသုံ့ရှိကြံပြန်၏။ လူတို့မြင်ရာအ ရပ်၌ ရဟန်းများ ကောင်းကင်၌ သွားလာနေဟန်၊ ထက်ဝယ် ဖွဲ့ခွေနေလေဟန်၊ သင်္ကန်းချပ်နေလေဟန် ထင်မြင်စေရာ လူတို့ အလွန်သဒ္ဓါကြည်ညိုကာ နေ့ညမခြား လျှုဒါန်းပူ ဇော်ကြသဖြင့် နတ်ရွာသို့ရောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား "အသုဘ သညာကို များစွာရှုကြကုန်၊ အဟာရ၌ ပဋိကူလသညာ ရှိ ကြစေကုန်၊ သဗ္ဗလောက၌ အနဘိရတိသညာကို ဖြစ်စေကုန်" ဟု ဆုံးမတော်မူရာ ရဟန်းတို့လည်း ဆုံးမတိုင်း ကျင့်သဖြင့် ရဟန္တာဖြစ်ကြကုန်၏။

ဒုဿီမာရ်နတ်ကြီးတိုင်းမပေါက်သဖြင့် ဒေါသ ထွက်ကာ သူငယ်တဦးအား ပူးဝင်၏။ မြတ်စွာဘုရားနှင့်ဆွမ်းခံကြွလာသော လက်ျာရံအဂ္ဂသာဝကအရှင် ဝိဓုရအား ကျောက်ခဲဖြင့်ပေါက်ရာ အရေအသားကွဲပြတ်၍ အရိုးစပ်ကိုထိလျက် ယိုစီးသောသွေးဖြင့်ပင် မြတ်စွာဘုရားနောက်မှ လိုက်တော်မူ၏။

မြတ်စွာဘုရားသည် "ဤမာရ်နတ်ကား မကောင်းမှု၏ပမာဏကို မစာနာ၊ အတိုင်းထက်အလွန်သာပြုသည်တကား" ဟု မိန့်တော်မူ၍ ဆဒ္ဒန်ဆင်မင်းကဲ့သို့သော ကြည့်ခြင်းဖြင့်ကြည့်တော်မူရာမာရ်နတ်လည်း အကြည့်မခံနိုင်၍ နတ်ဘုံသို့ပြေးသော်လည်း မကြာမီစုတိ၍ အဝီစိငရဲသို့ ကျသည်တွင်ဒွာရခုံခြောက်ပါးမှ ဝေဒနာခြောက်မျိုးကို ခံစားရသော 'ဆဖဿာယတနိက' မည်သောငရဲ၌ နှစ်ပေါင်းတသိန်းခံရလေ၏။

"ဟယ်မာရ်နတ်ယုတ်။ သင်သည်လည်း သင့်ဦးရီး ဖြစ်သော ဒုဿီမာရ်နတ်ကဲ့သို့ မကြံစည်အပ်သော အကြံကိုကြံ၍မပြစ်မှားအပ်သောဘုရားနှင့် သာဝကတော်များအားပြစ်မှားခြင်းသည် မြင့်ရှည်စွာသောကာလပတ်လုံး အဆုံးမရှိသောငရဲဘေးကိုခံရလတံ့"

အရှင်မြတ်၏ မိန့်တော်မူသောစကားအဆုံးတွင် မာရ်နတ်လည်း နှလုံးမသာထိတ်လန့်စွာဖြင့် ထိုနေရာ၌ပင် ကွယ်လေ၏။

မြေကြီးဖြင့်ဖိသကဲ့သို့

ငါတို့ဘုရားပွင့်တော်မမူမီက မလ္လာတိုင်း၌ယခုခေတ်ပလိပ်

ရောဂါကဲ့သို့သော အနာတမျိုးဖြစ်သည့် "ယဉ်းအနာ" နှိပ်စက်သဖြင့် လူအများသည် ထွက်ပြေးမှချမ်းသာရာရ၏။ လူဘယောက်သည် စားနပ်ရိက္ခာ ပြင်ဆင်၍ သားမယားနှင့် ပြေးလာရာ တောခရီးတွင် ရိက္ခာကုန်ပြီး အားအင် ပြတ်လပ်ရာကား ပါလာသောကလေးကို မသယ်နိုင်ကဲရှိတော့သည်။ ထို့ကြောင့် ယောကျ်ားသည် ကလေးကို စွန့်ပစ်ခဲ့ရာ မယားက ပြန်ယူရ၏။ ထိုသို့အကြိမ်များစွာဖြစ်ပြီးနောက် နွားမွေးသူတို့၏ရွာသို့ ရောက်သွားရာ နို့ထမင်းကို မယားကနူ သင့်တင့်စွာ သာစား၏။ ယောကျ်ားမူ နို့ဃနာထမင်းကို များစွာစားသဖြင့် အစာမကြေခြင်းကြောင့် သေလွန်ရာ ထိုသားအမိမှုခို သောအိမ်၌ပင် နို့ယဉ်းနှင့် သားမယားကို စွဲလန်း၍ ခွေးဖြစ်၏။

ထိုခွေးသည် လှပ၍လူစကားနားလည်သည်။ ခွေးရှင်သည် အရှင်ပစ္စေကဗုဒ္ဓါ တပါးကို ရွာအနီး၌ ကျောင်းဆောက်ကိုးကွယ်ထားရာထိုဒါယကာ ကျောင်းသို့သွားတိုင်း ခွေးသည် လိုက်ပါလေ့ရှိ၏။ နောင်သော် အရှင်မြတ်အားပင့်ဆောင်လိုလျှင် ခွေးကိုလွှတ်၏။ ခွေးသည် အရှင်မြတ်အတွက် အန္တရာယ်မရှိစေရန် ဟောင်သံပြု၍ ချောက်လှန့်၏။

ခွေးသည် ထိုဘဝမှ သေလွန်လျှင် ဃောသက နတ်သားဖြစ်၏။ နောက်ဘဝတွင် ကောသမ္ဗိပြည်၌ ပြည့်တန်ဆာမသားဖြစ်၏။ ပြည့်တန်ဆာမသည် ထိုကလေးကို အမှိုက်ပုံ၌ ပစ်ထားရာ ကောသမ္ဗိသူဌေး၏ အမှုလုပ်ဘဦးက ကောက်ယူ ကျွေးမွေး၏။ သူဌေးလည်း ယနေ့ဖွားသော သားကား

သူမဆွယ်နိုင်သောသူဌေးကြီးဖြစ်မည့်အဟောရှိသဖြင့်ကလေး ကို အမှုလုပ်ထံမှ တောင်းယူ မွေးစား၏။

သူဌေးကတော်၌လည်း နှုတ်ငုံရှိလေရာ သမီးမွေးလျှင်ထို ကလေးနှင့် ထိမ်းမြားမည်၊ သားယောကျ်ား မွေးဖွားမူ ထို ကလေးကို ဖျောက်ဖျက်မည်ဟူ၍ သူဌေးသည် ကြံစည်ထား ၏။ မကြာမီ ၎င်း၏ဇနီးမှ သားယောကျ်ားဖွားသဖြင့် မွေး စားကလေးကို နွားခြံဝ၌ ပစ်ထား၏။ နွားထိန်းမိန်းမတွေ့ရှိ မွေးစားထားရာ သူဌေးသည် ဝယ်ယူပြီး သုသာန်၌ပစ်၏။ ဆိတ်ကျောင်းသားက တွေ့မြင်မွေးမြူပြန်သည်။သူဌေးလည်း ဝယ်ယူကာ လှည်းလမ်း၌ပစ်ပြန်၏။

လှည်းလမ်း၌ မသေပြန်လျှင် တောင်ထိပ်မှ ပစ်ချပြန်ရာ ကျူထရံအမိုးပျော့ပေါ်ကျသဖြင့် မသေချေ။ ကျူထရံသည် တို့တွေ့ရှိ မွေးမြူရာ သူဌေးသည် ဝယ်ယူကာ သားရင်းနှင့် အတူ မွေးမြူလေ၏။ ကလေးနှစ်ယောက်သည် ညီအကို အ ရင်းထင်ကာ ကြီးပြင်းလာကြသော်လည်း သူဌေးမှုသူငယ်ကို သေကြောင်းကြံမြဲကြံနေ၏။ ထိုကြောင့် ထိုသူငယ်အား တ နေ့တွင် အိုးထိန်းသည်ထံ စာတစောင်နှင့်လွှတ်လိုက်ရာသူဌေး သားသည် ဂုံညင်းရှုံးနေသဖြင့် “အကိုကစားပေးပါ၊ ကျွန် တော်သွားပါမည်” ဟုဆို၍ စာကိုယူဆောင်သွားရာ အိုးထိန်း သည် သည် စာထဲတွင်ပါသည့်အတိုင်း သူဌေးသားကိုဖျောက် ဖျက်၏။

ဂုံညင်းနိုင်သဖြင့် သူငယ်သည် အိမ်သို့ပြန်သွားရာ သူဌေး လည်း လူချင်းလဲကြသည့် အကြောင်းကို သိလျှင် ရင်တွင်းမှ

ဆုတက်လျက် နှစ်သိန်းလေးသောင်းအထုရှိသော မြေကြီးဖြင့် ဖိစီးဘိသကဲ့သို့ထင်၍ အလျင်တဆော ပြေးသွားသော်လည်း နောက်ကျချေပြီ။

သူဌေးသည်ထိုလုလင်အား စကားမပြောတော့ချေ။ အငြိုးကြီးစွာ ကြံစည်လျက် စာတစောင်ပေးကာ ရပ်ဝေးရှိသူရင်းထံဦးသို့လွှတ်လိုက်၏။ လုလင်သည် ခရီးအကြား၌ အဖမှာလိုက်သည့် သူဌေးအိမ်တွင် ဝင်ရောက်တည်းခိုးရာ ရင်းအိပ်ပျော်နေစဉ် သူဌေးသမီးသည် လုလင်၏ ခါးပိုက်ထဲ၌ စာကို တွေ့၍ စာကို ကပြောင်းကပြန် လုပ်ထားလိုက်လေသည်။ လုလင်သည် သူရင်းငှားထံ ဆက်လက်ထွက်ခွာသွားရာ သူရင်းငှားလည်း စာယဲ့ဘင်ပါသည့်အတိုင်း လုလင်ကည်းခိုခဲ့သော အိမ်မှသူဌေးသမီးနှင့် ထိမ်းမြား ပေးလိုက်လေသည်။

ထိုအကြောင်းကိုကြားလျှင် ကောသမ္ဗီသူဌေးသည် ရင်၌မီးလောင်ကြွင်းပြင်းပြလျက် သေးအန်လေ၏။ ထိုအခါ ဤဝေဒနာဖြင့်ပါသေရသော်လည်း ငါ့အမွေကိုသင်းမရဘဲရှိစေရမည် ကြံ၍ ချမ်းသားဃောသကအမြန်လာပါဟု အကြောင်းကြား၏။ ဃောသက လုလင်သွားရန် ပြင်ဆင်သော် ဇနီးကဥပါယ်တမျဉ်ဖြင့် တားထား၏။ အကြိမ်ကြိမ် မှာကြားရာ ဇနီးသည်သည် အကြိမ်ကြိမ်ဖင့်နွှဲထားရာ နောက်ဆုံးအကြိမ်တွင်သူဌေးကြီး ရေးလိုက်သောမူရင်းစာကိုထုတ်ပြ၏။

စာမှာ ဃောသကကို ဖျောက်ဖျက်ပစ်ရန်ရေးသောစာဖြစ်ပေသည်။ သူဌေးသမီးက ထိုစာကို ယူထားပြီး အသစ်ရေးထည့်သော စာကြောင့် အသက်မသေဘဲ ယခုကဲ့သို့ နေရခြင်းဖြစ်ပေသည်။ သူဌေးကြီး သေဝနီးပါးပြီး ကြားမှသွားကြ

ကာ ပြုစု၍ဈေးပနကိစ္စမိမကြသည့်အပြင် သူဌေးအနီး၌ရှိသူများကို တံစိုးလက်ဆောင်ထိုးသဖြင့် သားအရင်းဖြစ်ကြောင်း **ပြောဆိုစေ၏။**

ပြည့်ရှင်မင်းလည်း ယောသကအား သူဌေးကြီး၏ အရိုက်အရာကိုခံစေကာ သူဌေးဘွဲ့ပေးလေသည်။ ထိုအခါ ယောသက ကတော်သည် "အမောင်လည်း အဝဇာတဖြစ်၏။ ကျွန်ုပ်လည်း ဥစ္စာနည်းသော အမျိုး၌ဖြစ်ရ၏။ ရှေးကပြုသော ကောင်းမှု၏ အာနိသင်ကြောင့် သာသို့စင်သော ချမ်းသာကိုရလာပေသည်။ နောင်ဘဝတို့၌ဤကဲ့သို့မနွမ်းနယ်ရအောင် ကောင်းမှုပြုကြကုန်အံ့" ဟု တိုင်ပင်ညီညွတ်၍ နေ့စဉ်နေ့တိုင်း တဆောင်ဘိုး စွန့်ကြဲလှူဒါန်းကြလေ၏။

ဤယောသက သူဌေး၏ မိတ်ဆွေများကား ကုက္ကုဋသူဌေး၊ ပါဝါရိက သူဌေးတို့ဖြစ်ကြ၏။ ၎င်းတို့သည် ဘဝကူးကောင်းစေရန် ရသေ့ငါးရာအား နှစ်စဉ်ဆည်းကပ်လှူဒါန်းကြသည်။ ထိုရသေ့ငါးရာသည်မိုးလေးလ၌မြို့ရွာအနီး၌နေ၍ နွေဆောင်းကာလတွင် ဟိမဝန္တာကို မှီခိုကြ၏။

တရံခါသော် ထိုရသေ့တို့ ဟိမဝန္တာမှအလာတွင် ရေငတ်လွန်းသဖြင့် ညောင်ပင်တပင်အောက်ဝင်ကာ "ညောင်စောင့်နတ်သည်ငါတို့အား ကြည်လင်အေးမြသောရေကိုလှူဒါန်းမှုကောင်းလေစွ" ဟု ညည်းတွားကြသော် ညောင်စောင့်နတ်သည် ကိုယ်ထင်ပြ၍ အဖျော်ယမကာနှင့်တကွ လိုအပ်သော ပစ္စည်းကို လက်မှယိုထွက်စေလျက် လှူဒါန်းပေ၏။ ရသေ့တို့လည်း ဝမ်းသာအံ့သြလျက် အဘယ်ကောင်းမှုကြောင့် ဤ အာနုဘော်ကိုရသနည်းဟု မေးကြ၏။

"ရှင်ရသေ့တို့၊ လောကသုံးပုံ၌ အလုံးစုံတို့ထက်မြက်သော မြတ်စွာဘုရားသည် ထင်ရှားဖြစ်တော်မူ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ စံနေတော်မူ၏။ ထိုကျောင်း၏ ဒါယကာ အနာထပိဏ်သူဌေးသည် လုပ်ကျွေးပြုစုလျက် တရက်မပြတ် ဆည်းကပ်ကိုးကွယ်ပေသည်။ အကျွန်ုပ်လည်း ထိုသူဌေး အိမ်ဝယ် သူရင်းငှားပြု၍ နေ့ဝက်မျှ ဥပုသ်ဆောက်တည်ခဲ့ရဘူးသော ကောင်းမှု၊ သံဃာတို့၏ ကံကိုစွက်ကို ရွက်ဆောင်ခဲ့ရသော ကောင်းမှုတို့ကြောင့် သေလွန်သောကာလတွင် ဤချမ်းသာကို ရပေ၏။"

ရုက္ခစိုး၏ စကားကိုကြားလျှင် ရသေ့တို့လည်း မြတ်စွာဘုရားရှိသော သာဝတ္ထိပြည်သို့ သွားလိုသောဆန္ဒ အလွန်ဖြစ်သော်လည်း အလုပ်အကျွေး သူဌေးသုံးဦးတို့၏ ကျေးဇူးကို ထောက်ထား၍ ကောသမ္ဗီပြည်သို့ လာကာ ထိုသတင်းကောင်းကိုပေး၏။ သူဌေးသုံးဦးလုံး လိုက်ပါမည်၊ စောင့်ပါဦးဆိုသော်လည်း မစောင့်တော့ဘဲ ဇေတဝန်ကျောင်းတော်သို့ သွားနှင့်ကာ ရဟန်းပြုသဖြင့် မကြာမြင့်မီ ရဟန္တာဖြစ်ကြလေ၏။

သူဌေးသုံးဦးလည်း လှည်းငါးရာပြင်ဆင်၍ ကျောင်းတော်သို့ လာခဲ့ကာ အနီးအပါး၌ စခန်းချ၍ တရားတော်ကို နာရသဖြင့် သောတာပတ္တိဖိုလ်၌ တည်လေသည်။ ၎င်းတို့သည် မြတ်စွာဘုရားနှင့် သံဃာတော်များအား တဆယ့်ငါးရက်ပတ်လုံး အလှူကြီးပေးလျက် မြတ်စွာဘုရားအား ကောသမ္ဗီပြည်သို့ ကြွရောက်ပါရန် ပင့်ဖိတ်၍ ပြန်ခဲ့ကြကာ ဃောသကက ဃောသိတာရုံကျောင်း၊ ကုက္ကုဋသူဌေးက ကုက္ကုဋာရုံကျောင်း၊ ပါဝါရိကသူဌေးက ပါဝါရိုကျောင်းဟူ၍ ဆောက်လုပ်ကြ၏။

မြတ်စွာဘုရားသည် သံဃာတော်အပေါင်း ခြံရံကာ ကောသမ္ဗီပြည်သို့ ကြွလာတော်မူရာ လမ်းခရီးအကြား၌ မာဂဏ္ဍီယ ပုဏ္ဏားလင်မယားအား တရားရစေပြီးမှ ကောသမ္ဗီသို့ ကြွလာတော်မူကာ နဝမ ဝါဆိုတော်မူလေသည်။

ရွှေခြေနင်းရာ ပမာတမျ

ဥတ္တရာအမည်ရှိသော နတ်သမီးသည် စုတေခဲ့၍ ဃောသက သူဌေးကတော်ဝမ်း၌ တည်လာ၏။ ဖွားမြင်သောအခါ အတန်ငယ်ကုန်းသော ကိုယ်ရှိသဖြင့် ခုဇ္ဇုတ္တရာ အမည်မှည့်၏။

ဃောသကသူဌေးနှင့် လူချင်းမမြင်ဘူးဘဲ ချစ်ခင်နေသော သူဌေးတဦးရှိ၏။ ထိုသူမှာ ဘဒ္ဒိယမြို့မှ ဘဒ္ဒဝတီသူဌေးဖြစ်ကာ ခုဇ္ဇုတ္တရာနှင့် တပြိုင်နက်ပင် သာမာဝတီကို ဖွားမြင်၏။ တရံသောကာလ၌ ဘဒ္ဒိယမြို့ဝယ် ကပ်ဘေးကြီး ဆိုက်ရောက်သဖြင့် ဘဒ္ဒဝတီသူဌေးသည် ကျေးကျွန်ဘဏ္ဍာတို့ကို ပစ်ထားခဲ့ကာ သမီးနှင့်မယားကို ခေါ်၍ ဃောသကထံ ပြေးလာခဲ့ကြသည်။ သို့သော် မတင့်တယ်သောကိုယ်ဖြင့် မိတ်ဆွေထံ မသွားလိုသဖြင့် ဇရပ်၌ တည်းခိုနေ၏။

ဃောသကသူဌေးသည် မဏ္ဍပ်ကြီးဆောက်ကာ နေ့စဉ် အလှူပေးနေရာ သာမာဝတီသည် ခွက်ကိုင်ကာ ရောက်လာပြီး မဝင်စံ့သဖြင့် အလှူစီမံသူက ခေါ်ငင်ကာ သုံးယောက်စာ ပေးလိုက်၏။ ဘဒ္ဒဝတီသူဌေးသည် အလှူထမင်းကို ငတ်မွတ်ခြင်းကြီးစွာနှင့် စားသဖြင့် စားပိုးနှစ်သေလေ၏။ ထို့ကြောင့် သာမာဝတီသည် နောက်တနေ့၌ နှစ်ယောက်စာ၊ နောက်ဆုံးနေ့၌ တယောက်စာသာ ယူဘော့သည်။

အလှူ့စိမ့်သူက မေးလျှင်၊ မိခင်ရောဖခင်ပါ ကွယ်လွန်ကြောင်း သိ၍ သမီးအမှတ် မွေးစားထား၏။ ထိုမှတဖန် ဃောသကသူဌေး သိသွားရာ "ငါ့အဆွေခင်ပွန်း၏ သမီးသည် ငါ့သမီးပင်ဖြစ်ရမည်"ဟု ဆိုကာ သမီးရင်းအဖြစ် မွေးမြူလေ၏။ ဥဒေနမင်းသည် တောမှလာ၍ မိဖအံရိုက်အရာဖြစ်သော ကောသမ္ဗီထီးနန်းကို သိမ်းမြန်းမင်းပြုပြီးနောက် မကြာမီ သာမာဝတီကို တွေ့မြင်သွားကာ သိမ်းပိုက်၍ မိဖုရားကြီးအရာ၌ ထား၏။ ထိုအခါ ခုဇ္ဇုတ္တရာနှင့် အရံသတို့သမီး ငါးရာလည်း လိုက်ပါသွားလေ၏။

သာဝတ္ထိနှင့် ကောသမ္ဗီအကြား ခရီးတွင် ရကုရာဇ်တိုင်း၌ ပါဝင်သော ကမ္မာသဒမ္မနိဂုံးသည် ရှိ၏။ ထိုရွာတွင် မာဂဏ္ဍီယပုဏ္ဏား လင်မယားတို့ရှိ၍ ၎င်းတို့၌ အလွန်လှပသော သမီးတယောက် ရှိလေသည်။ အမည်မှာ မာဂဏ္ဍီဖြစ်၏။ ထိုသမီးအတွက် သင့်လျော်မည့် ယောကျ်ားကို ရှာဖွေသော်လည်း မတွေ့ကြသေးပေ။ တခုသောနံနက်တွင် ပုဏ္ဏားသည် ညဉ့်သုံးယံ မီး ပူဇော်မှုပြုလုပ်ပြီး၍ ရွာတွင်းသို့ ဝင်လာရာ ပုဏ္ဏား တကြိမ်မျှ မမြင်ဘူးသော ထူးခြားသပ္ပါယ်သည့် ရဟန်းတပါးကိုတွေ့လေ၏။

"ဤရဟန်းကား အဆင်းလည်း အလွန်လှ၏။ နူးညံ့ပြေပြစ်သော ဂုဏ်ရည်လည်းရှိ၏။ ငါ့မှန်းသည်နှင့် သင့်လှလေစွ" ဟု ကြံ၍ အိမ်သို့ အမြန်ပြေးလာကာ သမီးကို လျင်မြန်စွာ တန်းဆာဆင်ခိုင်းပြီး သမီးနှင့် ပုဏ္ဏေးမကိုခေါ်ကာ ပြန်လာကြ၏။

စောစောကရဟန်းသည် မရှိတော့ချေ။ သို့သော် ထိုရဟန်း

၏ တခုသောခြေရာကား တံဆိပ်ခတ်နှိပ်သည့်အလား ထင်ရှား ပီပြင်စွာ ကြုံခဲ့၏။ ထိုအခါ ပုဏ္ဏားသည် ဝမ်းမြောက်စွာဖြင့် လက်ညှိုးထိုးပြ၏။

"ရှင်မ ရှုလော့၊ ဤခြေရာကား ထိုယောကျ်ား၏ ခြေရာ ပင်တည်း"

ပုဏ္ဏား ရှင်လန်း ဝမ်းမြောက်နေသလောက် ပုဏ္ဏားမမူ တည်ငြိမ်ရင့်ကျက်စွာဖြင့် ခေါင်းကို ခါရမ်းနေ၏။

"ပုဏ္ဏားကြီး၊ သင်ကား မိုက်အားကြီးလေစွတကား ၊မိဖ တို့သင်ခဲ့သော ဗေဒင်၏အနက်ကိုမျှ မချင့်တွက်နိုင်ချေဘကား။ ဤခြေရာသည် ရာဂ ဒေါသ မောဟတရား ကင်းလွတ်ပြီး သော မြတ်စွာဘုရား၏ ခြေရာသာလျှင် ဖြစ်လတံ့"

"ပုဏ္ဏား။

တပ်စွန်းခြင်း ရာဂများသောသူ၏ ခြေရာသည် အလယ် ကောက်ညား ဆောင့်ကြွားရှိ၏။ ဒေါသများသောသူ၏ ခြေ ရာသည် စဉ်းငယ်ငယ်အပ်သည်ဖြစ်၏။ တွေဝေမှောက်မှား အမိုက်များသောသူ၏ ခြေရာသည် အဆောတလျင် အစဉ် နှိပ်သည်ဖြစ်၏။ လျင်စွာနင်း၍ နောက်တွင်းနက်သည်ဖြစ်၏။ ဓမ္မခြေနင်းရာ ပမာတမျှ ညီစွာကျလျက် တရားရှစ်ကွက် စက် တော်အစုံဖြင့် မုတ်အပ်သော ဤခြေရာကား ဝတ်သုံးပါးမှ လွတ်ကင်းသန့်ငြား မြတ်စွာဘုရား၏ ခြေတော်ရာပေတည်း။ သင်၏သမီးကို မနှစ်သက်လတံ့"

ဤလင်မယားအတွက် ရည်စူးမို့ဌာန်၍ ခပ်နှိပ်ခဲ့သော ခြေ တော်ရာကို ကြည့်ကာ ပုဏ္ဏားလင်မယားငြင်းခုံနေကြစဉ် မြတ်

ရှဘုရားသည် သံဃာတော်များနှင့် ဆွမ်းခံပြီး၍ ပြန်ကြွလာ တော်မူ၏။ ပုဏ္ဏားလည်း မြတ်စွာဘုရားအား ညွှန်ပြကာ ဤသူ ပေတည်းဟုဆို၏။

ထိုနောက် အပါးသို့ချဉ်းကပ်၍ "အရှင်ရဟန်း၊ အကျွန်ုပ် သည် နံနက်ကပင် သင့်ကိုမြင်၍ ချစ်ခင်သုလျက် မြှော်ဘဖွေ ရှာနေလင့်ပါ၏။ မာဂဏ္ဍီအမည်ရှိသော အကျွန်ုပ်သမီးသည် ကျွန်းကြီးဇမ္ဗူ တသောင်းငှာ၌ ဘယ်သူမျှ မတုနိုင်သော မိန်းမ ရတနာဖြစ်ပါ၍ ဆင်းဝါတူပြား အရှင့်အားသာ ပေးလိုပါ ၏။ ယူတော်မူပါ"ဟု ပြောလေသည်။

"ပုဏ္ဏား။

ငါသည် ဘုရားဖြစ်ဦးစကာလ၌ မာရ်မင်းသမီးဖြစ်ကုန် သော အလွန်လည်း ရှုဘွယ်ရှိကုန်သော တဏှာ အရတိ ရာဂ မည်သော နတ်သမီးသုံးယောက်တို့သည် ငါ့ကို ခြေရင်း အလုပ် အကျွေးပြုရန် တောင်းပန်လာကြကုန်၏။ ထိုနတ်သမီးတို့ကို မြင်ရ၍မျှလည်း နှစ်ဦးယှက်ဆုံ ပျော်ပါးကုန်သော မေထုန်အ ကျင့်၌ အလိုမဖြစ်။

ယင်းသို့လျက် ကျင်ကြီးကျင်ငယ် အတိပြည့်သော သင်၏ သမီးကို အဘယ်မှာ အလိုရှိဘော့အံ့နည်း။ ထို သင်၏သမီးကို ခြေတို့ဖြင့်လည်း ထိခြင်းငှာ ငါအလိုမရှိ။"

ဤစကားဖြင့် ပယ်ရှား၍ ကာမဒီနဝတရားကို ဟောကြား တော်မူလျှင် ပုဏ္ဏားလင်မယားသည် အနာဂါမိဖိုလ်၌ တည်၍ သမီးကို ညီ၏လက် အပ်နှံကာ ဘုရားတော်၌ ရဟန်းပြုကြကာ မကြာမြင့်မီပင် ရဟန္တာဖြစ်ကြလေ၏။ ဘုရားကြွတော်မူလျှင်

ပုဏ္ဏားအတွက် ခပ်နိုပ်ခဲ့သော ခြေတော်ရာလည်း ကွယ်ခဲ့လေတော့သည်။

မိမိအား မလိုလျှင် မလိုဟု ရိုးရိုးမပြောဘဲ ကျင်ကြီးကျင်ငယ်ဖြင့် ပြည့်သော ဤမိန်းမအား ခြေဖြင့်မျှ မထိလိုဟု ကဲ့ရဲ့ရှုတ်ချသဖြင့် မာဂဏ္ဍီသည် မြတ်စွာဘုရားအား မုန်းမာန်ဖွဲ့လျက် ကျန်ရစ်ခဲ့လေသည်။ ၎င်းသည် မကြာမြင့်မီပင် ဥဒေနမင်း၏ မိဖုရားအရာကို ရသည်။ မြတ်စွာဘုရား သည်လည်း သူဌေးကြီးသုံးဦး ဖင့်ဖိတ်သောကြောင့် ကောသမ္ဗီသို့ ကြွလာတော်မူရာ မာဂဏ္ဍီသည် အရှက်အကြောက်မရှိသော သေသောက်ကြူးတို့အား တံစိုးလက်ဆောင် များစွာပေး၍ မြတ်စွာဘုရားနှင့် သံဃာတော်မြတ်များအား ဆဲရေးစေ၏။ သေသောက်ကြူးတို့လည်း အိမ်စဉ်လင်ရာနေရာမှ စောင့်ဆိုင်းကာ ဆွမ်းခံကြွလာတော်မူသော ဘုရားနှင့် သံဃာကို အထူးထူးအပြားပြား ဆဲရေးကြလေ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤပြည်သားတို့သည် ပျားသကာပေါ်တွင် မစင်စွန့်သော ခွေးကဲ့သို့ အတွေးအဆမရှိ မိမိတို့အပြစ်ကို မိမိတို့ရှာလျက် မြတ်စွာဘုရားအားလည်းကောင်း၊ သံဃာတော်တို့အားသည်းကောင်း ခေါင်းမဲ့ဆဲရေးလှပါသည်။ ဤပြည်၌ သီတင်းသုံးခြင်းငှာ မလျော်ပါ။ တပါးမြို့ရွာသို့ ကြွတော်မူပါ" ဟု လျှောက်၏။

"ချစ်သား အာနန္ဒာ၊ ငါဘုရားတို့မည်သည်ကား ရှင်ပါးသော လောကဓံတို့ဖြင့် ဖောက်ပြန်တုန်လှုပ်ခြင်း မရှိကုန်။ အလုံးစုံသော ဆဲရေးသံသည် အလွန်အားဖြင့် ခုနစ်ရက်သာ

တည်လတံ့။ အပြစ်မရှိဘဲ ဆဲရေးကြသော ချင်းတို့၏ စကားသည် ချင်းတို့၏ ဦးဖျားၓ်သာ ကျလတံ့။နှလုံးမသာ မရှိလင့်” ဟု မြွတ်ရှင်ဓောသည် မိန့်တော်မူ၏။

သူဌေးကြီးသုံးဦးတို့သည် မြတ်စွာဘုရားရောက်သည်မှစ၍ ဘလတ်တိ အလှူကြီးပေးကာ လုပ်ကျွေးပူဇော်ကြပြီးနောက် ပြည်သူပြည်သားအား အလှည့်ပေးလိုက်ရာ အကြောင်းသင့်ရာဖွဲ့၍ အလှူပေးကြလေ၏။

တနေ့သောအခါ သာမာဝတီ၏ အပျိုတော် ခုဇ္ဇုတ္တရာသည် ပန်းသည်အိမ်သို့ ပန်းဝယ်ရန်လာရာ မြတ်စွာဘုရား၏ တရားတော်ကို နာရသဖြင့် သောတာပတ္တိဖိုလ်၌ တည်နေ၏။ ၎င်းသည် ပန်းကိုလေးသပြာ ဖိုးသာဝယ်ပြီး ရှစ်သပြာဖိုး စာရင်းတင်မြဲဖြစ်သော်လည်း ယနေ့မူ မခိုးဝှက်တော့ဘဲ ရှစ်သပြာဖိုးအပြည့် ဝယ်သွားရာ ပန်းများ များပြားခြင်းကိုအကြောင်းပြု၍ မိဖုရားနှင့် ရံရွေတော်များ စူးစမ်းကြရာတွင် အမြိုက်တရားကို ရခဲ့ကြောင်း သိကြရလေ၏။

ထိုအမြိုက်တရားကို ခဝဇ္ဇမြ တောင်းခံသဖြင့် မိဖုရားနှင့် မောင်းမကိုအား နိမ့်ရာတွင်နေစေပြီး ဘုရားဟောတော်မူသည့်အတိုင်း အစဉ်အားဖြင့် ဟောရာ မိဖုရားနှင့် မောင်းမငါးရာလုံး သောတာပတ္တိဖိုလ်၌ တည်သဖြင့် ခုဇ္ဇုတ္တရာအား ထိုနေ့မှစ၍ သင်ကြားပြသသော အမိအရာ၌ ထားကြလေ၏။

ဥတေနမင်းသည် သာသနာတော်၌ သဒ္ဓါတရားမရှိချေ။ ထို့ကြောင့် သာမာဝတီနှင့် မောင်းမများမှာ ကြွက်ကျစ်မုန့် ခြမ်း တပွင့်ပန်းမျှ လှူဒါန်းရခြင်းမပြုကြရချေ။ အိမ်စဉ် ဆွမ်း

ခံကြွတော်မူသော မြတ်စွာဘုရားနှင့် သံဃာတော်များအား ပြာသာဒ်နှံရံဖောက်၍ ဖူးမျှော်ကြရ၏။ ထိုအချင်းအရာကို မာဂဏ္ဍီသိ၍ ဘုရင်အား ဂုံးချောသော်လည်း ဘုရင်သည် အပြစ်မယူဘဲ များစွာသော လေသာပြတင်းပေါက်များ ပြုလုပ်ပေးလေ၏။

ဘုရားကို အကြိုးရှိသဖြင့် ဘုရားတပည့် သာမာဝတီတို့ကို ပါ မာဂဏ္ဍီသည် အမုန်းထားရာက ဥတေနမင်းအား အကြံပေးကာ ဘုရင်စားရန် ကြက်ပေးချမည်ဟု ကြက်အရှင်များကို ပို့သေးသည်၊ သာမာဝတီသည် လက်မခံချေ၊ တဖန် မြတ်စွာ ဘုရားအတွက်ဆိုကာ ပို့စေပြန်ပြီး ကြက်များကို လမ်းတွင် သတ်၍ပို့သော် ကောင်းစွာချက်ကြ၏။ သို့သော်လည်း ဥတေနသည် အမျက်မထားပေ။

တခါသော် သာမာဝတီ၏ပြာသာဒ်တွင် ခုနစ်ရက်စံနေပြီးမှ မာဂဏ္ဍီ၏ ပြာသာဒ်သို့ ကူးလာသော ဘုရင်၏စောင်းအိုးထဲမှ မာဂဏ္ဍီထည့်ထားသော မြွေသည် ထွက်လာ၏။ ထိုအခါ ဘုရင်သည် သာမာဝတီအမှူးပြုသော ငါးရာတို့အား စုရုံးစေ၍ ဆိပ်လူးမြှားဖြင့် ပစ်သတ်၏။ ဥတေနမင်းကြီးမှာ လေးကိုချ၍ မရသဖြင့် ချွေးပြိုင်ပြိုင်စီး၏။ မေတ္တာဘာဝနာ ပွားနေသော သာမာဝတီသည် "အရှင်မင်းမြတ်၊ တပါးအရပ်သို့ ပစ်တော်မူဦးလော" ဟုဆိုရာ မင်းကြီးပစ်လွှတ်သော မြှားသည် လျင်မြန်စွာသွား၏။

"အသက်မရှိသောလေးမြှားမှ မိဖုရား၏ ဂုဏ်ကျေးဇူးကို သိလျက် အသက်ရှိသောငါသည် မသိရာရောက်ပေတကား"

ဟု ထိတ်လန့်စွာဖြင့် သာမာဝတီ အားတောင်းပန်၏။ ထိုအချိန်မှစ၍ သာမာဝတီသည် မြတ်စွာဘုရားအား ဖူးမြင်ခွင့်၊ လှူဒါန်းခွင့်ရ၏။ ဆုံးမဩဝါဒပြောသည့် ရဟန်းတပါးကိုလည်း နန်းတွင်းဝင်ခွင့် ပေး၏။

မာဂဏ္ဍီလည်း မလျှော့သေးဘဲကြံပြန်သည်။ မင်းကြီးနှင့်အတူ ဥယျာဉ်ကစားရန် ဖြားယောင်းစီမံ၍ ဥယျာဉ်သို့ထွက်ကြစဉ် မာဂဏ္ဍီ၏ဘထွေးသည် "မင်းမိန့်"ဟု ဆိုကာ သာမာဝတီ၏ ပြာသာဒ်ကိုပိတ်ပြီး မီးရှို့ပစ်လေ၏။ဥတေနမင်းလည်း သာမာဝတီတို့ မီးလောင် သေဆုံးခြင်းကိုပင်နှစ်သက်လေဟန်ပြုသောကြောင့် မာဂဏ္ဍီသည် မိမိပြုပေ၏ဟု ဝန်ခံသည်။ သင့်ဆွေမျိုးအားလုံးကို ဆုလာဘ်ပေးမည်၊အားလုံးစုရုံးစေဟုစည်းဝေးစေပြီးမှ အားလုံးကို ကွပ်မျက်လေ၏။

သာမာဝတီသည် မေတ္တာဝိဟာရဧတဒဂ်၊ ခုဇ္ဇုတ္တရာသည် ဗဟုသုတ ဧတဒဂ်ရရှိကြမေသည်။

မသိသဖြင့် ပငြိမ်းခြင်း

မြတ်စွာဘုရားသည် ကောသမ္ဗီပြည်၌ နဝမဝါကပ်တော်မူ၏။ ထိုပြည်သောအခါတွင် ဃောသိတာရုံ၊ ပါဝါရိုနှင့်ကုက္ကုဋာရုံကျောင်းတို့တွင် လှည့်လည်သီတင်းသုံးနေတော်မူ၏။ ဃောသိတာရုံ ကျောင်းအာရာမ်အတွင်း၌ သင်းပင်းငါးရာစီရှိသောဝိနယဓရထေရ်တဦးနှင့်ဓမ္မကထိကထေရ်တဦးတို့ရှိကြရာ ဓမ္မကထိကထေရ်ဝစ္စကုဋီတက်ပြီးနောက် သန့်သက်ခွက်၌ ရေကြွင်းသားခဲ့ခြင်းကိုဝိနယဓရထေရ်မြင်ရာမှအစပြု၍ ခိုက်ရန်ဖြစ်ပွားကြလေ၏။

သံဃာကွဲသောအခါ ဘိက္ခုနီများ၊ ဥပါသကာ၊ဥပါသိကာများ၊ ကိုယ်စောင့်နတ်၊ ဘုမ္မစိုင်း ၊ ရုက္ခစိုင်း၊ နတ်ပြည် ခြောက်ထပ်နှင့် ဗြဟ္မာ့ပြည်ပါမကျန်နှစ်ခြမ်းကွဲလေ၏။မကြာ ခဏ ညှိုစုမောင်းမဲကြသည်။ခိုက်ရန်ဖြစ်ကြသည်။

ထိုအခါ မြတ်စွာဘုရားသည် သံဃာတို့အား စည်းဝေး စေ၍ "ချစ်သားတို့၊ သင်တို့သည် တဦးကိုတဦးငြိုးထားရန် ရှာခြင်းမပြုကြလင့်၊သင့်တင့်ညီညွတ်စွာကံကြီးကံငယ်တို့၌တဝ တည်းဖြစ်ကြစေလော။ သေခြင်း၏ ကင်းရာ အမြိုက်နိဗ္ဗာန်ကို ရှာလျှင် ငါ၏သာသနာဝယ် မေတ္တာဖြင့်သာနေကုန်လော" ဟု ဆုံးမတော်မူ၏။

"အရှင်မြတ်မှာ အရဟတ္တဖိုလ်၌သာ စံတော်မူပါ၊ ခိုက်ရန် ဖြစ်ဖို့မှာ ကျွန်ုပ်တို့ တာဝန်ရှိပါစေ"ဟု အမေ့ ဝါဒီတို့က လျှောက်ထားကြ၏။ မြတ်စွာဘုရားသည် နှံ့စုတ်ငှက်နှင့် ဆင် ပြောင်ဇာတ်၊ ငုံးတကောင်ဇာတ်၊ ဒီဃာဝုမင်းသားဇာတ်တို့ကို ပုံပမာထုတ်ပြကာ ခိုက်ရန်မဖြစ်ပွားရေး၊ ညီညွတ်ရေးနှင့် ခွင့် လွှတ်သည်းခံရေးကိုဟောကြားဆုံးမတော်မူသော်လည်းအရာ မထင်သဖြင့် ကောသမ္ဗီပြည်မှတပါးတည်း ထွက်ကြွတော်မူ ခဲ့၏။

ဗုဒ္ဓမြတ်စွာသည် ခုနစ်ယူဇနာအကွာတွင်ရှိသောပါလိလေ ယျကရွာသို့ရောက်သော် ဘဂုထေရ်အား ဧကစာရိယဝတ်ကို ဟောတော်မူ၏။ ပါစီနဝံသမိဂဒါဝုန်တောခွင်ဝယ်ရဟန်းသုံး ပါးတို့အား သမဂ္ဂသံဝါသ၏ အကျိုးတရားကို ဟောခဲ့ပြီး ပါလိလေယျ တောအုပ်သို့ဝင်၍ အင်ကြင်းပင်ကြီး ရင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုတောအုပ်တွင် ဆင်မ—ဆင်ရွှေခတ်ငယ်တို့၏ဒဏ်ကို မခံနိုင်သဖြင့် တဦးတည်းခွဲနေသော ပါလိလေယျက ဆင်ပြောင်သည် ရှိ၏။ ၎င်းသည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ခစား၏။ မြတ်စွာ ဘုရားလည်း "အချင်း ပါလိလေယျက၊ သင်ကား ငါနှင့်အလားတူစွာ အပေါင်းအဖော်နှင့် နေရခြင်းမည်သည်ကား များစွာသောဆင်းရဲခြင်းရှိ၏။ မိမိ၏ချမ်းသာကို ရှာလိုသော သတ္တဝါသည် လိမ္မာနူးညံ့သော ခင်ပွန်းကောင်းကို ရှာမှ တယောက်တည်းသော နေရာ၏" ဟုစရှိသည်ဖြင့် ဟောကြားတော်မူရာ သင်သည် အလွန်ချစ်ကြည်ညိုသဖြင့် ဝတ်ကြီးဝတ်ငယ်ပြု၍ စောင့်ရှောက်၏။

ဤကဲ့သို့ ဆင်၏ *အဘိသမာစာရိကဝတ်ကို မျောက်တကောင်မြင်လျှင် ပျားများပုံပြီးသော ပျားလပို့ကို ယူလာကာ မြတ်စွာဘုရားအား ကပ်လှူသည်။ မြတ်စွာ ဘုရား ဘုဉ်းပေးသည်ကို မြင်လျှင် ရွှင်လန်းစွာခုန်ပေါက်ရာ ရှ ငုတ်သပါသို့ လိမ့်ကျပြီး စုတေရာ နတ်ပြည်၌ဖြစ်လေ၏။

ကောသမ္ဗီပြည်၌ ကျန်ရစ်ခဲ့ကြသော ကလဟ – ဝိဝါဒရဟန်းတို့မှာ ရဟန်းကိစ္စကိုလုံ့လမပြုဘဲ ခိုက်ရန် ဖြစ်ပွားမှုသာ ဦးစား ပေးနေကြသဖြင့် အများပြည်သူတို့ သဒ္ဓါတရားနည်းပါးလာသည်။ ရှုတ်ချကဲ့ရဲ့ကြသည်။ ရဟန်းတို့လည်း သံဝေဂတရားရကာ အချင်းချင်း ဝန်ချ မျှတကြကာ မြတ်စွာဘုရားအား ပင့်လျှောက်ရန် အရှင်အာနန္ဒာကိုတာဝန်ပေးကြသည်။

---

* အဘိသမာစာရိကဝတ် – ဂုဏ်သိက္ခာ ကြီးသူတို့အား ပြုသောဝတ်။

အရှင်သည် ရဟန်းငါးရာနှင့် အတူလာခဲ့ကာ တောအုပ်ဝတွင် အရံရဟန်းများကိုထားခဲ့ပြီး တပါးတည်း ကြွလာရာ ပါလိလေယျကဆင်ကြီးမြင်သော် တုတ်တို့ဆွဲလျက် ပြေးသွားသဖြင့် "ဆင်မင်း၊ မတားနှင့်၊ ဤသူကား ငါ၏ အလုပ်အကျွေးပေတည်း"ဟု မိန့်တော်မူမှ တုတ်ကိုပစ်ချ၏။ ဖရိဂွရာကို လှမ်းယူကြိုဆိုကာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ထားပေသည်။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာလျှောက်ထားသည်များကို ကြားနာတော်မူပြီးနောက် တောစပ်၌ ထားခဲ့သော ရဟန်းတို့ကို သွားရောက်ခေါ်ငင်စေသည်။

ရဟန်းတို့လည်း အလုပ်အကျွေးမပါဘဲ ကိုယ်တော်တပါးတည်း တဝါတွင်းလုံး သီတင်းသုံးရသဖြင့် ဆင်းရဲပေလတံ့ဟု ဆိုကြရာ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

"ရဟန်းတို့။ ရင့်သော ပညာရှိသော တကွ ကျင့်ဖော်ဖြစ်သော ကောင်းစွာနေလေ့ရှိသော တည်ကြည်သော ခင်ပွန်းကောင်းကို အကယ်၍ ရသည်ဖြစ်အံ့။ ဤသို့ ရသည်ရှိသော် ထိုခင်ပွန်းကောင်းနှင့်တကွ နှစ်လိုဝမ်းသာ အလုံးစုံကုန်သော အတွင်းအပဘေးရန်တို့ကို နှိပ်စက်၍ သတိရှိသောပုဂ္ဂိုလ်သည် ကျင့်ရာ၏။

ရင့်သော ပညာရှိသောတကွ ကျင့်ဖော်ဖြစ်သောခင်ပွန်းကောင်းကို အကယ်၍မရမူကား၊ မင်းသည် တိုင်းကား ဖြစ်သော နိုင်ငံကိုပယ်၍ တယောက် အထီးတည်း သွားလာသကဲ့သို့ရင်း၊ ဆင်ပြောင်ကြီးသည် တစီးတည်းသွားလာသကဲ့

သို့ရင်း၊ ဝဲယာရှေ့နောက် ဖော်မလျောက်ဘဲ တယောက်တည်း သာလျှင် ကျင့်ရာ၏။ တယောက်တည်းနေခြင်းသည် မြတ်၏။ သူမိုက်၌ အဆွေခင်ပွန်း၏အဖြစ်သည် မြတ်သည်ဟူ၍မရှိ”

ထိုနေ့က မြတ်စွာဘုရား ကြွသည်ပုံသောအခါ ဆင်ကြီး တားသဖြင့် ထိုဆင်လှူသော သစ်သီးသစ်ဥတို့ကို ဘုဉ်းပေးပြီး မှ ကြွတော်မူ၏။ ထိုအခါတွင်ကား မြတ်စွာဘုရား တပါးတည်း ကိုသာ တားသဖြင့် “သင်ကား ဤဘဝတွင် မဂ်ကို မရနိုင် သောကြောင့် ငါဆက်လက်နေသော်လည်း မထူးပြီ။ ငါတွင်း သုံးလ လုပ်ကျွေးပြီး၍ ကျေနပ်တော့”ဟု လက်တော်ဖြင့် သုံး သပ်ကာ ကြွတော်မူရာ ဆင်ကြီးသည် နှာမောင်းကို ခံတွင်း၌ သွင်း၍ ပြင်းစွာငို၏။ မကြာမီ နှလုံးကြေကွဲကာ သေသဖြင့် ပါလိလေယျနတ်သားဖြစ်၏။

မြတ်စွာဘုရားသည် ပါလိလေယျတော၌ ဒသမဝါကပ် တော်မူပြီးနောက် သာဝတ္ထိပြည်သို့ ကြွတော်မူရာ ကောသမ္ဗီ ပြည်မှ ကလဟ–ဝိဝါဒရဟန်းတို့လည်း မြတ်စွာဘုရားကို ဖူး မျှော်ရန် လာကြ၏။ ထိုရဟန်းတို့လာကြောင်း ကြားလျှင် အနာထပိဏ်သူဌေးနှင့် ကောသလမင်းကြီးသည် “ထိုရဟန်း တို့ကို တားမြစ် နှိမ်နင်းလိုပါသည်”ဟု မြတ်စွာဘုရားအား လျှောက်ထား၏။ မြတ်စွာဘုရားလည်း “ဤရဟန်းတို့ကား ငါဆုံးမသည်ကို မလိုက်နာဘဲ ငြင်းခုံရန်ခိုက်ဖြစ်သော အပြစ် သာရှိ၍ မြတ်သောတရား၌ကား တည်ပေသည်”ဟု မိန့်တော် မူ၍ တားမြစ်၏။

သာဝတ္ထိပြည်သူပြည်သား လူအများနှင့် ရဟန်းတို့သည် ဆာခုသောကျောင်းတွင် စုဝေးနေကြသော ကလဟ–ဝိဝါဒ

ရဟန်းတို့အား လက်ညှိုးထိုးကာထိုးကာဖြင့် "ဒေါသစောင်း မာန်ခက်ထန်လှသောရဟန်းဟူသည် ဤသူတို့လော"ဟု အော် ဟစ်ကြလေရာ ခေါင်းမျှမဖော်ဝံ့ဘဲ ရှိကြလေ၏။ ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားတို့၊ ခိုက်ရန်ပြုခြင်းသည်ကား သူတပါးတို့ မျက်ဝါးထင်ထင် ပြစ်တင်ရှုတ်ချခြင်းကိုလည်း ခံရတတ်၏။ တမလွန်၌လည်း ငရဲသို့ ရောက်တတ်၏။ ရှေး ပညာရှိတို့သည်လည်းမိဖစည်းစိမ်နှင့်တကွ ဖျက်ဆီးသောသူကို လျက်အမျက်မပြန် သည်းခံဘူးသေး၏။ သင်တို့ကား အမျက် ကို ပယ်ရှားသော ငါဘုရား သာသနာ၌ ကောင်းစွာဝင်ကြ ပြီးလျက် အမျက်မူကြခြင်းသည် အလွန်ဝန်လေးစွတကား" ဟု မိန့်တော်မူ၏။

"ရဟန်းတို့။ ပညာမဲ့ကြွား သူတပါးတို့သည် ဤလောက ၌ငါတို့သည် သေမင်း၏နိုင်ငံသို့ လိုက်ရကုန်လတံ့ဟု မသိကုန်။ ထိုသို့မသိခြင်းကြောင့် ခိုက်ရန်ငြင်းခုံခြင်းတို့သည် မငြိမ်းကုန်။ ထိုသံဃာ့အလယ်၌ အကြင်ပညာရှိသော သူတို့သည်ကား သေ မင်းနိုင်ငံသို့ လိုက်ရလတံ့ဟု သိကုန်၏။ ထိုသို့သိခြင်းကြောင့် ထိုသူတို့အား ခိုက်ရန်ငြင်းခုံခြင်းတို့သည် ငြိမ်းကုန်၏"

ဤဒေသနာတော်အဆုံး၌ အလုံးစုံသော ရဟန်းငါး ရာတို့သည် အကျွတ်တရားကို ရကြကုန်၏။

သမ္မာဒိဋ္ဌိတည်းဟူသောမျိုး

သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည်ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းစံပယ်တော်မူစဉ် အနာထပိဏ်

သူဌေး၏ တခုသော ဆွမ်းပင့်ဖိတ်ရာသို့ ကြွတော်မူရမည့်နံနက်တွင် မဟာကရုဏာသမာပတ်ဖြင့် တသောင်းသော လောကဓာတ်၌ ချွတ်အပ်သော ဝေနေယျကို နိစ္စရှုမြဲဘုန်းမျှော်တော်မူလေလျှင် နန္ဒောပနန္ဒနဂါးမင်းသည် ရွှေဉာဏ်တော် ကွန်ရက်အတွင်းသို့ ဝင်လာသဖြင့်စဉ်းစားဆင်ခြင်တော်မူ၏။

"ဤနဂါးသည် ရှည်လျားသောဘဝက ကုသိုလ်ဟူသော ဉပနိဿယရှိလျက်၊ ဒုဂ္ဂတိဘဝသို့ သက်သောကြောင့် အမျက်စောင်းမာန်ကြီးသဖြင့် ရေမနီးသောမျိုးသည် အစို့မထိုးနိုင်ဘိသကဲ့သို့တဏှာအိုင်၌နစ်ဘိ၍ မိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်ချေသည်။ ငါကြွသွား၍ ချစ်သားမောဂ္ဂလာန်ကိုနှိပ်နှိုဆုံးမစေရမူအစလသဒ္ဓါဖြင့်သမာဒိဋ္ဌိဟည်းဟူသောမျိုးသည်ဖွံ့ဖြိုးစွာပေါက်လတံ့"ဟု မြင်တော်မူ၏။

ထို့ကြောင့် ရဟန္တာငါးရာတို့ကိုခေါ်တော်မူကာအာကာသခရီးဖြင့် နန္ဒောပနန္ဒနဂါး၏ ဗိမာန်အပေါ်မှ ဖြတ်ကျော်ကြွသွားတော်မူကြရာ နဂါးမင်းမှာ များပြား ကြီးကျယ်သော ရေသတ်မှုးမတ်ခြံရံလျက် ထီးဖြူစိုက်သော ပလ္လင်အောက်တွင် စံပယ်ကာ အဖျော်သောက်သဘင်ကျင်းပနေချိန်ဖြစ်၏။

ယင်းသို့စံနေသော အပေါ်မှ သံဃာတော်များ ကြွသွားသည်ကိုမြင်လျှင် နဂါးမင်းမှာ အလျှံရဲရဲတောက်ဆဲသော မီးပုံကို လေဟုန်ခတ်သကဲ့သို့ မတန်ရပ်နိုင်အောင် မျက်မာန်ပေါက်၍ စိုက်ဆောက်အပ်သော ထီးဖြူကိုတွန်းလှဲပစ်၏။

"ဤဦးပြည်း ရဟန်းတို့သည် အခန်းခန်း အပြတ်ပြတ် အစပ်စပ်သော အဝတ်တို့ကို ဆည်းလျက် ကြီးသူမြတ်သူဟူ၍

မချင့်တွက်၊ ငါဦးခေါင်းထက်သို့ကျော်၍ တာဝတိံသာသို့ လူးလာကူးသန်းကြသည်။ ယနေ့မှစ၍ သွားလာခွင့်မပြုပြီ၊ ဇကယ်၍ မရှောင်ကွင်းမူ ငါ့ခံတွင်း၌ သေစေအံ့”

ထိုသို့ကြုံးဝါးလျက် မြင့်မိုရ်တောင်ကို အရင်းမှ အဖျား ထိခုနစ်ပတ်ပတ်ကာ တာဝတိံသာနတ်ပြည်တခုလုံးကို ပါး ပျဉ်းဖြင့်ဖုံးအုပ်ထားလေရာ တာဝတိံသာကို မြင်နေကျအ ရပ်မှမမြင်ရသဖြင့် အရှင်ရဋ္ဌပါလသည် မြတ်စွာဘုရားအား မေးလျှောက်ကြ၏။ မြတ်စွာဘုရားသည် နဂါးဖုံးထား ကြောင်း မိန့်တော်မူရာ နဂါးကို ဆုံးမပါရစေ ခွင့်တောင်း ကြရာ ဘုရားခွင့်မပြု၊ အရှင်မောဂ္ဂလာန် ခွင့်တောင်းမှရပေ၏။

အရှင်မဟာမောဂ္ဂလာန်သည်တေဇောဓာတ်ကို ဝင်စားတော် မူပြီးလျှင်ဣဒ္ဓိဝိဓအဘိညာဉ်ကို ပွား၍နဂါးကြီးသဏ္ဌာန်ဖြင့် နန္ဒောပနန္ဒကိုယ်ပေါ်မှဆယ့်လေးထပ်ရစ်ပတ်ဖိကြိတ်ထား၏။ နဂါးစစ်သည် ဒေါသဖြင့် အခိုးမှုတ်ရာ ရဟန်းနဂါးကပြန် မှုတ်၏။ သင်မည်သူနည်းမေးရာ ငါမောဂ္ဂလာန်တည်း ဖြေ၍ ရဟန်းအသွင်ပြရာ နဂါးသည် အဆိပ်ဖြင့်မှုတ်၏။ အရှင်မြတ် ကိုမထိသောအခါ ခံတွင်းဖြင့် ဟ၍မျို၏။ လက်ပံတော်ရံ အဂ္ဂသာဝကသည် နဂါး၏ လက်စနားတွင်းသို့ ဝင်ချေထွက် ချေ အဖန်ဖန်လုပ်၏။ အူ ဘွင်းစကြံသွား၏။ လက်ဝဲ လက် ယာနှာခေါင်းနှစ်ပေါက်၌ ဝင်ချေထွက်ချေလုပ်၏။ လျှာ ပေါ်စင်္ကြံကြွကာ အစွယ်ကိုခြေဖြင့်ခတ်ကာ ပါးစပ်ထဲသို့ဝင် ချေထွက်ချေလုပ်၏။

နောက်ဆုံး တွလင်နဂါးမင်းသည် လုင်အသွင်ဖြင့်မှားပါ ပြီ ဦးချတောင်းပန်၏။ အရှင်မောဂ္ဂလာန်လည်း “အချင်း

မနုဿ၊ ထလော့၊ သတ္တဝါတို့၏ စီးပွါးချမ်းသာကို လွန်စွာ ဆောင်တော်မူသော မြတ်စွာဘုရားသည် သင့်အား သနားကရုဏာဖြင့် ကြွလာတော်မူ၍ ယုဂန္ဓိုရ်တောင်ထိပ်၌ရှိ၏။ လိုက်ခဲ့လော့”ဟု ခေါ်လာခဲ့၏။

မြတ်စွာဘုရားလည်း နဂါးနှင့် လျော်ကပ်သောတရားစကားဖြင့် ကောင်းစွာဆုံးမ၍ ဥပါသကာအဖြစ် ခံယူစေပြီးလျှင် အနာထပိဏ်သူဌေးအိမ်သို့ ကြွမြန်းတော်မူခဲ့လေ၏။

မြို့တွင်း၌ရှိသောငှက်

သုံးလူ့ထိပ်ခေါင်မင်းမျိုးနောင်သည် ဇေတဝန်ကျောင်းတော်၌နေတော်မူ၏။တနေ့သောအခါမိစ္ဆာဒိဋ္ဌိအယူရှိသော ဗကဗြဟ္မာကိုမြင်သဖြင့် ကေးထားသော လက်ကို ရုတ်ချည်းဆန့်သကဲ့သို့တမုဟုတ်ချင်းကြွ၍ ဗြဟ္မာ့ရွာ၌ ထင်စွာရပ်တော်မူ၏။

ဗကဗြဟ္မာသည် လူ၏အဖြစ်၌ ရသေ့ရဟန်းပြု၍ လောကီစျာန်သမာပတ်ကိုအနှစ်တသိန်းမျှအားထုတ်၏။ ထို့နောက် ဝေဟပ္ဖိုလ်ဘုံဝယ်မဟာကပ်ငါးရာလုံးစံပြီးခြောက်ဆဲ့လေးကမ္ဘာ သက်တမ်းရှိသော သုဘကိဏှာဘုံ၌ဖြစ်၏။ ထိုဘုံမှစုတေခဲ့သော် ရှစ်ကမ္ဘာအသက်ရှည်သော လက်ရှိအာဘဿရာဘုံ၌ ဖြစ်၏။

ထိုအခါဗကဗြဟ္မာသည်အထက်ဘက်ဘုံများမှစုတေရသောနာမ်ချုပ်အစဉ်များကိုလည်း မမှတ်မိ၊ ပဋိသန္ဓေလည်းမထင်၊ အတိုင်းပင်တည်သည်ဟု မှတ်၏။ ငါတို့ဗြဟ္မာ့ကား မြဲသော မြဲသောချမ်းသာပင်တည်း။ဤအဖြစ်ထက်လွန်၍ရွာရန် နိဗ္ဗာန်

မည်သည်မရှိ။ ဤဗြဟ္မာ့ကိုယ်သည် အိုခြင်း၊နာခြင်း၊သေခြင်း ဆင်းရဲမရှိသော အတိသုခဖြစ်သော နိဗ္ဗာန်ဟုထင်၏။ ၎င်း၏ အနီးအပါးဖြစ်သောဗြဟ္မာခုနစ်ကျိပ်နှစ်ယောက်လည်း ထိုသို့ ပင် အယူရှိကြ၏။

ထို့ကြောင့် "အရှင်ဂေါတမ၊ လုံ့လပြုရှိ၍ကျင့်ပါ။ကျွန်ုပ် တို့ဗြဟ္မာ့ရွာ၌ဖြင်လျှင် စင်စစ်ဆင်းရဲခြင်း ကင်းပါတော့သည်။ မအိုမသေ အမြဲနေသော ရွှေပြည်နိဗ္ဗာန်မှန်ပါတော့သည်"ဟု ပြောခြင်းဖြစ်ပေသည်။

ထိုစကားကို ကြားလျှင် မြတ်စွာဘုရားသည် ထက်ဝန်း ကျင်မှ ရောက်လာကြသော ဗြဟ္မာများကို သက်သေထား၍ တရားအမြိုက်တိုက်ကျွေးတော်မူရန် ဤသို့ မိန့်တော်မူသည်။

"အို....များစွာသော ဗြဟ္မာအပေါင်းတို့။

ဤဗြဟ္မာသည် အဝိဇ္ဇာတည်းဟူသော မှောင်တိုက်သို့ဝင် ဘိတကား။ မြုံတွင်း၌ရှိသော ငှက်သည် လွတ်ထွက်ပြီးသော အတ္တဝါကို 'ချမ်းသာလိုလျှင် ငါ့ထံလာလှည့်'ဟု ခေါ်သကဲ့ သို့ ချွတ်ချော်သော မိစ္ဆာဥာဏ်ဖြင့် ဗြဟ္မာ့သဏ္ဍာန်ကို နိဗ္ဗာန် ထင်မှတ်ဘိ၏တကား။ မိမိအား ဖြစ်လတံ့သော ဘေးကိုမမြင်၊ အနိစ္စကိုပင် နိစ္စ–အသုခကိုပင် သုခဟု ပြောရှာဘိ၏တကား"

ထိုအခါ ဗကဗြဟ္မာသည် ခိုးသားကိုရိုက်ခတ်၍ စစ်သော် ငါ၌သာ ခိုးပြစ်ရှိသည်မဟုတ်။ ဤသူလည်း ခိုးသူပင်တည်းဟု ဖော်သကဲ့သို့ ပြောပေ၏။

"ဘုရားရှင်ဂေါတမ။ ဤသဿတဝါဒကို ကျွန်ုပ်တဦး တည်းသာ ယူသ[illegible]။ ကျွန်ုပ်နှင့် ရှေးကောင်းမှု ပြုဖော်

ဖြစ်သော ခုနစ်ကျိပ်နှစ်ယောက်ပင် ဤသို့ အယူရှိကြပါသည်။ ဇာတ်တော် ဗျာဓိမရဏ ကင်းလွတ်ကြသောကြောင့် နိဗ္ဗ ထာဝရ ... မှတ်ထင်ပေသည်။ အကျွန်ုပ်တို့အား အများနတ်ဖြဟ္မာ ... လွန်စွာ ချီးပမ်းဇော်ကြလျက် နိဗ္ဗ ထာဝရ တည်ပေ... အရှင်ဗြဟ္မာမင်းကဲ့သို့ ငါတို့ ဖြစ်လိုပါသည်ဟု ဆိုတော... ၏။ထို့ကြောင့် ဤဗြဟ္မာ၏အဖြစ်ကို စင်စစ် နိဗ္ဗာန်ဆိုပေသတည်း"

"... ဗကာ။ ဤဗြဟ္မာ့ရွာ၌ သင်ကျသောကာလကား အ... အရေအတွက်အားဖြင့် ၁၃၆၄၃၂-ကပ်သာ ဖြစ်သည်။ ... အရေအတွက်အားဖြင့် * နိရဗ္ဗုဒတသိန်းမျှသာ ရှိသော... ။ ဇာတိဇရာ မရဏကိုလည်း မလွန်ရချေသေး၊စုတေရမည် ... ဟု ငါ မြင်တော်မူ၏။ သင် ပညာကင်းသောကြောင့် အသက်ကြွင်းကိုမျှ မမြင်သတည်း"

ဟို့ဆက်လက်၍ မြတ်စွာဘုရားသည် ဗကာဗြဟ္မာ၏ အ

---

* ကုဋေပေါင်း သိန်းတရာကိုပကောဋိ။ ပကောဋိပေါင်း သိန်းတရာကို ကောဋိပကောဋိ။ ၎င်း ကောဋိပကောဋိပေါင်း သိန်းတရာကို နဟုတ။ နဟုတပေါင်းသိန်းတရာကို နိန္နဟုတ။ နိန္နဟုတသိန်းတရာသည် အက္ခောဘဏီ။ အက္ခောဘဏီပေါင်း သိန်းတရာသည် ဗိန္ဒု။ ဗိန္ဒုပေါင်း သိန်းတရာသည် အဗ္ဗုဒ။ အဗ္ဗုဒပေါင်းသိန်းတရာသည် နိရဗ္ဗုဒ။(လောကီသင်္ချာ ပညာတွင် နိန္နဟုတ အထိသာ ရှိ၍ ၎င်းအထက်မှာ သာမန်လူတို့ မတတ်နိုင်ဟု ဆိုကြကုန်။)

သက်ရှည်ကြာရခြင်း အကြောင်းရင်း ရှေးကောင်းမှုအချို့ကို ထုတ်ဖော်တော်မူ၏။

ဗက ဗြဟ္မာသည် ကေသ ဝ ရသေ့ အဖြစ်တွင် စတုက ကသိုဏ်း ဝန်းကို မှီ၍ လောကီဈာန်ရ၏။ ထို့ကြောင့် သဲကန္တာ ရအတွင်း၌ လမ်းမှားကာ သေလုနီးပါးဖြစ်နေကြသော လှည်း သားငါးရာနှင့် နွားတို့ထံ ဂင်္ဂါမြစ်ရေ စီးဆင်းစေ၍ သီးပွင့် စုံသော တောအုပ်ကို ပြုလုပ်ပေးသော ကောင်းမှုကို ပြုနိုင်ခြင်း ဖြစ်၏။

ထိုရသေ့သည်ပင် ခိုးသားဓားပြငါးရာတို့၏ လက်တွင်း သို့ ကျွဲနွားကြက်ငှက်ပါမကျန် ရောက်သွားကာ တောင်ထိပ် ၌ အကျဉ်းချခံနေရသော ပစ္စန္တရွာသူရွာသားများကို ကယ် ဆယ်၍ နေရင်းရွာသို့ပို့သော ကောင်းမှုကိုလည်း ပြုဘူးသေး ၏။

ထိုနောက်တဖန် ဗာရာဏသီပြည်မှ အမတ်မင်းချင်းတို့ကို လည်း ဂင်္ဂေယျ နဂါး မင်းသတ်ဖြတ်မည်အပြုတွင် ဈော်မြစ်အ တွင်း၌ ဆင်ကောင်း မြင်းကောင်းနှင့်တကွ အသက်ကယ်သော ကောင်းမှု ပြုခဲ့ပြန်သေး၏။

ငါတို့ဘုရားလောင်းသည် ထိုကေသဝရသေ့၏ အန္တေဝါ သိက 'ကပ္ပရ ရသေ့'ဖြစ်ခဲ့ဘူး၏။ ကေသဝရသေ့အား ဗာရာ ဏသီမင်းသည် ချီးမြှင့်ပူဇော်သော်လည်း ၎င်းသည် မြို့၌မ ပျော်သဖြင့် တောတွင်နေသော ကပ္ပရရသေ့ထံ၌သာ နေ၏။ မင်း၏ အမတ် နာရဒသည် ကေသဝအား လိုက်လံပင့်လျှောက် ၏။ မင်းကလည်း ချီးမြှောက်ပါလျက်၊ လူအများကလည်း

လုပ်ကျွေးပူဇော်ကြပါလျက် အဘယ့်ကြောင့် တောတွင်နေမှုသနည်းဟု မေးသဖြင့် ရသေ့သည် ဤသို့ဖြေ၏။

"အမောင် နာရဒ။ ရဟန်းဟူသမျှသည် တောဌာန၌သာ ထူးမြတ်သော ဈာန်သမာပတ်စည်းစိမ်မြတ်ကို ရအပ်သတည်း။ တောရပ်သမီး ဇနီးအဝင် သင်ပင်တို့က လုပ်ကျွေးကြသော အာဟာရသာလျှင် မြစ်ဆာကင်းသိ ဘေးမရှိ၍ အဘိရမကြီးသ ဖြစ်သတည်း။

မိန်းမယောကျ်ား ရွာသူများ၏ လှည့်ဖြားသော ကာမဂုဏ် အာရုံခြောက်ဖြာနှင့် ဝေးကွာလှသဖြင့် ဝိတက်သုံးပါး ယင်ရဲများတို့သည် ငါ့အား မခဲနိုင်သတည်း။ တူသောအကျင့်၊ အခွင့်သိငြား၊ ငါ့အားကြည်ညို၊ ငါ့လိုလိုက်သူ၊ ပိယဝါစာ၊ ဆိုတတ်စွာ၍၊ ဖိမ္မာလှသော၊ ကာပ္ပရမည်ရှောင်း၊ တပည့်ကောင်းနှင့်၊ ပေါင်းရခြင်းကြောင့်လည်း၊ တောတွင်း၌သာ မွေ့လျော်သတည်း"

နာရဒအမတ်လည်း အရှင်မြတ်၏တရားသည် ဖြောင့်သားဟုတ်မှန်ပေစွဟု ချီးပူဇော်၍ ပြန်လေ၏။

ဗကဗြဟ္မာလည်း မိစ္ဆာဝါဒမှ ကင်းစင်၍ မြတ်စွာဘုရားအား ချီးမွမ်းလိုရကား "အိုဗြဟ္မာနတ်များတို့။ လူသားဖြစ်သော ဤ ရှင်ဂေါတမသည် လောကသုံးရွာဝယ် ခိုင်းနှိုင်းစရာမရှိသော တန်ခိုး၊ လူသုံးမျိုးတို့ကို အုပ်စိုးနိုင်သောဘုန်း၊ အလုံးစုံကို မြင်နိုင်သော ပညာဖြင့် ပြည့်စုံပေ၏။ ဘဝအများ လွှမ်းထားဘိသော ငါ၏ခန္ဓာ ရုပ်နာမ်ကိုလည်း ကောန်သိမြင်တော်မူတတ်ပေ၏။ ကြာမြင့်လှစွာသော ငါ၏အသက်ကို အမှန်ရေ

တွက်၍လည်း မျက်မှောက်ဆိုနိုင်ပေ၏။ ထိုသို့ ပညာရှိလှစွာသောကြောင့် ခန္ဓာကိုယ်မှဖြစ်သော ရောင်ခြည်သည် ကွန့်လည်တောက်မြူးပေသတည်း။ ဤသို့သောပညာရှိ၏ တပည့်ပြုရခြင်းသည် ရက်ခြင်း ကောင်းမြတ်သည်သာတည်း”ဟု ဆိုကာ မှာသောအယူကိုပယ်၍ အရှင်ဟောသောတရားကို အားထုတ်ပါတော့မည် ဝန်ခံလျှောက်ထား၏။

မြတ်စွာဘုရားသည် ဗက ဗြဟ္မာအား သစ္စာလေးပါးမြိုက်တရားကို ဟောကြား၍ ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့လေသည်။

သမ္မာဝါယာမဟူသောနွား

ဗုဒ္ဓမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၏ တောင်မျက်နှာနာဠမည်သော ပုဏ္ဏားရွာကို အမှီပြု၍ ဒက္ခိဏာဂိရိကျောင်း၌ကေဒသမ ဝါကပ်တော်မူ၏။ ၎င်းကျောင်း၌ ဝါကပ်ရခြင်းမှာ ကသိဘာရဒွါဇပုဏ္ဏား လျှောက်ထားသောကြောင့်ဖြစ်၏။

မြတ်စွာဘုရားသည် ခမ်းနားကြီးကျယ်စွာ လယ်ထွန်မင်္ဂလာသဘင် ကျင်းပနေသော ဘာရဒွါဇ၏ မင်္ဂလာပွဲရာ ဌာနအနီးသို့ ကြွလာ၍ ရပ်တော်မူရာ ရတနာရွှေရည် ရောင်ခြည်လျှံဝါရှိသော နေဝန်း, လဝန်းတို့၏အရောင်ထက် သောင်းထောင်မက ထွန်းပကွန့်မြူးသော ရောင်ခြည်တော် ခြောက်စိုင်သည်တပြိုင်တည်း ဖြစ်ရကား လူများမှာ လုပ်ဆဲအမှုကို ရပ်တန့်၍မျှော်ကြည့်ကြ၏။

ဘာရဒွါဇသည် မြတ်စွာဘုရား ဆွမ်းရပ်လှာသည်ကို မကြိုက်ချေ။ အလုပ်ပျက်စေရန် ရောက်လာသည်ထင်၏။ “နတ်

သင်ကြား ကဲ့သို့ ထူးပြားထွန်းပသော ရောင်ဝါကျက်သရေ ဂုဏ် တို့ဖြင့် ပြည့်စုံပသော ဤသူမြတ်သည် လယ်လုပ် ကုန် ရောင်းဝယ်ခြင်းတို့၌ငါကဲ့သို့လုံ့လပြုမှုကား ဤဇမ္ဗူ ဒိပ် ငဝယ် သူရယှဉ်နိုင်သော လူအများတို့၏ပညာပြား ည ကျင်ကဲ့သို့ ဖြစ်ပါလျက် လူပျက်လူဖျင်း လူ စွမ်းဘို ၏ မ်းခလေ့ဖြင့် ရသေ့ရဟန်းပြုလေ၍ သူ ကျက် သရေ မြရှေသည်းစိမ်ကောင်းလျက် စားရန် ထမင်းကို တောင်း လာရသည်”ဟု ကြံ၍ပြော၏။

“ မြိုးသက်ရှယ် ရှုချင်ဘွယ်သော ရှင်ရဟန်း၊ ကျွန်ုပ်တို့ သည် ရှင်ကဲ့သို့ နှစ်မြိုသလောက် လှခေါင်ရေကသော ပြေယ်ဘွယ် ရောင်ဝါ လက္ခဏာကြီးငယ် အင်္ဂါဘွယ်တို့ ဖြင့် တယ်ပြည့်စုံသည် မဟုတ်ဘဲလျက် ပြုလုပ်အင်သော လုပ်ကမ္မစာရိတ္တတို့၌ လုံ့လပြုသဖြင့် စည်းစိမ်သခင် ဖြစ်တုံ သော်။ သင်ကဲ့သို့သောသူသည် ငါကဲ့သို့ လုံ့လပြုမှုကား အဘယ်အခါကျိုး မပြည့်ဖြိုးဘဲ ရှိရာအံ့နည်း။ မပေါ့ပျင်း လူ ချင်းလူ အောင် ကြံဆောင်ကြိုးကုတ် လုပ်ကောင်းပါလျက် သူတောင်းစားတို့အလေ့၌သာ အဘယ်ကြောင့်မွေ့လျော် ပါသနည်း”

“ပုဏ္ဏား၊ လယ်ထွန်ခြင်းကိစ္စကို သင်သာလျှင် လယ်ထွန် ခြင်းကိစ္စကို ပြုရသည်မဟုတ်။ ဝိမုတ္တိဖလကို မြင်ရခြင်း၏ အ ကြောင်း လယ်ကောင်းမြေတာကို ငါလည်း ပြုလုပ်အပ်သည် ပင်တည်း”

အင်္ဂါရှစ်ပါးဖြင့် ပြည့်စုံသော အသံတော်ဖြင့် မိန့်ကြား

သော ထိုစကားကို ကြားလျှင် ပုဏ္ဏားသည် အင်္ဂလိပ်စာ ပါတ်လိမ္မာ၍ ပညာရှိသူဖြစ်သဖြင့် ဤရဟန်းသည် ဖြစ်ဆန်းပြောသော မုသာဝါဒကိုလည်း ဆိုမည့်သူမဟုတ်၊ မည်ကဲ့သို့သောရည်ရွယ်ချက်ဖြင့် ဆိုပါလိမ့်ဟု စဉ်းစား၍မေးလေ၏။

"ရှင်ဂေါတမ။ သင်သည် လယ်လုပ်၏ဟု ဆိုပြီ။ သင်၏လုပ်ရာ လယ်တာခိုင်ဖြိုး လမိုင်းကြီးကိုလည်း ငါမမြင်။ သို့စဉ်ဖြစ်လျှင် ဘယ်အနက်ကြောင့် လိုက်ဖက်ကာသော မုသာဝါဒ အရောက်အောင် ပြောဘိသနည်း။ သင့်လုပ်နက်ကို အချက်ကျအောင် ပြပါဦးလော"

"ဘာရဒွါဇပုဏ္ဏား။

ငါသည် ပါတိမောက္ခသံဝရ သီလ၊ ဣန္ဒြိယသံဝရ သီလ၊ အာဇီဝပါရိသုဒ္ဓိ သီလ၊ ပစ္စယသန္နိဿိတ သီလတည်းဟူသော လယ်မြေအပြင်ကို တီထွင်ထွန်ယက်၍ ထက်သန်သော သဒ္ဓါမျိုးကို စိုက်ပျိုးပစ်ချသဖြင့် သမထဝိပဿနာ ဟူသော ရေကို နှေ့ညပွားစေလျက် အရိယမဂ်ဖိုလ်တည်းဟူသော အသီးကို ပြီးစီးရင့်မာစေသတည်း။ သမ္မာသတိ၊ သမ္မာသမာဓိတည်းဟူသော ထွန်တုံးထွန်သွားဝယ်သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမဟူသော နွားကိုကလျက် သမ္မာဒိဋ္ဌိ စသော နှင်တံဖြင့် အဖန်ဖန်ထွန်ယက်ရကား ငါဘုရားလည်း တရားလယ်မှုးပင်တည်း"

ဤသို့စသည်ဖြင့် တရားတော်ကို ဟောကြားတော်မူရာ ဘာရဒွါဇ ပုဏ္ဏားလည်း ကြီးမားသော ဉာဏ်အမြင်ရှိသူဖြစ်ရကားသစ္စာလေးပါး ရှေးဦးစွာမြင်သောသောတာပတ္တိဖိုလ်

သို့ရောက်ကာ လျှောက်ပတ်သော နေရာသို့ပင့်ကာ ဆွမ်းတော ဇဉ်ကပ်လှူ၏။

တဖန် ကျွန်ုပ်အား ယနေ့မှစ၍ ဥပါသကာ မှတ်တော်မူပါ ဆိုကာ သရဏဂုံယူ၏။ သားမယားနှင့်တကွ ဆည်းကပ်၏၊ မြတ်စွာဘုရားသည် ဝါကျွတ်သောကာလ ရာဇဂြိုဟ်သို့ ပြန် လည် ကြွတော်မူလေသည်။

ဦးစွာပေါက်သောကြက်

မြတ်စွာဘုရားသည် သာဝကကြီးတို့နှင့်တကွ သံသာဝါး ရာမျှ ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ဒေသစာရီ ကြွချီတော်မူရာ ဝါလပြီးသော အခါ၌ ဝေရဥ္စပြည်သို့ ရောက်ရှိကာ ထိုပြည် နှင့် မနီးမဝေး တောအုပ်အတွင်းရှိ ဝနပ္ပတိဘမာပင်ရင်း၌ သီတင်းသုံးတော်မူစဉ် လူအပေါင်းတို့လည်း မြတ်စွာဘုရားကို ဖူးမျှော်ရန် စုဝေးရောက်ရှိလာကြ၏။

ထိုပရိသတ်ထဲတွင်ပါဝင်သောဝေရဥ္စပုဏ္ဏားသည် မြတ်စွာ ဘုရားအား ဤသို့အပြစ်တင်လေသည်။

"အရှင်ဂေါတမ။ သင်သည် အသက်ကြီးသောပညာရှိ ပုဏ္ဏားတို့ကိုရှိခိုးခြင်း၊ ရိုသေခြင်း မရှိဟု ကျွန်ုပ်ကြားဖူး၏။ ယခုမျက်မြင်မှန်ချေပြီ။ သင်သည် သူတော်ကောင်း သူလိမ္မာ ပညာရှိဖြစ်လျက် အဘယ့်ကြောင့် ရိုသေအပ်သော ပုဏ္ဏား မြတ်တို့အားရိုညွတ်ခြင်း၊ ရှိခိုးခြင်းမပြုသနည်း"

"အချင်းပုဏ္ဏား၊ ငါဘုရားဝပ်တွားရိုကျိုး ရှိခိုးထိုက် သော လူနတ်ပြဟ္မာကို သုံးလွှာသောလောက၌တစုံတယောက် မျှ ငါမမြင်တော်မူ"

"အချင်ဂေါတမ။ သင်သည် အနှစ်သာရ ကင်းသော သဘောရှိ၏။ အညီအညွတ်ခံစားအပ်သော စည်းစိမ်မှုလည်း ကင်း၏၊ ကောင်းသောအမှုကိုပင်မပြုအပ်သောအကိရိယဝါဒ လည်းရှိ၏။ ကောင်းမှု၏ အကျိုးကို ဖြတ်ဘတ်သော ဥစ္ဆေဒ ဝါဒလည်းရှိ၏။ နတ်ပြည်၌ ပဋိသန္ဓေ နေကြောင်းမှုလည်း ကင်း၏။ ထို့ကြောင့် သင်သည် ရိုသေလေးမြတ်ဆည်းကပ် ထိုက်သောပုဂ္ဂိုလ် မဟုတ်"

မြတ်စွာဘုရားသည် ပုဏ္ဏား၏ စကားကို တိုက်ရိုက်အား ဖြင့်မပယ်ဘဲ ပရိယာယ်ဖြင့်သာဖြေတော်မူ၏။

"ပုဏ္ဏားဝေရဉ္စ၊ သင်သည် ငါဘုရားအား အရသာမရှိဟု ဆို၏။ ထိုအကြောင်းကား ဆိုထိုက်ပေသည့်သာတည်း။

ငါဘုရားသည် အကြင် ရူပရသ၊ သဒ္ဒရသ၊ ဂန္ဓရသ၊ ဖောဋ္ဌဗ္ဗရသ တည်းဟူသော ကာမဂုဏ်နှင့်စပ်သည့်ရသတို့ကို ပယ်ချအပ်ကုန်ပြီ။ ရူပါရုံကိုခံစားခြင်း၊ သဒ္ဒါရုံကို ခံစားခြင်း၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ခံစားခြင်းတို့ကိုလည်းအကြွင်းမဲ့ ပယ်အပ်ကုန်ပြီ။ ဤအကြောင်းကိုရည်၍ဆိုမူဆိုထိုက် သုပေ၏။

အဘိဝါဒနစသည်ကို မပြုခြင်းကြောင့်သာဆိုလျှင် မအို ထိုက်။ အကိရိယဝါဒရှိသည်ဆိုရာ၌ ငါဘုရားသည် ကာယ ဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးတို့ ကိုလည်းကောင်း၊ ဤမှတပါးများစွာသော မကောင်းမှုတို့ကို လည်းကောင်း မပြုကျင့်အပ်ဟူ၍ဟောတော်မူ၏။

ဥစ္ဆေဒဝါဒရှိ၏ဟုဆိုရာ၌ ငါဘုရားသည် ကာမဂုဏ်အာရုံ တို့၌ စုံမက်တပ်ငြိခြင်းတည်းဟူသော ရာဂတရား၊ ပြစ်မှားခြင်း

တည်းဟူသော ဒေါသတရား၊ ဘေ့ဒဝခြင်းတည်းဟူသော မောဟတရား၊ ဤမှတပါးများစွာသောအကုသိုလ်တို့ကို ပယ်ဖြတ်ပြီးသော များစွာသောဘော်ပူ၏။ ထို့ကြောင့် ထိုအကြောင်းတို့ကိုရည်၍ဆိုမူ သိုသိုက်ပေ၏။ အဘိဝါဒနစသည်ကို မပြုခြင်းကြောင့်သာဆိုမူ မထိုထိုက်ချေ”

ဤသို့ဆိုပြီးနောက် မြတ်စွာဘုရားသည် ဥပမာဖြင့် မိန့်တော်မူပြန်သည်မှာကား....

“အချင်းဝေရဉ္စ။

ဥပမာဖြင့် ငါဆိုဦးအံ့။ ဤလောက၌ ကြက်မတို့သည်ဥကို အကြလေပြီးသော် ထိုဥပေါ်၌ဝပ်လျက် ကြက်၏ရင်ငွေ့ အငွေ့အနံ့တို့ကို ထုံစေသဖြင့် အလုံးစုံသော အရေသည် ခြောက်ကပ်၍ လွှမ်းအပ်သော ဥခွံသည်ပါးသဖြင့် သားငယ်ဖြစ်သောကြက်သည် ထက်စွာသော နှုတ်သီးဖြင့် ပေါက်၍ ဖောက်ထွက်လာကြ၏။ ထိုပေါက်သမျှသော ကြက်သားငယ်တို့တွင် အကြင်ရှေးဦးကြက်သားငယ်ကို အဘယ်သို့ ခေါ်အပ်သနည်း။ အကြီးဟူ၍ခေါ်အပ်သလော၊အငယ်ဟူ၍ခေါ်အပ်သလော”

“အရှင်ဂေါတမ။ ရှေးဦးပေါက်သော ကြက်ကို အကြီးဟူ၍ ဆိုအပ်ပါသည်”

“အချင်းဝေရဉ္စ။

ဤလောက သုံးရွာ၌သတ္တဝါတို့သည်လည်း အဝိဇ္ဇာဟူသော ဥခွံသည် မြေးယှက်၍ မထွက်နိုင်ဘဲ မြင့်မြဲစွာဖြစ်ကြသည်တွင် ငါဘုရားသည် အများတို့ ရှေးဦးစွာ အဝိဇ္ဇာဟူ

သော ဥစ္စာကိုဖျက်၍ ဖောက်ထွက်နိုင်သောသူတည်း။ ထို့ကြောင့် သင်တို့ထက် ငါသာ ကြီးမြတ်စွာ၏။ လူတကာတို့ ရခြင်း၊ သိခြင်းငှာမထိုက်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး တရားအထူးကိုလည်း ရတော်မူ၏"

"အရှင်ဘုရားပင် စင်စင်ကြီးမြတ်သည် မှန်ပေ၏။ တရားဒေသနာသည် လွန်စွာ နှစ်သက်ဖွယ်ရှိပေ၏။ ဖုံးမှောက်ဝှက်ထားတွေကို လှစ်လှန်ပြသည့်သကဲ့သို့လည်းကောင်း၊ ခရီးမှားသောသူအား ညဥ့်လယ်မိုက်မှောင်ဝယ် တန်ဆောင် ဆီမီးထွန်းညှိဘိသကဲ့သို့လည်းကောင်း သိသာလှပေသည်။အံ့ဘွယ်ရှိစွ"

ပုဏ္ဏားသည် များစွာချီးပ၍ တေဝါစိကာသရဏဂုံခံယူကာ ဥပါသကာအဖြစ်သို့ ရောက်ပြီးနောက် ဤအရပ်တွင် ဝါကပ်တော်မူပါဟု တောင်းပန်၍ နေ့ရာကျောင်းကန်ကို စီမံလှူဒါန်း စေ၏။

ထိုအခါဝယ် ဤပြည်ရပ်ရွာ၌ ငတ်မွတ်ခြင်း ဘေးဖြစ်ပွား၍ သတ္တဝါတို့ အရိုးဖွေးဖွေးမျှ သေကြ၏။ ရတနာသုံးပါးကို ဖျက်ဆီးရန် ချောင်းမြောင်းနေသော မာရ်နတ်လည်း ဝေရဥ္စပုဏ္ဏားနှင့် ပြည်သူတို့အား သွေးဆောင်ခွင့်ရသဖြင့် ဘုရားကိုစွဲ ကို လုံးဝမေ့လစ်ကြလေသည်။ သံဃာတော်တို့ သပိတ်ဆွဲကာ ဆွမ်းခံပါသော်လည်း လုံလောက်သောဆွမ်းကို မရကြသဖြင့် ဥတ္တရာပထတိုင်းမှ လာသော မြင်းကုန်သည်တို့ လှူဒါန်းလိုက်သည့် တကွမ်းစားမျှသော မုယောဆန်ကို ယာဂုကျိုကာ ဝေငှ ဘောဂ်ရန် သံဆုံဖြင့် ထောင်းကြ၏။

သံဆုံထောင်းသံကို ကြားသဖြင့် အရှင်အာနန္ဒာကို မေးတော်မူကာ မြတ်စွာဘုရား သိတော်မူလျှင် မြတ်စွာဘုရား သာဓုခေါ်၍ ချီးကျူး၏။

“သူတော်ကောင်းဖြစ်ကုန်သော သင်တို့သည် ငြိုငြင်ဆင်းရဲစွာလျက် သိက္ခာပုဒ်ကို မဖျက်ဘဲ အသက်မွေးကြခြင်းသည် ငါဘုရား၏သာသနာ၌ နောင်လာလတံ့သောရဟန်းအပေါင်းတို့အား ကောင်းစွာချီးမြှောက်သည် မည်၏။”

များမကြာမီ လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မောဂ္ဂလာန်သည် ငတ်မွတ်နေသောရဟန်းများနှင့် ငတ်မွတ်သေကြသော လူများကို ကယ်ဆယ်ရန်အတွက် “ပံသုပထဝီ၏အောက် ကျောက်မြေ၏အဆက်၌ မြေးယှက်ကာ တည်သော ပျားလဘို့ပမာ ဩဇာစိုင်အသွင် သန့်စင်ကောင်းမြတ်စွာ အရသာဖြင့် ပြည့်စုံသော မြေလွှာ”ကိုယူ၍ ကျွေးမွေးခွင့်ပြုပါရန် မြတ်စွာဘုရားအား လျှောက်ထား၏။

မြတ်စွာဘုရားသည် ခွင့်ပြုတော် မမူပေ။ အကြောင်းမူ ဒုဗ္ဘိက္ခန္တရကပ်သည် ဤတကြိမ်သာမဟုတ်၊ နောင်တွင်လည်း ကြိမ်ဖန်များစွာ ဆိုက်ရောက်ဦးမည်ဖြစ်ရာ ထိုအခါ ရှင်မောဂ္ဂလာန်ကဲ့သို့ မြေဆီကိုယူပေးနိုင်သော ရဟန္တာမရှိနိုင်လျှင် သူတော်ကောင်း ရဟန်းစစ် မရှိ၍သာ ဤသို့ဖြစ်ရသည်ဟု ကြည်ညိုခြင်း ပျက်နိုင်သောကြောင့်ပေတည်း။

တရံသောအခါ လက်ျာတော်ရံ အရှင်သာရိပုတြာသည် “အဘယ်ဘုရားတို့၏ သာသနာသည် ရှည်မြင့်စွာတည်၍ အဘယ်ဘုရားရှင်တို့၏ သာသနာသည် ရှည်မြင့်စွာမတည်သနည်း၊

အဘယ်ကြောင့်နည်း”စသည်တို့ကိုရှုကြည့်တော်မူရာ မိမိဉာဏ်ဖြင့် အကုန်အစင် မမြင်နိုင်ရာကား ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်လျှောက်ထားရလေ၏။

“ချစ်သား သာရိပုတြာ။ ကိုးဆယ့်တကမ္ဘာထက်၌ ပွင့်တော်မူသော မြတ်စွာဘုရား၊ ၎င်းနောက် ပွင့်တော်မူသော ဝိပဿီဘုရား၊ ၎င်းနောက်ပွင့်သော သိခီဘုရား၊ ဝေဿဘူဘုရားတို့သည် သာဝကတို့အား တရားများစွာ မဟောကုန်။ ဝိနည်းသိက္ခာလည်း များစွာ မပညတ်၊ အာဏာပါတိမောက်လည်းမပြ၊ သုတ္တဂေယျဂါထာ စသော ဒေသနာတို့လည်း အနည်းငယ်သာဖြစ်၍ သံဃာတော်တို့သည် ဩဝါဒပါတိမောက်ဖြင့် ဥပုသ်ပြုခြင်းကိုခြောက်နှစ်တကြိမ်သာပြုကြ၏။ထို့ကြောင့် တရားဒေသနာသည် အနည်းငယ်သာရှိ၏။ သာသနာသည် ရှည်မြင့်စွာ မတည်ဘဲ သာဝက တဆက်နှစ်ဆက်သာ တည်ပြီး ကွယ်ပျောက်လေ၏”

ကကုသန်၊ ကောဏဂုံ၊ ကဿပမြတ်စွာဘုရားတို့က သံဃာတို့အား လခွဲတကြိမ် ဥပုသ်ပြုစေသည်။ ပညတ် ဟောကြားသော တရားဒေသနာလည်း များလှသည်။ တရားဒေသနာတို့သည် သီတံချည်ဖြင့် ကုံးသီအပ်သော ပန်းကဲ့သို့ ကောင်းမွန်စွာတည်၏။ ပရမ်းပတာမရှိကုန်။ ထို့ကြောင့် ထိုဘုရားတို့၏ သာသနာတော်သည် ရှည်မြင့်စွာတည်လေသည်”

ထိုအခါ အရှင်သာရိပုတြာလည်း သာသနာရှည်စွာတည်တန့်ပအောင် ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူပါ၊ တရား ဒေသနာကို များစွာဟောတော်မူပါလျှောက်သဖြင့် အချိန်အခါ

အလျှောက် အပြစ်တို့ကို ဖျောက်ခြင်းငှာ သိက္ခာပုဒ်ကို ပညတ်ရလတံ့ဟု မိန့်တော်မူပေ၏။

မြတ်စွာဘုရားလည်း ဒွါဒသမဝါကျွတ်၍ ပဝါရဏာပြုပြီးသော် မူလပင့်ဖိတ်သော ဝေရဥ္စပုဏ္ဏားအား ဤဌာနမှခွာတော့မည်အကြောင်း ခွင့်ပန်တော်မူသည်။ ပုဏ္ဏားလည်း မိမိ၏ မေ့လျော့နေမိခြင်းကို ထိုအချိန်ကျမှ တောင်းပန်၍ မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ဆွမ်းသင်္ကန်းဖြင့် လှူဒါန်းပူဇော်လေတော့သည်။

ကြိုးချည်ထားသောကျီး

ဘမှာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် စာလိယတောင်ခြယား တော၌ တေဇသမဝါကပ်တော်မူပြီး စုဒ္ဒသမဝါကို သာဝတ္ထိ ပြည်၌ ကပ်တော်မူသည်။ ထိုအခါ ဂယာရွာအနီး အမှိုက်ပုံ၌ နေသော ဘီလူးဆိုးနှစ်ဦးအား ဆုံးမယဉ်ကျေးစေတော်မူ၏။

ကဿပမြတ်စွာဘုရား လက်ထက်တော်၌ မယဉ်ကျေးသော ရဟန်းတပါးသည် ရှိ၏။ တနေ့သောအခါ ထိုရဟန်းသည် မိမိ၏ ဆရာတို့နေရာဖြစ်သော သံဃာ ညောင်စောင်းအင်းပျဉ်၌ အညစ်အကြေး ချေးစေးရှိသောကိုယ်ဖြင့် အနီးမခံဘဲ တက်အိပ်၏။ ၎င်းသည် သေလွန်သောအခါ ထိုမကောင်းမှုကြောင့်လည်းကောင်း၊ မိမိ၏ *မာန **မက္ခ *** ပလာသအဟုန့်

---

* မာနတက်ကြွခြင်း။

** သူ့ကျေးဇူးကို ဖြေဖျက်ခြင်း။

*** အဘင်းအဖျင်းပြောခြင်း။

ကြောင့် မဟာဗောဓိပင်အနီး ဂယာရွာကြီး၌ နတ်ဘီလူးဖြစ်လာ၏။ ကထိန်သက်နိုး ချုပ်သော အပ်နှင့်တူသည့် အမွေးများ ရှိသည့်အတွက် သုစိလောမ အမည်ရလေသည်။

ထိုရဟန်းနှင့်တချိန်တည်းပင် သံဃာတို့၏ ပစ္စည်းကို လိမ်ညာပြီး ယူလေ့ရှိသော ဥပါသကာတယောက် ရှိခဲ့၏။ ၎င်းသည် ဆန်းကြယ်ကောင်းမွန်သော သံဃိကနေရာ၌ တက်၍ အိပ်စက်ခဲ့၏။ သံဃာတို့ ခွဲခြမ်းဝေဖန်မပြုရသေးသော ဆီကို ယူ၍ ကိုယ်တွင်လိမ်း၏။ ထိုမကောင်းမှုကြောင့် သုစိလောမ အနီးတွင် ဘီလူး ဖြစ်လာကာ ဖွတ်ကျောကုန်း၊ မိကျောင်း ကျောကုန်းကဲ့သို့ ကြမ်းတမ်းသောကိုယ် ရှိရကား ခရလောမ အမည်တွင်၏။

မြတ်စွာဘုရားသည်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စံနေတော်မူသော တနံနက်၌ မဟာကရုဏာ သမာပတ်ဖြင့် ရှုကြည့်တော်မူရာ ချွတ်ဖွယ်သင့်သော သတ္တဝါအဖြစ် ထိုဘီလူးတို့ကိုမြင်သဖြင့်တိမ်နိုလာအဆင်းနှင့်တူသောသက်န်းကို ရုံ၍ တပါးတည်းကြွလာတော်မူကာ အညစ်အကြေးတို့ပြည့်လျှောင်းလျက် မကောင်းသော အနံ့လှိုင်သော နေရာကိုပင် မြတ်သော ဂန္ဓကုဋိပမာ ဝင်၍ထိုင်တော်မူ၏။

သုစိလောမသည် မြတ်စွာဘုရားအား များစွာသော ကြောက်မက်ဖွယ် သဏ္ဌာန်များပြုလုပ်ပြသော်လည်း မြတ်စွာဘုရားကား မည်သို့မျှမဖြစ်ချေ။ ထိုအခါ ဘီလူးသည် "ဤရဟန်းကား သတိပညာ များစွာရှိသောကြောင့်သာ မထိတ်မလန့်တည်ပေသည်"ဟု ကြံ၍ သိချင်သော ပြဿနာများကို မေး၏။

"အရှင်ရဟန်း။

ကျွန်ုပ်တို့၏ခန္ဓာအစဉ်၌ ရာဂသည်လည်းကောင်း၊ ဒေါသသည်လည်းကောင်း အဘယ် အကြောင်းကြောင့် ဖြစ်လေသနည်း။ မမွေ့လျော်ခြင်းသည် လည်းကောင်း၊ မွေ့လျော်ခြင်းသည် လည်းကောင်း၊ ကြက်သီးမွေးညင်း ထခြင်းသည် လည်းကောင်း အဘယ်အကြောင်းကြောင့် ဖြစ်လေသနည်း။ ရွာသူ သားငယ်တို့သည် ကျီးကိုဖမ်းပြီး၍ ကြိုးရှည်များ လျှောလွှတ်ထားဘိသကဲ့သို့ မိစ္ဆာဝိတက်တို့သည်အဘယ်တရားမှ အကြောင်းရှိသောကြောင့် ကုသိုလ်စိတ်ကို စွန့်လွှတ်ကုန်ဘိသနည်း"

"သုစိလောမဘီလူး။

သင့်တို့၏ခန္ဓာအစဉ်၌ဖြစ်သော တပ်မက်ခြင်း ရာဂသည်လည်းကောင်း၊ ကြမ်းတမ်း ပြစ်မှားခြင်း ဒေါသသည်လည်းကောင်း ဤအတ္တဘောတည်းဟူသောအကြောင်းရှိ၏။ မွေ့လျော်ခြင်း၊ မမွေ့လျော်ခြင်းနှင့် ကြက်သီးမွေးညင်း ထခြင်းသည်လည်း ဤအတ္တဘောရှိသောကြောင့်သာဖြစ်၏။ သူငယ်တို့သည် ကျီးကိုဖမ်း၍ ကြိုးရှည်များ လျှောလွှတ်ထားကုန်သကဲ့သို့ * ဝိတက်သုံးပါးတို့သည် ဤအတ္တဘောမှ အကြောင်းရှိသောကြောင့် ကုသိုလ်စိတ်ကို စွန့်လွှတ်ကုန်၏"

မြတ်စွာဘုရားသည် အ[illegible]အပွား ဖြေသော် လည်း ဘီလူး မှတ်မိနိုင်မည် မဟုတ်သောကြောင့် အကျဉ်းနည်းဖြင့်

* ဝိတက်သုံးပါး—ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်။

သာ ဖြေတော်မူ၏။ ဘိလူးသည် ဝမ်းသာအားရ ရှိသော်လည်း ပြက်ပြက်ထင်ထပ် သိမြင်နားလည်ခြင်းမရှိသေးသဖြင့် တွေ့မှိုင်လျက်နေသည့်အတွက် ထပ်မံ၍ နှစ်ဂါထာကို ဟောတော်မူ၏။

"သုစိလောမဘီးလူး။ ထိုရာဂဒေါသအစရှိသော တရားတို့သည် ချစ်ခင်သောတဏှာဟူသောအစေးအညှိကြောင့်ဖြစ်ကုန်၏။ပညောင်ပင်၏ပင်စည်မှဖြစ်သော ဖြစ်ပျဉ်းကဲ့သို့ အတ္တဘောကို စွဲ၍သော လွန်စွာပွားစီးကုန်၏။ ပင်စည်အခက်အောက်ထက်လွှမ်းအုပ် မြွေးယှက်ချိုပ်သော မာလောနွယ်ကဲ့သို့ များစွာကုန်သော ကိလေသာတို့သည် ကိလေသာကာမဂုဏ်၊ ဝတ္ထုကာမဂုဏ်တို့၌ ပြင်းစွာငြိတွယ် ယှက်နွယ်လွှမ်းမိုးကုန်၏။

ဘီလူး နားသောင်။

အကြင်ပညာရှိသော သူတို့သည် အကြင်အတ္တဘောဟူသော အကြောင်းရင်းရှိသော ထိုရာဂအစရှိသော ဒုက္ခသစ္စာကို သိကုန်၏။ ထိုသိကုန်သောသူတို့သည်ထိုဒုက္ခ၏ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကို ပယ်ဖျောက်ကုန်၏။ထိုပယ်ဖျောက်ကုန်သော သူတို့သည် ကူးမြောက်ခြင်းငှာ ခဲယဉ်းစွာသော၊ မကူးမြောက်ဖူးသော ဩဃ သံသရာ တည်းဟူသော အလျဉ်ကို ကူးမြောက်ကုန်၏။ တဖန်ဘဝသစ်၌ မဖြစ်ခြင်းငှာဖြစ်၏"

တရားတော်ကို ကြားနာရသောခဏ၌ သုစိလောမသည် သောတာပတ္တိဖိုလ်ကိုရ၍ ပထမ ဖလဌဝန်ဖြစ်လေရာ ကြေ်ာက်မက်ဖွယ်အဆင်းနှင့် ဗမ္မားတို့ ကွယ်ပျောက်လေ၏။ခရလော

မလည်း တရားတော်ကို နာရသဖြင့် ထိုနည်းတူပင်ဖြစ်၏။

တန့်တည်းသောအဖျင်းသီး

လောကသုံးပါး၏ထွတ်သား မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တခုသောနံနက်၌ မဟာကရုဏာ သမာပတ်ဖြင့် ကြည့်တော်မူသောအခါ အင်္ဂုလိမာလကို မြင်တော်မူ၏။

မြတ်စွာဘုရားနှင့်တွေ့၍ တရားဟောရမူ အင်္ဂုလိမာလသည် တဂါထာဖြင့်ပင် သစ္စာလေးပါးကို မြင်မည်။ ဘုရားနှင့်မတွေ့လျှင် အနန္တရိယကံထိုက်၍အဝီစိငရဲ၌ရှည်မြင့်စွာခံရမည်။

ထိုအကြောင်းကြောင့် မြတ်စွာဘုရားသည် မြို့တွင်းသို့ တပါးတည်း ဝင်တော်မူပြီးနောက် အင်္ဂုလိမာလရှိသော တောအုပ်သို့ ကြွတော်မူရာ အစအဝေးဖြင့် အလုပ်လုပ်နေကြသူများမြင်လျှင် အန္တရာယ်ကိုပြ၍ လျှောက်သားတားဆီးကြ၏။ မြတ်စွာဘုရားသည် ဆက်လက်ကြွလာကာ အင်္ဂုလိမာလတို့သားအမိကြား၌ ရပ်တော်မူ၏။ အဘယ်ကြောင့်ရပ်ရသနည်းဟူမူ အင်္ဂုလိမာလသည် မိခင်ရင်းကို သတ်ဖြတ်၍ လက်ညှိုးမယူနိုင်စေရန်ဖြစ်၏။

အင်္ဂုလိမာလသည် အဘယ်ကြောင့် မိခင်ကိုသတ်၍ လက်ညှိုးယူချင်ရသနည်းဟူမူလက်ညှိုးတထောင်ပြည့်ရန်တချောင်းသာလိုတော့သည်။ ရက်ရှည်လများ အိပ်ပျက် စားပျက် ခံခဲ့ရသည့် ဆင်းရဲကို ဆက်လက် မခံနိုင်သောကြောင့် မိခင်ကိုပါ မရှောင်လိုသောစိတ်ဆိုး ဖြစ်ပေါ်လာသည်။

အဘယ်ကြောင့် လက်ညှိုးတထောင် လိုချင်ရသနည်းဟူမူ အကြောင်းရင်းမှာ ဤသို့ဖြစ်ပေ၏။ လွန်ခဲ့သောနှစ်အနည်း

ယ်က ကောသလတိုင်း၊သာဝတ္ထိပြည် ပသေနဒီ ကောသလ မင်းကြီး၏ ပုရောဟိတ် အန္တကပုဏ္ဏား၏မယား မန္တာနီတွင် သားတယောက် ဖွားမြင်၏။ တပြိုင်နက်ပင် တပြည်လုံးရှိ ဓား လှံလက်နက်များ အရောင်တောက်ပ၏။ ပုဏ္ဏားလည်း နက္ခတ် ကြည့်သောအခါ ထိုကလေးကြီးလျှင် လူဆိုးလူသွမ်းဖြစ်မည် ကို မြင်သဖြင့် ဘုရင်အား လျှောက်ထား၏။

ဘုရင်လည်း ထိုသူငယ်ကား တကိုယ်တည်း ဆိုးသွမ်းမည် လော၊ ခြွေရံအများနှင့် တိုင်းကားပြည်ရွာကို ပုန်ကန်မည် လော မေးရာ တကိုယ်တည်းသာ ဖြစ်ပါသည်ဖြေ၏။

"တယောက်တည်းသော ခိုးသားဖြစ်မူ အဘယ်မူ၍ ဂရု ပြုတော့အံ့နည်း။ စပါးတသိန်းထွက်သော လယ်၏အတွင်း 'တန္ဒုတည်း အဖျင်းသီးသကဲ့သို့' ဖြစ်ရာသည် မဟုတ်လော။ ကောင်းမွန်စွာသာ မွေးမြူစောင့်ရှောက်လော့"ဟု ဘုရင်ခွင့် ပေးသဖြင့် ပုဏ္ဏားသည် မိမိတို့အမျိုးအနွယ်ကို မဖျက်ဆီး လတံ့ဟူသော ပုဗ္ဗနိမိတ်ကိုယူ၍ အဟိံသက အမည်ပေး၏။

အဟိံသကသည် အရွယ်ရောက်သောအခါ ရပ်ဝေးရှိ ဒိသာပါမောက္ခဆရာထံ၌ *ဓမ္မန္တေဝါသိကပြု၍ အတတ် သင်၏။ ချစ်သနားအောင် ပြောဆိုတတ်ခြင်း၊ ဝတ်ကြီးဝတ် ငယ်တို့ကို ဆောင်ရွက်ပေးခြင်းကြောင့် ဆရာသည် ချစ်ခင်စွာ ဖြင့် ပညာသင်ပေး၏။ ရင်ထွက်သားကဲ့သို့ သနား၏။သင်သမျ

---

* ဓမ္မန္တေဝါသိက....ဆရာစား အခမပေးဘဲ အလုပ်အကျွေး ပြု၍ သင်ယူသောတပည့်။

ပညာကို အဟိံသကသည် ဟူးကဲစွာတတ်၏။ ဆရာသည်လည်း အခြားတပည့်တို့အား သတိမရသောနှယ် ရှိ၏။

ထိုကာခါ အဟိံသကကို မနာလိုသော တပည့်များသည် သုံးစုခွဲကာ တစုပြီးတစု ဆရာထံ ချဉ်းကပ်၍ ဂုံးချောစကားကိုဆိုကြ၏။ ၎င်းတို့ဆိုသောစကားမှာ ဆရာ့မယားနှင့် အဟိံသကကို ယိုးစွပ်ခြင်းဖြစ်ရာ ဆရာသည် ပထမတွင် ဂုံးချောသူများကိုပင် တံတွေးဖြင့်ထွေးလွှတ်သော်လည်း တစုပြီးတစု ဂုံးချောခြင်းကြောင့်လည်းကောင်း၊ အဟိံသကအား ဆရာ၏မယားနှင့် သားသမီးကပါ ချစ်ခင်ရာနေ့သောကြောင့်လည်းကောင်း၊ ဆရာမှာ တပည့်အား အထင်မှား၍ သတ်ချင်စိတ်ပေါ်လာလေ၏။

သို့သော် ဆရာက တပည့်ကိုသတ်လျှင် လူကြား၍မလျော်သောကြောင့် ဥပါယ်တမျည်ဖြင့် သေကြောင်းကြံပုံမှာ ငါသိသမျှပညာကို အကြွင်းမထား လွန်ကဲလှူးမြတ်စွာ သင်ပေးမည်။ ယင်းအတွက် ထူးကဲသောပူဇော်မှုအဖြစ် လက်ညှိုးတထောင်ဆက်ရမည်ဆို၏။ အဟိံသကလည်း လက်နက်ငါးမျိုး ကိုင်စွဲလျက် တောအုပ်တခု၌နေကာ တွေ့သမျှလူတိုင်းကို သတ်ကာ လက်ညှိုးနှစ်ချောင်းကိုယူပြီး ချုံကြားသစ်ပင်ခွ၌ထားရာ မစုမိချေ။ ထို့ကြောင့် ကြိုးသီကာ လည်ပင်းတွင် စွပ်ထားလေရာ ထိုအခါမှစ၍ အင်္ဂုလိမာလ အမည်တွင်ချေသည်။

အင်္ဂုလိမာလသည် လူအသွားအလာမရှိသောအခါ ရွာထဲဝင်ပြီး လူကိုသတ်ကာ လက်ညှိုးကိုဖြတ်၏။ သုံးယူဇနာခရီးကို တဟုန်တည်း ပြေးနိုင်သဖြင့် မည်သူမျှ မဖမ်းနိုင်ချေ။ ရွာ

ငယ်ရွာကြီးများသည် ပျက်စီးကုန်ကာ သာဝတ္ထိအနည်းငယ်
သာ ကျန်ကာရှိ၍ နေကြသောအခါ ကောသလမင်းကြီး ကြား
သိသဖြင့် အင်္ဂုလိမာလကို ဖမ်းဆီးရန် ပြင်ဆင်တော့သည်။
ထိုသတင်းကို ပုဏ္ဏားကြီးမှာဆင့် ပုဏ္ဏားမကြားသောအ
ခါ ဘုရင်၏လက်တွင် သားကိုမသေစေလိုသောမိခင်၏ ချစ်ခင်
စေတနာဖြင့် အင်္ဂုလိမာလရှိသော တောထဲသို့ ဝင်လာ၏။
အင်္ဂုလိမာလလည်း မိခင်မှန်းမသိဘဲ ဤမိန်းမကို သတ်အံ့ဟု
စောင့်နေစဉ် မြတ်စွာဘုရား ကြွလာတော်မူလျှင် ဤရဟန်းကို
ပင် သတ်အံ့ဟု ကြံလျက် ပြေးထွက်လာ၏။ သို့ရာတွင် ဗုဒ္ဓါဘိ
သင်္ခါရကြောင့် မြေကြီးသည် လှိုင်းတံပိုးထသော ရေကဲ့သို့
မောက်တုံနိမ့်တုံ ခလုံခလုထသဖြင့် အင်္ဂုလိမာလသည် ခြေမျှ
မလှမ်းနိုင်ဘဲရှိ၏။
မြေပြင်ညီညွတ်သွားပြန်လျှင် အင်္ဂုလိမာလသည် တော
မီးလောင်သကဲ့သို့ အာခေါင်အာရင်းအသံကိုဟစ်လျက် အား
ကုန်သွန်၍ ပြေးလိုက်သော်လည်း အပါးသို့မကပ်နိုင်၊ ခ
မရောက်ဘဲရှိကာ သုံးယူဇနာပေါက်သောအခါ ချွေးယိုစီး၍
ပင်ပန်းလှ၏။
ငါသည် ရှေးယခင်က သမင်ဒရယ်ကိုမျှ မလွတ်စေရ၊ ယခု
ကား ဖြေးဖြေးသွားသော ဤရဟန်းကိုမမှီ၊ ထူးကဲလှစွဟု
ကြံ၍ "ရှင်ရဟန်း၊ ရပ်ဦး" ဟု ဆို၏။
"ငါကား ရပ်သည်၊ သင်သာမရပ်"
"ရှင်ရဟန်းဟည် မတန်မနား သွားလျက်ကိုပင် ငါရပ်၏။
ကျွန်ုပ် ရပ်နေသည်ကိုကား သင်သာမရပ်ဟု အဘယ်ကြောင့်
ဆိုသနည်း"

"အချင်း အင်္ဂုလိမာလ ငါသည် ပါဏာတိပါတ စသော မကောင်းမှုဒုစရိုက်တို့၌ မလိုက်မစား၊ ကြည်ရွှင်ရွှင်ရွှသည် ဖြစ်၍ အပယ်လားခြင်းမရှိ၊ သုဂတိဘဝဟို၏ အထွတ်အထိပ် ဖြစ်သော နိဗ္ဗာန်လမ်း၀၌သာ တည်ရကား ငါသည် ရပ် သောသူမည်၏။သင်ကား ဒုစရိုက်တရားတို့ကို များစွာပြုလေ့ ရှိသည်။သတ္တဝါခပ်သိမ်းတို့အား သနားချစ်ခင်ခြင်း မရှိသည်၊ မကောင်းသောအကျင့်စာရိတ္တ မရှိသည်ဖြစ်၍ စုတေသောအခါ ၌၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသုရကာယ်ဟူသော အပယ်လေး ခွင်သို့ စင်စစ် သွားအံ့သောသူဖြစ်ရကား ရပ်နားသည်မမည်၊ သွားသည်ပင် မည်၏။ ထို့ကြောင့် ငါကား ရပ်၏၊ သင်သာ မရပ်ဟူ၍ ငါဆိုသတည်း"ဟု မိန့်တော်မူ၏။

ထိုစကားကိုကြားလျှင် အင်္ဂုလိမာလသည်း "အနှစ်အရ သာရှိလှပေ၏။အသက်တည်သမျှ အောက်မေ့ထိုက်သည့် ဤ ကွဲသို့သော စကားကို ဆိုဟတ်သောသူသည် ဘုရားဆိုသော ပုဂ္ဂိုလ်ပင်ဖြစ်ရသည်။ငါမကောင်းမှု၌ရှည်မြင့်စွာကျင့်မှားနေ ၍ ဒုဂ္ဂတိသို့ လားအပ်သည်ကိုမြင်သဖြင့် မြတ်စွာဘုရား သနား တော်မူလှ၍ တောကြီးမြိုင်ဝသို့ ကြွလာတော်မူဟန် တူ၏။"

ထိုသို့စဉ်းစားမိသည်နှင့်တပြိုင်နက် လက်နက်တို့နှင့် လက် ညှိုးတို့ကို ရေအိုင်ကြီး၌ပစ်ချကာ မြတ်စွာဘုရားအား ရှိခိုး တောင်းပန်ရာ ဒေသနာတော်ကိုပြု၍ ဟေဟိဘိက္ခု ခေါ်တော် မူ၏။

အရှင် အင်္ဂုလိမာလသည် ပါဏာတိပါတကံ၏ နိဿန္ဒမှ အကျိုးဆက်ကြောင့် ဆွမ်းတဇွန်း တယောက်မျှ ခံယူ၍မရ၊

အုတ်ခဲ၊ လှံတံတို့ဖြင့်သော အပစ်ခံရ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အင်္ဂုလိမာလသုတ်ဟု ယခုအခါ လူများသိနေကြသော ပရိတ်တော်ကို သင်ကြားပေးမှ မာတုဂါမများအား ကိုယ်ဝန်မှ အထမြောက် ချမ်းသာစေရန် ထိုပရိတ်တော်ကို ဟောကြား၏။ လူအပေါင်းလည်း အမုန်းတရား ပျောက်ကွယ်ကာ သဒ္ဓါပသာဒန္နဖြစ်၍ ချဉ်းကပ်ပူဇော်ကြလေတော့သည်။

အတောင်ပြက်သော ကျီးကဲ့သို့

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းစံပယ်တော်မူစဉ် တခုသော နံနက်ဝယ် သဗ္ဗညုတဉာဏ်စက္ခုဖြင့် လောကကို ရှုကြည့်တော် မူသောအခါ အာဠဝိမင်းသားနှင့် အာဠာဝကဘီလူးတို့ကို မြင်တော်မူသဖြင့် ထိုနေ့လကွယ်ညတွင် ကိုယ်တော်တည်းသာလျှင် ပရိက္ခာရာမျှစ်ဖော်ကိုဆောင်၍ ယူဇနာဝေးသော အာဠဝီပြည်သို့ ကြွလာတော်မူ၏။

မင်းနေပြည်တော်မှ တဂါဝုတ်ကျော်ကွာသော နေရာ၌ ကြီးမားသောညောင်ပင်ကြီးရှိ၏၊ တံတိုင်း၊ မြို့ရိုး၊ ပြအိုး၊ ပစ္စင်၊ ရင်လျှောက် ရင်တား၊ တံခါး၊ ကျုံးမြောင်းတို့ဖြင့် ခမ်းနားကြီးကျယ်သော အာဠာဝကဘီလူး၏ ဗိမာန်သည်ရှိ၏။ ဗုဒ္ဓမြတ်စွာဘုရားသည် ထိုဗိမာန်တံခါးဝ၌ရပ်၍ တံခါးစောင့်ဘီလူးအား တညတာတည်းခိုခွင့်တောင်းသော် အာဠာဝက၏ ရိုင်းပြခြင်းကိုဖော်ပြ၍ မတည်းရန်တောင်းပန်၏။ မြတ်စွာဘုရားလည်း ဗိမာန်ထဲဝင်ကာ အာဠာဝက၏ရာဇပလ္လင်ထက်၌

ခံတော်မူရာအာဠာဝကာ၏မောင်းမများခစားပူဇော်လာသဖြင့် လျောက်ပတ်သောတရားကို ဟောကြား၏။

တံခါးစောင့်ဘီလူးသည် ဟိမဝန္တာရှိ အစည်းအဝေးသို့ လိုက်သွားကာ အာဠာဝကဘီလူးကို သတင်းပေးရာ "ငါ ကဲ့သို့သောသူ၏ဗိမာန်ကို မရှုံ့မလေးစား ဘုရားဆိုသူဝင်၍ နေခြင်းသည် ကြားတွင်းမျှမတင့်တယ်၊ ရှက်ဖွယ် ရှိလှသည်။ ဆိတ်ဆိတ်သာနေ။ ပြုခွင့်ရှိသမျှ ငါပြုမည်၊ သူမသိစေလင့်" ဟု ဆို၏။

ထိုအချိန်တွင် သာတာဂိရိနတ်နှင့် ဟေမဝတ နတ်တို့သည် နတ်အစည်းအဝေးသို့သွားရာ အာဠာဝက၏ဗိမာန်ပေါ်မှဖြတ် ကျော်မြဲအတိုင်း ဖြတ်ကျော်ကြသည်တွင် ပေါ်သိုက်သောခဲမြေ ပြင်သို့ ကျသကဲ့သို့ စီးသောယာဉ်နှင့်တကွ ကျသဖြင့် ထိုအ ကြောင်းကိုစုံစမ်းကြ၏။ မြတ်စွာဘုရားကိုတွေ့လျှင်ဝင်ရောက် ပူဇော်ပြီးမှ ခရီးဆက်ကြ၏။

ရင်းသာတာဂိရိနှင့်ဟေမဝတနတ်တို့သည် အာဠာဝကကို တွေ့သောအခါ ဝမ်းသာအားရဖြင့် "အဆွေ အာဠာဝက၊ ယနေ့ သင်သည် အရတော်ပေစွ၊ မြတ်စွာဘုရားသည် သင်၏ ဗိမာန်၌ စံနေတော်မူသည်။ မြန်စွာသွား၍ ဆည်းကပ်ပူဇော် လေလော့" ဆိုကြ၏။

ထိုစကားကိုကြားသော် သီလမရှိသော သူအား သီလ စကားကိုကြားလျှင် နားနှစ်ဖက်အတွင်း၌ တံသင်းနှက်ဟန် ထင်သကဲ့သို့လည်းကောင်း၊ ပိတ်ဆို့ဝန်စိုသောသူအား အလှူ စကားကိုကြားလျှင် နားပါးနင့်၍သွားသကဲ့သို့လည်းကောင်း ကြည်ဖြူခြင်း သဒ္ဓါတရားကင်းသော အာဠာဝကသည်လည်း

မြတ်စွာဘုရား၏ ကျေးဇူးစကားကိုကြားလျှင် မျက်နှာထား မရွှင် ခါးချဉ်သော ဒေါ်သစိတ်ကြွ၍ ပုလှသောအိုးကင်း၌ ချလိုက်သော ဆားကဲ့သို့ အချက်အားဖြင့် ဖျစ်ဖျစ်မြည်လျက် "မရည်မင် ငါ့ဗိမာန်တွင် ဝင်၍နေသော ဘုရားဟူသည် ဘယ်သို့သောသူနည်း။သတ်မည်၊ စားမည်၊ထွားထွားကြေစိမ့်မည်" ဟု ကြုံးဝါးလေ၏။

"အချင်းအာဠဝက။ သင်သည် ငါတို့ဆရာ မြတ်စွာဘုရားကိုမျှမသိလေ"ဟုအစချီကာ ပဋိသန္ဓေနေသည်မှ ဓမ္မစကြာတရား ဟောတော်မူသည်အထိ ထင်ရှားစွာ ဖြစ်ပုံများကို ပြောပြ၍ "သင်မမြင်သလော" မေး၏။ အာဠဝကလည်း သိလျက်မြင်လျက်နှင့် "မသိ၊မမြင်"ဟု ဒေါသဖုံး၍ ဆို၏။ ထိုအခါ သာတာဂိရိနှင့် ဟေမဝတနတ်တို့က ဤသို့ဆို၏။

"အချင်း အာဠဝက။

သင်မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ သင်၏မြင်ခြင်း–မမြင်ခြင်းသည် အကြောင်းမဟုတ်၊ သမ္ဗုဒ္ဓစစ် ဖြစ်တော်မူသော ငါတို့ဆရာ မြတ်စွာဘုရားကို သင်ကား အသို့ပြုနိုင်အံ့နည်း။

မြတ်စွာဘုရားနှင့် သင့်ကို စာ၍ဆိုသော် ကောင်းကင်၌သွားလာသော နွားလားဥသဘနှင့် ဖွားခါစ နွားငယ်ကဲ့သို့လည်းကောင်း၊ယောကျ်ား ဗိုလ်ခြေတသိန်း၏ အားကိုဆောင်သော ဆင်ပြောင်ကြီးအပါး၌ ဖွားခါစ ဆင်ငယ်ကဲ့သို့လည်းကောင်း၊ သားတကာဘို့ ညွှတ်ကြိုဦးနိမ့်ရာ ကေသရာဇာခြင်္သေ့အနီး၌ မြေခွေးအိုကဲ့သို့လည်းကောင်း၊ ဂဠုန်မင်း၏အနီး၌ အတောင်ဖြန့်သော ကျီးကဲ့သို့လည်းကောင်း ဖြစ်ပေ

သည်။ မြတ်စွာ ဘုရားအား သင် စမ်းလိုရာပင် စမ်းလေ လော့”

ဟုစကားကိုကြားသောအခါ အာဠဝကလည်း ဒေါသ ပြင်းစွာထ၍ ဆေးဒန်းမြင်းသီလာ ကျောက်ဖျာ အပြင်၌ လက်ဝဲခြေဖြင့်နင်း၍ ကေလာသတာ တောင်ထွတ်ကို ခြေဖြင့် နင်းလိုက်လျှင် ပန်းဘဲဖိုတွင်း၌ ရဲရဲဝင်းသောသံတုံးကို ပေ၌ တင်၍ရိုက်သောအခါ အလွှားလွှားကွာ၍ စင်သကဲ့သို့ အ ချပ်ချပ် အလွှားလွှား ကွာကျ၏။ ထို့နောက် မြတ်စွာဘုရား အား လွင့်ထွက်စေအောင် လေမုန်တိုင်းဆင်သော်လည်း သင်္ကန်း တော်မျှ မလှုပ်ပေ။

ထို့နောက် ကမ္ဘာပျက်မိုး၊ သီးသီးဝဉ္စသုံချစ်သီးမိုး၊ တဖက် သွား ဓားမိုး၊ နှစ်ဖက်သွားဓားမိုး၊ လှံတံမိုး၊ သန်လျက်မိုး၊ သင်ဓုန်းဓားမိုး၊ မီးကျီးမိုး၊ ပြာပူမိုး၊ ရွှံ့မိုး၊ ညွန်ပြောင်းမိုးတို့ ရွာချသော်လည်း အလဟဿဖြစ်၏။ တဖန် ဘီလူးစစ်သည် အပေါင်းနှင့်စစ်အင်ကျင်း၍ ဆင့်ငင်သာတ်ဖြတ်ရန် ချီတက်လာ သော်လည်း အသျှင်ပြောင်ပြောင်တောက်လောင်သော သံတော် ခဲကို ယင်ရုပ်မှုန်နှားဝံ့သကဲ့သို့ မချဉ်းကပ်နိုင်ကြလေ။ သို့ဖြင့် အစွမ်းထက်သော ဘွဲ့ဖြူလက်နက်ဖြင့်ပစ်သော်လည်း ခြေသုတ် ပုဆိုး ဖြစ်နေလေ၏။

ဘွဲ့ဖြူလက်နက်ဖြင့်ပစ်၍ ဘေးမရှိတော်မူသော မြတ်စွာ ဘုရားကိုမြင်လျှင် အာဠဝကသည် အစွယ်ကျွတ်သော ဆင်၊ ချိုရှင်ကျိုးသော နွားဥသဘ၊ အဆိပ်ကျသောမြွေကဲ့သို့ မာန် စောင်ချလျှက် မြတ်စွာဘုရားအား ဘွဲ့ဖြူလက်နက်ပင် မနှိပ် စက်နိုင်ခြင်းကို စဉ်းစားဆင်ခြင်ရာ မေတ္တာပြဟ္မဝိဟာရတရား

ပွားနေသောကြောင့်ဟုသိသဖြင့် ထိုဝေးရားပျက်စေရန် အမျက်ဒေါသကို ဆွမည့်အကြံဖြင့် ဗိမာန်တွင်း ဝင်လာကာ "ထွက်သွားလော့"ဟု နှင်၏။

မြတ်စွာဘုရားလည်း ခက်ထန်သောသူကိုအကြမ်းဆုံးမချေက "ကိုက်တတ်သောခွေးကို မကိုက်စိမ့်သောငှာ တံဖျာဖြင့်ရိုက်လျှင် တိုး၍သာ ကိုက်ချင်ရောသကဲ့သို့" ထို့အတူ ထို၍ စိတ်ဆိုးကြမ်းကြုတ်လေသာသည်။ သာယာသော စကားဖြင့်ဆုံးမမှ အာဠဝကနှလုံး နူးညံ့၍ မဂ်ဖိုလ်ရခြင်းငှာ ထိုက်တော့မည်ဟု ကြံစည်တော်မူပြီးမှ "သင်မနေစေလိုက ယခုပင် ငါ ထွက်မည်"ဟု ဆိုကာ ထွက်လာတော်မူ၏။

"ဤရဟန်းကား တခွန်းသော စကားဖြင့်ပင် ထွက်ပေသည်။ ဤသို့နားလွယ်သောရဟန်းကို အပန်းတကြီး စစ်ထိုးမိပေသည်။ ထိုသို့ နာလွယ်သော်လည်း ငါ့စကားကို နားထောင်၍ထွက်ခြင်းလော၊ အမျက်ရှိ၍ ထွက်သလော မသိသေး၊ အရေးကုန်စင်အောင် စမ်းဦးမည်"ဟု ကြံ၍ ဘီလူးသည် "ရှင်ရဟန်း၊ ဝင်ဦးလော့"ဟု ဆို၏။

မြတ်စွာဘုရားသည် အလွန်လျှင်ပူသော ရေဆူကြွက်ကြွက်ကို သရက္ခန်စန္ဒကူးဖြင့်ချလျှင် တခဏချင်း အေးစေသကဲ့သို့၊ ထို့အတူပမာ ကြမ်းတမ်းစွာသော ဘီလူး၏အမျက်ကို ရုတ်တရက် ငြိမ်းစိမ့်သောငှာ သာယာချမ်းမြေ့သောမေတ္တာစကားဖြင့် "ငါ့အား သင်ဝင်စေလိုလျှင် ငါဝင်မည်"ဟု ဆိုကာ ဗိမာန်တွင်း ဝင်တော်မူ၏။

"သင်ရဟန်း၊ ထွက်ဦးလော့"

"သင် မနေစေလိုက ထွက်ရမည်ပင်"ဟု ဆိုကာ မြတ်စွာဘုရားသည် ထွက်တော်မူပြန်၏။ အကယ်၍ ဘိလူးဆိုတိုင်း မလိုက်နာသော် ကြမ်းတမ်းစွာသောစိတ်သည် မနိမ့်မပြုလေရာ၊ တရားဒေသနာကို ကောင်းစွာ ဟောကြားသော်လည်း ကျောက်သား၌ ရေမဝင်သကဲ့သို့ ဖြစ်ရာ၏။

ဥပမာဆိုသော် ငိုတတ်သောသားငယ်အား နင်ကား ငိုဦးမည်လောဟု ထပ်၍ ရိုက်ခတ်ကာ ထပ်၍အလွန်ငိုရာသည်၊ အမိစကားလည်း သား၌မတည်လေရာ။ လိမ္မာသောအမိသည် ငိုတိုသောသားအား သာယာသောစကားဖြင့်လည်းကောင်း၊အစာပေးသဖြင့်လည်းကောင်း ချော့မော့လျှင် အငိုတိတ်သည်။မိခင်စကားလည်း သား၌တည်လေသည်။

ထို့အတူ သတ္တဝါတို့ကို ဆုံးမရာ၌ လိမ္မာတော်မူလှသော လူသုံးပါးဘို့ အမျှုးသည် ဘီလူး၏ ဒေါသစိတ်ကို ဆို့ပိတ်မြစ်တား၍ တရား တည်လွယ်စိမ့်သောငှာ ဘီလူး၏အလိုသို့ လိုက်ပြီး သုံးကြိမ်တိုင်တိုင် ထွက်ဝင်ခြင်းကို ပြုတော်မူ၏။

အာဠဝကလည်း ယခုတကြိမ်ထွက်မှ ခြေကိုကိုင်၍ ပစ်တော့အံ့ဟု ကြံစည်၍ "ရှင်ကြီးရဟန်း၊ ထွက်ဦးလော့"ဟု ဆို၏။

"ငါ မထွက်လိုပြီ"

"အဘယ်ကြောင့် မထွက်လိုသနည်း"

"သင်ဘီလူးကား ငါဘုရားကို ခြေဖျားနှစ်ဖက်ကိုင်လျက် မြစ်တဖက်သို့ ပစ်အံ့ကြံသောကြောင့် ငါမထွက်လိုသည်"

ထိုအခါ ဘီလူးလည်း ဤရဟန်းကား တန်ခိုးကြီးမားရှိသာမက ငါ့စိတ်အကြံကိုလည်း သိနိုင်ပေသည်။ ထိုသို့သော သူကို ပြဿနာဖြင့် မေးရသော် ကောင်း၏။ ယင်းပြဿနာကို မဖြေနိုင်သောအခါကျမှ ယခင်ကာလများက ငါ၏ဗိမာန်ကို ဝင်ရောက်စူးစမ်းသော ဆဋ္ဌဘိညာ ရသေ့တို့ကို ပြုသကဲ့သို့ * စိတ္တက္ခေပကိုသော်လည်း ပြုအံ့၊ အရှက်ကိုသော်လည်းခွဲအံ့၊ သမုဒ္ဒရာထဲသို့သော်လည်း ပစ်အံ့ဟု ကြံစည်၏။

"အချင်း အာဠဝက။ ငါဘုရားအား ထိပါးနှိပ်လျက် စိတ်တော်ကိုလည်း ပျံ့လွင့်အောင်၊ နှလုံးတော်ကိုလည်း ကွဲစေအောင် ပြုနိုင်သူကိုလည်းကောင်း၊ ငါဘုရား၏ခြေကို ကိုင်၍ ပစ်နိုင်မည့်သူကိုလည်းကောင်း၊ သုံးဆယ့်တဘုံတွင် တစုံတယောက်မျှ ငါမမြင်။ သင်မေးလိုသောပြဿနာကိုသာ လျင်စွာမေးလော့"

မြတ်စွာဘုရားသည် သဗ္ဗညုတအသာရေဏ အညာသဒ္ဓိသဖြစ်သော အာနုဘော်ကိုပြ၍ မိန့်တော်မူ၏။ ထိုအခါ ဘီလူးသည် ၎င်း၏မိဖနှစ်ပါးတို့ ကဿပမြတ်စွာဘုရားထံတော်မှ အဖြေနှင့်တကွ သင်ကြားခဲ့၍ ယခုအခါ အဖြေမေ့နေသော ပြဿနာကို မေးလေ၏။

"ရဟန်း ဂေါတမ။ လောကသုံးပါး၌ ယောကျ်ားမိန်းမဟူသမျှတို့၏ မြတ်လှဥစ္စာ ရတနာကား အဘယ်နည်း။ လေ့ကျက်ခြင်းတကာဝယ် အဘယ်မည်သော အလေ့အကျက်

---

* စိတ္တက္ခေပ- စိတ်ကိုမတန့်မချုပ်နိုင်အောင်စိတ်ပျံ့လွင့်ခြင်း။

သည် ချမ်းသာကို ဆောင်ပါသနည်း။ အရသာတို့တွင် အဘယ် အရသာကို သာလွန်ကောင်းမြတ်သည်ဟု ဆိုအပ်ပါသနည်း။ အသက်မွေးခြင်းတို့တွင် အဘယ်သို့သော အသက်မွေးခြင်းကို မြတ်သည်ဟု ဆိုအပ်ပါသနည်း

"အို...အာဠဝက ဘီလူး။

ဤလူ့ရွာ၌ [illegible] ပါ၏ ရတနာသုံးပါးတို့၌ မတုန်မလှုပ် ကိုးကွယ်သက်ဝင် ခင်မင်ကြည်ညိုခြင်းသည် လောကီလောကုတ္တရာ ချမ်းသာပေးတတ် အလွန်မြတ်သော ဥစ္စာပင်တည်း။

ကောင်းမှုဟူသော လေလှိုင်းလာကျင့်သုံးအပ်သော ကုသိုလ် ကမ္ဘာတော တရားဆိုင်ပါသည် လူ့ပြည်နတ်ရွာ နိဗ္ဗာန်ဟူ ချမ်းသာသုံးပါးကို မလျော့ရိုင်အောင် ရှက်ဆောင်ပေ၏။ မှန်ကန်ဖြောင့်မတ်သော စကားသည် စင်စစ်အားဖြင့် ချို, ချဉ်, စပ်, ဖန်, ငန်, ခါးခြောက်ဖြာ အရသာတို့တွင် အရသာတို့ထက် အလွန် ကောင်းမြတ်သော အရသာမည်၏။

အသက်မွေးခြင်း တကာတို့တွင် ပညာဖြင့် အသက်မွေး ခြင်းကို မြတ်၏ဟူ၍ လိမ္မာကုန်သော ပညာရှိတို့သည် ဆိုကုန် ၏"

ဤသို့ ပြဿနာလေးပါးကို ဘုရားဖြေတော်မူသောအခါ အာဠဝကလည်း အလွန်ဝမ်းမြောက်လှသည်ဖြစ်၍ ကြွင်းသေး သောပြဿနာကို မေးလျှောက်ပြန်၏။

"အရှင်ဂေါတမ၊

အဘယ်သို့သော အကြောင်းအရာဖြင့် သံသရာအညီးဟူ

သော ဩဃကို ကူးမြောက်နိုင်ကြအံ့နည်း။ အဘယ်သို့သော အပြားဖြင့် ဝတ်ဆင်းရဲတည်းဟူသော သမုဒ္ဒရာကို ကောင်းစွာ လွန်မြောက်နိုင်ပါအံ့နည်း။

အဘယ်သို့သောအကြောင်းဖြင့် ဆင်းရဲခြင်းအပေါင်းမှ ကောင်းစွာ လွတ်ပါမည်နည်း။ အဘယ်ရေအေးဖြင့် ကိလေသာအညစ်အကြေးကို ဆေးကြောသုတ်သင်၍ စင်ကြယ်ပါမည်နည်း"

"အို....အာဠဝကဘီလူး။

သဒ္ဓါတရားဖြင့် သံသရာတည်းဟူသောဩဃကိုကူးမြောက်နိုင်၏။ ကုသိုလ်ပြုကောင်းမှု ပျော်မွေ့ မမေ့မလျော့ခြင်းဖြင့် သမုဒ္ဒရာပမာ ဖက်ကဲဝတ်ဆင်းရဲ ကို လွန်မြောက်နိုင်၏။

ပါရမီဆယ်ပါး တရားဝီရိယမြတ်စွမ်း၌ နိစ္စကြိုးကုတ် အားထုတ်ခြင်းဖြင့် ဇာတိဇရာ ဗျာဒိမရဏ စသည် သောင်းသောင်း ဆင်းရဲပေါင်းကို လွန်စေနိုင်၏။

ဝိပဿနာ ပညာဆယ်ပါး ဉာဏ်တရားဖြင့် ကိလေသာ မှုန်မှုန် အညစ်အကြေးမှ ကင်းဝေးစင်ကြယ်၏"

အာဠဝကလည်း ပါရမီသမ္ဘာ ရရှိသူဖြစ်သဖြင့် ရှစ်ပါး၊ ဆယ်ပါး၊ တဆယ့်ခြောက်ပါးသော ယုံမှားခြင်း ကင်းကွာလျက် သောတာပတ္တိဖိုလ်၌ တည်ပြီးနောက် ထပ်မံ၍ လျှောက်ထားပြန်၏။

"မြတ်စွာသောအရှင်ဘုရား။

အဘယ်သို့သော အကြောင်းအားဖြင့် ထူးပြားသောပညာ

ကို ရရာပါသနည်း။ အဘယ်အရေးဖြင့် အသက်မွေးကြောင်း ဥစ္စာကို ရရာပါသနည်း။ အဘယ်သဘောဖြင့် ကောင်းသော သတင်း ကျော်စောခြင်းသို့ ရောက်ပါသနည်း။ မိတ်ဆွေ ကောင်းတို့ကို အဘယ်သို့ ပြုအပ်ပါသနည်း။မျက်မှောက်ဘဝ ဤလောကမှ တမလွန်ဘဝသို့ သွားရသောအခါဝယ် အဘယ် အမှုဖြင့် စိုးရိမ်ခြင်း ကင်းရာပါသနည်း"

"ချစ်သား အာဠဝက။

ပူဇော်ထိုက်သောဘုရား ပစ္စေကဗုဒ္ဓသာဝကတို့သည် ဟော ပြအပ်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရား ကို ယုံမှားမရှိ အတိပသန္နသဒ္ဓါဖြင့် လွန်စွာယုံကြည်သည်ဖြစ်၍ နှစ်နှစ်သက်သက် စုံမက်မြတ်နိုးစွာ မှတ်နာကျင့်ဆောင်လေ့ရှိ ခြင်းသည်လည်းကောင်း မမေ့မလျော့ မပေါ့သော သတိရှိ ခြင်းသည်လည်းကောင်း၊ စုံစမ်းဟိုင်းထွာ စာနာကြံစည်လေ့ ရှိခြင်းသည်လည်းကောင်း၊ ဤအကြောင်းသုံးပါးဖြင့် ထူး ပြားသောပညာကို ရရာ၏သတည်း။

သင့်တင့်ကောင်းမြတ်သောအခါ၌ ကောင်းမြတ်စွာသော မိတ်ဆွေနှင့်ပေါင်းလျက်၊ ကောင်းမြတ်သောအမှုကို ဂရုကာ တ လုံ့လပြုလေ့ရှိသောသူသည် လောကီဥစ္စာ၊လောကုတ္တရာ ဥစ္စာ၊ ဤနှစ်ဖြာကို ရရာသောအကြောင်းဖြစ်၏။ ရှေ့ဆို နောက်ဖျက်ယွင်းကွက်မရှိ ပကတိဟုတ်မှန်သော သစ္စာစကား ကို ဆိုခြင်းသည် ကျေးဇူးသတင်း ကျော်စောခြင်းသို့ရောက်၏။

မိမိစီးပွား၊ သူတပါးစီးပွား၌ လိုလားမျှတ ဝေငှပေးကမ်းခြင်းသည် မိတင်းကိုးစားရာဖြစ်သော အဆွေခင်ပွန်းကောင်းကို ရကြောင်း ကေန်အမှန်ဖြစ်၏။

အကြင်သူအား ဖြောင့်သားဟုတ်မှန်စွာသော သစ္စာတရား အပါယ်လားမှု ဒုစရိုက်မှ ရှောင်ကြဉ်လှလျက် နိစ္စကြိုးကုတ် အားထုတ်အင်သော ပညာကိုရိယ ဓမ္မဆယ်ပါး၊ စီးပွားနှစ်ဖြာ ထိုအရာ၌ လွန်စွာဆည်းပူးအပ်သော ဓိတိတရား၊ သူ့အား စွန့်ကြဲဝေခွဲ ပေးကမ်းခြင်းဟူသော စာဂတရား။

ဤလေးပါးကို ပွားများစေသည်ဖြစ်အံ့။ ထိုသူအား လူ၏ဘောင်တွင် အိမ်ထောင်ရာထား သားမယားနှင့် ပျော်ပါး၍ နေသည်ပင် ဖြစ်သော်လည်း စင်စစ် တမလွန်ရွာ၌ စိုးရိမ်စရာ မရှိလေပြီ။ ယုတ်ညံ့သောဂတိမှ လွတ်ကွာ၍ လူ့ရွာနတ်ထံ၌ ကေန် ဖြစ်လတံ့သည်သာတည်း"

မြတ်စွာဘုရားသည် ကောင်းစွာဖြေတော်မူပြီးနောက် ငါမှတ်ပါ ဘုရားဟု ဝန်ခံကုန်သော ပူရဏကဿပ အစရှိသည့် ရဟန်းပုဏ္ဏား အများတို့ထံတွင်လည်း စုံစမ်းဦးလောဟု တိုက်တွန်းတော်မူ၏။

"အရှင်ဘုရား။

အကျွန်ုပ်ကား သူတပါး၌ လျှောက်ထားခွင့်မရှိပါပြီ။ တသက်ပဲတ်လုံး ယူကျုံးမှတ်ဝိုက် အောက်မေ့ထိုက်သော * သဒ္ဒရသ ** အတ္တရသရှိပေလှသော ဓမ္မရတနာကို ကောင်း

---

* သဒ္ဒရသ....သဒ္ဒါ၏အရသာ။

** အတ္တရသ.... အနက်၏အရသာ။

မှန်စွာ သိရပါပြီ။ အရှင်ဘုရားသည် အကျွန်ုပ်တို့အကျိုးစီးပွား များစေခြင်းငှာ ဖြစ်တော်မူလာပေသည်။ အကျွန်ုပ်တို့၏မျက်စိသဖွယ်ဖြစ်ပေသည်။

သံသရာဝဲတိဟူသော တောအုပ်ကြီး၌ ခရီးမှား၍ ပျက်ပြားရလတံ့သော အကျွန်ုပ်တို့အား ဟုတ်မှန်သောလမ်းကို ညွှန်ပြ၍ ကယ်တင်တော်မူပေသည်။အရှင်ဘုရား၏ ကျေးဇူးတော်ကို ဟဗိမာန်မှသည် တဗိမာန်၊ တနိုင်ငံမှသည် တနိုင်ငံ၊ နတ်စရာဘုံမှသည် တဘုံသို့ ဆောင်၍ ပြန့်နှံ့အောင် အကျွန်ုပ် ဖော်ထုတ်ချီးကျူးကာ လှည့်လည်ပါအံ့”

ဤသို့ လျှောက်ထားကာ ဘီလူးသည် ‘တပွရာယနသရဏဂုံ’တည်လေ၏။ နတ်ဘီလူးနှင့် ဘုရား၏ စစ်ထိုးပွဲကြည့်ရန် လာသောနတ်၊ မြတ်စွာဘုရား၏ တရားတော်ကို မုချနာကြားရတော့မည် ယုံကြည်ကာ လာကြသော စကြဝဠာတသောင်းမှ နတ်တို့၏ ကောင်းချီးပေးသံ ထွက်ပေါ်လာချိန်နှင့် မိုးသောက်ခြင်း၊ ဒေသနာပြီးဆုံးခြင်း၊ လူအချို့ ဝင်လာခြင်းတို့သည် တပြိုင်နက်ဖြစ်၏။ လူများသည် မွေးကင်းစ ကလေးငယ်ကို ဘီလူး၏လက်ထဲသို့ ထည့်လိုက်ကြ၏။

စင်စစ် ဤကလေးသည် အာဠဝကစားရန် ပို့ဆက်လာသော အစာတည်း။ အာဠဝိမင်းသည် မိမိဘာမှ လွတ်သွားသော သားကောင်ကို လိုက်ဖမ်းရာမှ အပြန်တွင် မှန်းတည့်ချိန် ညောင်ပင်ရိပ်သို့ ဝင်သူအား စားပိုင်ခွင့်ရထားသော ဘီလူးစားမည်ပြုသဖြင့် နေ့စဉ် လူတယောက်နှင့် ထမင်းတအိုးပို့ဆက်ပါမည်ဟူသောကတိဖြင့် လွတ်လာပြီးနောက် အကျဉ်း

သားများကို ပို့လွှတ်သည်။ ခိုးသူဟု ပရိယာယ်ဆင်ကာ ဖမ်းမိသူကို လွှတ်သည်။ပြည်တွင်းမှကလေးတွေကိုပို့သည်။နောက်ဆုံး ပို့စရာ ကျန်သော ကလေးမှာ ယနေ့မွေးသော မင်း၏သားဖြင့်ကာ မရှောင်သာဘဲ လာပို့ကြခြင်း ဖြစ်၏။

အာဠဝကဘီလူးသည် ကလေးကို ရက်စနိုးဖြင့် ယူကာ မြတ်စွာဘုရားလက်ထဲသို့ ပေးလှူလေသည်။ မြတ်စွာဘုရားသည် "ကြီးမှ ငါ့ထံဆောင်ခဲ့ကြ" မိန့်တော်မူကာ မင်းချင်းတို့အား ပေးပြန်သဖြင့် ထိုကလေးကို ဟတ္ထာဠဝက ခေါ်တွင်၏။

မင်းချင်းတို့ ပြန်သွားပြီးနောက် ဘီလူး အကျွတ်တရားရသည့်သတင်း အုတ်အုတ်ကျက်ကျက်ဖြစ်နေစဉ် မြတ်စွာဘုရားသည် ဘီလူးအား သက်နိုးသပိတ်ထမ်းစေလျက် ဗိမာန်မှထွက်ခဲ့တော်မူကာ မြို့နှင့်နီး၍ ဘီလူးမလိုက်ဝံ့ကြောင်း သိမှ ပြန်လွှတ်လိုက်ကာ ဆွမ်းခံဝင်တော်မူ၏။

ဆွမ်းခံမှကြွလာ၍ မြို့၏အနီး သစ်ပင်ကြီးတပင်အောက်၌ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးအပြီးတွင် မင်းနှင့် ပြည်သူများရှိခိုးပူဇော်လာသဖြင့် အာဠဝက သုတ်ဒေသနာကိုဟောတော်မူရာ ရှစ်သောင်းလေးထောင်မျှသော ပရိသတ်တို့ အကျွတ်တရားရ၏။

အာဠဝီမင်းလည်း သာလာဝတီဥယျာဉ်တွင် ကျောင်းဆောက်၍လှူဒါန်းကာ ဝါကပ်ရန် တောင်းပန်သဖြင့် မြတ်စွာဘုရားသည် တပည့်သံဃာ ငါးရာတို့နှင့် သောဠသမဝါဆိုတော်မူ၏။

ဟတ္ထာဠဝကမင်းသားသည် အရွယ် ရောက်သော အခါ မြတ်စွာဘုရားထံ အခြံအရံငါးရာနှင့် ဆည်းကပ်လာရာ မကြာ

မြင့်မိ အနာဂါမိဖိုလ်၌ တည်၏။ ၎င်း၏ပရိသတ်အား ပုဂ္ဂိုလ်နှင့် လျော်ကပ်ပတ်သော သဂြိုဟ်ယောက်ပံ့မှုပြုတတ်၍ ပရိသတ်တို့ ယဉ်ကျေး သိမ်မွေ့သဖြင့် တေဒဂ်ရသော ဥပါသကာ တယောက် ဖြစ်လာလေ၏။

ဝါးပင် ပေပင် ကျူပင်တို့၏အသီး

ဗုဒ္ဓမြတ်စွာသည် သတ္တရသမဝါကို ရာဇဂြိုဟ်ပြည်၊ အဋ္ဌရသမဝါနှင့် ကေနုဝီ သတိမဝါကို ထိုပြည်နှင့်မနီးမဝေးရှိ စာလိယတောင်၊ ဝီသတိမဝါကို ရာဇဂြိုဟ်ပြည်တို့၌ ကပ်တော်မူပြီးနောက် ကောသမ္ဗီပြည်ရှိ ကျောင်းများ၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် တပည့်ရှာ၍ သင်းခွဲရန် ကြိုးပမ်းလေသည်။

ထိုပြည်ရှိ ဥပါသကာ ဥပါသိကာများသည် ကျောင်းတော်သို့လာကာ မိမိတို့ သန်ရာသန်ရာ အရှင်များ၏ အမည်ကိုမေးမြန်းစုံစမ်းကာ ချဉ်းကပ်ပူဇော်ကြသော်လည်း အရှင်ဒေဝဒတ်ထံသို့ကား တစုံတယောက်မျှ ရောက်မလာသောအခါ မိမိမကောင်းကြောင်းကို မြတ်စွာဘုရားပြော၍သာ ဤသို့ဖြစ်ရသည် ကြံမိ၏။

ထိုနောက် မိမိအား ကိုးကွယ်မည့်သူကို ရှာဖွေပြန်ရာ ကိုးကွယ်ရာဆရာလည်း မရှိသေးသည့်အပြင် နောင်ရေးလည်းကောင်းသော အဇာတသတ်မင်းသားကို မြင်လေသည်။ ထိုကြောင့် ရာဇဂြိုဟ်ပြည်သို့လာခဲ့ကာ တကိုယ်လုံး ဘွင်မြွေတွေ့နှုပ်ထွေးနေသော သူငယ်သဏ္ဍာန်ပြုလုပ်၍ မင်းသား၏ရင်ပြင်

ထက်၌ သက်ဆင်း၏။ ထို့နောက်မှ ပရိက္ခရာရှစ်ပါးနှင့် ရဟန်း အသွင်ကိုပြရာ အဇာတသတ် အလွန်ကြည်ညို၍ ညနံနက် ဆည်းကပ်၏။ ၎င်း၏ မင်းချင်းတို့လည်း ရထား ငါးရာဖြင့် ဆည်းကပ်ကာ ဆွမ်းဝတ်လည်း ငါးရာရရှိ၏။

အရှင်ဒေဝဒတ်မှာ လာဘ်ပူဇော်သက္ကာ၌ မာန်ယစ်ကာ မြတ်စွာဘုရားကို ဖယ်ရှား၍ သံဃာအပေါင်းကို ငါဆောင် ကြဉ်းအံ့စိတ် အကြံဖြစ်ပေါ်ရာရရှိထားသောဈာန်အဘိညာဏ် သည် ကွယ်လေ၏။ ထိုအကြောင်းကို နတ်သားတပါးလျှောက် ထားလာသဖြင့် အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားအား လျှောက်သည်။

မြတ်စွာဘုရားသည် "ချစ်သား ဆိတ်ဆိတ်နေလော့။ ဤ ကိစ္စသည် မကြာမီ ထင်ရှားလာလိမ့်မည်" ဟု မိန့်တော်မူ၍ အပူ ဇော်ခံငါးမျိုးကို ဟောတော်မူ၏။

(က) မိမိ၌ စင်ကြယ်သောသီလ မရှိဘဲလျက် စင်ကြယ် သောသီလ ရှိဟန်ပြု၍၊ သူတပါးအား လွန်ကျူးစွာ ကွဲ့ရဲ့ရှုတ် ချလျက်၊ မြတ်သောသီလသည် ငါ၌သာ ရှိ၏ဟု ဝန်ခံ၍ အခြံ အရံကို သွေးဆောင် ဖြားယောင်း တတ်သော ဆရာလည်း တမျိုး။

(ခ) စင်ကြယ်သောအသက်မွေးခြင်းမရှိဘဲလျက် ရှိယောင် မူ၍၊ သူတထူးအား လွန်စွာကဲ့ရဲ့လျက်၊ မြတ်သောအာဇီဝသည် ငါ၌သာရှိ၏ဝန်ခံ၍ အပူဇော်ခံသော ဆရာလည်းတမျိုး။

(ဂ) မိမိ၌ စင်ကြယ်သောအယူ မရှိပါဘဲလျက် ရှိယောင် မူ၍၊ သူတထူးအား လွန်ကျူးစွာ ကဲ့ရဲ့လျက်၊ မြတ်သောအယူ သည် ငါ၌သာရှိ၏ဝန်ခံ၍ အပူဇော်ခံသော ဆရာလည်းတမျိုး။

(ဿ) မိမိ၌ မစင်ကြယ်သော ဉာဏ်အမြင်ရှိလျက် စင်ကြယ်သော ဉာဏ်အမြင် ရှိ၏ဟု ဝန်ခံ၍ အခြံအရံကို သွေးဆောင်ကာ ဆရာပြုနေသော ပုဂ္ဂိုလ်လည်းတမျိုး။

(င) မိမိ၌ မစင်ကြယ်သော ဗျာကရိုဏ်း သင်ကြားခြင်း ရှိလျက် စင်ကြယ်သော သင်ခြင်း ရှိ၏ ဝန်ခံ၍ အခြံအရံကို သွေးဆောင်ကာ ဆရာပြုနေသော ပုဂ္ဂိုလ်လည်းတမျိုး။

ထိုဆရာတို့၏ အဖြစ်မှန်ကို သိသောကာလတွင် တပည့်ရင်းများပင် ကွဲရှဲခြင်း၊ မရှိသေခြင်း ဖြစ်လာကြလေသတည်းဟု ဟောတော်မူ၏။

မြတ်စွာဘုရားသည် ကောသမ္ဗီမှ ရာဇဂြိုဟ်သို့ ကြွချီတော်မူသော် ဖူးမျှော်ရန် ရောက်ရှိလာသော သံဃာများက ဒေဝဒတ်အား အဇာတသတ်သည် များစွာ ချီးမြှောက်ပူဇော်၍ ဆွမ်းပတ်ငါးရာတည်သောကြောင့် သံဃာတို့ ချမ်းသာခုရပေသည်ဟု လျှောက်ကြားကြ၏။ မြတ်စွာဘုရားသည် လာဘ်ပူဇော်သက္ကာပြန့်ပွားလာခြင်းသည် ဒေဝဒတ်အား ကောင်းကျိုးချမ်းသာ ဖြစ်လာစေသည်မဟုတ်၊ ဆုတ်ယုတ်ခြင်းငှာဖြစ်လာသည်ဟု မိန့်တော်မူပြီး....

"ချစ်သား....ရဟန်းတို့။

လောကူပမာ သီဘွယ်ရုကား၊ ကြမ်းကြုတ်စွာသော ခွေး၏ နှာဝလျှာစ၌ ခါးလှသော သည်းခြေအိတ်ကို ခွဲသည် ရှိသော် လွန်ကဲ၍ ကြမ်းကြုတ်ပြန်သကဲ့သို့၊ ဉာဏ်အမြင်နည်းသောပုဂ္ဂိုလ်တို့၏ထံမှောက်သို့ရောက်သောလာဘ်ပူဇော် အခြံ

အရှံသည် မှန်မြတ်သောအကျင့်သီလကို ဖျက်ဆီးခြင်းငှာ– တရား ဆုတ်ယုတ်ခြင်းငှာ– အကုသိုလ်ပွားခြင်းငှာသာဖြစ်၏။

ဥပမာတပါးလည်း ချစ်သားတို့။

ဝါးပင်၊ ပေပင်၊ ကျူပင်တို့သည် မိမိကို သေစေခြင်းငှာ အသီးဖြစ်လာသကဲ့သို့၊ အာဇာနည်မြင်းမသည် မိမိကို သေစိမ့်သောငှာ သားဖွားလာသကဲ့သို့၊ ပညာနည်းသော ဒေဝဒတ်အား လာဘ်ပူဇော်သက္ကာတို့ ပြန့်ပွားလာခြင်းသည် မိမိကို ညှဉ်းဆဲခြင်းအကျိုးငှာ အပါယ်လေးပါးသို့ လားစေခြင်းငှာသာ ဖြစ်ပွားလာသတည်း”

ဤသို့ စသည်ဖြင့် မြတ်စွာဘုရားသည် ပရိသတ်လေးပါးအား ဟောပြောတော်မူလျက် ရှိစဉ် ဒေဝဒတ်သည် ၎င်း၏ ပရိသတ်နှင့်ရောက်လာ၏သာ ရှိသေစွာရှိခိုးပြီး “ကိုယ်တော်ဘုရား အိုမင်းပြီဖြစ်၍ ကြောင့်ကြမဲ့ စံနေတော်မူကာ လေးပါးသော ပရိသတ်ကိုအကျွန်ုပ်အားလွှဲအပ်တော်မူပါ”ဟု လျှောက်ထား တောင်းခံ၏။

“သုံးပါးကုန်သော သတ္တဝါတို့သည် ငါဘုရားအား ရည်မှန်း၍ ရဟန်းပြုကြသဖြင့် သင့်အား လွှဲပေးရန် မသင့်”ဟု မြတ်စွာဘုရား မိန့်တော်မူရာ ဒေဝဒတ်လည်း ကြီးစွာသော ရန်ငြိုးထားလျက် ထံတော်ပါးမှ ဖဲခွာသွားလေ၏။

မြွေဆိုးကို အတွင်းဝှက်၍

မြတ်စွာဗုဒ္ဓဘုရားသည် ဒေဝဒတ်နည်းပေး၍ အဇာတသတ်မင်းသားအား ဘေးရန်ကြီးစွာ ဖြစ်အံ့သည်ကို မြော်ဆက်

တော်ဖြင့် ဆင်ခြင်သိမြင်တော်မူသဖြင့် ရဟန်းတို့အား စေ့စေ့ စကာ ဤသို့ မိန့်တော်မူ၏။

"ချစ်သားတို့။

သင်တို့သည် ရာဇဂြိုဟ်ပြည်တွင်းသို့သွား၍ ပရိသတ်အများ တို့ ကြားသိစေခြင်းငှာ ပကာသနီယ ကမ္မဝါဖြင့် ထင်ရှားစွာ ပြုကြချေကုန်။ ပြုရသော ကမ္မဝါအဓိပ္ပါယ်ကား....

အများသံဃာတို့။

ဆရာဒေဝဒတ်သည် ရှေးသောအခါသဘောထားနှင့် ယခု သဘောထားသည် မတူပြီ။ ထိုသူပြုသော ကာယကံ, ဝစီကံ, မနောကံဟူသော ကံသုံးပါးသည် ဘုရားနှင့်အလိုတူ၏ဟူ၍ ငင်း၊ တရားနှင့် အလိုတူ၏ဟူ၍ငင်း၊ သံဃာနှင့် အလိုတူ၏ဟူ ၍ငင်း၊ မယူမမှတ်ကြကုန်လင့်။

ဤသို့သော ကမ္မဝါဖြင့် ပကာသနီယကံကို ပြုချေကုန် လော"ဟု မိန့်တော်မူရာ ရဟန်းတို့လည်း မိန့်တော်မူသည့် အတိုင်း ရာဇဂြိုဟ်သို့ဝင်၍ ထင်ရှားပြုကြ၏။

ထိုအခါ အချို့က သံဃာတို့သည် ဒေဝဒတ်၌ ဝန်တိုကြ သည်ဟု စွပ်စွဲကြ၍ အချို့ကမူ "မြတ်စွာဘုရားသည် တစုံတခု သောအရေးအခင်းကို မြင်သောကြောင့်သာ ဒေဝဒတ်အား ပကာသနီယကံပြုခြင်း ဖြစ်မည်"ဟု ဆိုကြသည်။

မျှားမကြာမီ အဇာတသတ်သည် ဒေဝဒတ်တိုက်တွန်း သဖြင့် ဖခင်အား သတ်ရန် ပေါင်တွင် သန်လျက်ဝှက်၍ ပရိ သတ်ပါးချိန်၌ မင်းအိမ်သို့ဝင်ရာ အစောင့်များ မိသွားသော် သည်း ထိတ်နန်းလွဲအပ်ပေးခြင်း ခံရ၏။

မင်းအဖြစ်ကို အဇာတသတ်ရသော်လည်း ဒေဝဒတ်သည် စိတ်မချချေ။ ထို့ကြောင့် အဇာတသတ်အား ဆိတ်ငြိမ်ရာသို့ ခေါ်ကာ ဤသို့ပြော၏။

"တကာတော်မင်းသား အသို့ပြုဘိသနည်း။ ယခုအခါ သည် မြွေဟောက်ကို ခါးပိုက်ဖြင့်ဆောင်သော သူကဲ့သို့လည်းကောင်း၊ မြေခွေးကိုအတွင်းဝှက်၍ကျက်အပ်သော စည်ငယ်ကို လွယ်၍ တီးမှုတ်သောသူကဲ့သို့လည်းကောင်း၊ အမှုကောင်းစွာ မပြီးဘဲလျက် ပြီးသည်ဟု မှတ်သလော။ သုံးလေးရက်ကြာလျှင်ပင် သင်၏ ဖခင်မင်းကြီးသည် သင့်အား ဖျက်ဆီးဘိ၍ သူ၏ စည်းစိမ်ကို ပြန်ယူလတံ့။ လူတို့မမှတာပင်၊ ကောင်းခိုက်ကိုကြင်နာ၍ ဆင်းရဲသောအခါ မုန်းမြဲသာတကား။ သစ်ပင်တို့သည် အမြစ်အရင်း အကြွင်းမရှိ ပယ်ဖျောက်မှ မပေါက်လာနိုင်သကဲ့သို့ ရန်ကို အဆုံးရောက်အောင်ပြုမှ ငြိမ်းချမ်းစွာ ဖြစ်မည်"

ထိုအခါ အဇာတသတ်သည် အဖအား ဓားဖြင့် မသတ် ကောင်းကြောင်းလျှောက်ထားရာ နှောင်အိမ်သွင်းပြီးအာဟာရကို ဖြတ်လော့ဟု အကြံပေးလေသည်။ အဇာတသတ်လည်း ဒေဝဒတ်ဆိုတိုင်းပြုရာ မယ်တော်မိဖုရားမှတပါး မည်သူမျှ ဝင်ခွင့်မရှိပေ။ ထိုဝင်ခွင့်ရသောမိဖုရားသည် နည်းအမျိုးမျိုး သုံး၍ အစာကို မင်းကြီးအား ပေးရာ နောက်ဆုံးတွင် မည်သူမျှ ဝင်ခွင့်မရတော့ပေ။

သို့သော်လည်း ဗိမ္ဗိသာရမင်းကြီးသည် စင်္ကြံကြွကာ ဖော်ဖို့ချမ်းသာကို ခံစားနေသဖြင့် ရှေးကထက် အရေအသား

ကြည်လင်လာသဖြင့် ခြေဖဝါးကို ဓားဖြင့် အမြှာအမြှာမှမ်း၍ ဆားနယ်ပြီးသော် မီးကျီးခဲ၌ ကင်ရာ ရဟန်းသုံးပါး၌ နှလုံးသွင်းရင်း စုတေသော် စတုမဟာရာဇ်ဝယ် ဇနဝသဘနတ်သား ဖြစ်လေ၏။

မင်းကြီး စုတေ[illegible]နှင့်တူ[illegible] မိဖုရား[illegible] သား တော် ဥပေယ[illegible]ချစ်[illegible]အဖေ သည်လည်း [illegible] ၏ ချစ်[illegible]သိ[illegible] တော်မရောက်မွေးမြူ[illegible] ထားပြီး [illegible]ပေါက်ယောင်[illegible]မျိုးမျိုးတို့ကို ပြောပြ၏။ အဇာတသတ်[illegible] လည်း နောက်ကျခဲ့ပြီဟု [illegible] သံဝေဂဖြစ်လျက် [illegible] လိုက်ရ[illegible]ဖြစ်၏။ ထို့နောက် [illegible]အမတ် တို့ ဖျောင်းဖျသဖြင့် [illegible]အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ပေးသည်။

မြင့်သီလာဂူမှ ထွက်ပြူကွန့်မြူးသော

အဖကိုသတ်၍ အဇာတသတ်သည် မင်းအဖြစ်ကိုယူပြီး နောက်တွင် ဒေဝဒတ်သည်လည်း သံဃာတို့ကို ရယူရန် မြတ်စွာဘုရားကို ကြံစားသတ်ဖြတ်လေသည်။ ပထမအကြိမ်တွင် လူသုံးကျိပ်နှစ်ယောက်ကို မြတ်စွာဘုရားအား သတ်ရန် စေလွှတ်လိုက်သည်။ ပထမသတ်၍ ပြန်လာသူကို ထမ်းမှ စောင့် နေသူများကသတ်၊ ၎င်းတို့ကို နောက်တဖွဲ့ကသတ် စသည်ဖြင့်

ခြေရာပျောက်စီမံထားသော်လည်း အားလုံးသည် သရဏ တည်၍ ဥပါသကာချည်း ဖြစ်ကုန်ကြ၏။

ဒုတိယတွင် ဒေဝဒတ်ကိုယ်ဘိုင် တောင်ပေါ်မှ ကျောက် တုံးကြီးကို လှိမ့်ချရာ ကျောက်တောင်နှစ်ခုသည် မြေမှထွက် ၍ခံသည်။ ကျောက်တုံးမှ စဉ်ထွက်သော ကျောက်ချပ်ထိ၍ မြတ်စွာဘုရားခြေမတော် ဖြန်းဖြန်းကွဲသွားလေရာ မြတ်စွာ ဘုရားသည် "ဒေဝဒတ်၊ သင်သည် သူမြတ်တို့၏အရောင်အဝါ ဖြင့် အသက်မွေးသူ ဖြစ်ပေါ်လျက် အဘိဓမ္မာပါဠိ၌ အမွှေ အမှုကို အဘယ်ကြောင့် ပြုဘိသနည်း။ ငါသို့စင်သော ဘုရား ကို သတ်က သင့်ကို သူမြတ်သူကောင်းဟု မည်သူဆိုအံ့နည်း။ အဝီစိမည်သော ငရဲရှောက် ကြာတောထင်ပေတ်သလော" မိန့်တော်မူ၏။

တတိယတွင် အဇာတသတ်မင်း၏ဆင်တော် နာဠာဂိရိအား အရက်ရှင်လုံး တိုက်နေကျဘင် တဆယ့်ခြောက်လုံး တိုက်၍ မြတ်စွာဘုရားအား နင်းသတ်ရန် လွှတ်လေ၏။ မြတ်စွာဘုရား သည် လူအများ လာရောက်လျှောက်ထားသဖြင့် သိတော်မူ ပြီးသော်လည်း ဆွမ်းခံကြွရန် သံဃာတို့အား စည်းဝေးစေ၏။

မြတ်စွာဘုရားလည်း သံဃာတို့ စည်းဝေးမိသည်ကို မြင် လျှင် ထိန်လင်းတောက်ပစွာ မြင်းသိလာဂူမှ ထွက်ပြူကြွန့်မြူး သော ကေသရာဇာခြင်္သေ့မင်းကဲ့သို့လည်းကောင်း၊ ကုံးသောင်း၍ သော ဟင်္သာတို့၏အလယ်၌ တင့်တယ်စွာစမွာယ်သော ဓတ ရဋ္ဌ ဟင်္သာမင်းကဲ့သို့ လည်းကောင်း၊ အသောင်းအသိန်းမက

သော ဘုရားအသရေကို ဆောင်လျက် ရောင်ခြည်တော် ခြောက်စိုင်ကို တပြိုင်နက်ကွန့်မြူးစေ၍ ကျောင်းတော်မှထွက်ကာ ရေဇင်္ဂြိုဟ်ပြည်၏အချက်ဖြစ်သော မင်းလမ်းဖြင့် ဆွမ်းခံဝင်တော်မူ၏။

မြတ်စွာဘုရားအားယုံကြည်သောသူရော မယုံကြည်သောသူပါ ဘုရားတည်းဟူသော ဆင်ပြောင်နှင့် တံချွန်ဆန့် ဆင်ပြောင်တို့၏စစ်ပွဲကို ပစွင်၊ ပြအိုး၊ မြိုရိုး၊ သူရဲခုံပြူး၊ တိုက်မိုး၊ ပြာသာဒ်တို့မှ ပြည့်နှက်စွာစောင့်ကြည့်နေကြစဉ် ဆင်ထိန်းတို့သည် ဆင်ကိုလွှတ်လိုက်လေ၏။ ဆွမ်းခံရာတွင် ပါလာသော ရဟန်းများ ခွဲ့ဘောင်းသော်လည်း မြတ်စွာဘုရား သည် ဆုံးမနိမ်နင်းခွင့်မပြုပေ။

နာဠာဂိရိဆင်သည် အော်ဟစ်ပြေးလွှားရင်းတွေ့ရာကြုံရာကို ဖျက်ဆီးပစ်၏။ နောက်ဆုံး သားငယ်ကို ဘုရားရှေ့ချပြီးပြေးသော မိန်းမတယောက်နောက်သို့ အလိုက်တွင် မြတ်စွာဘုရားသည် ချိုမျက်သာယာသောအသံတော်ကိုပေး၏။

"ချစ်သား နာဠာဂိရိ။ သင့်အားလွှတ်လိုက်သော အရေးသည် အိမ်စျေးသဘင် လူရှင်အများ သူဘပါးတို့ကို ဖျက်ပြား သတ်ဖြတ်စေခြင်းငှာ လွှတ်ခြင်း မဟုတ်၊ ငါဘုရားကိုမျက်ဝါးလတ်လတ် သတ်စိမ့်သောငှာ လွှတ်ပေသည်တကား။ သင့်အရှင်၏စကားကိုလိုက်နာလိုပြေးက ငါ့ထံသို့သာ လျင်စွာလာလော့"

ဆင်လည်း ထိုအသံကိုကြားလျှင် မှိတ်ထားသော မျက်စိကို ဖွင့်၍ကြည့်သဖြင့် မြတ်စွာဘုရားအသရေဘော်ကိုမြင်ကာ

ကြည်လင်သော စိတ်စေတနာ ဖြင့်ရကား အမြီး၊ နားရွက် တို့သို့ချလျက် ခံတွင်းဝသို့ နှာမောင်းကိုသွင်းပြီး ဘုရားခြေ တော်ရင်း၌ ဝပ်စင်းတုပ်ပျပ်လေ၏။

မြတ်စွာဘုရားသည် ဆင်၏ဦးကင်းကို သက်ဖြင့်သပ်ကာ တရားဟောတော်မူရာ လူဟုတ်၍ သောတာပန်မတည်နိုင်သေ ကာမူ သရဏဂုံ ပဥ္စသီကိုယူ၍ ချမ်းမြေ့ ယဉ်ကျေးခြင်းသို့ ရောက်လေ၏။ လူအပေါင်းသည် ဆင်ကြီးအား ဥစ္စာရတနာ များ ပစ်မြှောက်ပူဇော်ရာ ထိုအခါမှစ၍ ဓနပါလဆင် အမည် တွင်လေသည်။

ထိုဆင်အား တရားဟောရာတွင် နာရသောပရိသတ် ရှစ် သောင်းတို့မှာ အကျွတ်တရား ရကြလေသည်။ ဆင်လည်း နောက်ဆုတ်၍ တင်းကုပ်သို့ဝင်ကာ ထိုအချိန်မှစ၍ သူတပါး အား ညှဉ်းဆဲသတ်ဖြတ်ခြင်းမပြုတော့ပေ။ မြတ်စွာဘုရားသည် ဆွမ်းမခံဘဲ ကျောင်းတော်သို့ ပြန်ကြွတော်မူရာ အသင့်ပြင် ထားသော ဥပသကာများက ကျောင်းသို့ လိုက်လံပို့လှူကြ လေ၏။

နှလုံးကြား၌မွေ့သောလုံ

ဒေဝဒတ်၏ နောက်ဆုံးလုပ်ကြံမှုပျက်စီးသွားပြီး မကြာမီ ပင် မြတ်စွာဘုရားသည် သံဃာတို့အားစည်းဝေးစေ၍ "အဆော မခံတော်သော ဒါယကာ၊ မဖိတ်ပင့်သော ဒါယကာတို့ထံ၌ မဝင်ကောင်းခံအပ်၊ တောင်းခံသော် အာပတ်သင့်စေ" ဟု ပညတ် တော်မူ၏။

ဒေဝဒတ်မှာ အများပြည်သူတို့၏ ရှုတ်ချကဲ့ရဲ့ခြင်းကိုခံနေရသဖြင့် သံဃာတော်တို့အား သင်းခွဲရန်ကြံ၍ ကောကာလိက၊ ကဋ္ဋမောဒကတိဿ၊ ခဏ္ဍဒေဝိယ၊ သမုဒ္ဒဒတ္တတို့နှင့် တိုင်ပင်ညီညွတ်ပြီးသော် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤငါးပါးသောအကြောင်းဖြင့် သံဃာတော်တို့အား ပညတ်တော်မူပါဟု လျှောက်ထား၏။

သာသနာသို့ဝင်၍ ရဟန်းပြုသောသူသည် အရညကင်ကျောင်းဆောင်ရမည်။ ဆွမ်းခံ၍သာ စားရမည်။ ပံ့သုကူသင်္ကန်းကိုသာ ဝတ်ရမည်။ ရုက္ခမူသာနေရမည်။ မြေမှပေါက်သော ဝတ္ထုကိုသာ စားရမည်။ ဤငါးချက်ကို ကျိုးပေါက်က ရုက အာပတ်ရောက်စေရမည်။

မြတ်စွာဘုရားလည်း “ချစ်သားဒေဝဒတ်၊ သင်တောင်းပန်အပ်သောအကြောင်း ကား သာသနာတော်ရှည်မြင့်စွာ တည်ရာသောအကြောင်းမဟုတ်၊ အရည်အချင်းညံ့သူအား အရည်အချင်းကောင်းအောင် ဆောင်အပ်သော အကြောင်းလည်း မဟုတ်ရကား ဤငါးပါးကို ငါဘုရား ပညတ်၍ မသင့်။ ဆင်းရဲမှလွတ်ခွင့်ကို အလိုရှိသော သူတို့အား လွတ်ရာ လွတ်ကြောင်းဖြစ်သော မတင်းမလျော့သည့် အလယ် အလတ်အကျင့်တရားကို ငါဘုရား ပညတ်တော်မူပြီ”ဟု ပယ်တော်မူပြီးလျှင် ဆက်လက်မိန့်ကြား၏။

“သံဃာတော်တို့သည် အရညကင်ဓုတင်ဆောင်၍ တော၌နေလိုသူလည်းနေစေ၊ ရွာနီးကျောင်း၌နေလိုသူလည်း နေပါစေ။ ပိဏ္ဍပါတ်ဓုတင်ဆောင်လိုသူလည်း ဆောင်စေ၊ ဒါယကာ

တို့ ဖိတ်ပင့်သောဆွမ်းကိုချီးမြှင့်လိုသူလည်းချီးမြှင့်စေ။ ပံ့သုကူ ဆောင်လိုသူသည်းဆောင်စေ၊ ဒါယကာတို့လှူသော သင်္ကန်း ကို ဝတ်လိုသူလည်း ဝတ်ကြစေ။ တန်ဆောင်မုန်းလပြည့်နေ့မှ စ၍ နယုန်လပြည့်တိုင်အောင် ရုက္ခအတွင်း၌ သစ်တပင်ရင်း နေခြင်းတည်းဟူသော ရုက္ခမူဓုတင်ကိုလည်း ငါခွင့်ပြုတော် မူခဲ့ပြီ။ လူတို့သန္တိသတ်မလေသည်ကို မိမိကိုယ်ထင်မမြင်သော၊ ရည်စူး၍ သတ်ခြင်းသတင်းကိုလည်း မကြားသော၊ ငါ့ကိုရည် စူး၍သတ်သည်ယောဟု ရွံရှာခြင်းလည်းမရှိသော၊ စင်ကြယ် သည့်အသားကိုစားစိမ့်သောငှာ ငါပညတ်ခဲ့ပြီးပြီ။ အလိုရှိရာ ကျင့်ကြပါစေ”

ဒေဝဒတ်သည် မြတ်စွာဘုရား ရှေ့တော်မှ ထွက်ခဲ့ပြီး နောက် သံဃာတို့အား “ငါသည် သင်းခွဲတော့အံ့။ ဝဋ္ဋ ဆင်းရဲမှလွတ်လိုသောသူတို့သည် ငါ့ထံသို့လိုက်လာညှိကုန်”ဟု သံဃာငယ်တို့အား သွေးဆောင်၏။ ထိုအကြောင်းကိုမြတ်စွာ ဘုရားကြားတော်မူလျှင် ဒေဝဒတ်ကိုခေါ်တော်မူ၍ စစ်ဆေး ရာ ဟုတ်မှန်ကြောင်းဝန်ခံ၏။

“ဒေဝဒတ်။ မသင့်လျော်ချေ၊ သံဃာကွဲပြားခြင်းကိုအလို မရှိလင့်။ ဒေဝဒတ်။ သံဃာကို သင်းခွဲသောသူသည် ဝန် လေးလှချေ၏။ အကြင်သူသည် ညီညွတ်သော သံဃာကို သင်းခွဲ၏။ ထိုသူသည် သည်းတောင်းပြင်းပြ ခံရစေတတ် သော တကမ္ဘာပတ်လုံးတည်သောမကောင်းမှုသည် ပွားစည်း ၏။ တကမ္ဘာပတ်လုံးအဝီစိငရဲ၌ကျရ၏။ ဒေဝဒတ်။ အကြင် သူကား ကွဲလေပြီးသောသံဃာကို ညီညွတ် သင့်မြတ်အောင်

ပြုဘိ၏။ ထိုသူအား မြတ်သောကောင်းမှုသည် ပွားစည်း၏။ အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏”

ယင်းသို့ဆုံးမပါသော်လည်း မြတ်စွာဘုရား၌ရန်ငြိုးထားခြင်းအားကြီးရကား ဒေဝဒတ်၏နှလုံးကြား၌ လှံသွားဖြင့်မွှေသကဲ့သို့ထင်လျက် လျင်စွာထ၍ သွားလေကာ ဝေသာလီပြည်သား ရဟန်း ငါးရာတို့အား နှားပါးချသွင်း၍ ခေါ်ဆောင်ကာ ဂယာသီသ၌ နေထိုင်ကြလေ၏။

လအနည်းငယ် ကြာသောအခါ သံဃာငယ်တို့သည် အစား အဝတ်နှင့်နေရာထိုင်ခင်းခေါင်းပါးခြင်းကြောင့် ကြုံလှီဖျော့တော့သော ကိုယ်စိတ်ရှိကြကုန်လျက် လူထွက်ခြင်းငှာအားထုတ်ကြခြင်းကို မြတ်စွာဘုရားသိလျှင် အရှင် သာရိပုတြာနှင့်အရှင်မောဂ္ဂလာန်တို့အား ခေါ်တော်မူ၏။

“ချစ်သားတို့။ ဝဋ္ဋဆင်းရဲမှလွတ်စေခြင်းငှာ သာသနာသို့ဝင်ပါလျက် မလိမ္မာသော အဖော်သဟဲကိုရ၍ ပျက်စီးကြလတံ့သော ဒေဝဒတ်၏ အသင်းသို့ပါသော သံဃာငယ်တို့အား တရားလမ်းမကို ညွှန်ပြချေကုန်”

အရှင်နှစ်ပါးသည် မြတ်စွာ ဘုရား၏ အမိန့်တော်အတိုင်း ဂယာသီသသို့ကြွလာကြရာ ဒေဝဒတ်သည် ကောကာလိက၏ သတိပေးစကားကိုမျှနားမဝင်ဘဲ ဝမ်းသာစွာ လက်ခံ၏။ ဒေဝဒတ်လည်း တပည့်ပရိသတ်တို့အား တရားဟောပြ၍ညဉ့်ဦးယံလွန်လျှင် ငါ့ရှင်သာရိပုတြာ၊ ငါကား ညောင်းညာပြီ။ သံဃာတို့အား တရားဟောဦးဟုဆို၍ အိပ်လေ၏။

အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလာန်တို့သည် မြတ်စွာ

ဘုရားသင်ကြားသော နည်းအားဖြင့် သစ္စာလေးပါးနှင့် စပ်သော တရားတော်များကို တဦးပြီးတဦး ဟောတော်မူကြရာ ရဟန်းငယ်ငါးရာတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကြ၏။

နံနက်လင်းသော် အရှင်သာရိပုတြာသည် "ဆရာဒေဝဒတ်။ ကျွန်ုပ်တို့သွားတော့အံ့။ ဘုရားတရားကို နှစ်သက်သူတို့လည်း ဘုရားထံလိုက်ပါစေ၊ သင့်တရားကို နှစ်သက်သူတို့လည်း သင့်ထံ၌နေရစ်ပါစေ" ဟုဆို၍ ကြွတော်မူလျှင် သံဃာငါးရာသည် ပရိက္ခရာပြင်၍ လိုက်ကြလေ၏။

ထိုသို့လိုက်ကြသည်ကို ဒေဝဒတ်မြင်လေရာ ပြည့်ရှင်မင်း၏ စည်းစိမ်မှ လျှောကျသော ယောကျ်ားကဲ့သို့ ကြီးမားသော စိတ်ဒုက္ခဖြင့် ခံတွင်းမှ သွေးအန်လေ၏။ ထိုသွေးအန်သော ဝေဒနာသည် တနေ့ထက်တနေ့ ပြင်းထန်လာရာ ကိုးလလွန်သော အခါ၌ "ငါသည်မြတ်စွာဘုရားအား ပြစ်မှားခြင်းကြီး၍သာ ဤမျှလောက်သောဒုက္ခကို ခံရချေသည်။ ကန်တော့မှသာလျှင် ထိုအပြစ် ကင်းတော့မည်" ဟုကြံ၍တပည့်ရှစ်ဦးတို့အားအိပ်ရာ ညောင်စောင်းနှင့်တကွထမ်းစေ၍ သာဝတ္ထိပြည်သို့ လာခဲ့၏။ ကျောင်းတော်အနီး ရေကန်ကြီးအပါးသို့ရောက်လျှင် ကိုယ်ကို ရေသန့်စင်ရန်အတွက် ထမ်းစင်ပေါ်မှ ဆင်းလိုက်ရာ နင်းရာ အရပ်မှကျွံ၍ တသွန်တည်း အဝီစိငရဲသို့ ရောက်လေ၏။

ခေါသွား၊ လှံဖျားခွ်တည်နားသူ

ခမည်းတော်ကို ပြစ်မှားမိပြီးချိန်မှစ၍ ကြီးမြတ်လှသော မင်းစည်းစိမ်ကို ကျဉ်းကြပ်စွာ နှောင်အိမ်ကဲ့သို့ထင်ကာ မရှင်

မပျော်ဖြစ်နေခဲ့သော အဇာတသတ်မင်းမှာ ဇမ္ဗူဒိပ်အပြင်၌ ထင်ရှားစွာဖြစ်၍ ဆရာဒေဝဒတ်မြေမျိုသောအခါ စက်တော်မူရာနေရာ၌ အခါခါထိတ်လန့်လျက် "ယက်စွာသော ခေးသွားလှဖျား၌ တည်နားသကဲ့သို့"ဖြစ်၍ စားမဖြောင့် စက်မပျော်ရှိ၏။ ငါ့ကိုလည်းမည်သည့်အချိန်တွင်မြေမျိုမည်မသိဟု တွေးလျက် အတိုင်းထက်အလွန်ပင် မရွှင်ပျော်ခြင်း ဖြစ်၏။

တခုသော တန်ဆောင်မုန်းလပြည့်နေ့၏ ညညီလာခံဝယ် "ငါ၏အပူကိုငြိမ်းအောင်မည်သို့ကုစားရမည်နည်း"ဟု အမတ်တို့အားမေးရာ မိမိတို့သန်ရာသန်ရာ ပူရာဏကဿပ၊ ကေသကမ္ဗလ၊ နာဋ္ဌပုတ္တ၊ ပကုဓကစ္စာယန စသည်တို့အား ညွှန်ကြ၏။ မြတ်စွာဘုရား၏ အလုပ်အကျွေး သမားတော် ဇီဝကကား မပြောချေ။

"ဆရာဇီဝက။ သင်မူကား တစုံတယောက်သော ကိုးကွယ်ရာမျှမရှိ၍ မညွှန်ကြား မလျှောက်ထားသလော" ဟု အမေးရှိလာသောအခါ ကျမှသာ "ကျွန်ုပ်ဆရာကား သုံးရွာသောသောက၌ သီလ၊ပညာ၊သမာဓိဂုဏ်၌ တစုံတယောက်သောသူမျှအတုမရှိ၊ အသဒိသာစစ် ဖြစ်တော်မူပါသည်။ အရှင်မင်းမြတ် သည်းကပ်ကိုးကွယ်၍ လိုသမျှအခရေး မေးလျှောက်ပါမူ စိတ္တဇဝေဒနာသည် လျင်စွာ သက်သာလတံ့" ဟု လျှောက်ထား၏။

ထို့ကြောင့် ကြီးကျယ်သော ဗိုလ်ထုအခြံအရံဖြင့် ကျောင်းတော်သို့ ထွက်လာရာ ပြည်သူတို့လည်း "ဘုရားခြေရင်းသို့ မင်းကြီးကြွလျှင် ထူးမြတ်သော တရားစကားကို ကြားနာရလတံ့"ဟု ကြံ၍ သောင်းသောင်းဖျဖျ လိုက်ပါလာကြ၏။

မြတ်စွာဘုရားသည်ခြွေတော်ရင်းရောက်၍ ဖြစ်ကြောင်းကုန်စင် လျှောက်တင်သောအခါ မြတ်စွာဘုရားသည် သာမညဖလ သုတ် ဒေသနာကို ဟောကြား၏။ အဇာတသတ်မင်းမှာ လွန် ကဲသော ပိတုဃာတကံကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ မ ရောက်ဘဲ ဥပါသကာမြောက်ရုံသာ သရဏဂုံပဥ္စသီ၌ တည်ပေ သတည်း။

သာလဝတီ၏သား

ရာဇဂြိုဟ်ပြည်သားတို့သည် ဝေသာလီပြည်ကြီး အလွန် စည်ကားခြင်းမှာ အမ္ဗပါလိကာ အမည်ရှိသော ပြည့်တန်ဆာ မကြောင့်ဟု ဆိုကာ မင်းနှင့်ယှဉ်စိုးမျိုးစပ်သော သာလဝတီအ မည်ရှိ မိန်းမလှတယောက်ကို ပြည့်တန်ဆာအဖြစ် ခန့်အပ်ထား ကြလေ၏။ ထိုပြည့်တန်ဆာမသည် ဗိမ္ဗိသာရမင်းကြီး၏သား တော်ဖြစ်သော အဘယမင်းသားနှင့် ပေါင်းဖော်ရာမှ သားရ၍ ဖွားမြင်သော် သူငယ်ကို ဖန်းဝယ်ထည့်၍ မြို့ပြင် တံမြက်ချေး စွန့်ရာအရပ်၌ ပစ်ထားလေသည်။

နန်းတော်သို့ ခစားရန်လာသော အဘယမင်းသားသည် ထိုကလေးကိုတွေ့ရှိသဖြင့် ကောက်ယူမွေးမြူထားရာ အရွယ် ရောက်သောအခါ တက္ကသိုလ်ပြည်သို့ ကုန်သည်များနှင့် လိုက် သွားကာ ဒိသာပါမောက္ခဆရာထံတွင် ဆေးအတတ်ကို သင် ယူပေ၏။ ၎င်းသည် ဆရာစားအခပေး၍ သင်ယူသူမဟုတ်သော ကြောင့် "ဆရာချစ်ကြင်နာမှသာ ပညာတတ်လွယ်ချိမ့်မည်" ဟု ကြံလျက် ပရိကံကိစ္စ ရှိသမျှကို နေ့ညမပြတ် ဆောင်ရွက်၍ အားလပ်သောအခါမှသာ ပညာကို သင်ယူရ၏။

သို့ရာတွင် ဥာဏ်ပဋိဘာန်ထက်သန်လှသောကြောင့် များစွာလည်း သင်ယူနိုင်သည်။ သင်တိုင်းလည်း မှတ်နိုင်သည်။ သူကပေါ့တို့ တဆယ့်ခြောက်နှစ်သင်ရသော အတတ်ကို ခုနစ်လဖြင့် တတ်မြောက်သည်။ ထို့ကြောင့် ခုနစ်နှစ်ပြည့်သောအခါ ဆရာသည် ဇီဝကအား တူရွင်းတလက်ပေး၍ "ဆေးဖက်မဝင်သော သစ်ပင်ကို မြို့လေးမျက်နှာ တယူဇနာအတွင်း၌ လေးရက်စေ့အောင် ရှာချေ"ဟု လွှတ်လိုက်ရာ ဇီဝကသည် လက်ချည်းပြန်ခဲ့၏။

ထိုအခါ ဆရာသည် "သင်ကား ဆေးအတတ်ကို တတ်လေပြီ။ ဤအတတ်ကိုမှီ၍ အသက်မွေးလေလော့"ဟု ဆိုကာ ရိက္ခာအနည်းငယ် ပေးလိုက်လေ၏။ ဇီဝကသည် ရာဇဂြိုဟ်နှင့် ဗက္ကသိုလ်အကြား သာကေတပြည်အရောက်၌ ရိက္ခာကုန်လေရာ ဆေးကုသရန် လူနာရှာဖွေသည်တွင် ဦးယဉ်းခေါင်းခဲနာ ခုနစ်နှစ် စွဲကပ်နေသော သူဌေးမတယောက်ကိုတွေ့ရလေသည်။ များစွာသောသမားကြီးတို့ လက်လျှော့ထားရသဖြင့် ဇီဝကကို လက်မခံချင်ကြသဖြင့် တောင်းပန်ပြီးဝင်၍ စမ်းသပ်ကုသရ၏။ ဇီဝကသည် ထောပတ်တလက်ဆုပ်မ်းနှင့် ဆေးများကိုရောစပ်၍ ထိုဆေးရည်ဖြင့် နှာနှပ်ရာ ခုနစ်နှစ်လုံး ခံစားနေရသော ရောဂါသည် တခါတည်း ပျောက်ရကား သူဌေးမနှင့် ၎င်း၏ခင်ပွန်း၊ ၎င်းတို့၏သားနှင့် ချွေးမတို့က အသပြာလေးထောင်စီ ကန်တော့သည့်အပြင် အစေအပါးဖြစ်သော မိန်းမယောကျ်ားများ၊ ဆင်မြင်း ရထားများဖြင့်လည်း ပူဇော်လိုက်သေး၏။

ဇီဝကလည်း ရာဇဂြိုဟ်သို့ ပြန်ရောက်သောအခါ ရလာသောပစ္စည်းများကို အဘယမင်းသားထံ အပ်၍ အတွင်းသား အဖြစ် နေထိုင်သည်။ ဗိမ္ဗိသာရမင်းကြီး၏ မြင်းသရိုက်ရောဂါကိုလည်း လက်သည်းပေါ်တွင်ပါသောဆေးနှင့် တကြိမ် လိမ်းကာမျှဖြင့် ပျောက်ကင်းသဖြင့် အတွင်းသားပြု၍ မြှောက်စား ခံရလေ၏။

မဟာသာလသူဌေး၏ ဦးယဉ်းခေါင်းခဲနာကိုမူ ငါးရက် သာခံမည်၊ ခုနစ်ရက်သာ ခံမည်ဟု သမားကြီးများ အတတ် ပြောနေပါလျက်နှင့် ဦးခေါင်းကို ခွဲစိတ်ကာ ပင့်ကူပမာဟောရှိ သော ပိုးနှစ်ကောင်ကို ထုတ်ယူကုစားရာ နှစ်ဆယ့်တရက်နှင့် ပျောက်ကင်းသဖြင့် သူဌေးသည် စည်းစိမ်ဥစ္စာ၊ သားမယား နှင့်တကွ မိမိကိုယ်ကိုပါ ထိုးအပ်၏။ ဇီဝကသည် လက်မခံဘဲ အသပြာနှစ်သိန်းကိုသာယူကာ ဘုရင်အား တသိန်းဆက်သ၏။

ဗာရာဏသီသူဌေးသားမှူ ဦးခေါက်ဆောက်၍ ကစားရာမှ အူထုံးပြီး သွေးသားခန်းခြောက်သော ရောဂါစွဲကပ်ရာ ခုနစ် ရက်ဖြင့် ပျောက်ကင်းအောင် ကုသပေး၏။ စမ္ပာနဂိုရ်ပြည်ကို အစိုးရသော စန္ဒပဇ္ဇောတမင်းမှာ ကင်းနှင့်သန္ဓေရှိပြီး မွေး သောသားဖြစ်ရာ ထောပတ်ကို မုန်းရွံ့သည်။ ထိုဘုရင် ဖျော့ တော့သော ရောဂါဖြစ်ရာ ထောပတ်ပါသော ဆေးမှတပါး ရောဂါပျောက်နိုင်သော အခြားနည်း မရှိသဖြင့် ထောပတ် ပါသောဆေးကို ပေးအပ်ပြီး၍ ဆင်လျင်စီး၍ ထွက်ပြေးခဲ့ရ၏။

အခါတပါးလည်း မြတ်စွာဘုရားသည် ကိုယ်တော်၌ ခက် ချော်ထူပြားသော ဒေါသရှိသဖြင့် အရှင်အာနန္ဒာသည် ဇီဝက

အား အကြောင်းကြားသော် ဆီရောသောဆွမ်းကို သုံးဆောင်ရဘုဉ်းပေးစေပြီးမှ ကြာသုံးခိုင်ကို နမ်းရှုရန် ကပ်လှူရာ သုံးပါးသော စမြင်းဒေါသတို့ ကုန်စင်၍ မြတ်စွာဘုရား ကျန်းမာတော်မူ၏။ ဒေဝဒတ်ပြစ်မှား၍ ဖြန်းဖြန်းကွဲသော ခြေမတော်ကိုလည်း သုံးရက်ဖြင့်ပျောက်ကင်းအောင် ကုသပေးသည်။

မြတ်စွာဘုရားအား ဇီဝကကုသ၍ ကျန်းမာသောနေ့တွင် အရှင်မောင်္ဂလာန် ယူဆောင်လာသော သောကာသူဌေးသား၏ ဆွမ်းကိုဘုဉ်းပေးတော်မူအပြီး၌ ဇီဝကသည် စန္ဒပဇ္ဇောတမင်း သုံးချသော ပုဆိုးတစုံကို မြတ်စွာဘုရားအား လှူဒါန်းပြီး လူတို့လှူဒါန်းသော သင်္ကန်းကို သံဃာတော်တို့ ခံယူသုံးစွဲခွင့်ပြုပါရန် တောင်းပန်ရာ မြတ်စွာဘုရား ခွင့်ပြုတော်မူ၏။ လူတို့လည်း ထိုအခါကျမှသာ သင်္ကန်းကို လှူဒါန်းကြရပေတော့၏။

ထိုသို့ မြတ်စွာဘုရားနှင့် ရင်းနှီးကျွမ်းဝင်ကာ ဆေးဝါးကုသရသော ဘုရားသမားတော်ကြီး ဖြစ်လာရခြင်းကား ပဒုမုတ္တရမြတ်စွာဘုရားထံတော်မှ ခံယူရရှိသော ဗျာဒိတ်တော်မြတ်ပေတည်း။

ရင်ခွဲဖြစ်သောသားဇာ

ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည်၏အကြားတွင် ဂင်္ဂါမြစ်သည် တည်ရှိ၏။ ထိုမြစ်၏ကမ်းနားခြံရှိသော ရွာကြီးမှ ယူဇနာခွဲကွာရာ အရပ်များသည် နှစ်ပြည်ထောင် အာဏာနှံ့ရာအရပ်များဖြစ်၏။ တရံသောအခါ ရာဇဂြိုဟ်ပြည်၏ အာဏာနှံ့ရာအရပ်မှ ကုန်သည်တို့၏ အခွန်ဘဏ္ဍာကို ဝေသာလီပြည်ကာ နှစ်နှစ်

ဆက်၍ ကောက်ခံယူဆောင်သွားရာ အဇာတသတ်မင်းသိရှိ၍ ထိုပြည်ကို စစ်ဖက်ရန် ကြံစည်၏။

သို့သော် စစ်ဖက်ခြင်းသည်အလွန့်ဝန်လေးလှရကား၊လောကဥ္စ အကြီးကျယ်ဆုံးသော ပညာရှိဖြစ်သည့် မြတ်စွာဘုရားကိုတိုင်ပင်ရန် သတိရသဖြင့် ဝဿကာရပုဏ္ဏားအား မြတ်စွာဘုရားထံတော်သို့ လွှတ်လိုက်၏။

ပုဏ္ဏားလည်း မင်းကြီးမှာလိုက်သည့်အတိုင်း "ဝေသာလီကို စစ်ပြုလိုပါသည်" ဟုလျှောက်ထားရာ မြတ်စွာဘုရားသည် ပုဏ္ဏားအား စကားမပြန်ဘဲ အရှင်အာနန္ဒာကိုသာလျှင် ဝေသာလီမင်းတို့၏ ညီညွတ်ခြင်း၊ ရတနာသုံးပါး၌ ရိုသေခြင်း၊ အပရိဟာနိယတရား ခုနစ်ပါးနှင့် ပြည့်စုံခြင်း၊ တိုင်းသူပြည်သားတို့အား အနိုင်အထက် မနှိပ်စက်ခြင်းတို့ကို ဟောဖော်မေးမြန်းပြုနေတော်မူ၏။

ပုဏ္ဏားသည် အဇာတသတ်မင်းထံပြန်သွားကာ တွေ့ကြုံရပုံကို လျှောက်ထား၏။ ထိုအခါ မင်းနှင့်ပုဏ္ဏားတို့ တိုင်ပင်၍ ဝေသာလီမင်းတို့၏ညီညွတ်ခြင်းကို ဖျက်ဆီးပြီးမှစစ်ပြုရန် ကြံစည်ကြလေသည်။ ထို့ကြောင့် နောက်တနေ့ ညီလာခံတွင် ဘုရင်က ဝေသာလီမင်းတို့အပေါ် အမျက်ထွက်သောစကားကို ပြော၍ ပုဏ္ဏားက ဝေသာလီမင်းတို့ဖက်မှ ခုခံ ချေပသည်။ ဘုရင်က ပုဏ္ဏားကိုနှန်းထဲမှ နှင်ထုတ်သည်။ ပုဏ္ဏားက မခလေးမခန့်ပြုကာ ထွက်သွားပြီး ဝေသာလီမင်းတို့ထံ ကမန်စေ၍ လက်ဆောင်ပို့သည်။ အဇာတသတ် မကောင်းကြောင်း ရေးလေသည်။

တို့ကြောင့် ဝေဿကာရပုဏ္ဏားမှာ ဦးဆံရိတ်၍ နှောင်ကြိုးတည်းကာ ရာဇဂြိုဟ်မှ နှင်ထုတ်ခံရသော် ဝေသာလီမင်းတို့သည် ပုဏ္ဏားအား ခရီးနေရာဖြစ်သော မင်းဆရာနေရာတွင်ထားရာ တနှစ်နှစ်နှစ်ခန့်သာ ဝေသာလီမင်းတို့၏ အကျိုးကိုလိုလားဟန် ပြုကျင့်သော်လည်း နောက်ပိုင်းတွင် ဝေသာလီမင်းများ မသင့်တင့်အောင် ချောစားချော်ပစ် ပြုတော့သည်။

အဇာတသတ်မင်းသည် ပုဏ္ဏားထံမှ တမန်ရောက်သောအခါ စစ်သည်ဗိုလ်ပါ စုရုံး၍ ချီတက်လာ၏။ ထိုသို့ လာသည်ကိုကြား၍ တားမြစ် ပိတ်ဆို့ခြင်းငှာ ညီညွတ်ပါသော်လည်း ကြွင်းနားခြင်းမရှိကြ၍ ရုံးစုမရချေ။ သူရဲသူခက်တို့ကို စုရုံး ခုခံစေရန် စည်လည်းသော်လည်း မင်းတို့၏ အားထားသည့် မင်းဘဦးမှာ မလာည်တော့သဖြင့် မြို့တံခါးပိတ်မည့်သူပင်မရှိ ဖြစ်ကာ ဝေသာလီသည် ရာဇဂြိုဟ်၏လက်သို့ ကျရောက်ရလေ၏။

ဝေသာလီပျက်ခြင်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးမှဖြစ်သော်လည်း အကြောင်းအရာမပြတ်စေရန် တဆက်တည်း ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

ဝေဿကာရပုဏ္ဏား ဘုရားကျောင်းတော်မှ ပြန်သွားလျှင် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ရဟန်းတို့ကို စည်းဝေးစေ၍ အပရိဟာနိယသုတ်ကို ဟော၏။

မြတ်စွာဘုရားသည် အမ္ဗလဋ္ဌိကမှ နာဠန္ဒမြို့သို့ သံဃာတော်အပေါင်းနှင့် ကြွတော်မူကာ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်ဝယ် သီတင်းသုံးတော်မူပြီးနောက် ဂင်္ဂါမြစ်အနီးရှိပါဋလိရွာသို့ ကြွတော်မူရာ ဥပါသကာများသည် ဇရပ်ကြီး

တဆောင်ကို သန့်ရှင်းကာ ခင်းကျင်း ပူဇော်ကြသည်။ နံနက်တွင် ဥပါသကာတို့ လုပ်ကျွေးသောဆွမ်းကို ဘုဉ်းပေးအပြီး၌ ဤသို့ ဟောတော်မူ၏။

ဤလောက၌ ဒုဿီလပုဂ္ဂိုလ်တို့သည် သီလ၌ မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာပျက်စီး၏။ မကောင်းသောသတင်းကျော်စော၏။ ငင်ကြယ်မြင့်မြတ်သော ပရိသတ်ကို ဆည်းကပ်ရာ၌ မလှသောမျက်နှာဖြင့် ကြောက်ရွံ့လျက်သာကပ်ရ၏။ မိန်းမောတွေဝေလျက် သေရသည်။ သေပြီးနောက်လည်း အပယ်လေးပါးသို့လားရ၏။ ဤကား သီလမရှိသောပုဂ္ဂိုလ်၏အပြစ်ငါးပါးပေတည်း။

သီလဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်တွင် အကျိုးငါးပါးဖြင့် ပြည့်စုံ၏။ ဤလောက၌ သီလဖြင့်ပြည့်စုံသော သူသီလပုဂ္ဂိုလ်တို့သည် လူအပေါင်း၏ကြည်ညိုခြင်းကိုခံရ၍ စည်းစိမ် လာဘ်လာဘကိုရ၏။ ကောင်းသောသတင်းကျော်စော၏။ စင်ကြယ်မြင့်မြတ်သောပုဂ္ဂိုလ်တို့ထံ ချဉ်းကပ်ရာ၌လည်း တင့်တယ်ချမ်းမြေ့စွာ ဆက်ဆံရ၏။ ကြောက်လန့် မိန်းမောခြင်းမရှိဘဲ သေရ၏။ သေပြီးနောက်၌ ကောင်းရာသုဂတိသို့လားရပေ၏။

ထိုရွာ၌ မြတ်စွာဘုရားသီတင်းသုံးတော်မူစဉ်အဇာတသတ်မင်း၏ ပုရောဟိတ် သုနိဓနှင့် ဝဿကာရတို့သည် ဝေသာလီမင်းတို့ အခွန်လာကောက်ခြင်းမပြုနိုင်ရန်ပါဋလိရွာကို လုံခြုံအောင်စီစဉ်နေခိုက်ဖြစ်၏။ ပုဏ္ဏားတို့သည် "မြတ်စွာဘုရားရောက်ရာအရပ်၌ ယုတ်ညံ့သောသတ္တဝါတို့ ဖဲခွာရသည်။ ထို့ကြောင့် ငါတို့မြို့ကိုစီရင်ရာ၌ မင်္ဂလာကြီးဖြစ်စေရန် မြတ်စွာ

ဘုရားကိုပင့်၍ ဆွမ်းတော်ဇဉ် ကပ်လှူကာ တရားနာကြမည်” ဟုတိုင်ပင်၍ ဆွမ်းလုပ်ကျွေးကြလေ၏။

“ပုဏ္ဏားတို့၊ အကြင်အရပ်၌ ပညာရှိသော အမျိုးသားသည် နေရာထိုင်ခင်းပြုလုပ်ခြင်းကို ပြုလို၏။ ဤပြုလိုရာ အရပ်၌ ကိုယ်နှုတ်နှလုံးကို စောင့်စည်းသော မြတ်သောအကျင့်ကို ကျင့်ကုန်သော၊ သီလ၊ သမာဓိ ရှိသော ရဟန်းတို့ကို ဆွမ်းကျွေး၍ အကြင်အရပ်၌ရှိသောနတ်တို့အား အလှူ၏အဖို့ကို ရည်မှတ်၍ ပေးဝေရာ၏။ အဘယ့်ကြောင့်ဟူမူ ပူဇော်အပ်သော ထိုနတ်တို့သည် ထိုပူဇော်သူကို ပူဇော်ကြ၏။ ထိုမြတ်နိုးသူကို မြတ်နိုးကုန်၏။

ထိုသို့ အမျှပေးဝေရသော အကြောင်းကြောင့် ထိုသူကို ‘အမိသည် ရင်၌ဖြစ်သော သားကို အစဉ် စောင့်ဘိသကဲ့သို့’ အစဉ် စောင့်ရှောက်ကြ၏။ နတ်တို့ အစဉ် စောင့်ရှောက်သော သတ္တဝါသည် အခါခပ်သိမ်း ကောင်းမြတ်သောအာရုံကို မြင်ရ၏။ ထို့ကြောင့် နတ်တို့အား အမျှပေးဝေရာ၏။”

ယင်းသို့ တရားဟောကြားတော်မူပြီးလျှင် မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့် ဂင်္ဂါမြစ်သို့ ကြွတော်မူ၏။ မြတ်စွာဘုရား တဖက်ကမ်းကူးမည်သိသဖြင့် ဥပါသကာများ လှေရှာနေကြစဉ်၊ ဖောင်ဖွဲ့နေကြစဉ် မြတ်စွာဘုရားသည်ရဟန်းများနှင့်တကွ တဖက်ကမ်းသို့ ရောက်တော်မူ၏။ လူတို့ ရှင်လန်းအံ့မြောက်နေကြစဉ် မြတ်စွာဘုရားသည် ဤသို့ ဥဒါန်းကျူးရင့်တော်မူ၏။

"အကြင် အရိယာပုဂ္ဂိုလ်တို့သည် သမုဒ္ဒရာနှင့်တူသော တဏှာမြစ်ကို ကူးကုန်၏။ ထိုအရိယာပုဂ္ဂိုလ်တို့သည် အရိယမဂ်တည်းဟူသော တံတားဖောင်ကိုဖွဲ့၍ ညွန်ပျောင်တို့ကိုစွန့်၍ကူးကုန်၏။ ထိုစကားမှန်၏။ မြစ်ကိုကူးလိုသောသူများသည် သစ်ဖောင်ဝါးဖောင်ကို ဖွဲ့၏။ မဂ်ဖိုဉာဏ်ဖြင့် ပြည့်စုံသော အရိယာတို့သည်လှေဖောင်နှင့် ကင်း၍သာလျှင် ကူးမြောက်နိုင်ကုန်၏"

မြတ်စွာဘုရားသည် ဂင်္ဂါမြစ်ဆိပ်မှ ကောဋိဂါမ်။ထိုမှသည် နာဒိကအရပ်။ ထိုမှတဖန် ဝေသာလီပြည်သို့ ကြွလာကာ ပြည့်တန်းဆာမ အမ္ဗပါလိကာ၏ ဥယျာဉ်ဝယ် သီတင်းသုံးတော်မူရာ အမ္ဗပါလိကာသည် အဆောတလျင် ရောက်လာပြီး တရားတော်ကို နာယူကာ နောက်တနေ့နံနက်အတွက် ဆွမ်းဖိတ်၍ ပြန်လာခဲ့သောအခါ၌ လိစ္ဆဝီမင်းတို့သည် တာဝတိံသာနတ်တို့၏ အသရေဖြင့် ဥယျာဉ်သို့ လာနေကြ၏။ အမ္ဗပါလိကာ၏ရထားနှင့် တိုက်မိရာမှ အမ္ဗပါလိကာ ဆွမ်းလုပ်ကျွေးခွင့်ရကြောင်း သိကာ ငွေပေး၍ ဝယ်ယူကြသော်လည်း ဆွမ်းလုပ်ကျွေးခွင့်ကို အမ္ဗပါလိကာသည် မရောင်းချေ။

နောက်တနေ့နံနက်တွင် အမ္ဗပါလိကာသည် မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ဆွမ်းဩဇာ ဆက်ကပ်ပြီးနောက်၊ ဥယျာဉ်ကို ရေစက်ချ လှူဒါန်းလေသည်။ ဗုဒ္ဓမြတ်စွာလည်း ချမ်းသာရှာ၍ မေ့သမ္ဗကာလပတ်လုံး ဝေနေယျတို့အား တရားမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့၍ သာဝတ္ထိပြည်သို့ ဒေသစာရီ ကြွချီတော်မူလေသည်။

အိုမင်းဟောင်းမြည့်သော်လည်း

လောကသုံးရွာ သတ္တဝါတို့၏ ပညာစက္ခုကို ပြုပေတတ်သော မြတ်စွာဘုရားသည် သက်တော် ခုနစ်ဆယ့်ကိုး– ဝါတော် လေးဆယ့်လေးဝါပြည့်တော်မူ၍ ပရိနိဗ္ဗာန်စံချိန် နီးသောအခါ သာဝတ္ထိပြည်သို့ ကြွတော်မူ၏။ ထိုမှတဖန် ဝေသာလီနှင့် ရာဇဂြိုဟ်အကြား ဂင်္ဂါမြစ်နား၌တည်သော ဝေဠုဝရွာသို့ ကြွတော်မူ၏။

ထိုရွာသားတို့ ကျောင်းပန်ဆောက်လုပ်ကာ ဝါကပ်ရန် လျှောက်ထားကြသဖြင့် ထိုရွာ၌ ဝါကပ်တော်မူလေသည်။ ထိုသို့ ဝါကပ်တော်မူစဉ် ကြမ်းတမ်းပြင်းပြသော သွေးသွန်နာဖြစ်တော်မူရာ “ငါသည် တပည့်သံဃာတို့ကို မခေါ်မပန်ဘဲ ပရိနိဗ္ဗာန်ပြုခြင်းငှာ မလျှောက်ပတ်ချေ။ ရောဂါဝေဒနာကို သမာပတ်အဟုန်ဖြင့် ပျောက်အံ့”ဟု ကြံလျက်၊ ဗောဇ္ဈင်တရား ခုနစ်ပါးကိုပွား၏။ ရူပသတ္တက၊ အရူပသတ္တကတို့လည်း အထွေးအယှက်မရှိစေဘဲ တဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် ဝိပဿနာပြု၍ * သမာပတ်ကို ဝင်စားတော်မူ၏။ ထိုအခါမှစ၍ ရောဂါဝေဒနာငြိမ့်လေ၏။

---

* ရှေးသောကာလ၌လည်း ဖလသမာပတ်ကို ဝင်စားသည်။ သို့သော် ကာလပရိစ္ဆေဒဖြင့် ခဏိကသမာပတ်ကိုသာ ဝင်စားရကား သမာပတ်အတွင်း၌သာ ရောဂါကွာသည်။ သမာပတ်မှထသောအခါ ရောဂါလှုမ်းမြဲလှုမ်းပြန်သည်။ ဥပမာကား.... ထူထပ်သော ရေညှိမှော်စုထဲ၌ ခဲလုံးကန်ကိုချဘိသကဲ့သို့တည်း။ မဟာဝိပဿနာဖြင့် သမာပတ်ဝင်စားသောအခါကား အား

ထိုအနာမှ ထမြောက်တော်မူသော် မြတ်စွာဘုရားသည် အနောက်ဖက်ကျောင်းရိပ်၌ စံနေတော်မူရာ အရှင်အာနန္ဒာသည် ရှိသေစွာရှိခိုး၍ လျှောက်ထား၏။

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ တပည့်တော်သည် အရှင်ဘုရားကျန်းခန့်သာခြင်းကို မြင်ရပေပြီ။ အရှင်ဘုရား၏ လေးလံပင်ပန်းခြင်းကို မြင်ရသဖြင့် အကျွန်ုပ်၏ကိုယ် ပင်ပန်းသကဲ့သို့ ရှိပါသည်။ ကိုယ်တော်မြတ်သည် ပြင်းပြစွာသော ဝေဒနာခံရခြင်းကြောင့် အကျွန်ုပ်အား အရပ်မျက်နှာတို့သည် မထင်မြင်နိုင်ရှိပါသည်။ သတိပဋ္ဌာန်သမ္ပပ္ပဓာန်စသော တရားတို့သည်လည်း မသင်နိုင်ရှိပါသည်။ ခင်စင်သော်ကားထွက်သက်ဝင်သက်ကိုမျှ အကျွန်ုပ် ကောင်းစွာ ခသယ်နိုင် ရှိပါသည်။ အရှင်ဘုရား။ တရားတော်ကို ဖဟာနိုင်သမျှ ကာလပတ်လုံး ရွေ့ပြည်နိဗ္ဗာန် မစံသည်ကိုသာ မြင်လိုကြပါသည်"

"ချစ်သားအာနန္ဒာ။ င ဘုရားအား အဘယ်ကြောင့် ဤမျှလောက် တောင့်တဘိသနည်း၊ သတ္တဝါတို့၏ အကျိုးစီးပွားများအံ့သော အကြောင်းတရားကို ငါဘုရားသည် အတွင်း၌လည်းကောင်း၊ အပြင်၌လည်းကောင်း၊ ဝိနည်းတရားကိုလည်းကောင်း ငါထားတော်မူအပ်ပြီ။

ချစ်သား အာနန္ဒာ။

ငါဘုရားသည် ရှည်လျားသောအရွန့်သို့ ရောက်ပြီ။ အိုမင်းရင့်ယော် မှည့်ပျော်သောအရွယ်သို့ တိုင်ပြီ၊ ဘုရားတကာတို့

ရှိသော ယောကျ်ားသည် နှော်ရေညှိကို ပယ်ရှားသဖြင့် ကာလရှည်လျားစွာ ကွာဘိသကဲ့သို့ ပကတိ ဝေးကွာတော်မူ၏။

တည်မြဲခမ္မတာဖြစ်သော အာယုကင်ကို ငါးစုပြု၍ လေးစုပုံလျက် သက်တော်ရှစ်ဆယ်ပြည့်ပြီ။ လှပဘင့်တယ်စွာ စီခုံအပ်သောလှည်းသည် အိုမင်းဟောင်းမြည့်သော အခါကာလ စီးကြခြင်းငှာလည်း ကောင်း၊ ဝန် တင်ခြင်း ငှာ လည်း ကောင်း မလျောက်ပတ်သကဲ့သို့ ထို့အတူ ငါ၏ ရူပကာယတော်သည် အိုမင်း၍ ယိုယွင်းပျက်စီးချေပြီ။

ချစ်သား အာနန္ဒာ။

အကြင်အခါ၌ ငါဘုရားသည် အလုံးစုံသော အာရုံခြောက်ပါးကို မလိုက်စားမူ၍ သင်္ခါရတရားကို တအာရုံပြုသော အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကိုဖြစ်စေ၍ နေတော်မူ၏။ ထိုအခါ ငါ၏ကိုယ်တော်သည် အထူးသဖြင့် ချမ်းသာ၏။ ထို့ကြောင့် ငါ၏သာသနာ၌တည်သော သင်တို့သည်လည်း မိမိကိုယ်ကိုသာ မှီရာပြု၍ နေကုန်သော လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ အစရှိသော ကိလေသာတို့ကို ဖျောက်၍ ရူပကာယ၌ ဆံအစရှိသော ကောဋ္ဌာသအပေါင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေကြကုန်လော့”

ဦးချိုကျိုးသော ဥဿဘ

မြတ်စွာဘုရားသည် ဝေဠုဝရွာ၌ ဝါမှထပြီးသော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွကာ သီတင်းသုံးတော်မူ၏။ လက်ျာဘော်ရံ အရှင်သာရိပုတြာသည် တနေ့သ၌ နေ့သန့်စောင်မူမြဲအရပ်၌ သမာပတ်ဝင်စား၍ သမာပတ်မှ ထတော်မူသောအခါ မြတ်စွာဘုရားနှင့် အဂ္ဂသာဝကတို့၏ အာ

ယူသင်္ခါရကို ဆင်ခြင်ရာ အဂ္ဂသာဝကတို့က အလျင်အာယုသင်္ခါယာလွှတ်ကြောင်း သိရ၏။ တဖန် မိမိ၏ ပရိနိဗ္ဗာန်ဝင်ခြင်းနှင့် နေရာကို စဉ်းစားပြန်သော် ခုနစ်ရက်အတွင်း၌ဖြစ်၍ မိမိဖွားရာ မယ်တော်၏ အိမ်ခန်းသည် မိမိ ပရိနိဗ္ဗာန်ပြုရန် အကောင်းဆုံးနေရာဖြစ်ကြောင်း သိတော်မူ၏။

ထို့ကြောင့် ညီတော် အရှင်စုန္ဒအား ခေါ်တော်မူကာ နောက်ပါရဟန်းများနှင့် ပြင်ဆင်ထားရန် မှာကြားခဲ့ပြီး မြတ်စွာဘုရားထံ ဝင်ရောက်လျှောက်ပန်သည်တွင် "သင်၏တပည့်ကြီးတပည့်ငယ်တို့သည် သင်ကဲ့သို့သော ဆရာကို ဖူးမြင်ရခြင်းငှာလည်းကောင်း၊ ဆည်းကပ်ရခြင်းငှာလည်းကောင်း၊ အလှန်ရခဲ၏။ ထို့ကြောင့် တရားဟောဦးလော့"ဟု မိန့်တော်မူ၏။

အရှင်လည်း ထန်းတဆင့်အမြင့်၊ ထန်းနှစ်ဆင့်အမြင့်မှသည် ထန်းခုနစ်ဆင့်အမြင့်အထိ တက်ခြေဆင်းခြေ အဆင့်ဆင့်ပြုပြီးမှ တရားဟော၍ မြတ်စွာဘုရားအား ရှိခိုးလျက် နောက်ဆုတ်ကြွတော်မူရာ ရဟန်းတော်များ လိုက်ပို့ကြသည်။ သာဝတ္ထိတပြည်လုံးမှာ ဦးဆံမြှောက်ကြဲ ငိုယို၍ ပန်းနံ့သာလက်စွဲကာ ပူဇော်ကြ၏။ အရှင်သည် မြို့ဥပစာအလွန်တွင် လူရှင်ရဟန်းတို့အား တရားဟောကာ ဆက်လက်ကြွတော်မူသည်။

ဖွားရာဇာတိ နာဠကရွာထိပ်အရောက်တွင် ပူဇော်သူ အရှင် ဥပရေဝတနှင့် တွေ့သဖြင့် သံဃာငါးရာအတွက် နေရာထိုင်ခင်းနှင့် မယ်တော်၏ အိမ်ခန်းကိုပြင်ဆင်ရန် လွှတ်လိုက်ပြီးမှ ကြွတော်မူ၏။ သားလေးယောက်၊ သမီးသုံးယောက်လုံး ရဟန္တာဖြစ်သွားကြပါလျက် အရှင်သာရိပုတြာ၏ မယ်တော်သည် ရတနာသုံးပါး၌ မကြည်ညိုသေးချေ။ ထို့ကြောင့်

အရှင်မြတ်သည် မယ်တော်အား ထောက်ပံ့ရန် ကြွလာခြင်း ဖြစ်၏။

ထိုညဉ့် လကျ်ာတော်ရံ အဂ္ဂသာဝကအရှင်မြတ်သည် မယ်တော်၏အိမ်ခန်း၌ သီတင်းသုံးတော်မူစဉ် ကြမ်းတမ်းကြောက်မက်ဖွယ် သေဒုက္ခဝေဒနာဖြစ်လေရာ စတုမဟာရာဇ်နတ်မင်းများ၊ သိကြားမင်း၊ သုယာမနတ်မင်း၊ စုဋ္ဌရထနတ်မင်းနှင့် ဗြဟ္မာမင်းများသည် အရှင်မြတ်အား ပြုစုရန် ရှိခိုး၍ ခစားကြ၏။ အရှင်လည်း ညီတော်စုန္ဒရှိပြီး သင်တို့ မလိုဟုဆိုကာ ပယ်သဖြင့် ပြန်သွားကြ၏။

ငါ့သားအဖြစ်ကို အမေ မမြင်စံ့ပြီဟု ရင်ဘုကာ ထရံကွင်ကာပ်ပြီး ငိုယိုနေသော မိခင် ပုဏ္ဏေးမ ရူပသာရီသည် နတ်များ၊ ဗြဟ္မာများပြန်သွားလျှင် မည်သည့်တွေနည်းဟု သားထံ ချဉ်းကပ်စံစမ်းရာမ မိမိ၏သားသည် ထိုနတ်များ၊ ဗြဟ္မာများထက်ကြီးမြင့်စင်ကြယ်ကြောင်း မြတ်စွာဘုရားသည် မိမိ၏သားကဲ့သို့သော ရဟန္တာတို့၏ ဆရာဖြစ်ကြောင်း သဘောပေါက်ကာ ရတနာသုံးပါး၌ ကြည်ညိုလေတော့သည်။ ထိုအခါတွင် အရှင်သာရိပုတြာသည် မယ်တော်အား မြတ်စွာဘုရားဂုဏ်ကျေးဇူးနှင့် စပ်လျဉ်းသောတရား ကို ဟောရာ ရူပသာရီသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

အရှင်သာရိပုတြာသည် ဇာန်ဆောင်မှုန်း လပြည့်နေ့ညပစ္ဆိမယံအချိန်တွင် လကျ်ာနံပါးဖြင့်စောင်းလျက် ဈာနသမာပတ်၊ ဖလသမာပတ်တို့ကို မပြတ်ဝင်စားတော်မူ၍ စတုတ္ထဈာန်၏အထွတ်၌ ပရိနိဗ္ဗာန် စံတော်မူလေသည်။ အရှင်၏အလောင်းကို ရှင်လူရဟန်းများ ကြီးကျယ်စွာ ပူဇော်ကြ၍ အရှင်စုန္ဒ

သည် နှောင်းတော်၏ခေတ်တော်ကို ရွှေစင်ကြုပ်ဖြင့်ထည့်ကာ သပိတ် သက်န်းပ ါမကျန် အရှင်အာနန္ဒာပုတဆင့် မြတ်စွာဘုရားသို့ ဆက်သပေ၏။

မြတ်စွာဘုရားသည် ခေတ်တော်ကို လက်ဝါးပြင်၌ ထားတော်မူပြီးလျှင် ရှင်သာရိပုတြာ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းတော်မူသည်။

"ချစ်သား ရဟန်းတို့။

ယမန်နေ့၌ပင် ရှေ့တော်၌ တန်ခိုးပြာဋိဟာကိုပြ၍ လူရဟန်းတို့အား တရားဆို...သော ငါ့သားတော်ကြီးသည် သခ်ါရမိး ငြိမ်းခဲ့ရကား ခေတ်အစုမျှသာ ယခု ထင်ချေတော့သည်။ သင်တို့သည်း မပေါ့မလျော့လင့်ကုန်။

ဤချစ်သား သာရိပုတြာသည် တသချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်သဖြင့် အဂ္ဂသာဝကအဖြစ်သို့ ရောက်လာရကား ပညာအရာ၌ ငါဘုရားကိုထား၍ တိုင်းစားထိုက်သောသူသည် စကြဋ္ဌာတိုက်တသောင်းအတွင်း၌ မရှိချေ။

ဤသူသည် ကြီးသောပညာလည်းရှိ၏။ ရှင်သော၊ လျင်သော၊ထက်မြက်ထိုးထွင်း ခဏချင်းမြင်နိုင်သော ပညာလည်းရှိ၏။ အလိုနည်း၏။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏။ သူတော်ကောင်းလှ၏။ အကျိုးစီးပွား၌ အားထုတ်သောလုံ့လ ရှိ၏။ မကောင်းမှုပြုသူတို့ကို ကဲ့ရဲ့တတ်၏။ မြေကြီးနှင့်တူသော သည်းခံခြင်းရှိ၏။ စောင်းမာန်ကင်းဘိရကား ဦးချိုကျိုးသော နွားဥဿဘနှင့်တူ၏။

ချစ်သားတို့။ ဤသို့ ကျေးဇူးဂုဏ်အထူးဖြင့် ပြည့်စုံသော

ငါ့သားသာရိပုတြာ၏ ခတ်တော်ကို ကြည့်ကြကုန်လော့”
ဟု ဂါထာငါးရာတို့ဖြင့် ချီးမွမ်းတော်မူ၏။

ပြောလွှမ်းသော မီးကျီးကဲ့သို့

မြတ်စွာဘုရားသည် အရှင်သာရိပုတြာ၏ ဓာတ်တော်များကို စေတီတည်ပြီးနောက်တွင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏၊ လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာ မောဂ္ဂလာန်သည် ထိုပြည်၏အနီး၊ ဣသိဂိလိတောင်နံဘေး “ကာဠသိလာကျောက်ဖျာ” ထက်၌ စံနေတော်မူစဉ် တန်ဆောင်မုန်းလကွယ်နေ့၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။

ထိုအရှင်သည် နတ်ပြည်သို့ ဆွမ်းခံကြွရာမှ ပြန်လာလျှင် နတ်အသစ်တို့၏ လူ့ရွာမှ အမျိုးအဆွေတို့အား ပြောပြလေ့ ရှိ၏။ ခရီးကြုံ၍ ငရဲကြီးရှစ်ထပ်ကို ဝင်မိပြီး ပြန်လာလျှင်လည်း ငရဲသားအသစ်တို့အကြောင်းကို တဆင့် ပြန်ပြောလေ့ရှိရာ တိတ္ထိတို့မှာ စားရမဲ့ သောက်ရမဲ့ ဘဝသို့ ရောက်ကြရကာ၊ အရှင်အား သေကြောင်းကြံသောအားဖြင့် ဓားပြခေါင်းဆောင် သမဏဂုတ္တကို အသပြာဘထောင်ဖြင့် ငှားရမ်းကြလေသည်။

အရှင်မြတ်သည် ခိုးသားဓားပြတို့၏ရန်မှ ခြောက်ညသတ်လုံး သွတ်ကင်းခဲ့သော်လည်း သတ္တမညတွင်ကား ရှေးအပရာပရိယဝေဒနီယဖြစ်သော ဥပပီဠကကံနှိပ်နင်းသဖြင့် ခိုးသားဓားပြတို့၏ ညှဥ်းဆဲခြင်းကို ခံတော်မူရသည်။

ထိုအရှင်သည် လွန်လေပြီးသော ရှေးဘဝတခု၌ မယားမိုက်

ကိုရ၏။ ထိုမယားနှောက်တိုက်တွန်းချက်ဖြင့် မျက်မမြင်မိဖနှစ်ပါးကို ခိုးသားခေါးမြှယောင်ဆောင်၍ ရိုက်၏။ မိဖတို့သည် မိမိတို့အသက်ကို ချမ်းသာပေးရန် မတောင်းပန်ဘဲ သားအသက်ကို ချမ်းသာပေးရန် တောင်းပန်သဖြင့် မိဖနှစ်ပါးကို ကြင်နာချစ်ခင်စိတ် ပြန့်ဝင်ကာ အိမ်သို့ခေါ်ခဲ့ကာ ကောင်းစွာပြုစုစောင့်ရှောက်၏။

ယင်းမကောင်းမှုကံသည် ကမ္ဘာရှည်လျားစွာ အကျိုးပေးခွင့်မသာဘဲ ပြာလွှမ်းသော မီးကျီးခဲကဲ့သို့ ဖြစ်၍ ဤနောက်ဆုံးဘဝ၌ အကျိုးပေးခွင့်ရလေရာကား အဓိသတ်ရန် လာသော ခိုးသူတို့၏ ရိုက်နှက်ခြင်းခံရကာ အရိုးကို မှုန့်မှုန့်ညက်ညက်ကြေ၍ ဂွမ်းအိတ်ကဲ့သို့နေမှ သေပြီအမှတ်ဖြင့်သွားကြရာ တခုသော တောင်ကမ်းပါးယံကြားတွင် မြေမျို၍ မဟာအဝီစိ၌ ခံကြရလေသည်။

အရှင်မြတ်သည် အဘန်ငယ်သကိုရသောအခါ စျာန်သမာပတ်အဟုန်ဖြင့် အလုံးစုံသောကိုယ်ကို ကျန်းခန့်စေလျက် မြတ်စွာဘုရားထံ သွားရောက်ကာ ခွင့်တောင်းပြီးနောက် ပရိနိဗ္ဗာန်ပြုလေ၏။ နတ်ပြည် ခြောက်ထပ်နှင့် ရာဇဂြိုဟ်ပြည် အလုံးအနှံးကြွက်ကြွက် ငိုကြွေးစုဝေးကြ၍ လူနှင့်နတ်တို့ ရောထွေးလှုပ်ရှားသွားလာလျက် ခုနစ်ရက်ပူဇော်ပြီးမှ မီးသဂြိုဟ်ကာ ဓာတ်တော်ကို ဝေဠုဝန်ကျောင်းတော် မုခ်တံခါးဝ၌ စေတီတည်ထားလေသတည်း။

ဆင်ပြောင်ကြီး၏ ကြည့်ခြင်းဖြင့်

လက်ငဲတော်ရံ အဂ္ဂသာဝက ပရိနိဗ္ဗာန်ပြုပြီးနောက်တွင်

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ဝေသာလီသို့ ကြွတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးနောက် ကြိုရှေ့ စာပါလ စေတီအနီး၌ စမ္ပာယ်တော်မူစဉ် ဤနေရာ၏ မွေ့လျော်ဘွယ် နှစ်သက်ဘွယ် ကောင်းခြင်းကို ချီးမွမ်းတော်မူပြီးနောက် ဆက်လက်မိန့်တော်မူ၏။

"ချစ်သား အာနန္ဒာ။

ငါဘုရား၏ သာသနာ၌ ရဟန္တာဖြစ်ပြီးသောပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ် လေးပါးကို ပွားစေလျက် အဖန်တလဲလဲ အလေ့ အလာ ပြုနေငြားအံ့၊ ထိုပုဂ္ဂိုလ်အလိုရှိလျှင် အာယုကပ်ပတ်လုံး တည်နိုင်၏။ ယင်းထက်လွန်၍လည်း တည်နိုင်၏၊

ချစ်သား အာနန္ဒာ၊ ငါဟောတော်မူသော ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို ပွားစေ၍လည်းကောင်း၊ အဖန်တလဲလဲ အလေ့ အလာပြု၍ လည်းကောင်း နေလျှင် ထိုပုဂ္ဂိုလ်အလိုရှိသော် အာယုကပ်ပတ်လုံး တည်နိုင်၏၊ ငါဘုရားသည်လည်း အဓိပတိ လေးပါးနှင့်တကွ အထက်ပါတရားတို့ကို လေ့လာပွားစီး၍ နေသော် အာယုကပ်ပတ်လုံး တည်တော်မူနိုင်၏။ ဟာ[illegible]ကမ္ဘာ ပတ်လုံးတည်နိုင်၏"

ယင်းသို့ အမြွက်အရိပ် နိမိတ်ဩဘာစကားကို သုံးကြိမ် တိုင်တိုင် မြွက်ကြားတော်မူသော်လည်း အရှင်အာနန္ဒာသည် "သတ္တဝါတို့ အကျိုးစီးပွားအတွက် အာယုကပ်ပတ်လုံး တည် နေတော်မူပါ" ဟု တောင်းပန်ရန် သတိမရပေ။ မြတ်စွာဘုရား သည် ထိုစေတီနှင့် မနီးမဝေးရှိ သစ်ပင်ကြီးတပင်သို့ ပြောင်း

ရှေ့ စံနေတော်မူရာ အရှင်အာနန္ဒာ ရောင်ရန်သွားနေစဉ် ဝဿဝတ္တိမာရ်နတ်မင်းသည် ရောက်ရှိလာကာ နှိုးပူဇော်၏။

"ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရားသည် ပရိနိဗ္ဗာန် ပြုခါ တန်ပါပြီ။ ယခုအခါ အရှင်ဘုရား၏တပည့်သား သံဃာ တို့သည် လိမ္မာရေးခြားရှိကြပြီး ကိုယ်နှုတ်နှလုံး သုံးပါးကို ဆုံး မနိုင်ပါပြီ။ အသင်အကြားများ၍ ရဲရင့်တည်ကြည်ခြင်းသို့ ရောက်ကြပါပြီ။ ပိဋကတ်သုံးပုံကို ဆောင်နိုင်၍ လောကုတ္တရာ အကျင့်ကို မိမိတို့လည်း ကျင့်နိုင်ပြီး သူတပါးကိုလည်း သင် ကြားပြသနိုင်ကြပါပြီ။

အရှင်ဘုရား၏ အဆုံးအမကို ခံယူကြရသော ဘိက္ခုနီများ နှင့် ဥပါသကာ ဥပါသိကာတို့သည်သည်း လိုအပ်သောအကျိုး ပြည့်စုံပါပြီ။ အရှင်ဘုရား၏ဆုံးမသြဝါ သာသနာသည်လည်း စကြာဝဠာအပြည့်ပျံ့နှံ့၍ လူနတ်ဗြဟ္မာသိကြားတို့ ပြည့်စုံပြီဖြစ် သဖြင့် ပရိနိဗ္ဗာန်စံခါ တန်ပါပြီဘုရား"

မြတ်စွာဘုရားသည် အစဉ်ပွင့်သေကုန်သော ရှေးဟောင်း ဘုရားတို့၏ အာယုသင်္ခါရကို ဆင်ခြင်တော် လူတို့သက်တမ်း ငါးပုံ၏လေးပုံဘွင် ပရိနိဗ္ဗာန်စံဝင်သော ဗုဒ္ဓဝင်ထုံးဘမ်းကို နှလုံးပြု၍ ရှေးသုံးလလွန်ချိန်တွင် ပရိနိဗ္ဗာန်ပြုမည်ဟု မိန့်တော် မူသောခဏ၌ပင် ဘဝဂ်မိုးဖြင့် ပဲ့တင်ထပ်မျှ တော်လဲလေ၏။

"ပေါနေယျ ပဋိပတ်ဖြင့် ပြည့်စုံသောဘုရားသည် ဘဝအ သစ်ဖြစ်ရခြင်း၏ အကြောင်းဖြစ်သော ဘဝဘတန် ပြုပြင် လတံ့သော ကာမကုသိုလ် ရူပကုသိုလ်ကံကိုလည်းကောင်း၊ အရူပကုသိုလ်ကံကိုလည်းကောင်း၊ မိမိသန္တာန်၌ အဖန်ဖန်မွေ့

လျှော်စေပြီး၍ တည်ကြည်ငြိမ်သက်သော စိတ်ရှိလျက် စွန့်ပစ်ထွေးအန် ပယ်လျှံအောင်မြင်အပ်ပြီ။ မိမိသန္တာန်၌ဖြစ်သော မာန်အပေါင်းကို သူရဲကြီးသည် စစ်ခမြေအရပ်၌ သွားကာကို ဖျက်ဆီးသကဲ့သို့ အကြွင်းမဲ့ ဖျက်ဆီးအပ်ပြီ”

မြတ်စွာဘုရား ထိုသို့ ဥဒါန်းကျူးရင့်တော်မူပြီး၍ အရှင်အာနန္ဒာ ရောက်လာသောအခါ အကြောင်းစုံကို သိရသဖြင့် အာယုကပ်ပတ်လုံး တည်တော်မူပါဟု လျှောက်ထားသော်လည်း နောက်ကျခဲ့ချေပြီ။ မြတ်စွာဘုရားသည် ထိုသို့လျှောက်ကြားစေရန် နိမိတ်ပြတာစကားများ မိန့်ကြားခဲ့ဘူးသော်လည်း ရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အာယုကပ်တည်ရန် မတောင်းပန်ခဲ့ချေ။ ယခုသော်ကား ပရိနိဗ္ဗာန်ပြုရန် အာယုသင်္ခါရကို လွှတ်တော်မူပြီ။

ထိုနောက် သံဃာတော်တို့အား စည်းဝေးစေပြီး ဟောအပ်ပြီးသော တရားတို့ကို မြဲမြဲစွာ သင်ကြား၍ အဖန်ဖန်တလဲလဲ ပွားများကြရန် ဆုံးမတော်မူကာ ပရိနိဗ္ဗာန်ပြုတော်မူမည့်သတင်းကို ပေး၏။

မိုးသောက်၍ တနေ့သောအခါ မြတ်စွာဘုရားသည် ဝေသာလီပြည်မှ ဆွမ်းခံတော်မူပြီးသော် “ချစ်သား အာနန္ဒာ၊ ဝေသာလီပြည်ကြီးကို ငါကြည့်ဦးအံ့။ ဤကြည့်ခြင်းသည် အဆုံးစွန်သော ကြည့်ခြင်းပင်တည်း” ဟု မိန့်တော်မူပြီးလျှင် ဆင်ပြောင်ကြီး၏ ကြည့်ခြင်းဖြင့် (တကိုယ်လုံးလှည့်၍) ကြည့်တော်မူရာ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်လည်သကဲ့သို့ ဝေသာလီပြည်သည် လှည့်လည်၍ တည်ပေ၏။

ငြိမ်းခါနီးဖြစ်သော ဆိမီး

ဤနေရာမှတဆင့် မြတ်စွာဘုရားသည် သံဃာတော်အပေါင်း ခြံရံ၍ ဘဏ္ဍုဂါမသို့ ကြွတော်မူ၏။ ထိုနေရာတွင် တရားဟောပြီးလျှင် ဟတ္ထိဂါမ၊ သမ္ဗဂါမ၊ ဇမ္ဗုဂါမ၊ ဘောဂနဂရသို့ ကြွတော်မူပြန်ကာ သံဃာတို့အား မဟာပဒေသလေးပါးကို ညွှန်ကြားဆုံးမတော်မူ၏။

ထိုမှတဆင့် ပါဝါပြည်သို့ ကြွရောက်ကာ စုန္ဒဒါယကာ၏ သရက်ဥယျာဉ်၌ သီတင်းသုံး၍ နေတော်မူစဉ် စုန္ဒဒါယကာသည် ဆွမ်းဖြင့်ဖိတ်ကြား၏။ နောက်တနေ့နံနက်တွင် စုန္ဒသည် မြတ်စွာဘုရားအား သားပြွမ်းဆွမ်း၊ သံဃာတို့အား အခြားဆွမ်းလှူဒါန်းရာ မြတ်စွာဘုရားသည် ကြွင်းသောသားပြွမ်းဆွမ်းကို အခြားသူစားမိလျှင် အစာမကြေဘဲ ဒုက္ခရောက်မည် မြင်တော်မူ၍ မြေ၌တွင်းတူးကာ မြှုပ်စေ၏။ ဆွမ်းအနုမောဒနာပြုပြီးနောက် တည်းခိုသောဥယျာဉ်တော်သို့ ရောက်လျှင် ကြေဒက်ညင်ဘွယ် သွေးသွန်ဝေဒနာသည် ဖြစ်ပွား၏၊ သို့သော် သားပြွမ်းဆွမ်းကို ဘုဉ်းပေးထားသဖြင့် ဗုဒ္ဓမြတ်စွာသည် ဝေဒနာကို သည်းခံနိုင်ပေ၏။

ယင်းသို့ သည်းခံနိုင်သောကိုယ်တော်ရှိသောကြောင့်လည်း ကုသိနာရုံပြည်သို့ ဆက်လက်ကြွတော်မနိုင်ခြင်း ဖြစ်၏။ ခရီးတယူဇနာခန့်အရောက်တွင် ပင်ပန်းတော်မူသဖြင့် သစ်တပင်ရင်း၌ စံနေတော်မူစဉ် မလ္လာမင်းသား ပုက္ကုသသည် မြတ်စွာဘုရားထံ ချဉ်းကပ်ဖူးမျှော်၍ တရားနာရသဖြင့် သရဏဂုံဆောက်တည်၏။ ၎င်းလှူဒါန်းသော ပုဆိုးနှစ်ထည်အနက်

တထည်ကို လက်ခံ၍ တထည်ကို အရှင်အာနန္ဒာအား လှူစေတော်မူသည်။

ပုက္ကုသမင်း ထွက်ခွာ သွားလျှင် အရှင်အာနန္ဒာသည် မိမိရသောပုဆိုးကို မြတ်စွာဘုရားအား လှူဒါန်းသဖြင့် တထည်ကိုဝတ်၍ တသည်ကို ရုံတော်မူသောကာလ ဝင်းဝင်းညီးညီး တောက်လောင်ပြီးသော မီးကျီး၏အလျှံကဲ့သို့လည်းကောင်း၊ ယုဂန္ဓိုရ်တောင်ဦးမှ ကွန့်မြူးထွက်ပြူသော တူရိယာစက်ဝန်းကဲ့သို့လည်းကောင်း၊ အသောင်းအသိန်းသော လှနတ်တို့၏အလယ်၌ တင့်တယ်စွာ စမွာယ်သော အာဘာသဗြဟ္မာမင်းကဲ့သို့လည်းကောင်း၊ ခြိမ်းသောင်းတက် ကျုံး၍ မဆုံးမကုန်နိုင်အောင် ရောင်ခြည်တော်ခြောက်ဖိုင်သည် တပြိုင်တည်း ပွင့်၍ ကိုယ်တော်၏အဆင်းသည် တင့်တယ်ခြင်း အထွတ်သို့ ရောက်လေ၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်ပေ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ကိုယ်တော်သည် အံ့ဖွယ်သူရဲ မဖြစ်ဖူး မြဲ ထူးကဲတင့်တယ်လှ၏တကား"

"ချစ်သား အာနန္ဒာ။

ထွန်းခါစဖြစ်သော တန်ဆောင်ဆီမီးသည်လည်းကောင်း၊ ငြိမ်းခါနီးဖြစ်သော ဆီမီးသည်လည်းကောင်း၊ ကြီးစွာသော အလျှံဖြင့် အလွန်ထွန်းပခြင်း ဖြစ်သကဲ့သို့ ငါဘုရား၏ကိုယ်တော်သည်လည်း ဗောဓိပင်နှင့် ရွှေပလ္လင်ကိုရ၍ ဘုရားဖြစ်ဦးအခါ၌လည်းကောင်း၊ ပရိနိဗ္ဗာန်စံယူရအပ်သော နေ့၌သည်း

ကောင်း၊ ဤကာလနှစ်ပါး၌ ထူးခြားရှုတင့်တယ်ခြင်းအသရေ ဆောင်သတည်း”

ထိုမှတဖန် ဆက်လက်၍ ကြွတော်မူကာ ကကုဓမြစ်၌ ရေ သပ္ပါယ်ကာ၊ မြစ်အနီး သင့်လျော်သောနေရာတွင် စံပယ် လျက် “ဘုရားဖြစ်အံ့သောနေ့ ကပ်လှူရသော သုဇာတာ၏ ဃနာနို့ဆွမ်းသည်လည်းကောင်း၊ ရွှေပြည်နိဗ္ဗာန် စံအပ်သော နေ့ကပ်လှူရသော စုန္ဒဒါယကာ၏သား ပြွမ်းဆွမ်းသည်လည်း ကောင်း၊ အခြားကာလ၌ လှူရသောဆွမ်းတို့ထက် ကဲတက် ထူးမြတ်သော အကျိုးရှိ၏ဟု ငါဟောတော်မူကြောင်း ထပ် ဆင့်ဟောကြားဘိလော့”ဟု မိန့်တော်မူပြီး ခရီးဆက်တော်မူ ပြန်သည်။

မြတ်စွာဘုရားသည် လွန်စွာ ပင်ပန်းတော် မူလျက်နှင့်ပင် အရှင်စုန္ဒနှင့် အရှင်အာနန္ဒာတို့ ဝဲယာ တွဲလျက် ဟိရညဝတီမြစ် ကိုဖြတ်ကာ ကုသိနာရုံပြည် အနောက်တောင်ပါး တာငါးရာ ခန့်ကွာသော အရပ်ရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွတော်မူ၏။

အရှင်အာနန္ဒာသည် ချောက်ချားပူပင်လှသော နှလုံးဖြင့် ယူကျုံးမရရှိလျက် ယိုထွက်သော မျက်ရည်ကိုသုတ်၍ အင် ကြင်းပင်စုံကြားတွင် မင်းသုံးရတနာ ညောင်စောင်းကို တောင် မြောက်ထား၍ အပေါ်မှ ဒုကုဋ္ဌတော်ကို ခင်း၏။ မြတ်စွာ ဘုရားသည် မြောက်ဦး ဦးခေါင်းပြုလျက် လကျာ်နံတောင်း ဖြင့် လျောင်းတော်မူ၏။

အင်ကြင်းပင်များသည် အခါမဲ့တွင် ပွင့်၍ မြတ်စွာဘုရား အား ပူဇော်ကြ၏။ တောအပေါင်း၊ တောင်အပေါင်းနှင့် နတ်

များလည်း ပူဇော်ကြ၏။ ဝေဟာသတုံမှ ဝရှာဝါရကနတ်တို့သည် မြတ်စွာဘုရား ပဋိသန္ဓေနေစဉ်ကပင် စတင်သိကုံးနေသော ပန်းကုံးကို မပြီးစီးသေးဘဲ ယူဆောင်လာ၍ ပူဇော်ကြရ၏။

ထိုအခါ မြတ်စွာဘုရားလည်း စကြဝဠာပြည့်မျှ ဝန်းရံရောက်ရှိကာ ပူဇော်ကြသော ဂန္ဓဗ္ဗနာ့ါး သိကြားဗြဟ္မာနတ်များစွာတို့၏ ပူဇော်လာခြင်းကိုမြင်လျှင် ဤသို့ မိန့်တော်မူပေ၏။

"ချစ်သားအာနန္ဒာ။ စကြဝဠာတိုက် တသောင်းတွင်း၌ ရှိနေကုန်သော ပန်းသစ်ပင်အခပ်ငးနှင့်တကွ များစွာသော နတ်ဗြဟ္မာတို့သည် အထူးထူးသော ပူဇော်သက္ကာတို့ဖြင့် ငါဘုရားအား ပူဇော်ကုန်ပြီ။ ဤသို့ ပူဇော်ကာမျှဖြင့် ငါဘုရားအား ညွတ်တွားပူဇော်သည် မမည်သေး။ မြတ်နိုးတနာပူသည် မမည်သေး။ လောကုတ္တရာ အားလျော်သောအမှုကို ပြုသည် မမည်သေး။

ချစ်သား အာနန္ဒာ။

အကြင် ဥပါသကာ ဥပါသိကာ တို့သည်လည်းကောင်း၊ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ သည်လည်းကောင်း၊ ငါ ပညတ်တော်မူသော ဝါရိတ္တသီလ၊ စာရိတ္တသီလတို့ကို ရှိသေစွာကျင့်ဆောင်ကြ၏။ ဓမ္မာနုဓမ္မပဋိပတ္တိ ဟုဆိုအပ်သော လောကုတ္တရာတရားအားလျော်သောအကျင့်တို့ကို ကျင့်ကြ၏။ ထိုသူတို့သည်သာလျှင် ငါဘုရားကို ရှိသေလေးမြတ်သည် မည်၏။ ချစ်ကြည်မြတ်နိုး ရှိခိုးပူဇော်သည်မည်၏။

ထို့ကြောင့် ငါ၏သာသနာ၌ ချမ်းသာကို အလိုရှိကုန်သော ဥပါသကာ ဥပါသိကာ၊ ဘိက္ခု ဘိက္ခုနီအများတို့သည် လောကုတ္တရာတရား၏ ရှေ့အဖို့ဖြစ်သော ကျင့်ဝတ် ပဋိပတ်ကိုသာ ရိုသေစွာကျင့်သုံးကုန်၏”

ထိုသို့ မိန့်တော်မူသော မြတ်စွာဘုရားအား အရှင်ဥပဝါဏသည် ယပ်ခပ်၍ ခစားနေရာ ရှေ့တော်တွင် မနေရန် မိန့်တော်မူသဖြင့် သင့်ရာသို့ရှားသွားရာ အရှင်အာနန္ဒာက အကျိုးအကြောင်း မေးလျှောက်၏။

ပရိနိဗ္ဗာန်ပြုတော်မူအံ့သော မြတ်စွာဘုရားကို ဖူးမြင်ရန် လာကြသော နတ်တို့သည် ဤဥယျာဉ်မှ တဆယ့်နှစ်ယူဇနာအတွင်းဝယ် ပြကတေ့ မနေနိုင်ပေ။ သားမြီးတမျှင်စာနေရာတွင် နှစ်ကျိပ်သုံးကျိပ်အထိ စုဝေးညပ်ထပ်နေကြ၏။

အရှင်ဥပဝါဏကား ရှေးကောင်းမှုကြောင့် အဆင်းလှသည်။ ကိုယ်ခန္ဓာကြီးမားသည်။ တန်ခိုးအဘိညာဉ်လည်း ကြီးလှသည်။

နတ်တို့၏မျက်စိများသည် ပုထုဇဉ်တို့၏ ကိုယ်ခန္ဓာကိုသာ ဖောက်ထွင်း၍ အခြားတဖက်သို့ မြင်နိုင်သော်လည်း ရဟန္တာ၏ကိုယ်ကိုကား ဖောက်ထွင်းမြင်နိုင်စွမ်းမရှိ။ ထို့ကြောင့် အရှင်မြတ်ကွယ်ထားသဖြင့် ဘုရားကို မဖူးရဟု များစွာသော နတ်ဗြဟ္မာတို့ ငြူစူကြကုန်၏။ မြတ်စွာဘုရားသည် ယင်းကို သိတော်မူ၍ ဆင်ဖြူပမာဏ ကြီးမားလှသော ထိုအရှင်ကို အဖယ်ခိုင်းခြင်း ဖြစ်ပေ၏။

"အရှင်ဘုရား။ အကျွန်ုပ်တို့ထံသို့ မာတုဂါမတို့ ဆည်းကပ်သည်ရှိသော် အဘယ်သို့ ကျင့်ရပါအံ့နည်း"

"ချစ်သားအာနန္ဒာ။

ကိလေသာကို ပယ်ခွာလိုသော ရဟန်းသည် စည်းစောင့်ရန် လုံခြုံစွာ၌ နေသော နွားကဲ့သို့ တိုက်တံခါးလုံခြုံသော ကျောင်း၌သာ ကျိန်းအောင်း၍ နေရာ၏။ မာတုဂါမတို့ရောက်လာသော်လည်း အကြင်မျှလောက်သော ကာလပတ်လုံး၊ အဆင်းကို မမြင်ရ–ထိုမျှလောက်သော ကာလပတ်လုံး ရုန်းရင်းတပ်မက်သော ရာဂသည် မဖြစ်နိုင်။ မြင်ရသော်သာလျှင် ပြင်းစွာသောရာဂသည် ဖြစ်ပွယ်၏။ ထို့ကြောင့် မမြင်ရရာ၌ နေခြင်းသည်သာလျှင် မြတ်သော ပဋိပတ် တည်း"

"အရှင်ဘုရား။ အကယ်၍ ဆွမ်းခံသောအခါ၊ ဆွမ်းလှူလာသောအခါ၌ မြင်ချေမူကား အသို့ ကျင့်အပ်ပါသနည်း"

"ချစ်သား အာနန္ဒာ။

မာတုဂါမတို့ကို အကယ်၍ မြင်ကုန်ငြားအံ့။ စကားမပြောဘဲနေခြင်းသည်ပင် မြတ်သော ပဋိပတ်တည်း။

ချစ်သား အာနန္ဒာ။

ထက်စွာသော သန်လျက်ကိုကိုင်၍ ငါနှင့် စကားဆိုမူကား သင်၏ဦးခေါင်းကို ဖြတ်အံ့ဟုဆို၍ ရပ်လာသောယောကျ်ားနှင့် စကားပြောခြင်းသည် မြတ်၏။ မာတုဂါမတို့အား စကားပြောဆိုခြင်းသည် မမြတ်။ ငါ့ကိုခေါ်မူကား သင်၏အသားကိုထွင်း၍ စားအံ့ဟုဆို၍ ရပ်လာသော ဘီလူးမအား စကားပြောဟောခြင်းသည် မြတ်သေး၏။ ချစ်ဖွယ်ရှိသော မာတုဂါ

မတို့အား စကားပြောခြင်းသည် မမြတ်။ အဘယ်ကြောင့်နည်းဟူမူကား မာတုဂါမတို့နှင့် စကားပြောဟောရသည်ရှိသော် ချစ်ကျွမ်းဝင်ခြင်းသည်ဖြစ်၏။ ချစ်ကျွမ်းဝင်သည်ရှိသော် နှစ်သက်ခြင်းရာဂဖြစ်၏။ ရာဂဖြစ်သည်ရှိသော် အထူးထူးသောကိစ္စကို ကြံခြင်းဟူသော သင်္ကပ္ပရာဂဖြစ်၏။

သင်္ကပ္ပရာဂဖြစ်သည်ရှိသော် တဏှာဥပါဒါန်တို့သာ ဖြစ်၏။ ထိုတဏှာဥပါဒါန်ဖြစ်သည်ရှိသော် သီလ၏ညစ်ညူးခြင်း၊ ပျက်စီးခြင်းသို့ ရောက်၍ အပါယ်လေးပါးသို့ လားခြင်းသည်ဖြစ်၏။ ထို့ကြောင့် စကားပြောရခြင်းသည် မမြတ်၊"

"အရှင်ဘုရား၊ မာတုဂါမတို့သည် ပြဿနာမေးလျှောက်ခြင်းငှာ ကျောင်းသို့လာ၍ တနေ့ပတ်လုံးသော်လည်း မေးလျှောက်၍ နေကြွားအံ့။ သီလသိက္ခာတင်း ဖြည့်ကျင့်ခြင်းကိုလည်း တောင့်တကြွားအံ့။ တရားတော်ကိုနာလို၍ တောင်းပန်ကြွားအံ့။ ရဟန်းတို့နှင့်လျောက်ပတ်သော ကံကိစ္စကိုလည်းရွက်ဆောင်၍ နေလာကြွားအံ့။ ထိုအခါ၊ တစုံတခုသောစကားကိုမျှ မပြောခဲ့သော် ရဟန်းတို့သည် ဆွံ့အသည်၊ နားပင်းသည်၊ လောကအရာ မလိမ္မာသည်၊ ပညာမရှိသည် ဆိုလိမ့်သတည်း။ ထို့ကြောင့် စကားပြောဟောရချေသော် အဘယ်သို့ နှလုံးထားအပ်ပါသနည်း"

"ချစ်သား အာနန္ဒာ။

ကျောင်းသို့ရောက်လာသော မာတုဂါမတို့အား စကားပြောလိုသည်ရှိသော်. အမိလောက်ရှိသော မိန်းမတို့၌ အမိဟူ

သောစိတ်ကို ဖြစ်စေကုန်။ နှမမျှလောက်သော မိန်းမတို့၌ နှမဟူသောစိတ်ကို ဖြစ်စေကုန်။ သမီးမျှလောက်ရှိသော မိန်းမတို့၌ သမီးဟူသောစိတ်ကို ဖြစ်စေကုန်။ အာနန္ဒာ၊ မာတုဂါမတို့အား စကားပြောဟောသောအခါ၌ သတိပညာကို လွန်စွာဖြစ်စေကုန်လော့”

ထိုမှတဖန် မြတ်စွာဘုရားသည် အရှင်အာနန္ဒာ မေးလျှောက်ပြန်သဖြင့် ပရိနိဗ္ဗာန် စံတော်မူပြီးသော မြတ်စွာဘုရားအား သင်္ဂြိုဟ်ပုံ၊ စေတီတည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်လေးပါး စသည်တို့ကိုဟောကြားတော်မူပြီးသော် ဖလသမာပတ်ကို ဝင်စားတော်မူနေစဉ် အရှင်အာနန္ဒာသည် အနီးမှခွာကာ မင်းကွန်းဇရပ်တိုင်ကို ခေါင်းစိုက်၍ ငိုနေ၏။

မြတ်စွာဘုရားသည် သမာပတ်မှထတော်မူ၍ အရှင်အာနန္ဒာကို ခေါ်တော်မူကာ ငိုနေကြောင်းသိသဖြင့် ဆုံးမစကားဟောကြားတော်မူ၏။ အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးကိုလည်း ထုတ်ဖော်ချီးကျူး၏၊ ထိုနေ့ည ပဌမယံ၌ မြတ်စွာဘုရားသည် အလှည့်ကျ ဝင်ရောက်ဖူးမျှော် ကန်တော့သော မလ္လာမင်းတို့အား လက်ခံတော်မူ၍ ပစ္ဆိမယံ၌မူ အဆောတလျင်ရောက်လာသော သုဘဒ္ဒပရိဗိုဇ်ကို တရားဟောတော်မူလေ၏။

သုဘဒ္ဒပရိဗိုဇ်သည် ဤသို့လျှောက်ထား၏။

“အရှင် ဂေါတမ။ အကျွန်ုပ် သံသယတခုရှိပါသည်။ ထိုပြဿနာကို သိသာအောင် ဖြေတော်မူပါ။

ဤလူ့ရွာ၌ ဂိုဏ်းဆရာဖြစ်၍ ကျော်စောထင်ရှားကုန်

သော ပူရဏ ကဿပ၊ မက္ခလိ ဂေါသာလ၊ အဇိတ ပကုဓကစ္စ ယန၊ သဉ္စယ၊ နိဂဏ္ဌတို့သည် မိမိတို့ဝန်ခံသောအတိုင်း အလုံးစုံ သော တရားကို သိပါကုန်သလော။ မသိဘဲပင် လွန်ကဲစွာ ဝင့် ဝါလေသလော။ အချို့သောတရားကိုသာ သိလေသလော”

“အချင်းသုဘဒ်။ ဤစကားကို ငါဘုရားဖြေခြင်းငှာ အ ကြောင်းမသင့်၊ အခွင့်မဟုတ်ပြီ။ ဤစကားကို ထားဘိလော့” ဟု မိန့်တော်မူကာ မြတ်စွာဘုရားသည် ဆက်လက်၍ ဟော ကြားတော်မူ၏။

“အကြင်တိတ္ထိတို့သည် ကိလေသာတည်းဟူသော အညစ် အကြေးကင်းသဖြင့် သန့်ရှင်းဖြူစင်စွာ အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်ဓမ္မကိုမရ၊ မကျင့်တတ်။ ထိုတိတ္ထိတို့၏ သာသနာ၌ သော တာပန်ရဟန်းကိုလည်းကောင်း၊ သကဒါဂါမ်ရဟန်းကိုလည်း ကောင်း၊ အနာဂါမ် ရဟန်းကိုလည်းကောင်း၊ လေးယောက် မြောက်သော ရဟန္တာကိုသော်လည်းကောင်း မရအပ်သေး။ ယင်းသို့မဂ္ဂဉာဏ် ဖလဉာဏ်မှ တရံတခါ အရလာသောကြောင့် ခန္ဓာငါးပါးကြွေ သေလွန်ကြသော်လည်း အမြိုက်တရားကို မရ ကုန်။

ငါဘုရား၏သာသနာ၌သာလျှင်ကိလေသာတည်းဟူသော အညစ်အကြေးကို ကင်းဝေးစေတတ်သော အင်္ဂါရှစ်ပါး ကမဂ္ဂပဋိ ပတ်ကို ရအပ်သည်ဖြစ်သောကြောင့် စွန့်ပစ်အပ်သောတရားကို ပယ်ခွာလျက် သောတာပန်ရဟန်းကိုလည်းကောင်း၊ သကဒါ ဂါမ် ရဟန်းကိုလည်းကောင်း၊ အနာဂါမ် ရဟန်းကိုလည်း ကောင်း၊ ကောင်းစွာရ၏။

ထို့ကြောင့် ခန္ဓာပျက်ကြွေ သေလွန်သောအခါ အမြိုက် ချမ်းသာကို ကောင်းစွာ ရလေကုန်၏။ အကယ်၍ တိတ္ထိတို့၏ သာသနာ၌ မဂ္ဂါနုလော မပ္ပဋိပန္န ပုဂ္ဂိုလ်လေးပါး၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးပါး၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးပါးအားဖြင့် တကျိပ် နှစ်ပါးသောပုဂ္ဂိုလ်တို့ကို ရသည်ဖြစ်အံ့၊ ဤလောက၌ ရဟန္တာ တို့မှ မဆိတ်နိုင်ရာ။

အချင်း သုဘဒ္ဒ။

ငါဘုရားသည် နိဗ္ဗာန်တရားကိုမြင်လိုသည်ဖြစ်၍ နှစ်ဆယ့် ကိုးနှစ်ကပင် တောသို့ဝင်ကျက်သောမညပုဂ္ဂိုလ်တို့ ကျင့်လိုခဲလှ သော ဒုက္ကရစရိယာအကျင့်ဖြင့် ရှည်မြင့်စွာ နေတော်မူသည်။ ရဟန်းပြုသည်မှစ၍ ငါးဆယ့်တနှစ်ပတ်လုံး အမြတ်ဆုံးဖြစ် သော နိဗ္ဗာန်ကိုသာ အာရုံပြု၍ ဝိပဿနာတရားကို အား ထုတ်တော်မူသည်။ ထိုမျှလောက်သောကာလအတွင်း၌ ငါ၏ သာသနာတော်မှ ကင်းလျက် သန့်ရှင်းသောအကျင့် အယူရှိ သော ပုဂ္ဂိုလ်၊ မဂ်ဖိုလ်နိဗ္ဗာန်လမ်းမှန်သို့ ရောက်သောပုဂ္ဂိုလ်ကို တစုံတယောက်မျှ ငါ မြင်တော်မမူ"

ထိုအခါ ပရိဗိုဇ်လည်း မြတ်စွာဘုရား၏သာသနာ၌ရဟန်း ပြုလိုကြောင်း ခွင့်တောင်းသဖြင့် အရှင်အာနန္ဒာသည် ရဟန်း ပြုပေးရ၏။ မြတ်စွာဘုရားသည် သုဘဒ္ဒရဟန်းကို ကမ္မဋ္ဌာန်း ပေးတော်မူလိုက်ရာ ထိုဥယျာဉ်အတွင်း၌ စင်္ကြံသွားလျက် ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် မြတ်စွာဘုရား၏ မျက်တော် မှောက်၌ နောက်ဆုံးဖြစ်သည့် ရဟန္တာသာဝက အဖြစ်သို့ ရောက်ရှိလေသည်။

မြတ်စွာဘုရားသည် မိမိလွန်ပြီးနောက်တွင် သုတ်၊ဝိနည်း၊ အဘိဓမ္မာတို့သည် သံဃာတို့၏ဆရာအဖြစ် ရှိနေမည်ဖြစ်၍ မြတ်စွာဘုရားရှိသည် မှတ်အပ်သင့်ကြောင်းကိုလည်းကောင်း၊ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို နုတ်ချလျှင် နောက်သားသံဃာ တို့ သက်သာရာ ရလတံ့သည်ကိုလည်းကောင်း၊ အချင်းချင်း ခေါ်ဝေါ်ဆက်ဆံပုံကိုလည်းကောင်း၊ ဆန္နရဟန်း အား ဗြဟ္မ ဒဏ်ပေးကြရန်ကိုလည်းကောင်း မှာထားတော်မူပြီးလျှင်၊ ရတနာသုံးပါးနှင့် မဂ်ဖိုလ်တရား ကျင့်ဝတ်ပဋိပတ်၌ ယုံမှားတွေး တောသူရှိလျှင် ယခုပင် မေးလျှောက်ကြဟု အမိန့်ရှိ၏။

သုံးကြိမ်တိုင် မိန့်တော်မူ၍ ယုံမှားတွေးတောသူ ပေါ်မ လာသဖြင့် မြတ်စွာဘုရားသည် ဤသို့ ဆုံးမတော်မူ၏။

"ရဟန်းတို့။

ယခုအခါ၌ ငါ၏အလိုတော်ရင်းဖြင့် သင်တို့ကို ငါဘုရား သည် မှာထားတော်မူ၏။ကံစိတ် ဥတုအာဟာရတည်းဟူသော အကြောင်းလေးပါး အစုတို့သည် ပြုပြင်၍ ဖြစ်သမျှသော သင်္ခါရတရားတို့သည် ပျက်တတ်သောသဘောရှိကုန်၏၊သင်တို့ သည် မမေ့မလျော့ မပေါ့မလစ်သဖြင့် ပြည့်စုံစေကုန်လော့"

ဤ နောက်ဆုံးစကားကိုဟောကြားတော်မူပြီးလျှင် ပထမ ဈာန်မှ စတုတ္ထဈာန်။ အာကာသနဉ္စာယတနဈာန်မှ နေဝသ ညာနာသညာယတနဈာန်။ထို့နောက် နိရောဓသမာပတ် ဝင် စားပြီးလျှင် အထက်ပါဈာန်များကို လွန်၍ ဝင်စားတော်မူ ပြန်၏။ ထို့နောက်တွင် ပထမဈာန်မှ စတုတ္ထဈာန်အထိ အစဉ် လိုက် ဝင်စားတော်မူပြန်၏။

ထိုစတုတ္ထစျာန်မှထ၍ စျာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူသော ပစ္စဝေက္ခဏာဇောတို့သည်အကြိမ်များစွာဖြစ်၏။ ထိုသို့ဖြစ်၍ ဝီထိတွက်ရေ ကုဋေနှစ်သန်းလေးသိန်းသော သမာပတ်ကို ဝင်စားတော်မူပြီးမှ စတုတ္ထစျာန်အင်္ဂါကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိ၏ အဆုံး၌ အလုံးစုံသော သင်္ခါရတရားတို့၏ ကုန်ငြိမ်းရာ နိရောဓသစ္စာကို အာရုံပြုသော မဟာဝိပါက်ပဋ္ဌမအသင်္ခါရိက အဗျာကတ ဒုက္ခသစ္စာဖြင့် သက္ကရာဇ် ၁၄၈ ခု-ရတုဂိမှ် ကဆုန်လပြည့် အင်္ဂါနေ့ ညဉ့်ဦးယံဝယ် ပရိနိဗ္ဗာန်စံတော်မူ၏။

ထိုအခါ သောတာပန်, သကဒါဂါမ်ရဟန်းရော နတ်ပါပြင်းစွာ ငိုကြွေးကြ၍ ရဟန္တာနှင့် အနာဂါမ်နတ်တို့သာ မတုန်မလှုပ် နေနိုင်ကြသည်။ အရှင်အနုရုဒ္ဓာ စေခိုင်း၍ မလ္လာမင်းတို့ ထံသို့ အရှင်အာနန္ဒာ အကြောင်းကြားရာ မင်းနှင့် တိုင်းသူပြည်သားများ သည်းအူပြတ်မျှလည်း ငိုကြွေးကြသည်။ လိုအပ်သချကိုလည်း ချီးမြှောက် ပူဇော်ကြ၏။ နတ်တို့ကြဲမြှောက်ပူဇော်သော အလွန်ကြီးမားသည့် မန္ဒာရဝ ထင်ရှားပန်းများလည်း ပုဆစ်ဒူးကျွံအောင် များပြား၏။

သုံးရက်မြောက်သောနေ့တွင် အလောင်းတော်ကို မြို့တွင်းမှ ဖြတ်၍ အရှေ့တံခါးမှထွက်လာ မကုဋဗန္ဓနအရပ်၌ စကြဝတေးမင်းတို့၏ အလောင်းကို သင်္ဂြိုဟ်ထုံးဖြင့် စီရင်၍ အလောင်းတော်ကို မီးတိုက်ကြသော်လည်း မီးမလောင်ချေ။ ဘုရားတသည့်ကြီးဖြစ်သော အရှင်မဟာကဿပသည် မြတ်စွာ

ဘုရားအား ဖူးမြင်ရန် ပါဝါပြည်မှ ရဟန်းငါးရာဖြင့် ရောက်လာကာ မြတ်စွာဘုရား ခြေတော်အစုံကို ဦးတိုက်ဖူးမျှော်ပြီးမှသာ အလောင်းတော်သည် မီးရှို့သူမရှိဘဲ အသိုလိုလောင်ကျွမ်း၍ ရွှေစင်တကဲ့ ပုလဲဥလား ချယားစေ့အဆင်းရှိသော ဓာတ်တော်တို့သာလျှင် ရှစ်စိတ်ပမာဏမျှ တည်ကုန်၏။

မလ္လာမင်းတို့သည် ကြွင်းကျန်ရစ်သော ဓာတ်တော်၊ စွယ်တော်၊ ညှပ်ရိုးတော်နှင့် နဖူးသင်းကျစ်တော်ကို ရွှေအိုးတွင် ထည့်ကာ ကြီးကျယ်ခမ်းနားစွာ သယ်ဆောင်ပြီးလျှင် မြို့တွင်း၌ ခုနစ်ရက်ပတ်သုံး ပွဲသဘင်တို့ဖြင့် ပူဇော်ကြသည်။

ထိုအခါ ရာဇဂြိုဟ်ပြည်မှ အဇာတသတ်မင်း၊ ဝေသာလီမှ လိစ္ဆဝီမင်းများ၊ ကပိလဝတ်မှ သာကီဝင်မင်းများ၊ အလ္လကပ္ပပြည်မှ ဗုလမင်း၊ ရာမတိုင်းမှ ကောလိယမင်း၊ ဝေဌဒီပတိုင်းမှ ဝေဌဒီမင်းနှင့်ပါဝါပြည်မှမလ္လာမင်းတို့သည် မြတ်စွာဘုရား၏ ဓာတ်တော်များ မျှတခွဲဝေပေးရန် တမန်လွှတ်၍ အနူးအညွတ်တောင်းခံပြီးမှ အနူးအညွတ်ပေးလျှင်ပေး၊ မပေးလျှင် စစ်ထိုးရန် ရည်ရွယ်ချက်ဖြင့် တပ်ကြီးချီ၍ လာကြရာ ကုသိနာရုံ တပြည်လုံးမှာ ကြီးမားသော စစ်တပ်များ၏ အလယ်တွင် ရောက်နေလေ၏။

သို့ရာတွင် ကုသိနာရုံ မင်းတို့ကလည်း အသာတကြည် ပေးရန် ဆန္ဒမရှိ။ စစ်ထိုးရန်သာ ဆန္ဒရှိသည်။ ထိုအချိန်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပွဲတော်ကို ဖူးမျှော်ရန် ရောက်နေ

သော ဒေါနပုဏ္ဏားသည် ဇမ္ဗူဒိပ်ကျွန်းတွင် ရှိသော မင်းတိုင်း၏ ဆရာဖြစ်သဖြင့် ဝင်ရောက်ဖျန်ဖြေကာ မွေတော်, ဓာတ်တော်များကို ဝေခြမ်းပေးလိုက်လေ၏။

ဝိပ္ပလိဝနတိုင်းမှ မောရိယမင်းတို့မှာ အလာနောက်ကျသောကြောင့် အလောင်းတော်သင်္ဂြိုဟ်သော စန္ဒကူးမီးသွေး၊ ဒေါနပုဏ္ဏားမှာ ဓာတ်တော်ခြင်သော ရွှေတင်းကိုသာ ရရှိ ကိုးကွယ်ကြရသည်။

ဆိပ်နံ့တကြိုင်ကြိုင်နှင့်

လောကသင်းကျင်ဓမ္မရာဇ်မှန်ကူ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့နံနက် မိုးသောက်ယံတွင် နိဗ္ဗာန်လားတော်မူ၍ အလောင်းတော်ကို ၎င်းလပြည့်ကျော် တဆယ့်နှစ်ရက် တနင်္ဂနွေနေ့တွင် တေဇောဓာတ်လောင်ကာ ၎င်းနှစ် နယုန်လဆန်း ၅ ရက်နေ့ဝယ် ရှစ်ပြည်ထောင်မင်းတို့ ဓာတ်တော်ကို ဝေဖန်ပြီးမြောက်သည်။

အရှင်မဟာကဿပသည် ထိုနေ့တွင်ပင် ဓာတ်တော်ထားခဲ့သော ဇရပ်တွင် သံဃာတော်တို့အား စည်းဝေးစေ၍ အာတုမပြည်သား သုဘဒ်ရဟန်း၏ ဘုရား၌မုန်းထားသော သွေ့သွမ်းစွာဆိုသော စကားကို ပြန်ပြောင်းပြောပြတော်မူ၏။

သုဘဒ်ရဟန်းတွင် သားဖြစ်သော စယမဏေ နှစ်ပါး ရှိသည်။ ၎င်းတို့နေသော အရပ်သို့ မြတ်စွာဘုရားနှင့် သံဃာတော်များ ကြွလာကြောင်းကြားသိလျှင် ယာဂုလှူဒါန်းရန်

ကြ၍ သားသမီးနှစ်ပါးအား ဆတ္တာသည်ပစ္စည်းများ ပေးအပ်၍ ဆတ္တာသည်အဖြစ်ဆောင်ရွက်ချေကြ၊ အခကြေး ငွေအစား ယာဂုကိုစွတ်ပ ဝင်သော ပစ္စည်းများ ယူခဲ့ကြဟု မှာကြားသည်။ လူအများသည် ဆတ္တာသည် အမှုလုပ်ခ အတွက်ဟု သဘောမထားဘဲ များစွာပေးကမ်းကြ၏။

သို့ဖြင့် သုဘဒ်ရဟန်းသည် လူအများကို ကြီးမှူး ကွပ် ကဲကာ ယာဂုကျိုသည်။ မိုးသောက်ယံတွင် မြတ်စွာဘုရား ကြွလာတော်မူသောအခါ မဲညစ်သောသက်န်းကို ရုံလျက် ပြာမှုန့် ခိုးမှင် ပေကျံသောကိုယ်ဖြင့် ယောက်မကို ကိုင်ကာ မြတ်စွာဘုရားရှေ့တွင် ဒူးထောက်၍ ယာဂုအလှူခံပါရန် လျှောက်ထား၏။

မြတ်စွာဘုရားသည် ဤယာဂုဖြစ်လာစေရန် သုဘဒ်ရဟန်း ကြိုးပမ်းပုံများကို မေးမြန်းသိတော်မူပြီးနောက် မစင်ကြယ် သော ပစ္စည်းဖြစ်၍ အလှူမခံပေ။ သံဃာတို့အားလည်း တားမြစ်၏။ ဝိညာပန သိက္ခာပုဒ်နှစ်ရပ်ကိုလည်း ပညတ်တော် မူကာ ဆွမ်းခံကြွတော်မူ၏။ သုဘဒ်ရဟန်းသည် မြတ်စွာ ဘုရားကို ထိုအခါမှစ၍ အငြိုးရှိ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးစတွင် အရှင်မဟာကဿပ သည် မြတ်စွာဘုရားကို ဖူးမျှော်ကန်တော့ရန် နောက်ပါ ရဟန်းငါးရာဖြင့် ပါဝါပြည်မှ ကြွလာသောအခါ ထိုရဟန်း ငါးရာထဲတွင် သုဘဒ်ရဟန်းလည်း ပါဝင်၏။ ထိုသို့ ကုသိ နာရုံသို့ လာကြစဉ် မန္ဒာရဝပန်းကို ထီးလုပ်ကာ ဆောင်၍

လာသော တက္ကတွန်းတယောက်ကို မြင်သဖြင့် စုံစမ်းသည်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်လားကြောင်း သိရ၏။

ထိုအခါ ရဟန္တာ မဟုတ်သေးသော ရဟန်းမှန်သမျှ သည်းအူပြတ်မျှ ငိုကြွေးကြရာ သုဘဒ်ရဟန်းက "ငါ့ရှင်တို့၊ အဘယ်ကြောင့် ငိုကြွေးကြသနည်း။ ငါတို့သည် ဂေါတမ ရဟန်းကြီး၏ လက်မှလွတ်ပြီ။ 'ဤသို့ မပြုရ၊ ဤအမှုကား ပြုအပ်၏' စသည်ဖြင့်ညွှန်ဆဲလှသည်။ ယခုကား ငါတို့ တင်ရာ ပြုရတော့မည်" ဟု ဝမ်းသာအားရ ပြောသံကို အရှင်မြတ် ကြားသော် အလွန်သော မမှုသံဝေဂ ဖြစ်၏။

"ငါ့ရှင်တို့။

သုဘဒ်ရဟန်းကဲ့သို့သော သူယုတ်သူဖျင်းတို့သည် မင်း၏ စည်းစိမ်ကို ပေးပေသော ကျေးဇူးရှင်ကိုလျက် ရန်သူထင်မှား သော ယောကျာ်းကဲ့သို့ ချုတ်ချယ်ထိပါးလျက် ပြောဆိုကုန် သည်။ ဤသူဖျင်းတို့သည် အသင်းအပင်းကို ရကုန်သည်ရှိသော် သူတော်ကောင်းတရား တည်းဟူသော ဘုရားဩဝါဒသည် မကြာမီ ကွယ်လေရာသည်။

စင်စစ်သော်ကား အကြင်မျှလောက်သော ကာလပတ်လုံး သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့သည် တည်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရား နိဗ္ဗာန်မဝင်သေးသည်သာတည်း။

ယင်းသို့ဖြစ်ရကား မသူတော်တို့၏ တရားသည် မပြန့်ပွား မတောက်ပမီ၊ သူတော်ကောင်းတို့၏ တရားသည် မရွေ့လျော မပျောက်ပျက်မီ၊ အလဇ္ဇီသူယုတ်တို့ ပြုလုပ်ပညတ်အပ်သော အဝိနယဓမ္မ မထွန်းပ မပြန့်ပွားမီ၊ ဝိနည်းတရား ဘုရားတရား

မပျက်ပြား မယိုယွင်းမီ၊ အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်များသည် အားမကြီးမီ၊ လဇ္ဇီသူတော်ကောင်းများသည် အားမနည်းမီ သုတ်၊ ဝိနည်း၊ အဘိဓမ္မာကို သင်္ဂါယနာ တင်ကြကုန်အံ့"

ထိုသို့ နောက်ကြောင်းကို ဖော်၊ ရှေ့ကြောင်းကို မြှော်၍ မိန့်ဘော်မူသောအခါ သံဃာတော်အပေါင်းတို့ကလည်း သင်္ဂါယနာတင်ခြင်းကိစ္စအတွက် အရှင်သာ ဦးစီးဆောင်ရွက် ပါလော့ လျှောက်ထားကြသဖြင့် ရဟန္တာ ၄၉၉ - ပါး တို့ကို ရွေးချယ်၏။ ထိုအခါ သံဃာအပေါင်းက "အရှင်ဘုရား၊ အာနန္ဒာမထေရ်ကား တရားတော်မြတ် ပိဋကတ်အရာဝယ် ဘဏ္ဍာစိုးကြီး ဖြစ်ပေသည်။ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာကို ဘုရားရှေ့မှောက်၌သာ သင်၍ နှုတ်တွင် ဆောင် ထားသူ ဖြစ်ပေသည်။ အရှင်အာနန္ဒာနှင့် ကင်း၍ သင်္ဂါယနာ တင်ခြင်းငှာ မခလျာက်ပတ်ပေ" ဟု လျှောက်ကြသဖြင့် အရှင်အာနန္ဒာကို ရွေးကောက်တော်မူ၏။

ထို့နောက် သင်္ဂါယနာတင်ရန် သင့်လျော်မည့်နေရာ အဖြစ် ရာဇဂြိုဟ်ကို ရွေးချယ်ကာ ဝါဆိုအမီ ရာဇဂြိုဟ်သို့ အသီးသီး ကြွတော်မူကြသည်။ အရှင်အာနန္ဒာလည်း နောက် ပါ ရဟန်း ... းရာနှင့် မြတ်စွာဘုရား၏ ပရိက္ခရာကိုဆောင်၍ သာဝတ္ထိသို့ ကြွရာ ရောက်လေရာ ရွာတိုင်းမှ လူများသည် မြတ်စွာဘုရားကို လွမ်းတသသဖြင့် အရှင်၏ ခြေကိုဖက်၍ ငိုကြွေးကြ၏။

အရှင်သည် သာဝတ္ထိပြည်သို့ ဆက်လက်ကြွလာကာ ဇေတဝန်ကျောင်းတော်ကို သန့်ရှင်းသည်။ ဂန္ဓကုဋီ အင်းပျဉ်

ညောင်စောင်းတို့ကို သုတ်သင်သည်။ မြတ်စွာဘုရား ရှိတော်မူစဉ်က ပြုမြဲဝတ်များကို ပြုရင်း "အရှင်ဘုရား၊ ဤအခါကား မျက်နှာသစ်တော်မူသော အခါပါတည်း။ ဤအခါကား တပည့်သားတို့ကို တရားပြသ ဩဝါဒပေးတော်မူသော အခါပါတည်း" ဟု ငိုကာ ငိုကာ လျှောက်ထားသော် ကျောင်းစောင့်နတ်သားက သတိပေး၏။

"အရှင်အာနန္ဒာ၊ သောတာပန်ဖြစ်ပြီးသော အရှင်ဘုရားသော်မှ ဤမျှလောက် တရှိုက်ငင်ငင် ပူပင် ငိုယိုဘိမူကား သူတပါ တို့မှာ အဘယ်သို့ သက်သာရာရပါအံ့နည်း"

ထိုစကားကိုကြားသဖြင့် သတိပညာဖြင့် ကောင်းစွာချုပ်တည်၍ ရာဇဂြိုဟ်သို့ ဆက်လက်ကြွလေ၏။ ရာဇဂြိုဟ်ပြည်၏ တဆယ့်နှစ်မျိုးပ်တွင်ရှိသော ကျောင်းတိုက်များတွင် သံဃာများဖြင့် ပြန်လည်စိုပြေလာသည်။ အဇာတသတ်မင်းလည်း စရည်းပင်ရောက်သော လိုဏ်ဝ၌ ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကို သံဃာတော်တို့ ညွှန်ကြားသည့်အတိုင်း ဆောက်လုပ် လှူဒါန်း၏။

သင်္ဂါယနာတင်မည့်နေ့မှာ ဝါခေါင်လပြည့်နေ့ ဖြစ်သော်လည်း လဆန်း ၁၄ ရက်နေ့အထိ အရှင်အာနန္ဒာသည် သေက္ခပုဂ္ဂိုလ်သာ ရှိသေးရကား "ငါတို့အစည်းအဝေးဝယ် ကိလေသာ တည်းဟူသော အဆိပ်နံ့ တကြိုင်ကြိုင်လှိုင်လျက် ထွက်လာ ဝင်လာလတံ့သော သူတဦး ရှိသည်တကား" ဟု အချို့သော သံဃာတော်တို့က ကျီငယ်စကား ဆိုကြ၏။

ထို့ကြောင့် အရှင်အာနန္ဒာသည် ထိုညဉ့်ဦးယာမ်ကာပင်

ခြင်းသွားလျက် ကာယဂတာသတိကို အနုလောမ ပဋိလောမ အားဖြင့် စီးဖြန်း၍ သန်ကောင်ယာမ် ကုန်ခဲ့၏။ သို့သော် တရားအထူး ကိုကား မရသေးသဖြင့် "လွန်ကျူး သော ဝီရိယကြောင့် သတိသမာဓိကိုမရဘဲ ဥဒ္ဓစ္စ ဖြစ်လေသလော၊ ယခုအခါ ဝီရိယနှင့် သမာဓိကို မျှစေဦးအံ့" ဟု ကြံ၍ ကျောင်းတွင်းသို့ဝင်ကာ ညောင်စောင်းတွင် ထိုင်လိုက်စဉ်၊ လျောင်းဆဲသည်း မဟုတ်၊ ထိုင်ဆဲသည်းမဟုတ်၊ ရပ်ဆဲလည်း မဟုတ်၊ သွားဆဲလည်း မဟုတ်၊ ဣရိယာပုတ် လေးပါးမှ ကင်းကွာလျက် ရဟန္တာဖြစ်လေ၏။

ရှေးဦးစွာ ဝိနည်းတော်ကို သင်္ဂါယနာတင်ရာ အရှင် ဥပါလိကို အမှူးထား၏။ ပါရာဇိက လေးပါး၊ သံဃာဒိသိသ် တဆယ့်သုံးပါး၊ အနိယတ နှစ်ပါး၊ နိဿဂ္ဂိပါစိတ် သုံးဆယ်၊ သုဒ္ဓပါစိတ် ကိုးဆယ့် နှစ်ပါး၊ပါဋိဒေသနီ လေးပါး၊ သေခိယ ခုနစ်ဆယ့် ငါးပါး၊ အဓိကရဏ သမထခုနစ်ပါး၊ စုစုပေါင်း နှစ်ရာ့နှစ်ဆယ့် ခုနစ်ပါးကို ဘိက္ခုဝိဘင်း အမည်ဖြင့် ထား၏။

ရဟန်း မိန်းမတို့ကို ပညတ်တော်မူသော ပါရာဇိက ရှစ်ပါး၊ သံဃာဒိသိသ် တဆယ့် ခုနစ်ပါး၊ နိဿဂ္ဂိပါစိတ် သုံးဆယ်၊ သုဒ္ဓပါစိတ် တရာ့တဆယ့် ခြောက်ပါး၊ ပဋိဒေသနီ ရှစ်ပါး၊ သေခိယ ခုနစ်ဆယ့် ငါးပါး၊ အဓိကရဏ သမထ ခုနစ်ပါး၊ စုစုပေါင်း သုံးရာ့နှစ်ဆယ့် တပါးသော သိက္ခာ ပုဒ်ကို ဘိက္ခုနီဝိဘင်းအမည်ဖြင့် ထား၏။

ကြွင်းသော တရားစုကို မဟာဝါ ခန္ဓက, စူဠဝါခန္ဓက, ပရိဝါ ဟူသော အမည်ဖြင့် သီးသန့်ထား၍ ရဟန္တာ ငါးရာ ပေါင်းရုံး၍ သရဇ္ဈာယ်တော်မူကြ၏။

သုတ်၊ အဘိဓမ္မာကိုမူ အရှင်အာနန္ဒာအား အမူးထား၍ အရှင်မဟာကဿပအား မေးမြန်းရာ အရှင်သည် ကောင်းစွာ ဖြေဆိုတော်မူ၏။ ရှည်လျားသော သုံးဆယ့်လေးသုတ်ကို ပေါင်း၍ ဒီဃနိကာယ်ဟု သမုတ်သည်။ အလတ်ပမာဏရှိသော ၁၅၂သုတ်ကိုပေါင်း၍ မဇ္ဈိမနိကာယ်ဟုသမုတ်သည်။ ငယ်သောပမာဏ ရှိသည့် ၇၇၆၅ သုတ်တို့ပေါင်း၍ သံယုတ္တနိကာယ်ဟု သမုတ်သည်။ အင်္ဂါတပါးလွန် သုတ်စု ၉၅၅၇ သုတ်ကိုပေါင်း၍ အင်္ဂုတ္တရနိကာယ်ဟု သမုတ်သည်။

ခုဒ္ဒကပါဌ၊ ဓမ္မပဒဥဒါန်း၊ ဣတိဝုတ်သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတ်နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်၊ အပဒါန် ဗုဒ္ဓဝင်စရိယ ပိဋကတ်အားဖြင့် တဆယ့်ငါးကျမ်းသော သုတ်တို့ကိုလည်းကောင်း၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ ဝိနည်းငါးကျမ်း တို့ကိုလည်းကောင်း၊ ထိုမှကြွင်းသော ဘုရားစကားတော် တို့ကိုလည်း ကောင်း ပေါင်းချုပ်၍ ခုဒ္ဒကနိကာယ်ဟု သမုတ်သည်။

ဤသို့ အမည်အရည် သီးသန့်မှတ်ပြီးမှ ရဟန္တာငါးရာလုံး ပေါင်းရုံး၍ ရွတ်ဆိုသရဇ္ဈာယ်ကြသော ပဌမ သင်္ဂါယနာတင်ခြင်းသည် ဝါခေါင်လပြည့်ကျော် တရက်နေ့မှ တပေါင်းလပြည့်အထိ ခုနစ်လကြာမှ ပြီးစီးလေသည်။

ပါလိကာရုံအရပ်ဝယ်

သင်္ဂါယနာ ပွဲတော်ကြီး ပြီးစီးသွားသောအခါ အဇာတသတ်မင်းသည် အရှင်မဟာကဿပနှင့် ညှိနှိုင်း တိုင်ပင်၍

ကောဇာသက္ကရာဇ် ၁၄၈ ကို ချေ၍၊ သာသနာ့သက္ကရာဇ်နှင့် တညီတည်းရှိစေရန် ကိန်းသစ်ထားလေ၏။

အရှင်မြတ်သည် တိုင်းအသီးသီး၌ တကွဲတပြား တည်ထားသော ဓာတ်တော် မွေတော်များ အရှည်မတည်တံ့မည်ကို အနာဂတံသဉာဏ်ဖြင့် မြင်တော်မူ၍ အရှည်တည်တံ့စေရန် နဂါးတို့ကိုးကွယ်သော ဓာတ်တော်မှတပါး အခြားဒေသမှ ဓာတ်တော်များကို အနည်းငယ်သာချန်ပြီး ပေါင်း၍ ယူဆောင်တော်မူ၏။ အဇာတသတ်မင်းသည် ထိုဓာတ်တော်များကို အတောင်ခြောက်ဆယ် နက်သော မြေအောက်၌ ဌာပနာ၍ ကြီးကျယ်ခိုင်ခံ့စွာ ပူဇော်ပြီးလျှင် သာဝကရှစ်ကျိပ်၏ စေတီများ ခြံရံတည်ထား၏။ ဓာတ်တော်များကို ဖျက်ဆီးရန် လာသူများအား တားဆီးသောအားဖြင့် လက်နက်ကိုင် ယန္တရားရုပ်များကိုလည်း တပ်ဆင်ထားလေ၏။

အဇာတသတ်မင်းသည် မြတ်စွာဘုရား နိဗ္ဗာန်မဝင်မီ ရှစ်နှစ်၊ မြတ်စွာဘုရား နိဗ္ဗာန်ဝင်တော်မူပြီးနောက် နှစ်ဆယ့်လေးနှစ်၊ စုစုပေါင်း ၃၂ နှစ် နန်းစံစဉ် သားတော် ဥဒယဘဒ္ဒ လုပ်ကြံသည်။

ထိုမင်းယုတ် နန်းစံ ၁၆ နှစ်၊ သက္ကရာဇ် ၄၀ တွင် သားတော် အနုရုဒ္ဓါက လုပ်ကြံ၏။ ထိုမင်းယုတ် အနုရုဒ္ဓါကို သားတော်မုဏ္ဍသည် လုပ်ကြံ၍ မင်းပြု၏။

သက္ကရာဇ် ၄၈ တွင် မုဏ္ဍမင်းယုတ်ကို သားတော် နာဂဒါသသည် လုပ်ကြံ မင်းပြုပြန်၏။ သက္ကရာဇ် ၇၂ တွင်

ကား ထိုနဂရ ဒါသမင်းအား ပြည်သူတို့လုပ်ကြံသဖြင့် အနွယ်သတ် မင်းယုတ်မျိုးဆက် ပြတ်လေသတည်း။

ထိုနောက်တွင် ဘုန်းလက်ရုံး, သဒ္ဓါ, သီလဖြင့် ပြည့်စုံ၍ ပြည်သူတို့လည်း အလွန်ကြည်ညိုသော သုသုနာဂ စစ်သူကြီး အမတ်သည် မင်းအဖြစ်သို့ ရောက်တော်မူကာ ဝေသာလီသို့ ပြောင်း၍ နန်းစိုက်လေသည်။ နန်းစံ တဆယ့်ရှစ်နှစ်၊ သက္ကရာဇ် ၉၀ တွင် သုသုနာဂမင်း နတ်ရွာစံ၍ သားတော် ကာလာသောကမင်း နန်းတက်ရာ ၎င်းမင်း နန်းစံသက် ၁၀ နှစ်၊ သက္ကရာဇ် ၁၀၀ ပြည့်နှစ်တွင် အလဇ္ဇီရဟန်းတို့၏ အလဇ္ဇီဝါဒဖြင့် ဘုရားဝိနည်းတော်များ ပျက်ပြားလာသဖြင့် အရှင်မဟာယသ ကြီးမှူးကာ ဒုတိယ သင်္ဂါယနာ တင်ကြရသည်။

အလဇ္ဇီဒုဿီလ တို့သည် နေရိပ် လက်နှစ်သစ် မွန်းလွဲသည်အထိ ရဟန်းများ ဆွမ်းစားကောင်းသည်၊ မရင့်သေးသော သေနူကို သောက်အပ်သည် စသည့်အဓမ္မဝါဒတို့ကို ဟောပြောကြသည်၊ သင်ကြားကြသည်။

အရှင်မဟာယသသည် ထိုသတင်းကိုကြားသိတော်မူသော် "မသူတော်ဖြစ်သော ဝေသာလီ အလဇ္ဇီ ရဟန်းတို့သည် မြတ်စွာဘုရား၏ ဝိနည်းတော်ကိုဖျက်၍ သာသနာတော်၌ ပြောင့်တံသင်း နှက်သကဲ့သို့ ပြုချေပြီ။ ဤအလဇ္ဇီတို့ အသင်းအပင်းကို များစွာရသော် ဘုရားသာသနာသည် လျင်စွာ ကွယ်ရာ၏" ဟု မှတ်သံဝေဂ ရခြင်းဖြစ်ရကား တရားပြခြင်းငှာ ဝေသာလီပြည်သို့ ကြွလာတော်မူ၏။

ထိုအရှင်မြတ်သည် ဝဇ္ဇီတိုင်းသား ထိုရဟန်းတို့၏ အမူအရာကို နာခံကြည့်ရှုရာ ၎င်းတို့သည် ဥပုသ်နေ့ကြိမ်လျှင် ဥပုသ်အိမ်ဝ၌ ရေဖြင့်ပြည့်သော ကြေးခွက်၊ ကြေးအိုးကို ထား၍ ရောက်လာသမျှ ဒါယကာတို့အား "စွမ်းနိုင်သမျှ မူးစ, မတ်စဖြစ်သော အသပြာကို လှူခဲ့ကြကုန်၊ ထည့်ကြကုန်၊ ဘစုံတန့်သော သံဃာကိစ္စ၌ သံဃာတို့၏ အသုံးအဆောင် ဖြစ်လတံ့" ဟု ဆို၍ တောင်းခံယူငင်ကြ၏။ ၎င်းအပြုအမူကို အရှင်မဟာယသသည် ရှင်းလင်းတားမြစ်ရာ ထိုအရှင်အား ဥက္ခေပနီယကံသား၍ ပယ်ရှားကြ၏။

ထိုအရှင်မြတ်သည် ဆက်လက်၍ အလဇ္ဇီရဟန်းတို့အား ဆန့်ကျင်နှိမ်နင်းရန် ကြိုးစားရာ လက်နက်စွဲကိုင်၍ ရန်ပြုရန် ဝန်းရံလာကြသဖြင့် စတုတ္ထဈာန်ဝင်စားလျက် ကောင်းကင် ခရီးဖြင့် ကြွတော်မူလာပြီး တိုင်းအသီးသီးသို့ ယင်းသတင်းကို ပျံ့နှံ့စေကာ ဒုတိယသင်္ဂါယနာတင်ခြင်းငှာ ရဟန္တာအပေါင်း အား ဝေသာလီပြည်တွင် စုရုံးစေ၏။

ထိုအခါ အလဇ္ဇီရဟန်းတို့သည် ကာလာသောက မင်းကြီးအား ရဟန္တာတို့ကို အထင်လွဲစေရန် ကုန်းချောစကား ပြုကြသဖြင့် ဝန်လေးစွာသော အပြစ်ကြီးကို ပြုမှားမိခါ နီးတွင် နှမတော်ဖြစ်သော နန္ဒာထေရီရဟန္တာမ ကြွရောက် တရားဟောမှ အမှန်ကို သိမြင်ကာ ငွေသပြာအခင်းကဲ့သို့ သန့်ရှင်းဖြူစင်သော သဲတို့ရှိသော ဝါလိကာရုံ အရပ်တွင် ကြီးကျယ်ခမ်းနားသော မဏ္ဍပ်နှင့် ကျောင်းအရံကို ဆောက် လုပ် လှူဒါန်း၏။

ရဟန္တာခုနစ်ရာဖြင့် ကျင်းပသော ဒုတိယသင်္ဂါယနာတင်ခြင်းသည် ရှစ်လကြာမှ ပြီးဆုံးသည်။ အရှင် **အာနန္ဒာ၏** သဒ္ဒိဝိဟာရိက တပည့်ဖြစ်သော သက်တော် တရာ့နှစ်ဆယ် ရှိသော ရေဝတထေရ်၊ သဗ္ဗကာမိထေရ်၊ သာဠှထေရ်၊ ခုဇ္ဇသောဘိတထေရ်၊ မဟာ ယသထေရ်၊ သမ္ဘူလထေရ်တို့နှင့် ရှင်အနုရုဒ္ဓါ၏ သဒ္ဒိဝိဟာရိကတပည့် ဝိသဘဂါမိထေရ်၊ သုမန ထေရ်တို့ ပါဝင်တော်မူကြ၏။

သင်္ဂါယနာအပြီး၌ အဓမ္မဝါဒီ ရဟန်းတသောင်းတို့သည် ထွက်ပြေးသူ ပြေး၊ လူဝတ်လဲသူ လဲ ဖြစ်ကြသည်။ အချို့ လည်း အသစ်ထပ်မံ၍ ရဟန်းခံကြသည်။

ယင်းသို့ ဒုတိယသင်္ဂါယနာတင်ပြီးသော် ရဟန္တာကြီး တို့သည် ဤသို့သော သာသနာတော်၏ အညစ်အကြေး ဘေးရန်သည် နောင်မည်သည့်အခါတွင် ဖြစ်ဦးမည်နည်းဟု ဆင်ခြင် ရှုကြည့်ကြရာ သာသနာတော် ၂၁၈ နှစ်တွင် ပါဋလိပုတ်ပြည် ဓမ္မာသောကမင်း လက်ထက်တွင် ဖြစ် လတံ့ဟုမြင်၏။ ထိုအခါ ထိုအရှင်မြတ်များ မရှိတော့သဖြင့် သာသနာ၏ သန့်စင်စည်ပင်ရေးကို ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်ကိုရှာဖွေရာ စုတေရန်နီးသော တိဿဗြဟ္မာကိုမြင် သဖြင့် ၎င်းကို တောင်းပန်ကြရာ တိဿဗြဟ္မာကြီးသည် ဝန်ခံ၍ ဝေသာလီပြည်အနီး မောဂ္ဂလိပုဏ္ဏားမဝမ်းဝယ် ပဋိသန္ဓေယူ၏။

ထို မောဂ္ဂလိပုတ္တတိဿအလောင်းကို ရဟန်းဖြစ်သည့် အထိ စောင့်ရှောက်ရန် သိဂ္ဂဝထေရ်နှင့် စဏ္ဍဝဇ္ဇိထေရ် ရဟန္တာငယ်နှစ်ပါးအား တာဝန်ပေးလိုက်ကြလေသည်။ ထို

သူငယ် တိဿလုလင်သည် ၁၆ နှစ်ရှိသော် သိဂ္ဂဝထေရ်ထံ၌ ရဟန်းပြု၍ မကြာမြင့်မီပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ထိုနောက် စဏ္ဍဝဇ္ဇိထေရ်ထံ လွှတ်လိုက်ရာ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့ကို အဋ္ဌကထာနှင့် တကွ အာဂုံဆောင်နိုင်၏။ ဝိနည်းပိဋကတ်ကို ပဥ္စင်းဖြစ်မှ သင်ရသည်။ ပိဋကတ်သုံးပုံကို တဝါမကျွတ်မီ ကုန်စင်ဘတ်မြောက်၏။

၎င်း၏ ဆရာဖြစ်သော ရဟန္တာနှစ်ပါး နိဗ္ဗာန်ဝင်တော်မူကြပြီး မကြာမီပင် ထိုအရှင်လည်း ကမ္မဋ္ဌာန်းဝိပဿနာကို လွန်စွာအားထုတ်သဖြင့် ရဟန္တာဖြစ်လေ၏။

ဒုတိယသင်္ဂါယနာတင်သော ကာလာသောက မင်း၏နောက်တွင် ဘဒ္ဒသေနမင်း၊ ကောရဏ္ဍဝဏ္ဏမင်း၊ မင်္ဂုရမင်း၊ သဗ္ဗသမင်း၊ ဇာလိယမင်း၊ ဥဘာသမင်း၊ ကဥ္စသမင်း၊ ကောရမ္ပရမင်း၊ နန္ဒိဝဍ္ဎနမင်း၊ ပဉ္စမက မင်းညီနောင်တကျိပ်တို့ အစဉ်လိုက်မင်းပြုကြရာ ၂၂ နှစ်ကြာမြင့်သည်။

ပဉ္စမကမင်းကို ခိုးမှုကြီး နေနန္ဒာလုပ်ကြံ၍ ဥဂ္ဂသေနအမည်ခံ၍ မင်းပြု၏။ ၎င်း၏ ညီရစ်ယောက်တို့သည် ပဏ္ဍုကာနန္ဒမင်း၊ တိဿနန္ဒမင်း၊ ဘူတပါလနန္ဒမင်း၊ ကောမိဿာနန္ဒမင်း၊ ရဿနန္ဒမင်း၊ ဖုဿဝိဝိကနန္ဒမင်း၊ ကောလိယနန္ဒမင်း၊ ရဿနန္ဒမင်း၊ ဓနနန္ဒမင်း ဟူ၍ အစဉ်လိုက်မင်းပြုရာ ၂၂ နှစ် ကြာမြင့်ခဲ့သေးသည်။

သာသနာသက္ကရာဇ် ၁၆၂ တွင် ဓနနန္ဒမင်းကို ဇာန

ပုဏ္ဏားနှင့် စန္ဒဂုတ္တတို့ ဖမ်းဆီး၍ စန္ဒဂုတ္တမင်း နန်းတက်သည်။ သားသန့်သာပြုမင်းကြီး ဓမ္မာသောကကား စန္ဒဂုတ္တ၏ မြေး ပေတည်း။ ခမည်းတော် ဗိမ္ဗိသာရမင်းကြီး အနိစ္စရောက်၍ သာသနာနှစ် ၂၁၄ ခုတွင် ဓမ္မာသောကမင်းနန်းတက်သည်။

ထိုအခါတွင် ခမည်းတော်လက်ထက်က ဆည်းကပ် လုပ်ကျွေးခဲ့သော တိတ္ထိခြောက်သောင်းရှိ၏။ ၎င်းတို့ကား ပါ သဏ္ဍာ အယူရှိသော သကာန်းယောင်ပုဆိုးဝတ် ပဏ္ဍရင်္ဂတိတ္ထိ များ၊ ဒုစရိုက်ဆယ်ပါးကိုသာရှောင်လျက်ရဟန်းယောင်ပြုနေ သော ပရိဗ္ဗာဇကတိတ္ထိများ၊ အဝတ်မဆီး အချည်းနှီး နေသော အဝေလကတိတ္ထိမျိုး၊ ငါတို့ကား ကိလေသာ ကုန်၍ ရဟန္တာဖြစ်ပြီဟုပြော၍ များစွာသောပရိက္ခရာ ဆောင် ယူသော နိဂဏ္ဌတိတ္ထိမျိုး၊ ငါတို့ဆရာကား အမြဲတည်သည်၊ ထိုဘုရားကိုကိုးကွယ်မှု လူတို့ပြုသော မကောင်းမှုကို ထိုဘုရား ကသာ ခံသဖြင့် မကောင်းမှုမရှိပြီဟုယူသော နတ္ထိကတိတ္ထိ များ ဖြစ်ကြပေသည်။

ဓမ္မာသောကမင်းကြီးသည် ထိုပုဂ္ဂိုလ်များ၏ အမူ အကျင့်ကို သဘောမကျ မကြည်ညိုသော်လည်း ဝတ်မပျက် သင့်လျော်ရုံသာ လှူဒါန်းစွန့်ကြဲ၏။

တနေ့သောအခါ သီရိဓမ္မာသောကမင်းကြီး၏ နောင် တော် သုမနမင်း၏သားတော် နိဂြောဓရဟန္တာသည် နံနက် အခါ ဆရာတို့၏ ဝတ်ကိုပြုခဲ့ပြီးနောက် မယ်တော်၏အိမ်သို့ ဆွမ်းခံကြွရန် မြို့၏တောင်မျက်နှာမှ ဝင်၍ အရှေ့ဖက်သို့ မျက်နှာမူကာ ကြွလာ၏။

သီရိဓမ္မာသောက မင်းကြီးလည်း လေသာနန်းတံခါး၀၌ ရပ်နေစဉ် ထိုသာမဏေကို မြင်သောအခါ “မြင်မြင်သမျှသော လူအပေါင်းကား မတည်ငြိမ်သော နှလုံးရှိ၏။ တုန်လှုပ်လျှပ်ပေါ်သော ရူးနှမ်းရှိ၏။ ကျော့ကွင်း၌မိသော သမင်၊ ကြီးကန်း၏မျက်နှာကဲ့သို့ ရှိ၏။ ဤသူငယ်မှုကား အလွန်တည်ကြည်သော ရူပရှိ၏။ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရှုကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ လက်၊ ခြေတို့၏ ကွေးခြင်း၊ ဆန့်ခြင်း စသောအမူအရာတို့သည် တင့်တယ်သိမ်မွေ့စွာ နှီး၏တကား။ [illegible]ယ်၏ကိုယ်တွင်း၌ မြတ်သော တရားသည် ရှိပေရာ၏” ကြံတွေးကာ ကြည်ညိုစိတ်ရှိသဖြင့် မင်းချင်းတို့အား လိုက်လံပင့်ခေါ်ဟု စေလွှတ်သည်။

သာမဏေ ကြွလာသောအခါ ဆွမ်းဘောဇဉ်ကပ်လှူပြီးနောက် “သင်၏ အမျိုးအနွယ်ကား အဘယ်နည်း၊ အဘယ်သူ၏ အဆုံးအမကို ခံသနည်း၊ သင်၏အယူကား အဘယ်သို့ရှိသနည်း” မေးမြန်း၏။

“မင်းကြီး၊ ငါ၏ အမျိုးအနွယ်ကား ဥယျာဉ်တရားငါးပါးကို အကုန်သိမြင်သော သဗ္ဗညုဘုရား၏အနွယ်တည်း။ ထိုမြတ်စွာဘုရား၏ အဆုံးအမ၌သာ ငါတည်သတည်း။ ငါ၏အယူသည်လည်း အဆူဆူသော မြတ်စွာဘုရားတို့ ရောက်ဝင်ပျော်စံရာဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြုသတည်း”

“သင်တို့ဆရာ မြတ်စွာဘုရား၏ အဆုံးအမကို သိလျှင် ငါ့အား ကြားပါဘိ”

သာမဏေလည်းမပ္ပမာဒလာ အပ္ပမာဒဂါထာကိုဟောရာ မင်း

ကြီးသည် သာမဏေ၏ ဆရာဥပဇ္ဈာယ်နှင့် သိတင်းသုံးဖော်များကိုပါ ထိုနေ့မှစ၍ ဆွမ်းရှစ်ဝတ်လှူ၏။ ထိုအခါမှစ၍ ရဟန္တာများ နေ့စဉ်တိုးပွားလာ၍ ရဟန္တာ ခြောက်သောင်းအား နန်းတော်၌ နေ့တိုင်းဆွမ်းကပ်လှူဒါန်းကာ တရားနာလေသည်၊

သီရိဓမ္မာသောကမင်းကြီးသည် တိတ္ထိခြောက်သောင်းတို့အားပူဇော်မြဲဝတ်ကိုဖြတ်၍၊ အသောကာရာမ ကျောင်းကိုဆောက်၍ သံဃာတို့အားလှူ၏။ သရဏဂုံ တည်၍ ငါးပါး၊ ရှစ်ပါး သီလ စောင့်ထိန်း၏။ မင်းကြီး၏ အမိကျူဖြစ်သော ညီတော်အိမ်ရှေ့မင်းသားတိဿသည် အရှင်ယောနကမဟာရက္ခိတထေရ်၏ အာနုဘော်ကို မြင်သဖြင့် အခြံအရံတသိန်းနှင့်ရဟန်းပြုလေသည်။ မင်းကြီး၏တူတော် အဂ္ဂိဗြဟ္မာမင်းသည်လည်းကောင်း၊ များစွာသော ပြည်သူတို့သည်လည်းကောင်း လိုက်လံရဟန်းပြုကြရာ မင်းကြီးသည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ရည်၍စေတီ ရှစ်သောင်းလေးထောင်တည်ထားလိုသဖြင့် မြတ်စွာဘုရား၏သရီရဓာတ်တော်တို့ကို တောင့်တ၏။

ထို့ကြောင့် အဇာတသတ်မင်း ထားခဲ့သော ဓာတ်တော်များတည်ရာကို စုံစမ်း၍ ရှာဖွေတူးဖော်သည်။ ယန္တရားစက်ရုပ်များ ရုပ်တန့်အောင် ဆောင်ရွက်နိုင်သူကိုလည်း ရှာဖွေတွေ့သဖြင့် ခမ်းနားစွာပူဇော်၍ ပင့်ဆောင်လာပြီးလျှင် တဝက်ကို စေတီပေါင်းနှစ်သောင်း လေးထောင်တွင် ဌာပနာ၏။ ကျန်တဝက်ကိုကား ပါဋလိပုတ်ပြည်အနီးတွင် မဟာစေတီ

တည်၍ ဌာပနာလေရာ စေတီပူဇော်ပွဲသဘင် ခုနစ်လနှင့်ခုနစ်ရက်အတွင်း၌ မာရ်နတ် နှောက်ယှက်သောကြောင့် မဟာသမုဒ္ဒရာအတွင်း၌ရေအစုကိုခွင်း၍ရတနာပြာသာဒ်ကိုဖန်ဆင်းလျက်နေတော်မူသော တိဿနာဂအမည်ရှိ ရှင်ဥပဂုတ်ထေရ်သည် ကြွရောက်နှိမ်နင်းပေးလေသည်။

သိရိဓမ္မာသောကမင်းကြီးသည် ကောင်းမှုအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီးသော် ဝမ်းမြောက်ကြည်နူးခြင်းဖြစ်လှသဖြင့် ကိုယ်ကိုဝါဂွမ်းပတ်၍ နံ့သာဆီ၌နှစ်ကာ ကိုယ်ကိုမီးရှို့ပြီး သရီရဓာတ် စေတီမြတ်ကို ပရမတ္ထဒါနပူဇော်လေ၏။ မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့ကာ နှစ်သက်ခြင်းပီတိအဟုန်ဖြင့် နေတော်မူရကား စန္ဒကူးဖြင့် လိမ်းကျံသကဲ့သို့ ချမ်းမြေ့နေသည်၊ ယင်းသို့ ခုနစ်ရက်ပူဇော်လေသည်။

တစ်ရံသော အခါ မင်းကြီးလည်း အသောကာရာမကျောင်းသို့လာကာ သံဃာတော်တို့အား ဖူးမြော်ကန်တော့ပြီးသော် ဤသို့မေးလျှောက်၏။

“အရှင်ဘုရားတို့။ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာတော်၌ အဘယ်သူသည် အကျွန်ုပ်ကဲ့သို့ ကြီးကျယ်စွာသော ပရိစ္စာဂဖြင့် ချီးမြှောက်ကြဘူးသနည်း။ အဘယ်သူ၏ စွန့်ကြဲခြင်းသည် ကြီးမြတ်ပါသနည်း”

ထိုအခါ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သံဃာတို့၏ တိုက်တွန်းချက်အရ ဖြေတော်မူ၏။

“တကာမင်းကြီး။ ငါတို့ဆရာမြတ်စွာဘုရား သက်တော်

ထင်ရှားရှိသည်မှစ၍ ယခုကာလတိုင်အောင် ဘုရားသာသနာ၌ တကာ ဒေဟော်မင်းကြီး၏ စွန့်ကြဲခြင်းမည်သည် မရှိ”

“အရှင်ဘုရား။ အကျွန်ုပ်သည်ဤမျှလောက်သောဒါနကို ပြုရသဖြင့် သာသနာတော်၏အမွေကို ခံရပါအံ့လော”

“မင်းကြီး၊ သင်သည်သာသနာ့အမွေခံမဖြစ်သေးချေ။ ဤ မြေမှသည်ဗြဟ္မာ့ပြည်တိုင်အောင် ပစ္စည်းလေးပါးကို စုပုံ၍ လှူပြားသော်လည်း မြတ်စွာဘုရားသာသနာ၌ အမွေခံမဖြစ်ချေသေး”

“အရှင်ဘုရား၊ အဘယ်သို့သော ကောင်းမှုကိုပြုမှ သာသနာ့အမွေခံဖြစ်နိုင်ပါအံ့နည်း”

“မိမိ၏ရင်၌ဖြစ်သော သားသမီးကို ရဟန်းပြုစေခြင်းသည် သာလျှင် သာသနာတော်၏ အမွေခံဖြစ်သတည်း”

ထို့ကြောင့် အိမ်ရှေ့မင်းသား မဟိန္ဒအား ရဟန်းပြုနိုင်အံ့လော မေးရာမှ စတင်၍ သားတော် မဟိန္ဒသာမဏ သမီးတော် သင်္ဃမိတ္တာပါ သာသနာ့ဘောင်သို့ ဝင်ကြလေသည်။

ထိုသို့ ဘုရင်၏သားနှင့်သမီးပါ သာသနာ့ဘောင်သို့ ဝင်သောကြောင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ လာဘ်သက္ကာရ များပြားရကား စားရမဲ့ ဝတ်ရမဲ့ ဖြစ်နေသော တိတ္ထိတို့သည် မိမိတို့ဖာသာ ဦးပြည်းရိတ်လျက် ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ကာ သာသနာ့ဘောင်သို့ ဝင်လာကြ၏။ ၎င်းတို့၏ အယူဝါဒကိုထင်ရှားပြလျက်အမွေကိုမွေဟုပြဆိုကြ၏။ ရဟန်းကောင်းသည်ထိုရဟန်းတို့နှင့်အတူဥပုသ်ပဝါရဏာမပြုကြပေ။

ခေါင်းတုံးတုံးပြီး ဖန်ရည်စွန်းသော အဝတ်ဝတ်ကာ ငွတ်နှုတ်ဟန်းလုပ်လာသော တိတ္တိတို့သည် မြတ်စွာဘုရား၏ပို့ဒွကတ်တော်ကို မသင်ကြားကြ။ ၎င်းတို့၏ အလေ့အကျင့်ဖြစ်သော မီးကိုလုပ်ကျွေးခြင်း၊ ပဉ္စတပကျင့်ခြင်း၊ ခနက်ိအတူလိုက်၍ကျင့်ခြင်း၊ တရားမဟုတ်သည့်ကို ကျမ်းဂန်ပြုခြင်းတို့ကို ဆောင်ရွက်သဖြင့် သံဃာတော်တို့သည် ထိုတိတ္တိတို့နှင့် ဥပုသ် ပဝါရဏာစသောကံကြီးကံငယ်မပြုကြသဖြင့် အသောကာရုံကျောင်း၌ ခုနစ်နှစ်ပတ်လုံး ဥပုသ် ပဝါရဏာ ပြတ်လတ်ချေ၏။

ထိုသတင်းကို သိရှိမှုသောကမင်းကြီး ကြားသော် အမတ်တယောက်အား အဓိကရုဏ်းကို ငြိမ်းအောင်ပြုချေ။ သံဃာတော်တို့အား အညီအညွတ်ဥပုသ်ပြုစေလောဟု စေလွှတ်သည်။ အမတ်လည်းကျောင်းသို့လာကာ ဥပုသ်အညီအညွတ်ပြုစေသော် ရဟန်းတော်တို့က တိတ္တိတို့နှင့် ဥပုသ်အတူမပြုနိုင်ကြောင်းရာ ငြင်းသမျှကို ခေါင်းဖြတ်သတ်လေသည်။

ဤသည်ကိုမြင်သော တိဿထေရ်သည် အမတ်မိုက်၏ရှေ့သို့လာရပ်ရာ ဘုရင့်ညီဖြစ်နေသဖြင့် မသတ်ရဲဘဲနန်းတော်သို့ပြန်လာကာ "ဥပုသ်မပြုလိုသောသံဃာတို့ကိုသတ်ရာ ညီတော်တိဿအသည့်ကျချေပြီ။ အသို့ပြုရအံ့နည်း" လျှောက်မေး၏။ မင်းကြီးလည်း ထိုစကားကို ကြားလျှင် ဘဝင်လှိုက်ခုန်လျက်၊ တုန်လှုပ်သောစိတ်ဖြင့် နည်းပါးသော အမြံအရံခေါ်ကာကျောင်းတော်သို့ ပြေးလာ၏။

ကျောင်းသို့ရောက်လျှင် သံဃာထေရ်ဖြစ်ကုန်သောရဟန္တာ

ထေရ်တို့အား မိမိသည်အမတ်အား သံဃာတို့ကိုသတ်ရန်မစေ လွှတ်ကြောင်း၊ ယခုကိစ္စတွင် မည်သူ၌အပြစ်ရှိသနည်းဟု မေးလျှောက်ရာ "သင်မင်းကြီး၏ ယုံမှားသက်ာကို ခွာနိုင်သော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အဟော ဂင်္ဂါမြစ်ညာ၌ စံတော်မူသည်။ပင့်ဆောင်ချေ"ဟုမိန့်တော်မူကြ၏။

မင်းကြီးသည် ထိုအရှင်မြတ်ထံသို့အမတ်များ၊ ဓမ္မကထိကများကို အခြံအရံများစွာဖြင့် စေလွှတ်ပင့်ဆောင်သော်လည်း၊ အရှင်မြတ်သည်ကြွလာတော်မမူပေ။တတိယအကြိမ် ၌ "သာသနာတော်၌ ဘေးရန် ဖြစ်ပါသည်။ ထိုဘေးရန်ကို သုတ်သင်ပြီး၍ သာသနာတော်ကို ကြွရောက်ချီးမြှင့်တော်မူပါ" ဟုနှစ်ဆတိုးသောဓမ္မကထိကနှင့်အမတ်တို့ကိုပင့်လျှောက်စေမှ အရှင်မြတ်သည် ဖောင်တော်ဖြင့် လိုက်ပါလာပေ၏။

သိရိဓမ္မာသောကမင်းကြီးသည် အရှင်မြတ်အား ဥယျာဉ်တော်၌ သီတင်းသုံးရန် စီမံ၍ မိမိ၏ယုံမှားသက်ာကို လျှောက်ထားပြန်ရာ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် တိတ္တိရဇာတ်ကို ဟောတော်မူ၍"သတ်စေလိုသောစိတ်ထားသည်သင်မင်းကြီး၌မရှိပါက အရဟန္တဿာတက ပါဏာတိပါတကံမထိုက်"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း အလွန်ဝမ်းသာလျက် သက်ာယနကင်း၍ ထိုအရှင်၏ထံရင်းတွင် ဘုရားအဆုံးအမများကို ခုနစ်ရက်ပတ်လုံးသင်ယူခဲ့ပြီးနောက် ကျောင်းတော်သို့လာကာ သံဃာတော်တို့အား ဝါဒတူရာတူရာစုရုံးစေပြီး အယူကိုမေးမြန်း စုံ

စမ်း၏။ အချို့ကသဿတဝါဒ၊ အချို့က ဧကစ္စသဿတဝါဒ၊ အချို့က အမရာဝိက္ခေပဝါဒ၊ အချို့က အဓိစ္စသမုပ္ပန္နဝါဒ၊ အချို့လည်း သညီဝါဒ၊ အသညီဝါဒ၊ နေဝသညီနာသညီဝါဒ၊ ဥစ္ဆေဒဝါဒ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ စသည်ဖြင့်ဖြေရာ တိတ္ထိအယူရှိသူခြောက်သောင်း ဘွားဘွားပေါ်လာသဖြင့် ပိတ်ဖြူဝတ်စေကာ ကျောင်းတော်မှ နှင်ထုတ်လိုက်လေ၏။

ထိုနောက် ကျန်ခဲ့သောကမ္မဝါဒီ ဝိဘဇ္ဇဝါဒီသံဃာတော်အရေအတွက်ကား ခြောက်သန်းရှိပေသည်။ ထိုအခါတွင်မှ တညီတညွတ်တည်းဥပုသ်ပဝါရဏာပြုကြလေရာအရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်း သံဃာအလယ်၌ အသွယ်သွယ်သော အဓမ္မဝါဒကို နှိပ်နင်းလျက် တရားမင်းဖြစ်သော မြတ်စွာဘုရား၏ နှုတ်နက်ရှက်ချက်သော မာတိကာကို အမှီပြုကာ ကထာဝတ္ထုကျမ်းကို ဟောလေ၏။

ခြောက်သန်းမျှသော သံဃာတို့တွင် ရဟန္တာတထောင်ကို ရွေးကောက်တော်မူလျက် အသောကာရာမကျောင်းထက်တွင် အရှင်မဟာကဿပ၊ အရှင်မဟာရသတို့ ပဌမ၊ ဒုတိယသံဂါယနာတင်ကုန်သကဲ့သို့ ဘုရားတရားတော်ဖြစ်သော ပိဋကတ်သုံးပုံကို အလုံးစုံ ရွေးချယ်သန့်ရှင်းလျက် နယုန်လမှစ၍ ကိုးလ တိုင်တိုင်သံဂါယနာတင်တော်မူကြ၏။

ဤတတိယသံဂါယနာကား မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်မှနှစ်ရာ့သုံးဆယ့်ငါးနှစ်မြောက်သော တပို့တွဲလ၌ပြီးပေသတည်း။ ။

ကျမ်းပြီးနိဂုံး

အကျွန်ုပ်သည် အနန္တငါးပါးတို့အား ဦးထိပ်ထား၍ ဤဇိနတ္ထပကာသနီကျမ်းငယ်ကို ရေးသားပြုစုရာ ၁၃၃၈ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ငါးရက် (၁၀-၁၁-၇၆) နေ့တွင် အောင်မြင်စွာ ပြီးစီးပါသည်။

ဤသို့ပြုရသော ကောင်းမှု ကုသိုလ် စေတနာကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ခုပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးနှင့်သားမယား ဆွေမျိုး ညာတိဆိုးတို့ဘေးမှ ဘဝဆက်တိုင်း ကင်းလွတ်၍ နိဗ္ဗာန် ရွှေပြည်မြတ်သို့ လျင်မြန်ထုတ်ချောက် ရလွယ် ရောက်လွယ်ပါစေသား။ ။

ဦးသိန်းဇော်

ဗုဒ္ဓဖါစကားတန်းဆာ

ဥပဂုကကျန်းရိုး

ဦးသိန်းဖံ